
The YATI MAGAZINE
Vol.10,No.107, February,2013
စာပေအနုပညာမဂ္ဂဇင်း
Asian Frame Media Group
MEDIA GROUP

Asian Fame Media Group

| ငွေသော်တာ | ဟိန်းလတ် |
|---|---|
| ဥက္ကဋ္ဌ | ဒုဥက္ကဋ္ဌ |

The YATI MAGAZINE
Vol-10, No.107, February, 2013
စာပေအနုပညာမဂ္ဂဇင်း



| | |
|---|---|
| တာဝန်ခံအယ်ဒီတာ | မိုးမိုးစောဝင်း (moemoesawwin.1971@gmail.com) |
| အယ်ဒီတာ | ယုယအိမ်၊ မြင့်သူဇာထွန်း၊ ဖြိုးစုငြိမ် |
| ကဗျာအယ်ဒီတာ | လွှမ်းရဲ |
| အကြီးတန်း | သီတာစိုး |
| သတင်းထောက် | |
| သတင်းထောက် | မိုးသောက်ကြယ် |
| စီမံဒါရိုက်တာ | ဒီဇိုင်းပန်းချာန် |
| ဒီဇိုင်းတာဝန်ခံ | ထွန်းထွန်းလင်း |
| ဒီဇိုင်းအဖွဲ့ | လင်းထွဋ်၊ ရွှေဇင်ဦး |
| စာစီစာရိုက် | ဝင်းဝင်းလှိုင်၊ ခင်သက်ထိုက် |
| စာပြင် | ဥမ္မာအေး |
| ကြော်ငြာအဖွဲ့ | တင်စန္ဒာဝင်း (ဒု-မန်နေဂျာ)<br>နန်းအိအိခိုင် (လ/ထ မန်နေဂျာ) |
| Marketing Executive | ဌေးလင်းအောင်၊ ဖွန့်သန္တာဦး၊ အောင်ကိုကိုစိုး၊ မေသဲဦး၊ ခိုင်ခိုင်လွင် |
| ဘဏ္ဍာရေးအဖွဲ့ | မိုးယုမာ (မန်နေဂျာ)<br>ခင်ငြိမ်းစုအေး (ဒု-မန်နေဂျာ)<br>မိုးမိုးကျော် (လ/ထ မန်နေဂျာ)<br>နီလာဝင်း (လ/ထ မန်နေဂျာ) |
| ဖြန့်ချိရေးအဖွဲ့ | သူရဇော်၊ ကျော်လှိုင်ဝင်း၊ ထွန်းထွန်းဦး၊ ဇော်မင်းအောင်၊ ဇော်လင်းဦး၊ အောင်အောင် |
| ရတီဓာတ်ပုံပညာရှင် | အေးဇော်မိုး (စက်မှု)၊ ဝဏ္ဏခွာနီး၊ ကိုနိုင် (ပေါ်ပြူလာ) |

| | |
|---|---|
| မျက်နှာဖုံးရှင် | ဖွေးဖွေး |
| မျက်နှာဖုံးဓာတ်ပုံ | အေးဇော်မိုး (စက်မှု) |
| မျက်နှာဖုံးဒီဇိုင်း | ထွန်းထွန်းလင်း |
| ထုတ်ဝေသူ | ဒေါ်နန်းကလျာဝင်း (၀၄၃၀၈) |
| ဥပဒေအကြံပေး | ဦးအီးနုစ် (တရားရုံးချုပ်ရှေ့နေ) |
| ဖလင် | Eagle |
| အတွင်းကာလာခွဲ | ကမ္ဘာဦး |
| စာအုပ်ချုပ် | Perfect |
| တန်ဖိုး | ၂၀၀၀ |
| အုပ်ရေ | ၂၀၀၀ |
| ပုံနှိပ် | ငွေကုံကျော် (မြ-၀၆၃၆၁)၊<br>အောင်သိန်းသန်း(မြ-၀၅၉၉၂) |

**အယ်ဒီတာအဖွဲ့ရုံးခန်း**
အမှတ်-၁၅၀/၁၆၀၊ ၃၅ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁- ၂၄၉၁၆၅၊ ၀၁-၃၈၅၄၉၅၊ ၀၁-၃၇၂၈၃၄
စာတိုက်သေတ္တာအမှတ်-၁၄၀

**မန္တလေးရုံးခွဲ**
အမှတ် 3(A)၊ လမ်း ၃၀၊ ၆၄ × ၆၅ လမ်းကြား၊ မန္တလေးမြို့။
ဖုန်း-၀၁၀၅၀၀၀၃၈၀၊ mandalayoffice@popularmyanmar.com

**ကြော်ငြာကိုယ်စားလှယ်**
ထိုက်ကြော်ငြာလုပ်ငန်း (မန္တလေး)
အမှတ်-၂၅၃၊ ၃၆ လမ်း၊ ၈၄×၈၅ လမ်းကြား၊ မန္တလေးမြို့။
၀၉-၂၀၀ ၅၅၇၂၊ ၀၉-၉၁၀ ၄၆၇၇၂



ပြည်သူ့သဘောထား

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

စီးပွားရေးဦးတည်ချက်(၄)ရပ်

လူမှုရေးဦးတည်ချက်(၄)ရပ်

Asian Fame Media Group

# YATI CONTENT

vol 10, no. 107, february 2013





6 အယ်ဒီတာနှုတ်ခွန်းဆက်

7 ကဗျာ
ညိုသစ်၊ မောင်အောင်ပွင့်၊ နိုင်မျိုး၊ ဖိုင်၊ သုရနီ၊
တပ်ဦးလေ၊ တိုးနောင်မိုး၊ ဟိန်းထိုက်ရှာန်

16 ကာတွန်း
ရွှေမင်းသား၊ မြေဖြား၊ ဟက်ကော့

19 မမရတီအမေးအဖြေ

ရတီအထူးကဏ္ဍ

22 Phway Phway & Antique Fashion
ဖြိုးစုပို

28 မြန်မာမှု မြန်မာ့ဟန်
မင်းထက်၊ ရှိတ၊ စွမ်းရည်၊ စိုးရန်အောင်၊
အလင်းရောင် (Star & Model Int'l)၊
ထက်ဘုန်းနိုင်၊ ပြည့်သိမ် ၊ရဲကို၊ စောမိုးမွှား
ဖြိုးသီရိခေတ်၊ သက်သခင်၊ ဆွိဝတ်ရည်အောင်၊
ဟန်လေး၊ သက်စုနဒီ၊ မိုင်လီသွန်းဆက်၊
ရွှေရည်လင်းလက်၊ နန်းရွှေယမုံဖူး
မိုးသောက်ကြယ်





33 ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်
ယွန်းဝတီလွင်မိုး
မိုးသောက်ကြယ်

38 Audience of Celebrities' Choice
သင်ဇာဝင့်ကျော်၊ သက်နှင်းဆက်
သီတာစိုး

46 If You Pass Valentine's Day
သျှင်မင်းသား၊ စုနန္ဒာအောင်၊ ဖွဲ့ထန်၊ ပိုးအိဖြူစင်၊
မင်းဆက်သစ်၊ ဆုမြတ်နိုးကျော်၊ မင်းသောကီ၊
ရွှေပိုးအိမ်၊ ဆန်းတိုးနိုင်၊ ဆုမြတ်နိုးဦး
သီတာစိုး

56 Clone Image
အေးမြတ်သူ၊ ယွန်းယွန်း
သီတာစိုး

60 Flash Back Fashion
နွယ်ဒါလီထွန်း
ဖြိုးစုပို

66 Hottest Latest
မြတ်သူကျော်၊ M ဆိုင်းလု
မိုးသောက်ကြယ်

Royal Taste
သဉ္ဇာဗိုလ်
သီတာစိုး

MEDIA GROUP



# YATI CONTENT

vol.10,no.107,february 201

70 Mod Mom
ရွှေစုစင်၊ အမရာလင်း၊ ဇာရာလင်း
ဖြိုးစုပိုပို
74 Chinese New Year Fashion
ဖြိုးသီရိခေဝ်
ဖြိုးစုပိုပို၊ သီဟိဝင်း
82 As Told By Himself
ရဲသွေးနောင်
သီတာစိုး
87 Music Plus Yati
မိစန္ဒီ
ယုယအိမ်
92 သူတို့ပြောတဲ့ L
ဩရသ၊ ခင်ဘုဂျာ၊ အိမ့်ချစ်
ဖြိုးစုပိုပို
98 Looking & Feeling
ရတီဝင့်ထူး
သီတာစိုး
104 Their Opinion For Valentine's Day
မြနှောင်းညို၊ ပုညခင်၊ ခင်ဇာခြည်ကျော်၊
သစ်သစ်မြင့်ဆိုင်
ဖြိုးစုပိုပို
112 Beyond The Women
မေစစ်အေး
ဖြိုးစုပိုပို
127 XXL Beauty
ဝါဝါအောင်၊ သီဟိထွန်း
ယုယအိမ်၊ သီဟိဝင်း
134 Artist Idea
ထိန်ဝင်း
ဖြိုးစုပိုပို
118 ဒေသသဂေ်တာ
ယောနယ်ကတောင်သား
လှမြင့်ဆွေ



Asian Family Media Group

YATI CONTENT
vol.10.no.107.February 2013







ရတီဆောင်းပါး

159 အမြစ်နှင့်တူသော အကြောင်းတရား
ဒေါက်တာ တင်မြင့်ထွေး
161 ပျော့ပျော့ပါးပါး မိခင်ဘာသာစကား
နှင်း
182 ကဗျာရနံ့တို့ကြိုင်လှောက်ရာမြေ
မိချမ်းဝေ
190 မျက်တောင်လေးတွေတိုနေလို့ စိတ်မညစ်ပါနဲ့
အလင်းဦး
192 တိုတိုထွာထွာအလှကမ္ဘာ
Mystery Snow
238 ကင်ဆာရောဂါအကြောင်း သိကောင်းစရာ
ဒေါက်တာအောင်ဆန်းဝင်း
243 မင်းခမ်းတော်
မင်းဇေဒါ (ပွင့်ဖြူ)
246 လွန်ကဲလာနေသော ငါးဖမ်းမှု
ကျော်ဦး
248 ဓာတ်တွင်းထွက်များအား ကာကွယ်ထိန်းသိမ်းရေး
သိန်းဝိုင် (M.Engg.Geol.)

ရတီနိုင်ငံတကာ

140 ၁၀ စုနှစ်တစ်ခုအပြည့်မှာ
ပေါ်ပြူလာပိုဖြစ်လာသူ လီဂျင်းဝတ်
ဇင်မြင့်စံ
144 International Entertainment News
စိုးသိင်္ဂါး
149 Beauty Close Crop
တင်လတ်သန္တာဗိုလ်
153 မင်းသားဝီလျံနဲ့ ကိတ်တို့ရဲ့
ပေါ်ပြူလာနှစ်တစ်နှစ်ဖြစ်လာမယ့် ၂၀၁၃
ဇင်မြင့်စံ
156 The Canyons နဲ့ပွဲထွက်ဦးမယ့် ညှို့မင်းသမီး
လင်ဇေးလိုဟန်
ရဲသစ်

ရတီအသောအထွေ

174 မရေးမကောင်းရေးမကောင်း
ညီညီညာညာညက်ညက်ညောညော
165 သူတကာလို ရှုရှာရှင်ပါဘိ
ဂျက်ကွမ်းခြံကုန်း

Asian Fame Media Group
MEDIA GROUP



UATI CONTENT
0 no.101 february 2013

## မန္တလေးအတွေး၊ မန္တလေးအရေး

186 **အရှယ်၊ ဇရာ၊ မေတ္တာသည်သာ**
ကိုထွန်း (လမ်း-၈၀)

178 **ရတီဓမင်**
ဒေါက်တာမြတ်သစ် (မန္တလေး)

## ရတီဝေဖန်ရေး

172 **ကိုဇော် (အရက်ဦး)၏**
**"မြတ်နိုးကြာရိပ်ရှိ"**
မောင်အိမ်စံ

168 **ဖူးနေသစ်လွင်ကဗျာဥယျာဉ်**
မောင်သွေးချစ်(ရေနံချောင်း)၊
ရွှေဒင်္ဂါး(မတ္တရာ)၊ မြေနှံ၊ နေဝေ၊
သျှင်နှောင်းညို(တံတားဦး)၊
ချိတ်ကောက်(မြို့လှ)၊
ဇင်မာဒွေး(ကလိန်အောင်)၊
မိကာ၊ ကေဇော်မိုး



## ရတီဝတ္ထုတို

194 **ထာဝရချစ်သူ**
မောင်ဆွေသက်

200 **ရှက်လှုပ်သူ**
နေမိုးညို

206 **ချေလိုက်လို့ကြေသွားတာများလား**
ခင်သန္တာ

210 **မောင်ရယ်၊ ခင်လေးရယ် ပြီးတော့ ...**
သရက်မသက်ဆွေ

214 **ရသဖျက်ရသ**
ရဲသျှမ်း

218 **ထမင်းပုံပြင် (၂)**
စိုးလှိုင်တင့်

222 **ဘဝပန်းချီကားထဲက**
**အနက်ရောင်စုတ်ချက်တစ်ချက်**
အဖြူရောင် (ရွှေ)

232 **မမေ့အပ်သောကဗျာ**
နေဘုန်းဝေ

---

**ပန်းချီသရုပ်ဖော်**

**မြတ်မင်းဟန်၊ အောင်ကျော်၊ ချစ်သူ၊**
**ခေတ်ဘုန်းမိုး၊ လူကြီးမင်း၊ မိုးထက်မိုး၊ ပန်းချောင်**


# အယ်ဒီတာ နှုတ်ခွန်းဆက်

ဖေဖော်ဝါရီဟာ ချစ်ခြင်းကိုဖော်ညွှန်းတဲ့ လတစ်လလို့ ကျွန်မမြင်မိပါတယ်။ များသော အားဖြင့် ဒီလမှာ ဝိရောဓိဖြစ်စရာ ပြောဆိုငြင်းခုံတတ်ကြတာက ဖေဖော်ဝါရီလ ဆယ်နှစ် ရက် ပြည်ထောင်စုနေ့ဆိုတာကို လူငယ်တွေ မေ့တတ်ကြတယ်၊ ဖေဖော်ဝါရီ ၁၄ ချစ်သူများ နေ့ကိုသာ သတိရကြတယ် စသဖြင့်ပေါ့လေ။ တကယ်တော့ ဒီရက်နှစ်ရက်ဟာ ယှဉ်ကောင်း စရာ ရက်နှစ်ရက်မဟုတ်သလို ယှဉ်ကြည့်မိမယ်ဆိုရင်လည်း ပြည်ထောင်စုသားညီနောင် များအချင်းချင်း ချစ်ခြင်းအားဖြင့် လက်တွဲညီခဲ့ကြလို့ ပြည်ထောင်စုနေ့ရယ်လို့ ဖြစ်လာခဲ့ တာပဲ မဟုတ်လား၊ နောက်တစ်ခါ ၅၂ ခုသော မေတ္တာ၊ ၁၅၀၀ တည်း ဟူသောမေတ္တာ ဒီနှစ်သွယ်ကြား အမုန်းတရားမရှိ ချစ်ခြင်းတွေတွယ်ငြိစေဖို့ ချစ်သူများနေ့လို့ ဖြစ်တည်လာခဲ့ တာပဲမဟုတ်လား။ ဒီတော့ ဘယ်လိုပဲယူယူ ချစ်ခြင်းတွေဖော်ညွှန်းတာမို့ အကောင်းတရားများ ပြည့်နေသော ဒီရက်နှစ်ရက်တည်ရှိနေတဲ့ ဖေဖော်ဝါရီဟာ လကောင်းလမြတ်အဖြစ် မင်္ဂလာ ရှိပါတယ်။ ချစ်ခြင်းဟာ စည်းရုံးခြင်းကို ဖော်ဆောင်တယ်။ မုန်းခြင်းဟာ ပျက်စီးခြင်းကို ရောက်စေတယ်။ ကျွန်မကြားဖူးတာလေးတစ်ခု သတိရပါတယ်။ ငှက်ကလေးတွေဟာ ကောင်းကင်ထက်မှာ ပျံသန်းရင် ဗီပုံသဏ္ဍာန်နဲ့ ပျံသန်းကြတယ်။ ဒီလိုဘာကြောင့်ပျံလဲလို့ သိပ္ပံ နည်းကျလေ့လာလိုက်တော့ ဗီပုံစံပျံသန်းခြင်းဟာ သွားလိုရာပန်းတိုင်ကို မြန်မြန် ဆန်ဆန် ရောက်သွားစေတယ်၊ တစ်ကောင်ချင်းပျံသန်းနှုန်းထက် အုပ်စုဖွဲ့ပျံသန်းခြင်းဟာ ၇၁ ရာခိုင်နှုန်း ပိုစေတယ်လို့ ဆိုပါတယ်။ ဒါဆို ကျွန်မတို့လူသားတွေဟာလည်း မိမိလိုရာ ပန်းတိုင်ကိုရောက်ဖို့ဆို စည်းစည်းရုံးရုံးချစ်ချစ်ခင်ခင်ရှိသင့်တာပေါ့။ ငှက်ကလေးတွေ တောင် သူတို့လိုရာပန်းတိုင် ကို ချစ်ခင်ခြင်း၊ စည်းလုံးခြင်းအင်အားနဲ့ ဖော်ဆောင်တတ်ရင် ကျွန်မတို့လူသားတွေကရော ဘာလို့ ချစ်ချစ်ခင်ခင်မနေနိုင်ရမှာလဲ၊ ဘာလို့ စည်းစည်း လုံးလုံး မနေနိုင်ရမှာလဲ၊ နောက်ထပ်စိတ်ဝင်စားစရာကောင်းတာက ငှက်ကလေးတွေဟာ ပန်းတိုင်ကို သွားနေရင်းနဲ့ ဦးဆောင်သူငှက်ပင်ပန်းပြီ၊ အတောင်ညောင်းပြီဆို သူကနောက် ကိုပြန်လှည့်ပေးပါတယ်။ နောက်တစ်ကောင်က သူ့နေရာမှာဝင်ယူလို့ အလိုက်သင့် ဆက်လက်ဦးဆောင်ပျံသန်းပေးပါတယ်။ ကဲ ကျွန်မတို့လူသားတွေမှာရော အလှည့်ကျတာဝန် ယူမှု မလိုအပ်ပေဘူးလား၊ ဦးဆောင်သူကလည်း ကိုယ်ပင်ပန်းနေပြီ၊ အတောင်ညောင်းနေ ပြီဆိုတာ ကိုယ်တိုင် ရိပ်မိသင့်သလို ကိုယ့်နေရာကိုဆက်ခံမယ့်သူကလည်း ခွန်နဲ့အားနဲ့ အဆင်သင့်ရှိနေသင့်တာပေ့ါ။ ထူးခြားချက်ကတော့ ငှက်တွေဟာ အတောင်ညောင်းရင် နေရာပြောင်းပေးပြီး အတောင်ကျိုးတဲ့အထိ မစောင့်တာတော့ ထူးခြားချက်ပါ။ ကျွန်မ ကတော့ စာတွေဖတ်ဖြစ်ရင်းက ငှက်တွေရဲ့ ဒီထူးခြားချက်လေးတွေကို သိရှိသဘောကျမိသလို ချစ်ခြင်း၊ စည်းရုံးခြင်း အောင်မြင်မှုပန်းတိုင် ရောက်ခြင်းဆိုတာတွေကို ဆက်စပ်တွေးမိခဲ့တာမို့ ကိုယ်သဘောကျမိတာလေး ပြန်လည်မျှဝေပေးလိုက်ရင်း ချစ်ခြင်းများပြည့်နေတဲ့ ဖေဖော် ဝါရီလမှာ ချစ်သောရတီပရိသတ်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်လိုက်ရပါတယ်ရှင်။

နှိုင်းချင့်ချိန်ဆ
ရသထွန်းလင်း
ပရိသတ်ရင်တွင်း
နှစ်သက်ခိုဝင်
ရတီစွမ်းအင်

မိုးမိုးဇော်ဝင်း
တာဝန်ခံအယ်ဒီတာ

Asian Fame Media Group




Asian Fame Media Group

## ဂျက်ဇ်ကဗျာ

တေးတသား မပါဘူး
ဂီတသင်္ကေတနုတ်(စ်)တွေ မရှိဘူး
မျက်စိရှိုင်းအောင် တောက်ပလွန်းတဲ့
တွတ်တွတ်ဖြူ ငန်ခါးခါး
ပင်လယ်ဒီလှိုင်းများလို
အသံသစ်တွေ အုံကြွမာန်ဟုန်ဝယက်ထလာတဲ့
ဂျက်ဇ်ဂီတ ဒေးအော့တီးလုံးတွေ
မြည်ဟည်းပေါက်ကွဲစီးမှုအနိုပြ
အရှေ့လေထဲ မုန်တိုင်းလို
အော်သံတွေ ပွက်လျှံကြွ။

ညီ့သစ်

Jazz - လူမည်းတေးဂီတ
Note - ဂီတသင်္ကေတ



## ဖခင်ရဲ့ မှာတမ်း

အဆမတန် နာကျင်တာဟာ အင်အားချည့်နဲ့စေတယ်
သူသေတော့ဖြင့် သူ့ကိုယ်ပေါ်မှာ အရိုးရာ မမြင်ရပါလား
သူ့ရှေ့က ကလေးလေးအလောင်းမှာ
အနီစက်တွေ ပျောက် အရိုးရာတွေ ဖုံးမနေဘူးလား
ကလေးရဲ့အရိုးပေါ်အရောင် ကျောပြင်ပေါ် အရိုးရာချင်း ထပ်နေလို့
အရိုးရာရယ်လို့ မမြင်တော့တာလား
သူ့အလောင်းကောင်းသချိုင်းကနေ ပြန်မလှည့်တတ်တော့ဘူး
အဲ ၊ နို့ ၊ ဘယ်ပုံစံနဲ့ကော ရှေ့ဆက်သွားလို့ ရမှာနို့လဲ
၃၁ ဘုံထဲ ဘဝဝဲရယ်နဲ့ တလည်လည်ဟာ သေသူလား ကျန်ရစ်သူတွေလား
အဖေသေရင်တော့ မီးရှို့ပစ်ပါ သမီး
အရိုးရာ အထပ်ထပ်ခံခဲ့ရ အဖေ့ ၃၂ ကောဋ္ဌာသရဲ့ပြာတွေကို
အဖေချစ်တဲ့ ဝေနံမြစ်ထဲ မျှောလိုက်နော်
မြောက်ဘက်မြို့စွန်က စမျှောပါ
အဖေသိပ်ချစ်တဲ့ မြို့ကို
ဦးခေါင်းက ခြေဖျား နမ်းရှိုက်သွားချင်လို့ ။

မောင်အောင်ပွင့်

Asian Fame Media Group

## "သစ္စာ" များ

ကမ္ဘာကြီးဆိုတာ တစ်ဝက်အမြဲမှောင်နေခဲ့ပြီး
ကျွန်တော်နဲ့ခင်ဗျားက တစ်ညအမြဲကန်းနေခဲ့တာ
မဟုတ်ဘူးလား မိတ်ဆွေ။

ကျောက်လက်နက်ကနေ
နျူကလီးယားလုံးတဲ့တွေအထိ ကိုင်စွဲကြ
နေနဲ့လမှာ အချိန်မရှိတော့
နာရီတွေ တီထွင်ကြ
ကမ္ဘာကြီးမှာ နေရာမရှိတော့
နယ်နိမိတ် ဗျာနတီထွင်ကြ
အခု……
အမည်နာမ "ပညတ်" ညှင်းညှင်းမှာ
အသက်ပြင်းပြင်းရှူပြီး
ထုထဲသော မြို့တော်ရဲ့ ပဥ္စလက်ကကြီးမှာ
မိန်းမောနေပြီလား။

ချဉ်းကပ်မိတဲ့ နာရီဟာ ပျဉ်းတွဲ့တွဲ့ရာသီမှာ ဝိုက်မျဉ်း
စားကျက်ပျောက်သတ္တဝါဟာ အသက်မပျောက်ဖို့ ကျားကန်
ငါးတွေကောင်းကင်ပျံနိုင်ဖို့ စဉ်းစားသူစဉ်းစား
(နာရီနေရာများ ရွေ့လျားသွားပါပြီ။)
"ပညတ်" ကို ပြတ်ပြတ်သားသားနင်းပြီး
"ဘဝ" ကို နုံ့နုံ့ညွှာညွှာ ခင်းခဲ့ …။

ဒီရောက်ခဲ့ပြီ
သည်မိုးသောက်အရုဏ်ဦး
သင့်ဉာဏ်ပညာနဲ့
"ပရမတ္ထ" အညွှန့်အဖူးကို
နှုးတော့။

ခိုင်မျိုး




Asian Fame Media Group
af MEDIA GROUP

# YATI POEM 2013



## ဗိုလ်ချုပ်အောင်ဆန်း အလိုရှိသည်

ဗိုလ်ချုပ်အောင်ဆန်းအဖြစ် သရုပ်ဆောင်ဖို့ခေါ်လိုက်တော့
လူ ၁၅၇ ယောက်ရောက်လာတယ် ၁၅၇ ယောက်ထဲက ၁၃ ယောက်ရွေးတယ်
၁၃ ယောက်ထဲက ၃ ယောက် ထပ်ရွေးတယ် ၃ ယောက်ထဲက ရွေးစရာမရှိတော့ လူတွေ
ထပ်ခေါ်ရပြန် ဗိုလ်ချုပ်အောင်ဆန်းအဖြစ် သရုပ်ဆောင်ဖို့ (လျှောက်ထားပြီးသူများ
ထပ်မံလျှောက်ထားရန်မလို) ဗိုလ်ချုပ်အောင်ဆန်းအဖြစ် သရုပ်ဆောင်ဖို့လူတွေ
ရောက်လာဦးမယ် ရွေးချယ်မယ် ထပ်မံရွေးချယ်မယ် အတူဆုံးလူတစ်ယောက်ရဖို့
ရွေးချယ်မယ် မရရင် ထပ်ခေါ်မယ် လူတွေထပ်ရောက်လာမယ် စိစစ်မယ် ထပ်မံစိစစ်မယ်
ဗိုလ်ချုပ်အောင်ဆန်းအဖြစ် သရုပ်ဆောင်ဖို့ ဗိုလ်ချုပ်အောင်ဆန်းနဲ့တူဖို့
ဗိုလ်ချုပ်အောင်ဆန်းဖြစ်ဖို့ ဗိုလ်ချုပ်အောင်ဆန်းဟာ လူတွေအသိဉာဏ်ထဲမှာပဲ
ရှိနေတဲ့အရာ (ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ဇူလိုင် ၁၉ ရက်နေ့ကတည်းက သေခဲ့ပြီ)
ဗိုလ်ချုပ်အောင်ဆန်းဟာ တကယ်မရှိတော့တဲ့အရာ ဗိုလ်ချုပ်အောင်ဆန်းလူအဖြစ်
ပြန်လည်ဝင်စား ဝင်ရောက်ယှဉ်ပြိုင်တောင် ဗိုလ်ချုပ်အောင်ဆန်းနေရာမှာ ဗိုလ်ချုပ်အောင်ဆန်း
သရုပ်ဆောင်ခွင့် ရ/မရ မသေချာ ဗိုလ်ချုပ်အောင်ဆန်းနဲ့တူတဲ့ လူတစ်ယောက်ရမှ
ဗိုလ်ချုပ်အောင်ဆန်းရဲ့အဖြစ်အပျက်ကို တည်ဆောက်နိုင်မယ် ဗိုလ်ချုပ်အောင်ဆန်း
မဖြစ်တောင် / မဟုတ်တောင် လူတွေက ဗိုလ်ချုပ်အောင်ဆန်းအဖြစ် လက်ခံနိုင်မယ့်လူတစ်ယောက်
(ဗိုလ်ချုပ်အောင်ဆန်းမဟုတ်တဲ့ ဗိုလ်ချုပ်အောင်ဆန်း နောက်တစ်ယောက်ကို) လိုအပ်နေတယ်
သေသွားတဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ ပြန်ရှင်လာ ပြန်သေသွား ဗိုလ်ချုပ်အောင်ဆန်း
ပြန်ရှင်နိုင်း ပြန်လုပ်ကြံနိုင်း ဗိုလ်ချုပ်အောင်ဆန်းနှစ်ခါသေဖို့ ဘာကြောင့်လိုလားနေရတာလဲ

Asian Fame Media Group
AF MEDIA GROUP

ဗိုလ်ချုပ်အောင်ဆန်းဟာ နိုင်ငံတစ်ခုကို လွတ်လပ်ရေးရအောင် လုပ်ဆောင်ပေးသူ
ဗိုလ်ချုပ်အောင်ဆန်းဟာ ဗိုလ်ချုပ်အောင်ဆန်းဆိုတဲ့ နာမည်ထဲက လွတ်လပ်ခွင့်မရသေး
ဗိုလ်ချုပ်အောင်ဆန်းကို နတ်မောက်မြို့မှာ ပြန်မွေး မြန်မာစစ်သားလုပ် အင်္ဂလိပ်လက်အောက်သို့
ကုတ်အင်္ကျီသုံးထည်ပေးပဲပြုတ်နဲ့နံပြားစားချင်တယ်လို့ သူဇနီးဆီ စာရေးနိုင်း
အင်္ဂလန်ကို သွားနိုင်း အောင်ဆန်း / အက်တလီစာချုပ်ချုပ်နိုင်း အင်္ဂလိပ်ကိုတိုက်နိုင်း
ဂျပန်နဲ့အဆင်မပြေတော့ အင်္ဂလိပ်ပြန်ခေါ်ပြီး ဂျပန်ကိုတိုက်နိုင်း
ဂျွန်ဦးစော သေနတ်အဖွဲ့ကိုလက်ရွေးစင်သေနတ်သမားတွေနဲ့ဖွဲ့နိုင်း
၁၉၄၇ ဇူလိုင်လ ၁၉ ရက်မှာ အတွင်းဝန်ရုံး (ဂျူဗလီဟော) မှာ အစည်းအဝေးလုပ်နိုင်း
ဂျွန်ဦးစောလုပ်ကြံရေးသေနတ်အဖွဲ့ကို မနက်ဆယ်နာရီခွဲပြီးလောက်မှာ အခန်းထဲဝင်နိုင်း
ဗိုလ်ချုပ်အောင်ဆန်းနဲ့ တစ်ခွဲလုံးကို သေနတ်နဲ့တစ်ယောက်မကျန် ပစ်သတ်နိုင်း
အာဇာနည်နေ့ သတ်မှတ်နိုင်းကျင်းပနိုင်း သေတဲ့အချိန်ရောက်တိုင်း ဥဩဆွဲနိုင်း
ငြိမ်သက်နိုင်း အိမ်နံရံမှာ ဗိုလ်ချုပ်အောင်ဆန်းပုံကိုချိတ်နိုင်း သမိုင်းထဲထည့်သင်နိုင်း
ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီး ဒေါ်အောင်ဆန်းစုကြည် နိုင်ငံရေးဆက်လုပ်နေတဲ့အထိ
အဖြစ်အပျက်ကို ဆွဲလာနိုင်း ကိုင်း / ဒီအလုပ်တွေကို ဗိုလ်ချုပ်အောင်ဆန်းအနေနဲ့
နောက်တစ်ကြိမ် ပြန်လုပ်ရဦးမယ်ဆိုရင် ဘယ်လောက်ပင်ပန်းမလဲ
လူတွေအနေနဲ့ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရမယ်ဆိုရင်တော့ ဘယ်လောက်ပူပန်မလဲ
တကယ်သေတဲ့အခန်းကျတော့ ဘယ်လောက်ဝမ်းနည်းမလဲ တို့မြန်မာနိုင်ငံ
လွတ်လပ်ရေးရဖို့ (၁၉၄၈ ဇန်နဝါရီလ ၄ ရက်နေ့မှာလွတ်လပ်ရေးရခဲ့တယ်)
လက်မတင်ကလေးအလိုက္ခာလို့ ဘယ်လောက်ကျယ်ကျယ်လောင်လောင်တောက်ခေါက်မလဲ
ဗိုလ်ချုပ်အောင်ဆန်းကို မေ့ထိန်းအောင်လုပ်တာတွေအတွက် ဘယ်လောက်ခံပြင်းမလဲ
ကိုလိုနီနိုင်ငံ၊ ဆိုရှယ်လစ်နိုင်ငံ၊ စစ်အစိုးရနိုင်ငံ၊ ဒီမိုကရေစီနိုင်ငံ နိုင်ငံရေးစနစ်တွေ
ဘယ်လောက်ပြောင်းလဲသွားသွား အရှေ့တောင်အာရှ နိုင်ငံငယ်လေးတစ်ခုက မြန်မာသီ၊ ကမ္ဘာသိ
ဗိုလ်ချုပ်အောင်ဆန်းဆိုတဲ့ မြန်မာ့ခေါင်းဆောင်တစ်ယောက်ကတော့ ထာဝရရှင်သန်နေမယ်ဆိုတာ
ဘယ်လောက်များ ပြောပြချင်စရာ ကောင်းလိုက်ပါ့မလဲ ဒါပေမဲ့၊ ဗိုလ်ချုပ်အောင်ဆန်းက
တကယ်မရှိတော့တဲ့ လူတစ်ယောက် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရုပ်ရှင်ရိုက်မယ်ဆိုရင်
ဗိုလ်ချုပ်အောင်ဆန်းအဖြစ် သရုပ်ဆောင်မယ့် လူတစ်ယောက်ကတော့ လိုမယ်
(ဗိုလ်ချုပ်အောင်ဆန်းမဟုတ်တောင် ဗိုလ်ချုပ်အောင်ဆန်းနဲ့အသွင်အပြင်တူတဲ့ လူတစ်ယောက်)
ဒါပေမဲ့၊ ဗိုလ်ချုပ်အောင်ဆန်းကို မရသေးဘူး ဗိုလ်ချုပ်အောင်ဆန်းအကြောင်း
မရိုက်ကူးနိုင်သေးဘူး ဗိုလ်ချုပ်အောင်ဆန်းတကယ်လိုက်အဖြစ်ပါဝင်တဲ့ ရုပ်ရှင်ကား
ထွက်မလာသေးဘူး ဗိုလ်ချုပ်အောင်ဆန်းကို စကားမပြောဖူးတဲ့လူတွေက
ဗိုလ်ချုပ်အောင်ဆန်းကို နက်ဖို့ပြင်ဆင်နေကြတယ် ဗိုလ်ချုပ်အောင်ဆန်းကို
ရုပ်ရှင်ထဲကနေ တစ်ကမ္ဘာလုံးသိ မြန်မာနိုင်ငံအကြောင်း ပြောပြနိုင်းဖို့ စီစဉ်နေကြတယ်
ဗိုလ်ချုပ်အောင်ဆန်းနဲ့ ပတ်သက်တဲ့စာအုပ်တွေ ဓာတ်ပုံတွေ အချက်အလက်တွေ
မေးမြန်းစုဆောင်းထားတာတွေ စုံနေပြီ ဒါပေမဲ့ ဗိုလ်ချုပ်အောင်ဆန်းအဖြစ်
သရုပ်ဆောင်မယ့် ဗိုလ်ချုပ်အောင်ဆန်းအတုကို မရသေးတော့ ဗိုလ်ချုပ်အောင်ဆန်း
ဇာတ်လမ်းအစစ်ကို မစနိုင်သေးဘူး ဂန္ဒီရုပ်ရှင်ရှိတယ် ဟစ်တလာရုပ်ရှင်ရှိတယ်
ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီး ဒေါ်အောင်ဆန်းစုကြည်ရုပ်ရှင် (The Lady) ရှိတယ်
ကမ္ဘာ့ရုပ်ရှင်လောကအတွက် ဗိုလ်ချုပ်အောင်ဆန်းကို အပူတပြင်းအလိုရှိနေပြီ
ဗိုလ်ချုပ်အောင်ဆန်းကိုတွေ့ရင် အကြောင်းကြားပါ ကိုယ့်ရုပ်ကို ဗိုလ်ချုပ်အောင်ဆန်းရုပ်နဲ့
တူတယ်ထင်ရင် လူကိုယ်တိုင်လာတွေ့ပါ (ဗိုလ်ချုပ်အောင်ဆန်းစိတ်မျိုးပါရင် ပိုကောင်းတယ်)
ဗိုလ်ချုပ်အောင်ဆန်းဘယ်သူလုပ်မလဲ ဗိုလ်ချုပ်အောင်ဆန်းစကားကို ဘယ်သူပြောမလဲ
ဗိုလ်ချုပ်အောင်ဆန်းလို ဘယ်သူအသေခံဦးမလဲ

ဝိုင်

(ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ရိုက်ကူးရေးသတင်းတွေပေါ်မှာ အခြေခံပြီး ခံစားရေးသားထားပါတယ်)

Asian Fame Media Group

## အတွေးမျိုးမျိုးရှနေတဲ့ ရုပ်တုများ

တစ်ခုတစ်ယောက်က သံဆန်ခါပေါက်ကနေ
"မင်္ဂလာနံနက်ခင်းပါ" ဆိုတာကို ဘယ်သူမှ မကြားလိုက်မိဘူး။
ဒုက္ခသည်လို့ ပြင်ဆင်ခွင့် မရခဲ့ကြဘူး။
ထိုင်ခုံတွေကိုလည်း နံပါတ်တစ်ခုတည်း တပ်ထားတယ်။
ကျိုးနေတဲ့လက်တွေကိုလည်း ပြန်တပ်ခွင့်မရှိဘူး။
မေးခွန်းများကလည်း အန္တရာယ်နဲ့တွေ့ရနေသလို
အမှန်တရားကလည်း လက်သည်းကွင်းထဲ ဝင်နေရတယ်။
ရွှေမီက သူ့အဖေညှပ်ပေးခဲ့တဲ့ ဆံပင်အတိုင်းပဲ ထားတုန်း။
မိုးခါးရေတွေက ဘုရားစာတွေကို မေ့နေတယ်။
ကျောက်တုံးလည်းဆိုသေး အပေါက်အပြဲတွေနဲ့။
ပရိသတ်များကလည်း မျက်နှာကို အဝတ်စည်းထားရတယ်။
ခေါင်းဆယ်လုံး ဘီလူးကလည်း နိုင်ငံခြားကလာတဲ့ ထိပ်တွေကို
သူ့အိမ် ညစာကျွေးဖို့ ခေါ်သွားတယ်။
ပြည်နဝဒေးကြီးက သူစီးလာတဲ့ကားကို တစ်ဝက်အမိုးဖွင့်ထားခဲ့တယ်။
သက်တော်ရှည်အမတ်ကြီး သတ္တုကလည်း ဧရိယာပြင်ပရောက်နေတယ်။
သူရူးများကလည်း အသားလိုလို့ အသားကိုပဲ ထပ်တောင်းနေကြတယ်။
သေခြင်းတရားကလည်း နိုင်ငံတကာလေဆိပ်ကနေ
ဖုန်းနံပါတ်များကို မှားနှိပ်နေတယ်။
မုဆိုလီနီက သူမွေးထားတဲ့ ခွေးကြီးကို နပိုလီယံလို့ အမည်ပေးထားတယ်။
သဘင်သည်များက ကျောက်ဒိုးပစ်နေတဲ့ သူငယ်လေးတွေကို
တဘောင်းအမှားတွေ သင်ပေးနေတယ်။
ဘာရယ်လို့တော့ မဟုတ်ပါဘူး။
ဘောလုံးကွင်းအလယ်က သစ်ပင်ကို ရှောင်ကန်နေရတာ ဆိုးတယ်။

သူရနီ




af MEDIA GROUP
Asian Fame Media Group

YATI POEM 2013



Asian Fame Media Group

## ဒီအကြောင်းတွေ မင်းဆီက ရောက်လာတာ

အပြာရောင် မျက်တောင်က တဖျပ်ဖျပ်ခတ်တယ်
လူကို ခဏခဏ ခိုးခိုးကြည့်တယ်
ခိုးခိုးကြည့်တိုင်းလည်း မျက်လုံးချင်းဆုံတယ်
ဒါအချစ်ဖြစ်နိုင်တယ်

နဖူးနဲ့ခြေမ
ဒူးနဲ့မျက်ရည်ဆိုတာ
ငယ်စဉ်တောင်ကျေးကတည်းက အဆင့်ဆင့်ကပ်ပါလာတဲ့ရောဂါ
ပျာပျာသလဲ ပျာတောက်နေတယ်
အစိုင်ကအစ နေရောင်ကို ထမ်းထားတယ်
ဒါဘဝဖြစ်နိုင်တယ်

ခေါ်မကြား အော်မကြားတွေပါ
ကိုယ့်လမ်းကိုယ်
ဘယ်သူမှ အဆုံးသတ်သွားပုံမပေါ်
ကြည့်ခြင်းအားဖြင့်
ဒါသံသရာဖြစ်နိုင်တယ်။

တင်ဦးလ

# YATI POEM 2013

## ငြိမ်းချမ်းပါစေ

လူတော်တွေ အစွန်းရောက်တာလည်း
ဖြစ်မှုတစ်ခုပဲ
စာအုပ်တွေ ဘယ်လောက်ဖတ်ဖတ်
ပညာတွေ ဘယ်လောက်သင်ထားသင်ထား
သူ့စည်းနဲ့သူရှိပြီးသားကို
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီလို့ပြောတာ မှားတယ်။
လူသားမှာ အတ္တရှိတယ်
ပရဟိတစိတ်တွေမွေးပြီး အတ္တကို ချေပရမယ်
အရာရာကို ထိန်းချုပ်လို့မရဘူး
လူသားဆန်ခြင်းကိုလည်း ရှေ့တန်းတင်လို့ မရဘူး
တစ်ဦးနဲ့တစ်ဦး
တစ်မျိုးနဲ့တစ်မျိုး
အငြိုးအတေးတွေကို စားပွဲပေါ် ပြန်တင်လို့
သေနတ်သံကင်းမဲ့ဖို့ သတ်မှတ်ရမလား။
ဆွဲထုတဲ့ ကြယ်တစ်ပွင့်
အမှန်တရားနဲ့ ကျကြရင်
ညအခါ လသာသာ
ကစားမလား နားမလား
ပျော်ရွှင်ခြင်း ဝိတောက်ပန်းတွေ ပွင့်ရအောင်

တိုးနောင်မိုး



Asian Fame Media Group
MEDIA GROUP

## ၃၆ ကြိုး

ကြိုးတွေသာ ကုန်သွားတယ်
ဂီတသံက ထွက်မလာခဲ့သေးဘူး၊
မီးနိုးဖြူတွေက တဝဲဝဲ
နေ့များ၊ ညများ
အကြွေးများ
ဥတုရာသီ တချို့တစ်ဝက်
လောဘ၊ ဒေါသ၊ မောဟများ
တဏှာရာဂများ
တစ်နှစ်တစ်ခါတော့ ဒီလိုကပျော်ပွဲလေးရဲ့
၃၆ နှစ်လုံးလုံး ဘဝကို
အီစီကလီ လုပ်ခဲ့လေတော့
ချစ်ခြင်းမေတ္တာနဲ့ အိမ်ထောင်ရေးကလည်း
အထီးကျန်စိတ်ကို အီစီကလီလုပ်လေတယ်
တဝဲလည်လည်
လည်နေတဲ့ ကမ္ဘာထဲမှာ တလည်လည်
၃၆ ကြိုးထဲမှာ ရစ်ထွေးလုံးပတ်အစချောက်
သေရဲရဲ သေရဲဖို့
အသက်ရှူလေ့ကျင့်ခန်းလုပ်ရင်
ကောင်းမလား
နေရဲရဲ နေရဲဖို့ ကိုယ့်ကိုယ်ကိုယ်
မသိချင်ယောင်ဆောင်နေရရင်
ကောင်းမလား။ ။

ဟိန်းထိုက်ရှာန်




Asian Fame Media Group
af MEDIA GROUP



ရွှေမင်းသား

Asian Fame Media Group




မြေဇာ

Asian Fame Media Group
MEDIA GROUP



ဟက်ကော့

Asian Media Group



# မမရတီ

## အမေး၊ အဖြေ

**အချစ်ရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အနုပညာရေး**

**မမရတီ. . . သမီးက ရဲတိုက်ရဲ့ အမာခံ ပရိသတ်ပါ။ အခု သူနဲ့ ပတ်သက်ပြီး မျိုးစုံကြားနေရလို့ မေးကြည့်တာပါ။ အရမ်းလည်း စိတ်ပူလို့ပါ မမရတီရယ်၊ ရဲတိုက်ကားတိုက်မှုနဲ့ အချုပ်ထဲမှာ ဆိုတာ ဟုတ်လားဟင်။ အရက်တွေ အမူးလွန်ပြီး ဖြစ်တာလို့လည်း ပြောနေကြတယ်။ သမီးတော့ ယုံလည်း မယုံရဲဘူး ယုံလည်းမယုံချင်ဘူး။ သမီး ချစ်တဲ့ ရဲတိုက်တစ်ယောက် ကျန်းမာ ချမ်းသာစွာ ရှိပြီး အကယ်ဒမီတွေ အများကြီး ယူနိုင်ပါစေလို့ ဆုတောင်းပါတယ်။**

*ခင်နီလာထွန်း(တာမွေ)*

ကောလာဟလ ဆိုတာတော့ အနုပညာရှင်တွေအတွက် အဆန်း မဟုတ်တော့ပါဘူး ခင်နီလာထွန်းရယ်။ နာမည်ကြီးလေ ကောလာဟလ ပိုထွက်လေပေါ့။ ရဲတိုက် ကားအက်ဆီးဒင့် ဖြစ်တယ်ဆိုတာတော့ ဟုတ်ပါတယ်။ သံလျင်ရိုက်ကွင်း သွားရင်းနဲ့ သူကိုယ်တိုင် မောင်းလာတဲ့ကား ဘရိတ်ပေါက်ပြီး အက်ဆီးဒင့် ဖြစ်တာပါ။ ရဲတိုက်ကိုယ်တိုင်ကတော့ စတီယာရင်နဲ့ ရင်ဘတ်ဆောင့်မိသွားတယ်၊ လက်မှာလည်း နည်းနည်းပါးပါး ပွန်းပဲ့သွားတာ ရယ်ကလွဲပြီး အခြေအနေ ဆိုးဆိုးဝါးဝါးမရှိပါဘူး။ ပတ်ဝန်းကျင်က နည်းနည်းပါးပါး ထိခိုက်မိသွားတဲ့ သူတွေလည်း အခြေအနေ သက်သာ အဆင်ပြေတယ်လို့ သိရပါတယ်။ ခင်နီလာထွန်းချစ်တဲ့ မင်းသားက အကယ်ဒမီကို သူကိုယ်တိုင် ရသည်ဖြစ်စေ မရသည်ဖြစ်စေ အားပေးတဲ့အနေနဲ့ တက်မှာပါလို့ သိရတာမို့ စိတ်အေးချမ်းသာစွာ နေလိုက်တော့နော်။

**မမရတီ. . . စိုင်းစိုင်းက ဘာတွေ စိတ်ပူနေတာလဲ။ သူ့ကို ပရိသတ်ကြီးက ဒီလောက်ချစ်တာ သူမသိဘူးလား။ ချစ်သေးရဲ့လားလို့ မေးတော့ ပရိသတ်မေတ္တာကို မယုံတာဘဲမို့ စိတ်အရမ်းတိုတယ်လို့ စိုင်းစိုင်းကို ပြောပေးပါ။ ဘယ်လောက် စိတ်တိုလဲဆိုရင် ခန်းလုံးပြည့်ကပ်ထားတဲ့ ကိုစိုင်းရဲ့ပိုစတာ သုံးဆယ့်ငါးပုံထဲက တစ်ပုံကို စိတ်တိုလွန်းလို့ ဆွဲဖြဲပစ်လိုက်ပြီလို့။ ပြောဖြစ်အောင် ပြောပေးနော် မမရတီ။**

*သဲသဲ (ပြင်ဦးလွင်)*

သဲသဲတို့ကတော့ ကဲကဲကို ဆက်နေတာပါလားနော်။ စိုင်းစိုင်း ပြောချင်တဲ့သဘောက သူ့ နောက်ဆုံးအခွေ **အဲဒါးဂေါ်လီ**က ၂၀၀၉ က ထွက်ထားတာလေ သဲသဲရယ်။ အခု **ဒိတ်ဒိတ်ကြဲ** အခွေက ၂၀၁၂ ဆိုတော့ အချိန်ကာလခြားတယ်လေ။ တခြားသော အနုပညာ အလုပ်တွေကို အချိန်ပေး လုပ်နေရတာမို့ အခုအချိန်ခြားပြီး စီးရီးထုတ်တဲ့အချိန် ပရိသတ်က အရင်လို သူ့ကို ချစ်ပါဦးမလားလို့ စိုးရိမ်လို့ ပရိသတ်ကို ချစ်သေးရဲ့လား မေးတာပါ။ ဟစ်ဟော့ပ်ဂီတ လောကမှာ ဆယ်နှစ်ကျော်တဲ့အထိ ပရိသတ်အသည်းနှလုံးကို ကိုင်လှုပ်နိုင်တဲ့သူ တစ်ယောက်အနေနဲ့ စိုင်းစိုင်းဟာ ချီးကျူးဖွယ် အနုပညာရှင် တစ်ယောက်ပါ။ ကဲ. . စိုင်းစိုင်းရေ ပရိတ်သတ်က ဘယ်လောက် ချစ်သလဲဆိုရင်ဖြင့် ချစ်သေးရဲ့လားလို့ မေးတာကို တောင် စိတ်တိုတဲ့အထိ ချစ်တယ်ဆိုတာ မမရတီ ရတီစာမျက်နှာထက်ကနေ တရားဝင် ပြောပြလိုက်ပါပြီနော်။ ဪ သဲသဲ. . ဖြဲမိတဲ့ ပိုစတာကို အစားပြန်ထိုးဖို့ မမေ့နဲ့ဦးနော်။



Asian Fame Media Group

**မမရတီရေ သမီးချစ်တဲ့ မမမင်းသမီးရဲ့ သတင်းစာထဲက အကွဲ အပြဲသတင်း ပိုင်ဆိုင်မှုတွေ ရှင်းကြလင်းကြတဲ့ သတင်းကလည်း စိတ်မချမ်း သာစရာ ကောင်းလိုက်တာနော်။ ချစ်တုန်းကလည်း တုန်နေအောင်ချစ်ကြတာ အခု ဘယ်လိုဖြစ်တာလဲ မသိဘူး။ သမီးကတော့ ကိုယ်ချစ်တဲ့ အနုပညာရှင် တွေ ပျော်နေတာပဲ မြင်ချင်ပါတယ်။ သူတို့အချစ် ရေးတွေ အိမ်ထောင်ရေးတွေ တည်မြဲတာမျိုး ဖြစ် စေချင်တယ်။ တစ်ခုဆိုးတာက ချစ်သူတောင် မရှိသေးပါဘူး၊ အချစ်ရေး မစဉ်းစားသေးပါဘူး ဆိုပြီး အကွဲအကွာသတင်းတွေကျမှ အကျယ် တဝင့်တွေ ဖြစ်ကုန်ကြတာ ဆိုးလိုက်တာ။ သူတို့ အချစ်က ဘယ်လိုလဲ ဘာလဲဟင်။ မမရတီတို့ မီဒီယာတွေကလည်း မသေချာတဲ့ အချစ်ရေးတွေ ကို အတင်းသိချင် အတင်းမမေးကြပါနဲ့လို့ သမီး မေတ္တာရပ်ခံချင်ပါတယ်။**


*ပိုးအိ (လှည်းတန်း)*

ပုခွေါ. . ဘုန်းကြီးအမူ ရွှာပတ်နေပါလား ပိုးအိရဲ့။ မင်းသမီး အကြောင်းကနေ မမ ရတီတို့ မီဒီယာတွေကို အမြင်မကြည် ဖြစ်ကုန်ပါပေ့ါလား။ မမရတီတို့ စာနယ်ဇင်းတွေ ဆိုတာလည်း ပရိ သတ် သိချင်တာလေးတွေ လှည့်ပတ် သတင်းပေး နေရတာလေကွယ်။ သူတို့အချစ်က ဘယ်လိုလဲ ဘာလဲဟင်ဆိုတဲ့ မေးခွန်းလေးကိုတော့ သဘော ကျမိသား ပိုးအိရေ။ ဒီမေးခွန်းကို ပိုးအိ သိချင် သလို လူအားလုံး သိချင်နေပုံရတယ်။ ဘာလို့လဲ ဆိုတော့ အချစ်ဆိုတာ ဘာလဲဆိုတဲ့ မေးခွန်းဟာ ဂူဂဲလ်မှာ ၂၀၁၂ ခုနှစ်အတွင်း လူရှာ အများဆုံး စာလုံးဆိုပဲကွဲ့။ ဂူဂဲလ်ကတော့ အချစ်ဆိုတာ စပွန်ဆာလို့တော့ အဖြေမပေးတန် ကောင်းပါဘူး ကွယ်. . နော်။

**မမရတီရေ ရတီမှာ Mod Mom ဆိုပြီး ကျော်ကြားသူတွေနဲ့ သူတို့ကလေးတွေနဲ့ ဖက်ရှင်ပုံ လေးတွေ ပါတယ်နော်။ ကျွန်မတို့ကြိုက်ပါတယ်။ အရင်တုန်းက Family Fashion ဆိုပြီး မိသားစု ဖက်ရှင်တွေ ဖော်ပြတာလည်း မှတ်မိပါတယ်။ အနုပညာရှင်တွေကို သူတို့ မိသားစုတွေနဲ့ တွဲရိုက် တာမြင်ရတော့ သဘောကျစရာပါ။ တစ်ခု ကျွန်မ အကြံပေးချင်တာက ဒီလိုကဏ္ဍတွေကို ဖော်ပြပြီး ရင် မိသားစုစကားဝိုင်းလေးပါ ထည့်ပြီးဖော်ပြပေး ပါလားရှင်။ သူတို့ ပုံရိပ်တွေသာမက သူတို့ ကျင်လည် နေထိုင်ကြတဲ့ ဘဝနေထိုင်မှုပုံစံ၊ အကျင့်အကြံ၊ သူတို့ အတွေးအခေါ် အယူအဆ လေးတွေပါ ကျွန်မတို့ စာဖတ် ပရိသတ်တွေ သိရတာပေါ့။**

*ပရိသတ်တစ်ဦး*

အကြံဉာဏ်ပေးတာကို ကျေးဇူးတင်ပါတယ်။











အကောင်အထည် ဖော်နိုင်ဖို့ ကြိုးစားပါ့မယ်၊ ဒါပေမဲ့ တစ်ခုရှိတာက အနုပညာရှင် အတော် များများဟာ အချိန် ရှားပါးတတ်ကြပါတယ်၊ ဖက်ရှင်ကဏ္ဍတစ်ခု အနေနဲ့ ဖော်ပြဖို့တောင် အချိန်းအချက်က တော်တော်လေး လုပ်ယူကြရ တာပါ။ သူတို့လည်း မအားတဲ့ ကြားထဲက ဝန်းဒိုင်းကြဲ လာရိုက်ပြီးတာနဲ့ ကမန်းကတန်း နှုတ်ဆက်ပြန်ဆိုတဲ့ အနေအထားမှာ စကားဝိုင်း လုပ်ဖို့ဆိုတာ အချိန်ပေးနိုင်မှ ကောင်းမှာပါ။ ဒီလို မိသားစု စကားဝိုင်းတွေကို ဘယ်လိုပုံစံနဲ့ ပရိသတ် ဆီ တင်ဆက်ပေးနိုင်မလဲ စဉ်းစားလိုက်ဦးမယ် နော်။

**မမရတီ. . နှစ်ဆယ့်တစ်မှာ ကမ္ဘာလည်း မပျက်ဘူး။ ရာသီဥတုကလည်း သာသာယာယာပဲ နော်။ ဘာမှလည်း မဖြစ်ဘဲနဲ့ ကမ္ဘာနဲ့တစ်ဝှမ်း ဘာလို့များ ဒီလောက် ကောလာဟလတွေ ထွက် ခဲ့ကြတာလဲ မမရတီရယ်၊ ကျွန်တော်ကတော့ ကမ္ဘာပျက်မယ်ဆိုလို့ ရှိသမျှအကုန်လှူလိုက်တယ် ဆိုတဲ့ သူကိုရော တရုတ်က 'နောဧရဲ့ လှေကြီး' ပိုင်ရှင်ကိုရော သနားတယ်လို့ပဲ ပြောချင်တော့ တယ်။ အယုံလွယ်လွန်းတော့လည်း ဘယ်ကောင်း ပါတော့မလဲ။ မာယာလူမျိုးတွေကလည်း ပြက္ခဒိန် ဆက်မရေးဖြစ်တော့တာ မင်ကုန်သွားလို့ နေမှာ ပေါ့နော်။ မမရတီတို့ ရတီမဂ္ဂဇင်း အဖွဲ့ရော နှစ်ဆယ့်တစ်ရက်နေ့က မဂ္ဂဇင်းတိုက်မှာပဲလား။ ကျွန်တော်ကတော့ စက်ဘီးတစ်စင်းနဲ့ မန္တလေး တစ်မြို့လုံး ပတ်နေတာနော်။ အေးဆေးပဲ။**

*သီတာလှိုင် (မြည်ကြီးတံခွန်)*

မမရတီတို့လည်း မဂ္ဂဇင်းတိုက်မှာပဲ အလုပ် တွေလုပ်ရင်း အေးအေးချမ်းချမ်း ရှိနေခဲ့ကြပါတယ် သီတာလှိုင်ရေ၊ ထူးခြားတာက နှစ်ဆယ့် တစ်ရက် နေ့မှာ ရာသီဥတုက ထူးထူးခြားခြား သာယာနေ တယ်နော်။ ဘာပဲ ဖြစ်ဖြစ် ဒါ အကောင်းဆုံးပဲ မဟုတ်လားကွယ်။ တရုတ်လယ်သမားကြီးရဲ့ တီထွင်မှု 'နောဧရဲ့လှေကြီး' ဆိုတဲ့ အရေးပေါ် ယာဉ်ကြီးက ကမ္ဘာမပျက်လည်း အလကားတော့ မဖြစ်ပါဘူး သီတာလှိုင်ရဲ့၊ ကမ္ဘာမပျက်ပေမယ့် သူ့ယာဉ်ကြီးက ဆူနာမိတို့ ငလျင်တို့ ဟာရီကိန်းတို့ တခြားသဘာဝ ဘေးဒဏ်တို့ကို ကာကွယ်နိုင်တယ် ဆိုပဲ။ တစ်ခုမဟုတ် တစ်ခုဖြစ်လာရင် ပြေးပြက် တက်လိုက်ရုံပေါ့။ အံမယ် သူ့ကီရိယာကြီးက လူဆယ့်လေးယောက်လောက် ဆန့်တာဆိုတော့ တို့တစ်တွေတောင် သူနဲ့ သူငယ်ချင်းလုပ်ရင် ကောင်းမလား သီတာလှိုင်ရေ၊ ဘယ်လိုလဲဟေ့။

**ဒီလထဲ စိတ်မကောင်းစရာ သတင်းတွေ လည်း ဟိုက ဒီက အရမ်းကြားရတာပဲနော် မမ**

**ရတီ။ ကမ္ဘာပျက်မယ် ဆိုတာက တစ်မျိုး၊ လျှော်တွေ လှုပ်တာကတစ်မျိုး၊ စစ်မက်စစ်ရေးတွေက တစ်မျိုးနဲ့ ရင်တုန်ရပါလား။ ဒီကြားထဲ အသက်ကလေး နှစ်ဆယ်နဲ့ အမေကိုလည်းသတ်ပြီးတော့ အမေ အလုပ်လုပ်တဲ့ ကျောင်းထဲဝင် လူသတ်သွားတာ ကလေးတွေ အများကြီး သေကုန်တယ်ဆိုတဲ့ အမေရိကန်ကသတင်း တီဗီမှာ မြင်ရကြားရတာတောင် စိတ်မကောင်းချက် မမရတီရယ်။ နှစ်ဆယ်ဆိုတဲ့ အရွယ်ဟာ တကယ်တော့ ကလေးပါပဲ။ ဘာလို့များ ရက်စက်ကြမ်းကြုတ်ကုန်ကြတာလဲဟင်။ ကျွန်မကတော့ ဒီလိုကြမ်းကြုတ်တဲ့ စိတ်တွေဟာ သူတို့ကစားတဲ့ ဂိမ်းတွေက ကူးစက်တယ်လို့ ထင်တာပဲ။ အခု ကျွန်မတို့ နယ်မြို့လေးမှာတောင် ကလေးတွေက ဂိမ်းမှ ဂိမ်းဖြစ်နေကြပြီ။ ကလေးတွေရဲ့ အနာဂတ်ကို ကောင်းစေချင်ရင် ရက်စက် ကြမ်းကြုတ်တဲ့ ဂိမ်းကစားနည်းတွေ ထိန်းချုပ်ဖို့ ကောင်းတယ်လို့ မထင်ဘူးလား မမရတီရေ။**

*စာဖတ်ပရိသတ် မိခင်တစ်ဦး*



ဟုတ်ပါတယ်ရှင်။ ဒီလိုတွေးတာလည်း မမှားပါဘူး။ ဒါပေမဲ့ မမရတီကတော့ တစ်မျိုးတွေးမိပါသေးတယ်။ ကလေးပေါင်း နှစ်ဆယ်လှုကြီးခြောက်ယောက် သေသွားတဲ့ ဒီအမှုမှာ သတ်တဲ့ အသက်နှစ်ဆယ် အာဒမ်လက်ဇားဆိုတဲ့ ကလေးရဲ့ အမေက အဲ့ဒီကျောင်းက ဆရာမပါပဲတဲ့၊ အာဒမ်လက်ဇားကို ထိန်းချုပ်တဲ့နေရာမှာလည်း အင်မတန် စည်းကမ်းတင်းကြပ်တယ်လို့ ဆိုပါတယ်၊ အာဒမ်လက်ဇားဟာ စာတော်ပေမယ့် စကားအလွန်နည်းပြီး အထီးကျန် ဆန်ဆန် သီးသန့်နေတတ်ပါသတဲ့။ မမရတီ သဘောမတွေ့ဆုံးကတော့ သူ့အမေ ဆရာမ ကိုယ်တိုင်က သေနတ်ပစ်ခြင်းကို အလွန်အမင်း ဝါသနာပါပြီး သေနတ်များကို စုဆောင်းရတာလည်း ဝါသနာကြီးသူ ဆိုတာရယ် သူသေနတ်ပစ်ကွင်းသွားရင် ကလေးကို ခေါ်ခေါ်သွားတယ် ဆိုတာရယ်ကို လုံးဝသဘောမတွေ့ဘူး။ ဒါတွေကို အာဒမ်လက်ဇားမြင်ပြီး မျက်စိတွေယဉ်ပါး လူသတ်ရဲတဲ့စိတ်တွေ ဖြစ်ခဲ့လားမှ မသိတာ။ နောက်တစ်ခုက အာဒမ်လက်ဇားရဲ့ အဖေနဲ့အမေဟာ ကွာရှင်းထားကြပြီး အဖေက နောက်အိမ်ထောင်နဲ့ ချမ်းချမ်းသာသာ ကြီးပွားနေသူလည်း ဖြစ်တယ်တဲ့လေ။ ဒီအချက်အလက်တွေဟာ အသက်နှစ်ဆယ် အရွယ်ကောင်လေး တစ်ယောက်ကို စိတ်တွင်း တိုက်ပွဲတွေ ဖြစ်စေနိုင်တယ်လို့လည်း မမရတီ တွေးနေမိတယ်၊ သူဟာ တကယ်ပဲ မိုက်ကန်းရူးနှမ်းသူဆို သတ်ချင်တဲ့သူတွေကို သတ်ပြီးရင် သူ့ကိုယ်သူ သတ်မသေဘဲ အောင်ပွဲခံနေမှာပေါ့။ အခု သူ့ကိုယ်သူပါ အဆုံးစီရင်သွားတယ်ဆိုတော့ သူ့ဘဝကို မကျေနပ်ချက်တွေ ဘဝမှာ နေမပျော်မှုတွေနဲ့ သနားစရာကလေး တစ်ယောက် အဖြစ်လည်း တွေးမိပါတယ်။ မိဘနဲ့ သားသမီး ဖြစ်လာတဲ့ ဘဝတွေမှာ ဟန်ချက်မညီရင် ကိုယ့်ဘဝရော ပတ်ဝန်းကျင်က ဘဝတွေပါ အများကြီး တိမ်းစောင်းမှားယွင်းသွားနိုင်တယ် ဆိုတာကို သတိပြုမိစေရာပါရှင်။

**မမရတီ. . ညီမလေးက အဆိုတော် အိမ့်ချစ်ကို အရမ်းကြိုက်တယ်။ သူ့အသံနဲ့ သူဆိုဟန်ကို ညီမလေး တစ်ထပ်တည်းကျအောင် ဆိုနိုင်တယ်သိလား။ သူငယ်ချင်း တွေကဆို ညီမလေးသီချင်းဆိုရင် အိမ့်ချစ်နဲ့ တူတယ်လို့ အမြဲပြောကြတယ်။ မမရတီဆီမှာ ပရိသတ်နဲ့ အနုပညာရှင် တွဲရိုက်တဲ့ ကဏ္ဍမှာ အိမ့်ချစ်နဲ့ကဏ္ဍ ဘယ်တော့ပါမလဲဟင်။ ညီမလေး လျှောက်ချင်လို့ပါ။ သူနဲ့ တွေ့ရင် သူ့ကို ဘယ်လောက် ကြိုက်တယ်ဆိုတာ သီချင်းတွေ ဆိုပြချင်လို့ပါ။ အိမ့်ချစ်ဆီကို ဆက်သွယ်နိုင်မယ့် လိပ်စာလေးများ သိရမလားရှင်။ ကျေးဇူးပြုပြီး ဖော်ပြပေးပါနော်။**



*သရဖီဦး (မင်္ဂလာဒုံ)*

သရဖီဦးရဲ့ စကားလေးတွေကို အိမ့်ချစ်နဲ့ အင်တာဗျူး သွားတွေ့တဲ့အချိန် ကြုံတုန်း ပြောပြခဲ့တယ်နော်။ ကျေးဇူးတင်ပါကြောင်း ပရိသတ် မေတ္တာနဲ့ သီချင်းတွေ ဆက်ဆိုဖြစ်နေတာပါလို့ စကားပြန် လိုက်ပါတယ်ကွယ်။ အိမ့်ချစ်ရဲ့ လိပ်စာကတော့ နံပါတ် ၄၊ အောင်ရတနာလမ်း၊ လမ်းမတော် မြို့နယ်၊ ရန်ကုန်ပါ။


Asian Media Group

# *PhwayPhway &*
# ANTIQUE FASHION

MAKE-UP & HAIR : HELLO / DRESS: OHMAR KYAW(O.M.K FASHION) / PHOTO : AYE ZAW MOE (SETTHMU)/ ARRANGED BY PHYOE SU PO PO



Asian Fame Media Group




Asian Fame Media Group




Asian Fame Media Group
af MEDIA GROUP


Phway Phway
MAKE-UP & HAIR : HELLO / DRESS: OHMAR KYAW (O.M.K FASHION)/ PHOTO : AYE ZAW MOE (SETTHMU)
Asian Fame Media Group
MEDIA GROUP




Asian Femme Media Group

ဓာတ်ပုံ - မင်းထက်၊ ဇိုကာ၊ စုမ်းရည်၊ ဗိုအုန်းအောင်၊ အလင်းရောင် (Star & Model int'l)၊ ထက်ဘုန်းနိုင်၊ ပြည့်သိမ်၊ ရဲကို၊ ဇောဇိုနွားဖြိုးသီရိအောင်၊ သက်သိခင်၊ ဆွိုဝက်ရည်ဆောင်း၊ ဟန်ဆေး၊ အောက်စုန်းမိုင်သီသွန်းအောက်၊ ရွှေရည်ဝင်းသက်၊ နန်းရွှေယမုံဖူး
မိတ်ကပ် - တော်ဝင်သူ (မေဦးအောင်)၊ ကြူကြူ (တော်ဝင်သူ)၊ ဇော်ထွန်း (တော်ဝင်သူ)၊ U Min (တော်ဝင်သူ)၊ ဝတ်စုံ - YES I DO (Wedding & Photo Studio)၊ ဓာတ်ပုံ - ကိုနိုင် (ပေါ်ပြူလာ)



# မြန်မာ့မှု မြန်မာ့ဟန်

ပြည်ထောင်စုဆိုတဲ့ ဝေါဟာရ စကားက တကယ်ပဲ ခန့်ညားထည်ဝါလှပါတယ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ပြည်ထောင်စုနေ့ ဟာ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းမှာ အရေးပါအရာ ရောက်ခဲ့တဲ့နေ့ ဖြစ်သလို တစ်ပြည်ထောင်လုံးမှာရှိတဲ့ တိုင်းရင်းသားပေါင်းစုံရဲ့ သွေးစည်း ညီညွတ်မှုကို ဖြစ်ပေါ်စေခဲ့တဲ့ ပြည်ထောင်စုနေ့ရဲ့ သမိုင်းကြောင်းကို တွေးမိတဲ့အချိန် ရတီစာမျက်နှာ ထက်က တစ်ခန်း သွေးစည်းမှုပုံရိပ်တွေကို အမှတ်တရအဖြစ် တင်ပြချင်တာမို့ ယခုလို မြန်မာမှုမြန်မာဟန် ဖော်ကျူးစေနေ အမှတ်တရပုံရိပ်အဖြစ် မိုးသောက်ကြယ်က တင်ဆက်လိုက်ပါတယ်။

မိုးသောက်ကြယ်


MEDIA GROUP





မော်ဒယ် - ရွှီတာ၊ စိုးရန်အောင်၊ ထက်ဘုန်းနိုင်၊ပြည့်သိမ်၊ သက်သခင်၊ သက်စုနဒီ၊ရွှေရည်လင်းလက်၊ နန်းရွှေယမုံပုး / မိတ်ကပ် - တော်ဝင်သူ (မေဦးမောင်)၊ကြူကြူ (တော်ဝင်သူ)၊ဖော်တွန်း(တော်ဝင်သူ) U Min (တော်ဝင်သူ)
ဝတ်စုံ - **YES I DO** (Wedding & Photo Studio)၊ ဓာတ်ပုံ - ကိုနိုင် (ပေါ်ပြူလာ)



မော်ဒယ် - မင်းထက်၊ စွမ်းရည်၊ အလင်းရောင် (Star & Model int'l)၊ ရဲကို၊ ဖြူသီရိဇော်၊ ဒွိဝတ်ရည်သောင်း၊ ဟန်လေး၊ မိုင်ပေါ်သွန်းဆက် / ဓိတ်ကာဝ် - တော်ဝင်သူ (မေဦးမောင်)၊ ကြူကြူ (တော်ဝင်သူ)၊ ဇော်ထွန်း (တော်ဝင်သူ)၊ U Min (တော်ဝင်သူ)၊
ဝတ်စုံ - **YES I DO** (Wedding & Photo Studio)၊ ဓာတ်ပုံ - ကိုနိုင် (ပေါ်ပြူလာ)

Asian Fame Media Group



မော်ဒယ် - မင်းထက်၊ ရှီတာ၊ ဝွမ်းရည်၊ စိုးရန်အောင်၊ အလင်းရောင် (Star & Model int'l)၊ ထက်ဘုန်းနိုင်၊ ပြည့်သိမ်၊ ရဲကို၊ တေးဇွန်ချာ၊ ငြိမ်းသီရိအောင်၊ သက်သခင်၊ ဆွိဝတ်ရည်သောင်း၊ ဟန်လေး၊ သက်စုနေဒီ၊ မိုင်လီသွန်းဆက်၊
ရွှေရည်လင်းလက်၊ နန်းထွေးယမုံဖူး.... ၊ မိတ်ကပ် - ထော်ဝင်သူ (ရေဦးမောင်)၊ ကြူကြူ (ထော်ဝင်သူ)၊ ဇော်ထွန်း (ထော်ဝင်သူ)၊ U Min (ထော်ဝင်သူ) ဝတ်စုံ - YES I DO (Wedding & Photo Studio)၊ ဓာတ်ပုံ - ကိုနိုင် (ပေါ်ပြူလာ)




Asian Fame Media Group
MEDIA GROUP


ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်
မော်ဒယ် ယွန်းဝတီလွင်မိုး မိတ်ကပ် ဒီဇင်ဘာနှင်း ဝတ်စုံ ရှိမိုရ ဒီဇိုင်နာ မဇွေးဇွေးတင် (ရှိမိုရ) - Location ကန်တော်ကြီးဆောင်ဖွဲ့ဟိုတယ် စီစဉ်သူ မိုးအောင်ကြည်
Asian Fame Media
MEDIA GROUP


ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်
မော်ဒယ် ယွန်းဝတီလွင်မိုး မိတ်ကပ် ဒီဇင်ဘာနှင်း ဝတ်စုံ ရွှေမိဂ္ ဒီဇိုင်နာ မငွေငွေတင် (ရွှေမိဂ္) Location ကန်တော်ကြီးပဲလေ့စ်ဟိုတယ် စီစဉ်သူ မိုးသောက်ကြယ်


ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်
မော်ဒယ် မိတ်ကပ် ဓါတ်ပုံ ဒီဇိုင်နာ Location တင်ဆက်သူ



# ရတီမဂ္ဂဇင်းရဲ့ ချစ်ပရိသတ်ကြီးအတွက် သတင်းကောင်း

## Audience of Celebrities' Choice

**အစီအစဉ်**

ပရိသတ်ကြီးအားလုံး မင်္ဂလာပါ။ ရတီမဂ္ဂဇင်းကိုအားပေးနေကြတဲ့ပရိသတ်တွေ အတွက် "Audience of celebrities' choice" ဆိုတဲ့ ကဏ္ဍလေးတစ်ခု ဖွင့်လှစ်ပေးထားပါတယ်။

**အခွင့်အရေး**

၂၀၁၃ မေလထုတ် ရတီမဂ္ဂဇင်းအတွက် အကယ်ဒမီ **ချစ်စန္ဒီဦး** နဲ့အတူ ရတီစာမျက်နှာပေါ်မှာ အလန်းစားအိုက်တင်၊ အလန်းစားအပြင်အဆင်တွေနဲ့ ဓာတ်ပုံတွဲရိုက်ခွင့်ရမှာ ဖြစ်ပါတယ်။

**ထူးခြားချက်များ**

ဒီကဏ္ဍရဲ့ထူးခြားမှုတစ်ခုကတော့ ဓာတ်ပုံရိုက်ခွင့်ရမယ့် ပရိသတ်ကို မဂ္ဂဇင်းက ရွေးချယ်မှာမဟုတ်ဘဲ အနုပညာရှင်ကိုယ်တိုင်က ရွေးချယ်မှာဖြစ်ပါတယ်။

**မိတ်ကပ်၊ အဝတ်အစား**

ရွေးချယ်ခံရတဲ့ ပရိသတ်တွေအတွက် အဝတ်အစားနဲ့ မိတ်ကပ်ကိုတော့ ရတီမဂ္ဂဇင်းကနေ စီစဉ်ပေးမှာနော်။

**စည်းကမ်းချက်များ**

(၁) အရောင်ဖော်ပြပါဖြတ်ပိုင်းနဲ့အတူ 5"x7" အရွယ်ရှိ (တစ်ကိုယ်လုံးပြည့် အလှဓာတ်ပုံတစ်ပုံ၊ ခေါင်းတိုက်မြင်ဓာတ်ပုံတစ်ပုံ၊ မျက်နှာအပြည့်ပုံတစ်ပုံ)
(၂) အသက် ၁၅ နှစ်မှ ၃၀ နှစ်အတွင်းရှိ အမျိုးသား၊ အမျိုးသမီးမည်သူမဆို
(၃) မိဘ(သို့) အုပ်ထိန်းသူခွင့်ပြုချက်လက်မှတ်
(၄) ရွေးချယ်ခံရရင် ရတီမဂ္ဂဇင်းမှ ဆက်သွယ်ပေးမှာဖြစ်ပြီး ရတီမဂ္ဂဇင်းမှ စီစဉ် ပေးတဲ့ အစီအစဉ် ရက်ချိန်းများအတိုင်း အတိအကျလာရောက်ပေးရန်

ချစ်ပရိသတ်ကြီးရေ… ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်နဲ့ဓာတ်ပုံအတူ တွဲရိုက်ရမယ့် အခွင့်အရေးကို လက်လွတ်မခံဘဲ **၂၀၁၃ မတ်လ ၁၀ ရက် (တနင်္ဂနွေနေ့)** နောက်ဆုံးထားပြီး စာအိတ်ပေါ်မှာ "Audience of celebrities' choice" ရတီ စာပေအနုပညာမဂ္ဂဇင်းလို့ လိပ်မူပြီး အမှတ် ၁၅၀/၁၆၀၊ ၃၅ လမ်း(အလယ်) ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ အမြန်ဆုံး ပို့လိုက်ကြပါနော်။

*ပြီးခဲ့တဲ့လတွေမှာ ရွေးချယ်မခံရတဲ့ပရိသတ်တွေလည်း ဒီကဏ္ဍမှာ ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်တွေ ပါဝင်လာတဲ့အခါ အောက်ပါပုံစံအတိုင်း ဖြည့်စွက်ပြီး ထပ်မံပေးပို့နိုင်ကြပါတယ်။*

မှတ်ချက် – ဒီကဏ္ဍကို လစဉ် အနုပညာရှင်တစ်ယောက်စီနဲ့ အလှည့်ကျစီစဉ်ပေးသွားမှာဖြစ်လို့ ပါဝင်ချင်တဲ့ ဝါသနာရှင်ပရိသတ်တွေ စောင့်မျှော် အားပေးလိုက်ကြပါဦးနော်။

အမည် ----------------------------------------
မွေးသက္ကရာဇ် ----------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------------------
ပညာအရည်အချင်း ----------------------------------------
အလုပ်အကိုင် ----------------------------------------
အနုပညာလုပ်ရှားမှု ----------------------------------------
အိမ်ထောင်ရှိ/မရှိ ----------------------------------------
အရပ်အမြင့် ----------------------------------------
နေရပ်လိပ်စာ ----------------------------------------
ဖုန်းနံပါတ် ----------------------------------------



Asian Fame Media Group
MEDIA GROUP



*Model*
*Thinzar Wint Kyaw*
*Thet Hnin Sett*
*Make-up*
*Htay Minn (Soe Soe)*
*Mommy Zaw*
*(Ko Khin Htay - Ko Khin Zaw)*
*Dress For Audience*
*Yummy Yo*
*Photo*
*Ko Naing (Popular)*

Asian Fame Media Group



ARRANGED BY THIDA SOE

# AUDIENCE OF CELEBRITIES' CHOICE

မြန်မာနိုင်ငံက ပရိသတ်တွေရဲ့ချစ်ခင်အားပေးမှုကို ရယူပိုင်ဆိုင်ထားနိုင်သူ၏ သရုပ်ဆောင် သင်ဇာဝင့်ကျော် နဲ့အတူတွဲဖက်ပြီး Photo Model လုပ်မယ့် Audience ကတော့ ဗဟန်းမြို့နယ်၊ ဦးချစ်မောင်လမ်းမှာ နေထိုင်သူ သက်နှင်းဆက် ပါ။ Celebrity နဲ့ Audience တို့ရဲ့ ပျော်ရွှင်စရာပုံရိပ်တွေ၊ တောက်ပတဲ့အပြုံးတွေနဲ့အတူ ဟန်ချက်ညီတဲ့ပုံရိပ်တွေက စာဖတ်သူ ပရိသတ်တွေရဲ့ စိတ်ကို ကျေနပ်နှစ်သိမ့်နိုင်မယ် ဆိုရင်တော့....

Asian Media Group



# AUDIENCE OF CELEBRITIES' CHOICE

*Model*
*Thinzar Wint Kyaw*
*Thet Hnin Sett*
*Make-up*
*Htay Minn (Soe Soe)*
*Mommy Zaw*
*(Ko Khin Htay - Ko Khin Zaw)*
*Dress For Audience*
*Yummy Yo*
*Photo*
*Ko Naing (Popular)*



Asian Fame Media Group



ဖရိုသတ်အမေး အနုပညာရှင်အဖြေ

**တချို့မင်းသမီးတွေဆို ဝလာလိုက်၊ ပိန်သွားလိုက် ဖြစ်တတ်ကြတယ်လေ။ အစ်မရဲ့ ခန္ဓာကိုယ်ကျတော့ ဘာမှမပြောင်းလဲဘူး။ အဲဒီလိုမျိုးဖြစ်အောင် ဘယ်လိုထိန်းသိမ်းထားပါသလဲ။**

ဟိုအရင်တုန်းက အစ်မ Gym သွားဆော့ဖြစ်တယ်ပေါ့နော်၊ နောက်ပိုင်းကျတော့ မအားလို့ မဆော့ဖြစ်တော့ဘူး။ အိမ်မှာပဲ စက်တွေမပါဘဲ ဆော့ဖြစ်တယ်။ အိပ်ရာက ထတာနဲ့ ခြေထောက်လေ့ကျင့်ခန်းကို အိပ်ရာပေါ်မှာပဲ လှဲပြီးလုပ်လိုက်တယ်ပေါ့နော်။ ပြီးတော့ ခါးလှည့်တဲ့လေ့ကျင့်ခန်းလုပ်တယ်။ အစ်မက နေ့တိုင်း ပေါင်ချိန်ကြည့်တယ်။ ပေါင် ၁၂၀ ကျော်ပြီဆိုရင် ဝမှာစိုးလို့ ကိုယ့်အာသာ အစားအသောက်လျှော့တယ်၊ အဓိက ကတော့ ဗိုက်ပူတာမကြိုက်ဘူး။ ဗိုက်ပူရင် အဝတ်အစားဝတ်ရတာ အဆင်မပြေဘူး။ အဲဒါကြောင့် အမြဲတမ်း ပေါင်ချိန်ပြီး ခန္ဓာကိုယ်ကို မဝအောင် ထိန်းတာပေါ့နော်။ ဗိုက်လေ့ကျင့်ခန်းတော့ အမြဲမလုပ်ဖြစ်ဘဲနဲ့ ခါးလှည့်တာကို တော့ အမြဲလုပ်ဖြစ်တယ်။ အစ်မက အစားအသောက်တော့ သိပ်မရှောင်ဘူး၊ ဒါပေမဲ့ စားပြီးလို့ ဗိုက်ထွက်လာရင်တော့ လေ့ကျင့်ခန်းကို ဖိလုပ်လိုက်တယ်။

**အစ်မက အသားအရေလှတယ်နော်၊ Skin Care လုပ်တာက အိမ်မှာပဲလုပ်တာလား၊ ဆိုင်မှာသွားလုပ်တာလား။**

အင်း . . . အစ်မက Lotion တော့ မှန်မှန်လိမ်းတယ်။ Body Scrub ကို တစ်ပတ်တစ်ခါလောက် အိမ်မှာပဲဖြစ်ဖြစ် ဆိုင်မှာပဲဖြစ်ဖြစ် လုပ်ဖြစ်ပါတယ်။ ပြီးတော့ အစ်မက ရေများများသောက်တယ်။ အသီးအရွက်များများစားတယ်။ အစ်မက အသီးအရွက်နဲ့ အသီးအနှံတွေကို အရမ်းကြိုက်တယ်။ အစ်မက တစ်နေ့ကို အသီးတစ်ခုလောက် စားလိုက်ရမှ စိတ်ကျေနပ်တာပေါ့နော်။ အသီးအနှံ များများစားတာလည်း ပါမှာပေါ့ ညီမရယ်။

**ဇာတ်ကားတွေရိုက်ရင် ဇာတ်ရဲ့ အစက မရိုက်ဘဲနဲ့ ဇာတ်ရဲ့ Tempo မြင့်တဲ့နေရာက စရိုက်တာတွေရှိတယ်လို့ ကြားဖူးပါတယ်။ ဥပမာ - ဒရမ်မာကားတွေကို စရိုက်ရိုက်ချင်းမှာပဲ ငိုရတယ်ဆိုရင် အစ်မအနေနဲ့ ဘယ်လိုမျိုး Mood သွင်းပါသလဲ။**

ဇာတ်ညွှန်း လာပေးရင် ဇာတ်ကို နားလည်အောင် ဖတ်တယ်။ ကိုယ့်ကာရိုက်တာက ဘယ်လိုအဝတ်အစားမျိုးနဲ့ဆို အဆင်ပြေမလဲဆိုတာကို

Asian Fame Media Group



ကြည့်ပြီး အဝတ်အစားပိုင်းကို သေချာပြင်ဆင်တယ်။ ပြီးတော့ ဇာတ်ထဲကို စိတ်နှစ်ထားလိုက်တယ်ပေါ့နော်။ သရုပ်ဆောင်ခါနီးမှာလည်း ကိုယ်သာ သူ့နေရာမှာ ဒီလိုမျိုးဖြစ်ရင် ဘယ်လိုမျိုးခံစားရမလဲဆိုတာကို စဉ်းစားပြီး သရုပ်ဆောင်ပါတယ်။ အဓိကကတော့ အနုပညာကို ဝါသနာပါရမှာပေါ့နော်။ ဝါသနာပါတော့ အခက်အခဲတွေ့ရင်တောင် ကျော်ဖြတ်နိုင်တာပေါ့။ ခရမ်းမာပဲဖြစ်ဖြစ်၊ ဟာသပဲဖြစ်ဖြစ် သရုပ်ဆောင်ရတဲ့ပုံစံမတူပေမယ့် အားလုံးကတော့ သူ့ဟာနဲ့သူ ခက်ခဲပါတယ်၊

**အနုပညာကို စလုပ်ခါစမှာ မလုပ်တတ်တာတို့၊ ရှက်တာတို့ဖြစ်လာရင် အစ်မအနေနဲ့ အဲဒီ အခက်အခဲတွေကို ဘယ်လိုကျော်ဖြတ်ပါသလဲ။ ဒီအနုပညာလောကထဲကို ဝင်မယ့်လူငယ်တွေကိုလည်း အကြံဉာဏ်ပေးစေချင်ပါတယ်။**

အစ်မက သိပ်မရှက်တတ်ဘူး။ သိပ်မရှက်တတ်လို့လည်း မင်းသမီးဖြစ်လာတာပေါ့နော်။ လျှကြားထဲ မတိုးရဲတာမျိုးတွေလည်း မရှိဘူး။ သိပ်လည်း မရှက်တတ်တဲ့အခါကျတော့ ကြိုးစားရတာ ပိုပြီးလွယ်သွားတယ်လို့ ထင်တယ်။ အစပိုင်းမှာ ကားရိုက်တုန်းကတော့ ဒိုင်ယာလော့ခ်က နည်းနည်း အခက်အခဲရှိတယ်။ ပြောရတဲ့စကားတွေ နည်းနည်းများလာပြီဆိုရင် အိုက်တင်မပါဘဲ ဒိုင်ယာလော့ခ်ချည်းပဲ ပြောလိုက်တာမျိုးတွေရှိတယ်။ Flow တန်းနေတာမျိုးတွေလည်း ဖြစ်ခဲ့တယ်။ ဒါပေမဲ့ ဒီအလုပ်က လုပ်ရင်းနဲ့ သင်သွားတာဆိုတော့ အတွေ့အကြုံများလာလေလေ ပိုပြီးတော့ သိလေလေပေါ့နော်။ ပြီးတော့ အစ်မပါတဲ့ကားတွေကို တစ်ကားပြီးတစ်ကား ပြန်ကြည့်တယ်။ ကိုယ့်လိုအပ်ချက်က ဘာလဲဆိုတာကို ကြည့်တယ်။ ဒိုင်ယာလော့ခ်ကျက်ရင်လည်း စာကျက်သလိုမျိုး မဟုတ်ဘဲနဲ့ အကြောင်းအရာကို အဓိကမှတ်လိုက်တာပေါ့နော်။ အကြောင်းအရာက ဘာပြောချင်တာလဲဆိုတာကိုသိအောင် လုပ်လိုက်ရင် မှတ်ရတာလွယ်တယ်။ တစ်လုံးချင်းကျက်နေရင် အရမ်းခက်ပါတယ်။ လူငယ်တွေကို ပြောချင်တာကတော့ အနုပညာမလုပ်ခင်မှာ သရုပ်ဆောင်ဖြစ်ချင်တာလား၊ ဘာတွေကြုံလာကြုံလာ ဒီအလုပ်ကို လုပ်နိုင်လားဆိုတာကို ကိုယ့်ကိုယ်ကိုယ် ပြန်မေးသင့်ပါတယ်။ အရမ်းကြီးဝါသနာပါပြီး လုပ်ချင်တယ်ဆိုရင်တော့ အနုပညာအလုပ်ကို အာရုံစိုက်ပြီး လုပ်စေချင်ပါတယ်။ ဘယ်အလုပ်မဆို စေတနာပါပါနဲ့ ကိုယ့်စိတ်ထဲက ဖြူဖြူစင်စင်နိုးနိုးသားသား လုပ်မယ်ဆိုရင် တစ်ချိန်ချိန်မှာ နာမည်ရလာနိုင်ပါတယ်။ တကယ်လို့အောင်မြင်လာပြီဆိုရင် အဲဒီအောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းသွားဖို့လည်း လိုပါတယ်။ ကံတွေ၊ စန်းတွေတက်လာအောင် ဘာသာရေးလည်း များများလုပ်ပေးရမှာပေါ့နော်။ မိဘကို ဒီအလုပ်နဲ့လုပ်ကျွေးမယ်ဆိုတဲ့ စိတ်ထားပြီးလုပ်ရင် ဘာပဲဖြစ်ဖြစ် အဆင်ပြေပါတယ်။

**အနုပညာအလုပ်က အရမ်းပင်ပန်းတော့ အနုပညာမလုပ်ခင်က ဘဝကို အစ်မအနေနဲ့ ပြန်လွမ်းတာမျိုးရှိလား။ ပြီးတော့ အစ်မရဲ့ Fashion နဲ့ပတ်သက်ပြီး နည်းနည်းပြောပြပေးပါဦး။**

အင်း . . . အဲဒီလိုမျိုးတော့ မရှိပါဘူး။ တချို့မင်းသမီးတွေကျတော့ အနုပညာရှင်ဖြစ်လာရင် အပြင်မထွက်တာတို့၊ လူတွေ့ခံရမှာအရမ်းကြောက်တာတို့ ရှိတယ်လေ။ အစ်မကျတော့ မင်းသမီးဖြစ်လာပေမယ့်လည်း အရင်တုန်းက နေခဲ့တဲ့အတိုင်းပဲ လွတ်လွတ်လပ်လပ် နေတယ်။ အစ်မက အလုပ်ကို ကောင်းကောင်းမွန်မွန်လုပ်တဲ့အတွက်ကြောင့် အိမ်ကလည်း အစ်မ သွားချင်သလို၊ နေချင်သလို နေထိုင်ခွင့်ပေးထားတယ်ပေါ့နော်။ အစ်မက အလုပ်ကို ပင်ပင်ပန်းပန်း လုပ်ထားတဲ့အတွက် ထွက်ပေါက်က ဒီတစ်ခုပဲရှိတယ်လေ (ရယ်လျက်)။ အစ်မကလည်း အရမ်းကြီးအပျော်လွန်တာမျိုးမရှိတဲ့အတွက် အပြင်ကို ပုံမှန်ထွက်ဖြစ်ပါတယ်။ အရမ်းကြီး ပင်ပန်းနေရင်တော့ TV ကြည့်တယ်။ အိပ်ရေးဝဝအိပ်တယ်၊ ဝတ္ထုဖတ်ပြီး အိမ်မှာ နားနေတာပေါ့နော်။ Fashion နဲ့ပတ်သက်ပြီး ပြောရရင် ဟိုး ငယ်ငယ်ကတည်းက ကျောင်းစိမ်းဝတ်စုံကို အမေ . . . ဒီလိုပုံစံလေးချုပ်ပေးဆိုပြီး အထွန့် တက်တာပေါ့။ ငယ်ငယ်ကတည်းက Fashion နဲ့ပတ်သက်ရင် မြင်တတ်တာပေါ့နော်။ ဒီဟာနဲ့ ဒီဟာ တွဲရင် လိုက်သွားမယ်ဆိုတာကို စိတ်ထဲက အလိုလိုသိနေတယ်။ အဲဒါကြောင့် ဘယ်ဟာနဲ့ ဘယ်ဟာ တွဲရင် ကောင်းမလဲဆိုပြီး အရမ်းကြီး စဉ်းစားနေစရာ မလိုဘူးပေါ့နော်။ အပြင်မှာဆို အစ်မက ဂျင်းနဲ့ တီရှပ်ဝတ်ရင်ဝတ်၊ မဟုတ်ရင် စွပ်ကျယ်နဲ့ ဂျင်းပေါ့။ ခေတ်ပုံရိုက်တဲ့ အဝတ်အစားတွေကျတော့ အပြင်မှာ သိပ်မဝတ်ဘူး။



Asian Fame Media Group

ဒီကဏ္ဍလေးက ထူးလည်းထူးခြားတယ်။ ပြီးတော့ ဘယ်မဂ္ဂဇင်းမှာမှလည်း မရှိဘူးလေ။ ဒီညီမလေးကလည်း သိချင်တာတွေ မေးရတယ်။ သင်ဇာကလည်း သိချင်တာတွေ မေးလို့ရတယ်ဆိုတော့ တခြားကဏ္ဍတွေထက် ထူးခြားတဲ့အတွက် အချိန်ပေးပြီး ရိုက်ဖြစ်တာပါ။ သင်ဇာက မိန်းကလေးပဲ ရွေးလိုက်တဲ့အတွက် ဘာပဲဖြစ်ဖြစ် တစ်ယောက်နဲ့တစ်ယောက် မရှိန်တော့ဘူးပေါ့နော်။ အခုလိုမျိုး ပရိသတ်နဲ့တွဲရိုက်ရတာကို ပျော်ပါတယ်။ မရွေးဖြစ်တဲ့ ပရိသတ်တွေအတွက် စိတ်မကောင်းပါဘူးလို့ ပြောချင်ပါတယ်။ သင်ဇာနဲ့တွဲရိုက်လို့အဆင်ပြေတဲ့သူ၊ ပြီးတော့ မိန်းကလေးလည်းဖြစ်ရမယ်ဆိုပြီး ရွေးခဲ့တာပါ။ အရွေးမခံရတဲ့ ပရိသတ်များလည်း စိတ်မကောင်းမဖြစ်ပါနဲ့လို့ ပြောချင်ပါတယ်။ အပြင်မှာ သင်ဇာနဲ့တွေ့ရင် သင်ဇာက ဓာတ်ပုံရိုက်ပေးမှာပါ။ နောက်ထပ် အနုပညာရှင်တွေနဲ့ တွဲရိုက်ဖို့ဖိတ်ခေါ်ထားတဲ့အတွက် Form တင်ပြီး ကိုယ်ချစ်တဲ့ အနုပညာရှင်နဲ့ ဓာတ်ပုံတွဲရိုက်ခွင့်ကို ရယူပိုင်ဆိုင်နိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်။

---

## အနုပညာရှင်အမေး ပရိသတ်အဖြေ

**ညီမလေး နာမည်၊ အသက် နဲ့ ဘာကျောင်းတက်နေတယ်ဆိုတာကို ပြောပြပေးပါဦး။ မွေးချင်း မောင်နှမ ရော ရှိလား။**

ညီမနာမည်က 'သက်နှင်းဆက်' ပါ။ အသက်က ၁၉ နှစ်ရှိပါပြီ။ Y.U.F.L မှာ ထိုင်းဘာသာ နောက်ဆုံးနှစ် တက်နေပါတယ်။ ညီမက တစ်ဦးတည်းသောသမီးပါ။

**ညီမက ဒီအနုပညာအလုပ်ကို ဝါသနာပါလား။ ညီမအနေနဲ့ အစ်မလို နာမည်ကြီးအနုပညာရှင်ဖြစ်လာရင် ဘယ်မင်းသားနဲ့ ပိုရိုက်ချင်လဲ။**

ဟုတ် . . . ဝါသနာပါပါတယ်၊ ဒါပေမဲ့ နည်းနည်းတော့ ကြောက်တတ်တယ်၊ Stage စင်နဲ့ လူတွေကို ရှိန်တတ်တာပေါ့နော်။ ဘာပဲ လုပ်လုပ် ကြောက်စိတ်က ဝင်နေတာပေါ့နော်။ အားတင်းပြီး လုပ်ပေမယ့်လည်း ကြောက်စိတ်က ရှိတာပါပဲ။ ညီမ ဗီဒီယိုရိုက်မယ်ဆိုရင် ကိုအောင်ရဲလင်းနဲ့ တွဲပြီးရိုက်ချင်ပါတယ် (ရယ်လျက်)။ ပြီးတော့ ညီမလည်း ပိုင်နိုင်အောင်လုပ်ထားရမှာပေါ့နော်။ ညီမက ကိုအောင်ရဲလင်းရဲ့ နှာခေါင်းအကျလေးကို သဘောကျပါတယ်။

**တကယ်လို့ ကြောက်စိတ်မရှိတော့ဘူးဆိုရင် ဒီအနုပညာအလုပ်ကို လုပ်ဖြစ်မှာလား။ ပြီးတော့ အနုပညာနဲ့ပတ်သက်ပြီး လုပ်ဖြစ်နေတာ**



Asian Fame Media Group

တွေက . . .

အစ်မ ပြောသလိုပါပဲ၊ သိပ်မရှက်တတ်မှ ဖြစ်တော့မှာပေါ့နော်။ တတ်နိုင်သမျှ လုပ်ရဲအောင် ကြိုးစားနေပါတယ်။ အစ်မနဲ့ ဓာတ်ပုံတွဲရိုက်နေတဲ့ အချိန်မှာလည်း စိတ်ကိုတင်းထားပြီး လိုက်လုပ်နိုင်အောင် ကြိုးစားမယ်ပေါ့နော်။ ပြီးတော့ ညီမက စိတ်လှုပ်ရှားလာရင် ဘယ်နားက တုန်နေမှန်းကို မသိဘူး (အားလုံးရယ်လျက်)။ အနုပညာနဲ့ ပတ်သက်ရင် အဖေက အားပေးတယ်၊ အမေကလည်း လိုက်ပံ့ပိုးပေးတာပေါ့နော်။ နိုင်ငံခြားဖက်ရှင်ရှိုးတွေကြည့်တယ်။ ဗီဒီယိုကားတွေဆိုရင်တော့ မသင်ဇာကားတွေ ကြည့်ဖြစ်ပါတယ်။ မစိုးမြတ်သူဇာကားတွေကိုလည်း ကြည့်ဖြစ်ပါတယ်။ မစိုးမြတ်သူဇာသရုပ်ဆောင်တာတွေက အရမ်းမိုက်တယ်။ သဘာဝကျတယ်ပေါ့နော်။ မစိုးပြည့်သဇင်ကလည်း ငယ်ငယ်လေးနဲ့ အရမ်းတော်တဲ့အတွက် အရမ်းအားကျမိပါတယ်။ ညီမလည်း အနုပညာကို အဆုံးစွန်ထိ လုပ်ချင်ပါတယ်။ အဖေနဲ့အမေလည်း ထောက်လျှောက်ဘေးမှာ ပါနေမှာဆိုတော့ ညီမအတွက် အခက်အခဲသိပ်မရှိလောက်ဘူးလို့ ထင်ပါတယ်။

**တစ်ဦးတည်းသော သမီးဆိုတော့ ကိုယ့်ရဲ့မိဘတွေက ကိုယ့်ကိုအရမ်းချစ်ပြီး အလိုလိုက်တယ်လို့ ထင်လား။**

အလိုတော့ လိုက်ပါတယ်၊ ဒါပေမဲ့ အပြင်တွေထွက်လို့ တစ်နေရာကနေ တစ်နေရာကို ဆက်သွားမယ်ဆိုရင် ဖုန်းဆက်ပြီး အကြောင်းကြားရတာမျိုးတွေ ရှိတယ်။ အချစ်ခံရတာကို တစ်ခါတလေမှာတော့ လူငယ်ဖြစ်တဲ့အတွက် စိတ်ညစ်ရတာတွေရှိတတ်ပေမယ့် မိဘရဲ့စိတ်ကို နားလည်တော့ အဆင်ပြေပါတယ်။ မိဘရဲ့မေတ္တာက အေးမြတာကို နားလည်ပါတယ် အစ်မ။ အားလုံးခြုံပြီးပြောရရင်တော့ ညီမမိဘတွေက ညီမကို အရမ်းချစ်ပြီး အလိုလိုက်ပါတယ်။


**အစ်မကို ဆံပင်အတိုနဲ့လိုက်တယ်လို့ ထင်လား။ အရှည်နဲ့လိုက်တယ်လို့ ထင်လား။ အစ်မရဲ့အနုပညာနဲ့ ပတ်သက်ပြီး ညီမလေးသတိထားမိတာတွေ ပြောပြပေးပါဦး။**

အစ်မက ညီမမျက်လုံးထဲမှာတော့ ဆွဲဆောင်မှုရှိနေတာပေါ့နော်။ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ညီမမျက်လုံးထဲမှာ အစ်မက ဆံပင်အရှည်နဲ့ ပိုလိုက်မယ်လို့ ထင်ပါတယ်၊ တချို့ အစ်မရဲ့ ဇာတ်ကားတွေထဲမှာ ဆံပင်ကို နောက်နားလေးပဲ ကောက်ထားတာက အရမ်းလှပြီး အစ်မနဲ့ လိုက်ပါတယ်။ စကားပြောပြီး ခေါင်းခါလိုက်တာနဲ့ လွင့်သွားတဲ့ ဆံပင်ပုံစံလေးက မိုက်တယ်။ အစ်မရဲ့ အနုပညာနဲ့ပတ်သက်ပြီး သတိထားမိတာတွေကတော့ အများကြီးပါပဲ။ ဥပမာ - 'တက်တူး' လို ကားမျိုးနဲ့ 'လမ်းပေါ်က နန်းတော်' လို ကားမျိုးတွေကို ကြိုက်ပါတယ်။ သိမ်ငယ်ရမယ့် ဇာတ်ရုပ်ဆိုရင်လည်း အစ်မရဲ့ပုံစံက အဲဒီပုံစံ မျိုး ဖြစ်အောင် နေတတ်တယ်။ အစ်မကို ခပ်မိုက်မိုက်၊ ဂျစ်ကန်ကန်ပုံစံလေးတွေ သရုပ်ဆောင်ရင် အရမ်းသဘောကျတယ်။ ပြန်ပြီး စွာတဲ့ အခန်းတွေ၊ ပြောတာကို နားမထောင်တဲ့ ပုံစံတွေက အရမ်းမိုက်တယ်။ အစ်မက ဦးဆောင်တဲ့ ပုံစံမျိုးနဲ့ပဲလိုက်တယ်။ သူများနောက်ကလိုက်ရတဲ့ ဇာတ်ရုပ်ကျတော့ အစ်မက ထက်မြက်တဲ့ပုံစံပေါ်နေတော့ သိပ်မလိုက်တော့ဘူး။ (သင်ဇာဝင့်ကျော် - သိမ်ငယ်လို့ မရဘူးပေါ့နော် (ရယ်လျက်)။ ညီမအသက် ၂၀ နှစ်မှာ အဖေက မယ်သီလရှင်ဝတ်ဖို့ ပြောထားပါတယ်။ ဒါပေမဲ့ အစ်မလို သရုပ်ဆောင်လုပ်နေရာကနေ ရုတ်တရက်ကြီး ခေါင်းတုံးတုံးရမယ် ဆိုရင်တော့ တစ်မျိုးတော့ ဖြစ်နေမှာပေါ့နော်။ အစ်မလို ပြတ်ပြတ်သားသား ဆုံးဖြတ်ပြီး လုပ်ဖို့က ညီမအတွက် တော်တော်ခက်ပါတယ်။ အစ်မကိုလည်း ချီးကျူးမိပါတယ်။


## Audience သက်နှင်းဆက်ရဲ့ စကားသံ

မသင်ဇာက ညီမကို ရွေးချယ်လိုက်တဲ့အတွက် အရမ်းလည်း ကျေးဇူးတင်သွားပြီး ဝမ်းလည်း ဝမ်းသာခဲ့ရပါတယ်။ ဓာတ်ပုံရိုက်နေတဲ့အချိန်မှာလည်း ညီမကြောင့် စိတ်အနှောင့်အယှက်ဖြစ်မှာကြောက်တယ်၊ လုပ်နိုင်သွားတဲ့အတွက်လည်း ဝမ်းသာပါတယ်။ ပြီးတော့ ညီမ Crazy ဖြစ်တဲ့ အနုပညာရှင်ကို အရှင်လတ်လတ်တွေ့လိုက်ရတော့ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး။ ဇာတ်ကားတွေထဲမှာ မသင်ဇာကို ထွားမယ်လို့ ထင်ရပေမယ့် အပြင်မှာကျတော့ ညီမထက်တောင် သေးနေတော့ "ဪ . . . ငါတောင် ဝတုတ်ကြီး ဖြစ်နေတယ်" လို့ တွေးမိပါတယ်။ ဒီကဏ္ဍလေးကို ညီမတို့လို အဆက်အသွယ်မရှိတဲ့ လူတွေ၊ ကိုယ်အရမ်းကြိုက်ရတဲ့ အနုပညာရှင်တွေနဲ့ တွဲရိုက်ချင်တဲ့လူတွေကို ဆက်သွယ်ပေးနိုင်တဲ့ ပေါင်းကူး တံတားလေးပေါ့နော်။ အရွေးမခံလိုက်ရတဲ့ သူငယ်ချင်းတွေကိုလည်း ကိုယ်က အရွေးမခံရပေမယ့် နောက်ထပ် အနုပညာရှင်တွေ အလှည့်ကျရင်ထပ်ပြီးတော့ Form တင်စေချင် ပါတယ်။ အရွေးခံရပြီး ဓာတ်ပုံအတူတူရိုက်ရတဲ့အခါမှာ တော်တော်လေးပျော်ဖို့ ကောင်းပါတယ်။ မင်းသား၊ မင်းသမီးတွေဆိုပြီးတော့ မာနကြီးတာမျိုးမရှိဘဲ လက်တွဲခေါ်တယ်လို့ ပြောချင်ပါတယ်။

**သီတာစိုး**



# *if you pass* VALENTINE'S DAY



# SHOPPING

Model : Minn Sett Thit & Su Myat Noe Kyaw/ Make-up : Htet Htet (09-43089724)/ Photo : Ko Naing (Popular)/ Location : Royal Floral
arranged by thida soe

Asian Fame Media Group


VANS

# *if you pass* VALENTINE'S DAY



Asian Fan Magazine Group

MEDIA GROUP

# PRESENT

Model : Minn Thar Ki & Shwe Poe Eain/ Make-up : R Kar Kyaw (Ko Mar)/ Nail Art : Ma Nay Chi/ Photo : Ko Naing (Popular)



*if you pass* VALENTINE'S DAY



# PROPOSE

Model : Zwe Htan, Poe Ei Phyu Sin/Photo : Ko Naing (Popular)/ Location : Cafe 47

Asian Entertainment Media Group


Asian Fame Media Group

# if you pass VALENTINE'S DAY



# WEDDING

Model : San Toe Naing & Su Myat Noe Oo/ Make-up : San San (Nyan Nyan-Hledan)/ Dress & Photo : Forever

Asian Fame Media
MEDIA GROUP



Asian Fame Media Group

# *if you pass* VALENTINE'S DAY



# HONEYMOON

Model : Shin Minn Thar & Su Nandar Aung/ Dress for boy: Ko Zay (Vampire Fashion)/ Photo: Ko Naing (Popular)






## CLONE IMAGE

Model : Aye Myat Thu & Yoon Yoon/ Make-up : Phyoe (KSW)/ Dress : Bossini/ Shoe : Chales & Keith/ Photo : Ko Naing (Popular)



## CLONE IMAGE

Model : Aye Myat Thu & Yoon Yoon/ Make-up : Phyoe (KSW)/ Dress : Bossini/ Shoe : Chales & Keith/ Photo : Ko Naing (Popular)

CLONE IMAGE

Model : Aye Myat Thu & Yoon Yoon/ Make-up : Phyoe (KSW)/ Dress : Bossini/ Shoe : Chales & Keith/ Photo : Ko Naing (Popular)




Asian Fame Media Group



Asian Media Group

# CLONE IMAGE

Model : Aye Myat Thu & Yoon Yoon/ Make-up : Phyoe (KSW)/ Dress : Bossini/ Shoe : Chales & Keith/ Photo : Ko Naing (Popular)



# ၁၉၆၀ ပြည့်လွန်နှစ်များရဲ့ စံပြအမျိုးသမီး ဂျက်ကလင်းကနေဒီ

## ( J A C Q U E L I N E   K E N N E D Y )

စိုးညွန့်ဇော်

နာမည်ရင်း 'ဂျက်ကလင်းလီဘူဗီယေး' ဖြစ်သူ ဂျက်ကလင်းကနေဒီဟာ နယူးယောက်ပြည်နယ်၊ ဆောက်ဟမ်တန်မြို့မှာ ၂၈ - ၇ - ၁၉၂၉ နေ့က မွေးဖွားသူဖြစ်တယ်၊ သူ့မိဘတွေက ဂျွန်ဗွီဘူဗီယေးနဲ့ ဂျက်နက်နော်တွန်လီတို့ ဖြစ်ပါတယ်။ နောက်လေးနှစ်အကြာမှာ (လီရက်ဇီဝီး(လ်) အဖြစ် လူသိများတဲ့) သူမ ညီမငယ် 'ကယ်ရိုလိုင်းလီဘူဗီယေး' မွေးပါတယ်။ ဂျက်ကလင်းဟာ သူမ ၆ နှစ်အရွယ်မှာ သူမမိဘတွေ အိမ်ထောင်မပျက်ခင်အထိ နယူးယောက်မြို့က အဆင့်မြင့်တိုက်ခန်းတွေမှာ နေထိုင်ခဲ့ပါတယ်။

နောင်နှစ်ပေါင်း အတော်ကြာတဲ့အခါ သူမမိခင်က ဟျူး(ဂ်) ဒီ ဩချင်ကလော့(စ်)နဲ့ လက်ထပ်ပါတယ်။ ဟျူး(ဂ်)မှာ ပထမဇနီးနဲ့ ရခဲ့တဲ့ သားနှစ်ယောက်၊ သမီးတစ်ယောက်ပါလာတယ်။ မကြာခင် ဂျက်ကလင်းရဲ့မိခင်ဟာ ဟျူး(ဂ်)နဲ့ သားတစ်ယောက်၊ သမီးတစ်ယောက် ထပ်ရပါတယ်။ ဂျက်ကီဟာ ဘော်ဒါကျောင်းတွေ တက်ပြီး ဗာဆာအမျိုးသမီးကောလိပ် ဆက်တက်ပါတယ်။ ဗာဆာကို ငြီးငွေ့တော့ ပြင်သစ်နိုင်ငံ ပါရီမြို့က ဆော်ဘုန်းတက္ကသိုလ် သွားတက်ပါတယ်။ အမေရိကကို ပြန်ရောက်တဲ့အခါ ဝါရှင်တန်ဒီစီရှိ ဂျော့ဝါရှင်တန် တက္ကသိုလ်သွားတက်ပြီး ၁၉၅၁ ခုနှစ်မှာ ဘွဲ့ရတယ်။ သူမဟာ စီအိုင်အေအဖွဲ့ကြီးမှာ အလုပ်ဝင်လုပ်ပြီး ၁၉၅၃ ဇန်နဝါရီလကျတော့ ဝါရှင်တန်ရှိ သတင်းစာတိုက် တစ်တိုက်မှာ ဓာတ်ပုံဆရာ ဝင်လုပ်ခဲ့တယ်။ အဲဒီသတင်းစာတိုက်ရဲ့ တာဝန်ပေးချက်အရ သူမထက် အသက် ၁၃ နှစ်ကြီးတဲ့ အမေရိကန်ဆီးနိတ်အမတ် ဂျွန်အက်(ဖ်)ကနေဒီနဲ့ တွေ့ဆုံခဲ့ပါတယ်၊

၁၂ - ၉ - ၅၃ မှာ ၎င်းတို့ လက်ထပ်လိုက်ပြီး အာရာဘဲလားဆိုတဲ့ သမီးဦးလေးမွေးတော့ အဖတ်မတင်ခဲ့ပေမယ့် ၂၇ - ၁၁ - ၁၉၅၇ မှာ ဒုတိယ သမီး ကယ်ရိုလိုင်းကိုလည်းကောင်း၊ ၂၅ - ၁၁ - ၁၉၆၀ မှာ သားငယ် ဂျွန်ကနေဒီ (ဂျူနီယာ) ကိုလည်းကောင်း မွေးဖွားခဲ့ပါတယ်။

၁၉၆၁ ခုနှစ်မှာ ကနေဒီဟာ ၃၅ ယောက်မြောက် အမေရိကန်သမ္မတ ဖြစ်လာပါတယ်။ ဂျက်ကီဟာ သမ္မတကတော်ဘဝမှာ ဝါရှင်တန်မြို့တော်တစ်ပိုက်ရှိ သမိုင်းဝင်အထင်ကရ အဆောက်အအုံတွေကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်မှုတွေ ဆောင်ရွက်ပါတယ်။ ၁၉၆၃ ဩဂုတ်လမှာ စတုတ္ထသားလေး ပက်ထရစ်ကို မွေးပေမယ့် နာရီပိုင်းအကြာမှာ ၎င်းသေဆုံးသွားပါတယ်၊

ဂျက်ကီဟာ ခင်ပွန်းသည်နဲ့အတူ တက္ကဆပ်ပြည်နယ်ကို လိုက်သွားဖို့ ကြိုတင်မစီစဉ်ထားပေမယ့် ပက်ထရစ်သေဆုံးမှုကြောင့် ဝမ်းနည်းကြေကွဲမှုကို ဖြေဖျောက်တဲ့အနေနဲ့ လိုက်ပါသွားပါတယ်။ ၂၂ - ၁၁ - ၁၉၆၃ နေ့က အမိုးဖွင့်ဇိမ်ခံကားကြီးပေါ်မှာ ကနေဒီ လုပ်ကြံခံရတော့ ၎င်းရဲ့နံဘေးမှာ သူမ ရှိနေခဲ့ပါတယ်၊

၁၉၆၈ ခုနှစ်မှာ သူမရဲ့မတ် (ကနေဒီရဲ့ ညီ) ရောဘတ်အက်(ဖ်)ကနေဒီ လုပ်ကြံခံရပါတယ်။ ကလေးနှစ်ယောက် အဖတ်မတင်ခြင်း၊ ခင်ပွန်းနဲ့ မတ်တော်စပ်သူတို့ လုပ်ကြံခံရခြင်းတို့ကြောင့် ဂျက်ကီဟာ အမေရိကန်မှာ မနေရဲတော့ဘူး။ ၂၀ - ၁၀ - ၁၉၆၈နေ့မှာ ဂရိလူမျိုးသင်္ဘောလုပ်ငန်းရှင်သူဌေးကြီး အဲရစ္စတိုတယ် အိုနာဆစ်နဲ့ သူမ လက်ထပ်တယ်။ ၁၉၇၀ပြည့်လွန်နှစ်များရဲ့ အလယ်ပိုင်းကာလမှာ အိုနာဆစ်ကွယ်လွန်တော့ သူမက နယူးယောက်မြို့ကို ပြန်လာပြီး စာအုပ်တိုက်တစ်တိုက်မှာ အယ်ဒီတာလုပ်တယ်။

မကွယ်လွန်ခင် နှစ်ပေါင်း ၂၀ တိုင်တိုင် သူမရဲ့သားသမီး၊ မြေးတွေနဲ့ သူမပိတ်ဆွေ မောရစ္စတင်ပယ်တန်တို့အတွက် အချိန်ပေးခဲ့ပါတယ်။ ၁၉၉၄ခုနှစ်၊ မေလ ၁၉ ရက်နေ့မှာ သူမဟာ non-Hodgkin's lymphoma ရောဂါနဲ့ ကွယ်လွန်သွားပါတယ်။ သူမကွယ်လွန်ပြီး သိပ်မကြာခင်မှာ သူမ တန်ဖိုးထားတဲ့ ပစ္စည်းတချို့ကို လေလံတင်ရောင်းချပါတယ်။ ရုပ်ရှင်မင်းသား အာနိုးရွှာဇနက်ဂါဟာ ၎င်းရဲ့ဇနီး မာရီယာရှရိုင်းဗားရဲ့ ဦးလေးနဲ့အဒေါ် (ကနေဒီနဲ့ဂျက်ကီ) တို့ကို ဂုဏ်ပြုသောအားဖြင့် အဲဒီပစ္စည်းတချို့ကို ဒေါ်လာတစ်သန်းကျော် ပေးဝယ်ခဲ့တယ်။

ဘာပဲဖြစ်ဖြစ် ၁၉၆၀ ပြည့်လွန်နှစ်များမှာတော့ ဒီအမျိုးသမီးဟာ ပြည်သူတွေ ပါးစပ်ဖျားရေပန်းစားခဲ့သူ အကျော်အမော်တစ်ဦးဆိုတာတော့ ငြင်းမရပါဘူး။ ဂျက်ကလင်းကနေဒီစတိုင်လ်ဆိုတာ အမျိုးသမီးတိုင်း လိုက်လံတုပခဲ့ကြရတာပါ။ အဲဒီခေတ်က နာမည်ကျော်အမျိုးသမီးတစ်ယောက်ရဲ့ အကြောင်းကိုပြန်လည်တွေးကြည့်မိတဲ့အခါ သူ့စတိုင်လ်သွင်ပြင်လေးတွေကိုလည်း ရတီစာမျက်နှာထက် တုပလို့ တင်ပြကြည့်ချင်စိတ်ပေါ်လာခဲ့ပါတော့တယ်။

စိုးညွန့်ဇော်

Asian Fame Media Group
AF MEDIA GROUP

**model:** nwe darli tun
**make-up & hair :** htet (pop soul)
**dress :** ohmar kyaw (O.M.K fashion)
**photo :** ko naing (popular)
arranged by phyoe su po po



# FLASH BACK FASHION

Asian Fame Media Group

**model:** nwe darli tun
**make-up & hair :** htet (pop soul)
**dress :** ohmar kyaw (O.M.K fashion)
**photo :** ko naing (popular)




Asian Fame Media Group


model: nwe darli tun
make-up & hair : htet (pop so
dress : ohmar kyaw (O.M.K fa
photo : ko naing (popular)



Asian Online Media Group




Asian Media Group
MEDIA GROUP


Hottest Latest
Model
Myat Thu Kyaw
Wint Yahmone Hlaing
Jewelly
FIFTH AVENUE
Photo
Michael Aung
(Art Framing Work)
09-43086270
Location
FIFTH AVENUE
Luxury Boutique
Make up
Htet (Pop Soul)
Arranged by
Moe Thauk Kyal


Hottest Latest
Model
Myat Thu Kyaw
Wint Yahmone Hlaing
Jewelly
FIFTH AVENUE
Photo
Michael Aung
(Art Framing Work)
09-43086270
Location
FIFTH AVENUE
Luxury Boutique
Make up
Htet (Pop Soul)
Arranged by
Moe Thauk Kyal




Asian Fame Media Group


Hottest Latest
Model
Myat Thu Kyaw
Wint Yahmone Hlaing
Jewelly
FIFTH AVENUE
Photo
Michael Aung
(Art Framing Work)
09-43086270
Location
FIFTH AVENUE
Luxury Boutique
Make up
Htet (Pop Soul)
Arranged by
Moe Thauk Kyal

# MODMOM

**Model**
Chaw Su Khin
Amara Linn
Zara Linn
**Location**
Happy World
**Photo**
Ko Naing (Popular)
**Arranged by**
Phyoe Su Po Po



# MODMOM

**Model**
Chaw Su Khin
Amara Linn
Zara Linn
**Location**
Happy World
**Photo**
Ko Naing (Popular)
**Arranged by**
Phyoe Su Po Po





# MODMOM

**Model**
Chaw Su Khin
Amara Linn
Zara Linn
**Location**
Happy World
**Photo**
Ko Naing (Popular)
**Arranged by**
Phyoe Su Po Po



# MODMOM

**Model**
Chaw Su Khin
Amara Linn
Zara Linn
**Location**
Happy World
**Photo**
Ko Naing (Popular)
**Arranged by**
Physe Su Po Po




# တရုတ်ရိုးရာ
## နှစ်သစ်ကူးပွဲတော်

သိင်္ဂီဝင်း

တရုတ်နှစ်သစ်ကူးပွဲတော်ဟာ တရုတ်ရိုးရာ အထွတ်အမြတ် ပွဲတော်တစ်ခု ဖြစ်ပြီး တရုတ် ဝေါဟာရကို ဘာသာပြန်မယ်ဆိုလျှင် နွေဦး ပွဲတော်လို့ အဓိပ္ပာယ်ရပါတယ်။ ဆောင်းအကုန် နွေအကူးမှာ တရုတ်နှစ်သစ်ကူးပွဲတော် ကျရောက်ပါတယ်။ တရုတ်ရိုးရာပြက္ခဒိန်အရ ပထမဆုံးလရဲ့ ပထမဆုံးရက်မှာ ပွဲတော်စတင်ပါတယ်။ နှစ်ကူးပွဲတော် အကြိုနေ့မှာ အနယ်နယ် အရပ်ရပ်မှာ ရောက်ရှိကွဲကွာနေတဲ့ ဆွေမျိုးသားချင်း မိသားစုဝင်တွေ ဆုံစည်းကြပြီး အတူတကွ ညစာစားကြပါတယ်။

တရုတ်ရိုးရာပြက္ခဒိန်မှာ နှစ်သစ်ကူးပွဲတော်က အရှည်ကြာဆုံးနဲ့ တန်ဖိုးအထားရဆုံး ပွဲတော်တစ်ခုပါ။ တရုတ်နှစ်သစ်ကူးပွဲတော်ကို တရုတ်နိုင်ငံသာမက တရုတ်လူမျိုးတွေ များပြားရောက် ရှိနေတဲ့ ဟောင်ကောင်၊ မကာအို၊ စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မြန်မာ၊ မလေးရှား၊ ဖိလစ်ပိုင်အပြင် တရုတ်တန်းရှိတဲ့ မည်သည့် နိုင်ငံမှာမဆို ကျင်းပပါတယ်။

တရုတ်နိုင်ငံမှာဆိုရင် နှစ်သစ်ကူးပွဲတော်ကို ဒေသန္တရထုံးတမ်းအစဉ်အလာအရနှင့် ရိုးရာယဉ်ကျေးမှုအရ ကျယ်ပြန့်စွာ တခမ်းတနားကျင်းပကြပါတယ်။ နှစ်ကူးပွဲတော်မှာ လက်ဆောင်ပစ္စည်း အိမ်ခန်းအလှဆင်ဖို့ အစားအသောက်နဲ့ အဝတ်အထည်တွေဝယ်ဖို့ ပိုက်ဆံအမြောက်အမြား အကုန်အကျခံကြပါတယ်။ ဒါ့အပြင် မကောင်းတဲ့ အဆိုးအညစ်တွေပပျောက်ဖို့နှင့် ကောင်းခြင်း မင်္ဂလာအပြည့်အဝ ကျရောက်စေဖို့အတွက် နှစ်သစ်ကူးရက်မတိုင်ခင်မှာ တစ်အိမ်လုံးကို တောက်ပြောင်နေအောင် သန့်ရှင်းရေးလုပ်ပြီး ပစ္စည်းဟောင်းတွေကို စွန့်ပစ်ကြပါတယ်။ ကံကောင်းခြင်း ပျော်ရွှင်ခြင်းနှင့် သက်ရှည်ကျန်းမာလိုသည့် အဓိပ္ပာယ်ကို ဆောင်ကြဉ်းသည့်အနေဖြင့် တံခါးနှင့် ပြတင်းပေါက်တွေမှာ အနီရောင်စက္ကူတွေနဲ့ အလှဆင်ကြပါတယ်။

နှစ်သစ်ကူးပွဲတော်အကြို ညစာစားပွဲကတော့ မလုပ်မဖြစ်ပါပဲ။ မိသားစုတွေအားလုံး ဆုံစည်းကြတဲ့ မိသားစုထမင်းဝိုင်းလေးဆိုလည်း မမှားပါဘူး။ ဒီထမင်းဝိုင်းကို ဝက်သား၊ ဘဲသား၊ ကြက်သား၊ ပင်လယ်စာ၊ တရုတ်ရိုးရာအစားအစာ အချိုပွဲအစုံအလင်နဲ့ အဖျော်ယမကာစတဲ့ စားကောင်းသောက်ဖွယ်တွေနဲ့ တည်ခင်းပါတယ်။ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောဆိုရင်း စားကြသောက်ကြနဲ့ အလွန်ပျော်စရာကောင်းပါတယ်။ ဒီလိုနဲ့ မိုးချုပ်လာတဲ့အခါမှာ ဗြောက်အိုးတွေဖောက်ပြီး နှစ်သစ်ကူးနေ့ကို ကြိုကြပါတယ်။ မိုးလင်းပြီဆိုရင် ကလေးတွေက လူကြီးမိဘတွေကို ကျန်းမာပျော်ရွှင်တဲ့ နှစ်သစ်မင်္ဂလာဖြစ်ပါစေလို့ ဆုတောင်းပေးရင်း မုန့်ဖိုး (အန်ပေါင်း) တောင်းကြပါတယ်။ စာအိတ်နီလေးထဲမှာ မုန့်ဖိုးပိုက်ဆံထည့်ပေးတာကို အန်ပေါင်းလို့ ခေါ်တွင်ပါတယ်။ မူရင်းတရုတ်အသံထွက်က ဟုန်ပေါင်းပါ၊ အနီရောင်အိတ်ကလေးလို့အဓိပ္ပာယ်ရပါတယ်။

Gregorian ပြက္ခဒိန်အရဆိုရင် တရုတ်နှစ်သစ်ကူးပွဲတော်က တစ်နှစ်နဲ့တစ်နှစ် ကျရောက်တဲ့ရက်မတူပါဘူး။ ဇန်နဝါရီလ ၂၁ ရက်နဲ့ဖေဖော်ဝါရီလ ၂၀ ရက်ကြားမှာ ကျရောက်လေ့ရှိပါတယ်။

ဒဏ္ဍာရီပုံပြင်အရ ဆိုရင် တရုတ်နှစ်သစ်ကူးပွဲတော်က သားရဲတိရစ္ဆာန်တစ်ကောင် ရဲ့ တိုက်ခိုက်မှုကိုခံရခြင်းမှ အစပြုတယ်လို့ ဆိုကြပါတယ်။ သားရဲတိရစ္ဆာန်ကြီးက မွေးမြူရေးတိရစ္ဆာန်တွေ ကောက်ပဲသီးနှံတွေသာမက ရွာသားများနဲ့ အထူးသဖြင့် ကလေးများကို စားသောက်ရန် နှစ်စဉ် နှစ်သစ်ကူး ပထမနေ့ရက်မှာ လာတယ်လို့ အယူရှိပါတယ်။

ဒါကြောင့် ဒီသားရဲတိရစ္ဆာန်ကြီးစားဖို့ အတွက် ရွာသားတွေက သူတို့ရဲ့ အိမ်ရှေ့တံခါးဝမှာ အစားအသောက်တွေ ပြင်ဆင်ပြီး သူတို့ကိုယ်သူတို့ ကာကွယ်ကြပါတယ်။ ဒီလိုနဲ့ တစ်ကြိမ်မှာ အနီရောင်အင်္ကျီဝတ်ထားတဲ့ ကလေးကိုမြင်လို့ တိရစ္ဆာန်ကြီး ကြောက်ပြီးထွက်ပြေးသွားတာကို ရွာသားတစ်ဦးက မြင်လိုက်တာကြောင့် ၎င်းကို ခြောက်ဖို့အတွက် အနီရောင်စက္ကူတွေကို အိမ်ရှေ့မှာကပ်ထားတဲ့ အစဉ်အလာကို အသုံးပြုခဲ့ပါတယ်။ ဒါ့အပြင် ၎င်းကို နောက်ဘယ်တော့မှ ပြန်မလာအောင်လို့ ဗြောက်အိုးဖောက်ပြီးလည်း ခြောက်လှန့်ပါတယ်။ ဒီလိုနဲ့ ကြောက်စရာတိရစ္ဆာန်ကြီး ရွာထဲကို ဘယ်တော့မှ မလာတော့ဘူးလို့ ယုံကြည်လက်ခံထားကြပါတယ်။

တရုတ်ရိုးရာ နှစ်သစ်ကူးပွဲတော်ရက်တွေကို အများပြည်သူရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားပါတယ်။ တရုတ်နိုင်ငံမှာအပြင် တရုတ်လူမျိုး အမြောက်အမြားနေထိုင်တဲ့မလေးရှား၊ စင်ကာပူလို နိုင်ငံတွေမှာလည်း တရုတ်နှစ်ကူးပွဲတော်ရက်တွေကို အများပြည်သူရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားပါတယ်။ တရုတ်လူမျိုးတွေက နှစ်တစ်နှစ်ချင်းစီကို အကောင်တွေနဲ့ သတ်မှတ်ထားပါတယ်။ ယခု ၂၀၁၃ ခုနှစ်ကတော့ မြွေနှစ်ကျရောက်ပါတယ်။

ကလေးလေးတွေသီဆိုထားတဲ့ 'Happy New Year!' တေးသီချင်းက ရေပန်းစားတဲ့နှစ်သစ်ကူးတေးသီချင်းပါ။ အမေရိကန်ကျေးလက်ရိုးရာတေးဂီတသီချင်းသံစဉ်နဲ့ ဆင်တူပြီး နှစ်သစ်ကူးမှာ မဖွင့်မဖြစ်တဲ့ သီချင်းဆိုရင် မမှားပါဘူး။

အဆိုးအညစ်တွေနဲ့ မကောင်းတဲ့ကံတွေ ပပျောက်စေတယ်လို့ ယုံကြည်တဲ့အတွက် နှစ်ကူးမှာ အနီရောင်နဲ့ အရောင်တောက်တောက် ဝတ်စုံ

Asian Fame Media Group



တွေကို ဝတ်ဆင်ကြပါတယ်။ ဒါ့အပြင် နှစ်ကူးမှာ ခေါင်းကနေ ခြေဖျားအထိ အသစ်ကျပ်ချွတ်ဝတ်စုံတွေကိုသာ ဆင်ယင်ကြပါတယ်။ အနီရောင်ကိုတော့ ကံအကောင်းဆုံးအရောင်အဖြစ် သတ်မှတ်ထားပါတယ်။ မိသားစုစုံညီဓာတ်ပုံရိုက်တာကလည်း နှစ်ကူးမှာ မလုပ်မဖြစ် အရာတစ်ခုပါပဲ။ ဓာတ်ပုံကို အိမ်ရှေ့ ဒါမှမဟုတ် အိမ်ဦးခန်းမှာရိုက်လေ့ရှိပြီး မိသားစုထဲက အဖေ၊ အဘိုးစတဲ့ လူကြီးမိဘတစ်ဦးဦးက အလယ်ဗဟိုမှာ နေရာယူပြီး ကျန်တဲ့မိသားစုဝင်တွေကဘေးမှာ ဝန်းရံတာဓာတ်ပုံရိုက်လေ့ရှိကြပါတယ်။

ပျော်ရွှင်ခြင်း၊ သစ္စာရှိခြင်း၊ ရဲရင့်ခြင်း၊ ရိုးသားခြင်းစတဲ့ အဓိပ္ပာယ်တွေနဲ့ နှစ်သစ်ကူးပွဲတော်မှာ အနီရောင်ကို အများဆုံးသုံးစွဲကြပါတယ်။ တရုတ်အော်ပရာပြဇာတ်တွေမှာ ဂုဏ်သရေရှိပုဂ္ဂိုလ်တွေ၊ ဘုရင်ကြီးတွေဆိုရင် မျက်နှာမှာ အနီရောင်ဆေးတွေ ခြယ်မှုန်းတတ်ကြပါတယ်။ နှစ်ကူးပွဲတော်မှာ မုန့်ပဲသရေစာ၊ ကိတ်မုန့်၊ အိမ်ခန်းအလှဆင်မှုစသည်ဖြင့် အနီရောင်ကို အများဆုံးသုံးစွဲပါတယ်။ နှစ်သစ်မှာ ပျော်ရွှင်ကံ့လုံ့ကြွယ်ဝစေကြောင်း အဓိပ္ပာယ်နဲ့ပါ။

နှစ်သစ်ကူးပွဲတော်မှာ မပါမဖြစ်တဲ့နောက်ဆုံးတစ်ခုက နဂါးအက၊ ခြင်္သေ့အကတွေပါ။ တရုတ်နဂါးအကကို ပိုကလေ့ရှိပါတယ်၊ အိုးစည်ဗုံမောင်းတွေတီးခတ်ပြီး လူငယ်တွေစုစည်းကကြတဲ့ တရုတ်နဂါးအကက အင်မတန်မှကြည့်ကောင်းပါတယ်။ နဂါးဆိုတာ တရုတ်လူမျိုးတွေ အလေးအမြတ်ထားရာတစ်ခုပါ။



နိုင်ငံချုပ်အနေနဲ့ဆိုလျှင် တရုတ်နှစ်သစ်ကူးပွဲတော်ကို တရုတ်နိုင်ငံအပြင် တရုတ်လူမျိုးတွေ များပြားရောက်ရှိနေတဲ့ နိုင်ငံတွေမှာပါ ကျင်းပပါတယ်၊ နှစ်သစ်ကူးပွဲတော်ကို အရှေ့တောင်အာရှမှာဆိုရင် မလေးရှားနဲ့ စင်ကာပူနိုင်ငံတွေမှာ တခမ်းတနားကျင်းပကြပါတယ်။ ဖျော်ဖြေပွဲတွေအပြင် နဂါးအကပြိုင်ပွဲတွေပါ ကျင်းပတာမို့ အလွန်ပျော်စရာကောင်းပါတယ်၊ မြန်မာနိုင်ငံမှာဆိုရင်လည်း နှစ်သစ်ကူးအကြိုနေ့မှာ အစားအသောက်တွေ ဖွယ်ဖွယ်ရာရာချက်ပြုတ်ကာ ဘုရားရှိခိုး ကပ်လှူပူဇော်ပါတယ်။ ရင်းနှီးတဲ့ မိတ်ဆွေတွေကိုလည်း ကျွေးမွေးဧည့်ခံလေ့ရှိပါတယ်။ နှစ်သစ်ကူးနေ့မှာတော့ မိသားစုဆွေမျိုးတွေ စုပေါင်းလျှောက်လည်ကြတယ်။ ကလေးတွေကို အန်ပေါင်းပေးကြတယ်။ လူငယ်တွေ နဂါးလိုက်ကကြတယ်စသည်ဖြင့် နှစ်သစ်ကူးပွဲတော်ကို ပျော်ရွှင်စွာဖြတ်သန်းကြတဲ့ တရုတ်လူမျိုးတို့ရဲ့ ထုံးတမ်းစဉ်လာကို ဖော်ပြလိုက်ပါတယ်။

သိင်္ဂီဝင်း



# Chinese New Year Fashion

**Model**
Phyo Thiri Khit
**Make up**
Mar Mar (M Kyaw Kyaw)
**Dress**
**Photo**
Ko Naing (Popular)
**Arranged by**
Phyoe Su Po Po



# Chinese New Year Fashion

**Model**
Phyo Thin Khit
**Make up**
Mar Mar (M Kyaw Kyaw)
**Dress**
FOREVER
**Photo**
Ko Naing (Popular)



# Chinese New Year Fashion

**Model**
Phyo Thiri Khit
**Make up**
Mar Mar (M Kyaw Kyaw)
**Dress**
FOREVER
**Photo**
Ko Naing (Popular)


Chinese New Year Fashion
Model
Phyo Thiri Khit
Make up
Mar Mar (M Kyaw Kyaw)
Dress
FOREVER
Photo
Ko Naing (Popular)

MEDIA GROUP



# Chinese New Year Fashion

**Model**
Phyo Thiri Khit
**Make up**
Mar Mar (M Kyaw Kyaw)
**Dress**
FOREVER
**Photo**
Ko Naing (Popular)

## စိုးပြည့်သဇင်၏ "ချစ်သူရွေးမယ်" တေးစီးရီးစာနယ်ဇင်း မိတ်ဆက်



အကယ်ဒမီ စိုးပြည့်သဇင်၏ အနုပညာ လှုပ်ရှားမှု တစ်ခုဖြစ်သော 'ချစ်သူ ရွေးမယ်' တေးစီးရီးဒီဗီဒီကို ဇန်နဝါရီလ ၁၂ ရက်နေ့က Central ဟိုတယ် စာနယ်ဇင်းများထံ မိတ်ဆက်ခဲ့သည်။ အဆိုပါ အခမ်းအနားတွင် အဆိုတော် ဇော်ဝင်းထွဋ်က အဖွင့်စကား ပြောကြားပေးပြီး ကြီးမေဒေါ်ရီရီခင်က မုဒိတာစကား ပြောကြားခဲ့သည်။ ထို့နောက် ဂစ်တာနိုင်ဇော်က အမှတ်တရ စကား ပြောကြားကာ ရိုက်ကူးပေးကြသော ဒါရိုက်တာများ ကိုယ်စား ဒါရိုက်တာ လှမင်းခေါင်က မုဒိတာစကားဆိုခဲ့သည်။ စိုးပြည့်သဇင် ကိုယ်တိုင် တေးစီးရီးအကြောင်း မိတ်ဆက်ခဲ့ပြီး The First Music ဂျာနယ်မှ ဦးအောင်စိုးသူက စာနယ်ဇင်းများ ကိုယ်စား ဝမ်းမြောက်စကား ပြောကြားခဲ့ကြသည်။




## အမွန်း၏ "ပဲများတယ်" တေးစီးရီးမိတ်ဆက်

အမွန်း၏ 'ပဲများတယ်' တေးစီးရီး စာနယ်ဇင်း မိတ်ဆက်ပွဲကို ဇန်နဝါရီလ ၇ ရက်က Central ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် အဆိုတော် J မီက အဖွင့်မိတ်ဆက် စကားပြောပြီး တေးရေး ကလျာနီက အမှတ်တရစကား ပြောကြားခဲ့သည်။ Myanmama Gir အဖွဲ့မှ သူငယ်ချင်း ထိုက်ထိုက်က အားပေးစကားများ ပြောကြားခဲ့သည်။ ယင်းနောက် သီချင်း ၁၂ ပုဒ် ပါဝင်သော အဆိုပါ တေးစီးရီး အကြောင်းကိုအမွန်း ကိုယ်တိုင် မိတ်ဆက်ခဲ့သည်။ တေးသီချင်းများကို ကလျာနီက ရေးသားပေးထားပြီး အဆိုပါ တေးစီးရီးကို The Sun Music မှ ဖြန့်ချိလိုက်ပြီဖြစ်သည်။



## Nu Skin Japan Skin Care ဆိုင်သစ် ဖွင့်လှစ်ခြင်း

ဂျပန်နိုင်ငံမှ ထုတ်လုပ်သော Nu Skin ၏ ဆိုင်သစ်ဖွင့်ပွဲကို ဆိုင်တည်ရှိရာ Capital Hypermarket ပထမထပ် အမှတ် ၂၂၈/ B တွင် ကျင်းပ ပြုလုပ်ခဲ့သည်။ Nu Skin ၏ Customer များကို ကျေးဇူးတုံ့ပြန်သောအားဖြင့် တစ်ကြိမ် တည်းဖြင့် ငွေကျပ် ၃ သိန်းဖိုး ဝယ်ယူ သူတိုင်းကို Silver Vip Card ၊ ငွေကျပ် ၅ သိန်းဖိုးဝယ်ယူသူတိုင်းကို Gold VIP Card များ ပေးအပ်ပြီး အဆိုပါ ကတ်များ ဖြင့် Promotion Discount ဝယ်ယူ ခွင့်ကို ရရှိမည်ဖြစ်သည်။ ထို့ပြင် အထူး ဝန်ဆောင်မှုအဖြစ် ထုတ်ကုန်အသစ် ရောက်ရှိတိုင်း Customer များထံသို့ ဖုန်းဆက် အကြောင်းကြားပေး မည်ဖြစ်သည်။

## ၂၀၁၁ ခုနှစ် အကယ်ဒမီဆုရှင်များအား ဂုဏ်ပြုချီးမြှင့်အခမ်းအနား

၂၀၁၁ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုရရှိသော အနုပညာရှင် အတတ်ပညာရှင်များအား မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးက ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇန်နဝါရီလ ၆ ရက် ညနေ ၆ နာရီက ဝက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံးတွင် ကျင်းပပြုလုပ်ခဲ့ သည်။ အဆိုပါ ဂုဏ်ပြုပွဲတွင် ဗိုလ်ကလေးတင့်အောင်က အမှာစကား ပြောကြားပြီးနောက် ရုပ်ရှင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးမှ ကိုလူချောအဖွဲ့နှင့် မမများ အဖွဲ့သို့ ဂုဏ်ပြုဆုငွေ ချီးမြှင့်ခြင်းနှင့်အတူ စူပါကော်ဖီမစ်နှင့် Sky Net တို့က အစည်းအရုံးသို့ အလှူငွေများ ပေးအပ်ခြင်းများလည်း ပြုလုပ်ခဲ့ကြသည်၊ ယင်းနောက် အငြွေအမွှေး များတည်ခင်းဧည့်ခံကာ ချစ်စနိုးဦး၊



ထွန်းထွန်း၊ မျိုးသန္တာထွန်း၊ မင်းမော်ကွန်း၊ လူမင်း၊ ဇင်ဝိုင်းတို့က တေးသံသာများဖြင့် ဖျော်ဖြေခဲ့ကြသည်။

Asian Fame Media Group



# သူပြောသောသူ့အကြောင်း
# As told by himself

MODEL : YE' THWAY NAUNG / PHOTO : KO NAING (POPULAR)/ ARRANGED BY THIDA SOE

**ပျော်ရွှင်မှုကို ဖန်တီးပေးတဲ့ အရာ**

ကျွန်တော်ရဲ့ ညီအစ်ကိုမောင်နှမနဲ့ သူငယ်ချင်းတွေပါ။ ကျွန်တော်က အပေါင်းအသင်း နည်းတယ်။ ကျွန်တော်နဲ့ စိတ်တူကိုယ်တူ သူငယ်ချင်းတွေပဲ ပေါင်းဖြစ်တယ်။ ကျွန်တော့်ကိုလည်း လေးစားပြီး ပျော်ရွှင်မှုပေးနိုင်မယ်၊ ကျွန်တော်ကလည်း အပြန်အလှန် လေးစားပြီး ချစ်ခင်မှုပေးနိုင်တဲ့ သူငယ်ချင်းမျိုးကို ပေါင်းဖြစ်တယ်ပေါ့နော်။ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတွေက တစ်ဝမ်းကွဲတွေချည်းပဲဗျ။ ဒါပေမဲ့ ညီအစ်ကိုမောင်နှမအရင်းတွေလို ချစ်ခင်ပြီး ပျော်ပျော်ရွှင်ရွှင်နေရတဲ့အတွက် သူတို့ကလည်း ကျွန်တော့်ကို ပျော်ရွှင်စေတဲ့အရာထဲမှာ ပါပါတယ်။

**သည်းခံမပေးနိုင်တဲ့ လုပ်ရပ်**

လူတိုင်းမှာ ကိုယ့်အားသာချက်နဲ့ ကိုယ်၊ ကိုယ့်အားနည်းချက်နဲ့ကိုယ် ရှိကြတာပဲ။ ကိုယ်ကိုယ်တိုင်လည်း သူများမနှစ်မြို့နိုင်တဲ့ ကိစ္စတွေ လုပ်ဖြစ်ချင် လုပ်ဖြစ်ခဲ့မှာပဲလေ။ ကိုယ်က ကောင်းတာ လုပ်ပေးတာကို ဘာမှမတုံ့ပြန်ရင် နေပါစေ၊ ကိုယ့်ကို မစော်ကားနဲ့ပေါ့နော်။ ကိုယ်ကိုယ်တိုင်က ကောင်းတာ လုပ်ပေးပြီးတော့ ကိုယ့်ကို စော်ကားရင် ကျွန်တော်က သည်းမခံနိုင်ဘူး၊ အဲဒါလေး တစ်ခုတော့ ရှိတာပေါ့နော်။ ငယ်ငယ်တုန်းက အဲဒီလိုကိစ္စမျိုးတွေ ဖြစ်လာရင် တုံ့ပြန်ချင်တဲ့ စိတ်ဖြစ်မိတယ်။ အခုနောက်ပိုင်းမှာ အရွယ်ရောက်လာတော့ ဥပေက္ခာပြုထားလိုက်တယ်။ အဲဒီလို

Asian Fame Media Group



လူမျိုးကိုလည်း အပေါင်းအသင်း မလုပ်ဖြစ်တော့ဘူး။

**ဘဝရဲ့ နောက်ဆုံးအချိန်အထိ မဖြစ်မနေ လုပ်ကိုလုပ်သွားရမယ်ဆိုတဲ့ကိစ္စ**

ကျွန်တော့်ရဲ့စိတ်ထဲမှာ မဖြစ်မနေ လုပ်ကိုလုပ်ရမယ်လို့ ဆုံးဖြတ်ချက်ချထားတာကတော့ ဘာသာရေးပေါ့နော်။ ဘာသာရေးကို ဇောက်ချပြီး လုပ်မယ်လို့ စိတ်ကူးထားပါတယ်။ ကျွန်တော်တို့ ၈ တန်းလောက်တုန်းက စာသင်တဲ့ ဆရာနဲ့ဆရာမက လူမှုရေးရော၊ ပညာရေးရော အကုန်လုံး သင်ပေးပြီး ဆုံးမတယ်။ ဘာသာရေးနဲ့ ပတ်သက်ပြီးတော့လည်း ပြောပြတယ်။ ဆရာနဲ့ဆရာမ ပြောတာတွေကို နားရည်ဝပြီးတော့ ဘာသာရေးကို စိတ်ဝင်စားပြီး လုပ်ရင်းနဲ့ လေ့လာဖြစ်ပါတယ်။ အရမ်းကြီးလုပ်တာမဟုတ်ဘဲနဲ့ ပုံမှန်လေးတော့ လုပ်ဖြစ်ပါတယ်။

**ဘဝမှာ အသက်ရှင်နေရတာ ဘာအတွက်လဲ**

ဆရာတော် အရှင်ဆန္ဒာဓိက ဟောထားတာရှိတယ်။ လူဆိုတာ အလုပ်လုပ်ခြင်းနဲ့ သေဆုံးခြင်း အဲဒီနှစ်ခုပဲ ရှိတယ်လို့ ဟောထားတယ်လေ။ လူဖြစ်တဲ့အတွက် အလုပ်လုပ်ရမယ်၊ အချိန်တန်ရင် သေရမယ်။ အလုပ်လုပ်ရင်းနဲ့ သူများအတွက် ကောင်းကျိုးပြုပြီး ကိုယ့်ရဲ့ဝမ်းစာကို ရှာဖွေရမယ် ပေါ့နော်။ ဆရာတော် ပြောသလိုပဲ သူများကောင်းကျိုးပြုတာလည်း လုပ်မယ်၊ ကိုယ့်အတွက်လည်း အလုပ်လုပ်ရမယ်၊ ပြီးတော့ ကိုယ်ရဲ့မိသားစုကိုလည်း စိတ်ချမ်းသာအောင် ထားရမယ်လေ။ ဒါကတော့ ဘဝမှာ အသက်ရှင်နေထိုင်တဲ့ အချိန်မှာ လုပ်ရမယ့်ကိစ္စတွေပါ။

**နိစ္စဓူဝ အလုပ်တွေထဲမှာ နေ့တိုင်း လုပ်ဖြစ်နေတဲ့ အရာတွေက**

နေ့တိုင်းမှာ တစ်ရက်မှ မပျက်ဘဲ လုပ်ဖြစ်တာကတော့ ဘုရားဝတ်ပြုတာ ပေါ့နော်။ ပုတီးစိပ်တာတို့၊ မေတ္တာပို့တာတို့ကို လုပ်ဖြစ်ပါတယ်။ ပြီးတော့ သီချင်းနားထောင်ပါတယ်။ ဂီတာတီးတယ်၊




Asian Fame Media Group



ရုပ်ရှင်ကြည့်တယ်။ ဒါတွေကတော့ နေ့တိုင်းလုပ်ဖြစ်နေတာပါပဲ။

**နောက်ထပ် တစ်ကြိမ် မလုပ်တော့ဘူးလို့ ဆုံးဖြတ်ထားတဲ့အရာ**

ဘဝမှာ နောက်ထပ် မလုပ်တော့ပါဘူးလို့ ပြောရလောက်အောင် နောင်တရရမယ့် ကိစ္စမျိုး မရှိခဲ့ဖူးပါဘူး။

**ပျင်းရိငြီးငွေ့ဖွယ်ကောင်းတဲ့ လုပ်ရပ်**

ကျွန်တော်က ကိုယ်ဝါသနာ ပါတာတွေပဲ လုပ်တဲ့အတွက် ဘယ်ကိစ္စမဆို ပျင်းဖို့ကောင်းတယ် ဆိုတာ မရှိပါဘူး။

**နားလည်ဖို့ ကြိုးစားရင်းနဲ့ အခုအထိ နားမလည်နိုင်သေးတဲ့ ကိစ္စ**

အခုအချိန်မှာတော့ ဂီတာတီးတာကို ကျွန်တော်က ကျွမ်းကျွမ်းကျင်ကျင် မတီးတတ်သေးဘူး။ ဒါပေမဲ့ ကြိုးစားပြီး သင်ယူနေပါတယ်။ ကျွန်တော်က အဆိုပိုင်းကို အားသန်တဲ့သူမို့လား မသိဘူး။ အတီးပိုင်းကျတော့ နည်းနည်း အားနည်းတယ်။ ဂီတာတီး သင်နေတာကလည်း ကိုယ်မှန်းထားသလောက် ဖြစ်မလာသေးတော့ နားလည်ဖို့ ကြိုးစားရင်းနဲ့ နားမလည်သေးတဲ့အရာ ဖြစ်နေတာပေါ့နော်။

**ကိုယ်ရှာဖွေထားတဲ့ ငွေကြေးတွေကို ဒီလို နေရာတွေမှာ များများသုံးဖြစ်တယ်**

အခုအချိန်ထိတော့ ကျွန်တော့်ရဲ့ ပိုက်ဆံနဲ့ ကြီးကြီးကျယ်ကျယ် လှူဒါန်းခဲ့တာမျိုးတော့ မရှိသေးပါဘူး။ ဒါပေမဲ့ ကျွန်တော့်မွေးနေ့မှာတော့ လှူဖြစ်တာတွေ ရှိတယ်။ ကျွန်တော်က ဟိုတယ်မှာ ကျွေးတာတွေကို ဝါသနာမပါဘူး။ မရှိတဲ့လူတွေကို ပေးရကမ်းရတာကို ဝါသနာပါတယ်။ ကျွန်တော့်ရဲ့ ပိုက်ဆံတွေကို ကျွန်တော့်အသုံးစရိတ်အတွက် ဖယ်ပြီးတာနဲ့ ကျန်တာကို တတ်နိုင်သလောက် လှူဖြစ်ပါတယ်။ လမ်းမှာထိုင်ပြီး တောင်းနေတဲ့ အဘွားကြီးတွေကိုတွေ့ရင် သနားပြီး ၁၀၀၀၊ ၁၅၀၀ လောက် လှူဖြစ်တယ်။ ကျွန်တော်ကလှူရင် ၂၀၀၊ ၃၀၀ လောက်ကို ဘယ်တော့မှ မလှူပါဘူး။

**ပရိသတ်နဲ့ ကိုယ်နဲ့ တစ်သားတည်း ဖြစ်သွားတဲ့ အောင်မြင်မှုက**

'အိပ်မက်ဆုံရာ' ပါ။ 'အိပ်မက်ဆုံရာ' မှာ ပရိသတ်က ကျွန်တော့်ကို အရမ်းအားပေးတယ်။ ကျွန်တော်တောင် ကိုယ့်ကိုယ်ကိုယ် အဲလောက်မထင်ထားဘူး။ ကျွန်တော့်ကို ပရိသတ်က အရမ်းချစ်ခင်တဲ့အတွက် ကျွန်တော်ကလည်း ပရိသတ်ကို အရမ်းချစ်ပြီး လေးစားပါတယ်။ ၂ လပိုင်းက နေစပြီး ပြိုင်ကတည်းက တောက်လျှောက် အား

Asian Famous Media Group

ပေးခဲ့ကြတယ်။ အစီအစဉ်တွေကိုလည်း မလွတ်ဘဲ လာကြည့်ပေးကြတဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ်။ ကျွန်တော်ရခဲ့တဲ့ ဆုတွေကလည်း ပရိသတ်နဲ့ အများကြီး သက်ဆိုင်ပါတယ်။ Popular Choice ဆုရခဲ့တာလည်း ပရိသတ်ကြောင့်ပါပဲ။ လူ့လောကမှာ လူတစ်ယောက်နဲ့ တစ်ယောက်ချစ်ဖို့ဆိုတာ မလွယ်ဘူးလေ။ မုန်းဖို့သာ လွယ်တာပါ။ ဒါပေမဲ့ ပရိသတ်က အရမ်းချစ်ပြီး အားပေးတော့ ကျွန်တော်ဆို ကြက်သီးတောင်ထမိတယ်။ ကျွန်တော့်စိတ်ထဲမှာလည်း ပရိသတ်ကို ဘယ်တော့မှ မမေ့တော့ဘူးဆိုပြီး ဖြစ်ခဲ့ရပါတယ်။

## ဒီအရွယ်အထိ ကိုယ်နားလည်ခဲ့တဲ့ အချစ်အကြောင်း

တချို့ မိန်းကလေးတွေက နားလည်ရခက်တယ်ဗျ။ ကျွန်တော့်ရဲ့ ခံယူချက်ကတော့ အချစ်နဲ့ ပတ်သက်ရင် သစ္စာရှိရမယ်။ ကျွန်တော် နားလည်တဲ့ အချစ်ကတော့ အနားမှာရှိရင်ပျော်စရာကောင်းပြီး ဝေးသွားရင် အရမ်းပူလောင်တယ်လို့ထင်ပါတယ်။

## တစ်ချိန်မှာ ကိုယ့်သမိုင်းကြောင်းကို ဒီလိုပြောပြီး ကျန်ခဲ့စေချင်တဲ့ စကား

ကျွန်တော့်ကို ပရိသတ်က လေးစားချစ်ခင်ရတဲ့ အနုပညာသမားတစ်ယောက်အဖြစ် သမိုင်းမှာ ကျန်ခဲ့စေချင်တယ်။ ခုနစ်ရက်သားသမီးအကုန်လုံးကို ကူညီစောင့်ရှောက်တတ်တဲ့သူတစ်ယောက်ဆိုပြီး အဲဒီလိုမျိုးလည်း ကျန်ခဲ့စေချင်ပါတယ်။

## ဘဝ တစ်လျှောက်လုံးမှာ အကြည်ညိုဆုံး ဓါတ်ပုံ

ကျွန်တော့် စိတ်ထဲမှာ အခု လောလောဆယ် လေးစားပြီး ချစ်နေတာကတော့ 'အမေစု' ပါ။


## ကိုယ်မုန်းတတ်တဲ့ မိန်းမတစ်ယောက်ရဲ့ ပုံစံ

စိတ်ထားယုတ်ညံ့တဲ့ မိန်းမနဲ့ စကားရှုပ်သူတွေဆို ကျွန်တော်မုန်းပါတယ်။ အဲဒီလို ပုံစံမျိုးယောက်ျား၊ မိန်းမရော ကျွန်တော်မုန်းပါတယ်။

## ကိုယ်ချစ်ချင်တဲ့ မိန်းမတစ်ယောက်ရဲ့ ပုံစံ

စိတ်ကောင်းရှိပြီး လူတိုင်းအပေါ်ကို သနားကြင်နာတတ်တဲ့ မိန်းကလေးမျိုးကို ချစ်တယ်။ အခုခေတ်မှာက ရိုးရိုးယဉ်ယဉ်ဝတ်တဲ့ သူရှိသလို ခပ်ဟော့ဟော့ ပုံစံလေးဝတ်တဲ့သူလည်း ရှိတယ်လေ။ ဒါကတော့ ကိုယ်အကြိုက်နဲ့ကိုယ်ပဲလေ။ အဲဒီလိုမျိုး ကျွန်တော်မကြိုက်တဲ့ ပုံစံမျိုးတော့ မရှိပါဘူး။

သီတာစိုး



Asian Fame Media Group
af MEDIA GROUP



ဒီတစ်လ Music Plus ကဏ္ဍမှာ
ကလေးလည်းမက
လူကြီးလည်းမကျနဲ့ ဖြူစင်ပွင့်လင်းပြီး
ချစ်စရာအပြုံးလေးနဲ့ "ပျော်စရာကြီး" ဆိုပြီး
"မိုနိုပိုလီ" နဲ့ တစ်ကိုယ်တော်သမိုင်းကို စတင်လိုက်တဲ့
အဆိုတော်မလေး "မိစန္ဒီ" ရဲ့ဂီတခြေလှမ်းတွေ
အကြောင်း ရတီစာဖတ် ပရိသတ်ကြီးအတွက်
တင်ဆက်ပေးလိုက်ပါတယ်။

ယုယအိမ်

# ပျော်စရာကြီးဆိုတဲ့
# မိုနိုပိုလီ "မိစန္ဒီ"

photo : ko naing (popular)

Asian Fame Media Group

**မိစန္ဒီ ဂီတရဲ့လမ်းမပေါ် ခြေချဖြစ်ခဲ့ပုံလေးက**

သမီးတို့ ဂီတကိုစဖြစ်ခဲ့တာက Underground ကစခဲ့တာပါ၊ ion lineမှာ သီချင်းတွေတင်တယ်၊ ရှိုးပွဲတွေမှာ အခွေကြမ်းတွေ လိုက်ဝေ တယ်။ အဖေနဲ့ ကိုဘိုစန်းနဲ့ကလည်း ခင်နေတော့ ရှိုးပွဲကြီးတွေမှာ အဆို တော်ကြီးတွေမဆိုခင် ရှေ့က မိုက်စမ်းပေါ့ ဆိုခွင့်ရတယ်။ နောက် ကိုစိုးကြီးတို့နဲ့ ပေါင်းပြီး Hip Hop Family ဆိုပြီး အဖွဲ့လေးဖွဲ့တယ်။ Underground အခွေလေးကို ဖြန့်ခဲ့တယ်။ အခွေသုံးထောင်လောက် ဖြန့်ဖြစ်ခဲ့တယ်။ ၂၀၀၉- ၂၀၁၀ လောက်မှာ ကိုစိုင်းစိုင်းနဲ့ ဘိုဘိုအင်တာတိန်းမန့်တို့ပေါင်းပြီး Underground က ကလေးတွေကို မြေတောင်မြှောက် ပေးမယ်ဆိုပြီး သီချင်းတွေ တောင်းတယ်၊ ပို့တဲ့သူတွေက အများကြီးပဲ။ သီချင်းအပုဒ် ၆၀၀ လောက်ထဲက အပုဒ် ၃၀ ရွေးတယ်။ အဲဒီထဲမှာ သမီးဆိုတာ ၂ ပုဒ်ပါတယ်။ ပျော်စရာကြီးကနေပြီး ဒီဂီတလမ်းမပေါ် ရောက်လာ ခဲ့ကြတာ။

**သီချင်းလေးတွေ ရင်ထဲမှာ သန္ဓေတည်ခဲ့ရတာနဲ့ ပတ် သက်ပြီး**

သမီးရယ် သက်သခင်ရယ်၊ ငယ်ငယ်တုန်းက ရှုးသွပ်ခဲ့ဖူးတယ်။ ၆ တန်းလောက်တုန်းက အက်စစ်ကလည်း ထွက်ပြီးကာစဆိုတော့ သမီးတို့ကလည်း Weather ဆိုပြီး ဖွဲ့လိုက်တယ်။ ကြီးတဲ့အခါ သီချင်းဆိုကြမယ်ပေါ့။ ၁၀ တန်းပြီးတော့ သက် သခင်က သီချင်းဆိုကြမယ်ဆိုတော့ ဆိုဖို့ စီစဉ်ကြတယ်။ ညီမက မယ်လိုဒီကို ရေးတယ်။ ရက်ပင်ကို ချမ်းအေးဝင်းက ရေးပေးတယ်။ သီချင်းကို စလုပ်မယ်ဆိုတော့ သက်သခင်က မော်ဒယ်စလုပ်နေပြီ မအားတော့ဘူး။ အဲဒါနဲ့ သမီးတစ်ယောက်တည်းပဲ လုပ်ဖြစ်သွားတာ။ ဒီလမ်းကို စပြီးမှ တော့ ဖြစ်အောင်လုပ်မယ်ဆိုပြီး ပိုးကလည်း ငယ်ငယ်ကတည်းက ရှိနေတော့ ရပ်လို့မရတော့ဘူး။ ဆက်လုပ်ဖြစ်သွားတာ။

**သီချင်းရေးသားခြင်းနှင့် သီဆိုမှုအပေါ်**

သမီးဆိုခဲ့တဲ့ သီချင်းတွေကိုတော့ အစပိုင်းမှာ ဘန်နီဖြိုးက ရေးပေးတယ်၊ နောက်ပိုင်းအခွေတွေမှာတော့ သမီးကိုယ်တိုင်ပဲ ရေးဖြစ်တာများတယ်။ 99.9 တို့ အဝေးကတို့ဆိုလည်း သမီးကိုယ်တိုင်ပဲ ရေးခဲ့တာ ပရိသတ်ကလည်း အားပေးကြပါတယ်။ ဂီတနဲ့ပတ်သက်ရင်လည်း ဘယ်ဂီတမဆို သမီးလေ့လာတယ်၊ မြန်မာသံဆိုလည်း ကြိုက်တယ်။ ဂီတကို ရူးသွပ်စွာနဲ့ အမျိုးမျိုးကြိုးစားခဲ့တာ၊ အရင်က အတွဲခွေတွေ အများကြီးဆိုခဲ့တယ်။ ခု တစ်ကိုယ်တော်ခွေကျတော့ ပရိသတ်အားလုံးအတွက် ကိုယ်ချပြချင်တာတွေ ချပြ လို့ရတယ်။ အများနဲ့ လုပ်ရတာတွေက ဆိုသင့်လို့ ဆိုလိုက်ရတဲ့ သီချင်းတွေလည်း ရှိတယ်။ ကိုယ့် အခွေကျတော့ ကိုယ်ကြိုက်တဲ့ မြူးစစ်ကို စိတ်ကြိုက် ဖန်တီးလို့ရတယ်။ သီချင်းကို စိတ်ကြိုက်ဖန်တီး လို့ရတယ်၊ ကိုယ့်အတွက် ကောင်းသောသမိုင်းတစ်ခုကို ရေးချင်တဲ့ ဆန္ဒလည်း ရှိတာနဲ့ တစ်ကိုယ် တော်ခွေထွက်ဖြစ်ခဲ့တာ၊ သမီးရဲ့အခွေမှာ တေးရေးတွေက ဦးရွှေကျော်ကျော်၊ ရဲလေး ရသ၊ ကိုစိုးကြီး၊ ဦးစိုးလင်းနဲ့ ညီမကိုယ်တိုင် ၅ ပုဒ်ဝင်ရေးထားတယ်၊ အတီးအနေနဲ့က KGK၊ ဇေထူးအောင်၊ ကိုလွှမ်းပိုင်၊ Ride D ၊ ကိုမိုးမိုး ပါတယ်။ စတူဒီယိုက စွမ်း ဒွင်း၊ ဟိုက်ဘတ်မှာ သွင်းခဲ့တယ်၊ VCD ကတော့ ရိုက်ထားတယ်။ ဒါရိုက်တာ ကိုဝင်းလွင်ထက်၊ ကိုအောင်၊ ကိုဝီရ



Asian Fame Media Group



Asian Fame Media Group



Asian Fame Media Group

တို့နဲ့ ရိုက်ထားတယ်၊ သရုပ်ဆောင် တွေကတော့ သမီးနဲ့အတူ ကိုရဲလေး၊ ကောင်းပြည့်၊ မြတ်သူကျော်၊ ဆန်းတိုးနိုင်၊ ဘိုဘို၊ မိုးခန့်ရှိန်း၊ သိန်းလင်းစိုး၊ ကွတ်တီ၊ စန္ဒီမြင့်လွင်၊ နန်းမြတ်ဖြိုး သင်း၊ နေခြည်လင်းလဲ့ အားလုံးဝိုင်းရိုက်ပေးထားကြတယ်။

**VCD အပြင် သီးခြား ရိုက်ကူးမှုအနေ နဲ့က**

သူငယ်ချင်းတွေ အကူအညီတောင်းတဲ့အခါ ရိုက်ပေးဖြစ်တယ်။ ကြော်ငြာလေးတွေလည်း ရိုက်ပေးဖြစ်တယ်။ MB ဘီစကစ်၊ ကော်ဖီ ကြော်ငြာ၊ ဘေဘုတ်အနေနဲ့က အင်္ကျီကြော်ငြာ၊ နေ့ဘက် အအေး၊ ရေခဲမုန့်၊ အဲဒီကြော်ငြာတွေတော့ ရိုက်ဖြစ်တယ်။

**ပရိသတ်ရင်ထဲ အရောက်ခဲ့ရဆုံး သီချင်း**

ကိုယ့်ရဲ့ သက်တံငယ် သီချင်းပါ။ ချိုချိုနုနု သီချင်းတွေတော့ မကြိုက်ဘူး။ သီချင်းစအပ်ကတည်းက သေသေချာချာပြောအပ်တယ်။ တေးရေးတွေကလည်း သမီးအထာကို သိပြီးသားဆိုတော့ သီချင်းရလို့ ဆိုလိုက်ရင် ကွက်တိပဲ။ VCD ရိုက်တော့လည်း သမီးကြိုက်တဲ့ Story ကို ပြောပြတယ်။ ဒါရိုက်တာတွေက အဲဒီအပေါ်မှာ ပိုကောင်း သွားအောင် စဉ်းစားပြီးရိုက်ပေးကြတာ။

**တစ်ကိုယ်တော်အခွေ ဖန်တီးမှုအပေါ် ဖြတ်ကျော်ရတဲ့ အခက်အခဲ**

တစ်ကိုယ်တော်အခွေအတွက် ရုန်းကန်ကျော်ဖြတ်ရတာတွေလည်း အများကြီးပါ။ အတွဲခွေတွေတုန်းက ကိုယ့်မှာ ဘာတာဝန်မှ မရှိဘူး၊ သီချင်းလေးဆိုပြီး ပေးလိုက်ရုံပဲ။ ကိုယ်ပိုင်ခွေကျတော့ အသံသွင်း၊ ဆင်ဆာတင်၊ ဘေဘုတ်ထောင်တာကအစ ကိုယ့်တာဝန်တွေပဲ ကျောင်းကလည်း တစ်ဖက်နဲ့ စိတ်ဖိစီးတဲ့ဒဏ်က ပြောမပြတတ်အောင် ခံစားရတယ်၊ အတွေ့အကြုံတော့ အများကြီးရတယ်၊ ပရိသတ်ရဲ့ အားပေးမှုကိုလည်း ကျေနပ်ပါတယ်။ VCD ကိုလည်း အကောင်းဆုံးဖြစ်အောင် ကြိုးစားထားတယ်။ သမီးဆန္ဒ အရတော့ မြို့ကြီးတွေတင်မက ဘူး၊ တောရွာအနှံ့ပါ ပြန့်စေချင်တာ၊ အားလုံးကို နားထောင်စေချင်တာ။

**Stage Show အတွေ့ အကြုံနဲ့ ဂီတအတွက် မျှော်လင့်ထားတဲ့ အတိုင်းအတာ**

ညီမက စင်ပေါ်တက်ခါနီး ဆိုရင် သိပ်ကြောက်တာ၊ ပထမဆုံးပွဲတုန်းကဆိုရင် ဒူးတွေ



တုန်ပြီး လက်နှစ်ဖက်နဲ့ဆွဲပြီး စင်ပေါ်တက်ခဲ့ရတယ်၊ အပေါ်လည်း ရောက်ရော ကြောက်စိတ်ကလုံးဝမရှိတော့ဘူး၊ သွားလေးဖြဲပြီး သီချင်းဆိုပြလိုက်တာပဲ၊ ဂီတ နဲ့ပတ်သက်ပြီး ခံစားမှုကို ပြောရရင် သီချင်းလေးတွေ ရေးနေရရင်ဆိုနေရရင် ပျော်ရွှင်ရတဲ့ ခံစားမှုက ဘာနဲ့မှ မတူဘူး၊ သီချင်းလေးတစ်ပုဒ်ရေးပြီး သွားရင် ဧဝရက်တောင်ထိပ်မှာ အလံလေးစိုက်လိုက်ရသလိုမျိုးကို ခံစားရတာ။ သမီးဖန်တီးတဲ့ သီချင်းကို ပရိသတ်တွေ အားပေးတယ်ဆိုရင် သိပ်ပျော်တယ်။ သမီးက နာမည်ကြီးချင်လို့လည်း မဟုတ်ဘူး။ မိစန္ဒီကို မသိရင်တောင် မိစန္ဒီသီချင်းတွေက ပရိသတ်တွေရင်ထဲမှာ ရှိနေရင် သမီးပျော်ပါတယ်၊ ဂီတကိုလည်း သမီးအသက်ကြီးတဲ့အထိဆက်လုပ်သွားမှာ၊ အခွေမထုတ်တော့ရင်တောင် သမီးဟာသမီး အသံလေးသွင်းပြီး နားထောင်နေမှာ။

**မိစန္ဒီရဲ့ Style အနေနဲ့ ပတ်သက်ပြီး**

Style အနေနဲ့ပြောရရင် မိစန္ဒီက မိန်းမသိပ်မဆန်ဘူး၊ ပွင့်ပွင့်လင်းလင်းနေတတ်တယ်။ မိန်းမပုံစံထက် ရိုးသားပွင့်လင်းတဲ့ ပုံစံတစ်ခုအနေနဲ့ Style တစ်ခုအနေနဲ့ ပေးစွမ်းမှာပါ။

**မိစန္ဒီရဲ့ သီချင်းတွေ သွားရင်းလာရင်း ပြန်ကြားရတဲ့အခါ**

ပျော်လည်း ပျော်တယ်၊ ရှက်လည်း ရှက်တယ်၊ တချို့ဆိုင်တွေဆို ကိုယ်လာမှ ကိုယ့်သီချင်းကောက်ဖွင့်လိုက်တာ ကိုယ်က ဘယ်နားနေရမှန်း မသိဘူး၊ ရှက်လိုက်တာ။ ဒါပေမဲ့ သမီးပျော်ပါတယ်၊

**အားပေးနေတဲ့ ပရိသတ်ကြီးအတွက်**

ပရိသတ်ကြီးကို သိစေချင်တာက သမီးက ဂီတကို ရှုးသွပ်စွာနဲ့ လုပ်နေတာပါ၊ ပရိသတ်ကိုလည်း ဂီတနဲ့အလုပ် အကျွေးပြုချင်တာပါ၊ ကြော်ငြာရိုက်တာတို့ သီချင်း ရိုက်တာတို့တွေမှာ အားနည်းချက်များ ရှိခဲ့ရင် ဖြည့်စွက်ပြီး ကြည့်ပေးကြပါလို့၊ သီချင်းနဲ့ပတ်သက်တဲ့ အရည်အသွေး ဒီ့ထက်မကပိုပြီး မြင့်မားအောင်၊နောက် VCD မှာလည်း လူအား၊ အချိန်အား၊ ငွေအင်အားစိုက် ပြီး အရာရာကို တိတိကျကျနဲ့ ပရိသတ်အတွက် ၁၄ ပုဒ်စလုံးကို တစ်ပုဒ်ချင်း အလိုက်ကောင်းအောင် ရိုက်ကူးထားပါတယ်။ မိစန္ဒီစေတနာလေးတွေ တန်ပြန်သက်ရောက်မယ်လို့လည်း ယုံကြည်ထားပါတယ်။ အားပေးကြပါ၊ နေ့တိုင်းလည်း မေတ္တာပို့သပါတယ်၊ အားလုံးပျော်ရွှင်နိုင်ပါစေလို့ . . .

**ယုယအိမ်**

# သူတို့ပြောတဲ့ L

ချစ်သူတွေ ပျော်ကြတဲ့
အထိမ်းအမှတ်လလေးတော့
ရောက်လာပြန်ပါပြီ။
ဒါကြောင့် ဒီလရဲ့
သူတို့ပြောတဲ့ကဏ္ဍအတွက်
Love ကို မပါမဖြစ်ထည့်ခဲ့ပြီး
Love နဲ့ ဆက်စပ်နေတဲ့
Life နဲ့ Loyalty အကြောင်းကိုပါ
ဆွေးနွေးစေချင်တာကြောင့်
'L' စာလုံးကို ရွေးဖြစ်ခဲ့ပါတယ်။

Arranged by **Phyoe Su Po Po**



## အိမ့်ချစ်

**Life**

Life ဆိုတာက လူတစ်ယောက် မွေးလာချိန်ကနေ သေဆုံးချိန်ကြားမှာ ရှင်သန်ရတဲ့ ပုံစံပါပဲ။ တစ်ယောက်နဲ့ တစ်ယောက်တော့ ရှင်သန်ရပုံခြင်းတော့ မတူကြဘူး။ ဘုရားက သတ်မှတ်ပေးလိုက်တဲ့အတိုင်းပဲ ကိုယ့်ရဲ့ Life ကို ပုံဖော်ကြရတာပါ။ ဘုရားက ပေးလိုက်တယ် ဆိုတာ အမှန်တော့ အတိတ်ဘဝတွေ ဆိုတာ

Asian Fame Media Group

လည်း ရှိတယ်။ အတိတ်ဘဝက ကိုယ်လုပ်ခဲ့တဲ့ ကောင်းကျိုး ဆိုးကျိုးတွေက ဒီဘဝမှာ အားလုံး လာဖြစ်ရတာပေါ့။ ဒီဘဝမှာ ဖြစ်တာပျက်တာ၊ ကောင်းတာ ဆိုးတာတွေ အားလုံးက အတိတ်ဘဝကံကြောင့်ပါပဲ။ အခုဆိုရင် အိမ့်ချစ်ရဲ့ Life ကို ပြောပါဆိုရင် ညီမက ကောင်းတာပဲ ရွေးပြောရင် ညီမက ပြည်သူတွေချစ်တဲ့ အနုပညာရှင် အဆိုတော်တစ်ယောက် ဖြစ်ခွင့်ရတယ်။ ညီမက ဗုဒ္ဓဘာသာတစ်ယောက် ဖြစ်တဲ့အတွက်ကြောင့် ကံကံ၏အကျိုးဆိုတာကိုတော့ ယုံတယ်။ လူတိုင်း မဖြစ်နိုင်တဲ့ ကံပါ စန်းပါမှဖြစ်ခွင့်ရတဲ့ အနုပညာရှင်တစ်ယောက်ဖြစ်ခွင့်ရတာလည်း ညီမရဲ့ ဟိုး အတိတ်က ကောင်းမှုကုသိုလ် တွေကြောင့်လို့ ယုံကြည်ပါတယ်။ ပြီးတော့ လူဆိုတာက ကိုယ်ရောက်နေတဲ့ဘဝကို ကျေနပ်နေဖို့လည်း လိုတယ်။ ကိုယ့်ဘဝကို မကျေနပ်ဘူးဆိုရင် အဲဒီလူတစ်ယောက်က ပူလောင်နေရမှာပဲ၊ ဘာလို့လဲဆိုတော့ တစ်ယောက်နဲ့တစ်ယောက် ရှင်သန်ရတဲ့ ဘဝတွေက တူမှမတူဘဲ။ ကိုယ့်ထက် မြင့်နေတဲ့ သူတွေလည်းရှိသလို ကိုယ့်လောက် တောင်မှ ပြေလည်မှုမရှိတဲ့ ဘဝမျိုးနဲ့ နေနေရတဲ့ သူတွေလည်း ရှိတာပဲလေ။ အိမ့်ချစ်မောင်လေး ဆိုရင် သူများတွေ ဖြိုင်ကားတွေမောင်းရင် သူက တအားအားကျတယ်။ အိမ့်ချစ်က ပြောပြရတယ်။ ဒါတွေက အားကျစရာ အတုယူစရာ မဟုတ်ဘူး ဆိုတာပေါ့။ အမှန်ကတော့ ဘယ်သူမဆို ကိုယ်လက်ရှိရောက်နေတဲ့ ဘဝကို ကျေကျေနပ်နပ်နဲ့ လက်ခံပြီး ပိုပြီးတိုးတက်အောင် ကြိုးစားဖို့လိုတာ။ ကြိုးစားမှုတော့ မလုပ်ဘဲ သူများကို အားကျနေရုံနဲ့ ဘာမှဖြစ်လာမှာ မဟုတ်ဘူးလေ။ ငါ့မှာတော့ သူ့လိုမရှိဘူး။ သူ့လို မပြည့်စုံဘူးဆိုပြီး စိတ်ပျက်နေရင်တော့ မပျော်မရွှင်နဲ့ဘဲ နေနေရလိမ့်မယ်။ ဆရာတော်အရှင်ဆေကိန္ဒမိန့်တဲ့ စကားရှိတယ်။ "ကလေး . . ကလေး . . ကလေးကို အထင်မသေးနဲ့ ကလေးက လူကြီးဖြစ်လာမှာ" ဆိုတာပေါ့။ လူငယ်တွေက ကြိုးစားချင်စိတ်တွေ ခွန်အားတွေ ပိုပြီးရှိရမယ်။ လူငယ်တွေ အနာဂတ် ဆိုတာထက် ဒါက တိုင်းပြည်အနာဂတ်လို့လည်း ပြောလို့ရတယ်။ ဘဝကို ဒေရုန်းမျောနေတဲ့ လူငယ်တွေများနေတဲ့ တိုင်းပြည်ကလည်း ဘယ်တော့မှ တိုးတက်လာမှာ မဟုတ်ဘူး။ အိမ့်ချစ်ရဲ့ ဘဝလမ်းကြောင်းကိုဆိုရင် အမေက ဒီလမ်းကြောင်းမှာ လျှောက်ဆိုပြီး ချပေးတယ်။ ဒါပေမဲ့ အမေ ချပေးလိုက်တဲ့လမ်းကြောင်းမှာ လျှောက်ရင်း ဒီအတိုင်းမျောမနေဘူး။ အိမ့်ချစ်လည်း ကြိုးစားတယ်။ ကိုယ်မှာရှိတဲ့ ခွန်အားတွေအပြည့်နဲ့ကို ကြိုးစားတာ။ ဒါကြောင့်လည်း ဒီနေ့ ဒီအချိန်မှာ ပရိသတ်တွေ အတန်အသင့်အားပေးတဲ့ အဆိုတော်တစ်ယောက်ရဲ့ဘဝကို ပိုင်ဆိုင်တာပါ။ မိဘကိုပဲ မှီခိုနေလို့ မရဘူး။ လူတိုင်းက ကိုယ့်ရဲ့



ဘဝပန်းတိုင်ဆိုတာကို ရှင်းရှင်းလင်းလင်းနဲ့ကို သတ်မှတ်ထားရမယ်။ ပြည့်စုံတာ မပြည့်စုံဘူး ဆိုတာကို ဘာမှမတွေးနဲ့။ အိမ့်ချစ်မိဘတွေလည်း သိပ်ကို ပြည့်စုံကြသူတွေ မဟုတ်ပါဘူး။ ဒီလိုပဲ ကြိုးစားရတာပါ။ တချို့မှာတော့ လှေရော တက်ရောအဆင်သင့်ရှိတော့ ခရီးမြန်မြန်ရောက်လိမ့်မယ်။ လှေပဲရှိပြီး တက်မရှိတဲ့သူကတော့ လက်နဲ့လှော်ပေါ့နော်။ လှေရော တက်ရောမရှိလည်း ဘာမှအားငယ်စရာ မလိုဘူး။ လက်ပစ်ကူးမှာပေါ့။ အဲဒီခရီးကို ရောက်သွားချိန်တော့ ကွာလိမ့်မယ်၊ လှေရော တက်ရော ရှိတဲ့သူကတော့ အမြန်ဆုံး ရောက်မှာပေါ့။ ဒါပေမဲ့ ရောက်တဲ့ပန်းတိုင်ချင်းတော့ အတူတူပါပဲ။ အိမ့်ချစ်ကတော့ ဒီလိုပဲ ခံယူထားပါတယ်။

## Love

Love ဆိုတာက 'အချစ်ဆိုသည်မှာ' ဆိုတဲ့ သီချင်းထဲက စာသားတွေအတိုင်းပါပဲ။ အရမ်းလည်း ရှုပ်ပါတယ်။ ဒီ Love ကလည်း Life နဲ့ တွဲနေတာပါ။ အချစ်ကြောင့် ဘဝက တအားကို ကောင်းသွားတာတွေရှိသလို အချစ်ကြောင့် ဘဝပျက်သွားတဲ့သူတွေလည်း အများကြီးပါပဲ။ အိမ့်ချစ်ကတော့ အချစ်နဲ့ဘဝဆိုတာကို ခွဲခြားထားစေချင်ပါတယ်။ အချစ်ကို သိပ်ပြီး ကိုးကွယ်တာမျိုး မလုပ်စေချင်ဘူး။ ချစ်တာက ချစ်ပါ။ ဒါပေမဲ့ ဒီအချစ်နဲ့လိုက်ပြီး ကိုယ့်ဘဝကို မျောပါမနေသင့်ဘူး။ တစ်ယောက်တည်း အထီးကျန်နေတာမျိုးတော့ မဟုတ်ဘူးပေါ့။ အချစ်လည်း ရှာပြီးတော့ ကိုယ့်ဘဝကိုလည်း တိုးတက်အောင် ကောင်းမွန်အောင် နေသင့်တာပေါ့။ ကိုယ့်ရဲ့ ပျော်ရွှင်မှုနဲ့ အချစ်ကြောင့် တခြားသူတွေ စိတ်ရှုပ်ရတာမျိုး အခက်တွေ့ရတာမျိုးဆိုရင်လည်း ဒါက စစ်မှန်တဲ့ အချစ်စစ်တော့ မဟုတ်ပါဘူး။ ပြီးတော့ အချစ်စစ်မှာ တစ်ယောက်နဲ့တစ်ယောက် တန်ဖိုးထားဖို့ပဲ။ ကွယ်ရာမှာ လုပ်ချင်တာတွေ လုပ်ပြီးမှ ဖေဖော်ဝါရီ ၁၄ လိုနေ့မျိုးကျမှ ချောကလက်လေးတစ်တောင့် ပန်းလေးတစ်စည်း ကဒ်ကလေးတစ်ကဒ်နဲ့တော့ ' I Love You' ဆိုတာမျိုးလုပ်တာကို အိမ့်ချစ်ကတော့ လုံးဝ လက်မခံပါဘူး။ အချိန်တိုင်း နေ့တိုင်းမှာ မြတ်နိုးပြီး တန်ဖိုးထားတာမှ တကယ့်အချစ်စစ်ပါ။ ဖေဖော်ဝါရီ ၁၄ တစ်ရက်ပဲ စိတ်ချမ်းသာအောင် လုပ်ပေးရမှာ မဟုတ်ပါဘူး။ ၃၆၅ ရက်လုံး စိတ်ချမ်းသာပေးရမှာပါ။ ဒါကိုပဲ Love လို့ အိမ့်ချစ်က ယုံကြည်တယ်။

## Loyalty

Loyalty ဆိုတာကတော့ လောကမှာ အရေးကြီးဆုံးပါပဲ။ အခုဆိုရင် အိမ့်ချစ်ပတ်ဝန်းကျင်မှာ တွေ့နေရတာတွေမှာ အိမ်ထောင်ကွဲကြတာတွေ၊ ချစ်သူတွေ လမ်းခွဲသွားကြတာတွေမှာ များသောအားဖြင့်က ဒီ Loyalty လို့ခေါ်တဲ့ သစ္စာတရားမရှိကြလို့ပါပဲ။ အချစ်တစ်ခုဖြစ်တည်လာပြီဆိုမှတော့ အိမ့်ချစ်ကတော့ သစ္စာရှိမှုပါ ရှိသင့်တယ်လို့ မြင်တယ်။ လူနှစ်ယောက်ချစ်လို့ အိမ်ထောင်ထူထောင်ခဲ့ပြီးပြီဆိုရင် သစ္စာတော့ မဲ့သင့်ဘူး။ သစ္စာမဲ့လို့ အိမ်ထောင်တစ်ခု ပြိုကွဲခဲ့ရင် လူတွေရဲ့ဘဝ ပျက်စီးသွားပါတယ်။ ဒါက အိမ့်ချစ်က ကိုယ်တွေ့ပါ။ အိမ့်ချစ်ဆိုရင် Broken Family အဖြစ်နဲ့ နေရတယ်။ ဒီလိုဒဏ်တွေကို အများကြီး ခံစားခဲ့ရတယ်။ သစ္စာဆိုတာလည်း အိမ်ထောင်ဖက်အချင်းချင်း၊ ချစ်သူအချင်းချင်းမှာမှ ရှိရမှာမဟုတ်ပါဘူး။ အလုပ်ရှင်နဲ့ အလုပ်သမားကြားမှာလည်း ရှိရမယ်၊ ပြီးတော့ သားသမီးနဲ့ မိဘကြားမှာလည်း သစ္စာရှိမှုက ရှိရမှာပဲ။ မိဘတွေ တစ်စုံတစ်ခုရဲ့ သစ္စာပျက်မှုနဲ့ အိမ်ထောင်တွေကွဲခဲ့ရင် သူတို့ရဲ့သား၊ သမီးတွေက စိတ်ပိုင်းဆိုင်ရာ ခံစားမှုတွေ အများကြီးရပါတယ်။ ဒါက မိဘက သား၊ သမီးကို သစ္စာမဲ့လိုက်တာပါပဲ။ ပျက်စီးသွားတဲ့ စိတ်ဓာတ်တွေကို ပြန်ပြီးပြုပြင်ဖို့ကလည်း အချိန်တော်တော်ယူရတာပါ။ ဒါကြောင့် အိမ့်ချစ်ကိုယ်တိုင်ရဲ့ ဘဝမှာလည်း အိမ့်ချစ်ရဲ့ သား၊ သမီးတွေကို အိမ့်ချစ်လို မခံစားရအောင် ကြိုးစားမှာပါ။ သစ္စာတရားဆိုတာက လောကမှာ အရေးကြီးဆုံးနဲ့ အလေးထားသင့်ဆုံးကိစ္စပါပဲ။ အိမ့်ချစ်တို့ရဲ့ လူ့ဝန်းကျင်ကြီးတစ်ခုလုံး ကောင်းဖို့ဆိုရင် သစ္စာရှိဖို့ဆိုတာက အဓိကပါပဲ။ ဥပမာ - အိမ်ထောင်တစ်ခုမှာ ယောကျ်ားက သစ္စာမရှိလို့ မိသားစုကနေ ခွဲထွက်သွားခဲ့ရင် အရင်ဆုံး ကျန်ခဲ့တဲ့ မိန်းမက စိတ်ဓာတ်ရေးရာ ထိခိုက်မှုတွေနဲ့ ပတ်ဝန်းကျင်ကို မကျေနပ်မှုတော့ လောကကို အကောင်းမမြင်တတ်မှုတွေနဲ့ ရှင်သန်ပြီး ကျန်ခဲ့တာပါ။ ပြီးရင် သူ့ရဲ့သား၊ သမီးတွေကလည်း စိတ်ပိုင်းဆိုင်ရာ အားငယ်မှုတွေနဲ့ လောကကို ရင်ဆိုင်ဖို့ သတ္တိမရှိဘဲနဲ့ ကျန်ခဲ့တာပါ။ ဒီလို မိသားစုတွေများလာခဲ့ရင် လူ့ဝန်းကျင်က ဘယ်လိုမှ ကောင်းလာမှာ မဟုတ်ပါဘူး။

Asian Fame Media Group



# ဩရသ

**Life**

Life ဆိုတာကို ရှင်းရှင်းလင်းလင်းပဲ ပြောရရင် ဘဝပါပဲ။ လူ့ဘဝပေါ့ဗျာ။ ကျွန်တော့်ရဲ့ဘဝဆိုရင် ကျွန်တော့်ရဲ့ ဇနီးနဲ့ သမီးလေးရယ် ကျွန်တော်မြတ်နိုးတဲ့ ဂီတရယ်ရှိတယ်။ ဒါပေမဲ့ အဲဒီ မိသားစုဘဝဆိုတာလည်း စည်းလုံးမှုတော့ ရှိရမယ်။ တစ်ယောက်နဲ့တစ်ယောက် ဖေးမရမယ်။ တစ်ယောက်အားငယ်နေရင် တစ်ယောက်က အားပေးရမယ်။ တစ်ယောက်ပျော်ရွှင်မှုကို တစ်ယောက်က မျှပေးရမယ်။ မိသားစုဘဝဆိုတာမှာ အဖေ၊ အမေကအားကိုးရတဲ့ သား၊ သမီးတွေ ဖြစ်ဖို့လည်းလိုတယ်။ ကျွန်တော့်ရဲ့ ဘဝကတော့ ရိုးရှင်းပါတယ်။ မိသားစုဘဝကလည်း ပျော်ရွှင်ရပါတယ်။ ဘဝရှေ့ရေးကိုလည်း စဉ်းစားရတာပေါ့ဗျာ။ ကျွန်တော်အခု ရသမျှတော့ ရှာတယ်။ သုံးသင့်တာသုံးတယ်။ ကျန်တာလေးတွေလည်း စုဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်မှာ သမီးလေးရှိတယ်လေ။ သမီးလေးရဲ့ ရှေ့ရေးကိုလည်း ကြိုတွေးရမှာပေါ့။ ကျွန်တော်

Asian Fame Media Group
MEDIA GROUP

က မိဘနေရာကဆိုတော့ ကျွန်တော့်ဘဝအတွက် လို့တွေးရင် ကျွန်တော့်သမီးလည်း ပါရတယ် လေ။


ပြီးတော့ လူ့ဘဝဆိုတာ တိုတိုလေးပါ။ လက်ရှိဘဝအပြင် နောင်ဘဝဆိုတာလည်း ရှိ သေးတယ်လေ။ ဒါကြောင့် ကျွန်တော်က နောက် ဘဝအတွက်လည်း လှူဒါနတန်းတာတွေ လုပ်ဖြစ် တယ်။ ကိုယ့်ဘဝ တိုးတက်ဖို့အတွက်က စိန်ခေါ်မှု တွေ တွေ့ရမှာပဲ။ ဒီလိုစိန်ခေါ်မှုတွေကို ရင်ဆိုင် နိုင်မှပဲ ဘဝကတိုးတက်မှာပါ။ ကျွန်တော်လည်း အရမ်းကို ကျားကုတ်ကျားခဲ ကြိုးစားခဲ့ရတာပါ။ ဒီထက်ပိုပြီး ကောင်းအောင်လည်း ဆက်ကြိုးစား နေပါတယ်။ ကျွန်တော်ပြောချင်တဲ့ Life ဆိုတာက ခွန်အားရှိတဲ့ စည်းလုံးမှုရှိတဲ့ မိသားစုဘဝ တစ်ခု ပါပဲ။

## Love

Love ကတော့ လူတိုင်းမှာ မရှိမဖြစ်ရှိရမယ့် အရာပါပဲ။ ကလေးအရွယ်က စပြောရမယ်ဆိုရင် ငယ်ငယ်တုန်းက အမေ့ဆီက အချစ်တွေရမယ်။ ကိုယ်ကလည်း အမေ့ကို ပြန်ချစ်ပြန်တယ်။ ပြီး အဖေ။ ညီအစ်ကိုမောင်နှမတွေပေါ့။ နည်းနည်း ကြီးလာတော့ သူငယ်ချင်းတွေကို ချစ်ရတယ်။ ပိုပြီးအရွယ်ရောက်လာတော့ ချစ်သူရှိလာတယ်။ ဒီအချိန်ကျတော့ ရှေ့ကတွေ့ခဲ့ရတဲ့ အချစ်တွေနဲ့ မတူတော့ဘူး။ ပူလောင်မှုတွေ ပါလာပြီပေါ့။ သူနဲ့ ဘဝကို ရှေ့ဆက်ချင်တယ်။ ဒီလိုတွေဖြစ်လာတာ ပေါ့။ သူ့ကို အဆုံးရှုံးမခံချင်ဘူး။ အချစ်ကလည်း ခုနက ကျွန်တော်ပြောခဲ့တဲ့ Life နဲ့ ပြန်ပြီး ဆက်နေပြန်တယ်။ ဘဝပိုပြီးတိုးတက်အောင် ကြိုးစားချင်စိတ် ဆိုတာကလည်း အဲဒီအချစ်ကနေ ဆင့်ပြီး ဖြစ်လာတာပါ။ ၅၂၈ အချစ်ကတော့ အေးချမ်းတယ်ဗျ။ အဲဒီလို လောဘတွေ၊ အတ္တ တွေမရှိဘူး။ ၁၅၀၀ အချစ်ကတော့ ဒါတွေပါလာ တာပေါ့။ အချစ်ကလည်း ခွန်အားတွေ တွန်းအား တွေပေးပါတယ်။ အလုပ်မလုပ်ချင်တာကို လုပ် ချင်အောင်၊ ပညာမသင်ချင်တော့တာကို သင်ချင်လာအောင် တွန်းအားတွေအများကြီး ပေးတယ်။ Life အတွက် Love ကအရေးကြီး ပါတယ်။ အချစ်ကြောင့် တိုက်ပွဲဝင်တာတွေ၊ ပေးဆပ်ရတာတွေ အများကြီးကို ကျွန်တော်တို့ ကြားဖူးကြမှာပါ။

## Loyalty

သစ္စာတရားပေါ့။ Life အတွက် Love လို သလို Love မှာလည်း သစ္စာတရားက အရေးကြီး တယ်။ ဒါပေမဲ့ သစ္စာတရားဆိုတာမှာလည်း Love မှာတင် မဟုတ်ဘူးဗျ။ အလုပ်ရှင်နဲ့ အလုပ် သမားကြားမှာလည်း သစ္စာရှိရမယ်။ မိဘနဲ့ သားသမီးကြားမှာလည်း သစ္စာရှိရမယ်။ ညီအစ်ကို မောင်နှမကြားမှာလည်း သစ္စာရှိရမယ်။ သူငယ် ချင်း အချင်းချင်းကြားမှာလည်း ရှိရမှာပဲ။ ကျွန်တော့်ဆိုလည်း ကျွန်တော့်ပရိသတ်အပေါ်မှာ ဘယ်တော့မှ သစ္စာဖောက်မှာ မဟုတ်ဘူး။ ဒါကြောင့် ကိုယ့်ဘဝကို ဖြတ်သန်းဖို့အတွက်ဆို ရင် အချစ်လည်း ပါရမယ်။ သစ္စာလည်းရှိရမယ်။ သစ္စာဖောက်တယ်ဆိုတာ တော်တော်ကိုကျင့်ဝတ် ဖျက်တဲ့ကိစ္စပါ။ သစ္စာဖောက်ခံရရင်လည်း ဘယ် လောက်ခံရခက်တယ်ဆိုတာ သစ္စာဖောက်ခံရဖူး မှ သိမှာပါ။




Asian Fame Media Group
MEDIA GROUP



Asian Fame Media Group

# ခင်ဘုဏ်း

## Life

Life ဆိုတာက ဘဝပေါ့။ ဘဝဆိုတာကို အမျိုးမျိုးတော့ ပြောကြလိမ့်မယ်။ ခင်ဘုဏ်း အဖြစ်ချင်ဆုံးဘဝ ကတော့ ဘယ်အရာမဆို အေးအေးချမ်းချမ်း၊ ငြိမ်းငြိမ်းချမ်းချမ်းလေးပဲ ဖြစ်ချင် တယ်။ ဒါကြောင့် ခင်ဘုဏ်း အနေနဲ့ ဘဝဆိုတာကို အဓိပ္ပာယ် ဖွင့်ပါ ဆိုရင် ငြိမ်းချမ်းမှုကို ရှာဖွေခြင်းလို့ပဲ ပြောချင်တယ်။ ခင်ဘုဏ်းရဲ့ ဘဝမှာတော့ အချိုးအကွေ့တွေနဲ့ တွေ့ခဲ့ရတာပဲ။ လူက ကိုယ့်ဘဝကို ငြိမ်းချမ်း တယ်၊ မငြိမ်းချမ်းဘူး ဆိုတာက ကိုယ့်ရဲ့ ခံယူတဲ့စိတ်နဲ့ပဲ ဆိုင်တယ်။ ဘဝကို တိုက်ပွဲ တစ်ခုလို သတ်မှတ်ထားတဲ့သူ တွေကတော့ အမြဲပဲ တိုက်ယူနေကြမှာပဲ။ ခင်ဘုဏ်းကတော့ ဘဝဆို တာက ငြိမ်းချမ်းမှုလို့ ခံယူထားတော့ မငြိမ်းချမ်း၊ ငြိမ်းချမ်းအောင် နေတယ်။ လူ့ ဘဝဆိုတာက အကောင်းရော၊ အဆိုးရောက လောကဓံပါပဲ။ အကောင်းပဲ တွေ့ရလို့

ကောင်းနေတယ်လို့ပဲ ပြောလို့မရဘူး။ အဆိုးတွေ့လို့လည်း ဒါလောကဓံလို့ ပြောလို့မရဘူး။ အကောင်းရောအဆိုးရောက လောကဓံတရားပါပဲ။ ဒီနှစ်ခုလုံးကြားမှာပဲ ဘယ်အရာကိုမှ စိတ်မလှုပ်ရှားဘဲ လက်ခံနိုင်အောင် ကြည့်ပြီးနေတတ်ဖို့က ပိုပြီးလိုအပ်ပါတယ်။ ခင်ဘုဏ်းဆိုရင် အရွယ်နဲ့မမျှတဲ့ လောကဓံတွေကို ခံခဲ့ရဖူးပါတယ်။ ခင်ဘုဏ်းက ကလေးအရွယ် အနေနဲ့ ဖြတ်သန်းခဲ့ရတာက အချိန်နည်းပါတယ်။ လူကြီးတွေကိုလည်း ခင်ဘုဏ်းက သိတတ်တယ်။ အမှန်တော့ ဘဝဆိုတာ နေတတ်ဖို့ပဲလိုတာပါ။ တချို့ကျတော့လည်း တစ်ခုခုကို တစ်ယောက် ယောက်ကိုနင်းပြီးမှ ကိုယ့်ဘဝကို တည်ဆောက်ကြ တယ်၊ အဓိကကတော့ ကိုယ့်ဘဝမှာ ကိုယ့်ရဲ့စိတ်ပျော်သလား၊ စိတ်လုံခြုံလားက အရေးကြီးတာပါ။ ကောင်းမွန်တဲ့ ခံယူချက်လေးနဲ့ ကိုယ့်ဘဝကိုလျှောက်ဖို့ တိုက်တွန်းချင်ပါတယ်။



### Love

Love ဆိုတာကတော့ မေတ္တာတရားပါပဲ။ မေတ္တာတရားဆိုတာ လူတိုင်းမှာ ရှိနေရမယ့် အရာလေးပါပဲ။ မေတ္တာဆိုတာက ကိုယ့်ချစ်သူအပေါ်၊ ကိုယ့်မိသားစုအပေါ်၊ ကိုယ့်ရဲ့အလုပ်ပေါ် ရှိရမယ်။ I Love You ဆိုတဲ့စကားက ယောကျ်ားလေးနဲ့မိန်းကလေးကြားမှာပဲ ပြောလို့ရတဲ့ စကားမဟုတ်ပါဘူး။ မိဘကလည်း သားသမီးကို ပြောလို့ရတယ်။ သမီးကလည်း မိဘကို ပြောရမယ်။ ကိုယ်ကချစ်တဲ့ မိတ်ဆွေ၊ သူငယ်ချင်းကိုလည်း ပြောလို့ရတယ်။ မြန်မာပြည်မှာက Valentine Day ဆိုတာကို ချစ်သူတွေနဲ့ပဲ ဆိုင်တယ်လို့ ထင်နေကြတာ။ အမှန်တော့ ဒီလိုနေ့မှ သူငယ်ချင်းတွေ၊ မိသားစုတွေကိုလည်း ချောကလက်လေးတွေ လက်ဆောင်ပေးရင်း ကိုယ့်ရဲ့မေတ္တာတရားကို



ဖော်ထုတ်လို့ရပါတယ်။ ပြီးတော့ ခင်ဘုဏ်းမြင်မိတာက ခင်ဘုဏ်းတို့မိန်းကလေးတွေက ဗဟုသုတနည်းနေကြတယ်။ ဒါကြောင့် ယောကျ်ားလေးတွေ ပြောသမျှကို ယုံလွယ်ကြပြီး ကိုယ့်ရဲ့အပျိုစင်ဘဝကို လျစ်လျူရှုလိုက်ကြတယ်၊ အမှန်တော့ အိမ်ထောင်မပြုရသေးတဲ့ မိန်းကလေးတစ်ယောက်အတွက် တန်ဖိုးရှိဆုံးအရာဆိုရင် အပျိုစင်ဆိုတဲ့ဂုဏ်ပါပဲ။ ဒါလေးကို စောင့်ထိန်းဖို့အတွက် ခင်ဘုဏ်းတို့မိန်းကလေးတွေက ဗဟုသုတတွေ အခြေခံရှိထားရမယ်။ စာတွေ များများဖတ်ရမယ်။

### Loyalty

Loyalty ဆိုတာက သစ္စာတရားပေါ့။ သစ္စာဆိုတာက လူတိုင်းက ကိုယ့်အပေါ် သစ္စာရှိဖို့တော့ မျှော်လင့်တတ်ကြတယ်။ ဒါပေမဲ့ ကိုယ်က သစ္စာထားဖို့တော့ တစ်ခါတလေမှာ မေ့နေတတ်ကြတယ်။ ခင်ဘုဏ်းတို့ လူ့လောကကြီးအတွက် မေတ္တာတရားက အရေးပါသလို၊ သစ္စာတရားလည်း အရေးကြီးပါတယ်။ Love ပဲရှိပြီး သစ္စာမရှိခဲ့ရင်လည်း အဲဒီအချစ်တွေက မြဲမှာမဟုတ်တော့ဘူး။ သစ္စာဆိုတာမှာလည်း မိသားစုအပေါ်၊ အိမ်ထောင်ဘက်အပေါ်၊ အလုပ်အပေါ် အဲဒီလိုတွေသစ္စာရှိရမယ်၊ မိတ်ဆွေအချင်းချင်း၊ လုပ်ဖော်ကိုင်ဖက်အချင်းချင်း သစ္စာရှိရမယ်။ သူများနောက်ကျောကို ဓားနဲ့ထိုးတာမျိုး မလုပ်ရဘူး။ ကိုယ့်နိုင်ငံအပေါ်လည်း သစ္စာရှိရမယ်။ သစ္စာဖောက်ဆိုတာက လူ့ဝန်းကျင်မှာ လုံးဝမရှိသင့်တဲ့ အရာပါပဲ။ ဒါကြောင့် သစ္စာတရားကို အလေးထားပြီး မြတ်နိုးတတ်တဲ့ လူငယ်တွေဖြစ်ဖို့ ခင်ဘုဏ်းက တိုက်တွန်းချင်ပါတယ်။

ဖြိုးစုပိုပို



# Looking & Feeling

**model :** yati wint htoo / **make-up :** may sabai nyo/ **dress :** pretty girl/ **photo :** ko linn (studio k)
arranged by thida soe




Asian Fame Media Group



Asian Fame Media Group




Asian Frame Media Group



Asian Fame Media Group



*Looking & Feeling*

model : yati wint htoo / make-up : may sabai nyo/ dress : pretty girl/ photo : ko linn (studio k)

Asian Fame Media Group



Asian Fame Media Group
af MEDIA GROUP




ဖေဖော်ဝါရီလ ၁၄ ရက်နေ့ကို Valentine's Day နေ့အဖြစ် နိုင်ငံတကာက သတ်မှတ်ထားပါတယ်။ မြန်မာပြည်ရဲ့ ဘယ်ပြက္ခဒိန်မှာမှ ထည့် သွင်းဖော်ပြထားခြင်းမရှိပေမယ့်လည်း ကျွန်မတို့ နိုင်ငံမှာလည်း ဖေဖော်ဝါရီ ၁၄ ဆိုရင် Valentine's Day ကို ဆင်နွဲကြတဲ့ချစ်သူတွေ ဒုနဲ့ဒေးရှိပါတယ်။ Valentine's Day ကျင်းပတဲ့ယဉ်ကျေးမှုက ကျွန်မတို့နိုင်ငံကို ကူးလူးလာတာ သိပ်တော့မကြာသေးပေမယ့် ဒီလို နေ့ထူးနေ့မြတ်လေးမှာ ဖြစ်ခဲ့ပျက်ခဲ့ရတဲ့ ကိစ္စတွေကတော့ ပတ်ဝန်းကျင်မှာ များလှပါတယ်။ တိုးတက်လာတဲ့ခေတ်စနစ်ကြီးရဲ့ နောက်ဆက်တွဲအဖြစ်နဲ့ အယူအဆလွဲစွာခံယူနေ၊ ကျင့်သုံးနေကြတဲ့ တချို့သော လူငယ်အမျိုးသမီးလေးတွေအတွက် ရည်ရွယ်ရင်း ဒီကဏ္ဍလေးကို တင်ဆက်ပေးလိုက်ပါတယ်။ ကျွန်မတို့ မြန်မာမိန်းကလေးတွေ 'ဣန္ဒြေမြဲရင်း လုံကြပါစေ' လို့လည်း ဆုတောင်းပေးလိုက်ပါတယ်။

ဖြိုးစုပိုပို






## ဆရာမ မြနှောင်းညို

**အချစ်စစ် အချစ်မှန် ဆိုတာကို ဆရာမ ဘယ်လို အဓိပ္ပာယ် ဖွင့်ချင်ပါသလဲ။**

သမီးတို့ဆိုလိုချင်တဲ့ အချစ်ဆိုတာ ဘာလဲလို့ ဆရာမက အရင်ဦးဆုံး တုံ့ပြန်မေးခွန်းထုတ်ကြည့်ပါရစေလား။ ယောကျ်ားနဲ့မိန်းမ ဆန့်ကျင်ဘက် လိင်နှစ်ဦးကြားမှာ ပေါက်ဖွားသက်ဝင်တဲ့ ချစ်ခင်တွယ်တာမှု ဖြစ်တယ်ဆိုပါစို့။ ဒါဟာအချစ်ဆိုရင် စစ်သလားမှန်သလားဆိုတာ ဆရာမတို့က ရွှေစစ်သလား၊ ကြေးဘယ်နှပဲရောနေသလဲ၊ ရွှေအတုလား၊ တိုင်းတာမှတ်ကျောက် တင်ကြည့်ရပါလိမ့်မယ်။ ဆရာမ အဓိပ္ပာယ်ဖွင့်ချင်တာကတော့ 'အချစ်စစ်အချစ်မှန်' ဆိုတာ ရယူလိုမှုကင်းရှင်းပြီး 'ပေးဆက်' လိုခြင်းသာ ရှိတယ်လို့ ယူဆပါတယ်။ အချစ်ပေးဝေဆက်သတယ်လို့ ပြောချင်တာပါ။ (ဆပ်တယ်ဆိုရင် အကြွေးရှိလို့ ပြန်ဆပ်တာမျိုး ဖြစ်သွားမှာစိုးလို့နော်)

**ချစ်သူများနေ့တို့ သင်္ကြန်ပွဲတို့မှာ လူငယ်တွေကြားထဲမှာ ချစ်ခြင်းမေတ္တာကို ခန္ဓာကိုယ်နဲ့ရင်းပြီး သက်သေပြကြတဲ့အပေါ် ဆရာမ ဘယ်လိုဆွေးနွေးချင်ပါသလဲ။ ဆရာဝန်တစ်ယောက်ရဲ့ အမြင်နဲ့ရော စာရေးဆရာမ တစ်ယောက်ရဲ့အမြင်နဲ့ရော ဆွေးနွေးပေးပါရှင်။**

ဆရာမအမြင်ကို ပွင့်ပွင့်လင်းလင်းဆွေးနွေးရမယ်ဆိုရင်တော့ ခန္ဓာကိုယ်နဲ့ရင်းပြီး သက်သေပြကြတာဟာ လိင်ဆက်ဆံမှုသက်သက်သာ ဖြစ်ပါတယ်။ အရွယ်ရောက်နေကြပြီဖြစ်တဲ့ ယောကျ်ားလေးနဲ့ မိန်းကလေးဟာ နီးစပ်လွတ်လပ်တာနဲ့ တစ်ပြိုင်နက် အတားအဆီးမဲ့ လွန်ကျူးသွားတတ်ကြပါတယ်။ တက်စ်တိုစတီရုန်းဟော်မုန်း ထုတ်လုပ်တဲ့အတွက် ယောကျ်ားလေးတွေက ဆန္ဒရမက်ပြင်းပြပါတယ်။ အတူအိပ်ဖို့ အတင်းအဓမ္မတောင်းဆိုလေ့ ရှိပါတယ်၊ အီစတြိုဂျင်ဟော်မုန်းထုတ်လုပ်တဲ့အတွက် နူးညံ့ကြင်နာတတ်တဲ့ မိန်းကလေးက ဒါဟာ သူ့ချစ်ခြင်းသိပ်ချစ်လို့ပဲဆိုပြီး လိုက်လျောလိုက်မိတတ်တယ်။ တက်စ်တိုစတီရုန်းဟော်မုန်းတွေ လွှမ်းမိုးလို့ဆိုတာ နားမလည်လိုက်ဘူး။ ယောကျ်ားလေးဟာ ကိစ္စလည်းပြီးစီးရော မှတ်ဖက်ခါပြီး မေ့ပျောက်သွားတတ်ပါတယ်၊ မိန်းကလေးမှာတော့ နှစ်ကိုယ်တူ ဆက်ဆံခဲ့တာတွေ ခွန်းပေကျန်ရစ်ပြီး အခန့်မသင့်ရင် ကိုယ်ဝန်ရသွားနိုင်ပါတယ်။ ထပ်ပံအခန့်မသင့်စရာ ရှိပြန်တာက လိင်ဆက်ဆံမှုကနေ ကူးစက်တဲ့ရောဂါ (ကာလသားရောဂါ) အဆိုးဆုံးက ကုသလို့ မပျောက်ကင်းတဲ့ အိပ်ချ်အိုင်ဗွီရောဂါ ကူးစက်ခံရသွားတတ်ပါတယ်။

**အိမ်ထောင်သည်အမျိုးသမီးတချို့ အသုံးပြုလေ့ရှိတဲ့ Emergency Pills လို့ခေါ်တဲ့ နှစ်လုံးတွဲပါတဲ့ ဆေးကတ်တွေကို ချစ်သူစုံတွဲတွေက အသုံးပြုနေကြတယ်လို့ သိရပါတယ်။ ဒီလိုမျိုးကိစ္စတွေဟာ ချစ်သူများနေ့လိုနေ့မျိုးမှာ ပိုအဖြစ်များတယ်လို့ သိရပါတယ်။ ဘယ်လိုအကျိုးဆက်တွေ ဖြစ်လာနိုင်ပါသလဲ။**

ချစ်သူများနေ့လိုနေ့မျိုးမှာ Emergency Pills EP လို့ခေါ်တဲ့ နှစ်လုံးတွဲပါတဲ့ ဆေးကတ်တွေကို ချစ်သူစုံတွဲတွေက အသုံးပြုကြတဲ့အတွက်

၁။ လက်မထပ်ကြသေးဘဲ လိင်ဆက်ဆံခွင့်ရရှိပါတယ်။

၂။ ယောကျ်ားလေးတွေ အပြင်ထွက် အအိပ်ကျူးတဲ့ အလေ့အထမျိုးကို မိန်းကလေးတွေလည်း ပြုလုပ်နိုင်လာကြပါတယ်။

၃။ မိန်းကလေးက ဆေးကတ်ကို သောက်ရတဲ့အတွက် ဗိုက်အန်တာ၊ ခေါင်းကိုက်တာ၊ ရင်သားတင်းတာ၊ သွေးဆင်းတာတွေ ဖြစ်နိုင်ပါတယ်၊ ၂၄ နာရီကျော်ရင် ပြန်ပြီး သက်သာသွားလေ့ ရှိပါတယ်။

၄။ လစဉ်ရာသီလာနေကျထက် ပိုများတာ၊ ပိုစောပြီးလာတာ ဖြစ်တတ်ပါတယ်။

၅။ ယောကျ်ားလေးနဲ့ လိင်ဆက်ဆံရင် မိန်းကလေးရဲ့ မိန်းမကိုယ်ထဲမှာ သုတ်ရည်တွေ ကျန်ခဲ့ပြီး ကိုယ်ဝန်ရနိုင်တယ်။ သူ့မှာ လိင်ဆက်ဆံရာမှ ကူးစက်တတ်တဲ့ရောဂါရှိရင် ကူးစက်နိုင်တယ်။

**အရေးပေါ်သန္ဓေတားဆေးနဲ့ ပတ်သက်ပြီး သိသင့်တဲ့ ဗဟုသုတအချက်အလက်တွေကို အမျိုးသမီးအများစုက မသိကြတာများပါတယ်။ ဒါကိုအခွင့်အရေးယူပြီး သူတို့ရဲ့ချစ်သူ ကောင်လေးတွေက အားဆေးလို့ညာတိုက်ကြတဲ့ အပေါ် ဆရာမ ဘယ်လိုဝေဖန်သုံးသပ်ချင်ပါသလဲ။**

လိမ်ညာတတ်တဲ့ သိက္ခာမရှိတဲ့ ယောကျ်ားလေးမို့ သစ္စာမတည်သူဖြစ်သလို တခြားကိစ္စတွေမှာလည်း မယုံစားထိုက်တဲ့ယောကျ်ား ဖြစ်ပါတယ်။ ယောကျ်ားလေး ဘာပြောပြော ယုံကြည်တာဟာ မိန်းကလေးအနေနဲ့ အသိပညာဗဟုသုတ နည်းပါးလွန်းတယ်လို့ ဆရာမက အပြစ်တင်ချင်ပါတယ်။ သိရက်နဲ့ အိပ်တယ်၊ ဆေးကတ်ကိုစားတယ်ဆိုရင်တော့ မှန်တယ်လို့ မှတ်ချက်ချချင်ပါတယ်။ အထူးသတိပေးချင်တာကတော့ နှစ်ပေါင်းထောင်ချီ ကျင့်သုံးခဲ့တဲ့ ဆရာမတို့ရဲ့ ထုံးတမ်းစဉ်လာယဉ်ကျေးမှုဟာ လိင်မှုရေးရာလော်လီရှုပ်ထွေးတဲ့ မိန်းကလေးတွေကို ရှုံ့ချပါတယ်။ အနောက်တိုင်းယဉ်ကျေးမှုကို အတုယူတာဟာ ခုနေခါတော့ မိန်းကလေးတွေနဲ့ ပေါက်ဖွားလာနိုင်ခြေရှိတဲ့ မျိုးဆက်သစ်ကလေးတွေကို နာမည်ဆိုးစေတုန်းပါပဲ။

Asian Fame Media Group

Their opinion for Valentines Day





## ဆရာမ ပုညခင်

**စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာဆိုတာ ဘယ်လို ချစ်ခြင်းမျိုးပါလဲ။**

စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာဆိုတာကို လူအမျိုးမျိုးက အဓိပ္ပာယ်အမျိုးမျိုး သတ်မှတ်နိုင်ပါတယ်။ စိတ်အခြေအနေချင်း တစ်ယောက်နဲ့တစ်ယောက် မတူညီနိုင်တဲ့အတွက် အဓိပ္ပာယ်သတ်မှတ်ပုံချင်းတော့ တူညီနိုင်မှာမဟုတ်ပါဘူး။ ကျွန်မရဲ့ တသီးပုဂ္ဂလအမြင်ကို ပြောရမယ်ဆိုရင်တော့ စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာဆိုတာ ကိုယ်ချစ်ရတဲ့ သူရဲ့ ကောင်းကျိုးကို အမြဲလိုလားပြီး သူစိတ်ချမ်းသာမှုအတွက် အနစ်နာခံ အပင်ပန်းခံ ဖြည့်ဆည်းပေးနိုင်ခြင်းပါပဲ။ အဲဒီလိုဖြည့်ဆည်းတဲ့အခါမှာလည်း ကိုယ့်အတွက် ဘာမှပြန်ပြီးရယူချင်စိတ် မရှိတာမျိုးပေါ့။ သူက ပြုံးရွှင်စွာ ကိုယ့်ဘဝထဲကိုလာခဲ့ရင်လည်း နွေးထွေးလိုက်လှဲစွာ ကြိုဆိုလက်ခံပြီး သူ့ရဲ့နေတုန်းအခိုက်မှာ စိတ်ချမ်းသာအောင် ဖြည့်ဆည်းပေးမယ်။ သူက ကိုယ့်အနားမှာနေရတာ မပျော်ရွှင်တော့ဘဲ ကိုယ့်ဘဝထဲက ထွက်သွားဖို့ ဆန္ဒရှိတဲ့အခါမှာလည်း ကြည်ဖြူစွာ ခွင့်ပြုပေးနိုင်ခြင်းပါပဲ။ ဒါပေမဲ့လည်း ပုထုဇဉ်တော်တော်များများကတော့ အဲဒီလောက် သဘောထားမကြီးနိုင်ကြတာ အမှန်ပါပဲ။ ဒါကြောင့်သာ "ငါကတော့ ချစ်လိုက်ရတာ မင်းကတော့ ငါ့ကို ဂရုမစိုက်ဘူး။ မင်း ငါ့ကိုထားခဲ့ရင် မင်းကို ကလဲ့စားပြန်ချေမယ်" ဆိုတဲ့ စကားမျိုးတွေ မကြာခဏ ကြားရတတ်တာပေါ့။ သူကိုယ့်ကို ချစ်နေခဲ့ရင်သာ သူ့အပေါ် စေတနာထား၊ သူ့ကောင်းကျိုးလိုလားပြီး သူကိုယ့်ကို မချစ်တော့ဘူးဆိုတာနဲ့ သူ့ကို မုန်းတီးစိတ်နာ ဒုက္ခရောက်အောင် လုပ်တယ်ဆိုရင် သူ့မေတ္တာ မစစ်သလို ကိုယ့်ချစ်ခြင်းမေတ္တာကလည်း မစစ်လို့ပဲ။ ဒါကြောင့် စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာဆိုတာ လူတိုင်းပြောတတ်ပေမယ့် ကိုယ်တိုင်အဲဒီလို အချစ်မျိုး ချစ်နိုင်ဖို့တော့ ခဲယဉ်းတတ်ကြပါတယ်။

**အမျိုးသားတွေက သူတို့ရဲ့ချစ်သူမိန်းကလေးတွေကို ကိုယ့်ကိုချစ်ရင် လိုက်လျောပါဆိုပြီး အပျိုစင်ဘဝကို တောင်းဆိုတတ်ကြတယ်။ ဒီလိုအချိန်မျိုးမှာ မိန်းကလေးတွေဘက်က အလွယ်တကူ လိုက်လျောလိုက်တာမျိုးတွေလည်း ရှိတယ်။ ဒီလိုဖြစ်ရတာ ဘာကြောင့်လို့ ဆရာမ သုံးသပ်မိပါသလဲ။**

အသိဉာဏ်နဲ့ ဆင်ခြင်တုံတရား ရှိတဲ့

Asian Fame Media Group
af MEDIA GROUP

မိန်းကလေးဖဆိုရင်တော့ ကိုယ့်ချစ်သူက အဲဒီလို ပြောလာတာနဲ့ အဲဒီလူအပေါ် အထင်သေးပြီး ကျောခိုင်းစွန့်ခွာသွားမှာပါပဲ။ အဲဒီလိုပြောတာ အပေါစားဆန်တယ်လေ။ စိတ်ဓာတ်အဆင့်အတန်းရှိတဲ့သူမှန်ရင် ကိုယ်ချစ်တဲ့၊ ကိုယ်တန်ဖိုးထားတဲ့ မိန်းကလေးကို ဒီလိုပြောမှာ မဟုတ်ပါဘူး။

**ချစ်သူနှစ်ဦးရဲ့ relation မပျက်စေဘဲ မိန်းကလေးဘက်က ဘယ်လိုအပြုအမူ အပြောအဆိုမျိုးနဲ့ ငြင်းဆန်သင့်ပါသလဲ။**

ခုနပြောခဲ့သလိုပဲလေ။ ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားတဲ့၊ အသိဉာဏ်နဲ့ ဆင်ခြင်ဉာဏ်ရှိတဲ့ မိန်းကလေးဆိုရင်တော့ အဲဒီလိုစကား ပြောလာခဲ့ရင် ရှေ့ဆက် ပတ်သက်ဆက်ဆံချင်တော့မှာ မဟုတ်ဘူးလို့ပဲ ကျွန်မ ထင်တယ်လေ။ ဒါကြောင့် relation မပျက်အောင် ဘယ်လိုအပြောအဆို အပြုအမူနဲ့ ငြင်းဆန်သင့်သလဲ ဆိုတာတော့ ကျွန်မ အကြံမပေးတတ်ပါဘူး။

**အခုခေတ်လူငယ်တွေ sex နဲ့ love ကို မကွဲကြဘူး။ ဒီအရာနှစ်ခုဟာ ညီမျှခြင်းချလို့ရတဲ့ အရာ ဟုတ် မဟုတ် ဆရာမအမြင်**

Love ဆိုမှတော့ တပ်မက်တဲ့ Sex ဆိုတာနဲ့ တွဲနေမှာပါပဲ။ အချစ်ရဲ့ နောက်ဆုံးပန်းတိုင်ဟာ လက်ထပ်ခြင်းလို့ ဆိုကြတာကိုး။ ဒါပေမဲ့ အဲဒီနှစ်ခုကို တွဲသင့်တဲ့အချိန်ကြမှ တွဲကြရမှာပေါ့။ ချစ်သူဘဝမှာတော့ ခဏလေး စောင့်စည်းမျှသိပ်သင့်ကြတာပေါ့။ ဒီလို Sex ကိစ္စမပါဘဲ တစ်ယောက်နဲ့တစ်ယောက် ရင်ခုန်ကြည်နူးစရာလေးတွေ နားလည်နှစ်သိမ့်မှုလေးတွေနဲ့ ပဝါတစ်ကမ်းကာလဟာ နောင်တစ်ချိန်မှာ ဘယ်တော့မှပြန်မရနိုင်တော့တဲ့ တစ်သက်တာ တမ်းတကြည်နူးစရာ အချိန်လေးတစ်ချိန်ပါ။ လက်ထပ်ပြီးသွားခဲ့ရင် အဲဒီကာလကို ပြန်မရနိုင်တော့ဘူးလေ။ တစ်နည်းအားဖြင့် လက်တွေ့ကျကျပြောမယ်ဆိုလည်း လူတစ်ယောက် အပျိုလူပျိုဖြစ်တဲ့အချိန်ကာလက နေ အိမ်ထောင်ကျတဲ့ကာလအထိ အပိုင်းအခြားကာလဟာ ဘယ်လောက်မှ မရှည်ကြာလှပါဘူး။ အိမ်ထောင်ကျပြီးရင် နောက်အနှစ် သုံးလေးဆယ်ဒီကိစ္စနဲ့ တရင်းတနှီး နေသွားရတော့မှာ။ အဲဒီအချိန်ကျမှ ဟိုအရင်အချိန်လို ပြန်နေချင်လို့လည်း မရတော့ဘူး။

ကျွန်မ အိမ်ထောင်ကျပြီးတဲ့နောက် ကျွန်မတို့နှစ်ယောက်ရဲ့ ဘယ်အချိန်ကို ပြန်တမ်းတဆုံးလဲလို့မေးရင် တစ်ယောက်နဲ့တစ်ယောက် စိတ်ချင်းရင်းနှီးပေမယ့် လူချင်းက ခပ်စိမ်းစိမ်းနဲ့ မရဲတရဲလေး ပဝါတစ်ကမ်းလေး စကားပြောဆိုဆက်ဆံခဲ့ရတဲ့ အချိန်ကလေးကို ပြန်တမ်းတမိဆုံးပဲ။ ကျွန်မအမျိုးသားကိုမေးတော့ သူလည်း အဲဒီလိုပဲ။ ဘယ်အချိန်ကို ပြန်သွားချင်ဆုံးလဲ မေးရင် အဲဒီလိုအချိန်ကို ပြန်အသွားချင်ဆုံးပဲလို့ သဘောညီညီပြောဖြစ်ကြတယ်။ အဲဒီလို ကာလလေး ရှည်လျားခဲ့လေ ပိုပြီးအမှတ်ရတမ်းတစရာကောင်းလေဆိုတာကို ချစ်သူရည်းစားတွေ သိကြစေချင်ပါတယ်။

**အခုခေတ်မှာ မိန်းကလေးတွေက သူတို့ရဲ့ အပျိုစင်ဆိုတဲ့ ဂုဏ်ကို တန်ဖိုးထားမှုနည်းလာတာ ဘယ်လိုအကြောင်းတွေကြောင့်လို့ ဆရာမ ယူဆမိပါသလဲ။**

အဲဒီလိုဖြစ်လာတာဟာ အချက် ၃ ချက်ကြောင့်လို့ ကျွန်မထင်ပါတယ်။ နံပါတ် ၁ က ကမ္ဘာကြီးဟာ ရွာတစ်ခုလို ဖြစ်လာတဲ့အတွက် တခြားနိုင်ငံက ယဉ်ကျေးမှုတွေဟာ ကျွန်မတို့နိုင်ငံကို လွယ်ကူလျင်မြန်စွာ ထိုးဖောက်စိမ့်ဝင်လာကြပါတယ်။ သူတို့ရဲ့အဝတ်အစား အသုံးအဆောင်တွေသာမက သူတို့ယဉ်ကျေးမှုတွေကိုပါ လက်ခံလာကြတယ်။ အနောက်နိုင်ငံတွေမှာက အရွယ်



ရောက်ပြီး Sex အတွေ့အကြုံမရှိသေးရင်တောင် လှောင်ပြောင်အထင်သေးစရာတစ်ခုလို ဖြစ်နေကြတာကိုး။ နံပါတ် ၂ အချက်က အသိဉာဏ်စွမ်းအားချို့တဲ့လာတာပါ။ တချို့က ကိုယ့်ဘဝကို ကောင်းရာကောင်းကြောင်းလမ်းညွှန်ပေးမယ့်စာမျိုးကို မဖတ်ကြဘူး။ ဘဝရဲ့တန်ဖိုး၊ ကိုယ့်ရဲ့တန်ဖိုးကို နားမလည်ကြဘူး။ အဲဒီတော့ အတွေးအခေါ်ပေါ့တိမ်လာကြတယ်။ ရှည်ရှည်ဝေးဝေး လေးလေးနက်နက်တွေးတဲ့ အကျင့်မျိုးလည်း မရှိကြတော့ဘူး။ အဲဒီတော့ ကိုယ့်စိတ်ကို ထိန်းချုပ်နိုင်စွမ်းလည်း မရှိကြတော့ဘူး။ ဒါကတစ်ချက်ပါ။ နံပါတ် ၃ အချက်ကတော့ စီးပွားရေးအဆင်မပြေကြတာပါ။ ချစ်သူသက်တမ်းကြာလာပေမယ့်၊ အတူနေချင်ကြပေမယ့် တစ်အိုးတစ်အိမ်ထူထောင်ဖို့ အခြေအနေမပေးကြတော့ ဒီလိုပဲ အဆင်ပြေသလို တိတ်တိတ်ဆိတ်ဆိတ် ပေါင်းသင်းနေထိုင်ကြတာမျိုးတွေ ရှိလာကြပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မကတော့ ရှေးရိုးဆန်တယ်ပဲဆိုဆို တရားဝင်လက်မထပ်ခင်မှာ မလွန်ကျူးကြစေချင်ပါဘူး။ လူသိရှင်ကြား တရားဝင်လက်ထပ်ပေါင်းသင်းမှသာ Love ကို Sex နဲ့ ရောစေချင်တယ်။ အဲဒီလိုဆိုရင်ရနိုင်မယ့် အကျိုးကျေးဇူးတွေ အများကြီးရှိပါတယ်။

ချစ်သူဘဝမှာ ကိုယ့်ရဲ့အပျိုစင်ဆိုတဲ့ ဂုဏ်ကို တန်ဖိုးထားထိန်းသိမ်းမယ်ဆိုရင် -

(၁) စိတ်လုံခြုံမှုရမယ်။

(၂) ပတ်ဝန်းကျင်မှာ ဂုဏ်သိက္ခာရှိရှိနဲ့ လိပ်ပြာလုံလုံ နေထိုင်နိုင်မယ်။

(၃) ဒီရည်းစားနဲ့ပြတ်ခဲ့ရင်ဆိုပြီး စိုးထိတ်ကြောက်ရွံ့နေစရာမလိုသလို ရည်းစားနဲ့ကွဲပြီး နောက်တစ်ယောက်နဲ့လက်ထပ်မယ်ဆိုရင်လည်း လိပ်ပြာသန့်သန့်နဲ့ အိမ်ထောင်တစ်ခု ထူထောင်လို့ရမယ်။

(၄) Sex နဲ့ပတ်သက်တဲ့ ရောဂါဘယတွေ၊ ကိုယ်ဝန်တားဆီးဖို့ကိစ္စတွေအတွက် စိုးရိမ်စရာမလိုဘူး၊

(၅) ဒီလူနဲ့ပဲ လက်ထပ်ခဲ့မယ်ဆိုရင်လည်း နောင်တချိန် အိမ်ထောင်သည်ဘဝကို ရောက်တဲ့အခါ အပျိုလူပျိုဘဝ ပဝါတစ်ကမ်းကာလလေးကို တစ်သက်လုံး တသသဖြစ်နေလို့ရသေးတယ် ဆိုတာ ပြောချင်ပါတယ်။





Asian Fame Media Group

ခင်ဖာခြည်ကျော်

**အစ်မ နားလည်ထားတဲ့ ချစ်ခြင်းမေတ္တာ ဆိုတာ ဘယ်လိုမျိုးပါလဲ။**

အမှန်တော့ ချစ်ခြင်းမေတ္တာဆိုတာ တစ်ယောက်နဲ့ တစ်ယောက် တန်ဖိုးထားမှုပါပဲ။ မေတ္တာဆိုတာ ရောင်ပြန်ဟပ်ပါတယ်။ ကိုယ်က လူတစ်ယောက်ကို ၁၅၀၀ မေတ္တာနဲ့ပဲ ဖြစ်ပါစေ၊ ၅၂၈ မေတ္တာနဲ့ပဲ ဖြစ်ပါစေ၊ ၉၇၂ မေတ္တာနဲ့ပဲ ဖြစ်ပါစေ၊ ကိုယ်မေတ္တာထားလိုက်တာနဲ့ တစ်ဖက်လူက ပြန်ပြီး မေတ္တာထားလာတတ်ပါတယ်။

**အချစ်ကို အလေးထားမှုမှာ ယောကျ်ားတွေနဲ့ မိန်းမတွေရဲ့ ကွာခြားမှုကိုလည်း ပြောပြပေးပါ။**

ယောကျ်ားလေးနဲ့ မိန်းကလေးကကျတော့ မတူပြန်ဘူး။ ယောကျ်ားလေးတွေက မိန်းကလေး တစ်ယောက်ဆီကို ချဉ်းကပ်ချိန်မှာတော့ အရမ်းကို အလေးထားတယ်ပေါ့။ ကဲ ဒီမိန်းကလေးနဲ့သာ လက်ထပ်ခွင့် ရခဲ့ပြန်တော့လည်း နောက်ပိုင်းကျတော့ အဲဒီလို အလေးထားမှုက မရှိတော့ဘူး။ မိန်းကလေးကကျတော့ မဟုတ်ဘူး။ စစချင်းမှာ အဲဒီလောက်မဟုတ်ပေမယ့် ကြာလာလေ မိန်းကလေးက ပိုချစ်လာလေ။ သံယောဇဉ်ကြီးတယ်။ သံယောဇဉ်နဲ့ တိုးပြီး ပိုချစ်လာချိန်မှာ ယောကျ်ားလေးတွေကကျတော့ အဲဒီလိုမဟုတ်ဘဲ ပြောင်းပြန်ဖြစ်သွားတယ်။ ဒါက ဖြစ်နေကျသဘောတွေပါပဲ။

**အစ်မကိုယ်တိုင်ရော အချစ်နဲ့ ပတ်သက်လာခဲ့ရင် ဘယ်လို အမျိုးသမီးထဲမှာပါပါလဲ။**

လူဆိုတာလည်း တစ်ယောက်နဲ့တစ်ယောက် အကြိုက်ချင်းမတူပြန်ဘူး။ အကြိုက်ချင်းတူရင်လည်း အကုန်ရှန်သူတွေ ဖြစ်ကုန်တော့မှာပေါ့နော်။ အစ်မကကျတော့ ပြတ်သားတဲ့ထဲမှာ ပါတယ်။ အစ်မကချစ်ရင် အရမ်းချစ်တတ်တယ်။

'ဟင်' ပြီဆိုရင်လည်း ဘယ်လိုပဲလာပြီး ကောင်းပြ ကောင်းပြ မရတော့ဘူးဘဲ။ အဲဒီလိုလူမျိုးပါ။ အစ်မ အိမ်ထောင်တစ်ခုတည်ထောင်တယ်။ ကိုယ့်ဘက်ကနေ အကောင်းဆုံးကို အတတ်နိုင်ဆုံး ညှိနှိုင်းတယ်။ ဒါပေမဲ့ ဒီလိုညှိနှိုင်းတာတောင် မရ တော့လည်း အစ်မကပဲ ထားခဲ့ပေးလိုက်တယ်။ ထားခဲ့ပြီးချိန်မှာတော့ ဘယ်လိုပဲလာပြီး ပြန်ပတ် သက်ပတ်သက် လုံးဝမဖြစ်နိုင်တော့ဘူး။ ဒါက အစ်မရဲ့ စိတ်ပါပဲ။ အစ်မတို့မိန်းမတွေက ပြတ် သားကြတယ်။ ယောကျ်ားတွေက မပြတ်သားကြ ဘူး။ သူတို့ရဲ့စိတ်တွေက ထွေပြားတတ်တယ်။ တစ်မိသားနဲ့ တစ်မိသားက လူနှစ်ယောက်က တစ်သက်လုံး လက်တွဲသွားဖို့ဆိုရင် သစ္စာတရားက လည်း အရမ်းအရေးပါတယ်။ သူစိမ်းနှစ်ယောက်က တစ်သက်လုံးအတူတူနေကြဖို့ဆိုတာ သစ္စာတရား က အရေးပါတာပေါ့။

**သစ္စာဆိုလို့ သစ္စာမဲ့တဲ့ အမျိုးသားတွေနဲ့ ပတ်သက်ပြီးတော့ရော အစ်မဘယ်လိုသုံးသပ် ချင်ပါသလဲ။**

သစ္စာမဲ့တယ်ဆိုတာမှာလည်း ယောကျ်ား လေးက သစ္စာမဲ့တာ သင့်တော်နေပြန်တယ်။ မတရားဘူးနော်။ မိန်းကလေးကကျတော့ ဒီသစ္စာ ဆိုတာကို ရင်ဝယ်ပိုက်ပြီးနေရတာ၊ မိန်းကလေး က သူ့ရဲ့ဂုဏ်သိက္ခာ၊ သူ့အသိုင်းအဝိုင်းရဲ့ ဂုဏ် သိက္ခာကိုငဲ့ပြီး သစ္စာတရားကို အလေးထားတယ်။ သူတို့ယောကျ်ားတွေကကျတော့ ဒါတွေကိုအလေး မထားဘူး။ သူတို့က လွယ်လွယ်ပဲ သစ္စာမဲ့တတ်ကြ တယ်။ ငါတို့က ပိုက်ဆံရှာနိုင်တယ် မိန်းမ တစ်ယောက်မဟုတ်ဘူး၊ နှစ်ယောက်လည်း ရှာ ပေးနိုင်တယ်ဆိုပြီး ပိုက်ဆံရှာနိုင်တာနဲ့အမျှ သစ္စာ ကို တန်ဖိုးမထားတတ်ဘူး။ ပြီးတော့ သား၊ သမီး အပေါ် သံယောဇဉ်မှာလည်း အဖေနဲ့ အမေက ကွာတယ်။ အမေတွေကတော့ ခြော် ငါ့သား၊ ငါ့သမီးမျက်နှာထောက်ရမယ်ဆိုတဲ့ အတွေးက အချိန်တိုင်းမှာရှိနေတတ်တယ်။ ဒီတော့ မိန်းမ တွေက အရာရာကို ထိန်းချုပ်နိုင်တယ်။

**အချစ်ကြီးချစ်တတ်ကြတဲ့ မိန်းကလေးတွေ တချို့ကကျတော့လည်း ကိုယ့်အပေါ် မှာသစ္စာရှိ မယ့် လူလား မရှိမယ့်လူလား သေချာမသုံးသပ် တော့ဘဲ ကိုယ့်ဘဝတစ်ခုလုံး ပုံအပ်လိုက်ကြတယ်။ အဲဒီအပေါ် မှာရော အစ်မဘယ်လို ဆွေးနွေးချင်ပါ သလဲ။**

အစ်မကတော့ ကိုယ့်ဘဝအတွက် လက်တွဲ ဖော်ဆိုတာကိုအလျှင်စလိုနဲ့ မရွေးချယ်စေချင် ဘူး။ သေချာအချိန်ယူပြီး လေ့လာစေချင်တယ်။ အချစ်ကိုတန်ဖိုးထားတာ ကောင်းပါတယ်။ ကိုး ကွယ်နေရင်တော့ မှားသွားလိမ့်မယ်။ ဘာလို့လဲ ဆိုတော့ အစ်မတို့ မိန်းမသားတွေဆိုတာ အစစ အရာရာ စဉ်းစားရတာတွေ ငဲ့ညှာရတာတွေက များတယ်လေ။ ယောကျ်ားတွေဆိုတာက လေ့




ထား သုံးတစ်ဆင်းတာနဲ့ လူပျို ပြိုင်ဖြစ်တယ် ဆိုတာမျိုးပေါ့။ ဒီမှာက သေချာမစဉ်းစား မဆင်ခြင်ဘဲ အချစ်ကိုပဲ ကိုး ကွယ်ခဲ့ပြီး ဒီယောကျ်ားနဲ့ လက်ထပ်မိပြီ ဆိုရင်လည်း သူကသစ္စာမဲ့ခဲ့ရင် ကိုယ်က သည်းခံနိုင်လား။ တစ်သက်လုံး သည်းခံနိုင်ရင်တော့ သည်းခံပေါ့။ အဲ. . . သည်းမခံနိုင်လို့ ကွဲကြ ကွာကြ ဖြစ်ကြတော့လည်း ဒီ effect က မိန်းမတွေမှာ ပိုကြီး တယ်။ တစ်ခုလပ်ချင်း အတူတူ၊ ယောကျ်ားနဲ့ မိန်းမကို ပတ်ဝန်း ကျင်က မြင်တာချင်း မတူပြန် ဘူး။ ဒီမျက်လုံးတွေအောက်မှာ ဆက်ပြီးရှင်သန်ဖို့က ကိုယ် ဘယ်လောက်ခံနိုင်ရည်ရှိလဲ ရှိသေးတယ်။ ဒါကြောင့် ကိုယ့် ချစ်သူကို လေ့လာတာမှာ လည်း အချစ်ကြီးချစ်ရုံနဲ့ မဖြစ် သေးဘူး။ သူက ဘယ်လို လူမျိုးလဲဆိုတာပေါ် ချင့်ချိန် ရမယ်။ ဒါအရေးကြီးတယ်။



Asian Fame Media Group






## မယဉ်သစ်မြင့်ခိုင်

**အရင်ဆုံးအစ်မရဲ့ Profile လေးကို အကျဉ်းလေး ပြောပြပေးပါဦး အစ်မ။**

အစ်မက . . ဒါရိုက်တာ ဝင်းထွန်းထွန်းရဲ့ ဇနီးပါ။ မမိုးစက်ပွင့် @ Apple @ Cindy Win Tun Tun နဲ့မမိုးစက်သစ် @ ဆုန်ဆုန် @ Tammy Win Tun Tun ရဲ့အမေပေါ့။ အစ်မက Northern International Holding Group ရဲ့ ရန်ကုန်ရုံးခွဲမှာ Country Office Manager အဖြစ်နဲ့ ၂၀၀၂ တည်းက တာဝန်ထမ်းဆောင်ခဲ့တာ ခုထိပါပဲ။

**အိမ်ထောင်ရှင် တစ်ယောက်လည်း ဖြစ်တယ်။ ပြီးတော့ မိခင်တစ်ယောက်လည်းဖြစ်တော့ သစ္စာတရားဆိုတာကို အစ်မ ဘယ်လိုနားလည်ထားပါသလဲ။**

သစ္စာတရား ဆိုတာမျိုးက အိမ်ထောင်ရှင်ရယ်၊ မိခင်တစ်ယောက်ရယ်၊ ချစ်သူရယ်ဆိုတဲ့ သူတွေနဲ့ပဲ ဆိုင်တာမဟုတ်ဘူးလို့တော့ အစ်မက ထင်ပါတယ်။

လူရယ်လို့ဖြစ်လာရင် သစ္စာတရားဆိုတာကို တန်ဖိုးထားရမယ်လို့ ယူဆပါတယ်။ ရှေးတုန်းက ဆိုစကားတောင် ရှိခဲ့တယ်မဟုတ်လား။ 'စကားသစ္စာတည်သောခါတွင် နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏'တဲ့။ အစ်မ လက်ခံနားလည်သလောက် လူတိုင်း လူတိုင်း ကိုယ်ပျော်ဝင်ရတဲ့ ပတ်ဝန်းကျင်၊ ကိုယ်ကျင်လည်ရတဲ့ အသိုင်းအဝိုင်း၊ ကိုယ်ဆက်ဆံရတဲ့ လူတိုင်းအပေါ်မှာ အတတ်နိုင်ဆုံး သစ္စာစောင့်သိသင့်တယ်လို့ ထင်ပါတယ်။

**ချစ်သူနှစ်ဦး သို့မဟုတ် အိမ်ထောင်ဖက် အချင်းချင်းမှာ အချစ်စစ်မှ သစ္စာရှိမှာလား။ သစ္စာရှိမှ အချစ်စစ်မည်မှာလား။**

အစ်မထင်သလောက် ညာဏ်မီသလောက် ပြောရရင် အိမ်ထောင်ဖက်တွေကြား ချစ်သူတွေကြားထဲမှာ အချစ်စစ်နဲ့ သစ္စာဆိုတာ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ဆိုသလိုများ ဖြစ်နေမလားလို့ တစ်ယောက် အပေါ်မှာ တစ်ယောက်ထားတဲ့ အချစ်စစ်နိုင်မှ တစ်ယောက်နဲ့ တစ်ယောက် သစ္စာစောင့်သိနိုင်မှာပေါ့နော်။ တစ်ယောက်နဲ့ တစ်ယောက် သစ္စာစောင့်သိမှသာ အချစ်စစ်လို့ ခေါ်နိုင်မှာပေါ့။

ဒါပေမဲ့ . . . ခြွင်းချက်တစ်ခုရှိတာက ပိုချစ်တဲ့သူတွေက သစ္စာတရားဆိုတာကို ပိုစောင့်ထိန်းနိုင်ပါတယ်။ ပိုချစ်တယ်ဆိုတဲ့နေရာမှာ ကိုယ့်ချစ်သူ၊ လင်ယောကျ်ား၊ ဇနီးကို ကိုယ်က ပိုချစ်တယ်ဆိုတာလည်း ဖြစ်နိုင်သလို မိခင်တွေအတွက်

ကတော့ ကိုယ့်ရင်ကဖြစ်လာတဲ့ ကိုယ့်သား ကိုယ့်သမီးကို ပိုချစ်တာလည်း ဖြစ်နိုင်ပါတယ်။

တရားနည်းလမ်း ကျချင်မှတော့ ကျနိုင်ပေမယ့် အစ်မ ခံစားနားလည် ကြုံတွေ့မိသလောက်တော့ အစ်မတို့မိန်းမတွေ၊ အထူးသဖြင့် မိခင်တွေဟာ သားသမီးဆိုတဲ့ နှောင်ကြိုးတွေကြောင့် သစ္စာဆိုတဲ့အရာကို ပိုစောင့်ထိန်း တန်ဖိုးထားနေကြသလားလို့ပါ။

**လူနှစ်ဦးချစ်ကြလို့ လက်ထပ်ခဲ့ပြီးတဲ့အချိန် နောက်ပိုင်းကာလတွေအတွက် သစ္စာရှိရှိနဲ့ ချစ်နေနိုင်ကြဖို့ဆိုရင် ဘယ်လိုအချက်တွေ လိုအပ်ပါသလဲ။**

ကိုယ့်အပေါ်မှာသစ္စာရှိတဲ့ အမျိုးသား ဟုတ်မဟုတ်ဆိုတာကို သူနဲ့လက်မထပ်ခင်မှာ ဘယ်လိုနည်းတွေနဲ့ စမ်းသပ်ပြီး သိနိုင်မလဲ။ ( မေးခွန်းက အဲဒါကို ဆိုလိုတာလား မသိဘူးနော်။)

အစ်မ နားလည်သလောက်တော့ လူတစ်ယောက် (အထူးသဖြင့် ကိုယ့်ချစ်သူတစ်ဖြစ်လဲ ကိုယ့်အိမ်ထောင်ဖက်ပေါ့လေ) ကိုယ့်ပေါ်မှာတကယ်သစ္စာရှိမရှိဆိုတာ သူ သစ္စာမဖောက်မဖျက်ဘဲ အသက်သေဆုံးသွားမှသာ သူ ကိုယ့်အပေါ်မှာထားခဲ့တဲ့ သူ့သစ္စာတရားကို အစ်မတို့မှတ်ကျောက်တင်နိုင်မယ် မဟုတ်လားဟင်။

ဥပမာ ဆိုကြပါစို့။ သူနဲ့ကိုယ်နဲ့ မယူခင်မှာ သူ့ကို ကိုယ်က အမျိုးမျိုးအဖုံဖုံ စမ်းသပ်စစ်ဆေးနိုင်ကြည့်မယ်ဆိုတဲ့ စိတ်တစ်ခုတည်းနဲ့ ရင်ဆိုင်သွားမယ်ဆိုရင် အကောင်းဆုံးပါပဲ။

**မြန်မာပြည်ရဲ့ တစ်လင် တစ်မယားစနစ်ကိုရော အစ်မဘယ်လို သုံးသပ်ချင်ပါသလဲ။**

တစ်လင်တစ်မယားစနစ်ဆိုတာ ကျန်းမာရေးရှုထောင့်က ကြည့်မယ်ဆိုရင် မြန်မာပြည်မှာမှ မဟုတ်ပါဘူး၊ တစ်ကမ္ဘာလုံးက သုံးစွဲသင့်တဲ့စနစ်ပါ။ ဒါပေမဲ့လည်း လူကိုး။ 'ယောက်ျားကောင်းမောင်းမတစ်ထောင်ဟေ့' ရယ်လို့လက်ခမောင်းခတ်ချင်တဲ့ အမျိုးသားတွေအတွက်တော့ ဒီစနစ်ဟာ ဘယ်အသုံးဝင်ပါ့မလဲ။ 'မိန်းမကောင်းပန်းကောင်း တစ်ပွင့်ပန်' ဆိုတဲ့စကားကို မြတ်နိုးတဲ့



ဒါကတော့ အစ်မ အမြဲမရိုးနိုင်အောင်ဖြေဖူးတဲ့ အဖြေတစ်ခုပါ။ လူနှစ်ဦးချစ်ကြလို့ လက်ထပ်ပြီးတဲ့အချိန် နောက်ပိုင်းကာလတွေအတွက် သစ္စာရှိရှိနဲ့ ချစ်နေနိုင်ကြဖို့ဆိုရင် လိုအပ်တဲ့အချက်က တစ်ချက်တည်းပါ။ အဲဒါကတော့ . . ' တစ်ဦးအပေါ်တစ်ဦး ယုံကြည်ခြင်း' ပါ။

**ကိုယ့်အပေါ်မှာ သစ္စာရှိတဲ့ အမျိုးသားတစ်ယောက် ဟုတ်မဟုတ်ဆိုတာကို အဲ့ဒီအမျိုးသားနဲ့ လက်မထပ်ခင်မှာ သိနိုင်ဖို့ဆိုရင် ဘယ်လိုအချက်တွေနဲ့ ဆန်းစစ်ကြည့်နိုင်လဲ။**

ကြည့်တယ် ဆိုပါတော့၊ အိုကေ. . . ကာယကံ၊ ဝစီကံတွေမှာ သူအမှတ်ပြည့် ရနိုင်တယ်ပဲထား။ သူ့မနောကံကို ကိုယ်တကယ်ပဲ ရဲရဲဝံ့ဝံ့အမှတ်ပြည့်ပေးရဲသလား။ အစ်မ အမျိုးသားတွေကို စော်ကားပုတ်ခတ်တာ မဟုတ်ဘူးနော်။ အစ်မ ဆိုလိုချင်တဲ့ သဘောက ဘယ်လိုအရာတွေနဲ့မှ စမ်းသပ်မနေပါနဲ့။ ယုံကြည်မှုတစ်ခုနဲ့ အချစ်တစ်ခုကိုအခြေခံပြီး ဒီယောက်ျားကို လက်တွဲမယ်လို့ သေချာဆုံးဖြတ်ပြီးပြီဆိုရင်တော့ တွေ့ကြုံလာသမျှကို ကောင်းရင်လည်းစံမယ်၊ ဆိုးရင်လည်း ခံမယ်။ ဘယ်သူသစ္စာဖျက်ဖျက် ကိုယ့်အိမ်ထောင်အပေါ် ကိုယ်ကသစ္စာ

အစ်မတို့လို မြန်မာအမျိုးသမီး မိခင်တွေအတွက်ကတော့ တစ်လင်တစ်မယားစနစ်ဆိုတာ အတိုင်းထက်အလွန်ပါပဲ။ ဖြစ်ချင်တိုင်း ဖြစ်ခွင့်မရလို့၊ အကြောင်း အမျိုးမျိုးကြောင့် အိမ်ထောင်ပြိုကွဲလိုက်ရတဲ့ အမျိုးသမီးတွေကတော့ ခြွင်းချက်ပေါ့လေ။

**ဖြိုးစုပိုပို**

Asian Fame Media Group



မယားဝတ္တရားငါးပါးထဲမှာ 'အိမ်တွင်းမှုလုပ် သိမ်းထုပ်သေချာ' ဆိုတာ ပါပါတယ်။ ဒါပေမဲ့ ဒီနေ့ခေတ်မှာတော့ ကျွန်မတို့ မိန်းမသားတွေက အိမ်တွင်းမှုအလုပ်လုပ်ရုံ ခင်ပွန်းရှာပေးတဲ့ ပိုက်ဆံကို သိမ်းထုပ်ရုံအဆင့်နဲ့ မကျေနပ်ကြတော့ပါဘူး။ ကျယ်ပြန့်လှတဲ့ စီးပွားရေးနယ်ပယ်ထဲကို ခြေဆန့်လာကြပါပြီ။ စည်းစနစ်ကျနသေချာတတ်တဲ့ အမျိုးသမီးတွေက စီးပွားရေးနယ်ပယ်မှာလည်း အောင်မြင်မှုတွေ ရနေပါတယ်။ ဒီလိုအမျိုးသမီးတွေထဲက တစ်ယောက်ဖြစ်တဲ့ Royal Gems ရဲ့ ပုံကိုင်ရှင် မမေစစ်အေး @ မမနဲ့ ရတီအမျိုးသမီးပရိသတ် အတွက် Beyond the Women ကဏ္ဍကနေ တွေ့ဆုံပေးလိုက်ပါတယ်။

# Beyond The Women

## Ma Ma

arranged by phyoe su po po

Asian Fame Media Group
GROUP MEDIA



**အဆိုတော် 'မမ'နဲ့ စီးပွားရေးလုပ်ငန်းရှင် 'မမေစစ်အေး' ရဲ့ ကွာခြားမှုလေးလည်း ပြောပြပေးပါဦး။**

အဆိုတော် မမဘဝနဲ့ စီးပွားရေးလုပ်ငန်းရှင် မမေစစ်အေး ဘာကွာခြားသလဲဆိုတော့ မမက အဆိုတော်ဘဝကို ထဲထဲဝင်ဝင်မလုပ်ဖြစ်ခဲ့ဘူးလေ၊ အဲဒီအချိန်က ငယ်ရွယ်တဲ့အချိန် mature မဖြစ်သေးဘူးဆိုတော့ လုပ်ချင်တာလုပ်မယ်၊ ပျော်မယ်၊ ဒီလောက်ပါပဲ။ ဘာအပူအပင်မှ မရှိခဲ့သလို လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးပဲ နေခဲ့တာပါ။ စီးပွားရေးတစ်ခုကို စလုပ်လာတဲ့အခါမှာကျတော့ အသက်အရွယ်အားဖြင့်လည်း ရင့်ကျက်လာပြီး တွေးခေါ်နိုင်တဲ့ ဦးနှောက်တွေလည်း Develop ဖြစ်နေပြီလေ။ အစစအရာရာကို ချင့်ချိန်ပြီးမှ လုပ်ပါတယ်။

မမတို့ရဲ့ ဆရာတော်အရှင်ဆေကိန္ဒက ပြောဖူးတယ်။ အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင် ကိုယ့်မှာ အတွေးအခေါ်ရှိတိုင်း ကိုယ်မှန်တယ်ထင်ပြီး အရမ်းအရမ်းမလုပ်ဖို့ပေါ့။ ကိုယ့်ထက်အသက်ကြီးသူတွေ ကိုယ့်မိဘ (ဆရာသမားစသည်ဖြင့်ပေါ့) သူတို့ရဲ့အတွေ့အကြုံတွေကို လက်ခံနာယူပြီးမှ မိဘ၊ ဆရာတွေရဲ့ အတွေ့အကြုံနဲ့ ကိုယ့်ရဲ့အတွေးအခေါ်ကိုပါ ထည့်စဉ်းစားပြီး လုပ်ဖို့ တရားတစ်ပုဒ်ဟောခဲ့ဖူးပါတယ်။ အဲဒီစကားလေးကို အမြဲခေါင်းထဲထည့်ပြီး ကိုယ့်ကိုယ်ကိုယ် Control လုပ်ပါတယ်။ အဓိကကွာခြားသွားတာကတော့ ငယ်စဉ်က ကိုယ့်စိတ်ကိုယ် Control မလုပ်နိုင်ခဲ့ဘူး။ အခု တော်တော်လေး လုပ်နိုင်နေပါပြီ၊ ကိုယ်လုပ်ချင်တာရှိခဲ့ရင်တောင်မှ တကယ်လုပ်သင့်မှပဲ လုပ်ဖြစ်တော့တယ်။

ကိုယ့်ထက်အတွေ့အကြုံရှိသူတွေဆီက အမြဲတမ်း Learn လုပ်ပါတယ်။ သူတို့ကလည်း သူတို့ရဲ့ Knowledge တွေကို Share လုပ်ပေးကြပါတယ်။ ဒါကလည်း မမရဲ့ပတ်ဝန်းကျင်က ဆရာသမားကောင်း၊ မိတ်ဆွေကောင်းတွေရဲ့ ကျေးဇူးကြောင့် မမ ပိုရင့်ကျက်လာရတာပါ။

**အခုချိန်မှာရော အနုပညာအလုပ်တွေလုပ်ဖို့အတွက် စိတ်ဝင်စားမှုရှိသေးလား။**

အခုချိန်မှာ အနုပညာအလုပ်တွေလုပ်ဖို့ဆိုရင်တော့ မမစိတ်မဝင်စားတော့ပါဘူး။ ဘာလို့လဲဆိုတော့ မမမှာ သမီးလေး ၂ ယောက်ရှိနေပြီလေ။ သူတို့လေးတွေ လိမ္မာရေးခြားရှိဖို့က မိဘတွေရဲ့အပေါ်မှာ အများကြီးမူတည်တယ်လေ။ မမက အလုပ်များတော့ အလုပ်အားတဲ့အချိန်မှာ သူတို့လေးတွေကို အချိန်ပေးရတယ်။ နောက်တော့ ကိုယ့်မိဘတွေက အသက်ကြီးနေပြီလေ။ ကိုယ်ပြန်ပြုစုရတဲ့အချိန် ရောက်နေပြီ၊ ပြီးတော့ ကိုယ်ယုံကြည်တဲ့ ဘာသာရေးကိုလည်း ကိုယ်တတ်နိုင်သလောက် အချိန်ပေးပြီး လုပ်ဖြစ်တယ်၊ အဲဒီလိုနဲ့ပဲ အနုပညာအလုပ်တွေလုပ်ဖို့ မစဉ်းစားဖြစ်တော့ပါဘူး။

**မမ တကယ်ဖြစ်ချင်ခဲ့တဲ့ အိပ်မက်တရော ဘာဖြစ်မလဲ။**

ငယ်စဉ်ကတည်းက ဖြစ်ချင်ခဲ့တဲ့ အိပ်မက်ကတော့ အောင်မြင်တဲ့ Woman Entrepreneur တစ်ယောက်ပေါ့နော်။ ဒါပေမဲ့ Biz Organization တစ်ခု အောင်မြင်စွာရပ်တည်နိုင်ဖို့ ကိုယ့်ရဲ့ Object နဲ့အညီ Goal ကိုရောက်ဖို့ အရမ်းကြိုးစားရပါတယ်။ ကိုယ့်ရဲ့ ကာ၊ ဉာဏ်၊ ဝီရိယနဲ့ စေတနာတွေ အကုန်လုံးစိုက်ထုတ်ပြီး ရင်းနှီးပေး

Asian Fame Media Group

ဆပ်ရပါတယ်။ မမလည်း အခုချိန်ထိ ကြိုးစားနေဆဲပါ။

**Royal Gems စဖွင့်ဖြစ်ခဲ့တဲ့အကြောင်းလေး ပြောပြပါဦး။ စီးပွားရေးလုပ်ငန်းတွေ အများကြီးရှိတဲ့အထဲမှာမှ လက်ဝတ်ရတနာနဲ့ ပတ်သက်တဲ့ လုပ်ငန်းမျိုးကိုရွေးပြီး လုပ်ခဲ့တာဆိုတော့ အစ်မကိုယ်တိုင်ရော လက်ဝတ်ရတနာတွေ၊ ကျောက်မျက်တွေကို နှစ်သက်ပါသလား။**


RG စဖွင့်ဖြစ်ရတဲ့အကြောင်းကတော့ မမက အရင်ကတည်းက Jewellery ကို စိတ်ဝင်စားတယ်လေ။ မမ MBA တက်တော့ MBA ရဲ့ Thesis မှာလည်း Jewellery Marketing in Myanmar ဆိုပြီး လုပ်ခဲ့တယ်။ Thesis ပြီးဖို့ Research Data တွေ အများကြီးကို Collect လုပ်ရတယ်၊ Jewellery Customer တွေရဲ့ Behaviour တွေ၊ ကမ္ဘာကျော်တဲ့ Myanmar Gems တွေအကြောင်း စသည်ဖြင့် လေ့လာရင်းနဲ့ ပိုပြီးစိတ်ဝင်စားလာပါတယ်။ အခုဆိုရင် Myanmar Gems တွေဟာ တကယ့်ကို ရှားပါးပြီး တန်ဖိုးရှိလာပြီလေ။ Gems & Jewellery ကို Investment လုပ်တာ အကောင်းဆုံးနဲ့ သင့်တော်မယ်လို့ ထင်မိတယ်။ ကိုယ်လည်း စိတ်ဝင်စားမှုရှိတယ်၊ ဒီ Business နဲ့ ပတ်သက်တဲ့ Biz Plan ၊ Marketing Plan တွေကလည်း မမမှာ အဆင်သင့်ရှိပြီး သား ဆိုတော့ ဒီလမ်းကြောင်းတွေကိုရွေးဖို့ အားသာသွားတာပါ။

အဆင်သင့်ရှိပြီးသား Business Plan တွေ ဆိုပေမယ့် Implement လုပ်နိုင်ဖို့ကျတော့ ကိုယ်တစ်ယောက်တည်းနဲ့ မလုံလောက်ဘူးလေ။ Team Work နဲ့လုပ်မှရတဲ့ Business ဆိုတော့ ပထမဆုံး ဝန်ထမ်းခန့်ဖို့ လုပ်ရတယ်၊ လိုအပ်သလို Out Source လုပ်ပြီးတော့ Thai က Technician တွေလည်း ခေါ်ရပါတယ်။ Thai က ပညာရှင်တွေကမှ ကိုယ့်ရဲ့ဝန်ထမ်းတွေကို ပညာရပ်ပိုင်းဆိုင်ရာတွေ ပြန်ပြီး Training ပေးပါတယ်။ အစပထမမှာတော့ ပြဿနာနည်းနည်းရှိတယ်။ Language ပြဿနာပေါ့နော်။ ကြာလာတော့လည်း သူ့ဟာနဲ့သူ အဆင်ပြေသွားပါတယ်။ ဒါက Production ပိုင်းပါ။

Sale & Marketing ပိုင်းတွေကိုလည်း Strategy ဖြစ်တဲ့ Sale Promotion Advertising၊ Customer Relationship Management (CRM) တွေကို အရင်ပြင်ဆင်ရပါတယ်။ ကိုယ့်ရဲ့ ဝန်ထမ်းတွေကိုလည်း Customer တွေနဲ့ မဆက်ဆံခင်မှာ အချင်းချင်း Transparency ရှိဖို့၊ Relation ကောင်းဖို့ Service ပေးတတ်ဖို့၊ Hygiene ကောင်းဖို့ အစရှိတာတွေကို Train လုပ်ပေးပါတယ်။ လိုအပ်တဲ့ Source တွေ အဘက်ဘက်က ပြည့်စုံလုံလောက်တဲ့ အခါမှ ဒီဆိုင်ကို ဖွင့်ဖြစ်ခဲ့တာပါ။

**Jewellery Design တွေနဲ့ ပတ်သက်ပြီးတော့ရော RG က Design တွေက ဘယ်လို Design မျိုးတွေ အဓိကထားတာပါလဲ။**

လူတွေရဲ့ Life Style Change လာတာနဲ့ အမျှ Fashion Trend တွေလည်း ပြောင်းလာတယ်လေ။ ပွဲတက်ဝတ်စုံတွေကို ဒီဇိုင်းနာနဲ့ ချုပ်လာကြသလို Jewellery ကိုလည်း ဒီဇိုင်းအမျိုးမျိုး



ပုံဖော်ပြီး ဝတ်ဆင်လာကြတယ်။ ဒါကြောင့် Customer တွေရဲ့ အလိုတွေကို ဖြည့်နိုင်ဖို့ Royal Gems မှ ဒီဇိုင်းတွေကို Unique ဖြစ်အောင် လုပ်ပေးပါတယ်။ တစ်ခါတစ်ရံမှာ International ဒီဇိုင်းတွေကို refer လုပ်ရသလို ဒီဇိုင်းတွေကို မိုးကုတ် Gems တွေနဲ့ဖြန့်ပြီး create လုပ်ရပါတယ်။ Royal Gems မှာ Magnificent Jewellery နဲ့ Vintage Jewellery ကို အဓိကထားပါတယ်။

**ကျောက်မျက်ရတနာတို့ လက်ဝတ်ရတနာဆိုတာမျိုးက ဝယ်ယူသူတွေ အလေးထားပြီးမှ ဝယ်လေ့ရှိတဲ့ ပစ္စည်းမျိုးဆိုတော့ အစ်မတို့ဆိုင်က ပစ္စည်းတွေကို အရည်အသွေးနဲ့ ပတ်သက်ပြီး ဘယ်လိုအာမခံမှုမျိုးပေးထားလဲ။**

ကျောက်မျက်ရတနာမှ မဟုတ်ပါဘူး။ ဘယ် Product ကိုမဆို ဝယ်သူ Customer တိုင်းက အလေးထားပြီး ဝယ်တာပဲလေ။ အခုခေတ်မှာ Customer ကို Cheek လုပ်လို့မရပါဘူး။ Royal Gems ရဲ့ Product တွေက ကိုယ့်ရဲ့ Workshop မှာပဲကိုယ်လုပ်တာပါ။ Work Shop ကိုလည်း ဦးညီညီတာက Manage လုပ်ပါတယ်။ Gold Costing ပိုင်းကို သူက တာဝန်ယူထားတဲ့အတွက် Gold Quality ကို ကောင်းကောင်း Control လုပ်နိုင်ပါတယ်။

Royal Gems ရဲ့ Jewellery ဝယ်တဲ့ Customer တွေအပေါ်မှာ Product သေးသေးလေးကနေ အကြီးကြီးအထိကို Gold Quality တစ်မျိုးတည်းကိုပဲသုံးပါတယ်။ Gems ဆိုရင်လည်း မြန်မာ့တွင်းထွက်အစစ်တွေကို အဓိက အသုံးပြုပြီး ထုတ်လုပ်ပါတယ်။

**အိမ်ထောင်ရှင်မတစ်ယောက်အနေနဲ့ စီးပွားရေးလုပ်ရတာ ပိုပြီးပင်ပန်းခက်ခဲတယ်လို့ ပြောကြတယ်၊ အဲဒီစကားကို အစ်မလက်ခံလား။**

အိမ်ထောင်ရှင် အမျိုးသမီးတစ်ယောက်အနေနဲ့ စီးပွားရေးလုပ်တာ ပိုခက်ခဲတယ်ဆိုတာလား။ Physically အားဖြင့်တော့ မှန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုခေတ်အမျိုးသမီးတွေ တော်တော်များများက Business လုပ်နေကြရသလို အိမ်မှုကိစ္စတွေကိုလည်း ပစ်ထားလို့မရဘူးလေ၊ Manage လုပ်ရသေးတယ်။ ဒါကြောင့် အပြင်မြင်ကြည့်ရရင်တော့ ခက်ခဲတယ်လို့ ဆိုရမှာပေါ့နော်။ ကိုယ်လုပ်နေတဲ့ Organization မှာ ကိုယ်ပျော်နေရင်တော့ ပင်ပန်းခက်ခဲတယ်ဆိုတာ မရှိပါဘူး။

**အမျိုးသမီးတစ်ဦးအနေနဲ့ အလုပ်လုပ်မယ်ဆိုရင် ဘယ်လိုစိန်ခေါ်မှုတွေ ကြုံတွေ့နိုင်ပါသလဲ။**

ယခုခေတ် Generation တွေမှာ Woman Entrepreneur တွေ များလာပြီလေ။ ယောကျ်ားမိန်းမ ခွဲခြားလုပ်တာတွေလည်း မရှိတော့ပါဘူး။ ဒါပေမဲ့ မိရိုးဖလာအရ လက်မခံသေးကြတာတော့ နည်းနည်းရှိတာပေါ့နော်။ ယခုခေတ် မြန်မာပြည်ရဲ့ Business တွေမှာ FMCG ၊ Icon၊ Construction ၊ Real Estala Jewelry ဆိုပြီး Biz Factor တွေ အများကြီးရှိလာတဲ့အထဲမှာ Jewel နှင့် Real Estate မှာ မိန်းမတွေဦးဆောင်လာကြတာ တွေ့ရပါတယ်။ စိန်ခေါ်မှုတွေကလည်း အမျိုးသမီးရယ်မှ မဟုတ်ပါဘူး။ ဘဝမှာ Challenges တွေဆိုတာ အမြဲရှိနေတာပါ။ ဒါကလည်း ကိုယ့်ရဲ့စွမ်းရည်သတ္တိကို စမ်းသပ်နေတာမဟုတ်လား။ ကိုယ်က အကောင်းဆုံး လုပ်ပြနိုင်ဖို့ပဲလိုပါတယ်။

**ကိုယ့်ကိုယ်ကိုယ်ရော မိန်းမသားတစ်ယောက်ဖြစ်ရတဲ့အတွက်ဆိုပြီး စိတ်ပျက်တာမျိုး ဖြစ်ဖူးလား။**

မိန်းမသားဖြစ်ရတာကို တစ်ခါမှ စိတ်မပျက်မိပါဘူး။ ပိုပြီးတောင် ဂုဏ်ယူမိပါသေးတယ်၊ မြန်မာနိုင်ငံအနေနဲ့ပဲ ပြောရင်တောင် ရဟန်းသိက္ခာ ဝိနည်းနဲ့အညီနေထိုင်တဲ့ စာတတ်ပေတတ်ဆရာတော်ကြီးတွေဖြစ်တဲ့ ရှင်ဆောက်နှတို့လို ရဟန်းသံဃာတွေကို မွေးပေးခဲ့တာလည်း မိန်းမတွေပဲလေ။ မိန်းမဖြစ်ဖြစ် ယောကျ်ားရယ်မှ မဟုတ်ပါဘူး ဘယ်လိုအဝပဲဖြစ်ဖြစ် အဓိကစိတ်ထားတတ်ရင် နေပျော်ပါတယ်။

**အစ်မလုပ်ခဲ့ရတဲ့ စီးပွားရေးလုပ်ငန်းအတွေ့အကြုံအရ အစ်မ ဘယ်လိုအခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရဖူးလဲ။ အခက်အခဲတွေနဲ့ ရင်ဆိုင်ရချိန်မှာရော အစ်မ ဘယ်လိုကျော်လွှားလေ့ရှိပါသလဲ။**

အခက်အခဲဆိုတာမျိုးကတော့ အမြဲတမ်းရှိနေတာပဲလေ။ အဲဒီအခက်အခဲနဲ့ ရင်ဆိုင်ရတဲ့အချိန်မှာ ဖြေရှင်းနိုင်တဲ့ Ability ရှိဖို့ပဲ အဓိကလိုတာပေါ့နော်။ Competition တွေများတဲ့ လောကကြီးမှာ Biz တစ်ခုကို ရပ်တည်နိုင်ဖို့ အခက်အခဲဆိုတာ အမြဲဒွန်တွဲနေတာပါပဲ၊ အခက်အခဲတစ်ခုကို ရင်ဆိုင်ရတိုင်း အဲဒီအခက်အခဲတွေကို မဖြေရှင်းခင် ကိုယ့်စိတ်ကိုငြိမ်အောင် စိတ်ချမ်းသာအောင် အရင်ဆုံးကြိုးစားပြင်ဆင်တယ်။ ပြီးမှ အကောင်းဆုံးဖြစ်အောင် ဖြေရှင်းတယ်။ အဲဒီလို အခက်အခဲတွေကို ရင်ဆိုင်ရင်း ဖြေရှင်းရင်းမှ ကိုယ့်ရဲ့ဉာဏ်တွေ၊ အရည်အချင်းတွေ၊ စိတ်ဓာတ်တွေ ပိုပြီးရင့်ကျက်လာတာကိုလည်းတွေ့ရတယ်။ ဘယ်လို Entrepreneur မှ အခက်အခဲတွေကို မကျော်လွှားဘဲ မအောင်မြင်နိုင်ပါဘူး။

**ဣတ္ထိရုပ်ခန့်လို့ ပြောကြတယ်။ မိန်းကလေးတစ်ယောက်အတွက် ရုပ်ရည်ရူပကာလှပမှုက ဘယ်လောက်ထိ အရေးပါတယ်လို့ အစ်မ ယူဆထားလဲ။**

မိန်းကလေးတစ်ယောက်အတွက် ရုပ်ရည်ရူပကာလှပမှုက အလွန်ဆုံး ၃၀ ရာခိုင်နှုန်းလောက်တော့ အရေးပါတယ်လို့ ထင်တာပဲ။ ဒါက မမရဲ့ အမြင်ကို ပြောတာပေါ့နော်။ လောကမှာ ရုပ်လှဖို့ထက် စိတ်လှဖို့က ပိုအရေးကြီးတယ်လို့ မမထင်တယ်ညီမရယ်။ ရုပ်ပိုင်းဆိုင်ရာမှာ မလှရင် အခုခေတ်မှာက အကုန်လှအောင် ပြင်လို့ရနေပြီလေ။ အသားအရေဆိုရင်လည်း Skin Care တွေမျိုးစုံ ရှိနေတာပဲ။ တချို့ကျတော့ ရုပ်လှတာက အရေးကြီးတယ်လို့ လက်ခံကြတာလည်း ရှိမှာပေါ့လေ။ ဘယ်လောက်ပဲ ရုပ်ရည်ချောမောနေပါစေ စိတ်ထားမကောင်းရင် သူ့မျက်နှာမှာ အကြည်ဓာတ်ဆိုတာ မရှိတော့ဘူးပေါ့နော်။ တချို့ဆိုရုပ်က မလှဘူး ဒါပေမဲ့ စိတ်ထားသိပ်ကောင်းတယ်။ သူ့မျက်နှာကို ကြည့်ရရင် ကြည်နေတာပဲ၊ သူနဲ့စကားပြောမိရင်လည်း စိတ်ချမ်းသာတယ်။ လူတစ်ယောက်အတွက် ရုပ်ထက် စိတ်ကပိုအရေးကြီးပါတယ်၊ အဓိကကတော့ စိတ်ရှင်းရှင်းထားပြီး ကိုယ့်စိတ်ချမ်းသာအောင် အရင်ဆုံး ပြုပြင်သင့်ပါတယ်။ လူဆိုတာတော့ စိတ်ညစ်စရာဆိုတာ တွေ့ကြုံနေရတာပဲလေ။ မမကတော့ စိတ်ညစ်စရာဖြစ်ဖြစ်၊ စိတ်တိုစရာပဲဖြစ်ဖြစ် စိတ်ထဲမှာ ကြာကြာထားပြီး မခံစားဘူး၊ သူငယ်ချင်းပေါင်းရင်လည်း ရုပ်လှတာ၊ ဂုဏ်ပကာသနရှိတာတွေကြည့်ပြီး မပေါင်းဘူး။ စိတ်လှပြီး စိတ်ရင်းကောင်းတဲ့အပေါ်မှာပဲ ပေါင်းတယ်။ မကောင်းတဲ့ စိတ်ဓာတ်ဆိုတာ ကူးလွယ်တယ်လေ။ မမရဲ့ အပေါင်းအသင်းတွေထဲမှာ ရုပ်လှချင်မှ လှမယ်၊ လူချမ်းသာချင်မှ ချမ်းသာမယ်။ ဒါပေမဲ့ စိတ်ရင်းကောင်းတဲ့သူကိုတော့ ပိုပြီး close ဖြစ်တယ်၊ ပိုပြီးလည်း Respect ရှိတယ်။ အဓိက မမ ပြောချင်တာက မိန်းကလေးတစ်ယောက်မှာ ရုပ်လှဖို့ထက် စိတ်လှဖို့က ပိုအရေးကြီးတယ်၊ ပိုတန်ဖိုးရှိတယ်လို့ ပြောချင်ပါတယ်။

**အလုပ်တွေ လုပ်နေရတဲ့ မိခင်တစ်ဦးအနေနဲ့ မိသားစုအပေါ်မှာ လစ်ဟင်းမှုတွေ ရှိသွားတာမျိုးရော ဖြစ်ဖူးလား။**

အလုပ်လုပ်နေရတဲ့ မိခင်တစ်ယောက်အနေနဲ့ မိသားစုအပေါ်မှာ တစ်ခါတစ်ရံ လစ်ဟင်းမှုတွေတော့ ရှိသွားတတ်တာပေါ့နော်။ ကိုယ်သတ်မှတ်ထားတဲ့ အလုပ်ချိန်မှာ အလုပ်တွေကို အပြီးလုပ်တယ်။ တစ်ခါတလေမှာ အလုပ်ကို လောဘကြီးသွားတာတော့ ရှိတာပေါ့။ မိသားစုအတွက်လည်း သတ်သတ်မှတ်မှတ် အချိန်ပေးပါတယ်။ ဒီကြားထဲမှာ လူမှုရေးကိစ္စတွေကိုလည်း အချိန်ပေးပြီး မလစ်ဟင်းရအောင် ကြိုးစားပြီး Self Manage လုပ်ပါတယ်။ လူမှုရေး၊ စီးပွားရေး၊ မိသားစု ဒီ ၃ ခုကို မျှတအောင်လုပ်နိုင်မှပဲ အောင်မြင်တဲ့လူတစ်ယောက် ဖြစ်နိုင်မှာပါ။

**ကိုယ့်မိသားစုအပေါ် နက်ရှိုင်းတဲ့သံယောဇဉ်က အမျိုးသားတွေထက် အမျိုးသမီးတွေမှာ ပိုပြီး**

Asian Fame Media Group

**ရှိတတ်တာ ဘယ်လိုအကြောင်းပြချက်တွေကြောင့်လို့ အစ်မထင်ပါသလဲ။**

ကိုယ့်မိသားစုအပေါ်မှာ ထားတဲ့ နက်ရှိုင်းတဲ့ သံယောဇဉ်ဆိုတာ အမျိုးသမီး၊ အမျိုးသားရယ်မှ ပို၊ လိုတယ်ဆိုတာ မရှိပါဘူး။ လူတစ်ယောက်ရဲ့ စိတ်ပေါ်မှာပဲ မူတည်ပါတယ်။ မမအမျိုးသားဆိုရင် ကလေးတွေရဲ့ တာဝန်၊ အိမ်ထောင့်တာဝန်တွေကို သူ နိုင်သလောက် တာဝန်ယူတယ်၊ မမလည်း ကိုယ်တတ်နိုင်သလောက် တာဝန်ယူတယ်။ နှစ်ယောက်စလုံး အလုပ်များကြပေမယ့် ကလေးတွေကို သူက မမထက် ပိုပြီးအချိန်ပေးတယ်။ ပိုပြီးလည်း စိတ်ရှည်တယ်။ သမီးလေးတွေကို သူက ညတိုင်း ဘုရားစာသင်ပေးတယ်။ အိပ်ရာဝင်ပုံပြင်တွေဖြစ်တဲ့ ၃၈ ဖြာမင်္ဂလာတရားတော်တွေ၊ ၅၅၀ ဇာတ်နိပါတ်တွေကိုလည်း ဖတ်ပြပေးတယ်။ မမရဲ့မေမေဆိုရင်လည်း အခုချိန်ထိ မမတို့ကြိုက်တဲ့ ဟင်းလေးတွေဆိုရင် သူကိုယ်တိုင်ချက်ကျွေးနေတုန်း။ ဖေဖေဆိုရင်လည်း ငယ်ငယ်လေးကတည်းက ဒီနေ့ထိ သားသမီးတွေကအစ အခုမြေးလေးတွေရတဲ့အထိ လိုက်ပြီး ဂရုတစိုက်နဲ့ လိုလေသေးမရှိအောင် စောင့်ရှောက်နေတုန်းဆိုတော့ လူတိုင်းက ကိုယ့်မိသားစုကို နက်ရှိုင်းတဲ့ သံယောဇဉ်ရှိကြတာချည်းပါပဲ။

**မမက ကိုယ့်ရဲ့ရင်သွေးလေးတွေအပေါ်မှာရော ဘယ်လိုမျှော်လင့်ထားပါသလဲ။**

ကလေးတွေ အရွယ်ရောက်လာတဲ့အခါကျရင် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ပြီး မှန်ကန်တဲ့ လမ်းကြောင်းကို ရွေးချယ်နိုင်တဲ့ အရည်အချင်းလေးတွေ ရှိစေချင်ပါတယ်။ ဒါကြောင့် အခုကတည်းက ဘာသာရေးလေးနဲ့ တွဲပြီး လိမ္မာရေးခြားရှိအောင် Guide Line ပေးနေပါတယ်။ သူတို့ခေတ်ရောက်ရင် ဒါမလုပ်နဲ့ ဟိုဟာမလုပ်နဲ့ဆိုပြီး ပြောလို့ရမယ့်ခေတ်မျိုး မဟုတ်တော့ဘူးလေ။ အသိတရားရှိမှပဲ သူတို့ ကိုယ်သူတို့ Control လုပ်နိုင်ပြီး Desicion မှန်မှာလေ။ မိဘကျေးဇူးသိတတ်နားလည်တဲ့ ကလေးတွေဖြစ်ဖို့ မျှော်လင့်ပါတယ်။

**ကိုယ့်ရဲ့သား၊ သမီးကို ပညာနဲ့အသက်မွေးဝမ်းကျောင်းလုပ်စေချင်လား၊ စီးပွားရေးလုပ်ငန်းရှင်အဖြစ်နဲ့ ရပ်တည်စေချင်တာလား။**

ဒါကတော့ သူတို့လေးတွေရဲ့ Choice ပါ။



Life Style Change ဖြစ်လာတာနဲ့အမျှ လူတွေရဲ့ Desire တွေလည်း ပြောင်းလဲလာတယ်လေ။ လူတွေရဲ့ Thinking တွေလည်း မတူတော့ပါဘူး။ ၁၉၀၀ ခုနှစ်လောက်တုန်းက မြန်မာပြည်မှာ မိန်းကလေးတွေဆိုရင် လုံးဝစာတတ်စရာမလိုဘူး။ အချိန်တန်ရင် အိမ်ထောင်ပြု၊ အိမ်မှုကိစ္စလုပ် ဒါဆိုရင်ပဲ ဘဝက ပြည့်စုံနေပြီလေ။ နောက် Generation တစ်ခုလောက်ရောက်လာတော့ နည်းနည်းအတွေးအခေါ်တွေ ပြောင်းလဲလာတယ်။ မိန်းကလေးတွေ စာတတ်မှဖြစ်မယ်။ ဒါပေမဲ့ ရေးတတ်၊ ဖတ်တတ်တယ်ဆိုရင် လုံလောက်နေပြီ။ အဲဒီအချိန်တုန်းကတော့ ဘုန်းတော်ကြီးကျောင်း ပညာရေးပဲရှိတာလေ။ ၂ တန်း ၃ တန်းဆို ဘုန်းကြီးကျောင်းမှာ မိန်းကလေးတွေနဲ့ မသင့်တော်ဘူးဆိုပြီး ကျောင်းထွက်၊ အချိန်တန် အိမ်ထောင်ပြု။ နောက် Generation တစ်ခုလောက်ရောက်တော့ အတွေးအခေါ် Change ဖြစ်သွားပြန်ရော။ မိန်းကလေးတွေ ၁၀ တန်းလောက်ထိတော့ စာတတ်မှဖြစ်မယ်ပေါ့။ ၁၀ တန်းအောင်လောက်ဆိုရင် လင်ကောင်း၊ သားကောင်းရပြီ၊ ဒါဆို ဘဝကပြည့်စုံပြီ။

အခုနောက်ပိုင်း မမတို့ Generation မှာကျတော့ ပညာရေးကို ဦးစားပေးလာကြတာ တွေ့ရတယ်။ မမဆိုရင် B.Sc ကို အဝေးသင်ယူတယ်၊ အဲဒီအချိန် အလုပ်လုပ်တယ်။ M.Sc ရဖို့ Chance ရလာတော့ ဆက်တက်ဖြစ်ခဲ့တယ်၊ ဒါပေမဲ့ Life Style တွေ Change ဖြစ်လာတာနဲ့အမျှ လူတွေရဲ့ Mind တွေလည်း Change ဖြစ်လာတယ်။ Business တစ်ခုလုပ်မယ်ဆိုရင် Knowledge ရှိဖို့ အဓိကဖြစ်တာကို သိလာတယ်။ ဒီအတွက် မမ MBA ရဲ့ Evening Class ကို တက်ရောက်ခဲ့တယ်။ အခုဆိုရင် မမအသက်က ၃၆ ထဲမှာပါ။ အတွေ့အကြုံတွေလည်း အတော်အသင့်ရခဲ့ပြီးပြီ၊ လိုအပ်တဲ့ပညာတွေလည်း စုဆောင်းခဲ့ပြီးပြီ။ ဒါနဲ့တင် လုံလောက်ပြီလားဆိုတော့လည်း မဟုတ်သေးဘူး။ Learn လုပ်စရာတွေ အများကြီးရှိနေတုန်းပဲ။ ဘာသာရေးပဲဖြစ်ဖြစ်၊ Business နဲ့ပတ်သက်လို့ပဲဖြစ်ဖြစ် ကိုယ့်ထက်သိတတ်နားလည်တဲ့ သူတွေဆီကနေ Knowledge တွေကို Learn လုပ်နေရတုန်းပါ။ ဆိုလိုတာကတော့ Business ပဲလုပ်လုပ်၊ ပညာနဲ့ပဲ အသက်မွေးမွေး တကယ်ပညာတတ်ဖြစ်ဖို့ပဲ အဓိကလိုပါတယ်။

**ပြီးတော့ အခုလက်ရှိမြန်မာပြည်ရဲ့ ပညာရေးစနစ်ကိုရော မိခင်တစ်ယောက်ရဲ့ အမြင်။**

မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်ကိုလား၊ ကျေနပ်ပါတယ်။ လူတစ်ယောက်နဲ့တစ်ယောက်က ခံယူချက်တော့ မတူကြဘူးလေ။ မမရဲ့သဘောကတော့ မြန်မာပြည်မှာနေတဲ့ ကလေးတစ်ယောက်က မြန်မာစာတော့ ရေးတတ်၊ ဖတ်တတ်ရမယ်။ မြန်မာစကားကို ဂုဏ်ယူစွာပြောဆိုတဲ့ စိတ်တော့ ရှိရမယ်၊ ဒါက အဓိကပဲလေ၊ မြန်မာကျောင်းနေမှ International School နေမှမဟုတ်ပါဘူး။ တော်တဲ့ကလေးတစ်ယောက်ကို တောထဲက ကျောင်းမှာသွားထားလည်း စာတော်နေမှာပဲလေ။ ဘယ်ကျောင်းပဲနေနေ ကလေးအပေါ်မှာပဲ အများကြီးမူတည်ပါတယ်။ ဒါပေမဲ့ တစ်ခုရှိတာက ကလေးတွေ IQ ပဲမြင့်ပြီး စာတော်နေရုံနဲ့ ဘဝက မပြည့်စုံပါဘူး။ သူတို့မှာ EQ ရှိဖို့လည်း လိုတာတွေ့ရတယ်။ အတန်းထဲမှာ IQ မြင့်လို့ စာအရမ်းတော်နေတဲ့ကလေး EQ မကောင်းလို့ မအောင်မြင်ဘဲနေတာတွေ ရှိတယ်။ ဒါကြောင့် ခုခေတ်မှာ EQ ကောင်းဖို့ အရေးကြီးပါတယ်။

Asian Fame Media Group
MEDIA GROUP

**ရတီစာမျက်နှာထက်ကနေ အမျိုးသမီးတွေအတွက် ဘယ်လို Message မျိုးပေးချင်လဲ။**

'သားကို သခင်၊ လင်ကို ဘုရား' ဆိုတဲ့ ဆိုရိုးစကားအတိုင်း ကိုယ့်ရဲ့သားသမီးလေးတွေလိမ္မာရေးခြားရှိပြီး မိဘကျေးဇူးသိတတ်တဲ့၊ အမျိုးဘာသာ၊ သာသနာကို ထိန်းသိမ်းနိုင်တဲ့သူလေးတွေဖြစ်အောင် အသိပညာ၊ အတတ်ပညာတွေတတ်မြောက်အောင် စောင့်ရှောက်နိုင်တဲ့ မိခင်ဖြစ်ဖို့ ကြိုးစားသင့်ကြတယ်။ အထူးသဖြင့် သမီးတွေဟာ အမေတွေကို စံနမူနာထားပြီး ကြီးပြင်းလာကြရတာဖြစ်တယ်။ မမအနေနဲ့ကတော့ ကိုယ့်သားသမီးတွေ အတုယူလေးစားလောက်တဲ့ သိက္ခာနဲ့သီလ မိခင်တိုင်းမှာ ပြည့်စုံအောင် စောင့်ထိန်းကြစေလိုပါတယ်။ ကိုယ့်ရဲ့ လင်ယောကျ်ားအပေါ်မှာလည်း သစ္စာစောင့်သိပြီး မေတ္တာတရားနဲ့ ဆက်ဆံတတ်ဖို့ အရေးကြီးပါတယ်။

'စီးတဲ့ရေ ဆည်တဲ့ကန်သင်း' ဆိုသလိုပဲ ရှာဖွေစုဆောင်းထားတဲ့ ဥစ္စာပစ္စည်းတွေကို ထိန်းထိန်းသိမ်းသိမ်းနဲ့ စုဆောင်းတတ်တာဟာလည်း အမျိုးသမီးတိုင်းမှာ ရှိထားသင့်တဲ့ အရည်အချင်းတစ်ခုပါ။

'ပုခက်လွှဲသောလက်ဟာ ကမ္ဘာကို အုပ်စိုးတယ်' ဆိုတဲ့ ဆိုရိုးစကားအတိုင်းပါပဲ။ Develop Country တွေက အမျိုးသမီးတွေ Political ပိုင်းအထိ နေရာရလာကြသလို အခု မြန်မာနိုင်ငံမှာလည်း Political အပိုင်းရော Biz Field တွေအထိ မြန်မာ့အမျိုးသမီးတွေရဲ့ အောင်မြင်မှုကို အားလုံးမြင်တွေ့နေကြရပါပြီ။ ဒါ မမတို့မြန်မာအမျိုးသမီးတွေအတွက်တော့ ဂုဏ်ယူစရာပါ။

မိသားစုရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး အစရှိတဲ့ Factors တွေအားလုံးကို စွမ်းဆောင်နိုင်တဲ့ မြန်မာ့ Woman Entrepreneur တွေဖြစ်ဖို့ ကြိုးစားကြပါလို့ မြန်မာအမျိုးသမီးတွေအားလုံးကို တိုက်တွန်းလိုပါတယ်။

**ကိုယ့်ဆီကိုလာတဲ့ Customer တွေထဲမှာလည်း လူအမျိုးမျိုးရှိတတ်တာဆိုတော့ တောင်းဆိုမှုတွေများတတ်တဲ့ Customer မျိုးတွေနဲ့ ဆက်ဆံရတဲ့အခါမျိုးမှာရော အစ်မတို့ ဘယ်လိုဖြေရှင်းပေးလေ့ရှိပါသလဲ။**

မမတို့ရဲ့ Organization က Luxury Product ဖြစ်တဲ့ Jewellery ကိုရောင်းတာလေ။ ဒါကြောင့် ဈေးကွက်သည်တိုင်းရဲ့ သဘာဝကို သိထားဖို့လိုပါတယ်။ Customer ဆိုတာမျိုးက Product တစ်ခုကိုမဝယ်ခင် Pre-Purchase အဆင့်မှာ ကိုယ်ဝယ်မယ့် Product ရဲ့ Information ကို အရင်လေ့လာတတ်တယ်လေ။ ဒါကြောင့် Royal Gems အနေနဲ့ Customer တွေကို Information ပေးနိုင်ဖို့အတွက် Media - Advertising ၊ Direct - Mail ၊ Telephone Solicitation တွေလုပ်ပါတယ်။ ဒီ Information တွေကိုကြည့်ပြီးတော့မှ Customer တွေက Purchase လုပ်ဖို့ Decide လုပ်တာပါ။ ဒီလို Customer တွေ Purchase လုပ်တဲ့အခါမှာလည်း Royal Gems ရဲ့ Knowledge ရှိပြီးသား Sales Girls တွေက Customer တွေကို Friendly ဆက်ဆံတတ်ဖို့နဲ့ Courteous ဖြစ်ဖို့ကိုလည်း Train လုပ်ထားပါတယ်။ Customer တွေကို Quick Service ပေးနိုင်ဖို့ Bill ကို Clarity ဖြစ်ဖို့၊ Accuracy ဖြစ်အောင် ပြင်ဆင်ထားပါတယ်။ Customer တွေ Good Value ရဖို့အတွက်လည်း Pricing ကို Fair ဖြစ်အောင် လုပ်ပေးထားပါတယ်။ အဓိကကတော့ Customer တွေရဲ့ Need ကို အမြဲတမ်း Focus ထားပါတယ်။ ဒါမှလည်း သူတို့ Satisfy ဖြစ်မှာလေ၊ Customer တစ်ယောက်က သူတို့ Satisfy ဖြစ်ပြီဆိုမှတော့ Complain ဆိုတာမရှိတော့ပါဘူး။ Royal Gems အနေနဲ့ ကိုယ့်ရဲ့ Customer တွေနဲ့ Long Ten Relationship ရဖို့အတွက် အမြဲတမ်း ကြိုးစားနေပါတယ်။ ဒါမှလည်း Customer တွေက Re-Purchase လုပ်မှာလေ၊ ဘယ်လို Organization မျိုးမဆို Loyal Customer ရှိဖို့ လိုအပ်ပါတယ်။

**မမရဲ့ဝန်ထမ်းတွေအပေါ်မှာရော ဘယ်လို Leadership Style မျိုးနဲ့ ဦးဆောင်ဖြစ်လဲ။**

ကိုယ့်ရဲ့ Organization ရဲ့ Goal ကိုရောက်ဖို့ဆိုရင် ကိုယ်တစ်ယောက်တည်းနဲ့ မဖြစ်နိုင်ပါဘူး။ အဲဒီတော့ ကိုယ့်ရဲ့ဝန်ထမ်းတွေကိုလည်း Skill Full ဖြစ်အောင် Train ပေးရသလို Knowledge လည်း Sharing လုပ်ပေးရပါတယ်၊ ဒါပေမဲ့ Desire ကိုတော့ ဖြည့်ပေးဖို့မလွယ်ပါဘူး။ အခုခေတ်က ကိုယ်လိုချင်တဲ့ နေရာကိုရောက်ဖို့ ဝန်ထမ်းတွေကို Push လုပ်လို့ မရပါဘူး။ သူတို့ကို Pull လုပ်ပေးရပါတယ်၊ Pulling Force အားကောင်းတဲ့အပေါ်မှာ မူတည်ပြီး Organization တစ်ခု အောင်မြင်တယ်ဆိုတာဖြစ်လာတာပါ။

မမအနေနဲ့ သူတို့ကို အုပ်ချုပ်တာမဟုတ်တော့ဘဲ စီမံပေးတယ်ဆိုတဲ့ သဘောပါပဲ။ ဝန်ထမ်းတွေအပေါ်မှာ မူတည်ပြီး Style တွေလည်း မတူနိုင်ပါဘူး။ တစ်ခါတစ်ရံ သူတို့ကို Situation ပေါ်မူတည်ပြီး ရယ်ရအောင် ကိုယ်က လုပ်ပေးရသလို တစ်ခါတစ်ရံ သူတို့ကို သင်ခန်းစာပေးရတယ်။ တစ်ခါတလေ Democratic Style သုံးရသလို တစ်ခါတလေ မဖြစ်နေ Autocratic Style နဲ့ Manage လုပ်ရတာတွေလည်း ရှိတယ်။

အဲဒီတော့ မမဝန်ထမ်းတွေထဲမှာ ကိုယ်က Yes ဆိုရင် သူတို့က Yes ပဲဆိုတဲ့သူတွေ ရှိတယ်။ သူတို့ကျတော့ ကိုယ်ခိုင်းမှပဲ လုပ်တယ်၊ Knowledge ကလည်း နည်းတဲ့အတွက် သူတို့ကို Command ပေးရတယ်။ ဒါမှပဲ ကိုယ်ဖြစ်ချင်တာ လုပ်နိုင်တော့မှာလေ။ သူတို့လို လူတွေအတွက် ကိုယ့်ရဲ့ Leadership Style ကို Telling Style သုံးရ တာပေါ့။ တချို့ကျတော့ ခိုင်းမှလုပ်တယ်၊ ဒါပေမဲ့ ပြောတာနဲ့သဘောပေါက်လွယ်ပြီး နည်းနည်း Tallent ရှိတယ်။ သူတို့ကိုဆိုရင်တော့ Selling Style နဲ့သုံးပြီး Lead လုပ်ပါတယ်။

တချို့ဝန်ထမ်းတွေကျတော့ လုပ်ပေးချင်တဲ့ ဆန္ဒကိုက သူတို့မှာရှိနေပြီးသား။ သူတို့ကို Knowledge Sharing လုပ်ပေးပြီး Skillful ဖြစ်အောင် Polish လုပ်ပေးလိုက်ရုံနဲ့ ကိုယ်နဲ့အတူ လက်တွဲလုပ်လို့ရတယ်။ သူတို့ကိုကျတော့ Participating Style သုံးတယ်။

တချို့ဝန်ထမ်းကျတော့ သူတို့အစွမ်းအစနဲ့ ဒီ Organization ကို ဘယ်လိုပုံစံနဲ့ Goal ရောက်အောင် သွားမယ်ဆိုတာ သင်ပြနေစရာ မလိုဘဲ လုပ်နိုင်စွမ်းရှိတယ်။ အဲဒီလိုလူမျိုးတွေကိုတော့ Delicating Style နဲ့ပဲ Lead လုပ်ပါတယ်။ ဒီလိုပဲ ဝန်ထမ်းတွေပေါ်မှာ သူတို့ရဲ့ Rediness ပေါ်မှာကြည့်ပြီး Style အမျိုးမျိုးနဲ့ Lead လုပ်ပါတယ်။

**အဲဒီတော့ မမရဲ့ဝန်ထမ်းတွေနဲ့ မမရင်းနှီးမှုရဖို့ကျတော့ရော ဘယ်လိုလုပ်ဖြစ်နေပါလဲ။**

ကိုယ့်ဝန်ထမ်းတွေနဲ့ ရင်းနှီးနွေးထွေးမှုရဖို့ဆိုတာ မမပြောခဲ့သလိုပါပဲ။ပထမTransparency ရှိဖို့ လိုတယ်။ အချင်းချင်း ပွင့်ပွင့်လင်းလင်း ပြောဆိုနေထိုင်ခြင်းက အရမ်း အကျိုးရှိတယ်လို့ မမယုံတယ်၊ ဒီလိုဖြစ်အောင် သူတို့ကို Gathering လေးတွေ လုပ်ပေးတယ်။ ဒါမှ ရင်းရင်းနှီးနှီးနဲ့ ပွင့်လင်းမှာကိုး။ ဒုတိယကတော့ ယုံကြည်မှုရှိဖို့ လိုတယ်။ အပြန်အလှန် ယုံကြည်မှု ဆိုတာလည်း အလုပ်အတွက် အင်မတန်မှ အရေးကြီးပါတယ်။ ယုံကြည်မှုရအောင်လည်း အချိန်ယူ တည်ဆောက်ရပါတယ်။ လူတစ်ဦးတစ်ယောက်က ကိုယ့်အပေါ် ယုံကြည်မှု ခိုင်မာဖို့ဆိုတာ ကိုယ့်ဘက်က သူ့အပေါ် စစ်မှန်တဲ့ စေတနာတွေ မေတ္တာတွေရှိမှ ရမှာလေ။

**Royal Gems ဆိုင်နဲ့ပတ်သက်ပြီးတော့ရော ရှေ့ကို ဘယ်လောက်ထိ မျှော်မှန်းထားပါသလဲ။**

Royal Gems မဖွင့်ခင်ကတည်းက Biz Plan တွေ ဆွဲခဲ့တယ်လေ၊ ဒီ Plan တွေအရဆိုရင် အခုက Royal Gems ရဲ့မျိုးစေ့ကို မြေကြီးထဲတူးထည့်ပြီး စိုက်နေတဲ့အဆင့်ပဲ ရှိပါသေးတယ်၊ သူ့ အပင်ပေါက်လာအောင် ရေလောင်းပေါင်းသင်လုပ်ပေးဖို့ Strategy တွေလည်း ရှိပါတယ်။ ဒါတွေကို အခုမှစပြီးအသုံးချ Build လုပ်နေတုန်းပါ။ အဲဒီသစ်ပင်ရဲ့ အသီးအပွင့်တွေကို အကျိုးရှိရှိခံစားဖို့ အချိန်ကတော့ စောပါသေးတယ်။

**ဖြိုးစုပိုင်**

Asian Fame Media Group

# ဒေသသင်္ကေတ

## ယောနယ်ကတောင်သား

လှမြင့်ဆွေ

ယောနယ်ဆိုတာ မကွေးတိုင်းအနောက်ဘက်ခြမ်းနဲ့ ချင်းတောင်တန်းကြီးရဲ့အရှေ့ဘက်ခြမ်း ၊ ကြားထဲမှာ တည်ရှိတဲ့ဒေသဖြစ်တာမို့ မြန်မာနိုင်ငံအလယ်ပိုင်း မြေလတ်ဒေသတွေနဲ့သိပ်မကွာဝေးလှပေမယ့် အဲဒီဒေသဟာ တောတောင်ထူထပ်ပြီး အသွားအလာခက်ခဲလှတာမို့ သီးခြားနယ်လေးတစ်နယ်လို ဖြစ်နေပါတယ်. . ဒီ့အပြင် အဲဒီ ယောနယ်မှာနေထိုင်ကြတဲ့သူတွေဟာ တိဗက်မြန်မာအနွယ်ထဲကနေ ကွဲထွက်လာတဲ့ အသံကွဲမြန်မာ (သို့မဟုတ်) ဒေသိယမြန်မာ (Myanmar Dialect) စကားပြောဆိုတဲ့ 'ယော' လူမျိုးတွေဖြစ်ပေမယ့် သူတို့ကိုယောလူမျိုး လို့ခေါ်တာကို မနှစ်သက်ကြဘဲ ယောနယ်သူယောနယ်သားလို့ ခေါ်တာကိုပဲ ကြိုက်နှစ်သက်ကြပါတယ်. . . ရှေးယခင်က ယောနယ်ဆိုတာ အတော်လေးကျယ်ဝန်းခဲ့ပေမယ့် ဒီကနေ့မှာတော့ ထီးလင်း ၊ ဆောနဲ့ဂန့်ဂေါနယ် သုံးနယ်ကိုသာ ယောဒေသလို့ ခေါ်ဝေါ်နေကြပြီး ထီးလင်းနဲ့ဂန့်ဂေါကို မြောက်ယော ၊ ဆောနယ်ဘက်ကို တောင်ယော လို့ခေါ်ကြပါတယ်. . မူလကယောနယ်ထဲမှာ ရှမ်း ၊ ကဒူး ၊ သက် ၊ အိမ်ကျယ်စတဲ့ လူမျိုးတွေနေထိုင်ကြရာကနေ အိန္ဒိယနိုင်ငံ ၊ရာဇဗြိုဟ်ဘက်မှအာသံလူမျိုးများ ၊ မဏိပူရဘက်မှ ကသည်း လူမျိုးများ ၊ ချင်းတောင်ဘက်မှချင်းများ ၊ မူလရှိပြီးတောင်သားလူမျိုးများ ရောနှောပေါင်းစပ်ရာကနေ လူဦးရေ တိုးပွားလာကြတာမို့ 'ယော' ဆိုတဲ့ နာမည်နဲ့ ကိုက်ညီသွားတယ်လို့ တချို့ကဆိုကြပါတယ်. . .








Asian Media Group








ယောနယ်ရဲ့ နာမည်ကြီးစီးပွားရေးလုပ်ငန်းကတော့ 'ပင်နီချော' နဲ့ 'ယောထဘီ' ရက်လုပ်ခြင်းလုပ်ငန်းပဲဖြစ်ပါတယ်. . . ဗြိတိသျှကိုလိုနီခေတ်တုန်းက တိုင်းရင်းသားမြန်မာအမျိုးသားတွေဟာ နိုင်ငံရေးနိုးကြားပြီး ပြည်တွင်းဖြစ်အထည်တွေကိုသာ ဝတ်ဆင်ကြဖို့ ဂျီစီဘီအေဝံသာနုအသင်းချုပ်ကြီးက ဆုံးဖြတ်လိုက်တဲ့အခါ ယောနယ်တစ်ခုလုံးရဲ့ ပင်နီချောနဲ့ ယောထဘီတွေဟာ ရုတ်တရက်အရောင်းတက်ပြီး စီးပွားရေးရုတ်ခြည်းချောင်လည်သွားတယ်လို့ သိရပါတယ်. . . ယောနယ်မှာ အထည်ရက်လုပ်ဖို့ဝါချည်၊ ပိုးခြည်တွေကိုဆေးဆိုးတဲ့အခါ နိုင်ငံခြားဆိုးဆေးမပေါ်ခင်ကသစ်သီး၊ သစ်ခေါက်တွေနဲ့ဆေးဆိုးရတာဖြစ်ပါတယ်. . . အရင်ခေတ်ကယောနယ်ကအမျိုးသမီးတိုင်းဟာ ချည်ငင်၊ မဲဆိုး၊ ရက်ကန်းရက်စတဲ့အတတ်ပညာတွေကို တတ်မြောက်ကြရပြီး မတတ်တဲ့သူတွေကို 'မိန်းမဖျင်း' ဆိုပြီးအထင်သေးကြပါတယ်. . .







ယောနယ်မှာရှိတဲ့ ယောသူယောသားတွေဟာ မြန်မာစကားကိုပဲ သုံးစွဲပြောဆိုကြပေမယ့် ရေမြေဒေသကွဲပြားခြားနားတဲ့အတွက် လေယူလေသိမ်းနဲ့ အသံအနေအထားတော်တော်လေးကွဲလွဲနေပြီး မြန်မာတွေနား မလည်ကြပါဘူး. . . ဒါကြောင့် ယောသူယောသားတွေဟာ သူတို့အချင်းချင်းတွေ့ရင် မူလဇာတိနေရပ်သုံးတဲ့ ယောစကားနဲ့ ပြောဆိုကြပေမယ့် တခြားမြန်မာတွေနဲ့ ပြောဆိုတဲ့အခါမှာတော့ မြန်မာတွေနားလည်နိုင်တဲ့ လေယူလေသိမ်းနဲ့ ပြောဆိုကြပါတယ်. . . အဲဒီလိုပြောဆိုတဲ့စကားသံကို 'အောက်သံခတ်တယ်' လို့ သူတို့က ခေါ်ပါတယ်. . . ယောနယ်ဟာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၆၀၀ နဲ့ ၁၀၀၀ ကြားမှာရှိတဲ့အတွက် မြေပြန့်ဒေသထက် မြင့်မားပါတယ်. . . ဒါကြောင့်ယောနယ်ဒေသကလူတွေဟာ ပခုက္ကူ၊ ပုဂံ၊ ညောင်ဦး၊ မန္တလေး စတဲ့အရပ်တွေကို 'အောက်အရပ်' လို့ခေါ်ပါတယ်. . . ဒါကြောင့်အောက်အရပ်ကလူတွေပြောတဲ့ အသံနဲ့တူအောင် ပြောရတဲ့အတွက် 'အောက်သံခတ်တယ်' လို့ခေါ်ခြင်းဖြစ်ပါတယ်. . . အမှန်တော့ ယောစကားရဲ့ လေယူလေသိမ်းဟာ မာကျောတောင့်တင်းပြီး မြန်မာတွေနဲ့ပြောတဲ့ အောက်သံခတ်စကားကတော့ ပျော့ပျောင်းပါတယ်. . . .






မကွေးတိုင်း ၊ ယောနယ်တစ်ဝိုက်မှာ နေထိုင်ကြတဲ့ တောင်သားတိုင်းရင်းသားတွေက သူတို့လူမျိုးဟာ ပျူလူမျိုးအနွယ်က ဆင်းသက်လာကြတာဖြစ်တယ်လို့ ယုံကြည်ထားကြပါတယ်. . ဒါပေမဲ့ အချို့သမိုင်းသုတေသီတွေကတော့ 'တောင်သား' တိုင်းရင်းသားဆိုတာ တိဗက် မြန်မာအနွယ်ဝင် 'ရှေးမြန်မာ' အစုကဆင်းသက်လာကြတာ ဖြစ်တယ်လို့ယူဆကြပြီး တချို့ကတော့ ကုကီ-ချင်းအစုထဲမှာပါတဲ့ 'ရောင်ထု' ဆိုတဲ့ ချင်းမျိုးနွယ်ဟာ တောင်သားတိုင်းရင်းသားတွေဖြစ်တယ်လို့ ဆိုကြပါတယ်. . တောင်သားသမိုင်းကြောင်းကို လေ့လာတဲ့အခါ ပျူလူမျိုးတွေကဆင်းသက်လာတဲ့ အထောက်အထားတွေရှိသလို ချင်းအနွယ်ဝင်ဖြစ်တဲ့ အထောက်အထားတွေ ၊ ရှေးမြန်မာအနွယ်အဝင်ဖြစ်တဲ့ အထောက်အထားတွေကိုလည်း တွေ့ကြရတယ်လို့ သိရပါတယ်၊ ယောနယ်အတွင်းမှာ နေထိုင်ကြတဲ့ 'တောင်သား' တိုင်းရင်းသားတွေဟာ တခြားဒေသတွေနဲ့ ကူးလူးဆက်ဆံမှုနည်းတဲ့အပြင် ကိုယ်ပိုင်တိုင်းရင်းသား အမည်မရှိတဲ့အတွက်လည်းကောင်း ၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ ယောနယ်ဒေသတစ်ဝိုက်မှာ နေထိုင်ကြတဲ့အတွက်လည်းကောင်း ၊ တောင်သားတိုင်းရင်းသားတွေဟာ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးပြီး တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေပါတယ်. . . အမှန်တော့ တောင်သားတိုင်းရင်းသားတွေဟာ စိတ်ထားဖြူစင် နူးညံ့သိမ်မွေ့ကြပြီး ဘာသာရေးကိုင်းရှိုင်းကာ ဗုဒ္ဓဘာသာကို အလေးအနက် ယုံကြည်ကိုးကွယ်ကြသူတွေ ဖြစ်ပါတယ်. . .




Asian Frame Media Group
af MEDIA GROUP









တောင်သားယောက်ျားတွေဟာ မြန်မာယောက်ျားတွေလို ဝတ်စားဆင်ယင်မှုတူညီကြပေမယ့် အမျိုးသမီးတွေကတော့ ဝတ်စားဆင်ယင်မှုကွဲပြားကြပါတယ်. . ရှေးယခင်က အမျိုးသမီးတွေဟာ ထဘီအဖြူ အင်္ကျီအဖြူဝတ်ဆင်ကာ ကိုယ်ကာယအထက်ပိုင်းမှာ ဖဲတဘက် (ဖဲစောင်ရှည်) ကို လက်မောင်းရင်းအောက်က လျှိုပြီးရစ်ပတ်ကာ ရင်သားကိုဖုံးဖိအောင်စည်းထားရပါတယ်. . . ရစ်ပတ်ထားတဲ့ပဝါက အနီဆိုရင်အပျိုဖြစ်ပြီး အနက်ဆိုရင် အအိုဖြစ်တယ်လို့ဆိုကြပါတယ်. . ဒီနေ့ခေတ်မှာတော့ တောင်သားအမျိုးသမီးတွေဟာ ရိုးရာဝတ်စုံကို ပွဲလမ်းသဘင်အခမ်းအနားတွေကလွဲလို့ ဝတ်ဆင်ခြင်းမရှိကြတော့ပါဘူးလို့ သိရပါတယ်. . ။

တောင်သားတိုင်းရင်းသားတွေဟာ ပုံတောင်ပုံညာခြေရင်း မောချောင်း၊ ယောချောင်း၊ မြစ်သာမြစ်၊ ကျောချောင်း၊ စက်နီးချောင်း တစ်ဝိုက်မှာ အမှီပြု နေထိုင်ကြတာဖြစ်ပြီး 'တောင်ယော' လို့ခေါ်တဲ့ ဆောမြို့နယ်က ရပ်ကွက်၊ ကျေးရွာအုပ်စု (၆၇) ရွာမှာ တောင်သားတွေ နေတဲ့ရွာက (၂၃) ရွာ၊ 'မြောက်ယော' လို့ခေါ်တဲ့ ထီးလင်းမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု (၇၃) ရွာမှာ တောင်သားတွေနေတဲ့ရွာက (၂၃) ရွာရှိတာမို့ ယောနယ်တစ်ခုလုံးမှာ တောင်သားတိုင်းရင်းသားတွေချည်းနေတဲ့ ရွာဟာ စုစုပေါင်း (၄၉) ရွာရှိပါတယ်. . . အရင်က တောင်သားစာပေ၊ တောင်သား ဘာသာစကားဆိုတာ သီးခြားရှိခဲ့ပေမယ့် ဒီကနေ့အခါမှာ တောင်သားစာပေဟာ ပျောက်ကွယ်သွားပြီး တောင်သားစကားပြောဆိုနိုင်တဲ့သူတွေလည်း အလွန်နည်းပါးလာပြီလို့ သိရပါတယ်. . . နောင်အခါမှာ တောင်သားတိုင်းရင်းသားတွေရဲ့ ဒေသသင်္ကေတတွေ မပျက်စီး၊ မဆုံးရှုံးရလေအောင်၊ ဘာသာစကားပျောက်ကွယ်မှုကနေ လူမျိုးရင်းမြစ်ပါ ပျောက်ကွယ်မှုမဖြစ်သွားရအောင်နဲ့ တောင်သားတိုင်းရင်းသားတွေရဲ့ လူနေမှုဘဝတိုးတက်လာအောင် ကျွန်တော်တို့အားလုံး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သင့်ကြတယ်လို့ ထင်မြင်မိပါတယ်. . .




MEDIA GROUP

# ၂၀၁၁ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့် အခမ်းအနား













၂၀၁၁ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့် အခမ်းအနားကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်က သုဝဏ္ဏအမျိုးသား အားကစားပြိုင်ပွဲရုံ ၁ ၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က မိန့်ခွန်းပြောကြားခဲ့ပြီးနောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပန်ကြားချက်ကို ဖတ်ကြားရှင်းလင်းခဲ့သည်။ ၂၀၁၁ ခုနှစ်အတွက် ဆန်ခါတင် ၅ ကားထဲမှ ထူးချွန်ဆု ၁၁ ဆုကို ဇာတ်ကား ၃ ကားမှ ရရှိခဲ့ခြင်းဖြစ်ကာ ယင်းဇာတ်ကားများမှာ 'ထာဝရ အလင်းတန်းများ၊' 'ပန်းကြာဝတ်မှုန်' နှင့် 'ရင်ကွဲနာ' တို့ဖြစ်သည်။

ထာဝရ အလင်းတန်းများ ဇာတ်ကားဖြင့် အကောင်းဆုံး ဒါရိုက်တာဆုကို ထွန်းအောင်ဇော်၊ အကောင်းဆုံး အမျိုးသား ဇာတ်ဆောင်ဆုကို နေ့ခင်နေ့ခင်၊ အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆုကို မယ်လိုဒီ၊ အကောင်းဆုံးရုပ်ရှင်တေးဂီတဆုကို ဇော်မျိုးထွဋ်၊ အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆုကို ဟိန်းထက်(လယ်ဝေး)၊ အကောင်းဆုံး ရုပ်ရှင် ဇာတ်ညွှန်းဆုကို မြင့်အောင်နှင့် စိုးကျော်ဆန်း၊ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုကို မော့စ်တို့ကရရှိပြီး ယင်းဇာတ်ကားဖြင့်ပင် အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုကို ရီမြင့်ရုပ်ရှင် ထုတ်လုပ်ရေးက ရရှိခဲ့ကြကာ အကောင်းဆုံး အမျိုးသမီး ဇာတ်ပို့ဆုကို ချစ်စနိုးဦးက ရင်ကွဲနာ ဇာတ်ကားဖြင့်လည်းကောင်း၊ အကောင်းဆုံးရုပ်ရှင် အသံဆုကို စန်းဦးနှင့် အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုကို တင့်ဆန်းတို့က ပန်းကြာဝတ်မှုန် ဇာတ်ကားဖြင့် ရရှိခဲ့ကြသည်။




SUPER
COFFEEMIX

# City FM ၏ ၁၁ နှစ်ပြည့် ဂီတဆုချီးမြှင့်ပွဲကျင်းပ

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ၁၁ နှစ်ပြည့်ပြီဖြစ်သော City FM ၏ ၁၁ နှစ်မြောက် နှစ်ပတ်လည် ဂီတဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီလ ၅ ရက်၊ ည ၇ နာရီက MCC တွင် ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် မြန်မာပြည်ကျောက်စိမ်း၊ Lazy Club တီးဝိုင်းတို့နှင့် အတူ မြန်မာပြည်သိန်းတန်၊ ရန်အောင်၊ ထူးအယ်လင်း၊ စိုင်းစိုင်းခမ်းလှိုင်၊ R ဇာနည်၊ နေတိုး၊ ဂျက်ဆန်ထွန်း၊ မြတ်သူအောင်၊ ဖြူဖြူကျော်သိန်း၊ ချမ်းချမ်း၊ နီနီခင်ဇော်၊ စိုးပြည့်သဇင်တို့က ဖျော်ဖြေခဲ့ကြပြီး ယဉ်ကျေးမှု အဖွဲ့ဝင်များ၊ ဂီတမိတ် အဖွဲ့သားများကလည်း ပါဝင်အားဖြည့်ခဲ့ကြသည်။ ယခုနှစ်တွင် မြန်မာသံအမျိုးသမီးဆုကို မာမာအေး၊ စတီရီယို အမျိုးသားဆုကို ဆိုတေး၊ စတီရီယို အမျိုးသမီးဆုကို ဝိုင်းစုခိုင်သိန်း၊ သီချင်းတောင်းဆိုမှု အများဆုံး အမျိုးသားဆုကို ဘန်နီဖြိုး၊ သီချင်းတောင်းဆိုမှု အများဆုံး အမျိုးသမီးဆုကို ဝိုင်းစုခိုင်သိန်းနှင့် ရေပန်းအစားဆုံး အဖွဲ့လိုက်ဆုကို Idiots တို့က ရရှိခဲ့ကြသည်။ အရောင်းရဆုံးမြန်မာသံ ထုတ်လုပ်သူဆုကို လှိုင်းတေးသံသွင်းက ရရှိကာ စတီရီယို ထုတ်လုပ်သူဆုကို ဒေါ်မေဖြူက ရရှိခဲ့ကြသည်။


















# XXL Beauty

Model : War War Aung, Theingi Tun
Photo : Ko Naing (Popular)
Arranged by Yuya Eain

အရွယ်တိုင်းမှာ အလှတရားဟာ
ကျောခြင်း ကပ်လို့ ပါလာတတ်စမြဲပါ။
ကလေးဘဝအရွယ်မှာ ချစ်စဖွယ် အလှလေးကို
ပိုင်ဆိုင်သလို အရွယ်တော်ဝင်လာတဲ့
အချိန်မှာ နုပျိုတဲ့အလှကို ပိုင်ဆိုင်ကြရပြီး
အရွယ်လတ်ကိုဖြတ်သန်းတဲ့ အချိန်မှာ
ရင့်ကျက်တဲ့အလှကို ပိုင်ဆိုင်ခံစားရပါတယ်။
တည်ငြိမ် ရင့်ကျက်တဲ့ အလှတရားကို
တည်မြဲအောင် ဘယ်လိုထိန်းသိမ်းခဲ့သလဲ
ဆိုတာကို ရတီပရိသတ်ကြီးလည်း
သုတရသခံစားနိုင်ဖို့
သရုပ်ဆောင် သီရိထွန်းနှင့် ဝါဝါအောင်တို့
ဖြေကြားမှုကို တင်ဆက်ပေးလိုက်ပါတယ်။



# XXL Beauty

## သိင်္ဂီထွန်း

**မိန်းမသား တစ်ယောက်ရဲ့ ဘဝရဲ့အလှဆုံး အချိန်နဲ့ စိတ်ကျေနပ်စရာအကောင်း ဆုံး အချိန်ဟာ ဘယ်အချိန်လို့ မသိင်္ဂီ ထင်ပါသလဲ။**

မိန်းမသား တစ်ယောက်အတွက် ဘဝရဲ့ အလှဆုံး အချိန်ကတော့ အဆိုးအကောင်း အားလုံး ကြုံတွေ့ပြီးတော့ စိတ်ထားကို ဖြူစင်အောင် ထားနိုင်သွားတဲ့ အချိန်ဟာ ဘဝအတွက် အလှဆုံး အချိန်ပါ။ လောဘတွေ ဒေါသတွေ မောဟတွေ ကင်းဝေးသွားတဲ့ အချိန်ဟာ ငြိမ်းချမ်းပြီး ကျေနပ်စရာကောင်းတဲ့အချိန်လို့ ထင်ပါတယ်။

**လက်ရှိအရွယ်မှာ အလှအပတွေ တည်မြဲနေဖို့ ဘယ်လို နေထိုင်ပြုမူ ကျင့် ကြံခဲ့လဲဆိုတာ**

အဓိက စိတ်ကိုလှအောင် ထားပါတယ်။ လှလှဖို့ အတွက် စိတ်လှဖို့လည်း တစ်ဝက်လောက် သက်ဆိုင်တယ်လို့ ထင်ပါတယ်။ ခန္ဓာကိုယ် အချိုးအစား ပြေပြစ်အောင် လှနိုင်ဖို့ အတွက်ကတော့ ကျန်းမာရေးနဲ့ ဆိုင်မယ်ထင်ပါတယ်၊ စိတ်နဲ့ကျန်းမာရေးက ဒွန်တွဲနေတာပါ။

**မိန်းမသားတိုင်းဟာ အလှကြိုက်ကြတယ် ဆိုပေမယ့် ကိုယ့်အသက်အရွယ် ခန္ဓာကိုယ် အချိုးအစား ဒါတွေနဲ့ လိုက်ဖက်အောင် ပြင်တတ်ဆင်တတ်ဖို့ သင့်တယ်ဆိုတာကိုရော ညီမလက်ခံပါသလား။**

လက်ခံပါတယ်၊ အရွယ်နဲ့ လိုက်အောင် နေတတ်ထိုင်တတ် ဝတ်စားတတ်အောင် နေပါမှ အဆင်ပြေမှာပါ၊ လွန်ကဲတဲ့ နေထိုင်ပြုမူ ဆက်ဆံမှုကိုတော့ ရှောင်ရှားရမှာပါ။

**သာမန်မိန်းကလေးတွေထက် အနုပညာရှင်တွေက ပိုပြီးလှပနေဖို့ လိုတယ်၊ ခေတ်နဲ့အညီ နေထိုင်တတ်ဖို့လိုတယ်ဆိုတဲ့အပေါ် မသိင်္ဂီရဲ့အမြင်**

Fashion ရေစီးကြောင်းကိုလည်း ဖယ်ထားလို့ မရပါဘူး၊ ခေတ်ကြီးကလည်း ပြောင်းလဲနေတာနဲ့အမျှ ပြောင်းလဲလာတဲ့ ခေတ်ရဲ့ အထောက်အပံ့ကိုယူပြီး အဆင့်လည်း မြင့် သလို အမြင်လည်း ကျယ်လာမယ် ခေတ်ကို မျက်ခြေပြတ်လို့ မရဘူးလို့ပဲ မြင်ပါတယ်။

**မသိင်္ဂီမှာ ရှိသင့်ရှိထိုက်တဲ့ ခန္ဓာကိုယ် အလေးချိန်ထက် ပို မသွားအောင် ဘယ်လိုနေထိုင်ကျင့်ကြံခဲ့ပါသလဲ**

ကကူးတာကတော့ မလုပ်ဖြစ်ပါဘူး၊ အလုပ်လုပ်နေရင်းနဲ့ပဲ အလုပ်ရဲ့ ပင်ပန်းမှုကြောင့်လားတော့ မသိဘူး၊ စိတ်မတက်ဘူး၊ အစားအသောက်ကို ဆင်ခြင် အဆီအဆိမ့်ကို ရှောင်၊ ယောဂ လေ့ကျင့်ခန်းမျိုးလုပ်ပြီး ထိန်းသိမ်းရတာမျိုးတော့ ရှိတာပေါ့။

**ကိုယ့်ရဲ့ ခန္ဓာကိုယ်အချိုးအစားနဲ့ ရှောင်ကြဉ်သင့်တဲ့ အဝတ်အစားတွေနဲ့ ပတ်သက်ပြီး**

ညီမက ငယ်ငယ်တည်းက ဘောင်းဘီကို အရမ်းကြိုက်တယ်၊ ထဘီကို သိပ်မဝတ်တတ်ဘူး၊ ဘောင်းဘီကို အရမ်းဝတ်ချင်ပေမယ့် ဒီအသက်အရွယ်မှာ ဝတ်ဖို့မသင့်ဘူးလို့ ဆင်ခြင်ရှောင်ရှားခြင်းဟာလည်း ကိုယ့်ရဲ့ကောင်းသောအကျင့်စရိုက်ကို ဖော်ပြခြင်းပါပဲ၊ ဒီအရွယ်နဲ့လိုက်တဲ့ ခေတ်မီတဲ့ လိုက်ဖက်မှုကိုပဲ ရွေးချယ်ရမှာပါ။ Fashion ရေစီးကြောင်းကိုလည်း လေ့လာရမှာပါ။

**ဘယ်လိုဝတ်ဆင်ခြင်းဟာ ကိုယ်နဲ့လိုက်ဖက်ပြီးယုံကြည်စိတ်ချမှုရှိတယ်ဆိုတာနဲ့ ပတ်သက်ပြီး**

ညီမရင်ထဲမှာ မြန်မာပွဲတက်ဝတ်စုံလေး ဝတ်လိုက်ရရင် စိတ်ချလုံခြုံသွားသလိုပဲ၊ ယုံကြည်မှုလည်း ပိုရှိတယ်။ ငယ်ငယ်ကတော့ ထဘီဝတ်ရမှာကို မဝတ်ချင်တာ၊ ခုအရွယ်ရောက်တော့ မြန်မာဝတ်စုံကို ပိုတန်ဖိုးထားတတ်လာတယ်၊ ခေတ်ကြီးက တိုးတက်ပြောင်းလဲလာတယ် ဆိုပေမယ့် ခေတ်မီပြီး ရိုးရာဆန်တဲ့ဝတ်စုံကို မက်မောစွာ ဝတ်ဆင်ကြပါလို့ ညီမပြောချင်ပါတယ်။

Asian Fame Media Group


XXL
Beauty
Model : Theingi Tun,
Photo : Ko Naing (Popular)

# XXL Beauty



## ဝါဝါအောင်

**မိန်းမသား တစ်ယောက်ရဲ့ ဘဝရဲ့ အလှဆုံး အချိန်နဲ့ စိတ်ကျေနပ်စရာ အကောင်းဆုံး အချိန်ဟာ ဘယ်အချိန်လို့ မဝါ ထင်ပါသလဲ။**

အများအထင်ကတော့ ၁၆ နှစ်၊ ၁၇ နှစ်ဆိုတာ အလှဆုံး အချိန်လို့ ဆိုကြတာပေါ့။ မဝါ ခံယူထားတာက ကိုယ်ရှေ့ရောက်များရော သောက ကျော်လွှားပြီး ချမ်းမြေ့စွာ နေထိုင်နိုင်တဲ့ အချိန်ဟာ စိတ်ကျေနပ်စရာ အကောင်းဆုံး ဖြစ်မှာပါ။

**လက်ရှိအရွယ်မှာ အလှအပတွေ တည်မြဲနေဖို့ ဘယ်လို နေထိုင်ပြုမူ ကျင့်ကြံခဲ့လဲဆိုတာ**

ဘယ်အရွယ်မဆို အလှအပအတွက် စောင့်ရှောက်ရမှာပါ။ အခုဆို မဝါတောင် ဝနေတယ်လို့ ပြောလို့ရတယ်။ အရွယ်အရ အပြောင်းအလဲတော့ ရှိမှာပေါ့။ မဝါက လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကတည်းက ခြေလေးချောင်းမစားခဲ့ဘူး၊ လျှော့တာလည်း မဟုတ်ဘူး မစားချင်လို့ကို မစားတာ၊ အသီးအရွက်ကို များများစားတယ် အဆီအဆိမ့် ရှောင်တယ်၊ လေ့ကျင့်ခန်းတော့မလုပ်ဖြစ်ဘူး။

**မိန်းမသားတိုင်းဟာ အလှကြိုက်ကြတယ် ဆိုပေမယ့် ကိုယ့်အသက်အရွယ် ခန္ဓာကိုယ် အချိုးအစား ဒါတွေနဲ့ လိုက်ဖက်အောင် ပြင်ဆင်တတ်ဖို့ သင့်တယ် ဆိုတာကိုရော ညီမ လက်ခံပါသလား။**

လက်ခံပါတယ်၊ အခုမဝါ အသက်အရွယ်မှာ ကလေးတွေ ဝတ်နေတဲ့ ကိုရီးယား စတိုင်အကြပ်တွေ ဝတ်လို့မရတော့ဘူး။ လှတယ်လို့ပဲ လက်ခံလို့ ရတော့တယ်၊ ကိုယ့် အသက်အရွယ်နဲ့ လိုက်ဖက်တာကိုပဲ ဝတ်တော့တယ်၊ မိန်းမသားတိုင်းဟာလည်း ကိုယ်နဲ့ သင့်တော်လိုက်ဖက်တာကိုပဲ ဝတ်ဆင်သင့်တယ်လို့ ထင်တယ်။

**သာမန် မိန်းကလေးတွေထက် အနုပညာရှင်တွေက ပိုပြီးလှပနေဖို့ လိုတယ်၊ ခေတ်နဲ့အညီ နေထိုင်တတ်ဖို့ လိုတယ်ဆိုတဲ့အပေါ် မဝါရဲ့ အမြင်**

မိန်းမသားချင်းတူပေမယ့် မဝါတို့က အနုပညာရှင်တွေ ဖြစ်နေတဲ့အတွက် အားလုံးအမြင်မှာ စံပြဖြစ်နေဖို့ လိုတယ်၊ ပြောတာချင်းတူတောင် သူများထက် မဝါတို့ပြောတဲ့စကားက ပိုနားဝင်တယ်ဆိုတော့ ကိုယ်လွဲမှားသွားတာနဲ့ အားလုံးအတူယူ လွဲသွားနိုင်တယ်၊ ခေတ်မီလှပလှုံခြုံတဲ့ ဝတ်စားဆင်ယင်မှုဟာ ကျက်သရေလည်း ရှိသလို အန္တရာယ်လည်း ကင်းတယ်လို့ မဝါထင်ပါတယ်။

**မဝါမှာ ရှိသင့်ရှိထိုက်တဲ့ ခန္ဓာကိုယ်အလေးချိန်ထက်ပိုမသွားအောင် ဘယ်လိုနေထိုင် ကျင့်ကြံခဲ့ပါသလဲ**

အစ်မက ဝနေတော့ ညစာကိုဆင်ခြင်ပြီးစားတယ်၊ အိပ်ခါနီး အစာစားတာကတော့ မကောင်းဘူး လူကို ဝစေသွားပြီ၊ အသီးအနှံကို ဦးစားပေးစားသင့်တယ်၊ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းရမယ်ဆိုတာကိုလည်း အမြဲသတိပေးနေရတယ်။

**ကိုယ့်ရဲ့ ခန္ဓာကိုယ်အချိုးအစားနဲ့ ရှောင်ကြဉ်သင့်တဲ့ အဝတ်အစားတွေနဲ့ ပတ်သက်ပြီး**

ကိုယ့်အသက်အရွယ်၊ ကိုယ်ခန္ဓာအချိုးအစားနဲ့လိုက်ပြီး မလျော်ညီတာကို မစဉ်းစားဘဲ သင့်တင့်ပြီး ခေတ်မီလှပတဲ့ အဝတ်အစားကိုပဲ ဝတ်ဆင်သင့်တယ်လို့ ထင်ပါတယ်။

**ဘယ်လိုဝတ်ဆင်ခြင်းဟာ ကိုယ်နဲ့လိုက်ဖက်ပြီး ယုံကြည်စိတ်ချမှုရှိတယ်ဆိုတဲ့အပေါ်**

အစ်မက အနုပညာရှင်ဆိုတော့ ဇာတ်ဝင်ခန်းအရ ခေတ်အတိုင်း လိုက်ဝတ်ရတာတွေ ရှိပေမယ့် အစ်မရင်ထဲက မြန်မာဝတ်စုံဝတ်ဆင်ဖို့ကိုပဲ လက်ခံတယ်၊ မြန်မာဝတ်စုံနဲ့ မှန်ရှေ့မှာ ရပ်လိုက်ရတာကိုက ပြည့်စုံလုံခြုံသလို ခံစားရတယ်၊ မြန်မာအမျိုးသမီးလေးတွေလည်း မြန်မာဟန်မပျောက်အောင် ထိန်းသိမ်းကြပါလို့ မဝါ ပြောချင်ပါတယ်။

ယုယအိမ်

Asian Fame Media Group



# XXL Beauty

Model : War War Aung.
Photo : Ko Naing (Popular)

# Artist IDEA

## ထိန်ဝင်း

arranged by phyoe su po po



Rapper ထိန်ဝင်းဆိုတာ Hip Hop ဂီတကို နှစ်သက်ကြတဲ့ လူငယ်တိုင်း သိထားပြီးသားပါ။ ဒါပေမဲ့ ဒီ Rapper ထိန်ဝင်းက ဂီတအနုပညာအပြင် Interior Design တွေကိုပါ စိတ်ဝင်စားပြီး နားလည်ပြီး Decorator အဖြစ်နဲ့ ရပ်တည်နေသူ ဆိုတာကို သိသူကတော့ နည်းပါလိမ့်မယ်။ Rap တွေကို အသားတကျ ရွတ်ဆိုနေသူ Rapper ထိန်ဝင်းရဲ့ အတွေးတွေထဲမှာ Colour Theory တွေကို ကောင်းကောင်း တတ်ကျွမ်းနေပြီး အနုပညာဆန်တဲ့ ပဋ္ဌလက် ဒီဇိုင်းတွေနဲ့ Interior, Exterior Design တွေကိုပါ ဖန်တီးနေပါတယ်။ ဒါကြောင့် Rapper တစ်ဖြစ်လဲ Decorator ထိန်ဝင်း အနေနဲ့ Artist's Idea ကဏ္ဍကနေ ရတီ ပရိသတ်အတွက် တွေ့ဆုံခဲ့ပါတယ်။

Asian Fame Media Group



**အရင်ဆုံး ထိန်ဝင်း နားလည်တဲ့ Design ဆိုတာရဲ့ အဓိပ္ပာယ်ကို ပြောပြပေးပါလား။**

Design ဆိုတာက အမှန်တော့ Luxury ပါပဲ။ ဇိမ်ခံပစ္စည်းတွေထဲကမှ ခံစားထိတွေ့နိုင်တဲ့ အရာပါပဲ။ လူတစ်ယောက်ရဲ့ဘဝမှာ နေမှုထိုင်မှု အပါအဝင်အရာအားလုံးမှာ Design တွေနဲ့ ထိတွေ့နေရတာပါ။ ဒါပေမဲ့ Design တစ်ခုကို ခံစားနားလည်ဖို့ကျတော့ အဲဒီလူရဲ့ ဉာဏ်ရည်ဉာဏ်သွေး၊ ပြီးတော့ သူ့ရဲ့ကိုယ်ပိုင်ဝင်ငွေနဲ့ အများကြီးဆိုင်သွားပြီဗျ။



**လူ့အဖွဲ့အစည်းအတွက် Design ဆိုတာ ဘယ်လို အရေးပါသက်ရောက်မှုရှိလဲ ဆိုတာ ပြောပြပေးပါဦး။**

လူ့အဖွဲ့အစည်းအတွက်ဆိုရင်တော့ ဒီဇိုင်းက လူတွေနဲ့ ကျန်းမာရေးရော လူနေမှုအဆင့်အတန်းနဲ့ရော တိုက်ရိုက်သက်ရောက်မှု ရှိနေတယ်။ တခြား ဒီဇိုင်းတွေတော့ ကျွန်တော်လည်း မဆွေးနွေးတတ်ပေမယ့် အခု ကျွန်တော်တို့ လုပ်နေတဲ့ Interior, Exterior ဒီဇိုင်းတွေဆိုရင် အခန်းဖွဲ့စည်းပုံနဲ့ အရောင်ရွေးချယ်မှုတွေက တော်တော်အဓိကကျပါတယ်။ လူတွေရဲ့ စိတ်ကို အဓိက ဖမ်းစားနိုင်တာ ကအရောင်လဲ။ ဥပမာ-ဧည့်သည်တစ်ယောက်က ကိုယ့်အိမ်ကို အလည်လာတယ်ဆိုပါစို့ဗျာ။ အိမ်ထဲစစ ဝင်ချင်းမှာ သူပြောမယ့် စကားက "အခန်းလေးကလှတယ်နော်။ အရောင်စပ်ထားတာတွေကလည်း လှလိုက်တာ" ဆိုတာမျိုးပေါ့။ တချို့ဆိုရင် "နင်တို့အိမ်လာရတာ အရမ်းအေးချမ်းတာပဲ" ဆိုတာမျိုးတွေလည်း ပြောကြလိမ့်မယ်။ ဒါဆိုကိုယ့်အိမ်ကိုလာတဲ့ ဧည့်သည်က အနည်းနဲ့အများတော့ စိတ်ချမ်းသာသွားပြီ။ ဒါကအရောင်တွေရဲ့ လှည့်ကွက်ပဲ။ ပစ္စည်းအထားအသို၊ နေရာအခင်းအကျင်းကို ကျတော့ ဧည့်သည်ကနောက်မှ စိတ်ဝင်စားလိမ့်မယ်။ ဒါက ဒီဇိုင်းတစ်ခုရဲ့ သက်ရောက်မှုပဲပေါ့။

**လူ့အဖွဲ့အစည်းအတွက် ဆိုရင်တော့ ဒီဇိုင်းက လူတွေနဲ့ ကျန်းမာရေးရော လူနေမှုအဆင့်အတန်းနဲ့ရော တိုက်ရိုက် သက်ရောက်မှုရှိနေတယ်။**



**လူအများစုက ဒီဇိုင်းကို နားလည်ခံစားနိုင်မှု စွမ်းရည်မြင့်ဖို့နဲ့ Design Appreciate လုပ်နိုင်ဖို့အတွက် ဒီဇိုင်နာတစ်ယောက် အနေနဲ့ ဘယ်လိုအားထုတ်မှုတွေ ရှိရမလဲ။**

အလှအပမကြိုက်တဲ့ လူဆိုတာတော့ မရှိပါဘူး။ ဒီဇိုင်းကို နားလည်ဖို့ ဆိုတာတော့ အခြေခံအားဖြင့် အနုပညာစိတ်ရှိရမယ်။ ပန်းချီအကြောင်း နားလည်ရမယ်။ ဖန်တီးနိုင်မှုရှိရမယ် စသဖြင့်ပေါ့ဗျာ Decoration ဘာကြောင့် လုပ်ရတာလဲ ဘယ်လိုအရေးပါလဲ ဒါတွေကို သိဖို့ကျတော့ ကျွန်တော်တို့ဆီ နည်းနည်းတော့ အချိန်ယူရမယ်ထင်တယ်။ ဥပမာတစ်ခုပြောရရင် ရေချိုးခန်း အိမ်သာပေါ့ဗျာ။ လူတော်တော်များများက အိမ်သာပဲ။ ကြွေပြားကပ်လိုက် မှန်တပ်၊ ဘေစင်ထည့် အိမ်သာခွက်ထိုင် တံခါးတပ် ဆေးသုတ်တော့ပြီ ဒါပဲလုပ်တယ်။ ကျွန်တော့် မိဘတွေလည်း ဒီလိုပဲ ကျင့်သုံးခဲ့ကြတာပါ။ ဒါကို အတိုက်အခံသွားပြောရင် အလကားပိုက်ဆံကုန်တယ်။ လူ



မမြင်တဲ့နေရာကို ချဲ့မနေနိုင်ဘူးဆိုပြီး ဆင်ခြေတွေပေးတတ်ကြတယ်။ အမှန်တော့ လူတစ်ယောက်ရဲ့ တစ်နေ့တာ ပင်ပန်းမှုတွေကို ဖြေ ဖျောက်ဖို့အတွက် အိမ်သာ၊ ရေချိုးခန်းက တစ်ဝက်လောက် အရေးပါ ပါတယ်။ ဒါမျိုးတွေက အစပေါ့နော်။ Design နဲ့ Decoration ကိစ္စတွေကို Appreciate လုပ်နိုင်ဖို့ တော်တော်လေး ကြိုးစားရဦးမှာပါ။



**ဒီဇိုင်းက စားဝတ်နေရေး ၃ ခုလုံးမှာ ပါနေတယ်ဆိုတော့ ဒီဇိုင်နာတစ်ယောက်ရဲ့ အရေးပါမှု၊ အသုံးဝင်မှုတွေကိုလည်း သိချင်ပါတယ်။**

ကျွန်တော်ကတော့ စား၊ ဝတ်၊ နေ၊ ရေး အစား နေ၊ စား၊ ဝတ်၊ ရေးလို့ ခံယူထားတယ်ဗျ။ လူတစ်ယောက်အတွက် သူ့ရဲ့ဘဝမှာ ပထမဆုံး လိုအပ်တာက နေဒဏ်၊ မိုးဒဏ်ကာကွယ်နိုင်တဲ့





Shelter ပါ။ စားဖို့ကတော့ ရေးလူကြီးတွေ ပြောသလိုပေါ့ ထမင်းတစ်လုပ် အတွက်က ထင်းခုတ် စားရင်တောင်ရပါတယ် ဆိုတာမျိုး ပေါ့။ ဝတ်တာကလည်း အလဲအလှယ် အတွက်နဲ့ နှစ်စုံလောက်ရှိရင် အဆင်ပြေပါတယ်။ အဲဒီတော့ ခိုလှုံစရာအရိပ် အာဝါသ Shelter အတွက်က လူတစ်ဦးစီရဲ့ ဝင်ငွေ Budget ပေါ်မူတည်ပြီး အသေး၊ အလတ်၊ အကြီးကွဲသွားတာပေါ့။ အဲဒီမှာ ဝင်ငွေအလတ် တချို့နဲ့ အကြီးတွေပဲ Design နဲ့ Decoration ကို စိတ်ဝင်စားကောင်းဝင်စားပါလိမ့်မယ်။ အသေးသမားအတွက် ကျန်တဲ့ စားဖို့နဲ့ဝတ်ဖို့အတွက် ရုန်းကန်ဖို့ပဲ စိတ်ဝင်စားပါလိမ့်မယ်။

**Design တစ်ခုမှာ** Form **ရယ်၊** Colour **ရယ်၊** Texture **ရယ်ပါတယ်ဆိုပြီး သိရတယ်။ အဲဒါတွေအပြင် ဒီဇိုင်းတစ်ခုမှာ ဘာတွေပါရသေးလဲ။**

ဘာတွေထပ်ပြီး ပါရဦးမလဲဆိုတော့ Mood ပေါ့။ ရှာန်ဝင်ဖို့လိုတယ်။ ခံစားပြီး ဆွဲဖို့လိုတယ်။ ပန်းချီဆွဲသလိုပေါ့ဗျာ။ ပိုက်ဆံတစ်ခုအတွက် ပဲကြည့်ပြီး အလုပ်ပြီးမြောက်ရုံလောက်ပဲ ဖန်တီးခဲ့မယ်ဆိုရင်တော့ အောင်မြင်ကောင်းအောင်မြင်ခဲ့ရင်တောင် ရေရှည်မခံပါဘူး။ စေတနာက အရမ်းအရေးကြီးတယ်။ အမှန်တော့ အောင်မြင်မှုဆိုတာမျိုးက ကိုယ့်ဆီဓာလာလည်ပတ်တဲ့ ဧည့်သည်ပါပဲ။

**ဒီဇိုင်းပညာရပ်တွေ အမျိုးမျိုးထဲကမှ ထိန်ဝင်းကဘာကြောင့်** Interior, Exterior Design **ကိုပဲ စိတ်ဝင်စားပြီး ဖန်တီးဖြစ်ခဲ့တာလဲ။**

ကျွန်တော်က ဒီဇိုင်နာသီးသန့်တော့ မဟုတ်ဘူးပေါ့။ ဒီဇိုင်းပိုင်းမှာ Interior, Exterior, Land-scape ဆိုပြီး ၃ မျိုးရှိတယ်။ ကျွန်တော်က Land-scape ပိုင်းကို မကျွမ်းကျင်ဘူး။ Landscape ရေရော မြေရော၊ သစ်ပင်တွေရော ပါတယ်လေ။ ကျွန်တော်ကဘာကြောင့် Interior, Exterior ပိုင်းကို စိတ်ဝင်စားခဲ့တာလဲဆိုရင်တော့ ပြောရခက်တယ်ဗျ။ ဒါပေမဲ့ ကျွန်တော်က ငယ်ငယ်တည်းက အိမ်ထဲက ပစ္စည်းတွေကို ဘယ်လိုထားရမလဲ ဘာပြင်ရမလဲ ဒါပဲစိတ်ဝင်စားခဲ့တာ။ ကိုယ့်အိမ်ဆောက်ပြီးမှ ဒါကို ထဲထဲဝင်ဝင်လုပ်ဖြစ်ခဲ့တာပါ။

Interior Design **နဲ့** Exterior Design **ရဲ့ ကွဲပြားမှုကိုလည်း သိချင်ပါတယ်။**

နှစ်ခုလုံးကတော့ မလွယ်ဘူးဗျ။ Interior Design ကတော့ အတွင်းပိုင်းပြင်ဆင်တာပေါ့။ Design နဲ့လူတွေရဲ့ အမြင်အာရုံကိုလှည့်လို့ရတယ်။ ကျွန်တော် စင်ကာပူသွားတုန်းကတွေ့ခဲ့တဲ့ အခန်းတစ်ခန်းဆိုရင် တကယ်ကိုကျဉ်းလေးကိုပဲ ပြင်ထားတာ။ အခန်းတစ်ခန်းကကျဉ်းနေလည်း ကျယ်သယောင် ဖြစ်အောင် ကျယ်နေလည်း ကျဉ်းသယောင်ဖြစ်အောင် Design နဲ့ ပြင်လို့ရတယ်။ Exterior Design ကတော့ Outdoor ပိုင်းတွေပါတယ်။ ကျွန်တော်တို့ပဲ အစအဆုံးလုပ်ရတဲ့ Design တွေကတော့ လုပ်ရတာပိုလွယ်တယ်။ တစ်ခါတလေကျတော့ Renova-tion လို့ခေါ်တဲ့ ကိုယ့်ရှေ့မှာ လူတစ်ယောက်က ပြင်ဆင်ထားပေးပြီးမှ ကိုယ့်ကို ပြန်လည်ပြင်ဆင်ဖို့ အပ်တာမျိုးကျတော့ ကျွန်တော်တို့အတွက် ပိုခက်တယ်။

Designer နဲ့ Decorator **မှာရော ဘယ်လို ကွာခြားလဲ။**

ကျွန်တော်ဆိုရင် Decorator ပဲ။ Interior Designer ကကျတော့ သူက Design သတ်သတ်ပဲ ဆွဲပေးလိုက်တာ။ သူ့တာဝန်က ဒီဇိုင်းကောင်းကောင်းတစ်ခုကို ဆွဲပေးပြီးရင်ပြီးပြီ။ Decorator ကကျတော့ အဲဒီလိုမဟုတ်ဘူး။ ကျွန်တော်တို့ ကုမ္ပဏီမှာဆိုရင် ဒီဇိုင်နာတွေ အများကြီးပဲ၊ ကျွန်တော်က ကျွန်တော်လိုချင်တဲ့ပုံစံ ကျွန်တော်ဖြစ်ချင်တဲ့ ဒီဇိုင်းကို ဒီဇိုင်နာတွေကို ပြောပြတယ်။ သူတို့က ဒီဇိုင်းဆွဲပေးတယ်။ ပြီးရင် ကျွန်တော်က လုပ်ငန်းခွင်ထဲထိ လိုက်ပြီး Decoration တွေလုပ်တယ်။ ပြီးတော့ ကျွန်တော်တို့ရဲ့ 'The Crown' က ဆောက်လုပ်ရေးပိုင်းပါတာဝန်ယူတာပါ။ ဒီဇိုင်နာကတော့ တကယ်တွေ့ရတဲ့ အခက်အခဲတွေနဲ့ မတွေ့လို့ရတယ်။ ဘာလို့လဲဆိုတော့ ကိုယ့်ဒီဇိုင်းက ဒီလိုပုံပါဆိုပြီး ဆွဲလိုက်ပေမယ့် တကယ်လည်းဆင်ရော အုတ်နံရံက နည်းနည်းစောင်းနေတာမျိုး အခန်းထောင့်ချိုးမှာ တစ်မျိုးတစ်ဖုံဖြစ်နေတာမျိုးတွေ ရှိတတ်တယ်။ ဒီလိုအခက်အခဲမျိုးတွေကျတော့ Decorator က တန်းပြီး တွေ့ရတတ်တာပေါ့။

3D Visualizer Decorator **နဲ့** Interior Designer **တရော ဘယ်လိုကွာခြားမှုတွေရှိသလဲ။**

သီအိုရီနဲ့ လက်တွေ့နည်းနည်းတော့ ကွာဟချက်လေးတွေရှိတာပေါ့။ ကျွန်တော်တို့ အခန်းတစ်ခုစလုပ်တော့မယ်ဆိုရင် အဲဒီအခန်းရဲ့ အကျယ်အဝန်းကို အရင်တိုင်းတယ်။ တိုင်းထားတဲ့ အတိုင်း ကွန်ပျူတာထဲမှာ ဒီဇိုင်းဆွဲတယ်။ ဆွဲတဲ့ပုံက 3D ပုံနဲ့ထွက်တယ်။ ဒါကို 3D Visualizer လို့ခေါ်တာပေါ့။ ထွက်လာတဲ့ 3D ပုံကို Client ကိုပြရတယ်။ Client ကသဘောတူပြီ ဆိုမှ ဒီဇိုင်နာက Drawing ထပ်ဆွဲပေးတယ်။ ဒါက



စာရွက်ပေါ်က ကိစ္စပေါ့နော်။ လုပ်ငန်းခွင်ထဲရောက်ရင်တော့ ခုနကပြောသလို အတိုင်းအတာအနည်းငယ် လွဲတာလေးတွေ ရှိတတ်တယ်။ Ceiling တွေမှာဆိုလည်း Height အနိမ့်အမြင့် ပြန်ကစားရတာမျိုးတွေရှိတယ်။ ဒီလိုမျိုးအသေးအဖွဲလေးတွေတော့ ရှိတတ်ပါတယ်။

**ထိန်ဝင်းရဲ့** Image **တိုရော** Hip Hop **ဂီတသမားအဖြစ်နဲ့ မြင်စေချင်လား။ ဒါမှမဟုတ်** Decorator **အဖြစ်နဲ့ မြင်စေချင်လား။**

နှစ်ခုစလုံးက ကျွန်တော့်ရဲ့ အနုပညာနဲ့ ဝါသနာပါပဲ။ ဘယ်ဟာကိုမှ ကျွန်တော်မစွန့်လွှတ်ပါဘူး။ နှစ်ခုလုံးကလည်း အနုပညာ လုပ်ဖြစ်တာကြောင့် ကျွန်တော်ပျော်ပါတယ်။

Interior Designer **တစ်ယောက်အတွက် အတတ်ပညာပိုင်းအပြင် ခံစားမှုပါ ကိုယ့်အလုပ်ထဲမှာ ထည့်ဖို့လိုအပ်သလား။**

သီချင်းတီးသလို ရေးသလိုမျိုးပေါ့။ လာအပ်

Asian Fame Media Group



တဲ့ သီချင်းတွေကို အငှား ခံစားချက်နဲ့ ရေးတယ်၊ တီးတယ်။ အဲဒီလိုမျိုးပါပဲ။အလုပ်လာအပ်တဲ့ ကျွန်တော့် ရဲ့ Client တွေရဲ့ feeling ကို ဦးစားပေးပါတယ်၊ ဥပမာ - Client က Decoration ကို မြန်မြန်ဆန်ဆန်လေး ပြင်ချင်တာလား။ အနောက်တိုင်း ပုံစံလိုချင်တာ။ Modern ပုံပြင်ချင်တာလား ဆိုတာတွေပေါ့။ Client လိုချင်တဲ့ပေါ် မူတည်ပြီး ကျွန်တော်တို့က ဖန်တီးပေးတာပါ၊ ဖန်တီးတဲ့အခါမှာလည်း ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှနဲ့ အကောင်းဆုံးပဲ လုပ်ပေးပါတယ်။ ဒီလုပ်ငန်းကတော့ အနုပညာ ဆန်တယ်။ ဒီတော့ ဘယ်လို မြင်ရမလဲ ဆိုတဲ့ အတတ်ပညာတွေလည်း တတ်ရမယ်။ ပြီးတော့ အနုပညာဆန်တဲ့ အတွေး ရသလည်း ပါရမီဓာတ်ခံရှိထားရလိမ့်မယ်။

**ဂီတအလုပ်နဲ့** Decorator **အလုပ်မှာ ဘယ်လိုကွားခြားမှုတွေ ရှိပါသလဲ။**

ဂီတအလုပ်ကတော့ Entertainment အလုပ်ပေါ့။ Decorator ကကျတော့ Service ပေးရတယ်လို့ပြောရမယ်။ နှစ်ခုလုံးကတော့ လူတွေကို စိတ်ကျေနပ်မှုပေးရတဲ့ အလုပ်တွေပါပဲ။ လုပ်ငန်းမှန်သမျှကတော့ ခက်ခဲတယ်။ ကြမ်းတမ်းတယ်ပေါ့။ ဒါပေမဲ့ တကယ်အောင်မြင် ချင်ရင်တော့ ခက်ခဲတဲ့ အပိုင်းတွေကို ရင်ဆိုင်ကျော်ဖြတ်



ရမှာပဲ။

Interior Designer **တစ်ယောက်ရဲ့ လုပ်ငန်းတာဝန်ကို တိတိကျကျ ပြောပြပါဆိုခဲ့ ရင် ဘယ်အပိုင်းတွေပါမလဲ။**

အရောင်တွေအကြောင်းကို နံ့နံ့စပ်စပ် နားလည်ပြီး သေချာကို အရောင်ခွဲပေးနိုင်ရမယ်။ ဘယ်နေရာမှာ ဘယ်လို အရောင်သုံးပေးရမယ်ဆိုတဲ့အပိုင်းပေါ့။ ပြီးတော့ အခန်းအဖွဲ့အစည်းကို ပိုင်နိုင်ရမယ်။ အခန်းဖွဲ့စည်းမှုကလည်း အရေးပါတယ်။ အခန်းကျဉ်းကို ကျယ်သယောင် ဖွဲ့စည်းပေးနိုင်တာလည်း အတတ်ပညာတစ်ခုပါပဲ။ ပြီးတော့ ပစ္စည်းအထားအသိုပေါ့။ ဒါတွေကInterior Designer တစ်ယောက်မှာရှိရမယ့် လုပ်ငန်းတာဝန်တွေပါပဲ။

**ဒီလို ဒီဇိုင်နာတစ်ယောက်အဖြစ် ရပ်တည်နိုင်ဖို့အချိန်တွေ၊ ပညာတွေ၊ ငွေကြေးတွေ အများကြီးပေးဆပ်ရသလို ကိုယ့်အတတ်ပညာအတွက် ကျေညီတဲ့တုံ့ပြန်မှုတွေရော ပြန်ရပါရဲ့လား။**



ဒါကတော့ သေချာတော့ ပြောလို့ မရဘူးဗျ။ ဒီဇိုင်နာတစ်ယောက်အဖြစ် ရပ်တည်နိုင်ဖို့က အစ်မပြောသလို အချိန်တွေ၊ ပညာတွေ၊ ငွေကြေးတွေ အများကြီး ပေးဆပ်ရတာပါ။ ဦးနှောက်စားခံရတယ်ပေါ့။ ဒါတွေရင်းနှီးပြီးမှ ဒီလုပ်ငန်းကို လုပ်ရတယ်။ လုပ်ငန်းခွင်မှာတော့ ထင်သလောက်မလွယ်ဘူးဗျ။ ကိုယ့်ပညာကို လေးစားတဲ့သူတွေလည်း ရှိကြသလို တန်ဖိုးမထားတဲ့ သူတွေလည်း ရှိတာပဲ၊ ဒီဇိုင်းခကတော့ KTV ခန်းတစ်ခန်း တွက်ဆိုရင်တောင် အနည်းဆုံး ၃ သိန်းလောက်တော့ ပေးရတယ်။

**ဒီဇိုင်နာတစ်ခုက Client ဖြစ်တဲ့ အိမ်ပိုင်ရှင်၊ စီးပွားရေးလုပ်ငန်းရှင်၊ စီးပွားရေးလုပ်ငန်း အဲဒါတွေရဲ့ သဘောထားကို ကိုယ်စားပြုဖော်ပြလေ့ရှိပါသလား။**

အများကြီးကိုယ်စားပြုပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေဆိုရင် ပိုဆိုးတာပေါ့ဗျာ။ ကိုယ်လုပ်တဲ့ လုပ်ငန်းကို ကိုယ်ထိုင်တဲ့ရုံးခန်းကကိုယ်စား



ပြုတာပါ။ ဒီလုပ်ငန်းရဲ့ အောင်မြင်မှု၊ ကြီးကျယ်မှုတွေပေါ့ဗျာ။ အိမ်ဆိုလည်း ဒီအတိုင်းပဲ။ မိသားစုဝင်တွေကို ကိုယ်စားပြုတာက ကိုယ့်အိမ်ရဲ့ အပြင်အဆင်ပါပဲ။ ဒါကြောင့် အရေးကြီးတယ်။

Client **တွေနဲ့ ညှိနှိုင်းလို့ အဆင်မပြေတာမျိုးတွေ ကြုံခဲ့ဖူးလား။**


ဒါမျိုးကတော့ ခဏခဏကြုံပါတယ်။ ဆန်းတော့ မဆန်းပါဘူး။ တချို့ Client တွေဆိုရင်



Asian Fame Media Group

သူပြောင်းချင်တဲ့ အရောင်တွေ၊ ထားချင်တဲ့ အထားအသိုတွေ လျှောက်ပြောင်းတဲ့အခါကျ တော့ ကျွန်တော်တို့ဒီဇိုင်းတွေ ပျက်ကုန်တာပေါ့။ ဒီဇိုင်းအရလည်း အဆင်မပြေသလို၊ ဒီဇိုင်နာ အတွက်လည်း မကောင်းပါဘူး။ ညှိတော့ညှိကြည့် တာပဲ။ ဒါပေမဲ့ ညှိနိုင်းလို့မရတော့ ကိုယ့်ရဲ့ Customer ဖြစ်နေတဲ့အတွက် လက်လျှော့ပြီး လိုက်လျောလိုက်ရတွေလည်း ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ကိုယ့်ဆီမှာ ဒီဇိုင်း တစ်ခု လာအပ်ရင် Client ဘက်က ဒီဇိုင်းတစ်ခုကို စိတ်တိုင်းကျဖြစ်ပြီဆိုမှ Drawing ထုတ်ပြီး အလုပ်စလုပ်ပါတယ်။ ဒီနားမှာက ဘာကြောင့် ဒီအရောင် သုံးထားတာပါ။ ဘာကြောင့် ဒီပစ္စည်း ကိုထားတာပါဆိုပြီးလည်း Client ဘက်က နား လည်သဘောပေါက်အောင် ရှင်းပြပေးပါတယ်။ လူကတော့ အမျိုးမျိုးဆိုတော့ လက်ခံတဲ့သူလည်း ရှိကြပါတယ်။ လက်မခံတဲ့ သူမျိုးတွေလည်း ရှိတာ ပဲ။ ဒါကတော့ လုပ်ငန်းလုပ်တဲ့သူတိုင်း တွေ့ရနိုင် တဲ့ ကိစ္စမျိုးပါပဲ။

**ထိန်ဝင်းရဲ့ ငယ်အိပ်မက်တွေထဲမှာရော Interior Designer တို့ Decorator တို့ဆိုတာ ပါခဲ့လား။**



ငယ်ဘဝအိပ်မက်ကတော့ မသေချာခဲ့ပါဘူး။ ဟိုဟာလည်းဖြစ်ချင် ဒီဟာလည်း လုပ်ချင်နဲ့ မရေရာခဲ့ဘူး။ ဒါပေမဲ့ အိမ်လှလှလေးတွေကိုတော့ ငယ်ငယ်တည်းက သဘောကျတာ။ သူများအိမ် တွေ ဘာတွေသွားလည်ခဲ့ရင်လည်း သူတို့အိမ် အပြင်အဆင်လေးက ကိုယ့်မျက်စိထဲမှာ လှနေ တယ်ဆိုရင် ကိုယ့်အိမ်ပြန်ရောက်တာနဲ့ ကိုယ့်ဟာ ကိုယ်လုပ်ကြည့်တယ်။ အဆင်တော့ မပြေဘူးပေါ့။ အဲဒီတုန်းကတော့ Interior Design တွေ Decoration တွေ နားမလည်သေးဘူး။ လှတာပဲ သိခဲ့တာလေ။ နည်းနည်း ကြီးလာတော့ ဂီတကို ဝါသနာရောက်သွားတယ်။ ဒါနဲ့ Rapper အရင် စဖြစ်တာပေါ့။ Decorator ကတော့ ငယ်ငယ် တည်းက ရင်ထဲမှာ ကိုယ်တိုင်တောင် မသိလိုက်ဘဲ ကိန်းအောင်းနေခဲ့တဲ့ ဝါသနာဆိုရင် မမှားဘူး။

**ထိန်ဝင်းရဲ့ The Crown Construction & House Dressing Co;Ltd ကိုစပြီး ဖွဲ့စည်း တည်ထောင်ဖြစ်ခဲ့ပုံလည်း ပြောပြပေးပါဦး။**

ကျွန်တော် ၁၀ တန်းအောင်ချိန်မှာ ကျွန်တော့်အဖေက အိမ်ဆောက်တယ်။ ကိုယ့် မိသားစုနေဖို့ပေါ့။ အဖေက ကျွန်တော့်ကို အရမ်း ခိုင်းတယ်။ သံနိုက်တာ၊ အုတ်သယ်တာ အုတ်ချ တာအကုန်ခိုင်းတာ။ အဲဒီတုန်းကတော့ ငါ့ကို အဖေကခိုင်းတယ်ဆိုပြီး အဖေ့ကို သိပ်ပြီးမကြည်ခဲ့ ဘူး။ ဒါပေမဲ့ ကျွန်တော်က ဝါသနာပါတော့ အလုပ်သမားတွေနဲ့ ပေါင်းပြီး သူတို့ဆီက ပညာ တွေကို သင်တယ်။ အောက်ခြေသိမ်း အကုန်သင် တာ။ အခုချိန်ထိလည်း အဲဒီလူတွေနဲ့ပဲ ကျွန်တော် လက်တွဲပြီး အလုပ်လုပ်နေတာပါ။ ကျွန်တော့်ဆီက ဝန်ထမ်းတွေ၊ အလုပ်သမားတွေ အားလုံးကို ကျွန် တော့် မိတ်ဆွေတွေလိုပဲ သဘောထားတယ်။ သူ တို့နဲ့ သဘောညှိနှိုင်းပြီး အလုပ်တွေလုပ်တယ်။ အဖေ အမြဲပြောတဲ့ စကားတစ်ခွန်းရှိတယ်ဗျ။ ကိုယ်က ဘာမှမတတ်ဘဲနဲ့ သူများကိုခိုင်းဖို့ မကြိုး စားနဲ့တဲ့။ အခုချိန်မှာတော့ အဖေ့ကို အရမ်း ကျေးဇူးတင်တယ်၊ ဒီကုမ္ပဏီ စထောင်ဖြစ်တာက တော့ ကျွန်တော် အိမ်ထောင် ပြုပြီးမှပါ၊ ကိုယ်နေ တဲ့ အိမ်ကိုပြင်ရင်း ဆင်ရင်းနောက် ကျွန်တော့်ရဲ့ Recording Studio (Noize City) ကိုလည်း ပြင်ရင်းနဲ့ တွေ့တဲ့မိတ်ဆွေကကြိုက်တော့ လုပ် ပေးပါဆိုတာနဲ့ ဟိုနည်းနည်း၊ ဒီနည်းနည်းနဲ့စပြီး လုပ်ခဲ့ဖြစ်တာပါ။ ခုနှစ်အရဆိုရင်တော့ ၂၀၁၀ လောက်ကမှ စခဲ့တာပါ။

**Interior Designer အဖြစ်နဲ့ ဘဝကို လျှောက်လှမ်းဖို့ကြိုးစားနေကြတဲ့ လူငယ်တွေကို ရော ဘယ်လို Message မျိုးပေးချင်ပါသလဲ။**

တကယ်ကြိုးစားနေတာမှန်ရင် မအောင်မြင် စရာမရှိပါဘူး။ အောင်မြင်မှာပါ။ မကြိုးစားတော့ ဆိုရင်တော့ ကျရှုံးမှာပဲဗျ။ နံပါတ်တစ်အရေးကြီး ဆုံးက ကြိုးစားမှုပါပဲ။

**မြန်မာပြည်မှာ Interior Design ကို စိတ် ဝင်စားတာက ဘယ်လိုလူတန်းစားမျိုးကလဲ။**

အထက်လွှာတွေကတော့ အဓိကပေါ့၊ လူလတ်တန်းစားတွေလည်း စိတ်ဝင်စားကြပါ တယ်။ တကယ်တော့ ဒါက စိတ်ကူးယဉ်ပဲ၊ လက် တွေ့လုပ်ဖို့ကျတော့ Budget က စကားပြောသွား ပြီး ဒီဇိုင်းပေါ်မူတည်ပြီး ကုန်ကျစရိတ်ကလည်း ကွာဟချက်ရှိသွားတယ်။

**အခုလက်ရှိ ထိန်ဝင်းတို့ The Crown နဲ့ ဆက်ဆံနေတဲ့ Client တွေကရော ဘယ်လိုလူမျိုး တွေပါလဲ။**

ကျွန်တော်တို့နဲ့ လက်တွဲဖြစ်တာက များ သောအားဖြင့် စီးပွားရေးလုပ်ငန်းရှင်တွေ ပဲ များ ပါတယ်။ Y-Talk ကိုလည်း ကျွန်တော်တို့ပဲ လုပ် တာပါ။ ဖက်ရှင်ဆိုင်တွေ ရုံးခန်းတွေလည်း လုပ်ရ တယ်။ အခုလက်ရှိ ဟိုတယ်အနေနဲ့ဆိုရင် တော့ ဟိုတယ်ရွှေဂုံတိုင်က KTV အခန်းတွေရော၊ ဟိုတယ်အခန်းတွေပါ Renovation ဝင်ပေးနေ ရပါတယ်။ နေပြည်တော်က ဟိုတယ်တစ်ခုကတော့ စကားပြောတုန်းပဲ ရှိပါသေးတယ်။

**Interior Design သင်တန်းတစ်ခုကို တက် တော့မယ်ဆိုရင် ဘယ်လိုလူမျိုးတွေ တက်သင့် ပါသလဲ။ ဘယ်လိုအခြေခံ ပညာရပ်တွေရှိဖို့ လိုပါသလဲ။**

အဓိကအခြေခံကတော့ ပန်းချီမဆွဲနိုင် တောင်မှ ပန်းချီအကြောင်းအရာ နားလည်ရမယ်။ အရောင်တွေသဘောကိုလည်း နားလည်ထားရ မယ်။ အရောင်မှာအဝါရောင်က ဘာတွေကို ကိုယ်စားပြုတယ်၊ အပြာက ဘာသဘောဆောင် တယ် ဒါတွေရှိတယ်၊ အဲဒါတွေ သိထားရမယ်။ ဘာလို့လဲဆိုတော့ ဒီဇိုင်းဆိုတာ အရောင်တွေနဲ့ပဲ လုပ်ရတာလေ။ အိမ်ခန်းထဲမှာ ဘယ်လို အရောင် တွေ ထည့်ရမယ်ဆိုတာ သိရမယ်လေ၊ အရောင် တွေကို အခြေခံလောက်တော့ သိထားသင့်ပါ တယ်။

**ထိန်ဝင်းတို့ ကုမ္ပဏီက ဘယ်လို ဝန်ဆောင်မှု တွေကို ပေးနေတာလဲ။**

ကျွန်တော်တို့ ဆီမှာအလုပ်လာအပ်ရင်တော့ Design ရော Decoration ရောဆိုရင် ကျွန်တော် တို့က ဒီဇိုင်းခမယူဘူး။ ဆောက်လုပ်ရေးအထိပါ အပ်လို့ရတယ်။ မြေရှင်နဲ့ညှိပြီး အခန်းယူစနစ်နဲ့ တော့ အခုလက်ရှိ ဆောက်နေတယ်။ ကျွန်တော်တို့ ရဲ့ဆောင်ပုဒ်က Quality is our obsession ပါ။

**ဖြိုးစုပိုပို**

Asian Fame Media Group



# အမြင့်မြတ်ဆုံးသော အကြောင်းတရား

ဒေါက်တာတင်မြင့်ထွေး

ဒီနေ့မနက် ဘုရားရှိခိုးခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူခြင်း၊ တရားစာများရွတ်ဖတ် ပူဇော်ခြင်း၊ တရားရှုမှတ်ခြင်းစတဲ့ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာတရားအလုပ်များကို အေးအေးဆေးဆေး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အကြောင်းကတော့ ဒီနေ့ကျောင်းပိတ်ရက်ဖြစ်လို့ပါပဲ။ ကျောင်းဖွင့်ရက်ဖြစ်လျှင် ဝတ်မပျက်ဆောင်ရွက်လေ့ရှိသော ကိစ္စများမှာ ကျောင်းချိန်အမီ ဖြစ်ရမယ်ဆိုသော နောက်ဆံတင်းစိတ်ကြောင့် တစ်ခါတစ်ရံ ကသုတ်ကရက်ဖြစ်သွားတတ်တာကို ကျွန်မ ဝန်ခံရမှာပါ။

"ဒေါ်လေး ဒီနေ့ ပဋ္ဌာန်းရွတ်ပြီးသွားပြီလား"

တူမလေးခင်က ကျွန်မအနားကို ရောက်လာပြီး မေးလာပါတယ်။

"ပြီးသွားပြီ ခင်ရေ မနက်တိုင်း ပဋ္ဌာန်းပစ္စယနိဒ္ဒေသကိုရွတ်ပြီး မြတ်စွာဘုရားကို ပူဇော်မယ်လို့ ရည်မှန်းထားတာဆိုတော့ အရင်ဦးစားပေး ပူဇော်တယ်လေ၊ သမီးက ဘာလို့ မေးတာတုံး"

"ဒေါ်လေး အမြဲတမ်းပူဇော်နေတဲ့ ပဋ္ဌာန်းကို သမီးလည်း စိတ်ဝင်စားလို့လေ၊ ဒေါ်လေး ဒီလောက် အလေးထားတယ်ဆိုတော့ ပဋ္ဌာန်းမှာ ထူးခြားချက်ရှိလို့ ဖြစ်ရမယ်၊ ခင့်ကို ပြောပြပေးပါ ဒေါ်လေး"

"ထူးခြားချက် ရှိတာပေါ့ သမီးရယ်၊ မြတ်စွာဘုရားရှင် ပထမဦးဆုံး ဘုရားအဖြစ်သို့ ရောက်တော်မူပြီးတဲ့နောက် လေးပတ်မြောက်သော ရက်သတ္တပတ်မှာ ဘုရားရှင်သည် အဘိဓမ္မာတရားတော်ကို ဆင်ခြင်တော်မူတယ်တဲ့၊ အဘိဓမ္မာမှာ ၇ ကျမ်းရှိတဲ့အနက် ပဋ္ဌာန်းကျမ်းကြီးက သတ္တမမြောက်ဒေသနာတော်လေး၊ အဲဒီပဋ္ဌာန်းဒေသနာတော်ကြီးကို သုံးသပ်ဆင်ခြင်လိုက်တဲ့အခါ မြတ်စွာဘုရားရှင်ကိုယ်တော်ကနေ အနန္တစကြဝဠာကို ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးပေါ်ထွက်လာတယ်တဲ့"

"အရောင်တွေ အလင်းတွေ ထွက်လာတယ်လို့ ပြောတာပေါ့နော်၊ ဘာလို့လဲဟင်"

"ပဋ္ဌာန်းဒေသနာတော်ကြီးကို သုံးသပ်ဆင်ခြင်တော်မူရာမှာ ခက်ခဲနက်နဲတဲ့ ဒေသနာတော်ကြီးဖြစ်လို့ မြတ်စွာဘုရားက ဉာဏ်တော်ကြီးကို အစွမ်းကုန် ဖြန့်ကျက်သုံးသပ်ခြင်းဖြင့် မြတ်စွာဘုရားရှင်ရဲ့ ဉာဏ်တော်အနန္တလည်း ထင်ရှားပေါ်လွင်လာတယ်၊ အဲဒါနဲ့အတူ ရောင်ခြည်တော်ခြောက်သွယ်ပေါ်ထွန်းလာတဲ့အခါ မြတ်စွာဘုရားရဲ့ ဉာဏ်တော်၊ တန်ခိုးတော်တို့ တုမဲ့ပြိုင်ဘက်ကင်းသော အထွတ်အထိပ်သို့ ရောက်ပြီဟု မရေ

သစ်ပင်မှာ အမြစ်ဆိုသော
အကြောင်းရင်းရှိမှ
ရှင်သန်ကြီးထွားနိုင်သလို
ကိစ္စတိုင်းမှာလည်း
အခြေခံကျတဲ့
အကြောင်းရင်းဆိုတာ
အမြဲမလွဲမသွေရှိတယ်

တွက်နိုင်အောင် များပြားသော နတ်ဗြဟ္မာအပေါင်းတို့ သိရှိကြပြီး လိုက်လံကြည်ညိုစွာ ပူဇော်ကြတယ်တဲ့"

"ဪ ဒါဆို ပဋ္ဌာန်းဒေသနာတော်ကြီးက ထူးခြားတာပေါ့နော်"

"ဟုတ်တယ် ခင်ရေ ထူးခြားတယ်၊ ဒေါ်လေးလည်း ဒီပဋ္ဌာန်းဒေသနာတော်ကြီးကို နေ့တိုင်းရွတ်ဖတ်ပြီး မြတ်စွာဘုရားရှင်ရဲ့ ဉာဏ်တော်အနန္တ တန်ခိုးတော်အနန္တကို ပူဇော်တာလေ သမီး၊ နောက်ပြီး မြတ်စွာဘုရားဆိုတာ တစ်ပါးသူအပေါ်



မေတ္တာထားနိုင်တဲ့ နေရာမှာ ထိပ်ဆုံးက၊ သနားညှာတာတဲ့နေရာမှာ ရှေ့ဆုံးက၊ ရက်ရောစွာလှူဒါန်းပေးတတ်နိုင်ခြင်းမှာ ပထမ ဆုံးဖြစ်ပြီးတဲ့ အလုပ်တစ်ခုကို ပြီးမြောက်အောင် အားထုတ်တဲ့ ပုံလဝီရိယမှာ တုဖက်ကင်းသူဖြစ်လို့ ဒီအရည်အချင်းတွေ၊ တခြားတခြားသော အနန္တအရည်အချင်းတွေရှိတဲ့ မြတ်စွာဘုရားကို စံပြပုဂ္ဂိုလ်၊ ကြည်ညိုဖွယ်ပုဂ္ဂိုလ်တစ်ဦးအနေနဲ့ နေ့စဉ်မပြတ်ပူဇော်တာပါ သမီးရေ"

"ဒါဆို သမီးကို ပဋ္ဌာန်းကျမ်းအကြောင်း ဒေါ်လေး ရှင်းပြပေးပါလားဟင်"

"အင်း သမီးရေ၊ ပဋ္ဌာန်းကျမ်းကြီးဆိုတာ မြတ်စွာဘုရားလို ဉာဏ်တော်အနန္တနဲ့မှ အလုံးစုံပြည့်ဝအောင် နားလည်မှာပဲ၊ ဒေါ်လေးတို့လို သာမန်လူတစ်ဦးအနေနဲ့ကတော့ အနည်းငယ်လေးပဲ သမီးကို ရှင်းပြနိုင်မှာပါ။ ဒါပေမဲ့ ဒေါ်လေးသိသလောက်တော့ သမီးကို ပြောပြမှာပေါ့"

"ဘာမှ မသိသေးတဲ့ ခင်နဲ့စာရင် ဒေါ်လေးက အများကြီး သိနေပြီ၊ အဲဒီထဲက ခင့်ကို နည်းနည်းပြောပြပေးပါ"

"ပဋ္ဌာန်းမှာ မြတ်စွာဘုရားက ၂၄ ပိုင်းခွဲပြီး ရှင်းပြထားတယ်။ ဒေါ်လေး ရှေ့ဆုံးတစ်ပိုင်း (ပဒ္ဓမပစ္စည်းလို့ ခေါ်တယ်) အဲဒါကို ပြောပြမယ်နော်၊ အဲဒါက ဟေတုပစ္စည်းတဲ့"

"အဲဒါ ဘာလဲ ဒေါ်လေး"

"အမြစ်သဖွယ် ကျေးဇူးပြုသော အကြောင်းတရားတဲ့၊ နေဦး ဒီတိုင်းဆို သမီးနားလည်ဦးမှာ မဟုတ်ဘူး။ ရှင်းအောင် ဥပမာတစ်ခုနဲ့ ပြောပြမယ်။ သစ်ပင်တစ်ပင်မှာ ရှင်သန်ကြီးထွားဖို့ဆိုရင် နေတွေ၊ လေတွေ လိုတာမှန်ပေမယ့် အဓိကကတော့ အမြစ်ကနေ ရေတို့၊ အစာအာဟာရတို့ရမှ ဖြစ်မယ်လေ၊ အဲသလိုပဲ၊ သစ်ပင်မှာ အမြစ်ဆိုသော အကြောင်းရင်းရှိမှ ရှင်သန်ကြီးထွားနိုင်သလို ကိစ္စတိုင်းမှာလည်း အခြေခံကျတဲ့ အကြောင်းရင်းဆိုတာ အမြဲမလွဲမသွေရှိတယ်လို့ ဆိုလိုတာ"

"ဒေါ်လေး သစ်ပင်နဲ့သစ်မြစ်ကိုတော့ ခင်နားလည်တယ်၊ တခြား ဘယ်လိုနေရာမျိုးတွေမှာ အခြေခံကျတဲ့ အကြောင်းရင်းဆိုတာ ရှိတယ်လို့ ပြောတာလဲဟင်"

"နေရာတိုင်းမှာ အကြောင်းရင်း ရှိတာချည်းပဲ၊ အဲဒီထဲက ဥပမာ သမီးရယ် တံတားကြီးတစ်စင်း ဆောက်ထားတယ် ဆိုပါစို့၊ အဲဒီတံတားကြီးက လေထဲမှာ ဒီတိုင်းထားထားလို့ မရဘူးလေ၊ အောက်က ခေါက်တွေ တိုင်တွေထောက်ထားပြီးမှ အဲဒီအပေါ်က တန်းထိုးဆောက်ရတာ မဟုတ်လား၊ ဒါဖြင့် ခေါက်တွေ တိုင်တွေဆိုတာ အဲဒီတံတားရဲ့ အခြေခံအထောက်အပံ့လေ၊ အဲဒီ သဘောတရားဟာ ဟေတုပစ္စည်းပဲ"

"ခင် သဘောနည်းနည်းပေါက်လာပြီ ဒေါ်လေး"

"အေး ဘယ်ကိစ္စမှာမဆို ကောင်းတာပဲဖြစ်ဖြစ်၊ မကောင်းတာဘဲ ဖြစ်ဖြစ်၊ အမြဲတမ်း အခြေခံအရင်းအမြစ်ဆိုတာ ရှိတယ်လို့ ဟောကြားတာဟာ ဟေတုပစ္စည်းရဲ့ အခြေခံသဘောတရားပဲဖြစ်လို့ ပဋ္ဌာန်းဒေသနာဆိုတာ စာအုပ်ထဲက ပါဠိတွေချည်းမဟုတ်ဘဲ နေ့စဉ်ဘဝထဲမှာပါ ရှိပါလားလို့ သမီးနားလည်ပြီ မဟုတ်လား"

"ဟုတ်ကဲ့ ဒေါ်လေး၊ နောက်လည်း ခင့်ကို ပြောပြပေးပါဦးနော်"

ဒေါက်တာတင်မြင့်ထွေး

Asian Fame Media Group

"လူတစ်ယောက်ကို သူနားလည်တတ်ကျွမ်းတဲ့ ဘာသာစကားနဲ့ ပြောမယ်ဆိုရင် သူ့ရဲ့ခေါင်းထဲကို ရောက်သွားလိမ့်မယ်။ ဒါပေမဲ့ သူ့ရဲ့ မိခင်ဘာသာစကားနဲ့ ပြောမယ်ဆိုရင်တော့ သူ့ရဲ့နှလုံးသားထဲကို ရောက်သွားလိမ့်မယ်"

နယ်လ်ဆင်မင်ဒဲလား

# ပေါ့ပေါ့ပါးပါး မိခင်ဘာသာစကား

နှင်း

"လူတစ်ယောက်ကို သူနားလည်တတ်ကျွမ်းတဲ့ ဘာသာစကားနဲ့ ပြောမယ်ဆိုရင် သူ့ရဲ့ခေါင်းထဲကို ရောက်သွားလိမ့်မယ်။ ဒါပေမဲ့ သူ့ရဲ့ မိခင်ဘာသာစကားနဲ့ ပြောမယ်ဆိုရင်တော့ သူ့ရဲ့နှလုံးသားထဲကို ရောက်သွားလိမ့်မယ်" လို့ နယ်လ်ဆင်မင်ဒဲလားက ပြောခဲ့ဖူးပါတယ်။

ဒါဟာ မိခင်ဘာသာစကားရဲ့ အကျိုးသက်ရောက်မှုကို အကောင်းဆုံးပေးလိုက်တဲ့ ဥပမာလေးပါပဲ။ မိခင်ဘာသာစကားဟာ ဘုရားသခင်လက်ဆောင်ပေးလိုက်တဲ့ ဒုတိယအရေပြားလို့ တင်စားကြသလို တစ်စုံတစ်ယောက်ဟာ မိခင်ဘာသာစကားကို ဆုံးရှုံးပြီဆိုရင်ပဲ သူ့ရဲ့ဂုဏ်သိက္ခာကို ဆုံးရှုံးလိုက်ရတာနဲ့ တူတူပါပဲလို့လည်း ပြောကြပါသေးတယ်။

(၁)

တစ်ခါတုန်းက ကော်ဖီဆိုင်တစ်ဆိုင်မှာ ဆယ်ကျော်သက်ချာတိတ်မလေးငါးယောက်နဲ့ တွေ့ခဲ့ဖူးပါတယ်။ ကော်ဖီဆိုင်ခပ်သေးသေးလေးထဲက ငွေရှင်းကောင်တာစာရေးနဲ့ ကလေးသာသာချာတိတ်မလေးတွေပြောနေတဲ့ စကားတွေဟာ ကျွန်မကို အကြီးအကျယ်ရှောခ်ရစေခဲ့ပါတယ်။

"ဟေး... နင် ဘယ်နိုင်ငံကလဲ"

"ငါလား အိန္ဒိယတစ်ဝက် ဗြိတိန်တစ်ဝက် ကပြားလေး မွေးတော့ အရှေ့အလယ်ပိုင်းမှာပေါ့ဟ"

ချာတိတ်မလေးက သူမရဲ့ အဖြေကို သူမကိုယ်တိုင် သဘောကျနေခဲ့ပါတယ်။ အထူးသဖြင့် Half Indian Half British လို့ ပြောလိုက်ချိန်မှာ သူမရဲ့လေသံတွေက မာန်အပြည့်။ ပိုသိသာတာက British လို့ ပြောလိုက်တဲ့ သူမရဲ့လေသံက လိုအပ်တာထက်ပိုလို့များ အရှိန်မြှင့်ထားသလား ထင်ရလောက်အောင် မာန်အပြည့်အားအပြည့်။

သူတို့အဖွဲ့ထဲက နောက်ဆုံးချာတိတ်မလေး ကော်ဖီမှာတဲ့အလှည့်မှာလည်း Half Indian Half American ဆိုတဲ့ အဖြေကို ကြားလိုက်ရပြန်ပါတယ်။

အနောက်သွေးစပ်တဲ့ ကပြား တစ်ယောက်လို့ အဖြေပေးရတဲ့ အပေါ်မှာ ဂုဏ်ယူဝင့်ကြွားနေတဲ့ ဟန်ကို ဆယ်ကျော်သက်အရွယ် ကလေးမလေးတွေရဲ့ မျက်နှာပေါ်မှာ အထင်းသားတွေ့ခဲ့ရတဲ့ နေ့တစ်နေ့ ကို ကျွန်မ အမြဲတမ်းလိုလို မှတ်မိနေခဲ့ပါတယ်။

"ငါတို့သူငယ်ချင်းတွေ လမ်းမှာ တွေ့ရင် ငါတို့တိုင်းပြည်ထဲမှာ ဖြစ်ဦးတော့ ငါတို့ဘာသာစကားကို မပြောဘူး။ အင်္ဂလိပ်လိုပဲပြောတယ်။ အင်္ဂလိပ်လိုမပြောဘဲ ဟိန္ဒူလိုပြော

**မြန်မာစကား မတောက် တခေါက်ပြောတတ်တဲ့ လူမျိုးခြား တွေ ကျွန်မတို့ကိုတွေ့တဲ့အချိန်မှာအားရ ပါးရ စကားလာပြောနေတာ ကိုတွေ့တိုင်း မြန်မာအချင်းချင်း တွေ့တာတောင် မြန်မာလိုနှုတ်ဆက် ဖို့တောင် အခက်တွေ့ဝန်လေးတတ်တဲ့ မြန်မာခရီးသည်တစ်ယောက် ကို မဆီမဆိုင် သတိရမိတတ်ပါ တယ်။ အမှန်ကတော့ . . . .**

တဲ့သူဆို သိပ်မျက်နှာငယ်ရတယ်။ အဆင့်အတန်းမရှိတဲ့သူ ပညာမတတ်တဲ့သူလို့ သတ်မှတ်ပြီး အခေါ်အပြော မလုပ်ချင်ကြဘူး။ ဟိန္ဒူဘာသာစကားပြောရင် ငါတို့ပတ်ဝန်းကျင်မှာ မျက်နှာငယ်တယ် သိက္ခာကျတယ် ဒါပဲလေ ဒါကြောင့် ငါတို့ ဘယ်တော့မှ ဟိန္ဒူစကားမသုံးဘူး"

သူငယ်ချင်းအရင်းဖြစ်တဲ့ အိန္ဒိယနွယ်ဖွား တစ်ယောက်က လည်း သူတို့လူမျိုးတွေကြားမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘာဝကို အမှန်အတိုင်း ဝန်ခံရှာပါတယ်။ ဇာတ်နိမ့်ဇာတ်မြင့်ခွဲခြားရာမှာ အင်မတန်ကို နာမည်ကြီးလှတဲ့ အိန္ဒိယနိုင်ငံမှာ မိခင်ဘာသာစကားကို သုံးတာလည်း ရှက်စရာတစ်ခုအဖြစ် သတ်မှတ်ခဲ့ကြတာ တော်တော်ဆိုးရွားပါတယ်။

တကယ်ဆိုရင် ဟိန္ဒူဘာသာစကားဟာ ကမ္ဘာပေါ်မှာ သုံးစွဲသူအများဆုံး ဘာသာစကားတွေထဲမှာ စတုတ္ထနေရာမှာ ရှိပါတယ်။ ကမ္ဘာပေါ်မှာ ဟိန္ဒူဘာသာ စကားပြောသူ သန်းပေါင်းငါးရာနီးပါး ရှိပါတယ်။ ဒါကြောင့်လည်း ကုလသမဂ္ဂမှာ လက်ရှိသုံးစွဲနေတဲ့ ဘာသာစကားတွေထဲမှာ ဟိန္ဒူဘာသာစကားကို ထည့်သွင်းပေးဖို့ အကြံပြုဆွေးနွေးကြတဲ့ အဆင့်ထိတောင် ရောက်ခဲ့ပါတယ်။ ဒါပေမဲ့ ထူးခြားချက်တစ်ခုကတော့ အိန္ဒိယနိုင်ငံမှာ တရားဝင်ရုံးသုံး ကျောင်းသုံးဘာသာစကားကိုတော့ အင်္ဂလိပ်စာကိုပဲ ပြဋ္ဌာန်းထားတဲ့ အချက်ပါပဲ။

ဒါ့ကြောင့်လည်း ဘာသာစကားပေါင်း ၇၀၀၀ ကျော်မှာ တစ်ဝက်လောက်ဟာ နောင်လာမယ့်မျိုးဆက်တွေကြားထဲမှာ တစစနဲ့ တိမ်မြုပ်ပျောက်ကွယ်သွားနိုင်ဖွယ်ရှိ တယ်လို့ စိုးရိမ်နေကြတာ ဖြစ်နိုင်ပါတယ်။

(၂)

အာရပ်စော်ဘွားများနိုင်ငံမှာတော့ တရားဝင်ရုံးသုံးဘာသာစကားက အာရပ်ဘာသာစကားပါ။ အစိုးရရုံးတွေ အဖွဲ့အစည်းတွေမှာ အာရပ်ဘာသာစကား ပြောသူတွေသာ ခန့်ထားတာမို့ အာရပ်ဘာသာစကား ကျွမ်းကျင်သူတွေသာ အစိုးရရုံးကိစ္စတွေကို လုပ်ဆောင်ခွင့်ရှိပါတယ်။ ဒုတိယအနေနဲ့ အင်္ဂလိပ်လူမျိုးစစ်စစ်တွေဖြစ်တဲ့ အမေရိကန်နဲ့ ဗြိတိန်လူမျိုးတွေက ရာထူးကောင်းကောင်းနဲ့ နေရာကောင်းကောင်းကို ရကြပါတယ်။ အမေရိကန်နဲ့ ဗြိတိန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူတွေကသာ အလုပ်ဌာနအသီးသီးမှာ ထိပ်တန်းက နေရာယူထားကြတယ်လို့ ပြောမယ်ဆို ပြောလို့ရပါတယ်။

ယူအေအီးနိုင်ငံရဲ့ ထိပ်တန်းလေကြောင်းလိုင်းဖြစ်တဲ့ အဲမရိတ်လေကြောင်းလိုင်းမှာဆိုရင်လည်း အာရပ်စာ၊ အာရပ်စကားတတ်ကျွမ်းသူတွေကို ဘာသာစကားအတွက် ခံစားခွင့်အနေနဲ့ အပိုဆောင်းလစာငွေ သီးခြားခံစားခွင့်ပြုထားပါတယ်။

အာရပ်စကား ပြောတတ်သူတွေဟာ အထူးအခွင့်အရေး ရတတ်သလို ရာထူးတက်ဖို့လည်း လွယ်လှပါတယ်။ ဒါ့ကြောင့်လည်း ယူအေအီးမှာရောက်နေတဲ့ လူမျိုးခြားတွေဟာ အာရပ်ဘာသာစကားကို တကူးတက သင်ယူကြပြီး လုပ်ငန်းခွင်မှာ တိုးတက်အောင် ကြိုးစားကြပါတယ်။

ဒါတွေဟာ အာရပ်လူမျိုးတွေအနေနဲ့ သူတို့ဘာသာစကားကို သူတို့ တန်ဖိုးထားလေးစားသလို ကိုယ်ပိုင်ဘာသာစကားရဲ့ အဆင့်အတန်းကိုလည်း မြှင့်တင်ပေးထားတဲ့ သဘောပါပဲ။

အာရပ်စကားကိုတော့ အာရှအရှေ့ပိုင်း ( အရှေ့အလယ်ပိုင်းနိုင်ငံတွေ) နဲ့ အာဖရိကမြောက်ပိုင်း နိုင်ငံတွေမှာ တွင်တွင်ကျယ်ကျယ် သုံးကြပါတယ်၊ ကမ္ဘာပေါ်မှာ သုံးစွဲသူအများဆုံး ဘာသာစကားတွေထဲမှာ အာရပ်ဘာသာက နံပါတ်ငါးနေရာမှာ ရှိပါတယ်။ ကမ္ဘာပေါ်မှာ အာရပ်စကားပြောသူ သန်းပေါင်းလေးရာ့ငါးဆယ်ခန့်ရှိပြီး ကမ္ဘာ့ကုလသမဂ္ဂက သတ်မှတ်ထားတဲ့ တရားဝင်ဘာသာစကား ခြောက်မျိုးထဲမှာ အာရပ်ဘာသာစကားလည်း ပါပါတယ်။

(၃)

ကျွန်မတို့ အိမ်နားမှာ ဟင်းသီးဟင်းရွက်ရောင်းတဲ့ ဆိုင်လေးတစ်ဆိုင်ရှိပါတယ်။ ဈေးရောင်းသူတွေကတော့ ပါကစ္စတန်အမျိုးသားနှစ်ယောက်ပါ။ သူတို့ဆိုင်လေးမှာ ချဉ်ပေါင်ရွက် အလွယ်တကူဝယ်လို့ရတဲ့အတွက် အဲဒီဆိုင်လေးကို မသိတဲ့ မြန်မာရယ်လို့ မရှိသလောက်ပါဘဲ၊

ကျွန်မကိုယ်တိုင်လည်း ချဉ်ပေါင်ရွက်ဝယ်ဖို့ မကြာခဏဆိုသလို သွားဖြစ်ပါတယ်။ သူ့ဆိုင်ကို တစ်ခေါက်သွားရင် တစ်ခေါက်ဆိုသလို ဆိုင်က ကိုယ်တော်ချောရဲ့ ဘာသာစကားစွမ်းရည်ကို အံ့ဩရပါတယ်။

ပထမဆုံးအကြိမ် ချဉ်ပေါင်ရွက်သွားရှာတုန်းက ရောင်းတဲ့သူက

ငွေသိမ်းတဲ့ ခုံလေးကနေ ကျွန်မကို "ဘာလူမျိုးလဲ"လို့ လှမ်းမေးပါတယ်။ အာလာပသလ္လာပ ပြောတယ်ထင်ပြီး ငါ မြန်မာလို့ မဖြေချင်ဖြေချင်နဲ့ ဖြေတော့ သူက "ချဉ်ပေါင်ရွက်ရှိ တယ်နော်"လို့ မြန်မာလို ပီပီသသ ပြောလာပါတယ်။

ဒုတိယအကြိမ် ဟင်းသီးဟင်းရွက်ဆိုင်ကို ရောက်သွားတော့လည်း ကျွန်မ ဆိုင်ထဲကိုဝင်တာနဲ့ ကောင်တာမှာထိုင်နေတဲ့ ကိုယ်တော်က "ချဉ်ပေါင်ရွက်ရှိတယ်။ ဘယ်ကလာတာလဲ။ နေကောင်းလား။ စားပြီးပြီလား။ ဘာဟင်းချက်စားလဲ" နဲ့ စုံနေအောင် နှုတ်ဆက်ရှာပါတယ်။

ပြီးခဲ့တဲ့ လတုန်းကလည်း လမ်းကြုံတာနဲ့ ချဉ်ပေါင်ရွက်ဆိုင်ကို ရောက်သွားပါသေးတယ်။ ကျွန်မကို တွေ့တော့ 'ဆောင်းတွင်းဆို ချဉ်ပေါင်ရွက်မရဘူး နွေရာသီမှ ပြန်လာခဲ့" လို့ ပီပီသသကြီး ပြောလာပြန်ပါတယ်။ သူ့ရဲ့စကားကို ကြားတော့ သူ့ရဲ့ဘာသာစကားစွမ်းရည်ကို မချီးကျူးဘဲ မနေနိုင်ပါဘူး။ ကိုယ့်ဘာသာစကားကို သူတစ်ပါးက အလေးထားပြီး ပြောတတ်တာကို ဝမ်းသာဂုဏ်ယူမိပါတယ်။

၂၀၁၂ နှစ်ဆန်းပိုင်းလောက်တုန်းကတော့ အလုပ်ထဲမှာ ခရီးသည်တစ်ယောက်နဲ့ တွေ့ခဲ့ဖူးပါတယ်။ ထွက်ခွာဂိတ်မှာ Boarding လုပ်ပေးနေတုန်း သူပေးလာတဲ့ နိုင်ငံကူးလက်မှတ်နဲ့သူ့ရဲ့ boarding pass ကို စစ်ကြည့်ချိန်မှာ မြန်မာနာမည်တစ်ခုကို တွေ့လိုက်ရတော့ ရုတ်တရက် ဝမ်းသာသွားမိပါတယ်။ မြန်မာနာမည်ဆိုပေမယ့် သူ့နိုင်ငံကူးလက်မှတ်က အနောက်နိုင်ငံက နိုင်ငံကူးလက်မှတ်ပါ။ သူမြန်မာ ဟုတ်မဟုတ် ပိုသေချာချင်တာမို့ သူ့နိုင်ငံကူးလက်မှတ်ထဲက မွေးဖွားရာဒေသဆိုတာကို ထပ်ပြီးကြည့်လိုက်ပါသေးတယ်။ မန္တလေးလို့ ရေးထားတာတွေ့ရတော့ ဘာရယ်မဟုတ်ပါဘဲနဲ့ ရှိရှိသေသေ နှုတ်ဆက်လိုက်မိပါတယ်။ သူ့ရဲ့နိုင်ငံကူးလက်မှတ်ကို လက်နှစ်ဖက်နဲ့ သေသေချာချာ ပြန်ပေးရင်း "အန်ကယ် နေကောင်းရဲ့လား အလုပ်ကိစ္စနဲ့သွားမှာလား အလည်သက်သက်ပဲလား"လို့ မြန်မာလို မေးမိတော့ ကျွန်မကို အထူးအဆန်း သတ္တဝါတစ်ကောင်လို မျက်လုံးပြူးပြီး ကြည့်လာပါတယ်။ ဒါပေမဲ့ ဝမ်းနည်းဖို့ကောင်းတာက ကျွန်မမေးတဲ့ မေးခွန်းကိုလည်း ဖြေမသွားသလို အခြားခရီးသည်တွေလို ဝတ်ကျေတန်းကျေလေးတောင် ပြုံးမပြသွားခဲ့ပါဘူး။

ဘာရယ်ကြောင့်မှန်း မသိပေမယ့် တော်တော်လေးလည်း စိတ်မကောင်းဖြစ်ခဲ့မိပါတယ်။

နောက်ပိုင်းမှာတော့ အလုပ်ထဲမှာ မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ထားတဲ့ မြန်မာလူမျိုးစစ်စစ်နဲ့ တွေ့ရင်တောင် မြန်မာလိုနှုတ်မဆက်မိဖို့ ကြိုးစားမိတဲ့အထိ နောင်တရခဲ့မိပါတယ်။

မြန်မာစကား မတောက်တခေါက်ပြောတတ်တဲ့ လူမျိုးခြားတွေ ကျွန်မတို့ကိုတွေ့တဲ့အချိန်မှာ အားရပါးရ စကားလာပြောနေတာကိုတွေ့တိုင်း မြန်မာအချင်းချင်းတွေ့တာတောင် မြန်မာလိုနှုတ်ဆက်ဖို့တောင် အခက်တွေ့ဝန်လေးတတ်တဲ့ မြန်မာခရီးသည်တစ်ယောက်ကို မဆီမဆိုင် သတိရမိတတ်ပါတယ်။ အမှန်ကတော့ နာနာကျင်ကျင်နောင်တတွေ အပြည့်နဲ့ သတိရမိတာမျိုးပါ။

နောက်ပိုင်းမှာတော့ မြန်မာတွေနဲ့တွေ့ရင် ပြောဆိုနှုတ်ဆက်ရမှာ ကိုးလို့ မြန်မာတွေနဲ့ ဝေးဝေးမှာနေတတ်သူတွေကိုလည်း ရုံဖန်ရံခါ တွေ့ရတတ်ပါသေးတယ်။

(၄)

ကုလသမဂ္ဂအစည်းအဝေးတွေမှာ တရားဝင်ပြောဆိုခွင့် ရေးသားခွင့်ပြုထားတဲ့ ဘာသာစကားတွေကတော့

၁။ တရုတ် ၂။ အင်္ဂလိပ် ၃။ အာရပ် ၄။ စပိန် ၅။ ပြင်သစ် ၆။ ရုရှား ဘာသာစကားတို့ ဖြစ်ပါတယ်။

ကမ္ဘာ့လူဦးရေရဲ့ ၁၄.၁ ရာခိုင်နှုန်းက တရုတ်စကားကို ပြောကြတာမို့ ကမ္ဘာပေါ်မှာ တရုတ်စကားပြောသူ အရေအတွက်က စပိန်စကားပြောသူ အင်္ဂလိပ်စကားပြောသူတွေထက် ပိုများပါတယ်။

ကမ္ဘာပေါ်မှာ စပိန်စကားပြောသူက ဒုတိယအများဆုံး နေရာမှာရှိပါတယ်။ ကိန်းဂဏန်းနဲ့ပြောမယ်ဆိုရင်တော့ ကမ္ဘာ့လူဦးရေရဲ့ ၅.၈၅ ရာခိုင်နှုန်းက စပိန်စကားပြောသူတွေပါ။

အင်္ဂလိပ်စကား ပြောသူကတော့ ကမ္ဘာ့လူဦးရေရဲ့ ၅.၅၂ ရာခိုင်နှုန်း ရှိတာမို့ အင်္ဂလိပ်ဘာသာစကားကို ကမ္ဘာပေါ်မှာ သုံးစွဲသူ တတိယအများဆုံး ဘာသာစကားလို့ ပြောလို့ရပါတယ်။

ကမ္ဘာ့လူဦးရေရဲ့ ၄.၄၆ ရာခိုင်နှုန်းကတော့ ဟိန္ဒူဘာသာကို ကမ္ဘာမှာ စတုတ္ထအသုံးအများဆုံး ဘာသာစကားလို့ ပြောလို့ရပါသည်။

အာရပ်ဘာသာစကားက သုံးစွဲသူ ပဥ္စမအများဆုံး နေရာမှာရှိပါတယ်။ ဘင်္ဂါလီနဲ့ ပေါ်တူဂီ ဘာသာစကားတွေကတော့ ကမ္ဘာမှာ နံပါတ်ခြောက်နဲ့ ခုနစ်နေရာတွေမှာ ရှိပါတယ်။

ရုရှားဘာသာစကား သုံးစွဲသူကတော့ ကမ္ဘာမှာ နံပါတ်ရှစ်နေရာမှာရှိပြီး ဂျပန်ဘာသာစကားကတော့ နံပါတ်ကိုးနေရာမှာ ရှိပါတယ်။

ကျွန်မတို့ အာရှတိုက်မှာတော့ အင်္ဂလိပ်စာကို တရားဝင်ရုံးသုံး ဘာသာစကားအဖြစ် သုံးစွဲတဲ့နိုင်ငံလေးနိုင်ငံရှိပါတယ်။ စင်ကာပူ၊ ဖိလစ်ပိုင်၊ သီရိလင်္ကာနဲ့ အိန္ဒိယနိုင်ငံတွေမှာ အင်္ဂလိပ်စာကို တရားဝင်ရုံးသုံး ကျောင်းသုံးဘာသာအဖြစ် သုံးစွဲကြပါတယ်။

ကမ္ဘာပေါ်မှာ တွင်တွင်ကျယ်ကျယ် သုံးစွဲနေကြတဲ့ မိခင်ဘာသာစကားတွေ အလယ်မှာ မိခင်ဘာသာစကားစစ်စစ်ရယ်လို့ အမည်ပေးလို့မရနိုင်တဲ့ ဘာသာစကားတစ်မျိုးလည်း ရှိပါသေးတယ်။ ဘယ်လူမျိုး ဘယ်နိုင်ငံကိုမှ ကိုယ်စားမပြုပေမယ့် အက်စ်ပါရန်တို ဘာသာစကားကိုတော့ အင်္ဂလိပ်ဘာသာစကားလိုပဲ ဥရောပနဲ့ မြောက်အမေရိကနိုင်ငံအချို့မှာ တွင်တွင်ကျယ်ကျယ် သုံးစွဲကြပါတယ်။

Esperanto အက်စ်ပါရန်တို ဘာသာစကားကို အများစုက အက်စ်ပြာညို(လို့)ခေါ်တဲ့ စပိန်ဘာသာစကားနဲ့ မှားတတ်ပါတယ်။



Asian Fame Media Group

တကယ်တော့ အက်စ်ပါရန်တို ဘာသာစကားက အက်စ်ပြာညီနဲ့ မဆိုင်ပါဘူး။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၄၀ ကျော်လောက်တည်းက တိတိကျကျပြောရမယ်ဆိုရင်တော့ ၁၈၇၀ - ၁၈၈၀ ခုနှစ်များကတည်းက အက်စ်ပါရန်တို ဘာသာစကားကို စတင်တီထွင်ခဲ့ပြီး ရုရှားအင်ပါယာနဲ့ ဥရောပ အလယ်ပိုင်းနိုင်ငံတွေမှာ အက်စ်ပါရန်တိုဘာသာစကားကို သုံးစွဲခဲ့ကြတာပါ။

ယနေ့ခေတ်မှာတော့ အက်စ်ပါရန်တိုဘာသာစကားကို ကုလသမဂ္ဂမှာ တရားဝင်သုံးစွဲခွင့်ပြုဖို့ ကြိုးစားခဲ့ကြတဲ့အထိ အက်စ်ပါရန်တိုဘာသာစကားကို အသိအမှတ်ပြုလာကြပါတယ်။

(၅)

ကျွန်မတို့ကမ္ဘာမှာ ခေတ်အဆက်ဆက်က မိခင်ဘာသာစကားကို တန်ဖိုးထားလေးစားသူတွေရှိသလို တလွဲမာနတွေနဲ့ မိခင်ဘာသာစကားနဲ့ ဇာတိကိုမေ့ပျောက်ဖို့ ကြိုးစားနေသူတွေလည်း ရှိပါတယ်။

၁၉၄၈ မတ်လမှာ မိခင်ဘာသာစကားနဲ့ပတ်သက်ပြီး ဘာသာစကား တိုက်ပွဲ (ဘာသာစကားလှုပ်ရှားမှု) တစ်ပွဲ ဖြစ်ခဲ့ဖူးပါတယ်။

အဲဒီဘာသာစကား တိုက်ပွဲကို ဘင်္ဂါလီဘာသာစကား လှုပ်ရှားမှုလို့လည်းခေါ်ပါတယ်။ အဲဒီအချိန်တုန်းက ပါကစ္စတန်နိုင်ငံကို အနောက်ပါကစ္စတန်နဲ့ အရှေ့ပါကစ္စတန်ဆိုပြီး နှစ်ပိုင်းခွဲထားပါတယ်။ အရှေ့ပါကစ္စတန်နိုင်ငံမှာတော့ အရှေ့ဘင်္ဂလား (ဘင်္ဂလားဒေ့ရှ်နိုင်ငံ) လည်း တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်ခဲ့ပါတယ်။ အနောက်ပါကစ္စတန်မှာတော့ အူရဒူဘာသာစကားကို မိခင်ဘာသာအဖြစ် သုံးကြပြီး အရှေ့ပါကစ္စတန်က ဘင်္ဂါလီတွေကတော့ မိခင်ဘာသာအဖြစ် ဘင်္ဂါလီဘာသာစကားကို ပြောကြပါတယ်။

၁၉၄၈ ခု၊ မတ်လ ၂၁ ရက်နေ့မှာတော့ ပါကစ္စတန်မြို့တော်ဝန် မိုဟာမက်အာလီဂျင်နတ်က အူရဒူဘာသာသည်သာ ပါကစ္စတန်နိုင်ငံ (အရှေ့ပါကစ္စတန်နဲ့ အနောက်ပါကစ္စတန်) ရဲ့ တစ်ခုတည်းသော တရားဝင် ရုံးသုံးဘာသာစကားဖြစ်ရမယ်လို့ ပြဋ္ဌာန်းပါတယ်။ အဲဒီကြေညာချက်ကို အရှေ့ဘင်္ဂလားက ဆန့်ကျင်ခဲ့ပါတယ်။ ၁၉၅၂ ဖေဖော်ဝါရီ ၂၁ ရက်နေ့မှာတော့ မြို့တော်ဒါကာမှာ ဘင်္ဂါလီကျောင်းသားတွေက စတင်ပြီး ငြိမ်းချမ်းစွာ ဆန္ဒပြပါတယ်။ ဒါကို အစိုးရက သေနတ်နဲ့ပစ်ခတ်နှိမ်နင်းတဲ့အတွက် ကျောင်းသားတွေနဲ့ ပြည်သူအချို့ သေဆုံးခဲ့ပါတယ်။

အဲဒီဖြစ်စဉ်ကိုအကြောင်းပြုပြီး ဖေဖော်ဝါရီလ ၂၁ ရက်နေ့ကို နိုင်ငံတကာ မိခင်ဘာသာစကားနေ့ရယ်လို့ သတ်မှတ်ပြီး ၂၀၀၀ ခုနှစ်ကစလို့ ကမ္ဘာတစ်လွှားမှာ နှစ်စဉ် ကျင်းပခဲ့ကြပါတယ်။

ဒီဖြစ်စဉ်လေးကတော့ မိခင်ဘာသာစကားဟာ အမိန့်အာဏာနဲ့ ဖျောက်ဖျက်ပစ်လို့မရနိုင်တဲ့ လူမျိုးစုတစ်ခုရဲ့ ပင်မသွေးကြောဖြစ်တယ်ဆိုတာ ကမ္ဘာကို သိစေခဲ့တဲ့ ဖြစ်စဉ်လေးလည်း ဖြစ်ပါတယ်။

(၆)

အစစအရာရာ လိုက်မမီနိုင်အောင် တိုးတက်နေတဲ့ ဒီလို အချိန်မှာ မိခင်ဘာသာစကားကို မြတ်နိုးရမယ် လေးစားရမယ် တန်ဖိုးထားတတ်ရမယ်လို့ ပြောနေကြတာဟာ ခေတ်နောက်ပြန်ဆွဲနေတဲ့ အတွေးအခေါ်တစ်ရပ်လို့ ထင်မြင်ယူဆသူတွေ ရှိကောင်းရှိနိုင်ပါတယ်။

မျက်မှောက်ခေတ်မှာ ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာ ဖြစ်လာပြီဆိုတာကို ကျွန်မတို့လက်ခံထားခဲ့ကြပါတယ်။ ခေတ်လူငယ်တွေအနေနဲ့ မိခင်ဘာသာစကားအပြင် အခြားဒုတိယဘာသာစကားတွေ တတိယဘာသာစကားတွေကို လေ့လာသင်ယူရမယ်ဆိုတာလည်း မှန်ပါတယ်။ ဘာသာစကားတွေဟာ ကျွန်မတို့ကို မအအောင် မနအောင် စွမ်းဆောင်နိုင်တယ်ဆိုတာ ကျွန်မတို့ မျက်ဝါးထင်ထင် မြင်တွေ့နေရတာမို့ ဒီအချက်ဟာ အငြင်းပွားရမယ့် အချက်တော့ မဟုတ်ပါဘူး။

ဘာသာစကားတွေဟာ ကမ္ဘာအရပ်ရပ်ကဖွင့်ထားတဲ့ ပြတင်းပေါက်တွေလို့တောင် ဆိုခဲ့ကြပါတယ်။ ဒါကြောင့်လည်း ပညာရေးအတွက် စီးပွားရေးအတွက် လူမှုဆက်ဆံရေးအတွက် နိုင်ငံခြားဘာသာစကားတွေကို လက်လှမ်းမီသလောက် ကိုယ်တတ်စွမ်းသလောက် သင်ယူနိုင်ပါတယ်။ သင်ယူသင့်ပါတယ်။

ဘယ်လိုနိုင်ငံကိုပဲ ရောက်ရောက် ဘယ်လိုအဖြစ်မျိုးတွေနဲ့ပဲ ကြုံကြုံ ကျွန်မတို့မွေးကတည်းက ကျွန်မတို့ရဲ့ ဗီဇဉ်တွေနဲ့ အတူပူးတွဲပါလာခဲ့တဲ့ မိခင်ဘာသာစကားတွေကိုတော့ ဥပေက္ခာမပြုသင့်ပါဘူး။

အခြားသူတွေအတွက်တော့ မပြောတတ်ပါဘူး၊ ကျွန်မကိုယ်တိုင်ကတော့ တစ်ခါတလေမှာ အင်္ဂလိပ်ဘာသာနဲ့ရေးထားတဲ့ စာအုပ်တွေ ဖတ်ပါတယ်၊ အင်္ဂလိပ်စာက စကားလုံးအထားအသို ကျစ်လျစ်သိပ်သည်းတယ် ထိထိမိမိရှိတယ်ဆိုတာကိုတော့ မငြင်းလိုပါဘူး။

ဒါပေမဲ့ မြန်မာပီပီ မြန်မာစာအုပ်ဖတ်ရတဲ့ အရသာကို ဘာနဲ့မှ မလဲနိုင်အောင်ကို မြတ်နိုးမိပါတယ်။

အင်္ဂလိပ်ဘာသာနဲ့ ဖတ်ခဲ့ဖူးတဲ့ စာအုပ်တွေကို ကျွန်မရဲ့ခေါင်းထဲမှာ အချိန်အတိုင်းအတာတစ်ခုအထိ မှတ်မိနေပေမယ့် မြန်မာဘာသာနဲ့ ဖတ်ခဲ့ဖူးတဲ့ စာအုပ်တွေကတော့ နှစ်ပေါင်းများစွာ ကြာမြင့်သည်အထိ ကျွန်မရဲ့ နှလုံးသားထဲမှာ စွဲစွဲမြဲမြဲ အမြစ်တွယ်ပြီး ကျန်ခဲ့တတ်ပါတယ်။ ဒါကြောင့်လည်း နယ်ဆင်မင်ဒဲလားရဲ့ အဆိုကို ကျွန်မအပြည့်အဝ ထောက်ခံမိပါတယ်။ မိခင်ဘာသာစကားသည်သာ ကျွန်မတို့ရဲ့အသက် ဝိညာဉ်. . . . .

မိခင်ဘာသာစကားသည်သာ ကျွန်မတို့ရဲ့ဒုတိယအရေပြား . . .

မိခင်ဘာသာစကားသည်သာ ကျွန်မတို့ ပထမဆုံးရေရွတ်မိတဲ့ ကမ္ဘာမြေအတွက် နှုတ်ခွန်းဆက်စကားဖြစ်ခဲ့တာမို့ မိခင်ဘာသာစကားသည်သာ ကျွန်မတို့ နောက်ဆုံးထွက်သက်နဲ့အတူ ကမ္ဘာမြေအတွက် နှုတ်ဆက်စကားအဖြစ် ကျန်ရှိနေမှာ သေချာလှသည်လေ။ ။

နှင်း



Asian Fame Media Group




(တစ်)

မြို့တော်ရန်ကုန်သို့ မကြာခဏ ဆိုသလို တက်၍တက်၍ သွားတတ်ပြီးသည့်သကာလ သပွတ်အူမွေးရပ်မြေသို့ ပြန်၍ပြန်၍ ရောက်လာရောက်လာတိုင်း ဒေါသဖြစ်စရာ တစ်ခုမဟုတ် တစ်ခုကို ယူ၍ယူ၍ လာတတ်ချေသည့် ဘကြီးကိုကြွက် သို့သည်ကား တစ်ခုသော ဖောမ္ဘ ၏ဆောင်းနှင်းမြူလွှလွှ တစ်ရက်သားဝယ် မြို့တော် ပြန်ဒေါသအဟုန်နှင့်အတူ ကျွန်ုပ်ဂျက်ကွမ်းခြံကုန်း၏ အပါးသို့ ရောက်ရှိ၍ လာတော့ချေသည်ဟူသတတ်။ ထုံးစံအတိုင်း ကျွန်ုပ်ကို ဘ,တူဂျက်တဲ့။

"ဘယ့်နှာရယ်မှ မသိပါဘူး ဘတူဂျက်ရယ် . . . အနှာတို့ရဲ့ စကားဝိုင်းထဲမှာ ဘဇာသို့မှ မဝင်ဆံ့နိုင်သော ဘကြီးကြွက်သိုးရဲ့ အဖြစ်ရယ်ပါ သူတို့တွေများ ချချာလိုက်ကြတာ ဘဝပေးကုသိုလ်ထင်ရဲ့ ဘမှာက ဒေါင်ဒေါင်မြည် . . . ဘယ့်ကလောက် ရှက်ဖွယ်ကောင်းလိုက်လေသလဲ"

"ဘကြွက်သိုးလို ဧရာမ သပွတ်အူသားကြီးကို ထိကပါးရိကပါးလာလေမှဖြင့် ဘတူဂျက်က ခေါင်းငုံ့လည်စင်း၍ နေဖြစ်ပါ့မလား ဘကြွက်သိုးရယ် . . . ဆရာကြီးဂျက် ဟူသည်က ဓားကိုဓားချင်း စကားကို စကားချင်း"

"အိမ်း . . . ပြောတော့ဖြင့် အလွယ်သား၊ သမှာ ဘတူဂျက် အသင်လည်း နေကောင်းတယ်၊ ကျွန်ုပ်လည်း နေကောင်းတယ်၊ သင်းတို့ကို ယှဉ်နိုင်ဖို့ ဆိုတာက"

ဘကြီးကြွက်သိုးက သူ၏စကားကို ဤနေရာ၌ ခေတ္တခဏဆိုင်းငံ့၍ တန့်ထားလိုက်ရာ စကားဝိုင်းသည် အတန်ငယ်တိတ်ဆိတ်၍ သွားတော့၏။

အနှီတစ်ခေါက် ဘကြီးကြွက်သိုး တစ်ယောက် မြို့တော်ရန်ကုန်တွင် တစ်လလောက် နေထိုင်သမှုပြုပြီးသည်၏ သကာလ ပြန်ချအလာတွင် ဆန်းပြားသော ဒေါသတစ်ခုသည် သူ၏ ထံပါးတွင် ကပ်ငြိ၍ ပါလာချေတော့၏။ အကြောင်းရင်းခံကား ချချာသောလူနှာတစ်စုက သူတို့၏ တရှောင်ရှောင် ဖြစ်နေရမှုအပေါ် ဂုဏ်ယူဝံ့ကြွားကာ ဘကြီးကြွက်သိုးကို မတုမတ ဆက်ဆံလိုက်ခြင်းပင် ဖြစ်ဘိချေသည်။

"ဝေဒနာကလေးတွေ လက်ကိုင်ရှိတယ်ဆိုပြီး မာန်တက်နေကြတယ်ပေါ့ . . . ထို့"

ဤထို့ကား ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ ထို့ပင်။ အတော်အတန် ဒေါသထွက်ရုံနှင့် ထို့လေ့ထို့ထမရှိသော ဘကြီးကြွက်သိုးဖြစ်ချေရာ အခုအခါ ထို့တောင့်ထို့ခဲ ထို့ချခဲ့ပြီဖြစ်သဖြင့် သူ၏ ဒေါသကို ခန့်မှန်းနိုင်ကပြီ ဖြစ်ချေ၏။

သြော် . . . အသင်လောကဟု မြည်တမ်းသြချလောက်ဖွယ်ရာ ပါပေတကား။

(နှစ်)

ယခုအခါ ဘကြီးကြွက်သိုး ဒေါသဖြစ်မည်ဆိုက အကယ်တစ္စပင် ဒေါသဖြစ်လောက်စွာသော ဂုဏ်တုဂုဏ်ပြိုင်တစ်ခုသည် ဤအနှီမြစ်ကမ်းပါးပေါ်၌ ခေတ်စားလျက်ရှိချေ၏။ ယခင်က ကားအကြောင်းပြောကာ ပြိုင်ကြ၏။ မယားအကြောင်းပြောကာ ပြိုင်ကြ၏။ တိုက်အကြောင်းပြောကာ ပြိုင်ကြ၏။ မြေအကြောင်းပြောကာ ပြိုင်ကြ၏။ သားတို့သမီးတို့ ပညာရေးအကြောင်းပြောကာပြိုင်ကြ၏။ ယခုမူ အသို့နည်း။ အဘယ်သူက ဘယ့်နှယ်ချချာသည်ကို ပြိုင်တော်မူကြကုန်ပြီဆိုပြန်ချေ၏။ သို့ကလို ပြိုင်တတ်ဆိုင်တတ်



ဘကြီးကြွက်သိုးကား ငါသည်လည်း ရောဂါနှင့်ပါပဲဟုသော မျက်နှာပေးဖြင့် ဝင်းခနဲ လက်သွားချေ၏။ လှဝင်ဆုံချေပြီ။ တစ်ယောက်ကား သူဝယ်နှာပေါင်းချုပ်ဆေးနှင့် သွေးပေါ်သွေးမှန် ဆေး ၂ ဘူးကို မေးခွန်းကလေး တာကလေး မေးလိုဟန်ပြင် ဂျက်ကို လှမ်းကြည့်လာချေ၏။ ဂျက်ကား သူ့အမေးကို မစောင့်တော့ချေ။

ကြွားလုံးထုတ်တတ် ချေသော လူကုံထံ အသိုင်းအဝိုင်းကို တွေ့ရှိလာရာမှ ဘကြီးကြွက်သိုးဒေါမာန်ပွားလာခြင်းပင်။

"တဲပါ ဘကြွက်သိုးရယ် . . . အနှီတစ်ခါ ဘကြွက်သိုး ရွှေမြို့တော်အသွားမှာ ဘတူဂျက်လည်း အတူလိုက်ခဲ့ပါဦးမယ် . . . အဲသမှာ တရှောင်ရှောင်ဖြစ်နေတဲ့ အနံကြီးကွင်းကျယ်တို့ ရှိရာကိုလည်း ဘကြွက်သိုးနဲ့အတူ ဘတူဂျက်လိုက်ခဲ့ပါဦးမယ် . . . ဝေဒနာတွေကို ကြေညာကြသဟာပေါ့"

အနှီ့နှင့် ကျွန်ုပ်ဂျက်ကွမ်းခြံကုန်း၊ ဘကြီးကြွက်သိုး အခေါ် ဘတူဂျက်သည် ဘကြီးကြွက်သိုးနှင့်အတူ ရွှေမြို့တော်သို့ လိုက်ပါသွားရန် အကြောင်းဖန်လာပြန်ရချေသည်။

(သုံး)

ဘကြီးကြွက်သိုး၏ မိတ်ဆွေသင်္ဂဟ အသိုင်းအဝိုင်းတို့သည်ကား အားလုံးနှင်နှင် အနံကြီးကွင်းကျယ် ပုဂ္ဂိုလ်ကျော်များပင်၊ အိမ်ဆောက်ပစ္စည်းတင်သွင်းသူ၊ ဝရှတ်၊ ကြက်သွန်၊ အာလူးကုန်ကူးသူ၊ ဆီစက်ထောင်သူ၊ ကွန်ပျူတာတင်သွင်းသူ၊ ရေခဲသေတ္တာရောင်းသူ၊ အိမ်ခြံမြေ ကန်ထရိုက်လုပ်ငန်း ဆောင်ရွက်သူ ဟူဟူနှင်နှင်တို့ပေတည့်။ အားလုံးကား ချောင်းကလေးတဟွပ်ဟွပ်။ အနွေးထည်လေး တဝတ်ဝတ်နှင့် ပေတကား။

"အခုတလောက အရောင်းအဝယ်တွေကလည်း အေးသဗျို့ သည်ကြားထဲ သမားတော်ကြီး ဒေါက်တာ ဦးစောအောင်ဆီကိုလည်း သွားရသေးသဗျာ"

"ဆိုပါဦး"

"ဟပတိုက်တစ် (Hepatities) ရှိမရှိ သွားစမ်းရတာပါဗျာ။ တစ်အိမ်လုံးကတော့ ဟပတိုက်စ် A,B,C,D,E,F အားလုံးစမ်းပြီးသား။ ကျုပ်ကသာ အလုပ်ကမအား ကိစ္စဝိစ္စများနဲ့အခုမှပဲ သွားဖြစ်တော့တာ . . . အိုကေလို့ တော်ပါရဲ့"

"ဒါပဗျာ ဟပတိုက်တစ် မတွေ့ပြီးတာပဲ။ တာကွယ်ဆေးတော့ ထိုးဗျ။ ကျုပ်တို့တော့ တစ်အိမ်လုံးအိပ်ချ်ဘီအက်စ်အဲန်တီဂျင် (HBS antigen) ထိုးထားလိုက်တယ်။ ဆေးကလည်း တစ်လုံး ၅ ထောင်တဲ့ဗျာ၊ သုံးလုံးထိုးရသဗျာ။ အိမ်ရှိလူကုန် ဆိုတော့ ငွေနှစ်သိန်းလောက် ပက်ခနဲ့ပါပဲ"

"ဆေးဈေးကတော့ဗျာ ညည်းမနေပါနဲ့။ ကျန်းမာရေးမဟုတ်လား၊ ခန္ဓာရှိရင် ဝေဒနာရှိမယ်ပေါ့ သဟာနှင့် ဟက်ပတိုက်တစ်ဆေးကလည်း သယ်ရပြုရ ခက်လှသဗျာ (0˚) စင်တီဂရိတ်နဲ့ (4˚) စင်တီဂရိတ်ကြားမှာပဲ ထားရတာဆိုတော့ ကရိကထများလှသဗျာ"

ဟပတိုက်တစ်ကတော့ အင်တီဂျင် (antigen) ထိုးမယ့်အစားအဲန်ဂျရစ် (Engerix) ကပိုတောင်ကောင်းမလားဘဲ၊ အေးပါ . . .

အနာနဲ့ဆေးတည့်အောင်ပေး. . . . ပျောက်ရော မခက်ပါ ဆိုသလိုပဲ။ ခင်ဗျားတို့က မိသားစုထဲမှာ ဟက်ပတိုက်တစ်မတွေ့လို့ တော်သေးသပဗျာ။ အိမ်မှာက သားအငယ်မှာ တွေ့နေသတဲ့ဗျာ။ ကာကွယ်ဆေးနဲ့က မရတော့ဘူး ကုရပြီ"

"ဖြစ်ရလေဗျာ. . . ဒါနဲ့"

"သမားတော်ကြီး ဦးစောအောင်ပါပဲ။ ဂရုစိုက်ရှာပါတယ်။ အင်တာဖာရိုထိုးပေါ့။ အင်တာဖာရို (Inteerre fero) က ၁၆ လုံး ပြည့်အောင်ကို ထိုးရမှာ"

"ဆေးက ဝယ်ရတာ"

"အဲသဟာပေါ့။ ဝယ်ရတာပဲ ၁၃၅ သိန်းတဲ့၊ ၁၆လုံးကို၊ ဘယ့်နှာတတ်နိုင်မတုံး။ ခန္ဓာရှိရင် ဝေဒနာရှိလာတဲ့ ဥစ္စာ၊ ၁၃၅ သိန်းဆိုတော့လည်း ၁၃၅ သိန်းလိုက်ရတာပေါ့။ ပစ္စည်းသင်္ခါရ လူသင်္ခါရပဲလေ"

အင်တာဖရို ၁၆ လုံးကို ၁၃၅ သိန်းပေးကာ သားအငယ်ကို ထိုးပေးနေရပြီဟု ဆိုလာသော အနံ့ကြီးကွင်းကျယ်တစ်ဦး၏ စကားအဆုံးတွင်ကား စကားဝိုင်းသည် အတန်ငယ်တိတ်ဆိတ်၍ သွားချေသည်၊ ရေနွေးကြမ်းက တစ်အိုး၊ မုန့်ပဲသရေစာက လေးငါးပွဲလောက်ကို အလယ်ကောင်တွင်ချကာ ဝိုင်းဖွဲ့ပြီးစားသောက်ပြောဆိုနေကြသည့် ကျန်းမာရေးကလည်း မကောင်း စကားဝိုင်းထဲတွင် သပွတ်အူသား ဘကြီးကိုကြွက်သိုးနှင့်အတူ ကျွန်ုပ်ဂျက်ကွမ်းခြံကုန်းမှာ ဘာဇာစကားကို ဆိုရမည်မသိ တုံ့ဏှိဘာဝေ ဆိတ်ဆိတ်သာနေရချေ၏။

"ကိုကြွက်သိုးရေ. . . ခင်ဗျားတူ ဆရာဂျက်ဟုတ်လား ရေနွေးလေး ဘာလေး သောက်ဖို့ မုန့်လေးဘာလေးစားဖို့ နှိုးဆော်ပါဦးလေဗျာ။ လူများအသက်ကြီးလာရင် မကောင်းတော့ဘူးလဗျာ။ အဘက်ဘက်က ယိုယွင်းလာတော့ တာပါကပဲ၊ အိမ်က မဟေသီဒေဝီကြီးလေ မောမော နေသတဲ့။ နှလုံးက ဒုက္ခပေးလာတာ။ သမားတော်ကြီး ဒေါက်တာဦးမြတ်စိုးဆီ ပြေးရပြန်တာ ပါကပဲ"

"E.C.G ကလေးဘာလေး မရိုက်ဘူးလား"

"ရိုက်ပ့ါဗျာ ရိုက်ပ့ါ။ နိုးရိုးတောင် မဟုတ်ဘူး။ ရိုးရိုးက ပိုက်ဆံလေးတစ်ထောင်လားရှိတာ။ အဲသမှာ စက်ပေါ်လျှောက်ပြီးရိုက်မတဲ့။ စက်လျှောက်ကလည်း မများလှပါဘူး။ ငွေကလေး နှစ်သောင်းခွဲတည်းပါ။ အဲသမှာ သမားတော်ကြီး ဒေါက်တာဦးမြတ်စိုးဆီ ရောက်တော့မှ တစ်မျိုး ပြစ်ပြန်ရော၊ အက်ခိုးလ် (ECHO) နဲ့ ရိုက်မတဲ့။ ကဲရိုက် ရော့ငွေခြောက်သောင်း။ ခန္ဓာရှိရင် ဝေဒနာရှိလာမင့်ဟာ ဘယ်တတ်နိုင်မလဲ"

"အဲ ခင်ဗျားက ဒေါက်တာဦးမြတ်စိုးကို ကျေးဇူးတင်ရမှာပါ။ ကျုပ်အိမ်က မမတုန်းကတော့ မရပေါင်ဗျာ ဒေါက်တာစိုးကျော်ဆင့်ဆီပဲ သွားမယ်လုပ်နေတာ၊ ကက် (Cath)နဲ့ ကြည့်မယ်တဲ့. . . ကဲ"

"ကက် (Cath) က"

"ငွေက အတုန်ကြီးမဟုတ်ပါဘူး။ ခြောက်သိန်းတည်းပါ။ ပေါင်ကနေ ဖောက်ပြီး နှလုံးကို ကြည့်တာ၊ ဖလူရိုစကုပ် (Fluroscope) နဲ့ ကြည့်တာဆိုတော့ နှလုံးသွေးကြောကလေးတွေ အလုပ်လုပ်တာကိုခြေရာခံကြည့်နိုင်တာပေါ့ဗျာ အို ကိုယ်စိမ်ရာကို မခံတဲ့ ခန္ဓာကြီးပဗျာ"

"အေးဗျာ ဒေါက်တာစိုးကျော်ဆင့်ဆီ သွားဦးမှပေါ့ဗျာ။ ကျုပ်ရော အမျိုးသမီးရော မောမော နေတာ။ ၆ သိန်းလည်း သိန်းပေါ့။ ဖလူရိုစကုပ်နဲ့ ကြည့်ဦးမှပါ"

"ကောင်းပ ကောင်းပ. . . ရိုးရိုး E.C.G ရိုက်မနေနဲ့ကက် (Cath) ပဲကောင်းတယ်။ ဖလူရိုစကုပ် (Fluroscope) နဲ့ကြည့်တော့ ရှင်းသွားတာပေါ့။ စားဆေးတော့ သောက်ဖူးတယ်မဟုတ်လား"

"ဗက်က်စ်တာရယ် (Vasteral) ပေါ့ဗျာ၊ ဟာဘက်ဆာ (Herbessar) တော့ မသောက်ဖူးသေးဘူး။ စားဆေးလည်း သုံးရက်စာကို တစ်သောင်းခွဲဗျ။ အင်း ဝေဒနာ ဝေဒနာ ခန္ဓာရှိရင် ပျက်စီးတာပါပဲ"

ဟပတိုက်တစ် (Hepatitis) A, B, C,D,E, F အိပ်ချ်ဘီအက်(စ်)အဲန်တီဂျင်(HBS antigen)၊ အဲန်ဂျရစ် (Engerix)၊ အင်တာဖရို (Interre fero)၊ E.C.G ၊ ကက်(Cath) ၊ ဖလူရိုစကုပ် (Fluroscope)၊ ဗစ်စတာရယ် (Vesteral)၊ ဟာဘက်ဆာ (Herbessar) ၊ ဟပတိုက်တစ်ကာကွယ် ဆေးတစ်လုံး ၅၀၀၀၊ ဟပတိုက်တစ်အသည်း ဆေး ၁၆ လုံး ၁၃၅ သိန်း၊ ဖလူရိုစကုပ်နှင့် နှလုံးကြည့်ခ ၆ သိန်း၊ အက်ခိုးလ် (ECHO) ရိုက်ခ ၆ သောင်း၊ စက်လျှောက်ခ ၂ သောင်း ၅ ထောင် စသည် စသော ဝေဒနာစုံမြိုင်တောကြီးအတွင်းဝယ် ဘာဇာရောဂါမှမရှိ ကျန်းမာပကာတိ လန်းဖြာတီချေသည့် ဘကြီးကြွက်သိုးကား စိတ်အားငယ်စွာဖြင့် ကျွန်ုပ်ကို လှမ်းကြည့်ချေ၏။

ဘာဇာရောဂါမှမရှိသဖြင့် ဘာဇာအကြောင်းကိုမျှ ဝင်ရောက်ပြောဆိုရန် အခွင့်မသာဘဲ လူကုံထံအသိုင်းအဝိုင်းထဲတွင် မျက်နှာငယ်နေရရှာသူ ဘကြီးကြွက်သိုးကား ကျန်းမာရေးကောင်းလွန်းသူ မိမိတို့၏ မိသားစုအား စိတ်ထဲမှနေ၍ ကျိတ်၍ ကျိတ်ကာ ကျိန်ဆဲ၍နေဟန်ပင်ထင်၊ ဘတူဂျက် ကျွန်ုပ်ကား ဘကြီးကြွက်သိုးအား ဂုဏ်သရေရှိ လောကထဲ ဝင်ဆံ့နိုင်ရန်အတွက် တွန်းတင်ပေးရန်အလို့ငှာ နေရာမှာ ဆတ်ခနဲ ထရချေပြီ။ အနှီနောက် အသင့်ပါလာသော လက်ဆွဲအိတ်ကြီးကို ဖွင့်လိုက်ပြီးသည့်သကာလ စားပွဲပေါ်သို့ သွန်ထည့်ချလိုက်ရာ တိုင်းရင်းမြန်မာဆေးဝါး ပေါင်းစုံတို့သည် ဝေါခနဲဆိုသလို လျှောကျ၍ လာပေတော့သည်။ သွေးဆေး၊ သူငယ်နာပေါင်းချုပ်ဆေး၊ အစာကြေဆေး၊ လေပုပ်ထုတ်ဆေး၊ အဖျားပျောက်ဆေး၊ ခေါင်းကိုက်ပျောက်ဆေး၊ နှလုံးအားတိုးဆေး၊ ဝမ်းနုတ်ဆေး၊ ချောင်းဆိုး ပျောက်ဆေး၊သွားကိုက်ပျောက်ဆေး၊ မီးမကင်ဆေး၊ လေးဘက်နာပျောက်ဆေး၊ သွေးပေါ်သွေးမှန်ဆေး၊ ဒူလာဆေး၊ အကိုက်အခဲပျောက်ဆေး၊ ဆင်တုံးမနွယ်ဆေး၊ မြင်းခွာရွက်ဆေး၊ ကြက်သွန်ဖြူပြားရည်ဆေး၊ ဆယ်ပေါင်လူဝအားတိုးဆေး၊ ကတိုးနှာဆေး၊ အစာအိမ်လေနှင်ဆေး၊ ညှင်း၊ ပွေး၊ ဝဲ၊ ဒက်၊ ခွါတ်ပျောက်ဆေး၊ ဖွတ်စအိုနာပျောက် ဆေး၊ လိပ်ခေါင်းအထူးဆေး၊ ကြွက်နို့ဆေး၊ လေမျိုး ၈၀ လျက်ဆား၊ လေငန်းပျောက်ဆေး၊ အဖုအကျိတ် လိမ်းဆေး၊ ဆံပင်သန်ဆေး၊ အနီးပွင့်ဆေး စသည် . . . စသည်တို့သည် စားပွဲပေါ်တွင် စုရုံပုံ၍သာ နေတော့ချေသည်တည်း။

လူအပေါင်းကား ဆေးဝါးပေါင်းစုံကို တစ်လှည့်၊ ကျွန်ုပ်ဂျက်ကွမ်းခြံကုန်းကို တစ်လှည့်၊ ဘကြီးကြွက်သိုးကို တစ်လှည့်ကြည့်၍သာ အကဲခတ်နေတော့ပါချေ၏။

"သည်နှစ်ထဲမှာ အကျွန်ုပ်ဘကြီး ကိုကြွက်သိုးတစ်ယောက်လည်း ကျန်းမာရေးမကောင်းဘူး အဆွေတို့ရဲ့။ ဆေးပေါင်းစုံသောက်နေ လိမ်းနေ ရှူနေရတော့သဟာ။ အဲသဟာ သူနေ့စဉ်သောက်နေရတဲ့ဆေးတွေပါပဲ"

ဘကြီးကြွက်သိုးကား ငါသည်လည်း ရောဂါနှင့်ပါပဲဟူသော မျက်နှာပေးဖြင့် ဝင်းခနဲ လက်သွားချေ၏။ လူဝင်ဆံ့ချေပြီ။ တစ်ယောက်ကား သူငယ်နာပေါင်းချုပ်ဆေးနှင့် သွေးပေါ်သွေးမှန်ဆေး ၂ ဘူးကိုမေးခွန်းကလေး ဘာကလေး မေးလိုဟန်ဖြင့် ဂျက်ကို လှမ်းကြည့်လာချေ။ ဂျက်ကား သူ့အမေးကို မစောင့်တော့ချေ။

"ဟုတ်သဗျာ. . . သူငယ်နာပေါင်းချုပ်ဆေးလည်း သောက်နေရသဗျာ။ သွေးပေါ် သွေးမှန်ဆေးလည်း သောက်နေရသဗျာ။ လူကြီးလူငယ်ယောကျ်ား မိန်းမဖြစ်သမျှ ရောဂါအစုံအကျွန့်ဘကြီးမှာ စုပြုံအုံခဲဖြစ်နေမင့်တော့တာ ကျွန်ုပ်ဂျက်ကွမ်းခြံကုန်းမှာ ဘကြီးကြွက်သိုးနောက်ကနေ ဆေးအိတ်ထမ်းပြီးတော့သာ လိုက်နေရတော့သဗျာ။ ဘကြီးကြွက်သိုးတို့ အမျိုးတွေဆို အကုန်လုံး ဆေးရုံတင်ထားကြရတာ။ အကုန်လုံး ၉၆ ပါးရောဂါ ဝင်နေကြတော့သဗျာ"

ကျွန်ုပ်ကား စားပွဲပေါ်မှ ဆေးဝါးပေါင်းစုံတို့ကို အိတ်ထဲသို့ ပြန်ထည့်ပြီးသည့်သကာလ တစ်ဝိုင်းလုံးကို စိန်းစိန်းကြည့်၍ အကဲခတ်လိုက်ရာ ဘကြီးကြွက်သိုးမှတစ်ပါး အကုန်လုံး အပိုးကျိုး၍ သွားကြတော့ချေသည်သာတမုံ့။

**ဂျက်ကွမ်းခြံကုန်း**

Asian Family Media Group



## ရင်ခွင်အမိရပ်သို့ ... တမ်းခြင်း

မေမေရဲ့ သမီးလေး ဖင်
အဖော်မပါတဲ့ လမ်းတွေလျှောက်
လျှောက်နေရင်းနဲ့ လမ်းကပျောက်
ပျောက်ဆုံးသွားတဲ့ လမ်းဆီမှာ
မှန်ရည်ကာကန့်တော့
သမီးရဲ့ အမှားတွေ
တွေ့မယူပါနဲ့ ...
ဆုံးမစကားကို နားမဝင်
ရှုံးရခဲ့မှ ရှိုက်ငင်ရင်း
တမ်းတမှန်းဆရင်း
လွမ်းရတာက
နွေးထွေးတဲ့
မေမေ့ရင်ခွင်
သူစိမ်းတွေရဲ့ အလယ်မှာ
အတွယ်တာတွေနှင့် ရုန်းကန်
လောကဓံက တိုက်ခိုက်
ဖိုက်နေသတဲ့တွေနှင့်အတူ
ယူကျုံးမရနှင့်
သမီး ပြန်ခဲ့မယ်
ဟိုး ...
အဝေးက
မေမေ့အိမ်ကလေးဆီ

ဇင်မာမွေ့ (ကလိန်အောင်)



## ကြွေ

မက်လိုက်တော့ ဇမ်
လွင့်မျောအိပ် အစိုင်ခဲ
ပုံအောင်ခဲ့ အတိတ်
ပစ်လောက်ခဲ့ မှတ်စုအကျိုးအမဲ
ရင်ကွဲသံတွေ လွင့်စင်ထွက်ကျခဲ့တဲ့ ကျောက်စာ
အနောက်အရပ်သို့ တိုးဝင်သော သက်မဲ့မောများ
ရွှေကြိုးနှင့်ခဲ့ နံနက်ခင်းများ
ရွက်ကြွေလမ်းကလေးရဲ့ နွေဦးရာသီစုတ်ချက်
လာနေကျလမ်းတွေ တဖြောင့်တတန်း
ပြန်နေကျလမ်းတွေ နွေနှိုးနွေငွေ့နဲ့ အက်ကွဲ
မျက်ရည်နဲ့ ဆေးခြယ်ထားတဲ့ ရွက်ခြောက်သစ်ပင်
အလင်းတံခါးပိတ်ရန်ပြင်သော ဆည်းဆာရိုင်းများ
မပြင်နိုင်သောအလှနဲ့တောက်ပနေသော ခရမ်းလွန်ရောင်ဝေဝေလွင့်ခြင်းများ
လက်ကလေးတစ်ဖက်ရဲ့ နှောင်တွယ်ခြင်းက
တစိမ့်စိမ့်ဝေခဲ့မှာ ....
တထိမ့်ထိမ့်ကြွေဆင်းလို့ ။

ကေဇော်မိုး

af MEDIA GROUP
Asian Fame Media Group



## အစိမ်းရောင်သံစဉ်

စိတ်ဟာ အရောင်တွေကို ရှန်းထွက်ရင်း
ဖြန့်ကျဲကျသွားခဲ့တယ်
အနိုက်အတန့်လေးပေါ့
လေပြည်တွေကတော့ လင်းလက်တုန်း။
လက်ဝဲဘက်ကို စမ်းသပ်ကြည့်တော့
ပစ္စုပ္ပန်ဟာ ရပ်တန့်နေတယ်
ဒီလိုပါပဲ တစ်ခါတုန်းကတော့
သံစဉ်အိပ်မက်တွေ ညိုညိုမည်းမည်း ပြိုကြွဲခဲ့ဖူးတယ်။
မှတ်မိကောင်းပါရဲ့
သိုးငယ်တစ်ကောင်ရဲ့
ထုတ်ချင်းဆယ် သီချင်းတွေ
လွင့်ပဲ့ကျလာသော မျှော်လင့်ချက်တွေ
မှတ်မိကောင်းပါရဲ့ ။
သွားနှုတ်ခွင်းကွယ်
ငါက နှင်းဆက်ကိုလည်း ရှုရှုမှာစိုးတယ်
မနက်ခင်းကို မြင်တောင်တောင်မှ နေကိုမတွေ့ဘူး
ဖို့ကြောင့်နဲ့များ
သိုးငယ်တစ်ကောင် သံစဉ်တသား
နေပင်ချိန်ကလည်း တောလွန်းတယ်။

နေဝေ

## မသေမရှင်ဖြစ်မှု

အရာအလင်းခပ်တိုတိုပဲရတဲ့
အခန်းထဲက ခုတင်ပေါ်မှာ ထိုင်နေတယ်
ဆစ်လ်ဗီယာပလာသ်ရှိတယ်
ဂစ်တာအစုတ်တစ်လုံးရှိတယ်
ဖုံတွေကိုယ်စီဖိုက်ထားတဲ့ greenday ရဲ့
ဗိုင်းတော်သားတွေ ရှိတယ်
ဟိုလူအားနာ ဒီလူအားနာနဲ့ နေမြောက်လှန်းခံရလို့
ကိုက်ခဲနေတဲ့ ခေါင်းတစ်ခြမ်းရှိတယ်
တိမ်မရှိတဲ့ ကောင်းကင်ကြီးကိုငေးဖို့
ပြတင်းပေါက်တစ်ခြမ်းရှိတယ်
ကပ်ချပ်တဲ့နေရာကို လျှောက်ကပ်ထားတဲ့
သတိရစိတ်ကြောင့် တစ်ဝက်ပဲပြုံးတဲ့ နှုတ်ခမ်းတွေရှိတယ်
တံတွေးပြန်မျိုချတဲ့ ပါးစပ်
မျက်ရည်တွေပြန်မျိုချတဲ့ မျက်လုံး
ခံစားမှုတွေ ပြန်မျိုချတဲ့ နှလုံးသားလည်း ရှိတယ်
မကင်းနှောဗီချင်းသံ ကြားနေရတယ်
ခဏပြီးလို့ပဲ ခေါ်လိုက်မယ်
ခဏပြီးရင် မင်းရဲ့ စိတ္တဇဖြစ်မှုတွေနဲ့ ထပ်တူ
မင်းကျွန်းစစ်တည်း ယောက္ခန်းတွေနဲ့ အဖြစ်ခံနေမှာပါ။

ငြိမ်း





## ဤသို့ဖြင့်

တာထွက်ပြီ ဆိုကတည်းက
ခြေခေါက်ပြီး မှောက်လျက်လဲခဲ့တာ။
ခြေတစ်လှမ်းနောက်ကျသွားတာ မဟုတ်ဘူး။
ကုဋေတစ်သန်းမကတဲ့ စိတ်အာရုံနောက်လိုက်ခဲ့မိတာ။
တစ်ခါ တစ်ခါ ....

ကိုယ်ဟာ သူတစ်ပါးရဲ့ အသုံးချခံ။
တစ်ခါ တစ်ခါ ....

ကိုယ်ဟာ ကိုယ့်စိတ်ရဲ့ အသုံးချခံ။
တစ်ခါ တစ်ခါတွေ များလာတဲ့အခါ
အခါခါ မှားနေတဲ့ အမှားက
အမှန်တရားလိုလို ....
မှန်မှားလိုလို .... ။

ချွန်နောင်ညို (တံတားဦး)

## ရေခဲတုံး

တစိမ့်စိမ့် ပျော်ဝင်သွားခြင်းပါ
ခန္ဓာကိုယ်ရဲ့ အပေါ်ပိုင်းဟာ
ကောင်းကင်ကို မျှော်ကြည့်လို့
ကျန်တစ်ပိုင်းကို
ဘဝရဲ့ သိပ်သည်းမှုကြီးတဲ့ အနှစ်ချုပ်နှစ်ခံရ
ရှင်သန်ခြင်းအကာလုံးနဲ့
မသေခင်စပ်ကြား အတိတ်သမျှ
ထက်ဆောင်တဲ့ အချစ်အကြောင်း
စာမျက်နှာပေါ်က ပန်းခွက်တစ်လုံးထဲ
ရောက်လာတော့ ကိုယ့်
အသည်းအသန် ကံစွမ်းတော့ မဟုတ်ပါဘူး
အစဉ်ပျော်နှလုံးသားဆို
တစိမ့်စိမ့် ပျော်ဝင်သွားခြင်းပါ။

မောင်သွေးချစ်
(ရေနံချောင်း)

## စာခြောက်ရုပ်

အလှတရားဆိုတာကို ခံစားဖို့အတွက်
ရင်ဘတ်ပါမလာခဲ့ဘူး
ထုတ်ကျောင်းစရာ
အိမ်မက်မရှိ စိတ်ကူးမရှိ
မျှော်လင့်ချက်မရှိခဲ့
ရည်မှန်းချက်တစ်ခုက လွဲရင်
ယောဘိလွှင့်ပြင်ထဲ
စပါးပင်တွေ လေယူတိမ်းသလို
ခန္ဓာကို လှုပ်ယိမ်းပြရင်း
ငှက်ကလေးတွေ ကြောက်ရုံသက်သက်
တစ်ချိန်လုံး မတ်တတ်ရပ်ခဲ့သူ။ ။

ရိုက်ကောက် (မြို့လှ)





af MEDIA GROUP
Asian Frame Media Group



## ဘဝနေနည်း

- ညခင်းက ဝန်ခံတယ် …
  လင်းစေချင်လို့ မှောင်လိုက်တာပါတဲ့
  ကြယ်စင်နဲ့ လရောင်ရှိနေတဲ့ ကာလပတ်လုံး
  ကိုယ့်ကိုယ်ကိုယ် ဖုံးနေလိုက်တာကပဲ
  သူ့အတွက် အနှစ်သာရ ဖိုးရှိပါတယ်တဲ့။
- မီးတောက်တွေကလည်း အသိပေးတယ်
  လိုသလောက် ယူသုံးပါတဲ့
  လင်းအားကောင်းကောင်း ရှည်ရင်တော့
  သူ့အသုဒ်ကို ပိုခံနိုင်ရမယ်တဲ့။
- မြေနိမ့်နိမ့်တွေကတောင် ဂုဏ်ယူစွာနဲ့ ရင့်ကျူးကြတယ်
  လုံတွေရဲ့ ပင်ကွင်းဖြစ်နေရတာကလည်း
  သူ့ရဲ့ အရာရောက်မှု ပြယုဂ်ပါပဲတဲ့။
- ပွင့်ဖတ်လေးတွေကလည်း ရဲရဲရင့်ရင့် ဟစ်ကြွေးတယ်
  နွမ်းကာမှ နွမ်းသွားစေပါစေ
  ဆောင်နိုင်သလောက်လေး
  အစွမ်းကုန် လန်းဆန်းနေပွင့်လိုက်ပါတဲ့။
- ညည် …
  လောင်းရိပ်မိ သစ်ပင်တွေကလည်း
  မျှော်လင့်ခြင်းကြီးစွာ မျှော်ကြရတယ်
  ဘယ်လောက်ပဲ ပူပြင်းလောင်ရမ်းပါစေ
  နေမျက်နှာကို မော်ကြည့်ခံယူရတဲ့ ဘဝကိုပဲ
  တောင့်တမိပါတယ် … တဲ့။
  တကယ်တော့လည်း
  အိပ်မက်ဆိုတာက
  သိပ္ပံဖြစ်တည်မှုတွေရဲ့ ယံတတစ်ခုမဟုတ်လား။

ဝိဂ

## သတ္တုရောင်တွေနဲ့ ပုပ္ပားတောင်

အိပ်မွေ့ချခံရတဲ့ စကားဝါတွေလို
ပိုက်ကိုယ်ပါ ပုလင်းထဲ စိုက်ထည့်ကြည့်တယ်
အဆက်မပြတ်သုံးရင်း
သံချေးတက်ခဲ့တဲ့ မီးတောင်ထဲ
တစ်ကိုယ်တော် တိမ်လွှာမြင်လျှော့စီးသလို
ယောင်တောသီဆိုသူပါ
တွေ့မြင်သမျှ ညှိုတဲ့ မြင်ကွင်းနဲ့ရှုန့်
ဒီတောင်မှာ ပွင့်တယ်
စကားဝါတွေမှာ အပ်ထည်မရှိခဲ့ဘူး
အချိန်က
ဘာမဆိုစားတဲ့ တွားသွားကောင်
အသင်နဲ့အမှောင်ကို တည့်တည့်ကြိုက်တဲ့ကောင်
တန်ဖိုးအရှိဆုံးဆိုတာ သူ့နာမပေါ့
တယ်တော့မှ မြေကြီးမှာ အသက်မရှုဘူး။

ရွှေဒါး (ပတ္တရာ)



ကဗျာချစ်သူ၊ ကဗျာဝါသနာရှင်မည်သူမဆို **'ဖူးနုသစ်လွင်ကဗျာဥယျာဉ်'**ကဏ္ဍသို့ လိပ်မူပြီး ကဗျာများပေးပို့နိုင်ပါသည်။ ကဗျာပေးပို့ရာတွင် ကလောင်အမည်၊ အမည်ရင်း၊ နိုင်ငံသားကတ်ပြားအမှတ်၊ ပညာအရည်အချင်း၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာနှင့် **ဖုန်းနံပါတ်**ကို အပြည့်အစုံထည့်ပေးပါရန်၊ (ရွေးချယ်ခံရသည့် စာမူရှင်များကို စာမူခ ချီးမြှင့်မည်ဖြစ်ပါကြောင်း)

af MEDIA GROUP
Asian Fame Media Group

## ကိုဇော် (အရုဏ်ဦး) ၏

# မြတ်နိုးကြာရိပ်ချို

မောင်အိမ်စံ




Asian Fame Media Group
MEDIA GROUP

မဟူရာ (လှိုင်ကော်) ၏ ဝတ္ထုကို သမီးမြတ်ကျော် ဇာတ်ညွှန်းရေးသားပြီး ကိုဇော် (အရုဏ်ဦး) ရိုက်ကူးထားသည့် 'မြတ်နိုးကြာရိပ်ချို' သည် လူတန်းစားကွာဟမှုကို အခြေခံပြီး ဓနရှင်လူတန်းစားများ၏ 'စရိုက်လက္ခဏာ' ကို ရိုက်ကူးပြသထားသည့် ဗီဒီယိုဇာတ်ကားတစ်ကား ဖြစ်သည်။

ကားမရပ်ရသည့် နေရာတွင် စွမ်းထက်အောင် (ပြေတီဦး) ကရပ်သည်။ ဝတ်မှုံရွှေရည် (ကြာရိပ်ချို) ကလည်း သူ့စက်ဘီးကို ထိုနေရာတွင် ရပ်သည်။ ဒေါက် သေချာမထောက်သဖြင့် စက်ဘီးလဲကျသွားပြီး ကားနှင့် ထိသည်။ ကားဘော်ဒီမှာ ဆေးပွန်းသွားသည်။ စကားများကြသည်။ အလျော်တောင်းလျှင်လည်း ပေးနိုင်မည် မဟုတ်မှန်းသိ၍ စွမ်းထက်အောင်က အလျော်မတောင်း။ ခက်သည်က ထိုကားမှာ သူ့မိခင်ချိုပြုံး (ဒေါ်ထက်ထက်သာ) ၏ ကားဖြစ်နေသည်။ မိခင်ကိုတောင်းပန်ရသည်။ မိခင်က ငွေဂုဏ်မောက်သည်။ အဆင့်အတန်း ခွဲခြား သည်။ စွမ်းထက်နှင့် ကြာရိပ်ချိုတို့ ဒုတိယအကြိမ် ဆုံကြပြန်သည်။ ဒါသည်လည်း တိုက်ဆိုင်မှုဖြစ်သည်။ မုန့်ဖုတ်သုပ်ပန်းကန်ချင်း မှားကြသည်။ တတိယအကြိမ်မှာမူ အင်းဝစာအုပ်တိုက်သို့ ကြာရိပ်ချိုက သူရေးသားထားသော လုံးချင်းဝတ္ထုစာမူ သွားပြသောအခါ အဖြစ်သည်။ အင်းဝစာအုပ်တိုက်ပိုင်ရှင်သည် စွမ်းထက်အောင်ဖြစ်နေသည်။ ကြာရိပ်ချိုက တောင်းပန်သည်။ ကြာရိပ်ချို၏ ဝတ္ထုများကို အင်းဝစာပေကထုတ်ဝေရန် စီစဉ်သည်။ စာမူခ ပေးသည်။ စွမ်းထက်ကမိခင်ထံတွင် ကြာရိပ်ချိုကို လက်ထပ်ရန်ခွင့်တောင်းသည်။ သဘောမတူ။ မိခင်ကိုသာ ဖွင့်ပြောသော်လည်း ကြာရိပ်ချိုကိုမူ ဖွင့်မပြောသေးပေ။ မိခင် ဘယ်လိုမှ သဘောမတူနိုင်မှန်းသိ၍ ကြိုတင်ခွင့်ပြုချက်ယူခြင်း ဖြစ်သည်။ နောက်ဆုံး မိခင်သဘောတူလိုက်သည်။ တစ်ဖက်တွင် ကြာရိပ်ချို၏ မိသားစုဘဝနေဟန်မှာ ဖခင်ထူးသာ (ဦးထွန်းရင်) က အငှားကားမောင်းသည်။ ဖခင်၏ အစ်မကြီး ဒေါ်အေးမြင့် (ကြီးကြီး) က

အိမ်မှုတာဝန်ယူသည်။ ကြာရိပ်ချိုနှင့် သူ့အစ်ကို ဖင်မျိုး (ကိုကိုထိုက်) တို့က ရဲရင့်ဇာခြည်စာပေ အမည်ဖြင့် စာအုပ်အငှားဆိုင်ဖွင့်သည်။ မချမ်းသာသော်လည်း မဆင်းရဲ။ ကြာရိပ်ချိုက အငယ်ဆုံးမို့ အားလုံးက အလိုလိုက်ကြသည်။ စာရေးဝါသနာပါသည်။ ဝတ္ထု (လုံးချင်း) စာမူ ၁၀ အုပ်ကျော် ရေးသားပြီးဖြစ်သည်။ ကိုထိုက်သူငယ်ချင်း အောင်သာနှင့်ပေးစားရန် ကြီးကြီးက စီစဉ်နေစဉ်တွင် အောင်သာနှင့် ကိုယ်ဝန်ရနေသော မိန်းကလေးလာပြော၍ စေ့စပ်ပွဲပျက်သွားသည်။ သားကမရမက ကြိုးပမ်းမည်ကို သိနေသော မိခင်သည် ကြာရိပ်ချိုတို့အိမ်သို့လာပြီး ရတနာများပေး၍ ကြာရိပ်ကိုတောင်းရမ်းသည်။ ဦးထွန်းရင်က ချက်ချင်းဘာမျှမပြော။ ဒေါ်ထက်ထက်သာက စကားလုံးများဖြင့် ပစ်ပေါက်ပြီး တစ်ဖက်ကို နှိမ်သည်။ စွမ်းထက်က တောင်းပန်သည်။ "ဆရာ့စကားကို ဆရာ့သိက္ခာနဲ့ ထပ်တူတန်ဖိုးထားပါတယ်။ သမီး ကြာရိပ်ချိုကို ဖျောင်းဖျနားချပေးဖို့ ကတိပေးပါတယ်။ အစ်မကြီးရဲ့ 'မြန်း' မှုကို လက်ခံပါတယ်။ ဒါပေမဲ့ ဒီလက်ဝတ်ရတနာကိုတော့ လက်မခံပါရစေနဲ့" ဟု ဦးထွန်းရင်က တုံ့ပြန်သည်။ ကြာရိပ်က အဟ၊ အကျွာ ကြီးမားသော အသိုင်းအဝန်းနှစ်ခုမို့ လက်မခံ။ နောက်ဆုံး ဖခင်၏ ကတိစကားကို လက်ခံပြီး စေ့စပ်ပွဲလုပ်သည်။ လက်ထပ်ပွဲကို ဒေါ်ထက်ထက်သာက သူပိုင်ဟိုတယ်တွင် ခမ်းခမ်းနားနား ပြုလုပ်မည် စီစဉ်ထားသည်ကို ဖျက်ပြီး ကြာရိပ်ဆန္ဒအရ ရုံးတက်လက်ထပ်သည်။ ပြီး ဒေါ်ထက်ထက်သာ ဝယ်ပေးထားသော အိမ်တွင် သူတို့နှစ်ဦးနေကြသည်။ ထိုစဉ် ဒေါ်ထက်ထက်သာ ရုတ်တရက် လေဖြန်းသွားသဖြင့် ကြာရိပ်နှင့် ကြီးကြီးတို့ သွားပြုစုပေးကြသည်။ သားနှင့်ချွေးမ ဘယ်လောက်စိတ်ပူပန်သလဲဟုသိရန် မိခင်က လေဖြန်းဟန်ဆောင်ခဲ့သည်ကို သိသဖြင့် ကြာရိပ်ချို ပြန်လာခဲ့သည်။ ကြာရိပ်ချို ၏ ဝတ္ထုထွက်လာသဖြင့် သူတို့မိသားစု (ဖခင်၊ အစ်ကို) တို့နှင့် ပျော်ရွှင်စွာ စားသောက်နေကြစဉ် ဒေါ်ထက်ထက်သာ ရောက်လာပြီး ကြာရိပ်ကို "ဒါ နင့်အကြံအကွက်လား" ဟု မေးသည်။ ကြာရိပ်က လက်မခံ။ ပြန်ပြောသည်၊ ထိုစဉ် ကြာရိပ်ကမူးအန်ပြီး ကိုယ်ဝန်ရှိသလို ဟန်ဆောင်လိုက်သည်၊ မိခင်က သူမှားကြောင်း ဝန်ခံသည်။ တစ်လအကြာတွင် အမှန်တကယ် ကိုယ်ဝန်ရှိလာသည်။

ဇာတ်လမ်းကမူ ဘဝထဲက ဇာတ်လမ်းမျိုး မဟုတ်။ သို့ရာတွင် ဆရာမ မဟူရာသည် လူတန်းစားအတွေးအမြင် ကြေညက်သည်။ လူတန်းစားစရိုက်ကို သူ့ဝတ္ထုတွင် ပီပီပြင်ပြင် ထည့်သွင်းရေးသားနိုင်သည်။ သည့်ထက်မက ကျွန်တော် သဘောကျသည်မှာ သည်လူတန်းစား စရိုက်များကိုပင် မိသားစုနှစ်ခုအကြား၌ ဖြစ်ပေါ်လာသော ပဋိပက္ခနုနုများအဖြစ် တည်ဆောက်ပြီး သူ့ဇာတ်လမ်း၏ ဇာတ်ရှိန်ကို မြှင့်တင်ပေးခဲ့ခြင်း ဖြစ်သည်။

ကိုဇော်ကလည်း ဝတ္ထုရေးဆရာ၏ ပဋိပက္ခများကို အရုပ်များဖြင့် သပ်ရပ်လှပနေအောင် ပုံဖော်ရိုက်ကူးနိုင်ခဲ့ပါသည်။ ဒါရိုက်တာဟူသည် အရုပ်ရွေးတတ်ရန် အရေးကြီးပါ၏။ ရုပ်ပုံများဖြင့် ဇာတ်လမ်းကို ပြောပြရသူလည်း ဖြစ်ပါသည်။ ထိုအခါ ပရိသတ်အတွက် ဒါမှမဟုတ် ဇာတ်အတွက် အရေးမကြီးသောအရုပ်များကို ချန်ထားခဲ့မှ ဇာတ်ကားက လှပနေမည်။

နမူနာဆိုပါစို့။ ဒေါ်ထက်ထက်သာ ကျွေးသည့် ထမင်းဝိုင်း plot မျိုးတွင် ရိုက်ကူးထားသည်မှာ ဝတ္ထုရေးသူ၏ ရည်ရွယ်ချက်ကို ပြည့်မီအောင် ရိုက်ပြနိုင်ပါသည်။ ပြီး ရုံးတွင် လက်ထပ်ရန်သွားမည့်အခန်းတွင် ကြာရိပ်ချိုတို့ မိသားစုကို ရိုက်ပြသည့်အခန်း။ ကိုကိုထိုက်နှင့် ကြာရိပ်ချိုတို့ စကားပြောခန်းများတို့ ဖြစ်ပါသည်။

ကိုဇော်သည် cut တစ် cut ကိုပင် ဂရုတစိုက်ရိုက်သည်။ ဤဇာတ်လမ်းသည် မတူညီသော လူတန်းစားနှစ်ခု၊ မိသားစုနှစ်ခု၏ ပေါင်းစည်းမှုကို ရိုက်ကူးပြသရသည့် ဇာတ်ကားဖြစ်သည်။ ထိုအခါ လူတန်းစားလက္ခဏာ၊ လူတန်းစားစရိုက်များသည် ဇာတ်ကားတွင် အရုပ်အဖြစ် ပါဝင်နေရမည်။ ချိုပြုံးလာရောက် 'မြန်း' (ကြာရိပ်ချိုကို တောင်းရမ်း) သည့်အခန်း။ လက်ထပ်သည့်အခန်း။ ထမင်းကျွေးခန်း၊ လေဖြန်းသလို ဟန်ဆောင်သည့်အခန်းများတွင် အသိုင်းအဝိုင်းနှစ်ခု၏ လူတန်းစားလက္ခဏာများကို ပရိသတ်သိရှိသွားအောင် ရိုက်ပြနိုင်ခဲ့ပါသည်။ စာမူလာပြခန်းတွင်မူ 'ကြား cut' ကို သုံးသင့်ပါသည်။

Dialogue ကောင်းသည်။ ဆရာမမဟူရာသည် သူထက်စာ နာမည်ကြီးဝတ္ထုရေးသူများကဲ့သို့ လှုပ်ရှားပါက နုတ်စကားမပြော။ စကား စကားပြောဟန်များ စကားထဲကဇာတ်ပြဟူသည့် အဆိုနှင့်အညီ ဇာတ်ကောင်ပြောသော စကားသည် သူ့စရိုက်ကို ဖော်ပြနေသည်။ ဒေါ်ထက်ထက်သာစကား၊ ဦးထွန်းရင် စကား၊ ကြီးကြီးစကား၊ ကိုကိုထိုက်စကား၊ ကြာရိပ်ချို စကား၊ စွမ်းထက်အောင် စကား၊ အဓိကဇာတ်ကောင်များ၏ dialogue များက မှန်ကန်ကောင်းမွန်နေသည်။ Editing ကောင်းသလို၊ Continuity လည်း ကောင်းသည်။

အမေတစ်ခု သားတစ်ခုသာရှိပြီး မိခင်၏ ဆန္ဒကို မလွန်ဆန်ချင်သူ၊ မိခင်၏ ဆန္ဒမပါဘဲ အိမ်ထောင်မပြုလိုသူ၊ ကြာရိပ်ချိုကို မေတ္တာသန့်သန့်နှင့် ချစ်ခင်စွဲလမ်းမိသူ အင်းဝစာအုပ်တိုက် ပိုင်ရှင်စွမ်းထက်အောင်အဖြစ် သရုပ်ဆောင်ခဲ့သော ပြေတီဦးသည် ဤဇာတ်လမ်းတွင် ပြေတီဦး ဟန်သိပ်မပါဘဲ စွမ်းထက်အောင် ဖြစ်နေသည်။ သားကို အလွန်ချစ်သဖြင့် လက်မခံချင်ဘဲ လိုက်လျောရသူ မိခင်တစ်ဦး၊ လူချမ်းသာ မိန်းမတစ်ဦး၊ ဓနရှင်လူတန်းစားအမြင်နှင့် အရာရာကို ဂုဏ်ဒြပ်၊ ငွေကြေးတို့ဖြင့် တိုင်းတာတွက်ချက်တတ်သူ ဒေါ်ထက်ထက်သာအဖြစ် သရုပ်ဆောင်ရသော ချိုပြုံးကမူ ဇာတ်ကောင်စရိုက်ဝင်ပြီး ပရိသတ်မုန်းလာသည်အထိ သရုပ်ဆောင်နိုင်ခဲ့ပါသည်။ အထူးသဖြင့် 'မြန်း' ခန်း။ ထမင်းဝိုင်းအခန်းနှင့် လေဖြန်းသည်ဟု ဟန်ဆောင်ပြီး ပကတိကောင်းနေသည်ကို ပြလိုက်ရာတွင် ပန်းသီးစားနေခန်းတို့သည် အလွန်သရုပ်ပါသည်။ ထိုကဲ့သို့ ဝါရင့်သရုပ်ဆောင်ချိုပြုံးနှင့် အပြိုင်လိုက်ပြီး သရုပ်ဆောင်ရသော ဝတ်မှုံရွှေရည်သည် ဤဇာတ်ကားတွင် ကြာရိပ်ချိုအဖြစ် ပီပီပြင်ပြင် သရုပ်ဆောင်သွားခဲ့ပါသည်။ အခန်းနည်းသော်လည်း ပါသည့်အခန်းတိုင်း၌ ဇာတ်ကောင်စရိုက်ဝင်နေသူမှာ ထူးသာဖြစ်သည်။ 'မြန်း' ခန်း၊ သမီးက ငြင်း၍ သမီးနှင့် အပြန်အလှန်ပြောခန်း၊ ရုံးတက်လက်ထပ်ရန် ဒေါ်ထက်ထက်သာ ဝယ်ပေးထားသော အင်္ကျီလုံချည်များဝတ်ပြီး ထွက်လာ၊ ကုလားထိုင်ပေါ် ထိုင်မည်ပြုပြီးမှ 'ပုဆိုးကြေသွားမည်' ဟုပြောသည့် အခန်းများ၌ စရိုက်ဝင်ပြီး အလွန်ပီပြင်ပါသည်။

ဤဇာတ်ကားတွင် သရုပ်ဆောင်နေကြသူ ရုပ်ရှင်သရုပ်ဆောင်များကိုကြည့်ပြီး ကျွန်တော် ဖတ်ဖူးသော စကားတစ်ခွန်းကို ပြန်လည်သတိရမိသည်။ ဘယ်ဆောင်းပါး၊ ဘယ်မဂ္ဂဇင်းစသည်တို့ကို မမှတ်မိတော့ပါ။ ဆပ်ဖုလာက ရောဘတ်စတက်ကို 'ဘယ်လိုသရုပ်ဆောင်စေချင်သလဲ' ဟု မေးသောအခါ တစ်လုံးတည်းပဲ ပြန်ဖြေခဲ့သည်။

"ကြိုးစားမလုပ်နဲ့" တဲ့။

ယခုလည်း သူတို့အားလုံး ကြိုးစားသရုပ်ဆောင်နေကြသည်မျိုး မဟုတ်။ ဘဝထဲတွင် တကယ်ဖြစ်နေသလိုမျိုးပင် ဖြစ်သည်။

ကျွန်တော် ဤဇာတ်ကားကို ရွေးချယ်ရေးသားရခြင်းအကြောင်းမှာ ကမ္ဘာတည်သရွေ့ ရှိနေဦးမည့် လူတန်းစားအဟာအကွာ၊ ထိုလူတန်းစားအတွေးအမြင်၊ စရိုက်လက္ခဏာများကို အဓိကထားပြီး ရေးသားရိုက်ကူးထားသဖြင့်ပင် ဖြစ်ပါသည်။ သည့်အပြင် စာရေးဆရာသည် ဆင်းရဲသားမိသားစုတစ်ခု၏ စင်ကြယ်မှု၊ သန့်ရှင်းရိုးသားမှု၊ တရားမျှတစွာ တွေးခေါ်တတ်မှုများကို အလေးထားရေးသားခဲ့၍ ဖြစ်ပါသည်။

**မောင်အိမ်စံ**

**ယခုလအညွှန်း**

၁။ မာယာများတဲ့ ကောင်းကင်

၂။ မြူခိုးလွှင်ပြင်

၃။ လှောင်ချိုင့်

၄။ မြင်းမိုရ်ကမ်းပါး




## ဘွန်ဘွန့်ကို အားမကျကြဘူးလားဟင်

ညက်ညက်သူငယ်ချင်းတစ်ယောက်က အစားအသောက်အလွန်သောင်းကျန်းပါတယ်။ သူ့အစားအသောက်သောင်းကျန်းသလို သူ့ပတ်ဝန်းကျင်ကလူတွေကိုလည်း အင်မတန် သဒ္ဓါတရားကောင်းပါတယ်။ သူ့နားသွားရင်တော့ တစ်ခုခုစားသောက်ပြီးမှ ပြန်ရတာချည်းပါပဲ။ အလှူအတန်းလုပ်တယ်ဆိုလည်း သူက သူများ အလှူနည်းတဲ့ မိဘမဲ့ကျောင်းတွေလို ဆင်းရဲသား ရပ်ကွက်တွေလို အဲ့လိုနေရာတွေမှာ အစား အသောက်အကောင်းစားတွေကို သွားသွား ကျွေး တတ်ပါတယ်။ တစ်နေ့တော့ သူက မခံချိမခံသာ ပုံနဲ့ ညက်ညက်နားကို ရောက်လာပြီး ညက်ညက် ကို မိဒီယာသမားဆိုတာလည်း သိတော့ လေသံ တင်းတင်းနဲ့ အခုလိုပြောပါတယ်။ 'နင်တို့တွေက အနုပညာသမားတွေနဲ့ ဒီလောက်နီးစပ်နေတာ ပြောလိုက်စမ်းပါ။ ဖောင်ဒေးရှင်းတွေ ထောင် တာလည်းထောင်ပါ၊ ရေရှည်အကျိုးလုပ်တာလည်း လုပ်ပါ၊ တကယ့်အနီးကပ်ပြဿနာကိုလည်း အမေရိကန်က ရောန့်ဂီတအဆိုတော်ကြီး ဘွန်ဂျိုဗီလိုလည်း ဖြေရှင်းကြဖို့ တိုက်တွန်းစမ်းပါ' လို့ ဆိုပါတယ်။ ညက်ညက်လည်း သူပြောမှ စဉ်းစားကြည့်တယ်။ ဟုတ်သားပဲ ဘွန်ဂျိုဗီက Pay what you can ဆိုပြီး သူ့မွေးရပ်မြေမှာ စားသောက်ဆိုင်ဖွင့်လိုက်တယ်လေ။ နာမည် အတိုင်းပဲ ကြိုက်တဲ့လူ လာစား၊ ပေးနိုင်သလောက် ပေးသွား၊ မပေးနိုင်လည်း ဘာမှမပြောဘူး၊ လူတန်းစားမရွေးဘူး၊ မပေးနိုင်လို့ ဆိုင်ကအလုပ် ကို ဝင်လုပ်နိုင်ရင်လုပ်သွား၊ လုပ်အားဒါနပေါ့။ ဆိုင်မှာကတော့ အစားအသောက်တွေက ရှယ် တွေချည်းပဲတဲ့လေ။ ဘယ်လောက်စေတနာ ကောင်းလိုက်လဲ။ အေးပေါ့လေ ကမ္ဘာ့အချမ်းသာ ဆုံးဘီလျံနာကြီးဆိုတော့လည်း ဒီလိုဆိုင်ဖွင့်နိုင် မှာပေါ့။ ညက်ညက်ကတော့ သူငယ်ချင်း အားပေး စကားကြောင့် ခန့်စည်သူကိုပဲ Pay what you can နိုင်းရတော့မလိုလို၊ ရဲတိုက်ကိုပဲ နှိုးဆော် ရမလို ဇဝေဇဝါ။ တကယ်တမ်း အနုပညာရှင်တွေက ဒီလိုဆိုင်ဖွင့်မယ်ဆိုလည်း ယူကန်(you can) မှာ မကာန်နိုင်တဲ့သူတွေက များနေမယ်ဆိုရင် ဘယ်လို လုပ်ကြမလဲရို့ (ကိုယ့်ပရိသတ်အကြောင်း ကိုယ်သိနေတယ်နော်)။

# မရေးမကောင်း ရေးမကောင်း

ညီညီညာညာညက်ညက်ညောညော

Asian Fame Media Group



## မြန်မာတွေ တော်တော် တော်တာပဲ

ညီညီတို့အိမ်ဘေးမှာ ချစ်စရာကောင်းတဲ့ ကလေးမလေးတစ်ဦး ရှိပါတယ်။ သူကလေးက ကြီးလာရင် ဘာဖြစ်မယ်တော့ မသိဘူး၊ ဒီအရွယ်လေးနဲ့ ဗီဒီယိုတွေ ရုပ်ရှင်တွေတော့ အတော့်ကို ကြိုက်တဲ့ကလေးမပါ။ ကြည့်ထားတဲ့ ဇာတ်လမ်းကို လည်း ချက်နဲ့လက်နဲ့ ကျကျနနပြန် ပြောတတ်ပါ တယ်။ အရွယ်လေးကသာ ခြောက်နှစ်ခုနစ်နှစ်ဆို တယ် အထက်ကျူးတယ်ပဲ ပြောရမှာပေါ့။ ညီညီ လည်း အားတဲ့အချိန် သူလာလည် တာနဲ့တိုက်ဆိုင် ရင် သူ့အကြိုက်လိုက်ပြီး သူပြော ပြတဲ့ဇာတ်လမ်း တွေ နားထောင်ဖြစ်တယ်။ စိတ်လို လက်ရရှိရင် လည်း ဇာတ်လမ်းလေးဘာလေး အတူကြည့်ဖြစ် သပေါ့။ တစ်နေ့တော့ ကလေးလာ လည်တုန်း ညီညီက တီဗီချန်နယ်လ်ကလာတဲ့ ကုလားကား တစ်ကားကို ကြည့်နေမိပါတယ်။ သူလေးကလည်း ဘေးနားမှာထိုင်ပြီး စူးစူးစိုက်စိုက်ကြည့်နေရင်းနဲ့ ဇာတ်ကောင်တွေ ဘာလုပ်တော့မယ် ညာလုပ်တော့မယ်ဆိုတာကို ကြိုကြိုပြောနေပြီး ဘယ်သူက ဘာဖြစ်တော့မှာပါ ပြောပြနေတာမို့ ညီညီက လည်း သမီးကြည့်ပြီးသားလားလို့ ဘာရယ်မဟုတ် မေးလိုက်မိတာပေါ့။ ကလေးပြန်ဖြေလိုက်တဲ့ စကားကတော့ တကယ့် ဂန္ထဝင်ပါပဲ ပရိသတ်ရေ၊ 'ဒီကုလားကား သမီး မကြည့်ဖူးပါဘူး၊ သမီးကြည့် ဖူးတာ မြန်မာကား၊ အဲ့ကားမှာ ဝတ်စုံရွေ့ရည် အရမ်းသရုပ်ဆောင် ကောင်းတာ၊ အရမ်းချစ်ဖို့ ကောင်းတာပဲ၊ အဲ့ဦး. . သမီးတို့ မြန်မာတွေ အရမ်းတော်တယ်နော်၊ သမီးတို့ ရိုက်လိုက်တာနဲ့ သူတို့ နိုင်ငံခြားသားတွေက လိုက်လိုက်ပြီး အတူမိုးရိုက်ကြတော့တာပဲ၊ နောက်ဆို သူတို့ မမီချရဲအောင် တိတ်တိတ်လေး ရိုက်မှရမယ် ထင်တယ်နော်'တဲ့လေ။ ကဲ ပရိသတ်ရေ ညီညီ နေရာမှာ ပရိသတ်ဆိုရင်ရော ကလေးကို ဘယ်လို ရှင်းပြမလဲ။ ဟို လူရှင်တော်ကြီးပြောသလို ဟုတ်သလောက်တော့ ပြောပါလေ့စေလို့ ထားလိုက်ရ မလားဗျာ။




## ဖျက် ဖျက်လိုက်ပါ

ဒီဇင်ဘာနှစ်ဆယ့်တစ် ကမ္ဘာကြီးပျက်တော့ မယ်တဲ့။ မာယာလူမျိုးတွေက သူတို့ပြက္ခဒိန် တောင် ထည့်မဆွဲခဲ့ကြပါဘူးဆိုပဲ၊ တချို့ကတော့ သေချာပေါက်ပျက်မှာ၊ တချို့ကတော့ ပျက် တာထက်ဆိုးတဲ့ ဘာအဖိုင်အခဲကြီးဆိုလား ကမ္ဘာ ကြီးရဲ့တစ်နေရာ ကိုလာမှန်မှာ၊ တချို့ကတော့ ကမ္ဘာပျက်သလို ဒုက္ခဆင်းရဲတွေ ခံရမှာ။ ဖိုး. . . မျိုးစုံ ကြိုးနှန်ပြောနေကြတာပါပဲ။ ညက်ညက် ကတော့ သတင်းသမားပီပီ ရပ်ကွက်ထဲမှာ ကမ္ဘာ ပျက်ရင် ဘယ်လိုလုပ်မလဲဆိုတဲ့ ကိစ္စနည်းနာ ကြည့်လိုက်တာ အသံတွေက အရွယ်အစား အလိုက် ဘဝအနေအထားအလိုက် မျိုးစုံထွက်လာ တော့တာပါပဲ၊ ဆယ်တန်းကျောင်းသား-'ပျက်မယ် ဆိုလည်း ဆယ်တန်းမပြေခင် မြန်မြန် ပျက်လိုက် ရင် အေး ရောဗျာ၊ စာမေးပွဲဖြေစရာ မလိုတော့ ဘူး'။ အိမ်ငှားနေသူ - ' ဟယ် အိမ်ငှား စာချုပ် ပြည့်တော့ မယ်၊ မပြည့်ခင် ပျက်လိုက်စမ်းပါ ဟယ်'။ ကုမ္ပဏီ ဝန်ထမ်း -' လစာလည်းမတိုးဘူး။ ဒီအတိုင်းလည်း မလောက်ဘူး၊ ကမ္ဘာပျက်လည်း ဝမ်းနည်းစရာကို မရှိတာ'။ ဈေးရောင်းသူ - ' အမယ်လေး ဆိုင်ဖွင့်နေရတာ သရဲခြောက်မှာ တောင် ကြောက်ရတယ် တစ်နေ့တစ်နေ့ကျိုးနဲ့ ဖုတ်ဖုတ်. . ကမ္ဘာပျက်မှပဲ ဆိုင်ရှေ့ လူစည်တာ မြင်ရဦးမယ် '။ အစိုးရဝန်ထမ်း -' နှစ်ဆယ့်တစ် ပျက်မယ်ကြားတာလား လခလေးတောင် မထုတ်ရ တော့ဘူးပေါ့၊ ဒါပေမဲ့လည်း မထူးပါဘူး ။ နောက် ထပ်ကမ္ဘာသစ်မှာ ဝန်ထမ်းလစာ ကောင်းရင် ကောင်းမှာ'။ သံဃာတော် - ' ဟုတ်လား. . မီး တွေ ဘာတွေလောင်ဦးမှာလား '။ အရှေ့- ' ပျက် ပျက် . . ပျက်လိုက်ပါ၊ လူကြီးတွေလည်းပါ. . . နောင်နှစ်ခါလည်း ဒီနှစ်လိုပဲ စိတ်ညစ်ရဦးမှာ'ဆို ပြီး သကြီန်သီချင်း ဖျက်ဆိုလို့ ကော့နေအောင် ထွက်သွားပါတယ်။ ဟုတ်ကဲ့ ရပ်ကွက်ထဲက အသံ များပါရှင်၊ ကျွန်မ ခင်ခင်ညက်ပါ။

FUNNY PHOTO









ကျွန်မက ဒန့်သလွန်သီးပါမောင်

# FUNNY PHOTO













ခုတလော စာနယ်ဇင်းတွေထဲမှာ ဇာတ်ကားရိုက်ကူးရေးတစ်ခုနဲ့ ပတ်သက်ပြီး ဒါရိုက်တာ မင်းသမီးနဲ့ စာရေးဆရာ တော်တော်လေး ပြောစရာ ဆိုစရာလေးတွေဖြစ်နေပါတယ်။ ဘာတဲ့။ မင်းသားကို မင်းသမီးက နမ်းရမယ့်အခန်းပါလို့ မင်းသမီးက မရိုက်ဘူးဆိုလားဘာလား။ ဒါရိုက်တာကလည်း ပဲဆီ၊ နှမ်းဆီ ဟုတ်ပါဘူး ဆက်ဆီဖြစ်အောင် မရိုက်ပါဘူးဆိုလား။ ဒီအခြေအတင်ကိစ္စမှာ မင်းသမီးလေးကို ဘာရာဇိုးလုပ်တဲ့သူက လုပ်၊ ဒါရိုက်တာကို ဘာရာဇိုးလုပ်တဲ့သူက လုပ်ပေါ့။ ဒါက သူတို့ အနုပညာရှင်တွေအပိုင်း ပြဿနာမရှိပါဘူး။ ပြဿနာရှိနေတာက ရုပ်ကွက်ထဲက ဒွန့်တလွန်စိန်လေးတွေဖြစ်နေကြတဲ့ကိစ္စပါ။ သူတို့က ဒီသတင်းကို ဂျာနယ်တွေထဲမှာလည်း ဖတ်ရရော ဖတ်သောဖတ်သတ်တွေဖြစ်ကုန်ကြပြီး ဒါဆိုလည်း ဟိုမင်းသမီးက ဒီဇာတ်ဝင် ခန်းမရိုက်ဘူးဆိုရင် မင်းသမီးအသစ်တင်လိုက်ပါလားဟယ်၊ လျှောက်လွှာခေါ်ရင် ငါရှေ့ဆုံးက လျှောက်မှာပေါ့တို့၊ ဟယ် လူစားထိုးပေးမယ်လေ အက်တာကြေးလည်း မယူပါဘူးဆိုတာတွေ ဖြစ်ကုန်ကြပါလေရော။ သူတို့က အနုပညာကို တအား ခံစားပြီး မင်းသားကို သေလုမြောပါး ကြိုက်နေကြတဲ့ ကဲကဲသဲသဲလေးတွေပေါ့။ ဒီအခြေအနေတွေကို ကြားနေမြင်နေရတဲ့ ညောညောတာတော့ ဘယ်လိုတွေးမိလဲဆိုတော့ ဒီလို ဒွန့်တလွန်စိန်လေးတွေကို ပိုက်ဆံထုတ် ကိုယ်တိုင်ဒါရိုက်တာလုပ်ပြီး "ကျွန်မက ဒန့်သလွန်သီးပါမောင်"ဆိုတဲ့ ကားလေးရိုက်ရရင် ကောင်းမလားလို့။ မင်းသမီးကိုလည်း အသစ်တင်မယ်၊ လျှောက်လွှာခေါ်မယ်။ လျှောက်လွှာတစ်စောင် ဘယ်လောက်ဆိုပြီး ကြေးတင်လိုက်ရင် ဘာပြောကောင်းမလဲ လာလျှောက်မယ့် ဒန့်သလွန်သီးတွေ ဒုတ်နဲ့ရိုက်ချရမယ် အဟုတ် အဟုတ်။

# FUNNY PHOTO


















**အံ့ရော အံ့ရော**

တစ်နေ့လားဆိုက ညာညာတစ်ယောက် သီချင်းဗီစီဒီရိုက်နေတဲ့ သူငယ်ချင်းဒါရိုက်တာတစ်ယောက်ရဲ့ရိုက်ကွင်းကို ရောက်သွားတဲ့အချိန် ဆယ့်နှစ်ကြိုးမလေးတွေ ကြိုးချင်းငြိ ပညာချင်း ပြိုင်နေတာမြင်ရတော့ ရယ်ချင်မိသဗျ။ တစ်ယောက်က ကလေးမျက်နှာလေးနဲ့ ပရိသတ်ရဲ့အချစ်ကို အသံလိုင်းရော အရုပ်လိုင်းမှာပါ အောင်မြင်မှုရနေတဲ့ ဆယ့်နှစ်ကြိုးမလေး။ နောက်တစ်ယောက်က သူ့ချစ်သူနဲ့ အခုတွဲလိုက် အခုကွဲလိုက် ချစ်တယ် မုန်းတယ်လုပ်နေတဲ့ အသံပိုင်းမှာ အောင်မြင်နေတဲ့ ကြိုးကလေး။ ဒါရိုက်တာက သူတို့နှစ်ယောက် အဝတ်အစား လဲပြီးချိန်လောက်မှန်းပြီး ရိုက်မယ်လာပါလို့လည်း အော်လိုက်ရော နှစ်ယောက်သားအလှတွေပြိုင်ပြီး ထွက်လာကြလေသတည်းပေါ့။ ဒီမှာတင် ကလေးမျက်နှာနဲ့ ဆယ့်နှစ်ကြိုးလေးက ချစ်တယ် မုန်းတယ် ဆယ့်နှစ်ကြိုးလေးဝတ်လာတဲ့အရောင်ကို ကြည့်ပြီး 'ဟယ် ဒီအရောင်က ညလေးနဲ့ သိပ်မလိုက်ဘူး၊ ပြန်လဲလိုက်ပါလား' လို့စပြောတော့တာပဲ၊ အပြောခံရတဲ့ တစ်ယောက်က ဝါနုသေးတော့ ချက်ချင်းယုံစားပြီး ဟုတ်လား ပြန်လဲလိုက်မယ် ကျေးဇူးပေါ့နော်။ ဒီမှာတင် မိတ်ကပ်ပြင်ပေးတဲ့ မာမီက သူ့ရဲ့ဝါနုသမီးတော်ကို လက်ကုတ်ခေါ်သွားပြီး 'သူပြောတိုင်း ယုံစရာလား ၊ ဒီလောက် လှနေတာကို၊ အဲဒါ သူနဲ့အရောင်တူနေလို့ တမင်ပြန်လဲခိုင်းတာ၊ မလဲနဲ့'ဆိုပြီး ပြောပါလေရော။ ဒီမှာတင် ချစ်တယ် မုန်းတယ်လေးကလည်း ကော့ကော့နဲ့ပြန်ထွက်လာပြီး 'လဲဘူး လဲဘူး တို့နဲ့ လှတယ်' လို့လည်းပြောလိုက်ရော ဟို မမချောလေးက နင်မလဲရင် ငါလဲမယ်ဟယ်ဆိုတဲ့အချိုးနဲ့ အဝတ်အစားလဲခန်းကို ဆောင့်ဆောင့်နဲ့ ထွက်သွားပါလေရောဗျာ။ ညာညာလည်း သူငယ်ချင်း ဒါရိုက်တာကို ကိုယ်ချင်းစာစိတ်နဲ့ 'ငြိနေပြီနော် သယ်ချင်း မင်းအရုပ်တွေ ကောင်းပါဦးမလား' ဆိုတော့ သယ်ချင်းက ရယ်တယ်။ ကြည့်လိုက်ပါဦးကွာတဲ့။ အဟုတ်ဗျာ . . အဝတ်လဲပြီးတော့ ဖိုက်ဖိုးသရီးတူးဝမ်း အက်ရှင်ဆိုတာနဲ့ နှစ်ယောက်သားချစ်လိုက်ကြတာ ပြုံးလို့လုံးနေတာပဲ။ ဟော ကတ်လို့လည်း အော်လိုက်ရော မျက်နှာပုပ်တွေနဲ့ ချာခနဲ လှည့်ထွက်သွားကြတာများ အံ့ရော အံ့ရော။

# Yati HOROSCOPE

## ဒေါက်တာမြတ်သစ် (မန္တလေး)

### ကုမ်ရာသီ




(ဇန်နဝါရီ ၂၂ မှ ဖေဖော်ဝါရီ ၁၈ ကြား မွေးဖွားသူများ)

သင့်အတွက် အလုပ်သစ်အခြေအနေ ပေးလာမည်။ ခရီးယာယီများစေလိမ့်မည်။ ပြိုင်ဆိုင်မှု ပြင်းထန်နိုင်၍ သတိထားသင့်ပေသည်။ ငွေကြေးကျန်ရရန် စောင့်ရမည်။ အဆောက်အဦအသစ်ဝင်ရန် မြင်သည်။ မထင်ထားသူမှ ရန်ရှာလိမ့်မည်။ လူသစ်ထပ်မံ မွေးမြူရတတ်သည်။ အချစ်ရေး ကံကောင်းမည်။ အိမ်ထောင်ရှင်တို့ ပျော်ရွှင်မှုနည်းစေလိမ့်မည်။ သားသမီးပညာရေး ကောင်းမွန်မည်။

**ယတြာ။ ။နဂါးမောက်သီး လှူပါ။**

### မိန်ရာသီ



(ဖေဖော်ဝါရီ ၁၉ မှ မတ် ၂၀ ကြားမွေးဖွားသူများ)

သင့်အတွက် အလုပ်အကိုင်သစ် အကျိုးရှိစွာဝင်မည်။ အကြံဉာဏ်ကောင်း ပေးရတတ်ပေသည်။ ငွေဝင်ကောင်းစေမည်။ လျှို့ဝှက် အလုပ် အကျိုးရှိမည်။ ကျန်းမာရေး သတိပြုပါ။ ပညာရေးအထူးကောင်းမွန်စေတတ်ပေသည်။ ခရီးရှည်သွားခြင်း အကျိုးရှိနိုင်ပေသည်။ အမှုအခင်း ပေါင်း အနိုင်ရရှိစေတတ်သည်။ ဆေးဝါးမှား၍ ဂရုစိုက်သင့်ပေသည်။ အုပ်စုဖွဲ့ ကြိုးစားမှုအဆင်ပြေပါလိမ့်မည်။ အချစ်ရေး - ပျော်ရွှင်ရတတ်သည်။

**ယတြာ။ ။ထီးဖြူ၃လက်လှူပါ။**

### မိဿရာသီ





(မတ် ၂၀ မှ ဧပြီ ၂၀ ကြား မွေးဖွားသူများ)

သင့်အတွက် အရောင်းအဝယ်အခြေအနေကောင်းကို ရရှိခံစားရလိမ့်မည်။ အဆက်အသွယ်ကောင်းများ ဆက်တိုက်ရရှိစေမည်။ ငွေဝင်အထူးကောင်းစေတတ်ပေသည်။ လုပဒေသာ အစိုးတန်ပစ္စည်းကောင်း လက်ဆောင်ရတတ်သည်။ ပညာရေးအခြေအနေကောင်း ရောက်ရှိလာသည်။ ခရီးဝေးသွားစီစဉ်ထားမှု အဆင်ပြေပါလိမ့်မည်။ အချစ်ရေး ပျော်ရွှင်မှုရရှိစေတတ်သည်။ အိမ်ထောင်ရေး - တိတ်တိတ်ပုန်းကိစ္စများ သတိထားသင့်ပေသည်။ စိန် အကျိုးပေးမည်။ စားသောက်ကုန်လုပ်ငန်း၊ အချိုရည်လုပ်ငန်း များ အောင်မြင်မည်။

**ယတြာ။ ။ဆပ်ပြာလှူပါ။**

### ပြိဿရာသီ




(ဧပြီ၂၀ မှ မေ ၂၀ ကြား မွေးဖွားသူများ)

သင့်အတွက် ကိုယ့်အပေါ်မနာလို ဒုက္ခပေးသူများနှင့် တွဲ၍လုပ်ကိုင်ရတတ်၊ အုပ်ချုပ်ရလိမ့်မည်။ လူအများ၏ လေးစားမှုပြန်လည် ရရှိလာစေတတ်သည်။ ပညာရေးအခြေအနေ အထူးကောင်းမွန် ကံကောင်း ပေလိမ့်မည်။ ကလေးငယ်အတွက် စိတ်တိုင်းကျလုထားရန် ခက်ခဲတွေ့စေမည်။ လုပ်ငန်းသစ်စီစဉ်မှု အဆင်ပြေချောမွေ့လိမ့်မည်။ မြေအဆောက်အဦနှင့် ပတ်သက်၍ ငွေဝင်ကောင်းစေတတ်သည်။ ထိထိုးသင့်သည်။ လုပ်ငန်းတချို့ကို အိမ်ထောင်ဘက်မှ ကူညီပေးလိမ့်မည်။ အချစ်ရေး ပျော်ရွှင်မှုတွေ့ဆုံသော ရရှိလိမ့်မည်။ မိခင်၊ အဘွား ကျန်းမာရေးဂရုစိုက်သင့်သည်။

**ယတြာ။ ။ဖယောင်းတိုင်များ ကုသိုလ်ပြုပါ။**

af MEDIA GROUP
Asian Fame Media Group

# Yati HOROSCOPE

## မေထုန်ရာသီ




(မေ ၂၂ မှ ဇွန် ၂၁ ကြား မွေးဖွားသူများ)

သင့်အတွက် ကြိုးစားမှုအသီးအပွင့်ကို ထိုက်တန်စွာ
မခံစားရသေး၊ လိုအပ်ချက်များရှိနေဆဲပင်
ဖြစ်ပေလိမ့်မည်။ အတိုက်အခိုက်နှင့် နာမည်ဖျက်သူများ
ပေါ်များတတ်၍ သတိထားသင့်ပေသည်။
လူသစ် လူငယ်များနှင့် တွဲမှုသတိပြုသင့်သည်။
ပညာရေး - ထူးချွန်မှုရှိလိမ့်မည်။ နေရာ၊ မြေ
အမွေပြဿနာ မပြီးပြတ်သေး သတိပြုပါ။
အချစ်ရေး - ကံကောင်းအဆင်ပြေလာစေတတ်ပေသည်။
ခရီးဝေးသွားလာမှု သတိပြုပါ။
သားသမီးကျန်းမာရေး ညှဉ်းစေတတ်သည်။
**ယတြာ။ ။ ထီးအဖြူ လက်လှူပါ။**

## ကရကဋ်ရာသီ




(ဇွန် ၂၂ မှ ဇူလိုင် ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် လုပ်ငန်းတွင်းပြန်လည်အဆင်ပြေ
လာရုံသာမက ဩဇာအရှိန်အဝါရှိလာပေလိမ့်မည်။
အလှူအတန်းကိစ္စ အဆင်ပြေမည်။
အလုပ်၊ အိမ်၊ မြို့ ဒေသ ပြောင်းလဲခြင်းကြုံစေ
တတ်ပေသည်။ သဘာဝဘေးအန္တရာယ် မြေလျောင်ကို
ဖေဖော်ဝါရီ ၁၈ ရက်နောက်ပိုင်း ၂၈ ရက်အတွင်း
သတိပြုပါ။ ကလေးငယ်များကို အထူးဂရုစိုက်ပါ။
ပညာရေး အောင်မြင်မည်။ အချစ်ရေး -
ပျော်ရွှင်လန်းဆန်းမှုရမည်။ အမှတ်တရပစ္စည်း
လက်ခံရတတ်သည်။
**ယတြာ။ ။ ခြေအိတ် လှူပေးပါ။**

## သိဟ်ရာသီ




(ဇူလိုင် ၂၃ မှ ဩဂုတ် ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် အလုပ်အကိုင်ဂရုစိုက် လုပ်သင့်သလိုပင်
အပြောအဆိုပါ သတိထားသင့်ပေသည်။
အိမ်ထောင်ဖက် အထိအခိုက် ကြုံတတ်၏။
ပညာရေး မပေါ့ဆနှင့်၊ စကားမများနှင့်၊
ပိုကြိုးစားသင့်ပေသည်။ မင်းမှုထမ်းတို့ နေရာကောင်းပြောင်း၊
ရာထူးတိုး လာကောင်းရရှိခြင်း ကြုံ လာစေတတ်ပေသည်။
အချစ်ရေး - စိတ်ရှုပ်ထွေးစရာများ ရင်ဆိုင်ရတတ်သည်။
ငွေပစ္စည်းပျောက်ရှကြုံမည်။ ငယ်ရွယ်သော
အိမ်ထောင်ရှင်တို့ အကွဲအတတ်လမ်းခင်းရတတ်သည်။
**ယတြာ။ ။ ဘုရားတွင် အနီရောင်ပိုးလုံးထွန်းလှူပါ။**


## ကန်ရာသီ




(ဩဂုတ် ၂၃ မှ စက်တင်ဘာ ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် ငွေကို ပင်ပန်းစက်ခဲစွာရရှိအောင် ကြိုးစား
ယူရတတ်သည်။ ရောင်းမစွံသောအရာတချို့
အဆက်အသွယ်ကောင်းရရှိ၍ ပျော်ရွှင်ရတတ်ပေသည်။
ကြွေးငွေကိစ္စ စကားပြောရမည်။ လက်ရှိအတိုင်း
အလုပ်ဆက်သွားသင့်ပြီး အသစ်သောစီးပွားအစီအစဉ်တို့
မစသင့်သေးပါ။ ကုသိုလ်ရေးအမှိဌာန် ထူးခြားစွာ
ဝင်ရတတ်ပေသည်။ ပညာရေး - အခြေအနေကောင်း၏။
သင်တန်းတက်ခြင်း၊ ပြည်ပခရီးသွားရောက်ရခြင်း
ရှိလာတတ်ပေသည်။ အချစ်ရေး ပျော်ရွှင်ရလိမ့်မည်။
လက်ဆောင်လှလှ မိမိမှ ပေးရတတ်သည်။
**ယတြာ။ ။ စာအုပ်လှလှပေးပါ။**

Asian Fame Media Group
MEDIA GROUP




## တူရာသီ

(စက်တင်ဘာ ၂၃ မှ အောက်တိုဘာ ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် အနေအထိုင်မှန်ကန်ခြင်း အကျိုးကို ခံစားရတတ်ပေသည်။ ရာထူးမတိုးသော်လည်း လစာတိုးခြင်းရှိလာတတ်သည်။ သို့သော် မိသားစုအချင်းချင်း စီးပွားရေးကိစ္စ စကားများရတတ်သည်။ ပညာရေးတိုးတက်မှုရှိမည်။ အိမ်ထောင်ရေးကိစ္စ စဉ်းစားမိတိုင်း ဒေါသ ဖြစ်ရတတ်ပေသည်။ ငွေချေးငှားရန် မလွယ် စိတ်ညစ်ရလိမ့်မည်။ အချစ်ရေး ကံကောင်းခြင်း ဝေးနေတတ်သည်။ ပြည်ပစရီး အထူးကောင်းပေသည်။

**ယတြာ။ ။မွေးနံဘုရားတွင် အမွှေးတိုင် ၉ တိုင် ထွန်းလှူပါ။**




## ဗြိစ္ဆာရာသီ

(အောက်တိုဘာ ၂၃ မှ နိုဝင်ဘာ ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် ငွေအကုန်အကျကြီးမားစွာ တွေ့ရတတ်သည်။ လှုလိမ်ညာ ကြုံလာတတ်၍ ဂရုစိုက်သင့်သည်။ မြေ၊ ခြံနှင့်ပတ်သက် ၍ အရောင်းအဝယ် အမှားအယွင်းကို ရင်ဆိုင်ရတတ်ပေသည်။ ပညာရေး တိုးတက်မှု မရတတ်၍ ဆက်ကြိုးစားသင့်ပေသည်။ ကံကိုယုံ၍ မရနိုင်ပါ။ ဝီရိယ၊ ဉာဏ်ကို အဓိကထားပါ၊ အချစ်ရေး အမှားများကြောင့် ပေးဆပ်ရတတ်သည်။ ကားစီး သတိထားသင့်သည်။ စာချုပ်နှင့် ချေးငှားခြင်း ရှောင်ပါ။

**ယတြာ။ ။မွေးနံဘုရား ရေသပ္ပာယ်ပါ။**




## ဓနုရာသီ

(နိုဝင်ဘာ ၂၃ မှ ဒီဇင်ဘာ ၂၁ ကြား မွေးဖွားသူများ)

သင့်အတွက် လုပ်ငန်းထဲ အောင်မြင်နေမှုကြောင့်ပင် ပတ်ဝန်းကျင်၌ ဂုဏ်ရှိမည်၊ အရာရောက်လာစေတတ်သည်။ ဖြစ်ပေါ်လာ သော ပြဿနာများစွာကို ဖြေရှင်းနိုင်ပေလိမ့်မည်။ သားသမီးဆိုးကြောင့် ငွေကုန်စရာကိစ္စ ရင်ဆိုင်ရတတ်ပေသည်။ မထင်ထားသောသူမှ ကူညီပေး မည်။ အချစ်ရေး အဆင်ပြေပြီး ခရီးရှည်သွားရတတ်သည်၊ မြေ၊ တိုက်ခန်း နှင့်ပတ်သက်၍ အကျိုးရှိစေလိမ့်မည်။ အိမ်ထောင်ကျရန် အခြေအနေပေးမည်။

**ယတြာ။ ။ပန်ခွက်လှူပေးပါ။**




## မကာရရာသီ

(ဒီဇင်ဘာ ၂၂ မှ ဇန်နဝါရီ ၂၀ ကြား မွေးဖွားသူများ)

သင့်အတွက် သူများအထင်ကြီးသည့် အုပ်စုထဲတွင် ဆက်ရှိနေတတ်ပေသည်။ အများနှင့် အဆင်ပြေမည်။ ငွေဝင်သင့်ရုံရှိစေလိမ့်မည်။ ပညာရေး ကြိုးစားမှုအဆင်ပြေအောင်မြင်မှု ရရှိစေတတ်ပေသည်။ ငွေကိစ္စသတိထားသင့်သည်။ လက်မှတ်ထိုးထားသောကိစ္စ ပြဿနာရှင်းရလိမ့်မည်။ မိဘအပေါ် တာဝန်မဲ့တတ်သည်။ အချစ်ရေး ကံကောင်းစေလိမ့် မည်။ စကားပြောသင်တန်း တက်ရောက်မှုတို့ အဆင်ပြေစေလိမ့်မည်။

**ယတြာ။ ။ဇယောင်းတိုင်အနီ ၃ တိုင် ထွန်းလှူပါ။**

ဒေါက်တာမြတ်သစ် (မန္တလေး)၊ ဖုန်း-၀၂၇၃၇၉၄

Asian Fame Media Group
MEDIA GROUP

## Silver Tiger Luxury ကို စာနယ်ဇင်း မိတ်ဆက်ခြင်းနှင့် ကိုယ်စားလှယ်ပေးအပ်ခြင်း




နှစ်ပေါင်း ၁၀၀ ကျော် ကြာမြင့်စွာ တည်ရှိခဲ့ပြီဖြစ်ပြီး ကမ္ဘာ့နိုင်ငံအနှံ့ အပြားတွင် လူသိများ ထင်ရှားနေသော Schonbek နှင့် Swarovski ပစ္စည်းများဖြစ်သော ခရစ္စတယ်မီးပန်းဆိုင်းများနှင့် လက်ဝတ် ရတနာပစ္စည်းများအကြောင်း မိတ်ဆက်ပွဲကို ဇန်နဝါရီလ ၁၀ ရက်၊ ညနေ ၄ နာရီက ဆီဒိုးနားဟိုတယ် ၁၁ ထပ်ရှိ Executive Club တွင် ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် Silver Tiger ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာ ဒေါ်မာလာမြင့်က အဖွင့်နှုတ်ဆက်စကား ပြောကြားပြီး Swarovski & Lighting မှ ဒုဥက္ကဋ္ဌ Mr.David White က Schonbek နှင့် Swarovski ပစ္စည်းအကြောင်း မိတ်ဆက်ရှင်းလင်းကာ ပရိုဂျက်တာဖြင့် ပြသခဲ့သည်။ ထို့နောက် Silver Tiger ကုမ္ပဏီအား တစ်ဦးတည်းကိုယ်စားလှယ်ပေးအပ်ခြင်း သဘောတူ စာချုပ်ကို ဒေါ်မာလာမြင့်နှင့် Mr. David White တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။ Swarovski ခရစ္စတယ် မီးပန်းဆိုင်းများကို မြန်မာပြည်တွင်း ဟိုတယ်၊ ဌာနဆိုင်ရာများအတွက်သာမက တစ်ဦးချင်း နေအိမ်များတွင်ပါ အသုံးပြုနိုင်ရန်အတွက် ဈေးနှုန်းများသတ်မှတ်ပေးထားမည်ဖြစ်ကာ အာမခံသက်တမ်းနှင့် ဝယ်ယူခြင်း Certificate ပေးအပ်ထားမည်ဖြစ်ကြောင်း သိရသည်။



## ကျန်းမာရေး မဂ္ဂဇင်း၏ နှစ်သစ်ဦး အလှူမင်္ဂလာပွဲ

လစဉ်ထုတ်မဂ္ဂဇင်းတစ်အုပ်ဖြစ်သော ကျန်းမာရေးမဂ္ဂဇင်း၏ နှစ်သစ်ဦး အလှူမင်္ဂလာနှင့် စာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်ပွဲကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်၊ မွန်းလွဲ ၁ နာရီက စင်ထရယ်ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။ ကျန်းမာရေးမဂ္ဂဇင်းနှင့် ပရိသတ်တို့၏ စုပေါင်းလှူဒါန်းငွေ ၈ သိန်း ၄ သောင်းနှင့်အတူ ဒေါက်တာ ဦးမောင်မောင်မြင့်၊ ဒေါက်တာမိုးမိုးလင်းတို့၏လှူဒါန်းငွေ ကန်ဒေါ်လာ ၁၅၀၀ တို့ကို ကျန်းမာရေးမဂ္ဂဇင်း၏ အတိုင်ပင်ခံသမားတော်ကြီး ပါမောက္ခဒေါက်တာနေဝင်းက သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့ Day Care Centre သို့ ပေးအပ်လှူဒါန်းခဲ့ကြသည်။ ယင်းနောက် ကျန်းမာရေးမဂ္ဂဇင်းစာဖတ်ပရိသတ်များကို ကျေးဇူးတုံ့ပြန်သောအားဖြင့်လည်း New iPad များ ကံစမ်းမဲဖောက်ပေးခဲ့ကြောင်း သိရသည်။




## Eushido & Insin Professional Hair Care Series ကုမ္ပဏီဝန်ထမ်းများ၏ အပန်းဖြေခရီးစဉ်

Eushido & Insin Professional Hair Care Series များကို ဖြန့်ဖြူးရောင်းချနေသော RDC ကုမ္ပဏီလီမိတက်မှ ဝန်ထမ်းများ၏ အပန်းဖြေခရီးစဉ်ကို ကုမ္ပဏီဒါရိုက်တာများ၊ ဝန်ထမ်းဦးရေ တစ်ရာကျော်နှင့်အတူ အလက်ဘဝတ်ရည်မဂ္ဂဇင်းမှ ဒေါ်တူးတူးမြင့်သိန်းတို့ အတူတကွလိုက်ပါကာ ဒီဇင်ဘာလ ၁၅ ရက်နှင့် ၁၆ ရက်များက ချောင်းသာကမ်းခြေတွင် ကျင်းပခဲ့ကြသည်။ အဆိုပါ ခရီးစဉ်တွင် ကျောက်မောင်နှမကျွန်း၊ သဲဖြူကျွန်းများသို့ပါ သွားရောက်လည်ပတ်ခဲ့ကြပြီး မီးပုံပွဲကျင်းပကာ ဂိမ်းအစီအစဉ်များဖြင့် ပျော်ရွှင်စွာ ကျင်းပခဲ့ကြကြောင်း သိရသည်။

## Yanhee ဆေးရုံက ကြီးမှူးကျင်းပသော ကျန်းမာရေးဆိုင်ရာ ဆွေးနွေးပွဲ




ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှာ တည်ရှိသော Yanhee International Hospital က ကြီးမှူး ကျင်းပသည့် ကျန်းမာရေး ဆိုင်ရာ ဆွေးနွေးပွဲ တစ်ရပ်ကို ဇန်နဝါရီလ ၁၀ ရက် မွန်းလွဲ ၂ နာရီမှ ၄ နာရီ အထိ ဆီဒိုးနား ဟိုတယ်တွင်ကျင်းပ ပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် အဖွင့် အမှာစကားကို မြန်မာနိုင်ငံ ကိုယ်စားလှယ် ဒေါ်နုနုရီနှင့် Yanhee International Hospital ၏ International Service မန်နေဂျာ ဒေါက်တာနေပါ (Ismael E.Naypa) တို့က အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် Dr. Boonchai က သားဖွားမီးယပ်ဆိုင်ရာ ကုထုံးနှင့် စပ်လျဉ်းသော Laparoscopy Surgery အကြောင်း၊ Dr. Suthon Pisuttin-usart က နှလုံးရောဂါ အမျိုးမျိုးကို ကုသနည်း၊ ခွဲစိတ်နည်းများ အကြောင်း၊ Dr.Polowat Witoo-lkollachit က အရိုးအဆစ် ရောဂါ အစားထိုး ကုသမှုများအကြောင်းနှင့် Dr.Visut Savithayasiri က သားဖွား မီးယပ်နှင့် စပ်လျဉ်းသော မီးဖွားမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ အဆိုပါ Yanhee ဆေးရုံသည် ကျန်းမာရေးနှင့် အလှအပဆိုင်ရာ ခွဲစိတ်ကုသမှုများတွင် အနောက်နိုင်ငံ ဈေးနှုန်းများထက် သက်သာစွာဖြင့် ပြုလုပ်ပေးနေပြီး ကမ္ဘာအနှံ့အပြားမှ လာရောက် ကုသမှု စံနှုန်း အမြင့်မားဆုံးသော ဆေးရုံ တစ်ရုံလည်းဖြစ်ကြောင်း သိရသည်။

# ကဗျာရန့်တို့ ကြိုင်လှောက်ရာမြေ

**မိချမ်းဝေ**

## လွမ်းဆွတ်ကြေကွဲခြင်း ဒိုင်ယာရီ

အလွမ်း . . .

အလွမ်းကို 'အတိတ်ပုံရိပ်သို့ တမ်းမက်ညွတ်နူးခြင်းအာရုံ' ဟု ကျွန်မ အဓိပ္ပာယ်ဖွင့်ဆိုချင်သည်။ စိတ်နှလုံး နူးညံ့ပျော့ပြောင်းသူတို့ရင်၌ အလွမ်းသည် မက်မက်စက်စက် တမ်းလုံးညွတ်ဝေနေတတ်သည်။ သည်လိုဆိုလျှင် စိတ်မာတတ် မာကျောသူတို့မှာရော အလွမ်းတို့ မခိုတွယ်နိုင်ပြီလား။ သည်လိုလည်း မဟုတ်ပြန်ပါ။ စိတ်ကြမ်းလူကြမ်းသူတို့၌ အလွမ်းသည် ချွတ်နင်းဝင်ရောက်လာတတ်လေရာ သူတို့ကိုယ်သူတို့ လွမ်းလို့လွမ်းမှန်းပင် မသိ။ ကျွန်မအဖို့မူ မိမိကိုယ်တိုင် လွမ်းလက်စရှိနေလို့လား မသိ၊ သူတစ်ပါးတို့ အလွမ်းများလည်း ကျွန်မရင်သို့ အလွယ်တကူ ကူးလူးထုံပျံ့လာတတ်သည်၊ တစ်နည်းပြောရလျှင် အလွမ်းလက်တို့ မျက်ရည်စို့တတ်သူ။

ယခုလည်း အလွမ်းလက်တို့ ခံနေရပါပြီ၊


၂၀၁၂ နိုဝင်ဘာ ၁၂ ရက်နေ့ ဇန်းမော်မြို့ သုခဝတီ ကျောင်းဝင်းအတွင်း "ဆရာဇန်းမော်ညီနဲ့ ကွယ်လွန်ခြင်းအထိမ်းအမှတ်"ပွဲသို့ ဆရာမ ရွှေကူမေနှင်း၊ ဆရာမ ဒေဝီသန့်စင်နှင့် ကျွန်မတို့ ရောက်ရှိနေကြသည်၊ ဆရာဇန်းမော်ညီနှင့် ဆိုသည်နှင့် ကျွန်မ ရွံ့ခဲ့သော လက်ဖက်ရည်ကြမ်းပိုင်းကဗျာကလေးက အာရုံထဲ ပြေးဝင်လာသည်၊

'လရောင်ဆမ်း၍ ရွာလမ်းမြေမှာ ဝင်းဝင်းဝါ၏'

'ကုန်းထန်းပေလက် တမာရွက်တို့ ရွှေစက် ရွှေပြောက် ရွှေရည်သောက်၏'

'ရွာလယ် ပေါင်းကူးတံတားဦးမှ ဆိတ် ဖလူးနံ့ ရွာလုံးပြန့်၏'

အထက်တန်း ကျောင်းသုံး ကဗျာ စာအုပ်ကို သင်ကြားရစဉ် ငယ်နုစဉ်၌ပင် ဆရာ့ကဗျာများနှင့် ရင်းနှီးခဲ့ရသည်။ ယခု ဆရာ့ ဇာတိမြေ ဇန်းမော်မြို့ကို ရောက်ခဲ့ကြ ပြီ။ ဆရာ့ဇာတိမြေ ရောက်မှ ဆရာ့ကို ဆရာ့တပည့်သားမြေးတွေ ဘယ်လောက် ချစ်ခင်လေးစားကြတယ်ဆိုတာ လက်တွေ့ သိရတော့သည်၊ ဆရာကလည်း နယ်မြေဂုဏ်ကို ဆောင်ခဲ့သည်ကိုး။ ဆရာက ကဗျာဆရာ ဖြစ်သလို ကျောင်းဆရာလည်း ဖြစ်နေသေးသည်၊



၁၉၈၃ ခုနှစ် အထက်တန်းဆရာဘဝမှ ပင်စင်ယူပြီး အသက် ၈၆ နှစ်အထိ ကျောင်းသားသူငယ်များကို စာပေသင်ကြားပေးသည်ဟု သိရရာ ဆရာမှာ တပည့်သားမြေးပေါတာ မဆန်းတော့ပါ။ များပြားလှသည့် တပည့်သားမြေးတို့ ဝိုင်းဝန်း ချစ်ခင် လေးမြတ်ခြင်းကို ခံရသည်က ဆန်းပါသည်၊

ကျောင်းဆရာတိုင်း တပည့်တို့၏ ချစ်ခင် လေးမြတ်မှုကို မရနိုင်ပါ။ ဆရာဖိုးသမား၊ ဆရာ မသမားများအပေါ် တပည့်တို့ လေးမြတ်ခြင်း မရှိကြ၊ ဆရာကား ဆရာဂုဏ်ရည်နှင့် အတူနေထိုင်သွားသူဖြစ်သည်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဇန်းမော်မြို့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီမှ ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီး ၁၉၉၆ တွင် ဖမ်းဆီးထိန်းသိမ်းခံရသည်ဟု သိရသည်။ ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးတွင် ဝင်ရောက်ဆင်နွဲသဖြင့် ဒုတိယအကြိမ် သံဃာများနှင့်အတူ ထိန်းသိမ်းခံရပြန်သည်။

နောက်ပိုင်း ဆရာ့ကလောင်အား ပုံနှိပ်ဖော်ပြခွင့် ပိတ်ထားသည်မှာ နှစ်ပေါင်း ၂၀ ကြာသည်။ စာမျက်နှာများပေါ်မှာ ဆရာ့ကဗျာများ ဖတ်ခွင့် မကြုံတော့သော်လည်း နိုင်ငံခြားအသံလွှင့်လေလှိုင်းများမှတစ်ဆင့် ဆရာ့ကဗျာတွေ ကြားနေရသည်။ ဆရာကား လက်မြှောက်အရှုံးပေးတတ်သူ မဟုတ်။ ကဗျာတွေ စဉ်ဆက်မပြတ် ဆက်ရေးသည်။ ကဗျာပုဒ်ရေ ထောင်ကျော်၊ ဆောင်းပါးပုဒ်ရေ ရာကျော် ကျန်ရစ်ခဲ့သည်။

ဆရာသည် ဇန်းမော်မြို့အတွက် ဇန်းမော်ညီသူ၊ ဇန်းမော်ညီလေး၊ ချစ်ညို (ဇန်းမော်)၊ မောင်စံဝင်း (ဇန်းမော်)၊ စံဝ (ဇန်းမော်)၊ ဇန်းမော်ဇော်လှိုင်စသော မျိုးဆက်သစ်တွေကို ထားရစ်ခဲ့၏။ ဆရာမ ရွှေကူမေနှင်းသည်လည်း ဆရာ့တပည့်တစ်ဦးဖြစ်သည်။ ဆရာ့ကဗျာဝတ်ရည်မှ ဝတ်မှုန်တို့ ကြွပက်ဖိတ်စင်ရာ ဇာတိမြေသည် ကဗျာရနံ့တို့ သင်းပျံ့ကြိုင်လှောက်နေတော့၏။ ကွယ်လွန်ခြင်း (၃) နှစ်ပြည့် အခမ်းအနားတွင် ဆရာ့ကဗျာ ပေါင်းချုပ်စာအုပ်၊ ဆရာ့အကြောင်းကို တပည့်တို့ တလေးတမြတ် ရေးသားထားသည့်

အမှတ်တရစာအုပ်များ ရောင်းချသည်၊

ဖွင့်ပွဲတွင် သုခဝတီဆရာတော်မှ ဩဝါဒစကားပြောကြားပြီးသည်နှင့် ဆရာရေးစပ်ခဲ့သော မျိုးချစ်ထက်သန်ရေး သီချင်းများကို ဆရာ့တပည့်များက သီကျူးဂုဏ်ပြုကြသည်။

အလှူ့ပွဲ ကြွရောက်လာကြတဲ့ မေမေ . . မေမေ . . . ကျန်းမာချမ်းသာကြပါစေ . . . တဲ့။ ဆရာသည် ကဗျာသာမက သီချင်းစပ်လည်း ကောင်းသူပါလား။ နောက်ထပ် ဝတ်စုံတူညီဝတ် သမီးလေးခြောက်ယောက်ကလည်း လယ်တောသူယိမ်းအကနှင့် ကျေးလက်လူနေမှုဘဝကို သရုပ်ဖော်သွား၏။ ကျေးလက်ကို ချစ်သောဆရာ၊ ကျေးလက်ကဗျာတွေ သီဖွဲ့လေ့ရှိသော ဆရာ၊ ကျေးလက်သည် မြို့ပြ၏ အခြေခံဆိုသည်ကို ယုံကြည်သောဆရာ . . .

ထိုနေ့က ဆရာကြီး ဦးချစ်ညိုမှ "ဆရာ့တာဝန်ကျေခဲ့" အမှတ်တရစကား ပြောသည်၊ ဆရာကြီးဦးစံဝင်း (မောင်စံဝင်း-ဇန်းမော်) က ကဗျာရွတ်သည်၊ တောင်ကြားလွင်ပြင်တစ်နေရာတဲ့။ နောက်ထပ် ဆရာ့ကိုချစ်ခင်သော တပည့်များ တစ်ယောက်ပြီးတစ်ယောက် အမှတ်တရကဗျာတွေ ရွတ်ကြသည်။ ထိုနေ့က ကျွန်မတို့ကို ရင်မှတစ်ရှိုက် လွမ်းဒိုက်ချစ်ကြင်မှု ခံစားချက်တွေ ကူးလူးတုံ့ပြန်စေသည်က ဆရာ့မြေးဒေါက်တာထက်အောင်၏ 'အဘိုးရေ . . .' ဆိုသော ကဗျာဖြစ်သည်။

ဒေါက်တာထက်အောင်က ဆရာနှင့်အတူနေ လက်ပွန်းတတီး အနေနီး စာသင်ပေးခဲ့သော မြေးလည်းဖြစ်သည်။ မောင်ထက်အောင်လေး ၆ ဘာသာဂုဏ်ထူးရသည်မှာ ဆရာ့အားထုတ်မှုတွန်းအားလည်း တစ်စိတ်တစ်ပိုင်း ပါဝင်နေပေလိမ့်မည်။ မြေးသည် အဘိုးနှင့် တိုးတိုးပြောဖော်၊






ဖွင့်ပွင့်ရယ်ဖော် ဖြစ်ခဲ့လိမ့်မည်။ အဘိုး၏ လက်ကသုံးတောင်ဝေှး အားပြုရာ အဖော်ဖြစ်ခဲ့လိမ့်မည်။ အဘိုးနှင့် မြေးကြားမခြင်ရသော သံယောဇဉ်စွမ်းပကား လွမ်းပတ်မှုအာရုံသည် ထူထဲသိပ်သည်းခဲ့ပေလိမ့်မည်၊ အဘိုးကို လက်လွှတ်ဆုံးရှုံးလိုက်ရသည့်အတွက် မချိတင်ကဲ ဝေဒနာသည် မြေးရင်မှာ အနာကျက်သေးဟန် မတူ။ တိုဆတ်ပြတ်သားသည့် လင်္ကာနှုတ်ခမ်းတို့ တင်းတင်းစေ့ထားလေ့ရှိသော်လည်း အဘိုးအကြောင်း ပြောသည်နှင့် မျက်လုံးထဲမှာ မျက်ရည်တို့ ဝေ့သီလာလေ့ရှိသူ ဒေါက်တာ ထက်အောင် . . . .

အဘိုးရေ . . . ခုတော့
'ဘိုး' မှ မရှိတော့တာ
သူ ထားရစ်ခဲ့ပြီ။
ထိုင်ရာကနေ ရုတ်တရက်အထမှာ
တရေးမလို့ ကလောင်ကို
ကောက်လိုက်တဲ့ ခဏမှာ
မရှိတော့မှန်း သိရက်နဲ့
ရှိနေသလို တဒင်္ဂ
ခံစားလိုက်ရတယ်
အဲဒီခဏကလေးမှာ
တစ်ခုခုကို
လှမ်းပြောလိုက်တော့မလို့။
သူ . . . တစ်ခုခုကို
ပြန်ပြောလိမ့်မယ် ထင်မိလို့။
ချစ်ခြင်း
ချစ်သူ
အချစ်ခံရသူ။
ရနေတာတွေကို ရနေမှန်း မသိခဲ့
ပေးနေတာတွေကို ပေးနေမှန်း မသိခဲ့
ရှိနေတာကို မရှိတော့မှ သိခဲ့။
တကယ်တော့
သေကွဲအကြောင်း
နောက်ဆုံး သင်ခန်းစာ
သူ သင်ပေးသွားတာပါ။
ဈာပနမီးလျှံတွေ
ပြာမှုန်တွေ ဝဲပျံလို့
ပျောက်ကွယ်ကုန်ဆုံး၊ ဖုန်းဆိုးကုန်းမှာ
လူလုံးတောင် မကျန်ရစ်
ချန်ရစ်စရာ သူမရှိပြီ . . .
အဘိုးရေ . . .

. . . . . . . . . . . . . .

ဒေါက်တာထက်အောင်၏ အဘိုးသို့ ပြည်တမ်းသံ (မြားတံများ) ကျွန်မတို့ရင်မှာ အကြိမ်ကြိမ် ထိမှန်ခဲ့။ အလွမ်းလက်တို့ မျက်ရည်စို့ခဲ့သည့်နေ့၊ လွမ်းဆွတ်ကြေကွဲခြင်း ဒိုင်ယာရီစာမျက်နှာများ တဖျပ်ဖျပ်လွင့်နေဆဲ . . . ။

◆

**ဇန်းမော် . . . ဇန်းမော် . . . ဇန်းမော် . . .**

အကယ်စင်စစ် ဇန်းမော်မြို့သည်ကား ကျွန်မတို့နှင့်အဝေးကြီး ကချင်ပြည်နယ်အစပ်မှာ တည်ရှိနေသည်။ ဇန်းမော်နှင့် ပတ်သက်ယှက်နွယ်စေဖို့ အကြောင်းဖန်လာသူမှာ မမရွှေကူ မေနှင်း ဖြစ်သည်။ ပထမ မမဒေဝီသန့်စင်မှ ကျောက်မဲသို့ သွားကြမည်စီစဉ်ရာ ဇန်းမော်အဖွဲ့မှ ကျောက်မဲအထိ လာကြိုမည်စီစဉ်ပြီးမှ ကျောက်မဲရောက်ရှေ့ထားသဖြင့် ဇန်းမော် ဦးစားပေးဖြစ်သွားတော့၏၊ ဇန်းမော်ဆိုသည်နှင့် ဆရာဇန်းမော်ညိုနွဲ့ကို ပြေးမြင်ရာမှ ယခု ဆရာကွယ်

လွန်ခြင်း သုံးနှစ်ပြည့် အခမ်းအနား ကျင်းပမည် ဆိုတော့ စိတ်ဝင်စားစရာတွေနှင့် ပြည့်လျှမ်းနေတော့၏။

ကျွန်မနေသည့် ဇာတိမြို့မှာ သထုံဖြစ်ရာ ရန်ကုန် မော်လမြိုင်သွားရထားလမ်း၊ ကားလမ်းပေါ်တွင် တည်ရှိ၏။ ငယ်စဉ်ကလေးဘဝက မော်လမြိုင်ဆိုလျှင် ခရီးနီးသဖြင့် သိပ်မသွားချင်။ ခပ်ဝေးဝေး ရန်ကုန်သို့သာ သွားလိုခဲ့၏။ ဘူတာရုံဆင်းလျှင် လူတွေက ဘယ်သွားမလဲ နှုတ်ဆက်ပါက မော်လမြိုင်ဆို တိုးတိုးကလေးဖြေ၏၊ ရန်ကုန်သွားလျှင်မူ ကလေးသဘာဝ အကျယ်ကြီးဖြေ၏။ ကျွန်မ ယခုပင်လျှင် ဆရာမတို့ ဘယ်ကိုခရီးထွက်မလဲမေးလေသော် ဗန်းမော် - ဗန်းမော်ဟု ကျယ်လောင်စွာ ဖြေမိတော့သည်။ ဗန်းမော်ကား မရောက်ခင်ကပင် ကျွန်မရင်မှာ ကျယ်လောင်စွာ မြည်ဟိန်းညိုးညံနေပေပြီ။ ဆရာဗန်းမော်ညိုနဲ့အကြောင်းပြုပြီး ကျွန်မတို့ နှလုံးသားထဲ ဗန်းမော်အသွေးအသားတို့ စီးမျောစုန်ဆန်နေပေပြီ။ ထိုကျယ်လောင်စွာ မြည်ဟိန်းနေသော ဗန်းမော်သို့ ရောက်ရတော့မည်။

ခရီးစဉ်မှာ ရန်ကုန်မှ မူဆယ်၊ ထိုမှတစ်ဆင့် ဗန်းမော်သို့ ဖြစ်သည်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၈ ရက် အဝေးပြေးကားဂိတ်မှ မြတ်မန္တလာထွန်း ကားကြီးနှင့် ခရီးစတင်သည်။ နေပြည်တော်သို့လည်းကောင်း၊ မန္တလေးသို့လည်းကောင်း ကားလမ်းခရီးဖြင့် သွားလာဖူးသဖြင့် လမ်းခရီးအတွေ့အကြုံသည် ထူးထူးခြားခြား မရှိလှ၊ လမ်းခုလတ်ရပ်နားစခန်းများတွင် Feel စားသောက်ဆိုင်များမှာ နှစ်ကြိမ်နားနေ စားသောက်ရသည်မှတော့ အဆင်ပြေလှ၏။ သန့်ရှင်းသော အိမ်သာနှင့် သန့်ရှင်းသော စားသောက်ဖွယ်တို့မှာ ခရီးသွားတို့အဖို့ အရေးမကြီးသလိုနှင့် အရေးကြီးလှသော ကိစ္စရပ်တွေ ဖြစ်သည်၊ ထိုနှစ်မျိုးစလုံး အဆင်ပြေရန် စီစဉ်ထားပေးမှုများအတွက် Feel ၏ ဝန်ဆောင်မှုများအပေါ် ကျေးဇူးတင်ဖွယ် ကောင်းလှပေ၏။

"မန္တလေးကို ညနေ ၅ နာရီလောက် ဝင်မယ်၊ နားပြီး ကားပြန်ထွက်မယ်။ ည ၇ နာရီလောက်မှဆိုတော့ အချိန်တွေ အများကြီး ရှိသိမ့်ဦးမယ်"

အဖွဲ့ကို ဦးဆောင်သူ ဆရာမရွှေကူမေနှင်း (မမနှင်း) က ထင်မြင်ချက်ပေးထားသဖြင့် မန္တလေးရောက်လို့ ရေမိုးချိုးဖြစ်လျှင် ဝတ်စုံ တစ်စုံလဲလှယ်ရန် စိတ်ကူးထားလိုက်သည်။ ကျွန်မ ခရီးသွားလျှင် ရက်ကိုတွက်ပြီး အဝတ်အစား ထည့်တတ်၏၊ သူတစ်ပါးနေရာမှာ လျှော်ဖွပ်လို့ အဆင်ပြေချင်မှ ပြေမည်မဟုတ်လား။

အကယ်တမ်း လက်တွေ့မှာတော့ မန္တလေး ကားဂိတ်သို့ ဝင်ချိန်သည် မှောင်ရီပျိုးနေပြီ။ ကားကြီးဝင်းသို့ အဝင်ကားတွေ ပိတ်နေသည်မှာ တင်းကျမ်းမို့ တစ်နာရီပင်မက ကြာမြင့်လှ၏။ တကယ် ကားဆိုက်တော့ လူလုံးမကွဲတော့၊ ကျွန်မတို့အဖွဲ့ကို လာနှုတ်ဆက်သော ဆရာညီပုလေးကို မှောင်ရီရီထဲတွင် နှုတ်ဆက်စကားဆိုရ၏။

ကသုတ်ကရက်နှင့်ပင် ကားပြောင်းစီးကြရသည်။ တစ်ညလုံး ကားသည် ငြိမ့်ငြိမ့်ညင်သာ မှန်မှန်မောင်းနေသည်။ လမ်းမှာ ရေပူစခန်းဆိုသည့်နေရာမှာ ခဏနားသည်။ မန္တလေးလွန်ပြီမို့ အအေးဓာတ်လည်း ပိုလာသည်။ ကျွန်မတို့ လားရှိုး၊ ကျောက်မဲစသော မြို့ကြီးများကို ညအချိန် ဖြတ်သန်းနေသည်ဟု ခန့်မှန်းရ၏။ နံနက် ၈ နာရီခန့် ကားရပ်နားတော့ ကွတ်ခိုင်တဲ့။ မြောက်ပိုင်း ရှမ်းပြည်နယ်မှ မြို့ကလေးကို ခြေချခွင့်ရခဲ့ပြီ။ လားရှိုးတို့၊ ကျောက်မဲတို့၊ သီပေါတို့ ကွတ်ခိုင်တို့ဆိုတာ စာထဲမှာ ဖတ်ဖူး နားအကြားနှင့် ယဉ်ပါးဖူးသော်လည်း တစ်ကြိမ်တစ်ခါမျှပင် ရောက်ဖူးခြင်း မရှိခဲ့။

> နယ်စပ်ကုန်သွယ်ရေး
> အချက်အချာမြို့၊ တစ်ဖက်နိုင်ငံနှင့်
> ချောင်းတစ်ပြောက်ကား
> ကုန်ပစ္စည်းချင်း ဖလှယ်ရာမြို့၊
> နိုင်ငံတော် အကြီးအကဲ တချို့၏
> ဘဝအနေအထားကို ပြောင်းလဲ
> စေခဲ့သော မြို့၊ ငွေကြေး
> လာဘ်လာဘသည် လုပ်ပိုင်ခွင့်၊
> အခွင့်အာဏာသည်
> လူ၏စိတ်ဓာတ်နှင့် လုပ်ရပ်ကို
> ပြောင်းလဲစေပါလား။ အချို့
> အမှုကိစ္စမှာ ပါဝင်ပတ်သက်သူ၊
> အချို့ဇာတ်ကွင်း မလွတ်သူ၊
> လောကဓံ၏
> အနိမ့်အမြင့်
> အတက် အဆင်း။

## ပင်လယ်သူများ ရွှေညာသွား

တစ်ခါတုန်းက ကျွန်မတို့၏ ချစ်ခင်လေးစားအပ်ပါသော လူထုဒေါ်အမာ (ဒေါ်ဒေါ်မာ) က ပင်လယ်ဘက်ခရီးထွက်ကာ ဆောင်းပါးရှည်ကြီးတွေ ရေးခဲ့၏။ 'ရွှေညာသူများ ပင်လယ်သွား' တဲ့။ ယခု ကျွန်မ လိုက်ပါလာသော ခရီးစဉ်ပင်။ 'ပင်လယ် သူများ ရွှေညာသွား' ဖြစ်နေသည်၊ ပင်လယ်မြင်လျှင် ငိုချင်၊ ပင်လယ်မြင်လျှင် ရယ်ချင်၊ ပင်လယ်မြင်လျှင် မိန်းမောချင်သော ကျွန်မ၊ ယခု တောင်တန်းတွေဆီ ရောက်ခဲ့ပြီ။ နေခြည်ဝင်းဝါအောက်မှာ တိမ်ပြာနေသော ကောင်းကင်က ကြည်စင်စင်၊ ကြည့်လေမြင်လေရာမှာ တောအစိမ်း၊ တောင်အစိမ်း၊ သည်တောသည်တောင်တွေကို တို့တစ်တွေ ပိုင်ဆိုင်ပါလား။ သည်အရပ်သည်ဒေသမှာ တို့ရဲ့ မောင်နှမသားချင်းတွေ နေနေကြပါလားဆိုသော အသိက ခရီးပန်းနေသော စိတ်ကို လန်းဆန်းတက်ကြွစေသည်။

ကားပြန်ထွက်ပြီး မကြာခင်မှာပင် တောင်တက်ခရီး ပြန်စရတော့၏။ ကျွန်မတို့ စီးလာသည့်ကား ရုတ်တရက် ရပ်နားသွားသည်။ တောင်တက်လမ်းချိုးကွေ့ဆီမှာ ကားတွေ စီတန်းရပ်နားလျက် မကြာမီ သတင်းတစ်ရပ် ပျံ့လွင့်လာသည်၊

"ကုန်တင်ကားကြီးတစ်စင်း နောက်ဘီးချိုးပြီး ကန့်လန့်ခံနေလို့ သွားလို့မရတော့ဘူး"

မမနှင်းက ကြားကြားချင်း ဖြတ်ဆို ကားအောက် ရောက်သွားတော့၏။ အခြားကားမှ လူတွေလည်း ဆင်းလာကြသည်၊ အလို . . . ကားတန်းကြီးမှ မနည်းပါလား။ လူစီးကားတွေရော ကုန်တင်ကားတွေရော မနည်းလှ၊ ကုန်ကားကြီးတွေ သည်လောက်ကြီးမားရှည်လျားတာ တစ်ခါမှ မတွေ့ဖူး။ ၂၂ ဘီးခန့်ရှိသတဲ့၊ ကားတွေပေါ်မှာ ဘာကုန်တွေ ပါမှာပါလိမ့်။ လမ်းကျဉ်းကျဉ်း၊ ကားတွေက ကြီးမားရှည်လျား၊ ယခု နောက်ဘီးချိုးတာမျိုးက ဖြစ်လေ့ဖြစ်ထရှိသော ကိစ္စမျိုးပေလား။ နံနက် ၉ နာရီ၊ ၁၀ နာရီလောက် မူဆယ် အရောက်မှန်းထားသည့် ခရီးစဉ်လည်း လွဲချော်ပြီ။

"ကားကြီးတို့ ချီမဖို့ လားရှိုးက ကရိန်းကို လှမ်းမှာနေသတဲ့။ သွားပြီ မူဆယ်ရောက်ချိန် မမှန်းနိုင်တော့ဘူး"

သည်လမ်းကို မကြာခဏ ဖြတ်သန်းလေ့ရှိသူ မမနှင်းက အတွေ့အကြုံရှိသူပီပီ ဖုန်းတွေ လျှောက်ခေါ်တော့၏။ မူဆယ်မှာ လာကြိုမည့် ဗန်းမော်က လူတွေနှင့် လိုက်ချိတ်နေသည်။

"အောင်ကျော်မိုးလားဟင် အောင်ကျော်မိုးလားဟေ့ . . . ငါတို့ ဒီမှာ "

မမနှင်းအသံက တောတောင်တို့၏ သစ်ရွက်များကို လှုပ်ခတ်သွားစေသည်။ ကျွန်မ တောင်တန်းတွေဆီ ငေးကြည့်ကာ 'ညှိစိမ်း တစ်ယောက်ကို မကျီစယ်ပါနဲ့ တောင်တန်းတို့ရယ်' ဟု တီးတိုးစကားဆိုနေမိသည်။

"မူဆယ်မှာ စာပေအဖွဲ့ ရှိတယ်လေ။ ထက်ဦးလူ (မူဆယ်) တို့၊ သိန်းဇော် (ရွှေလီဦး) တို့ပေါ့။ သူတို့ကလည်း ဆရာမတွေကို နှုတ်ဆက်ဖို့ လက်ဖက်ရည်ဆိုင်မှာ စောင့်နေသတဲ့။ နောက်ပြီး တို့တစ်တွေ သီးခြားတွေ့ရမယ့် သူတွေလည်း ရှိသေးတယ်။ ဆရာပြေ (ဆေး - ၂) နဲ့ အခုတလော စာရေးသွက်လာတဲ့ ဆန်းလင်းတို့ပေါ့။ သူတို့နှစ်ယောက်က တစ်တွဲ"

မမနှင်းက ကျွန်မတို့ကို ပြောလည်းပြော စီလည်းစီစဉ်နေသည်။ ဘယ်လိုလုပ်မှာလဲ။ လားရှိုးက ကရိန်းစောင့်နေရင်တော့ ညနေရောက်

Asian Fame Media Group

သွားတော့မည်။ ကျွန်မတို့ရပ်တွေကလည်း မနေ့က ထွက်လာသည့်ပုံစံအတိုင်း ရေမချိုး မိုးမချိုးရုပ်တွေ၊ ဝမ်းဒေး တူးရှိုးမဟုတ်၊ တူးဒေး ဝမ်းရှိုး မျက်နှာမသစ် သွားမတိုက်ရုပ်တွေ။

သည်လိုနှင့် တက်ကြွလန်းဆန်းနေသည့် စိတ်ဓာတ်များ ငိုက်စင်းဖို့ အားယူနေဆဲ . . . သတင်းကောင်းရောက်လာသည်။ ကန့်လန့်ခံကားကြီး လွတ်သွားပြီတဲ့။ ပစ္စည်းတွေချပြီး လူအားနဲ့ ဆွဲလိုက်ကြသတဲ့။ ကောင်းပါလေ့၊ 'တစ်ယောက်အားနှင့် ယူသော်မရ တစ်သောင်းအားနှင့်ယူသော် ရ၏' ဆိုသည့်စကားကို မူဆယ်ကားလမ်းပေါ်မှာ တကယ်ဖြစ်သွားပါပြီလား။

တအိအိနှင့် တောင်တက်လမ်းသည် မြင့်သထက် မြင့်လာသည်။ ကားလမ်းဖြင့် မန္တလေးမှ ပြင်ဦးလွင်သို့လည်းကောင်း၊ ဘားအံမှ ဒေါနတောင်တန်းကိုဖြတ်ကာ မြဝတီမြို့သို့လည်းကောင်း မော်လမြိုင်၊ ရေးမြို့တို့မှ မလွဲတောင်ကြီးကိုဖြတ်ကာ ထားဝယ်မြို့သို့လည်းကောင်း သွားဖူးပြီးဖြစ်ရာ တောင်ဆင်းတောင်တက် မူးဝေအော့အန်ဖြစ်လေ့မရှိသော အကျင့်ကောင်းကလေးကိုတော့ ကျေးဇူးတင်ရပေမည်။ မူဆယ်ဝင်ခါနီးလေ မြင်ကွင်းလှလေ။ ဒါကြောင့် ကိုထက်ဦးလှတို့ ကိုသိန်းဇော်တို့ သူတို့မူဆယ်ကို ဂုဏ်တင်နေသည် မဟုတ်ပါလား။

နယ်စပ်ကုန်သွယ်ရေး အချက်အချာမြို့ တစ်ဖက်နိုင်ငံနှင့် ရောင်းဝယ်ဖောက်ကား ကုန်ပစ္စည်းချင်း ဖလှယ်ရာမြို့၊ နိုင်ငံတော်အကြီးအကဲတချို့၏ ဘဝအနေအထားကို ပြောင်းလဲစေခဲ့သော မြို့။ ငွေကြေးလာဘ်လာဘသည် လုပ်ပိုင်ခွင့်၊ အခွင့်အာဏာသည် လူ၏စိတ်ဓာတ်နှင့် လုပ်ရပ်ကို ပြောင်းလဲစေပါလား။ အချို့ အမှုကိစ္စမှာ ပါဝင်ပတ်သက်သူ၊ အချို့စက်ကွင်းမလွတ်သူ၊ လောကဓံ၏ အနိမ့်အမြင့် အတက်အဆင်း။

မူဆယ်ကားဂိတ်ရောက်တော့ မမနှင်း၏ အားရပါးရ ပြောဆိုသံ၊ ဟိုမှာ အောင်ကျော်မိုးကို တွေ့ပြီ . . . တဲ့။ ဗန်းမော်မှ မူဆယ်အထိ တကူးတကလာကြိုသူ အောင်ကျော်မိုးဆိုပြီး ထိုနာမည် တစ်လမ်းလုံး ညံအောင် ကြားနေရသည်။ ယခု လူချင်းတွေ့ပါပြီ။ အသားလတ်လတ် ထောင်ထောင် မောင်းမောင်း၊ နေကာမျက်မှန်နှင့် လူငယ်စတိုင် သပ်သပ်ခန့်ခန့် လူတစ်ယောက်။

"အင်အားနည်းနေမှာ စိုးလို့ ကျွန်တော့်အမျိုးသမီးနဲ့ သားကိုပါ ခေါ်လာတယ်"

အမျိုးသမီးနှင့် မိတ်ဆက်ပေးတော့ ကျွန်မ အံ့ဩသွားသည်။ သည်လိုနေရာမှာ သည်လိုရုပ်ရည်၊ သည်လိုအပြင်အဆင်မျိုးနှင့် မိန်းမငယ်တစ်ယောက်ကို တွေ့ရမည်ဟု မထင်ထားခဲ့။ ရှမ်းတရုတ်မျက်နှာမျိုး၊ သို့မဟုတ် တိုင်းရင်းသူတစ်ယောက်ရဲ့ မျက်နှာမျိုးဖြစ်သင့်ပါလျက် နှာတံပေါ်ပေါ် မျက်လုံးရီရီ အပြုံးချိုချို သွယ်လျသော ခန္ဓာကိုယ်ပါးပါးကလေးမှာ ခေတ်မီသော ဝတ်စားတန်ဆာတို့ဖြင့် လှရက်လေသူ။

"သူက မွန်မွန်အောင်တဲ့။ သူက အဘိုးဗန်းမော်ညိုနဲ့ရဲ့ မြေးပေါ့။ ကျွန်တော်က မြေးသမက်ပါ ခင်ဗျာ"

ကိုအောင်ကျော်မိုး အပြောမှာ ဧည့်စိမ်းကွန်မရော၊ ဆရာမ ဒေဝီသန့်စင်ပါ သဘောအကျကြီး ကျသွားကြလေသည်။ ပစ္စည်းတွေ ကားပေါ်ပြောင်းတင်ကြတော့ စောစောက စိတ်ခံစားမှုတွေ လွင့်ပါးစွာ သွက်လက်ဖျတ်လတ်နေကြသည်။

"ဆရာမတို့ ကချင်ဆိုင်စားမလား၊ တရုတ်ဆိုင် စားမလား။ ကျွန်တော် ဆရာပြေတို့ကို လှမ်းခိုတ်လိုက်မယ်"

ဘာဖြစ်လို့မှန်း မသိ၊ ကျွန်မနှုတ်မှ တရုတ်ဆိုင်ဟု ဖြေလိုက်မိသည်၊ ကိုအောင်ကျော်မိုးက သူ့မြို့ကိုရောက်နေသလိုမျိုး ကျွမ်းကျင်စွာ တရုတ်ဆိုင်ဆီသို့ ကားကို ဦးတည်လိုက်သည်။ မကြာမီ ဆရာပြေ (ဓာတ် - ၂) တို့ ရောက်လာသည်။



ဆရာမ ရွှေကူမေနှင်း၊ ဆရာမ မိချမ်းဝေ၊ ဆရာမ ဒေဝီသန့်စင်

ဆရာပြေကိုတော့ ရန်ကုန်မှာ ကျွန်မ ဆုံဖူး၍ သိနေသည်။ တစ်ယောက်က ဆရာဆန်းလင်းတဲ့၊ သူက လူမမြင်ရခင် ဖုန်းထဲမှာ "ဆရာမ မိချမ်းဝေကို ပြောလိုက်ပါ။ ကျွန်တော် ငါးကြည့်နေတယ်" လို့ နှုတ်ခွန်းဆက်ထားသူ ဖြစ်သည်။

ကျွန်မ၏ "ဖေဖေက ငါးကြည့်တယ်" ဝတ္ထုကို ရည်ညွှန်းခြင်း ဖြစ်သည်၊ စာသမားအချင်းချင်းတွေ့ဆုံပွဲကလေးသည် ချိုမြိန်နွေးထွေးမှုတို့ဖြင့် စီညံနေတော့၏။ လမ်းခရီးမှာ ကြန့်ကြာသွားသည့်အတွက် ဟိုဆရာတွေနှင့်တော့ တွေ့ခွင့်မကြုံတော့ပါ၊ စားသောက်ဖွယ်ရာတွေကတော့ နယ်မြေဒေသအလိုက် ချက်ပြုတ်ပုံ နည်းစနစ်တွေ ပြောင်းလဲသွားသည်။ စကားသံ၊ လေယူလေသိမ်း၊ အနံ့အသက် အားလုံး အထက်အညာတောင်ပေါ်ရနံ့တွေ သင်းတပျံ့ပျံ့။

"ဗန်းမော်ရောက်မှ မျှစ်ချဉ်ခေါက်ဆွဲ ကျွေးဦးမယ်"

မမနှင်းက သူ့ဒေသနား ကပ်လာလို့လား မသိ၊ အသံတွေ ပိုကျယ်၊ လှုပ်ရှားမှုတွေ သွက်လက် လိုက်လှဲမှုတွေ ဝေစည်နေသည်။

ဪ . . . ပင်လယ်ကလူတွေ ကပ်ကြေးကိုက်ကို စွဲလမ်းသလို ဗန်းမော်ကလူတွေဟာလည်း မျှစ်ချဉ်ခေါက်ဆွဲဆိုတာ ဗန်းမော်ရဲ့ အထိမ်းအမှတ်တစ်ခု ဖြစ်ပေမှာပေါ့။ ထိုနေ့ စားသောက်ဆိုင်ကလေးမှာ လမ်းခွဲနှုတ်ဆက်ကြတော့ အလင်းသစ်စာပေက ထုတ်ဝေတဲ့ ဆရာပြေ (ဓာတ် - ၂) ရဲ့ ညဈေးတန်းလေးကလမ်း (Street of small night market by Sylvia Sherry) စာအုပ်ကလေးက ကျွန်မလက်ထဲမှာ၊ စင်ကာပူနိုင်ငံ ပုံကျညဈေး တန်းလမ်းကြားလေး ဈေးတွင် နေထိုင်ခဲ့သူ လူငယ်လေး တစ်ယောက်အကြောင်း ဘာသာပြန်အားသည့် စာအုပ်၊ နယ်စပ်ကုန်သွယ်မြို့ကလေးမှာ နေထိုင်ပြီး စာပေတာဝန်ကျေပွန်သူ ထိုဆရာအား ကျွန်မ လေးစားစွာ ဦးညွှတ်လိုက်မိသည်။

ခေတ်မီ တိုးတက်ထွန်းကားသော ရုပ်ဝတ္ထုပစ္စည်းတွေ ရေတံခွန်နှယ် အဟုန်ကောင်းစွာ သွန်းထိုးစီးဆင်းသွားကြ။

စိတ်ကိုပြုပြင် ထိန်းကျောင်းမည့် ရသစာပေတို့ ကျောက်သားကျောက်စိုင်ပမာ ခိုင်ခိုင်မတ်မတ် စိုက်ထူကျန်ရစ်


ကမ္ဘည်းတွင်မည့် သမိုင်း တစ်ခေတ် ရွေးချယ်မှု ကောက်ကြောင်းများ။

**မိချမ်းဝေ**

Asian Fame Media Group

**အရွယ်၊ ဇရာ၊ မေတ္တာသည်သာ**

ဩော်. . ဘာလိုလိုနဲ့ ၂၀၁၃ခုနှစ်ထဲကို ရောက်လာပြန်ပါရော ကလား. .။ ကိုထွန်း တစ်ယောက် ၂၀၁၃ ခုနှစ်ရဲ့ ပြက္ခဒိန်စာရွက်တွေကို တစ်ရွက်ချင်း လှန်ကြည့်ရင်း သက်ပြင်းချလိုက်မိပါတယ်။ အမှန်တော့ နှစ်တစ်နှစ်ဟာ ကျွန်တော်တွေးသလို ဘာလိုလိုနဲ့ ကုန်ဆုံးသွားတာ မဟုတ်ပါဘူး။ အချိန်ကို တန်ဖိုးရှိစွာအသုံးချတဲ့လူတွေရဲ့ သဘောထား အမြင် အပေါ် မှာ မူတည်နေပါတယ်။ တစ်နှစ်ပြီးတစ်နှစ် ဘာသိဘာသာ ဖြတ်သန်းခဲ့မယ်ဆိုရင်တော့ တစ်နှစ်ကုန်ဆုံးသွားမှ ဩော်. . ဘာလိုလိုနဲ့ တစ်နှစ်တောင် ကုန်ဆုံးသွားပြန်ပြီလို့ တွေးမိကြမှာပါ။ အချိန်ကာလဟာ လူတိုင်းကို ညီမျှစွာ ပေးထားပါတယ်။ တန်ဖိုးရှိရှိ အသုံးချခြင်း အပေါ် မှာ ကွဲပြားသွားပါတယ်။ ကဲ. . ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ် အကြောင်းကိုပဲ ပြန်စဉ်းစားကြည့်ရအောင်၊ နေ့တိုင်း နေ့တိုင်း ငါ့အတွက် ပညာရယ်၊ ကုသိုလ်ရယ်၊ ဥစ္စာရယ် ဘာတွေ ရအောင် ငါလုပ်နိုင်သလဲ။ နေ့တိုင်းနေ့တိုင်း အဲဒီထဲက တစ်ခုခုမှ မရခဲ့လို့ လူဖြစ်ရှုံးခဲ့တာကို တွေးမိကြပါသလား။ အမှန်တော့ ပြောလို့သာ ပြောနေရတာပါ။ ကျွန်တော် လည်း ဒီ အကြောင်းကို လူငယ်ဘဝတုန်းက အလေးမမူဘဲ နှစ်တွေ တစ်နှစ်ပြီး တစ်နှစ် ဖြတ်သန်းလာခဲ့ရတာပေါ့။ အခုတော့



# မန္တလေးအတွေး၊ မန္တလေးအရေး

ကိုထွန်း (လမ်း-၈၀)

Asian Family Media Group

ကုန်ဆုံးသွားတဲ့ အချိန်ကာလတွေကို နှမြောမိပါ တယ်။ တစ်နေ့ တစ်နေ့ ကိုယ့်မှာ အလုပ်လုပ်စရာတွေက အများကြီး။ ဒါပေမဲ့ စိတ်နောက် ကိုယ်ပါဆိုတဲ့ အတိုင်း ခန္ဓာကိုယ်က ကျန်းမာဖို့ လိုပါသေးတယ်။ ကိုယ့်မှာ ထက်မြက်တဲ့ စိတ်ကူး စိတ်သန်းတွေ၊ အတွေး အမြင်တွေ ဘယ်လောက်ပဲရှိရှိ ဆန္ဒ ဇောတွေ ဘယ်လောက်ပဲ ပြင်းထန် ပြင်းထန် အရွယ်ကလည်း နုပျိုနေဦးမှ ဖြစ်တာ။ အခုတော့ဖြင့် ကိုထွန်း တစ်ယောက် မြန်နှုန်းမြင့်တဲ့ ခေတ်ကြီးနဲ့အတူ ဖြတ်သန်းနေပေမယ့် ရာသီဥတု အပြောင်းအလဲမှာ နေမကောင်း ဖြစ်ရတာနဲ့ နွေလည်းနွေ၊ ဆောင်းလည်းဆောင်း ဆိုတဲ့အတိုင်း အပူဒဏ်၊ အအေးဒဏ်တွေကို မခံနိုင်ရတာနဲ့ဆိုတော့ ကိုယ့်ကိုယ်ကိုယ် အားမလို အားမရ ဖြစ်နေမိပါတယ်။ လွန်ခဲ့တဲ့ လေးငါး ခြောက်နှစ်လောက်ကစပြီး ဟောဒီလို ဒီဇင်ဘာ ဆောင်းညတွေမှာ နှစ်ကူးချိန်ရောက်တိုင်း အိမ်ထဲမှာ ငြိမ်နေရင်း ဟက်ပီးနယူးရီးယား လုပ်နေရလေသပေါ့။ TV ထဲမှာ နှစ်သစ်ကို ကြိုဆိုနေကြတဲ့ ကလေးတွေရဲ့ ပျော်ရွှင်မှုကို ငေးမောရင်း သူတို့လေးတွေရဲ့ အပျော်ဓာတ်ကို ကိုယ့်ရင်ထဲ ရောက်အောင် ကြိုးစားနေရပါလေရော။ ဒါပေမဲ့ ဒီတစ်နှစ်မှတော့ ထူးခြားတယ်လို့ ဆိုရပါမယ်။ နှစ်သစ်ကူးတဲ့ညက ကျွန်တော်အိမ်မှာမရှိဘဲ ရန်ကုန်-မန္တလေး အဝေးပြေး မော်တော်ကားလမ်းမပေါ်မှာ ရှိနေတယ်လေ။ ဒီဇင်ဘာ ၃၁ ရက် မနက်ပိုင်းက အလုပ်ကိစ္စရှိလို့ နေပြည်တော်ကို သွားခဲ့ပါတယ်။ မနက်သွား ညနေပြန်လို့ တွေးပေမယ့် အလုပ်ကပြီးတော့ ည ၁၁ နာရီကျော်မှ မန္တလေးကို ပြန်လာပါတယ်။ ကိုယ့်မော်တော်ကား ဒရိုင်ဘာက အဝေးပြေး အမြန်လမ်းမပေါ်က မမောင်းဘဲ လမ်းဟောင်းအတိုင်း မောင်းပါတယ်။ မန္တလေးကို အချိန်နောက်ကျရောက်တော့မှာမို့ ရမည်းသင်း၊ ပျော်ဘွယ်၊ မိတ္ထီလာမြို့တွေကို ဖြတ်သန်းရင်း နှစ်သစ်ကူးမြင်ကွင်းကို ကြည့်ချင်လို့ပါတဲ့။ သူက လူငယ်ဆိုတော့ ဒီလိုလေးတွေ ခံစားချင်ရှာမှာပေါ့။ မော်တော်ကားက မှန်အလုံပိတ်ထားလို့ အနွေးထည်ပါးပါး ဝတ်ထားပေမယ့် သက်သောင့်သက်သာ ရှိနေပါတယ်။ ရမည်းသင်းနဲ့ ပျော်ဘွယ်မြို့တွေကို ဖြတ်သန်းတဲ့ အခါ နှစ်သစ်ကို ကြိုဆိုတဲ့အနေနဲ့ မီးရှူးမီးပန်းတွေ ပစ်ဖောက်နေတာကို မြင်ခဲ့ရပါတယ်။ မိတ္ထီလာရောက်တော့ ည ၁ နာရီ ကျော်နေပါပြီ။ မိတ္ထီလာကန်ဘောင်ဘေး မော်တော်ကားလမ်းပေါ်မှာ နှစ်သစ်ကို ကြိုဆိုနေကြတဲ့ မော်တော်ဆိုင်ကယ်တွေ၊ မော်တော်ကားတွေ အများအပြား တွေ့မြင်ရပါတယ်။ ဂစ်တာတီးကြရင်း ပျော်ပျော်ရွှင်ရွှင် ကခုန်နေကြတဲ့ လူငယ်တွေ။ သူတို့အဖို့တော့ မိတ္ထီလာမြို့ရဲ့ ဆောင်းည အအေးဒဏ်က မှုလောက်စရာရှိမှာ




မဟုတ်ပါဘူး။ ဒီလိုနဲ့ ဟိုကြည့် ဒီကြည့်လုပ်ရင်း လက်ဖက်ရည်ဆိုင်မှာ ခေတ္တနားလိုက်ကြပါတယ်။ စားစရာရှိတာ စားကြရင်း တီဗီက တိုက်ရိုက်လွှင့်ပြနေတဲ့ မိုင်ဒါကွင်းက နှစ်သစ်ကြိုပွဲကို ငေးမောကြည့်နေမိပါတယ်။ စင်ပေါ်မှာ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပျော်ပျော်ပါးပါး သီချင်းဆိုကခုန်နေကြတာကို ကြည့်ရင်း လူငယ်ဘဝရဲ့ အရသာကို ပွဲကြည့်ပရိသတ်အနေနဲ့ ခံစားနေမိပါတယ်။ ပြီးတော့ အဲဒီပွဲကိုတို့ ပေါ်ပြူလာတို့ ရတီမင်္ဂလာတို့က လူငယ်တွေ သွားချင် သွားကြမှာလို့ တွေးမိတာကလား။ ဟုတ်တယ်လေ။ ရတီမင်္ဂလာ ဆိုတာက လည်း တာဝန်ခံအယ်ဒီတာ အပါအဝင် နုနယ်ပျိုမျစ်တဲ့ လူငယ်တွေနဲ့ ဖွဲ့စည်းပြီး အားကောင်းမောင်းသန် ဖြစ်နေတာကိုးလေ။ ဒီလိုပွဲမျိုး မနွှဲလို့ ဘယ်ဖြစ်ပါ့မလဲ။

မန္တလေးကို ပြန်ရောက်တော့ မနက် ၄ နာရီ ထိုးနေပါပြီ။ အရုဏ်တက်စအချိန် ရောက်ခါနီးနေလို့ ဆောင်းည အမှောင်ထုဟာ အေးစက် သိပ်သည်းနေပါတယ်။ မကြာခင် အရှေ့အရပ်ဆီက အမှောင်ထုကို ဖြိုခွင်းထိုးထွက်လာမယ့် အရုဏ်ဦး အလင်းရောင်ကို တွေ့မြင်ရပါတော့မယ်။ ပတ္တမြားအရည်၊ စီးလည်အဟုန်၊ နီမြန်းကုန်မည် အရုဏ်ပေါ်စ နံနက်ခင်းမှာ ကျေးငှက်ရဲ့ တေးသံသာတို့နဲ့အတူ ၂၀၁၃ ခုနှစ်ရဲ့ လှပတဲ့ နံနက်ခင်း အလှကို မြင်တွေ့ရပါတော့မယ်။ အရုဏ်ဦးဆိုတာ နေ့တစ်နေ့ရဲ့ အစပါ။ နုပျိုခြင်း၊ သွက်လက် ထက်မြက်ခြင်း၊ အင်အားပြည့်ခြင်းတို့ကို ပိုင်ဆိုင်ထားပါတယ်။ အဲသည်တော့ ကျွန်တော်လည်း အမှောင်သိပ်သည်းနေတဲ့ အရှေ့အရပ်ဆီကို ရွှင်လန်းပြည့်ဝစွာ ကြည့်၍ သကာလ ရင်ထဲမှာ ဟက်ပီးနယူးရီးယားလို့ ဟစ်ကြွေးကာ အိပ်ခန်းထဲဝင်ပြီး စက်တော်ခေါ်လိုက်ပါတော့တယ်။ တစ်ညလုံး အိပ်ရေးပျက်လာတာမို့ နှစ်သစ်ရဲ့ နံနက်ခင်းမြင်ကွင်းအလှကို ဘယ်လိုလုပ်ပြီး ခံစားနိုင်ပါတော့မလဲ။

ဘယ်လိုပဲဖြစ်ဖြစ်ပေါ့။ ၂၀၁၃

Asian Fame Media Group

**ရာစုနှစ်တွေ ဘယ်လိုပဲ ပြောင်းပြောင်း အဲဒီရာစုတွေနဲ့ ခေတ်ကို ဖြတ်သန်း နေကြတာက လူတွေပါ။ သူတို့ရဲ့အမှားတွေ၊ သင်ခန်းစာယူစရာတွေက သမိုင်းစာမျက်နှာထဲမှာ ရှိနေပါတယ်။ ခေတ်ကို ဖန်တီးတာက လူတွေပဲ။ ခေတ်ကို ဆုတ်ယုတ် အားနည်းသွားအောင် လုပ်တာလည်း လူတွေပါပဲ။**



ခုနှစ်ကို အားတောင်းမောင်းသန်နဲ့ ကျွန်တော်တို့ ဖြတ်သန်းကြရမှာပါ။ လူပုဂ္ဂိုလ်တစ်ယောက်ချင်းရဲ့ အရေး၊ တစ်နိုင်ငံလုံး တစ်မျိုးသားလုံးရဲ့ အရေး၊ ဒီအရေး ကိစ္စတွေကို သယ်ဆောင်ပြီး အနာဂတ်ကို မျှော်မှန်းကြည့်ရင်း ရှေ့သို့ ခရီးဆက်ကြရပါမယ်။ ဒီနေရာမှာ ရှေ့တစ်ခေါ် မျှော်၍ကြည့် နောက် တစ်လံ ပြန်၍ကြည့်ဆိုတဲ့ အတိုင်း ကျွန်တော်တို့ဟာ အတိတ်သမိုင်းကို တစ်ခါတလေ ငဲ့စောင်းကြည့်ဖို့ လိုပါတယ်။ အဲသည်တော့ မေးစရာရှိလာပါတယ်။ ၂၁ ရာစုဟာ မြန်နှုန်းမြင့်တဲ့ ခေတ်၊ ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာ လို ဖြစ်သွားပြီ။ အိုးမော်ဒယ် ဖြစ်သွားတဲ့ ၁၉ ရာစုနဲ့ ၂၀ ရာစုတို့ကို ဘာဖြစ်လို့ ပြန်ငဲ့စောင်း ကြည့်နေစရာလိုသလဲပေါ့။ မဟုတ်သေးဘူး။ ရာစုနှစ်တွေ ဘယ်လိုပဲပြောင်းပြောင်း အဲဒီရာစုတွေနဲ့ ခေတ်ကို ဖြတ်သန်းနေကြတာက လူတွေပါ။ သူတို့ရဲ့အမှားတွေ၊ သင်ခန်းစာယူစရာတွေက သမိုင်းစာမျက်နှာထဲမှာ ရှိနေပါတယ်။ ခေတ်ကို ဖန်တီးတာက လူတွေပဲ။ ခေတ်ကို ဆုတ်ယုတ် အားနည်းသွားအောင် လုပ်တာလည်း လူတွေပါပဲ။ ခေတ်တွေကို ဖြတ်သန်းနေကြတဲ့ လူတွေရဲ့ရင်ထဲမှာ လောဘ၊ ဒေါသတွေက ဘယ်တော့မှ မငြိမ်းနိုင်ဘူး။ ဒါကြောင့်မို့ ကမ္ဘာမှာ စစ်ပွဲတွေ ရှိနေကြတာ ဖြစ်ပါတယ်။

ကျွန်တော်တော့ အသက်ကြီးလာလို့လား မသိဘူး။ အရင်တုန်းက ရှိခဲ့တဲ့ မာန်တွေ၊ အင်အားတွေ တဖြည်းဖြည်း လျော့ကျလာတာကို သတိပြုမိပါတယ်။ ဒါပေမဲ့ ပေါ့ပေါ့ပါးပါးပျော်ရွှင်တဲ့ စရိုက်ကတော့ ရှိနေဆဲပါ။ လူငယ်တွေနဲ့တွေ့ရင် သက်တူရွယ်တူလို သဘောထားပြီး ပေါ့ပါးပျော်ရွှင်ချင်တဲ့ ကျွန်တော့်ကို ချစ်ချစ်က ဆူပါတယ်။ ကိုယ့်အသက်က မငယ်တော့ဘူးတဲ့။ ကိုယ့်အသက် မငယ်မှန်း သိတာပေါ့။ ဒါပေမဲ့ လူကြီးလို ဂိုက်ကြီးနဲ့ မနေနိုင်ဘူးလေ။ ဇန်နဝါရီလ ၆ ရက်နေ့က ကိုထွန်းဦး (ထွန်းဦးစာပေ) တို့ ဦးဆောင်ပြီး အမရပူရ တောင်လေးလုံးက ဆရာတော် ဦးပညာ (ကိုပညာ(အမရပူရ))ရဲ့ သက်တော် (၈၀) ပြည့် မွေးနေ့ ကျင်းပပါတယ်။ ကျွန်တော်လည်း အဲဒီပွဲကို မရောက်ရောက်အောင် သွားဖြစ်ခဲ့ပါတယ်။ တောင်လေးလုံးကျောင်းကို မရောက်ဖြစ်တာ ကြာပါပြီ။ ဟိုအရင်တုန်းကတော့ နိုဝင်ဘာ ၂၉ ရက်နေ့ အမေ လူထုဒေါ်အမာရဲ့ မွေးနေ့ရောက်တိုင်း အဲဒီကို တပျော်တပါး သွားခဲ့ကြပါတယ်။ ရေးဖော်ရေးဖက်ချင်း ဆုံတွေ့ကြ၊ နှုတ်ဆက်စကားပြောကြ၊ လူတွေက များလွန်းလို့ တစ်ယောက်နဲ့ တစ်ယောက် တစ်မိနစ်လောက်ပဲ စကားပြောနိုင်ပါတယ်။ အခုလည်း ဒီအတိုင်းပါပဲ။ ဆရာတော်က ကျန်းမာရေး သိပ်မကောင်းရှာဘူး။ ဆရာတော်ကို လက်အုပ်ချီ ကန်တော့ပြီး ပြန်အထွက်အလာမှာ မတွေ့ကြရတာ ကြာပြီဖြစ်တဲ့ ရေးဖော်ရေးဖက် မိတ်ဟောင်း ဆွေဟောင်းတွေနဲ့ တွေ့တော့ စကားတွေပြောလို့မကုန်ဘူးပေါ့။ အပြန်အလှန် နှုတ်ဆက်စကား ပြောကြရင်း ဆရာနေဝင်းမြင့်ရယ်၊ ကျွန်တော်ရယ်၊ ဆရာ ညီပုလေးရယ်၊ ဆရာသိုက်ထွန်းသက်ရယ် လေးဦးသားခုံတန်း တစ်ခုပေါ်မှာ ထိုင်လိုက်မိကြတယ်။ အဲဒီအချိန်မှာ လူငယ်စာပေသမားတွေက ကျွန်တော်တို့ကို လာရောက်နှုတ်ဆက်ပြီး အမှတ်တရ ဓာတ်ပုံရိုက်ကြ ရေးခိုင်းပေးကြပါတယ်။ ခဏနေတော့ သတင်းသမား လူငယ်တွေ ရောက်လာပြီး ကျွန်တော်တို့ လေးယောက်ကို ဓာတ်ပုံဝိုင်းရိုက်ကြတော့တာကလား။ သူတို့ အမြင်မှာတော့ ကျွန်တော်တို့က စာပေ ဘိုးတော်ကြီးတွေ ဖြစ်နေပြီလေ။ တွေးရင်းနဲ့ ကျော့စိမ့်သွားပါတယ်။ ပြီးတော့ လွန်ခဲ့တဲ့ နှစ်အစိတ်ဆီကို အတွေးစိတ်ကူးတွေ ပြန်ရောက်သွားပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့တစ်တွေ သွက်သွက်လက်လက် ထက်ထက်မြက်မြက်။ အခု ကျွန်တော်တို့ ထိုင်နေကြတဲ့ ခုံတန်းပေါ်မှာ လူကြီးတွေ ထိုင်နေကြပါတယ်။ ဆရာ မြသန်းတင့်၊ ဆရာ လင်းယုန်မောင်မောင်၊ ဆရာ တင်မိုး၊ ဆရာပါရဂူ စသည်ဖြင့်ပေါ့။ ဆရာကြီးတွေကို ကျွန်တော်တို့က

ဝမ်းသာအားရ နှုတ်ဆက်စကားပြောကြ၊ ဟော. . . အဝေးက ပုံနှိပ်တွေ ဖျတ်ခနဲ ပျောက်သွားတဲ့အခါ. . ။ ကွမ်းတမြုံ့မြုံ့ ဝါးနေတဲ့ ကိုနေဝင်းမြင့်ကို ငေးကြည့်မိလိုက်ပါတယ်။ ပြီးတော့ ကိုသိုက် (သိုက်ထွန်းသက်)၊ ပြီးတော့ ကိုညို (ညိုပုလေး)၊ ကျွန်တော့် မျက်လုံးထဲမှာတော့ အရွယ်တူ စိတ်အာရုံနဲ့ ကြည့်လို့လားမသိ ကိုယ့်ဆရာတွေရဲ့ပုံသဏ္ဌာန်က သိပ်ထူးခြားမှု မရှိဘူးလို့ ထင်ပါတယ်။ ဒါပေမဲ့ ကာတွန်းကိုဝေယံနဲ့ တွေ့လိုက်တော့ ကျွန်တော်ရဲ့ အတွေးတွေ ဝေါခနဲ ပြိုကျသွားပါလေရော။ ကာတွန်းဝေယံက ကယ်ရီကေးချား သိပ်ကောင်းတာ။ သူ့လက်ရာက တစ်ခါဆွဲတစ်ခါဆိုသလို ရင်ထဲအထိ ဖွဲ့သွားစေတာပါ။ ကျွန်တော်တို့ပုံတွေကို သူပဲပိုင်ခံပြီး ကယ်ရီကေးချား ဆွဲပေးပါတယ်။ သူက ကျွန်တော့်ကိုတွေ့လိုက်တော့ အားရဝမ်းသာ ဖြစ်သွားပါတယ်။ သူ့ရဲ့ စိတ်ကူးတွေ၊ အလုပ်အစီအစဉ်တွေ ပြောပြရင်း ဆရာ ကျန်းမာရေး ဂရုစိုက်ဦးတဲ့၊ ဆရာ့မျက်နှာ တော်တော်ကျသွားတယ်၊ ဆရာနေ (နေဝင်းမြင့်) လည်း သိသိသာသာ ကျသွားတယ်၊ ဆရာသိုက် (သိုက်ထွန်းသက်)ကတော့ ဝလွန်းနေတယ်တဲ့ စိတ်ရင်းအခံနဲ့ ရိုးရိုးသားသား ပြောလိုက်တဲ့ သူ့စကားက ရင်ဝကို တည့်တည့်မှန်ပါလေတော့တယ်။ တခြားသူတွေ ဒီလိုမျိုးပြောရင် စိတ်ချမ်းသာစရာ အကြောင်းရှာပြီးနေဖို့ ကြိုးစားပေမယ့် လူတွေရဲ့ မျက်နှာ ပကတိ အရှိတရားကို အမြဲဖတ်နေတဲ့ သူ့ရဲ့အမြင်က သွေးထွက်အောင် မှန်နေလေသမို့ သူ့ကို ပြုံးရယ်ပြလိုက်ရင်း ရင်ထဲမှာ သက်ပြင်းချလိုက်မိပါတယ်။

ဟုတ်ပါတယ်၊ မှန်ထဲကြည့်လိုက်ရင် တော်တော်လေးကျသွားတဲ့ ကျွန်တော့်မျက်နှာကို ကျွန်တော်တွေ့မြင်ရပါတယ်၊ ပြောရရင် ခန္ဓာကိုယ်က ရှိသင့်တာထက် ပိုပြီးတိုသွားတာကလား။ ပြီးခဲ့တဲ့နှစ်က ကျွန်တော့်မှာ ဖိအားတွေနဲ့ စခန်းသွားခဲ့ရတာပါ။ ခေတ်စကားနဲ့ ပြောရရင် ပရက်ရှာပေါ့။ နေ့တိုင်း လုပ်ငန်း ကိစ္စတွေနဲ့ လုံးထွေးချာလပတ်ရမ်း၊ စိတ်အကြံတိုင်းလည်း မဖြစ်၊ အဲသမှာ ပရက်ရှာတက်လာပြီး သွေးတိုးပါလေရော၊ ဒီတော့ စိတ်နောက်ကိုယ်ပါ လိုက်ဖွံ့ဝန်လေးနေတဲ့ ခန္ဓာကိုယ်က ထိပြီပေါ့။ လူငယ်ဘဝတုန်းကတော့ ဖရက်ရှာပေါ့။ တက္ကသိုလ် စတက်တဲ့အချိန် ကိုယ့်ရှေ့က နောင်တော်ကြီးတွေက ဖရက်ရှာ ဝဲ(လ်)ကမ်းလုပ်ပေးတာကို သတိရမိပါတယ်။ ဒါပေမဲ့ အခုတော့ ဖရက်ရှာ ပျောက်ပြီး ပရက်ရှာတွေက ကျွန်တော်တို့ကို ဖိစီးနေပါပြီ။ ဖြစ်ချင်တာက ဖရက်ရှာ၊ ရလာတာက ပရက်ရှာ၊ အတော်ခွကျတဲ့ ကိစ္စပါ။ တောင်လေးလုံးက နေ့လယ် ၁၂ နာရီလောက်မှာ ပြန်လာကြပါတယ်။ မော်တော်ကားကို ဖြည်းဖြည်းမောင်းနှင်ရင်း အတွေးတွေက လုံးကို ဆေးဆိုး၊ သွားမကောင်းတော့သွား အတုတွေတပ်၊ ရုတ်တရက် ကြည့်ကောင်းပေမယ့် ဒါကလည်း ခဏတာပဲ ဖြစ်မှာပါ။ ကျွန်တော်တစ်ခု စဉ်းစားကြည့်လိုက်ပါတယ်။ အရွယ်ကို တိုက်စားသွားစေတဲ့ ဇရာကို အလာနှေးအောင် လုပ်ဖို့က တစ်နည်းပဲ ရှိပါတယ်။ အဲဒါက မေတ္တာစိတ်တွေ ပွားများခြင်းပါ။ ကြည်လင်သော မေတ္တာဓာတ်ဟာ အေးချမ်းမှုကို ရရှိစေပါတယ်။ လောဘ၊ ဒေါသ တွေကို မေတ္တာရေနဲ့ ငြိမ်းသတ်နိုင်တဲ့အခါ ကျွန်တော်တို့လည်း မေတ္တာအကျိုး အာနိသင်ကို ခံစားရပြီး စိတ်ကြည်လင် ချမ်းမြေ့သလို ခန္ဓာကိုယ်ကလည်း သူ့အရွယ်နဲ့သူ (စိတ်ကြောင့် ထိခိုက်တာမျိုး မရှိစေဘဲ) လန်းဆန်းနေမှာ ဖြစ်ပါ



လည်ခတ်နေပါတယ်။ ပထမအရွယ်၊ ဒုတိယအရွယ်၊ ကျွန်တော်တို့ ဖြတ်သန်းလာခဲ့ကြပြီ၊ အဲဒီအရွယ်တွေမှာ ကျွန်တော်တို့ လိုချင်တာတွေ ရခဲ့ပါရဲ့လား။ ကျွန်တော်တို့ လိုချင်တာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အချိန်တန်တော့ ဇရာက ကျွန်တော်တို့ဆီကို ရောက်လာတော့တာပါ။ ဇရာကို ကျွန်တော်တို့ မလိုချင်ဘူး၊ မလိုချင်လည်း သူကတော့ ရောက်လာမှာပါပဲ။ ဖိအားတွေများနေတဲ့ သူတွေဆီကိုတော့ ဇရာ ရောက်လာတာ မြန်ဆန်ပါလိမ့်မယ်။ ဇရာ တိုးဝင်မလာအောင် အရွယ်ကို ကျွန်တော်တို့ တတ်နိုင်သမျှ ကျားကန်ထားကြပါတယ်။ ဆံပင်ဖြူတာ

တယ်၊ အရာရာတိုင်းကို မေတ္တာသည်သာ အောင်နိုင်ရပါ၏။ နှစ်သစ်မှာတင် မဟုတ်ဘဲ နေ့တိုင်း မေတ္တာစိတ်တွေ ပွားများနိုင်ရင် စိတ်ချမ်းမြေ့သာယာ သွားမှာ ဖြစ်ပါတယ်။ အသက်ကြီးလာတာနဲ့ အမျှ အပူအမောတွေ တတ်နိုင်သမျှ ကင်းဝေးချင်တယ်။ ဘယ်သူ့အကြောင်းပဲ ဖြစ်ဖြစ် ကောင်းသတင်းတွေ ကိုသာကြားချင်ပါတယ်။ ပြီးတော့ ကိုယ့်နိုင်ငံတွင်းမှာ စစ်ပွဲတွေ ချုပ်ငြိမ်းလို့ ငြိမ်းချမ်းသာယာပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်သွားတာတွေ စသဖြင့်ပေါ့။

**ကိုထွန်း-လမ်း (၈၀)**

Asian Fame Media Group



# ထာဝရချစ်သူ့

ဝတ္ထုတိုရသ

**၁၉၅၇ ခုနှစ် . . .**

ညိုထွေးရဲ့ အသက်က ဆယ့်ခြောက်နှစ်။

ပျိုမျစ်နုငယ် ဆယ့်ခြောက်နှစ်အရွယ် ညိုထွေးတစ်ယောက် တကယ့်တကယ်မှာ ကလေးသာသာမျှသာဖြစ်သော်လည်း သူ့ကိုယ်သူတော့ အပျိုကြီးဖြစ်ပြီဟု မှတ်ယူလာ

Asian Fame Media Group




Asian Frame Media Group

ခဲ့လေပြီ။

အကြောင်းကလည်း ရှိပါ၏။

ငယ်စဉ်က ဂါဝန်ဝတ်ကျောင်းမှာ နေခဲ့ရသူမို့ အင်္ကျီအဖြူ လက်မောင်းတိုလေးနှင့်၊ ဒူးဆစ်ဖုံးဂါဝန် အပြာလေးနှင့်၊ ကျောင်းလွယ်အိတ်ကြီး မနိုင့်တစ်နိုင်နှင့် ကျောင်းတက်ခဲ့ရသော တစ်ချိန်လုံး ပီဘိကလေးဘဝသာ ဖြစ်ခဲ့ပါသည်။

ယောက်ျားလေး ကျောင်းသားများသာ လက်ခံသော စိန့်ပေါလ်ကျောင်းဝင်းထဲမှာ အဖီလေးလိုလို၊ အဆွယ်လေးလိုလို သစ်သားဆောင်လေးနှင့် စာသင်ရသော သူတို့ကျောင်းလေးကို စီးကရက်ဟဒ်ကျောင်းဟု ခေါ်သည်။ သူတို့ကျောင်းလေးမှာတော့ ကျောင်းသားကျောင်းသူရောလျက် လက်ခံသည်။

ကျောင်းကြီးရော ကျောင်းလေးပါ အုပ်ချုပ်သူတွေက ဝတ်စုံရှည်ကြီးတွေ ဝတ်ထားသော ခရစ်ယာန်ဘုန်းကြီးများသာ ဖြစ်ပါ၏။ သူတို့အတန်းတွေမှာ စာသင်ကြားပို့ချသူများကတော့ ဟိုတစ်ချိန်က Englo - Indian ဟု ကင်ပွန်းတပ်ကြသော ကပြားဆရာမများ ဖြစ်ပါသည်။ တကယ်တော့ အင်္ဂလိပ်သွေးမပါသော ကုလားကပြားများပါတည်း။

ထိုကျောင်းသို့ ညိုထွေးကို ကျောင်းအပ်သောအခါ ညိုထွေးဟူသော အမည်နှင့် လက်မခံ။ သူ့မျက်နှာက ဝိုင်းဝိုင်း၊ မျက်လုံးလေးကဝိုင်းဝိုင်း၊ မေ့စေ့လေးကလည်း ဝိုင်းဝိုင်းမို့ ဂျပန်ပြည်မှ ထုတ်လုပ်သော ကော်ပတ်ရုပ်လေးနှင့် တူသည်။ Dolly ဟုခေါ်မည်ဟု ဆိုလိုက်သည်နှင့် ညိုထွေးခေါ် ဒေါ်လီဖြစ်ခဲ့ရပါတော့သည်။

ညိုထွေးတို့ စာသင်ခန်းထဲရောက်သောအခါ ဗမာ၊ တရုတ်၊ ကုလားလေးများသာ တွေ့ရသည်။ အင်္ဂလိပ်သွေးပါသူ တစ်ယောက်မျှမရှိ။ သို့သော်လည်း သူ့အတန်းဖော်များသည် မာဂရက်၊ ဂျေးလ်၊ ဗိုင်လက်၊ ဒေစီ၊ ဟယ်လင်၊ ဝီလီ၊ ဂျွန်၊ ပက်သရစ်၊ အဲဖရက်၊ ကဲနက် စသည့် အမည်ပိုင်ရှင်များသာ ဖြစ်နေကြသည်။ စကားပြောကြရာမှာတော့ ဗမာစကားမှ ဗမာစကားအစစ်နှင့် ပြောဆိုဆက်ဆံကြရသည်။

သည်လိုနှင့် သူငယ်ချင်းတွေ ငြင်းကြ ခုံကြ၊ ရန်ဖြစ်ကြနှင့် နေလာရင်း ငါးတန်းအောင်သောနှစ်မှာ ညိုထွေးနှင့်ကိုကိုလေးတို့ ရင်းနှီးဖို့ဖန်လာသည်။ ရေကျော်ရပ်ကွက် မဟာသုခလမ်းသို့ ညိုထွေးတို့ပြောင်းရွှေ့လာသောအခါမှ နှစ်ဖက်သောမိဘများ ဆက်သွယ်မှုကြောင့် အစ်ကိုလေးနှင့် ညီမလေးညိုထွေးဘဝ ရောက်လာကြသည်။

ညီမ မရှိ၊ အစ်ကိုမရှိသူတို့ကို တွေ့ပေးစဉ်မှာ "သားရဲ့ ညီမ" "သမီးရဲ့ ကိုလေး" ဟု ပြောကြသည်။ သူတို့ကလည်း ကိုလေးနဲ့ညီမတွေ ဖြစ်လာကြပေတော့သည်။

ညနေ ကျောင်းဆင်းချိန်မှာ ဂါဝန်ပြာလေးနှင့် ထွက်လာသော ညိုထွေးက ကျောင်းအဝမှာ စောင့်နေသော ကိုလေးကို တွေ့လိုက်ရသည်။

"ဟော ကိုလေး" ဟု နှုတ်ဆက်လိုက်သံနှင့်တစ်ပြိုင်တည်း "ကိုလေးက အိမ်လိုက်ပို့မလို့" ဟူသောအသံက ပြိုင်တူထွက်လာခဲ့သည်။

တစ်ရက်မှ နှစ်ရက်၊ နှစ်ရက်မှ သုံးရက် ကြာလာသောအခါ ကျောင်းဝင်းခေါင်းလောင်းထိုးသံကြားသည်နှင့် ညိုထွေးက ပြေးထွက်လာသည်။ ကျောင်းဝင်းတံခါးဝ ရောက်သည်နှင့် ကိုလေးကို ရှာမိသည်။ ကိုလေးကလည်း အသင့်စောင့်နေသည်။

တစ်ပတ်မှ နှစ်ပတ်၊ တစ်လမှ နှစ်လကြာလာသည်။ နေ့တစ်ဝက်သာ ကျောင်းတက်ရသော ကိုလေးက နေ့တိုင်းကျောင်းကြိုတာဝန်ပုံမှန်ယူလာသည်။ ညိုထွေးတို့ကျောင်းမှ အိမ်အရောက် ဘာမှထူးဆန်းခြင်းမရှိသော စကားများကို ညိုထွေးကပြောမကုန်သလို ကိုလေးကလည်း နားထောင်လို့မဆုံး ရှိခဲ့ရသည်။ သင်္ချာဆရာမအကြောင်း၊ အင်္ဂလိပ်စာသင်ဆရာမအကြောင်း၊ စာမေးတာမရလို့ ထိုင်ခုံပေါ်မတ်တတ်ရပ်လျက် ဒဏ်ပေးခံရသည့် ကျောင်းသားအကြောင်း စသည်စသည်တို့ ပြောရသည်ကလည်း မရိုးနိုင်ကြ။

ကျောင်းဝင်းအကျယ်ကြီးမှာ ရှိသော ကျောင်းကြီးနှင့်ကျောင်းလေးတို့မှာ ရှုးပါးလှစွာသော ကျောင်းသူတို့မှ ပြင်ပက လာလာကြိုသောသူကိုလည်း မနာလိုသူတို့က ဝိုင်းနိုက်ကြဖို့ ကြံစည်ကြကြောင်းလည်း နောက်မှ သိရပါတော့သည်။

ကျောင်းကြိုရင်း ကျောင်းကြိုရင်း တစ်နှစ်တာစာသင်နှစ်ကလည်း အကုန်မြန်လှသည်။ ၁၉၅၂ ခုနှစ်မှာ ၄၅ လမ်းရှိ ဆရာဆော်လမွန်ကျောင်းသို့ ပြောင်းသည်။ ဒူးဖုံးဂါဝန်အပြာ



ကို ချွတ်၍ မြန်မာလုံချည်အင်္ကျီနှင့် ကျောင်းတက်ရသော အကြိုဆယ်တန်း (Pre-matric) ကျောင်းသူလေး ညိုထွေးက သူ့ကိုယ်သူ အပျိုလေးတစ်ယောက်ဟု ယုံကြည်လာသည်။ ဂါဝန်ဝတ်ကလေးလေး မဟုတ်တော့။

လဲ့ရွှန်းသော မျက်ဝန်းက ပို၍ ဝင်းလက်လို့လာသည်။ ပါးလေး



Asian Fame Media Group
MEDIA GROUP

နှစ်ဖက်က ပို၍မို့လာသည်။ အပွင့်အခက်အနွယ်လေးများ ပါသောထဘီကို ပြောင်း၍ ဝတ်လိုက်ရသောကြောင့်လားမသိ။ ညိုထွေးအလှကပိုကြွလာသည်။

နေ့တွေ ပြောင်းလာသည်၊

လတွေ ညောင်းလာသည်။

ကျောင်းပြန်သူက ပြန်၍ ကျောင်းကြိုသူက ကြိုနေဆဲသာ ဖြစ်သည်။ နေ့စဉ် ပြောကြသောစကားက ထူးခြားမလာသော်လည်း နားထဲမှာတော့ ပို၍ပို၍ ချိုလာသလို ထင်ကြသည်၊ နားဝင်ပီယံပို၍ ချိုလာသည်။ သာယာလာသည်၊

တစ်ခုတော့ ရှိသည်။

ကိုလေးရော၊ ညိုထွေးပါ သတိမပြုမိကြသော်လည်း သူတို့နှစ်ဦးစလုံး ရင်ခုန်သံလေးတွေက ပို၍ပို၍ မြန်လာတတ်သည်။ ကိုလေးက မျက်နှာလေးကို ငုံ့စောင်းကြည့်လိုက်သောခဏမှာ လည်တိုင်လေးကိုမော့၍ ကြည့်လိုက်သောညိုထွေးနှင့် မျက်လုံးချင်းဆုံမိတိုင်း မျက်စိကိုလွှဲဖို့ မေ့နေတတ်ကြသည်ကလည်း ခဏခဏ။

အပျိုသွေးကြွလို့ အပျိုလေးလိုလှလာသော ညိုထွေးကို သူ့ကိုလေးက မြန်မာကဗျာတွေ ရွတ်ပြတတ်သည်။ ကိုလေးကြိုက်သမျှ ညိုထွေးကလည်း ကြိုက်လှသည်ဟုဆိုကာ မြန်မာကဗျာရေးနည်းတွေ သင်ယူတော့သည်။ လမ်းလျှောက်ရင်း ကဗျာ၏အခြေခံသဘောနှင့် ရေးစပ်ပုံမျိုးစုံ ရှင်းပြရခြင်းကို သူ့ကိုလေးက မောရမှန်း မသိနိုင်ခဲ့။ ကဗျာအကြောင်း ပြောနေခိုက်မှာတော့ ကိုလေးက အပြောသမား၊ ညိုထွေးကနားထောင်သူ ဖြစ်သွားလေတော့သည်။ နှစ်ဦးစလုံးအသည်းထဲမှ ကာရန်လေးများသည် အချစ်သင်္ကေတဖြစ်ကြောင်း သူတို့ဘာသာ မသိခဲ့ကြ။

၁၉၅၃ ခုနှစ်ဦးပိုင်းသို့ ရောက်သည်နှင့် ကိုလေးပြေဆိုရမည့် တက္ကသိုလ်ဝင်စာမေးပွဲက နီးလာပြီ။

စာမေးပွဲက စာမေးပွဲ။

ကျောင်းကြိုသူက ကျောင်းကြိုဆဲ၊

တစ်ပတ်မှာ ငါးရက်ပုံမှန်ကျောင်းကြိုသည်။ ငါးရက်စလုံး စကားတွေ ပြောကြသည်။

ကိုလေးရင်ထဲမှာ ပြောချင်သည့် စကားတွေရှိသည်။

ပြောမထွက်ခဲ့။

ညိုထွေးကလည်း ကြားချင်သောစကားတွေ ရှိသည်။

ကြားခွင့်မရခဲ့။

ရက်တွေ လတွေများစွာ ကျောင်းဆင်းချိန်မှာ ကြိုခဲ့ရသော ကိုကိုလေးက ၁၉၅၃ ခုနှစ်မှာတော့ နံနက်စောစော ကျောင်းပို့သောအလုပ်ပါ ပိုလာသည်။ ကျောင်းဆင်းချိန်မှာ မိနစ်လေးဆယ်ကျော်တူနှစ်ကိုယ်ယှဉ်တွဲလျက်၊ ခေါင်းငိုက်စိုက်ချလျက်။ တိတ်တခိုးလေးသက်ပြင်းချလျက် လျှောက်ကြရသည်ကို အားမရနိုင်ကြ။ နံနက်ခြောက်နာရီခွဲလျှင် ကိုလေးကရောက်လာသည်။ ညိုထွေးက အိမ်ပေါ်မှ ဆင်းလာသည်။ ကျောင်းသို့ ရောက်သောအခါမှ ညိုထွေးက ကျောင်းထဲ မဝင်သေးဘဲ သမင်ပျိုမလေးလို လည်ပြန်လှည့်ကြည့်သည်၊ ကိုလေးက လက်ကလေးပြပြီးမှ ပြန်လှည့်သည်။

ကျောင်းထဲရောက်သည်နှင့် ညိုထွေးရဲ့အချစ်ဆုံး ခင်စန်းလွင်နှင့် ညွန့်ညွန့်ခင်တို့က မေးကြပြီ။

"ဟဲ့ မိညို၊ နင့်ကိုလေးက ဒီနေ့ရော ပြောပြီလား"

ဂုဏ်ယူဝင့်ကြွားစွာ ပြောလိုက်ချင်သော အဖြေစကားမရှိသေးသော ညိုထွေးက ညှိုးသွားသောမျက်နှာကို မပြချင်။ မျက်လွှာကို ချလိုက်သည်။ ခေါင်းလေး ငုံ့လိုက်သည်။

တကယ်တော့ ခေါင်းခါပြရမည်ကို ညိုထွေးအကြောက်ဆုံး ဖြစ်သည်။ ထို့ကြောင့် ခေါင်းလေးငုံ့ကာ မြေကြီးကို စိုက်ကြည့်လိုက်သည်။ စားပွဲအစွန်းကို စိုက်ကြည့်လိုက်သည်။

ကျောင်းသို့ အလာပေါင်းများစွာ၊ ကျောင်းမှ အပြန်ပေါင်းများစွာ မျှော်လင့်ခဲ့မိသော စကားကို သူ့ကိုလေးနှုတ်ဖျားမှ မကြားရ။ မျှော်ရင်းမောရသော စိတ်ဝေဒနာကို ဆယ်ကျော်သက်ဘဝမှာ ရေလည်စွာ ခံစားခဲ့ရသော ညိုထွေး။

တစ်ခါတလေတော့လည်း စိတ်မရှည်စွာ ထုရိုက်ပစ်လိုက်ချင်သည်။ ကုတ်ဖဲ့ပစ်လိုက်ချင်သည်။ ရှိုက်ကြီးတငင် ငိုပစ်လိုက်ချင်သည်။ ကိုလေးရင်ခွင်ထဲ ခေါင်းထိုးခွေ့ကာ မေးခွန်းတွေ မေးပစ်လိုက်ချင်သည်။

ကိုတေမိထံမှ စကားတစ်ခွန်းကို ကြားရဖို့ မျှော်လင့်ခဲ့မိတာ ကြာလှပေါ့။ နေ့မှ လ၊ လမှ နှစ်သို့ ကူးခဲ့ပါပြီ။ စတင်တွေ့ဆုံကြစဉ်ကလို ကလေးလေးတစ်ယောက်အဖြစ်ပဲ မြင်နေသည်လား မသိ၊ ပြတ်ပြတ်သားသား မေးလိုက်ချင်သည်။

ကိုတေမိကတော့ ဘာမှ မပြော။

ဂါဝန်တိုဝတ်ကျောင်းသူလေး ဘဝကတည်းက တစ်နှစ်ပြီးတစ်နှစ် ပြောင်းလာသည်၊ မျှော်လင့်ချက်အစိုင်အခဲက ရင်လာလေလေ ရင်ထဲမှာ မွန်းကျပ်လာလေလေ ဖြစ်ခဲ့ရသော ဘဝကို တစ်ခါတစ်ခါတော့လည်း စိတ်နာသလို ဖြစ်လာမိပါသည်။

ဂါဝန်ဝတ်ကျောင်းသူလေး ဘဝကတည်းက Valentine Days ဆိုတာ ကြားဖူးသည်၊ ကိုယ့်ထက်အသက်ကြီးသော မမရီတာတို့၊ မာဂရက်တို့ထံမှ နှစ်စဉ်ဖေဖော်ဝါရီလ ၁၄ ရက်နေ့ဆိုတာ ချစ်သူများနေ့ဟု ကြားဖူးသည်။ ဘာကြောင့် ချစ်သူများနေ့ဟု ခေါ်ကြောင်း မသိပေမယ့် သူလည်း ချစ်သူများနေ့ကို မျှော်ယောင်ပါလိုက်ချင်သည်။ ရင်တွေတုန်လိုက်ချင်သည်။ ဘာမှန်းမသိသော်လည်း ကိုလေးနှင့် စတွေ့သောနှစ်ကစ၍ ဖေဖော်ဝါရီလရောက်တိုင်း ရင်ခုန်ခဲ့ရပါသည်။

၁၉၅၃ ခုနှစ် နှင်းတွေမြူးချိန်မှာ အအေးဓာတ်ကလည်း ထူးလာသည်။ ဆယ့်ခြောက်နှစ်သမီးလေးအတွက် ပိုလို့ ပိုလို့ ရင်ခုန်လာစေခဲ့ပါတော့သည်။ အချစ်ငတ်လို့ ရင်ခုန်ရာမှ ရင်တွေတုန်လာသည်။ အလိုလိုနေရင်း မောလာသည်၊ ကိုယ်အလေးချိန်လျော့လာသည်။ ဦးလေးတော်သူ ဆရာဝန်ဗိုလ်မှူးကျော်ကဂေါ် ၁ဝင်လမ်း (မြို့မကျောင်းလမ်း)က အမှတ် ၇ လူနာလက်ခံကုသဆေးခန်း (No. 7. C. R.S) တပ်မှူးဖြစ်သည်မို့ အမေကလိုက်ပို့သည်။



Asian Fame Media Group

ဦးလေးကျော်က သေသေချာချာ စစ်ဆေးပြီး နေ့စဉ်ဆေးထိုးရမည်၊ သုံးလဆက်တိုက် ထိုးရမည်ဟုဆို သည်။

သည်နောက်တော့ အမေက လည်း နေ့စဉ်မပို့နိုင်၊ အဖေကလည်း တိုက်ခိုက်ရေး ရဲတပ်ဖွဲ့မှာ တာဝန် ထမ်းနေရသူမို့ ရန်ကုန်မြို့အပြင် စည်းဖြစ်သော ထန်းတစ်ပင်၊ တိုက် ကြီး၊ သာယာဝတီဘက်အထိ တပ် နှင့်တွဲ၍ တိုက်ပွဲဝင်နေရသည်။

၁၉၅၃ ခုနှစ်ဦး မြူနှင်းတွေ လူးလွန့်နေဆဲမှာ နေ့စဉ် ကိုလေးက လိုက်ပို့သည်။ တစ်ထည်တည်းသော ကုတ်အင်္ကျီအညိုလေးကို အိပ်ထဲ လက်နှိုက်ပြီး ခေါင်းငိုက်စိုက်နှင့် လျှောက်လာသောကိုလေးကို အဝေး က သိသာသည်။ အိမ်ရှေ့ရောက်မှ ညိုထွေးနှင့်အတူ ပုဇွန်တောင်ဘူတာ ကြီးကို ကူးကြသည်။ လက်မှတ်ဝယ် သည်။ ဂေါ်ဒဝင်လမ်း (မြို့မကျောင်း လမ်း) ဘူတာအထိ ရထားစီးရသည်။ ဆောင်းချမ်းနံနက်စောစောမို့ ရထား တွဲထဲမှာ လူရှင်းသည်။ တစ်ခါတလေ ညိုထွေးတို့နှစ်ယောက်တည်း။

မီးရထားပြတင်းကို ဖွင့်ထား သည်မို့ ဝေ့ဝဲတိုးဝင်လာသော နှင်း ပွင့်လေးများကို ညိုထွေးက ချစ် သည်။ နှင်းစိုစို့၍ တပ္ပဲတွဲမှာ နှင်းမှုန် လေးများ ပါးပြင်လာထိသည်ကို အလိုလိုကြည်နူးနေတတ်သော ညိုထွေးကို သူ့ကိုလေးက မျက်နှာ ချင်းဆိုင်ထိုင်ခုံမှ မျက်တောင်မခတ် ဘဲ ကြည့်နေတတ်သည်။

နှင်းတွေမြူသော၊ အအေးထူ သော တစ်ခုသော နံနက်မှာ ကိုလေး က ရုတ်တရက် ညိုထွေးဘေးကို လာထိုင်သည်၊ ညိုထွေးရဲ့ နဖူးဆံစ မှာ တွဲခိုနေသော နှင်းမှုန်လေးများကို အသာအယာ ခါချပေးသည်။ ပြီး တော့ ညိုထွေးရဲ့ လက်တလေး တစ်ဖက်ကို အသာလေးဆုပ်ကိုင် ထားလိုက်သည်။

ကိုလေးက တစ်ခုခုပြောတော့ မည်ဟု ညိုထွေးသိနေသည်။

Valentine Day မှာ မျှော်မော ခဲ့ရသော စကားကို ကြားရတော့ မည်မို့ ရင်တွေပိုတုန်လာသည်။ သည်လို တယုတယပြောမည့်စကား ကို မျှော်ခဲ့ရတာ ကြာပါပြီကော



**နှစ်စဉ်ဖေဖော်ဝါရီလ ၁၄ ရက်နေ့ဆိုတာ ချစ်သူများနေ့ဟု ကြားဖူးသည်။ ဘာကြောင့် ချစ်သူများနေ့ဟုခေါ်ကြောင်း မသိပေမယ့် သူလည်း ချစ်သူများနေ့ကို ရောယောင်ပါလိုက်ချင်သည်။ ရင်ခုန်တွေတုန်လိုက်ချင်သည် . . .**

ကိုလေးရယ်၊

ဆောင်းနှင်းအေးအေးနှင့် အပြိုင် သူ့အသည်းဆိုင်ကို အေးမြ စေမည့်စကားကို မျှော်နေဆဲမှာ ကိုလေးကတော့ ဝါတော်ရှစ်ဆယ်ရ ဘုန်းတော်ကြီးလို တည်ငြိမ်စွာနှင့် တစ်လုံးချင်း တစ်လုံးချင်းပြောလာ သောစကားကို ကြားလိုက်ရလေ ပြီ။

နှင်းမှုန်ဖွေးဖွေးနဲ့ ဆောင်းလေ အေးအေးမှာ ကိုလေးရဲ့စကားလုံး လေးတွေ ကြားရပါမှ ညိုထွေးရဲ့ ရင်တစ်ခုလုံး ဟင်းလင်းပွင့်သလို ခံစားလိုက်ရပါပြီ။ ကမ္ဘာကြီးတစ်ခု လုံး မီးလောင်တိုက်သွင်းခံရလေပြီ ထင်သည်။

ရက်စက်လိုက်တာ ကိုလေး ရယ်။

ညိုထွေးမျှော်နေခဲ့သည်က ကိုလေးရဲ့ ချစ်စကား။

တကယ်ကြားလိုက်ရသည်က ကိုလေးရဲ့ စစ်စကား။

"မစ်ထရစ်ဖြေပြီးရင် ကိုလေး OTS သွားတက်တော့မယ်" တဲ့။

သည်စကား ဆယ့်ငါးလုံးကို ပြောရတာ ဘယ်လောက်ပင်ပန်း သလဲမသိ။ တစ်လုံးချင်း တစ်လုံးချင်း တိုးညင်းစွာ ပြောသည်။ မီးရထား ပြတင်းမှတစ်ဆင့် အဝေးကို ငေး ကြည့်နေသည်။ သူ့မျက်နှာက အဘိုးအိုကြီးလို အိုရုပ်ပေါက်သွား သည်။ သူ့ရင်ထဲမှာ ဘာတွေဘယ်လို ခံစားနေရသလဲတော့ မသိ။ သည် စကားတစ်ခွန်းနှင့် ညိုထွေးရဲ့ အသည်းတွေ ကြေမွကုန်ရပြီကို သူ မတွေးမိလေရော့သလား မသိ။

ထိုအချိန်မှစ၍ စစ်ထဲဝင်သွား သည်အထိ ဘာတစ်ခွန်းမှ မပြော တော့ဘဲ ပြမြိအတိုင်း ပတ္တာများမပျက် ဆေးရုံပို့သည်။

ကျောင်းပို့၊ ကျောင်းကြိုလုပ် သည်။

ထိုနေ့ ထိုအချိန်က ထိုတစ်ခွန်း တည်းသောစကားကို ကြားရပြီး သော ညိုထွေးတစ်ယောက်လည်း နှုတ်ဆွံ့၍နေတတ်လာသည်။ အံ့သွားလေး တင်းတင်းကြိတ်ထား တတ်လာသည်။

ရင်ထဲမှ စကားများက ကာရန် လေးများအဖြစ် စုဖွဲ့လွင့်ပျံလာ သည်။ ကဗျာလေးများ ပွင့်လျှံလို့လာ သည်။ တိုင်းရင်းမေဂျာနယ်ကဗျာ ဥယျာဉ်ထဲမှာ ဝေ့ဝဲလို့နေကြပေ တော့သည်။

၁၉၅၃ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှာ အခြားချစ်သူတွေအတွက် တော့ မသိ။

ညိုထွေးအတွက်တော့ဖြင့် . . .။

♦

**၁၉၆၃ ခုနှစ် ဖေဖော်ဝါရီလ။**

ကိုလေးကို ညိုထွေး နားမလည် တာလည်း အမှန်။

၁၉၅၃ ခု ချစ်သူများနေ့မှာ ချစ်စကားမပြောဘဲ စစ်စကားပြော သွားသော ကိုလေးက အဆက်အသွယ် ပြတ်သွားသည်။

၁၉၆၃ ခုနှစ်မှာ ရုတ်တရက် ပြန်ရောက်လာသည်။

"ညိုထွေးရေ ကိုလေးတို့ လက် ထပ်ကြရအောင်" ဟု တည့်တည့်



Asian Fame Media Group

ရိုးရိုးနှင့် ဖွဲ့ဖွဲ့ပြောလိုက်သောအသံကို ကြားရလေသောအခါမှာ ညိုထွေး တစ်ယောက် ကိုယ့်နားကို ကိုယ်မယုံနိုင်။

"သွား . . သွား အခုမှ လာမပြောနဲ့" ဟု အော်ရင်း ထုလိုက်ရိုက်လိုက်ချင်သော်လည်း ရှိသမျှစွမ်းအားတို့ ဘယ်ရောက်လို့ ဘယ်ပျောက်သွားကြသည် မသိ။

နှစ်ပေါင်းများစွာက စောင့်စားခဲ့ရသော စကားကို ကြားလိုက်ရသော ခဏမှာ အလိုလိုခေါင်းညိတ်လျက်သား ဖြစ်သွားရပါတော့သည်။

ဖေဖော်ဝါရီလ ၁၄ ရက်။

ချစ်သူများရဲ့ နေ့။

**၁၉၇၃ ခုနှစ်။**

ဦးကိုကိုလေးက တပ်မတော်ထဲမှာ တပ်ရင်းမှူးဖြစ်နေပြီ။ လပေါင်းများစွာ စစ်ဆင်ရေးထွက်နေရသော တပ်မို့ နောက်တန်းတပ်ရင်းမှာ ကျန်ခဲ့ရသောဒေါ်ညိုထွေးက သမြေပန်းနှင့် ရေချမ်းနှင့် ဆုတောင်းနေရသောဘဝမှာ ကျင်လည်လို့နေရပြီ။

၁၉၅၃ ခုနှစ်က ချစ်စကားမကြားရဘဲ စစ်စကားသာ ကြားခဲ့ရစဉ်က ညိုထွေးအသည်းတွေ ပူလောင်ခဲ့ရသည်။

၁၉၇၃ ခုနှစ်မှာတော့ ကိုလေးတစ်ယောက်တည်းသာမက တပ်ရင်းတစ်ရင်းလုံးအတွက် စိုးရိမ်စိတ်တွေ ရင်မှာပိုက်ရင်း ပြင်းထန်လှစွာ ပူပန်နေရပြီ။ တစ်ခါတစ်ခါလည်း တွေးမိသည်။ ညိုထွေးရဲ့ ရင်ထဲမှာပါလာသော အသည်းသည် အမြဲပူဖို့များ ပါလာလေသလား မသိ။

ကံကောင်းထောက်မစွာပဲ ဖေဖော်ဝါရီလ နှင်းမှုန်တွေကျနေဆဲမှာ တပ်ရင်းတစ်ရင်းလုံး နောက်တန်းတပ်ရင်းသို့ ပြန်နားခွင့်ရသည်။ တစ်လတိတိ နားရမည်။ အတူနေခွင့်ရပြီ။

ကိုလေးရဲ့ ပစ္စည်းတွေကို ကားပေါ်မှချရင်း တပည့်ကျော်တပ်ကြပ်ထွန်းသိန်းက သဇင်ပန်းတွေ အခက်လိုက် အခက်လိုက်ပွင့်နေသော သစ်ကိုင်းကြီးတစ်ခု ထမ်းချလာသည်။ သဘာဝအလျောက် တောထဲက သစ်ပင်မှာ တွယ်ကပ်နေသော သဇင်ဥကြီးတွေနှင့် အပွင့်ခက်လှလှကြီးတွေ ပွင့်နေသော သစ်ကိုင်းကို ကိုင်းအလိုက် ခုတ်ယူလာခဲ့ပါသတဲ့။ ကဗျာဆန်နေဆဲ ကိုလေးပါလားနော်။

သဇင်ကိုချစ်သော ညိုထွေးက ဘုရားခန်းတစ်ခုလုံး ဝေနေအောင် သဇင်ပန်းတွေ ကပ်လှူလိုက်သည်။

ညစာစားပြီးချိန်မှ သဇင်ခက်ကြီးလှလှတစ်ခက်ကို ယူလာပြီး ကိုလေးကိုယ်တိုင် ညိုထွေးခေါင်းမှာ လာပန်ပေးသောခဏမှာ ညိုထွေးရဲ့ အသည်းတွေ ယခင်ကလို ပူမနေရတော့ပါ။ ကြည်လို့ လန်းလို့ အေးမြလို့ နေရပါပြီ။

တိုက်ဆိုင်လှစွာပဲ ဖေဖော်ဝါရီလ ၁၄ ရက်။

**၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ။**

ဦးကိုကိုလေးက အသက်ကြီးပြီ။ ၇၈ နှစ်။

ဒေါ်ညိုထွေးကလည်း မငယ်တော့။ ၇၆ နှစ်၊

သူ့သူငယ်ချင်းများဖြစ်သော မာဂရက်မြင့်မြင့်၊ တင်တင်ရီ၊ ခင်ဦးမြင့်၊ သွင်သွင်အေးနှင့် မမြယဉ်တို့က တရားစခန်းဝင်ချင်သည်ဟု ဆိုလာသည်။ ဆရာတော်ရင်းဖြစ်သော အောင်[illegible]ပြီ၊ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ ၇၇ သည် တကယ်တောရကျောင်းကဲ့သို့ တိတ်ဆိတ်သည်။ ကျောင်း၊ ကန်၊ ဘုရားပြည့်စုံသည်။ နွေရာသီတရားစခန်းဖွင့်လျှင် ယောဂီ လူနှစ်ထောင်ကျော် လက်ခံနိုင်သည်။ ထို့ကြောင့် နွေအကြိုဆောင်းကာလမှာ တရားစခန်းဝင်ခွင့်ရကြသည်။ လူမှုရေးအသင်းအဖွဲ့ကိစ္စတွေ ရှုပ်နေသော ဦးကိုကိုလေးက တရားစခန်းမဝင်နိုင်။

ဆယ်ရက်တရားစခန်းသိမ်းသောနေ့ကျမှ ဦးကိုကိုလေးက လာကြိုနေရသည်။ ဆရာတော်ဘုရား၏ တရားစခန်းသိမ်း တရားပွဲနာပြီးသောအခါ ဓမ္မဝိဇ္ဇာဓမ္မာရုံကြီးပေါ်မှ ယောဂီများ အတွဲလိုက် အတွဲလိုက် ဆင်းလာကြသည်။

ဒေါ်ညိုထွေးတို့အုပ်စုကတော့ မော်တော်ကားကို မှီလျက် လက်ပိုက်ရပ်နေသော ဦးကိုကိုလေးရှိရာ လျှောက်လာကြသည်၊ တရားစခန်းမို့ ဖြည်းဖြည်းမှန်မှန်လျှောက်လာရသည်။ ငယ်စဉ်ကလို အပြေးလေး မဟုတ်တော့။

အသက်အကြီးဆုံး မာဂရက်က စကားစသည်၊

"မိညိုထွေးကို စိတ်မချလို့ လာစောင့်နေတာလားဟေ့" ဟူသော အမေးနှင့်အတူ ဦးဝင်းလွင်က စကားဆက်သည်။

"ဟိုး နှစ်ပေါင်းခြောက်ဆယ်ကျော်က ကျောင်းဆင်းချိန်မှာ ဓာတ်တိုင်မှီရင်း စောင့်ရတဲ့အကြိုတော်က ခုတော့ မော်တော်ကားကြီးမှီရင်း စောင့်နေပါရောလား" ဟု အတိတ်၏ အရိပ်ကိုဖော်သည်။

သည်တော့မှ

"ကျောင်းမှာ လာကြိုတုန်းက ဝိုင်းရိုက်ချင်တယ်ဆိုတဲ့ ကိုဝင်းလွင်က ခုလိုတရားစခန်းမှာ လာကြိုတော့ရော ရိုက်ချင်တုန်းပဲလား" ဟု ညိုထွေးက မေးလိုက်သည်။

ကိုဝင်းလွင်ကလည်း စက္ကန့် မဆိုင်း။

"မရိုက်ချင်တော့ပါဘူးဗျာ၊ ဂါဝန်အပြာနဲ့ ကျောင်းသူလေး မဒေါ်လီကို လာကြိုတာမဟုတ်ဘဲ ယောဂီဝတ်နဲ့ အဘွားကြီးဒေါ်ညိုထွေးကို လာကြိုတာမို့ ရိုက်ဖို့ စိတ်မကူးတော့ပါဘူး" ဟု ပြန်ပက်လိုက်သည်။

သည်လို ငယ်သူငယ်ချင်းတွေ အချီအချပြောနေကြဆဲမှာ ဦးကိုကိုလေးက ကားထဲမှာ အသင့်ပါလာသော သဇင်ပန်းတွေကို ယူလိုက်ပြီး ဒေါ်ညိုထွေးကို ပေးလိုက်သည်။

သဇင်ပန်းတွေကလည်း လန်းဆန်းလတ်ဆတ်နေသော်လည်း ပန်းတွေလှမ်းပေးသော ဦးကိုကိုလေးက အိုနေပြီ။ တစ်ခေါင်းလုံးနီးပါး ပြောင်လှလှဆံပင်တွေက ကျွတ်နေပြီ။


သဇင်ပန်းတွေလှမ်းယူလိုက်သော ဒေါ်ညိုထွေးကလည်း ဆံပင်တွေ ဖြူနေပြီ။

သို့သော် . . .

သို့သော် . . .

ဖေဖော်ဝါရီလ ၁၄ ရက်နေ့ကတော့ ထာဝရ ချစ်သူများအတွက် နှစ်စဉ်နှစ်စဉ် ကျရောက်လာပေလိမ့်မည်ဆိုတာ သေချာလှပါ၏။

**မောင်ဆွေသက်**



ဝတ္ထုတိုရသ

# နေမိုးညို

ရွက်လွှင့်သူ

Asian Fame Media Group



Asian Fame Media Group

**ကျွန်တော်**တို့ ညီအစ်ကို နေထိုင်တဲ့ ခြံဝင်းလေးက မြို့ပြင်မှာ။ တကယ့်ကို သဘာဝတောအုပ်ကလေးနဲ့တူအောင် အစ်ကိုက စိတ်တိုင်းကျ ပုံဖော်ထားတာပါ။ အိမ်ကလေးကလည်း Green House စစ်လိုက်တာမှ ဝင်ပြီးရင် ပြန်မထွက်ချင်လောက်အောင်ပါပဲ။ ကျွန်တော် ဟိုကနေ ပို့လိုက်တဲ့ ပိုက်ဆံတွေကို ဘာလုပ် ထားပေးရမလဲလို့ အစ်ကိုက မေးတော့ အစ်ကို ကြိုက်တာလုပ်ထားလိုက်ပါဗျာ လို့ပဲ ကျွန်တော် အလွယ်ပြန်ဖြေခဲ့ပါတယ်။

သဘော်ပေါ်က အပြီးတိုင် ပြန်ဆင်းလာချိန်မှာ အစ်ကိုက အခု ခြံဝင်းနဲ့အိမ်ကလေးကို အသေအချာ လုပ်ပေးထားပြီးနေပါပြီ။ ကျွန်တော်

တစ်သက်လုံး တောင့်တခဲ့တဲ့ စာရေးခြင်းအလုပ်ကို ဒီခြံထဲမှာပဲ အေးအေးဆေးဆေး လုပ်လို့ရတဲ့အတွက် အစ်ကို့ကို ကျေးဇူးတင်လို့ မဆုံးအောင် ဖြစ်ရပါတယ်။ တစ်ခုတော့ ရှိတယ်၊ စာရေးရတာ အဆင်ပြေပေမယ့် စကားပြောရတာတော့ အဖော်ငတ်ပါတယ်။ အစ်ကိုက စကားနည်းလွန်းလို့ပါ။ အိမ်မှာ အစ်ကို့သား၊ ကျွန်တော့်တူ နှစ်ယောက် ရှိတယ်။ ငြိမ်းချမ်းနဲ့ စိမ်းလန်း . . . တဲ့။ အကြီးကောင် ငြိမ်းချမ်းက ၈ တန်း။ အငယ်ကောင် စိမ်းလန်းက ၇ တန်း။ သူတို့နှစ်ယောက်ကလည်း အချင်းချင်းပဲ အဖော်လုပ်နေတတ်တဲ့ နှစ်ကောင်ပါ။ သူတို့နှစ်ယောက်လည်း ကျွန်တော်တို့ ညီအစ်ကိုလိုပါပဲ။ အမေမရှိတော့ပါဘူး။

အစ်ကိုက ခြံဝမှာ မြက်ခင်းလေးနဲ့ ပုံဖော်ထားတယ်။ Home Sweet Home ဆိုပြီးတော့ အစ်ကို့ကို ကျွန်တော် မနောက်သာ နောက်သာ နောက်ပါတယ်။

"Home Sweet Home တွေ ဘာတွေ လုပ်မနေပါနဲ့ အစ်ကိုရာ၊ အိမ်မှာက ယောကျ်ားသားလေး ယောက်ပဲ ရှိတာ၊ ကျားလေးကောင် ဂေဟာဆိုပြီးရော . . . " အစ်ကိုက တိုတိုတုတ်တုတ်ပဲ ပြန်ဖြေပါတယ်။

'ကဖျက် ယဖျက်' . . . တဲ့။ အဲဒါ ကျွန်တော့်အစ်ကိုရဲ့ စတိုင်ပါပဲ။

◆

ဒီနေ့မနက် ကျောင်းပိတ်ရက်မို့ ငြိမ်းချမ်းနဲ့စိမ်းလန်း ခြံထဲမှာ သွားဆော့နေကြတယ်။ အစ်ကို မနက်ကတည်းက သူ့ပန်းချီခန်းထဲကို ဝင်သွားလိုက်တာ ပြန်ကို ထွက်မလာတော့ဘူး။ စာရေးရင်း ညောင်းလာလို့ ကျွန်တော့်အစ်ကို ပန်းချီခန်းထဲကို တခါးလေး အသာလှပ်ဝင်လိုက်တယ်။ အစ်ကိုက ကင်းဗတ်ရှေ့မှာ ငုတ်တုတ်လေးငြိမ်လို့။ သူ့အာပန်းချီဆွဲနေရင် ကျွန်တော် အလိုက်တသိ ပြန်ထွက်ပေးရလို့ပါ။ ခုတစ်လုံးဆွဲပြီး အစ်ကိုနား ကျွန်တော် ဝင်ထိုင်လိုက်တယ်။

"ဘေမိကျင့်စဉ်ထဲက တုံးကို ဘာဝေတသိုက်းလား အစ်ကို"

``ဆရာနေမျိုး
ပန်းချီထဲ
ရှာနဝင်နေတုန်း
ရေးပေးလိုက်တဲ့
ဆေးစာ
အစ်ကို သိလား''

``...''

``Acrylic တဲ့''



" . . . . "

"ဩော် သိပြီ ငြိမ်သက်ခြင်း၏ လျှို့ဝှက်ချက်ကို စူးစမ်းမှုပေါ့"

စစ်သုံးစကားနဲ့ ဆိုရင်တော့ Search Fire သာ ပစ်နေတယ်၊ Counter Fire က ပြန်မလာဘူးပေါ့လေ။ အစ်ကိုက ပြန်ခြင်းလေး တစ်ချက်တောင် ပြန်မခတ်ဘူးခင်ဗျ။

"ရှိတာမှ ညီအစ်ကိုလေး နှစ်ယောက်ဗျာ၊ အစ်ကိုက ဘာမှပြန်မပြောတော့ ကျွန်တော် ဘယ်သူ့ကို စကားသွားပြောရမလဲ ပြော၊ ဘာလဲ မိန်းမတစ်ယောက် ကောက်ယူလိုက်ရမလား"

အစ်ကို ကျွန်တော့်ကို မျက်လုံးတစ်ချက်လှန်ကြည့်တယ်။ အလဲ့ . . . ငါကွလို့ ကိုယ့်ကိုယ်ကိုယ် စိတ်ထဲက အားပေးရင်း ကျွန်တော် နောက်တစ်ကြိမ် ထပ်ကြိုးစားကြည့်တယ်။

"ကြားဖူးတာကတော့ ဆရာနေမျိုးဆေးကို သူ့တပည့်လေး တစ်ယောက်က နေမကောင်းတာ ဘာဆေးသောက်ရမလဲလို့ လာမေးသတဲ့။ ဆရာ က ဆေးစာ ကောက်ရေး ပေးလိုက်တယ်၊ အဲဒီဆေးကို ဘယ်ဆေးဆိုင်မှာမှ ရှာမရဘူးတဲ့ အစ်ကို၊ သူ့တပည့်လေးလည်း ရရာဆေးဝယ်သောက်ပြီး ချွေးထွက်လို့ နေကောင်းသွားခဲ့တယ်ဆိုပဲ၊ ဆရာပြောတဲ့ ဆေးကို ဘယ်ဆေးဆိုင်မှာမှ ဝယ်မရဘူး ဆရာလို့ သူ့တပည့်လေးက ပြန် သတင်းပို့တာပေါ့၊ ဆရာနေမျိုး ပန်းချီထဲ ရှာနဝင်နေတုန်း ရေးပေးလိုက်တဲ့ဆေးစာ အစ်ကိုသိလား"

" . . . . "

"Acrylic တဲ့"

"ကပေါက်တိ ကပေါက်ချာကွာ"

"ဟား . . . . . ကျွန်တော် ကပေါက်တိ ကပေါက်ချာပြောတာ မဟုတ်ဘူး အစ်ကိုရဲ့ ဆရာကိုစောဝေ ရေးတဲ့ စာအုပ်ထဲက ဖတ်ပြောတာဗျ၊ အဲဒီစာအုပ်ပြရမလား"

"ကပျာကယာ ရေးပေးလိုက်ရတာ နေမှာပေါ့၊ သူ့အာရုံမပျက်ချင်လို့"

အစ်ကို့ဆီက စကားလုံးအများကြီးချူနိုင်လို့ ကျွန်တော့်ကိုယ်ကျွန်တော် ကျိတ်ပြီး Bravo လုပ်လိုက်တယ်၊ ဒါပေမဲ့ ကျွန်တော် မကျေနပ်နိုင်သေးဘူး။

"အခု အစ်ကို ဆွဲထားတဲ့ ယက်ရာက ဒီစားလို့ ရတယ်ဗျ၊ ဒါ နတ်ဝတ်ပုဆိုး၊ ထိမ်မီးခိုးလစ်ဇင် မဟုတ်လား"

ဟုတ်တယ်လေ၊ သူ့ကင်းဗတ်စပေါ်မှာ ဘာမှမှမရှိတာကြီးကို။ ငယ်ငယ်က ကြားဖူးတဲ့ ပုဆိုးမပါတဲ့ ဗလာရှင်ဘုရင်ကြီးအကြောင်းကို 'ဒကာ' တပ်ပြီး ကလိပေးလိုက်တော့ အစ်ကို့ဆီက စကားတစ်ခွန်း ပြန်ရလေရဲ့။

"ကလေးကလား" တဲ့။

အစ်ကို အဲလိုပြောပြီး သူ့ကင်းဘတ်စအက် ပြန်လှည့်သွားချိန်မှာ ဘယ်အချိန်က နောက်နားရောက်နေမှန်းမသိတဲ့ တူတော်မောင် ငြိမ်းချမ်း က ကျွန်တော့်ခါးကို လာတို့တယ်။ သူ့လက်ထဲမှာ စာရွက်လွှတ်တစ်ရွက်နဲ့။ ယူဖတ်ကြည့်တော့

၂၀ - ကပေါက်တိ ကပေါက်ချာ

၂၂ - ကပျာကယာ

၂၃ - ကလေးကလား တဲ့။

ဒီကောင် ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် စကားပြောနေတာကို ဘယ်အချိန်ကတည်းက နားထောင်နေတယ် မသိဘူး။ သူ့စာရွက်ကလေးထဲ ကျွန်တော် စာတစ်ကြောင်း ခြစ်ပေးလိုက်တယ်။ 'Lip top' . . . လို့၊ 'လစ်တော့'လို့ ပြောတာကို သူသဘောပေါက်တယ်။ ခြေဖျားလေးထောက်ပြီး လှစ်ခနဲ ထွက်သွားရော။ ဒီကောင်က သူ့အဖေပြောတဲ့ စကားလုံးတွေကို စာရင်းပြုစုနေတာလေ။

အစ်ကိုနဲ့ကျွန်တော်က ဟိုးပင်လယ်ကမ်းစပ်က ရွာလေးတစ်ရွာ

မှာ မွေးဖွားကြီးပြင်းခဲ့ကြတာပါ။ အဖေက မြန်မာဆေးဆရာကြီး၊ လယ်သမားကြီးပေါ့။ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ကို ပညာတတ်အောင် သင်ကြကွာဆိုတဲ့ စကားတစ်ခွန်းကလွဲပြီး ဘာမှထွေထွေထူးထူး မပြောခဲ့ဘူး။ ကျောင်းနေရတာ ပျော်လွန်းတော့ ကျွန်တော်တို့ ညီအစ်ကိုက ရွာမှာ လူရာမဝင်တဲ့ စာတော်ကျောင်းသား နှစ်ယောက်ကို ဖြစ်လို့၊ ဒီလိုပါ ရွာမှာက ကျော်ရခက်တဲ့ တောင်ကြီးတစ်တောင်ရှိတယ်။ လေးတန်း (စတုတ္ထတန်း) ဆိုတဲ့ တောင်ကြီးပါ။ လေးတန်းလောက်ရောက်ရင် လယ်ထဲမှာ အနိမ့်ဆုံးနွားကျောင်းနိုင်တဲ့ အရွယ်ရောက်ပြီဆိုတော့ နွမ်းပါးလွန်းတဲ့ မိဘတွေက ကျောင်းမထားချင်ကြတော့ဘူး၊ ကျောင်းသားကိုယ်တိုင်ကလည်း ကျောင်းမနေချင်တော့ပါဘူး။

ကျောင်းတက်စာသင်ရတဲ့ အလုပ်ဆိုတာကလည်း ငါးရှဉ့်ထောင်၊ ကဏန်းနိုက်၊ လေးခွတစ်လက်နဲ့ ငှက်လိုက်ပစ်ရတာလောက်မှ ပျော်စရာမကောင်းဘဲကိုး။ ကြီးကောင်လေးဝင်လာလို့မှ ပျိုးနုတ်၊ ကောက်စိုက်၊ စပါးရိတ်မတတ်ရင် ရွာက သိပ်ပြီး လူရာမသွင်းချင်တော့ဘူး၊ စကားမှ ဟဟမပြောချင်တော့ဘူး။ သူတကာတွေ လယ်စကား၊ ချောင်းစကားပြောနေလို့မှ ကိုယ်က မပြောနိုင်၊ လွယ်အိတ်တစ်လုံးနဲ့ ကျောင်းတက်လို့ ကောင်းတုန်းဆိုရင် ရွာမှာက လူပို၊ လူပေါ တစ်ယောက်လို အကြည့်ခံရတော့တာလေ။

ဆိုတော့ . . . ရွာကျောင်းမှာ အတန်းကုန်လို့ တခြားရွာမှာ အလယ်တန်းတက်နေရတဲ့ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်က ကျောင်းနေပျော်၊ စာတော်ကြပေမယ့် ရွာမှာ သိပ်ပြီးလူရာမဝင်ခဲ့ကြဘူး။ အဖေက ပညာအရည်အချင်းက အ/ကဆိုပေမယ့် ရွာဦးဆရာတော်ကြီးက ကျောသပ်ရလောက်အောင် စာတော်ခဲ့တယ်လို့ သိရပါတယ်။ အမေကတော့ မြို့သူပါ။ ရှေးခေတ် ၇ တန်းအောင်တယ်လို့ အဖေက ပြောပြတယ်။ ကိုရင်ကြီးဘဝက လူထွက်ပြီး မြန်မာ့ဆေးပညာလိုက်စားနေတဲ့ အဖေနဲ့ နဖူးစာရွာလည် အကြောင်းပါခဲ့တယ်။ အမေဟာ ကျွန်တော်တို့ညီအစ်ကို နှစ်ယောက်ကိုမွေးပြီး သူယုံကြည်ရာအရပ်ကို ထွက်သွားခဲ့တာ ကျွန်တော်တို့တစ်သက် အိမ်ပြန်ရောက်မလာတော့ပါဘူး။ အဖေ့ဆီမှာ အမေပို့ပေးထားလို့ ထင်ပါရဲ့။ ထမိတိုတိုဝတ်ပြီး ဒေသနတ်တစ်လက် စလွယ်သိုင်းထားတဲ့ အမေ့ဓာတ်ပုံလေးတစ်ပုံရှိတယ်။ အဖေတစ်ယောက် စိုးရိမ်စိတ်နဲ့ လုံခြုံအောင်သိမ်းလွန်းလို့ ကျွန်တော်တို့ညီအစ်ကို ခဲရာခဲဆစ်ခိုးကြည့်ရတဲ့ ပုံကလေးပါ။

ဆယ်တန်းကိုယ်စီအောင်ပြီး အစ်ကိုက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တစ်ခုကို ထုံပိုင်း ထုံပိုင်းတက်ခဲ့ရတယ်။ ကျောင်းခဏ ခဏပိတ်လွန်းလို့ပါ။ ကျောင်းပြီးတော့ အထက်တန်းရှေ့နေကို၊ မှတ်ပုံတင်ရှေ့နေကို ဆက်ဖြေတယ်။ ဖြေတော့လည်း ထူးထူးခွန်ချွန်အောင်တာပါပဲ။ ဘာလို့ရှေ့နေမလိုက်တာလဲ အစ်ကိုဆိုတော့

"ငါ့စိတ်ထဲ ဒီဒေသအထက်မှာ တစ်ခုခု ရှိနေသလားလို့ကွာ" တဲ့။

ကျွန်တော်တို့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ချိန်မှာ အဖေက ရှိတဲ့လယ်တွေ၊ ယာတွေ ရောင်း ကျွန်တော်တို့နှစ်ယောက်ကို ခွဲဝေပေးပြီး ရွာဦးကျောင်းမှာ ရာသက်ပန် သင်္ကန်းဆီးသွားခဲ့တယ်။ ယုံကြည်ချက်အတွက် အမေက သားနှစ်ယောက်ကို စွန့်သွားခဲ့သလို အဖေကလည်း သူ့တာဝန်ကျေပြီလို့ ယူဆချိန်မှာ သူတန်ဖိုးထားတဲ့ ဘဝထဲ အပြီးတိုင် ဝင်ရောက်သွားခဲ့တယ်။ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်က ကျွန်တော့်တုနှစ်ယောက်လိုပါပဲ၊ တစ်ယောက်ကိုတစ်ယောက် အဖော်လုပ်ပြီး ကြီးပြင်းခဲ့ရတာပါ။ ကျွန်တော်က မိကျောင်းသား၊ အစ်ကိုက တေမိဘဝနဲ့ပေါ့။

♦

လျှပ်စစ်မီးမမြင်ဖူးတဲ့ အရပ်မို့လား မသိဘူး ကျွန်တော်တို့ငယ်ငယ်က လသာညတွေကို အရမ်းချစ်တယ်။ ဖယောင်းတိုင်အလင်း၊ မီးခွက်အလင်းလောက်နဲ့ ပင်လယ်အော်သံလွှမ်းတဲ့ညတွေကို ဖြတ်သန်းနေရသူတွေအဖို့ လသာညတွေဆိုတာ ဘာနဲ့မှ မလဲနိုင်လောက်အောင်ပါ။ စပါးနံ့သင်းသင်း၊ လေညင်းအေးအေးနဲ့ မြူကင်းကြယ်စုံတဲ့ တန်ဆောင်မုန်းညတွေဆိုရင် ညီအစ်ကိုနှစ်ယောက်သား အိမ်ရှေ့က တရုတ်စကားပင်အောက်မှာ ညဥ့်နက်အောင် ထိုင်နေဖြစ်ခဲ့ကြတယ်။ စကားပြောချင်တဲ့ ကျွန်တော်ရယ်၊ စကားနည်းတဲ့ အစ်ကိုရယ်၊ ပရိတ်ကြီးဆယ့်တစ်သုတ်ကို တိုးတိုးဖွဖွလေး ရွတ်နေတတ်တဲ့အဖေရယ်၊ အဲဒီညလေးတွေကို ကျွန်တော်လွမ်းတယ်။ ကျွန်တော်တို့အိမ်က ရွာအစွန်နားခပ်ကျကျမို့ ဟောသည်မှာ မြသပိတ်တောင်တန်း၊ ဟောသည်နားက ဇင်းကျိုက်တောင်တန်းဆိုပြီး ဟိုးအဝေးက ပျပျလေးမြင်နေရတဲ့ တောင်တန်းတွေဆီ လက်ညှိုးထိုးပြီး အစ်ကို့ကို စကားစရပါတယ်။

"အစ်ကို ဟိုမှာကြည့်ပါဦး၊ ဇင်းကျိုက်တောင် နောက်ကနေ လမင်းကြီးထွက်လာပြီဗျ၊ ထွက်ခါစဆိုတော့ ခပ်မှိန်မှိန်ရယ်၊ လမင်းကြီး မြန်မြန်မြင့်လာရင် ကောင်းမှာနော်"

"မြင့်ချင်ရင် မြင့်လိုက်လေ"

"မြင့်မရလို့ပေါ့ အစ်ကိုရာ၊ လမင်းကြီး တအားလင်းလာမှ ပျော်စရာကောင်းတာ၊ အခုမှ ထွက်ခါစဆိုတော့ အလင်းရောင်က ဖျော့ဖျော့လေး"

"ပျော့ဆို ဖျော့နေသေးတာကိုး"

"ဟုတ်ပါရဲ့ တရုတ်စကားပင်ရိပ်၊ ညီလေးတို့ ကွပ်ပျစ်ကို ကွယ်နေသေးတယ်ဗျ၊ လမင်းကြီးက နိမ့်နေသေးတော့ တရုတ်စကားပင်အရိပ် မပျောက်သေးဘူး"

"ပျောက်ချင်ရင် ဖျောက်လိုက်လေကွာ"

"ရမလား အစ်ကိုရ၊ အစ်ကို အစ်ကို ဟိုမှာကြည့်ပါဦး၊ တိမ်ပုပ်တွေ နိမ့်ဆင်းလာနေပြီ၊ အဲဒီတိမ်စိုင်တွေက လမင်းကို ပိသွားမှာလားဟင်"

"ပိမယ်ဆိုရင် ဖိလိုက်လို့ပေါ့"

ကျွန်တော် ဘာပြောပြော တုံးတိတိ ပြန်ဖြေနေတဲ့ အစ်ကို့ကို ကျွန်တော် ဒေါပွလာတယ်။

"တိမ်ပုပ်တွေက ထုထုပိန်းပိန်းကြီးဗျ၊ ဒီတိမ်ပုပ်တွေကွယ်ရင် မှောင်သွားမှာ တိမ်တွေပါးပါးမွှမွှလေးဆို ကောင်းမှာနော် အစ်ကို"

"ပွသွားအောင် ညီလေးက ဖွပေးလိုက်ပေါ့"

အစ်ကို့ကို ကျွန်တော် စိတ်မရှည်ချင်တော့ဘူး၊ သူ စကားနည်းတာနဲ့ပဲ ကျွန်တော့်မှာ စကားပြောဖော် ငတ်ခဲ့ရတာ၊ အဖေဆိုတာကလည်း အစ်ကို့ထက်တောင် စကားနည်းချင်တဲ့ သူလေ၊ စိတ်ပေါက်ပေါက်နဲ့ အစ်ကို့ပခုံးကို လက်သီးနဲ့ ဖွဖွထိုးရင်း ပြောမိတယ်။

"အစ်ကိုနဲ့ စကားပြောရတာ ညီလေးပျင်းလာပြီနော်"

"ပျင်းတယ်ဆိုတာ ဖျင်းလို့ကွ ညီလေးရဲ့"

> ယုံကြည်ချက်အတွက် အမေက သားနှစ်ယောက်ကို စွန့်သွားခဲ့သလို အဖေကလည်း သူ့တာဝန်ကျေပြီလို့ ယူဆချိန်မှာ သူတန်ဖိုးထားတဲ့ ဘဝထဲ အပြီးတိုင် ဝင်ရောက်သွားခဲ့တယ်။

ဖျင်းတယ်အပြောခံရတော့ ကျွန်တော့်အစ်ကိုကို မကျေနပ်ပါဘူး။ ပြီးခဲ့တဲ့ ပထမအစမ်းစာမေးပွဲမှာ ကျွန်တော် ပထမရထားတာပါ။ ကျွန်တော် အစ်ကို့မေးဖျားကို ဆတ်ခနဲ ဆွဲမလိုက်တယ်။

"ဘာဖျင်းရမှာလဲ၊ ညီလေးက အတန်းထဲ ပထမရတာ၊ အစ်ကိုသာ အစ်ကို့အတန်းထဲမှာ ဒုတိယပဲရတာလေ၊ အဖေ ပြောထားတယ်နော်၊ အတန်းကြီးရင် စာပိုကြိုးစားရမှာတဲ့၊ မပေါ့နဲ့ဗျ"

"ပေါ့ဆို အစ်ကိုက ဖော့ထား

တာကိုး"

အစ်ကို့ကို အတော်လေး အူယားသွားတာမို့ သူ့ကို အတင်းဖက်လုံးပြီး ကလိထိုးတော့ သူရယ်လိုက်တာ တဟားဟားနဲ့၊ သူ ရပ်နိုင်းလည်း ကျွန်တော် မရပ်တော့ အနေခက်လို့ ထင်ပါရဲ့။ ကျွန်တော့် ပုဆိုးခါးပုံစလေးကို ဆတ်ခနဲ သူဆွဲတော့ သူ့ကို ကလိဆက်မထိုးဘဲ ပုဆိုးစလေးကို အမြန်ပြန်ဆွဲရတယ်။

"မလုပ်နဲ့ အစ်ကိုရ၊ ဒီမှာ ပုဆိုးပြေသွားပြီ"

"ပြေမှာပေါ့ ဖြေလိုက်တာကို"

ကျွန်တော် အစ်ကို့ကို လက်လျှော့လိုက်ပါတယ်။ တစ်ချိန်တည်းမှာပဲ အစ်ကို့စကားတွေကို ပြန်စဉ်းစားရင်း အသိတစ်ချက် လက်ခနဲ ရလိုက်တယ်။ မြင့်တာနဲ့ မြင့်တာ၊ ပျော့တာနဲ့ ဖျော့တာ၊ ပျောက်တာနဲ့ ဖျောက်တာ၊ ပိတာနဲ့ ဖိတာ၊ ပွနဲ့ဖွ၊ ပျင်းနဲ့ဖျင်း၊ ပေါ့နဲ့ဖော့။ ဟား . . . အစ်ကို ကျွန်တော့်ကို အများကြီး သင်ပေးသွားပြီပဲ။ ကြွေအောင် ခြွေတာ၊ ကျဲအောင် ချဲတာ၊ ကျွတ်အောင်ချွတ်တာ။ တစ်သီတစ်တန်းကြီး လျှောက်တွေးရင်း အစ်ကို့ကို ကျေးဇူးတင်မိပါရဲ့။ ကြီးလာလို့ စာတိုပေစလေးတွေ ရေးဖြစ်တဲ့အခါကျတော့ အစ်ကို့စကားလုံးလေးတွေက အများကြီး အထောက်အကူရပါတယ်။ တစ်ခုတော့ ရှိတာပေါ့လေ။ ကြောက်အောင်လို့ ခြောက်ခံရတဲ့ ကာလရှည်ကြီးတစ်ခုကို တော့ ကျွန်တော် ပြန်သတိမရချင်တော့ပါဘူး။ ဘာပဲပြောပြော လသာညတွေနဲ့ အစ်ကို့ကိုတော့ လွမ်းတယ် အစ်ကို . . .။

♦

ကျွန်တော်တို့ညီအစ်ကို အလယ်တန်းတက်နေခဲ့တုန်းက ဖြတ်သန်းခဲ့တဲ့ လသာညတွေနဲ့အတူ ကျောင်းရွာမှာ ဆုံခဲ့ရတဲ့ ဆရာတစ်ယောက်ကိုလည်း မှတ်မှတ်ထင်ထင် သတိရမိတယ်။ အဲဒီဆရာလေးကြောင့် ကျွန်တော်တို့ညီအစ်ကိုတွေရဲ့ဘဝ တစ်ဆစ်ချိုးပြောင်းခဲ့ရတာပါ။ အလယ်တန်းကျောင်းရှိတဲ့ ရွာကြီးက ကျွန်တော်တို့ရွာနဲ့ လေးမိုင်လောက်ဝေးတာမို့ ငါးတန်းကနေ ရှစ်တန်းအထိ တစ်နေ့ကို ရှစ်မိုင်လောက် လမ်းလျှောက်ပြီး ကျောင်းတက်ခဲ့ရတယ်။

ဆရာလေးကြောင့် ကျွန်တော်တို့ တစ်ရက်မှ ကျောင်းတက်မပျင်းခဲ့ကြဘူး။ ဆရာလေးက ကျောင်းကတော့ မဟုတ်ဘူး။ ကျောင်းနားက အိမ်မှာ နေတာ၊ ကျွန်တော်တို့ ညီအစ်ကို စာတော်လို့ဆိုပြီး သိပ်ချစ်ရှာတယ်။ လူပုံက ညိုညိုမြင့်မြင့်၊ အမြဲတမ်း ကချင်ပုဆိုး၊ ရှပ်ဖြူလည်ကတုံးနဲ့။ စာမလိုက်နိုင်တဲ့ ကလေးတွေကို အခမဲ့စာပြပေးတာပါ။ ဆရာလေးမိဘတွေက သောင်သာတယ်။ ကျွန်တော်တို့ ပင်လယ်ကမ်းခြေတစ်နယ်လုံးရဲ့ တစ်ဦးတည်းသော တက္ကသိုလ်ကျောင်းသားပါ။ ဘွဲ့တော့ မရဘူးလို့ သိရတယ်။ ဆရာလေးဆီက ၁၉၇၂ ခုနှစ်ရဲ့ ဇာတ်လမ်းတွေကို အလယ်တန်းကျောင်းသားဘဝတည်းက သိခဲ့ရတာပါ။ မြို့ပြဗဟုသုတတွေ၊ တက္ကသိုလ်ရနံ့တွေ ဆရာလေးဆီက သိခွင့်ရတော့ ရှုပ်တဲ့စာတွေ စိတ်ရှည်လက်ရှည် ရှင်းပြတတ်တော့ တစ်နေ့ တစ်နေ့ ဆရာလေးနဲ့ မတွေ့ရမှာ သိပ်ကြောက်တာပဲ။

ဆရာလေးကြောင့် ကျွန်တော် စာဖတ်ဝါသနာ အမြစ်တွယ်ခဲ့တယ်။ အစ်ကို ပန်းချီဆွဲ ဂစ်တာတီး တတ်ခဲ့တယ်။ ကျွန်းမာရေးလိုက်စားရကောင်းမှန်း သိလာသလို ပညာကို ချစ်ရကောင်းမှန်း၊ အမျိုးကို ချစ်ရကောင်းမှန်း ပိုပြီး သိလာရတယ်ဆိုလည်း မမှားပါဘူး။ ဆရာလေးက အဲဒီရွာမှာ သူ့ကိုယ်ပိုင်ပိုက်ဆံနဲ့ ပထမဆုံးစာကြည့်တိုက် ဖွင့်ပေးခဲ့သူလေ။

တစ်ရက်သား ဆရာလေးက သူ့တက္ကသိုလ် နေ့ရက်တွေအကြောင်း ပြောပြနေတာ လွမ်းမောစရာပါ။ အင်းလျား၊ သစ်ပုပ်ပင်၊ ဘွဲ့နှင်းသဘင်ခန်းမ စတာတွေ နားထောင်ရင်း ယမ်းနံ့က မဆီမဆိုင် သင်းလာတယ်။ သီတင်းကျွတ်ခါနီးမို့ ဆရာတူလေးက ဗြောက်အိုးဖောက်လိုက်တာမို့ပါ။

♦

ကျွန်တော့်ညီကိုနှစ်ယောက်ရဲ့ငယ်ဘဝအကြောင်း တွေးနေတုန်း ဂစ်တာသံလေးကြားရလို့ အာရုံတွေ ပစ္စုပ္ပန်ကို ပြန်ရောက်လာတယ်။ ကျွန်တော့်အစ်ကို ပန်းချီမဆွဲတော့ဘဲ ဂစ်တာတီးတဲ့ဘက် ရောက်သွားပြန်ပြီလေ။ မျက်လုံးလေးမှိတ်ပြီး classical တီးနေတဲ့ အစ်ကို့မျက်နှာက ထူးထူးခြားခြားလေးနက်နေခဲ့တယ်။

အစ်ကို့ကို ဆက်ပြီးမနှောင့်ယှက်ချင်တော့လို့ ကျွန်တော် ခြံထဲဆင်းခဲ့လိုက်တယ်။ ခြံထဲက မရမ်းပင်ရိပ်အောက်က ကွပ်ပျစ်လေးပေါ်မှာ တူနှစ်ယောက်စကားဝိုင်းက အသံလေးစာစာနဲ့ဗျ။ ကလေးနှစ်ယောက်က သိပ်ချစ်စရာကောင်းတယ်။ စာတော်တယ်။ စာလည်း သိပ်ဖတ်ပါတယ်။ သူတို့နား ဝင်ထိုင်ရင်း ဘာတွေပြောနေလဲ နားထောင်လိုက်တော့။

"ဟိုမြို့ကွာ ကိုကိုရာ၊ အဲဒီမြို့ သိလား"

"အေး ပြော"

"ဂျပန်တွေ ဝုံးကြလို့ ရထားလမ်းဘေးမှာ တုံးလုံးလဲနေတဲ့ မြို့"

"ဂျပန်ခေတ်က မင်းက မွေးသေးလို့လား ကိုယ်တော်လေးရဲ့"

"မွေးမွေး မမွေးမွေး မသိရင် အရှုံးပေး ဒါပဲ"

"သိပါတယ်ကွ သံတွဲ၊ ကဲ ကိုကို့အလှည့်"

"မေးစေဗျား"

"တာဝတီံသာက လယ်သမားတွေ စပါးနယ်တဲ့ မြို့"

"ရှုံးပါတယ်ကိုကိုရာ နတ္တလင်း"

"ဒါဆို နောက်တစ်မြို့၊ ဘုရင့်ဥပဒေမြို့ကွာ သိလား"

ဒီကောင်တွေရဲ့ အပန်းဖြေ အချိန်ဖြုန်းနည်းလေးက သဘောကျစရာ မကောင်းဘူးလား။ ဘုရင့်ဥပဒေမြို့ကို ကျွန်တော်လည်း စိတ်ဝင်စားပါရဲ့၊ အငယ်ကောင်စိမ်းလန်း မျက်မှောင်နည်းနည်း ချီသွားတယ်။ ဒါပေမဲ့ မကြာလိုက်ပါဘူး။

"ဘုရင်က ကင်း၊ ဥပဒေက လော၊ ကင်းလောတော့ ပုသိမ်လေ"

ကျွန်တော့်မှာ ရယ်လိုက်ရတာ၊ ကောလင်းဆိုတာ ပေါ်နေပြီမို့ ဒီကောင် ပုသိမ်လို့ရှဲ့လိုက်တာလေ။ အကြီးကောင် ငြိမ်းချမ်းထက်စာရင် စိမ်းလန်းက ပိုသွက်တယ်။

"ဒါလောက်တော်တဲ့ မောင်၊ ခက်တာမေးမယ်။ ဆိုင်းဆရာ၊ ကျားဆရာမြို့ကွာ"

"တော်တော်ခက်ရှာတာကိုး ဆိုင်းဆရာက 'တီး' မယ်၊ ကျားဆရာက 'ကြောင်' အဲဒီတော့ တီးကြောင်"

"ဘာလဲ တီးကြောင်ဆိုတော့ အောင်ပန်းလို့ ပြောဦးမလို့လား"

သူ့အစ်ကို ငေါ့တော့ အငယ်ကောင်က ရယ်ပါတယ်။ အငယ်ကောင်က စာရေးဆရာတွေ နာမည်ဝှက်ဦးမယ်တဲ့။ ကျွန်တော် သူတို့စကားဝိုင်းကို သဘောကျနေပါပြီ။

"ဟိုဆရာမ ကိုကိုရာ၊ စောစောကပြောတဲ့အောင်ပန်းမှာ ငါးအမင်းနယ်နဲ့ တွဲစားလို့ရတဲ့ဆရာမ၊ ချဉ်ရေဟင်းချက်သောက်လို့လည်း ကောင်းတယ်"

"'ဖျူ' ကွာ စိမ်းလန်းကလေးရာ၊ ဆရာမကြားရင်တော့ မင်းမလွယ်ဘူး၊ ဒါဆို နောက်တစ်ယောက် ယောက်ျားကြီးလို့ထင်ရတဲ့ ဆရာမ"

"ဟေဟေ့ သန်းမြင့်အောင်တဲ့။ ဆရာမက မိန်းမမြတ်ကြီးပါဟ"

"နာမည်ကို ပြောတာပါ ကိုကိုရာ။ မိုးတော့ မိုးပဲ၊ နောက်မကျတဲ့ မိုး၊ အဲဒီဆရာမ နာမည်သိလား"

"နောက်မကျတော့ အချိန်မီတာပေါ့ကွာ ဆရာမ မီမိုး"

"ကဲ ဒီတစ်ခါ စာရေးဆရာ မဟုတ်တဲ့ စာဖတ်ဆရာကြီး ဦးငြိမ်းချမ်းကို မဟာကဝိဦးစိမ်းလန်းက စာရေးဆရာ နာမည်ကို ကာရန်နဲ့ ဝှက်မယ်၊ ပလာတာ အတွင်းကြေ"

"တာရာမင်းဝေ"

"ဒီလိုပဲ"

"နီကိုရဲ"

"ထမင်းချိုင့် ဒိုးပြန်"

"မင်းခိုက်စိုးစန်"

"မဒီမျှော်"

"အကြည်တော်" ကျွန်တော့်မှာ ရယ်ပဲ ရယ်နေနိုင်တော့တယ်။ ပဝါမကူ (ပါရဂူ)၊ လဘက်စို ဖုန်းကိုင် (တက္ကသိုလ်ဘုန်းနိုင်)၊ ကမ္ဘာ့ပန်းပွင့် (မြသန်းတင့်)၊ တော်ရာခွေ (သော်တာဆွေ)၊ ပလုနှစ်ကောင်မွေ (အဖြူရောင် ရွှေ)၊ မြွေနှစ်ကောင် (မေမောင်) စသည်ဖြင့် မေးတဲ့လူကလည်း ရှာရှာပေါက်ပေါက်မေး



MEDIA GROUP
Asian Fame Media Group



တတ်သလို ဖြေတဲ့ကောင်ကလည်း မလွတ်တမ်း ဖြေနိုင်ပါပေရဲ့။ ဟာသ လုပ်နေကြပေမယ့် သူတို့ရဲ့စာဖတ် အားကို ပြနေတာမို့ ကျေနပ်ရပါ တယ်။ အဲဒီအခိုက်မှာပဲ အိမ်ထဲက ဂစ်တာသံက ခပ်ကြွမ်းကြွမ်းလေး ထွက်လာလို့ ကျွန်တော်တို့ တူဝရီး သုံးယောက် အိမ်ဘက်ကို ချာခနဲ ဖြိုင်တူလှည့်ဖြစ်လိုက်တယ်။ ပိုပြီး ထူးဆန်းတာက ဂစ်တာသံနဲ့အတူ အစ်ကို့သီချင်းသံပါ ပေါက်ကွဲလွင့် စင်ထွက်လာတာမို့ပါ။ Show Rock တစ်ပုဒ်ပေမယ့် အစ်ကို့ဆိုသံဆို ပေါက်က ဟိုးရင်ဘတ်အတွင်းပိုင်း က ပေါက်ကွဲလွင့်ပျံလာသလိုမျိုး . . . ။

" I am Sailing ..." တဲ့။ အစ်ကို ဘယ်ကို ရွက်လွှင့်ချင်တာ ပါလိမ့်။

♦

ကျွန်တော်တို့သုံးယောက် ပန်းချီခန်းထဲ ဝင်သွားချိန်မှာ အစ်ကို ဟာ သူ့ဟော်လိုဂစ်တာလေးကို ရင်မှာပိုက်ပြီး ရွက်လွှင့်နေဆဲပါ။

" ... I am Sailing ..., to be ... near you, to be free ..." to be free ... ဆိုတဲ့နေရာမှာ အစ်ကို့ အသံဟာ လိုက်ခတ်တုန်ယင်နေခဲ့ တယ်။ စကားနည်းပါတယ်လို့ ကျွန်တော် အထပ်ထပ်ညွှန်းဆိုခဲ့တဲ့ ကျွန်တော့်အစ်ကိုဟာ စိတ်လိုလက်ရ ရှိတဲ့အခါတွေမှာ ဂစ်တာကိုယ်တိုင် တီးပြီး သီချင်းဆိုလေ့ရှိသူ ဖြစ်သလို Composer ကောင်းတစ်ယောက် လည်း ဖြစ်ပါတယ်။ မျက်လုံးမှိတ်ပြီး သီချင်းဆိုနေတဲ့ အစ်ကို့မျက်လုံးအိမ် ထောင့်စွန်းက မျက်ရည်စလေးတစ်စ လိမ့်ဆင်းလာခဲ့တယ်။

ကျွန်တော့်တူလေးနှစ်ယောက် ကို ပခုံးအသာလေးဖက်ပြီး အစ်ကို့ ရှေ့က ပြန်လှည့်ထွက်မယ်အလုပ်မှာ အစ်ကိုက လက်ကလေး အသာတား ပါတယ်။

"ထိုင်ကြပါကွာ" တဲ့။ အစ်ကို့ နှုတ်ဖျားက စကားသံလေးတွေ တစ်လိမ့်ချင်းခုန်ပေါက် စီးဆင်းလာ ခဲ့တယ်။

"အိမ်ရှေ့ကနေ ပြောင်ပြောင် တင်းတင်းဝင်လာတဲ့သူတွေ ဖွေဖွေ လှုပ်လို့ပါ ညီလေး။ အိမ်နောက်မှာ လည်း ခိုးကြောင်ခိုးဝှက် ဝင်လာတဲ့ သူတွေ မည်းမည်းကိုမှောင်နေတာ ပါပဲ။ သူတို့ဟာ အိမ်သာလို့ လာကြ တဲ့ ဧည့်သည်တွေ ဟုတ်ရဲ့လား ညီ လေး"

"တို့မြေကို တစ်လက်မ မှ အကျူးကျော်မခံ" ဆိုတဲ့ စာသားလေး အစ်ကို သိပ်ကြိုက် ပါတယ်။ ဘယ်သီချင်းမျိုးမဆို အစ်ကို နားထောင်ပါတယ်။ ရင်ဘတ်ထဲအထိ ရောက်တာ နဲ့ နားဝတင်ပေျာက်သွားတာ မျိုးတော့ ရှိတာပေါ့။ တို့မြေကို တစ်လက်မမှ အကျူးကျော်မခံ ဆိုတဲ့ သီချင်းသံ ပျံ့နေတုန်း မှာပဲ ရွာလယ်က တို့အိမ်ကို သူတစ်ပါးတွေ ခြံလာခတ်သွား တာမြင်နေရတော့ အဲဒီသီချင်းသံ ကြားတိုင်း အစ်ကို့ နားတွေ အခါခါ သေရပါတယ်"

စကားတွေ မပြောစဖူး အများ ကြီးပြောနေတဲ့ အစ်ကို့ကို ကျွန်တော် ငေးကြည့်နေမိပါတယ်။

"တို့ညီကိုနှစ်ယောက်အဖမှာ ဘယ်နှခါရန်ဖြစ်တာ ညီလေး မှတ်မိ လဲ" အစ်ကို့ကို ကျွန်တော် ခေါင်းခါပြ လိုက်ပါတယ်။ ဟုတ်တယ်၊ အစ်ကို ပြောမှ ပြန်တွေးကြည့်တော့ စိမ်းလန်း နဲ့ ငြိမ်းချမ်းလည်း တစ်ခါမှ ရန်ဖြစ် တာ မတွေ့မိဘူး။

"စိတ်အနေ့မသင့်တာတော့ ရှိတာပေါ့၊ မင်း စိတ်တိုတော့ အစ်ကို ကို ကလိထိုးတယ်၊ အစ်ကို အပွ တော့ မင်းကို ပုဆိုးစဆွဲတယ်၊ ဒါပေမဲ့ ကိုညီကိုရယ်တာမောကာနဲ့ ပဲ ပြီးခဲ့တာလေ၊ အခု ရွာမြောက်ပိုင်း မှာ ညီအစ်ကိုသားချင်းတွေ ရန်ဖြစ်နေကြ တယ်၊ သူတို့က ပန်းခင်းထဲမှာ ဓား သိုင်းကနေကြတာ"

ပန်းခင်းထဲမှာ ဓားသိုင်း ကသတဲ့လား၊ အစ်ကို့ တင်စားချက် က ရက်စက်လိုက်တာ၊ ကျွန်တော့် အတွေးမဆုံးခင် အစ်ကိုက စကား ဆက်တယ်။

"ရန်ဖြစ်တော့ လက်ပါလာ တော့တာပေါ့၊ အဆိုးကြီးတော့ မဟုတ်ပါဘူး။ တစ်ယောက်နဲ့ တစ် ယောက် RPG လေးနဲ့ ပစ်ရုံ၊ လောင်ချာလေးနဲ့ ထုရုံပါ"

အစ်ကိုစကားပြောရင် ခနဲ့ သလို ရွဲ့သလို မပြောတတ်သူမို့ လက်ရှိအစ်ကို့ရင်တွင်း ခံစားချက်ကို ကျွန်တော် မှန်းဆနိုင်ခဲ့ပါတယ်၊ အစ်ကို့မျက်နှာမှာ ကြေကွဲရိပ်တွေနဲ့၊ အစ်ကိုစကားတွေ အများကြီးပြော တာ သူ့ဘဝမှာ ဒါ ဒုတိယအကြိမ် ပါပဲ၊ ပထမအကြိမ်တုန်းကတော့ စင်ပြင်ထက်မှာ၊ ခွပ်ဒေါင်း တစ်ကောင်လို အားမာန်ချိုပြီး သတ္တိ တွေ ဖွေးဖွေးနီလို့။ ကျွန်တော် တွေး နေဆဲမှာပဲ အစ်ကို ဆတ်ခနဲ မတ် တပ်ထရပ်လိုက်တယ်။ ပွေ့ထားတဲ့ ဂစ်တာကို စလွယ်သိုင်းလိုက်တယ်။ သူ့ပုံက အနုပညာသမားတစ်ယောက် နဲ့ မတူဘဲ တိုက်ပွဲဝင်တော့မယ့် သူရဲကောင်းတစ်ယောက်လိုမျိုး။ ပါးစပ်က တစ်ခွန်းတည်း ပြောသွား တယ်။

"ရွက်လွှင့်မယ် ညီလေးတဲ့"

♦

အစ်ကိုတစ်ယောက် ဂစ်တာ တစ်လက်၊ အသည်းနှလုံးတစ်ခုနဲ့ လမ်းလျှောက် ထွက်သွားရာ မြံဝကို ကျွန်တော်တို့ တူဝရီးသုံးယောက် နေ့စဉ် မျှော်ရပါတယ်။ အစ်ကို ဆံပင်၊ မုတ်ဆိတ်တွေ ရှည်လာသတဲ့။ မဖြီးမသင်တဲ့ ခေါင်းက ဆံပင်တွေ ပွယောင်းလို့တဲ့၊ အစ်ကို့သီချင်းသံ မှာ ပရိသတ်တွေ နစ်ဝင်စီးမျောရင်း အံကြိတ်၊ တက်ခေါက်သူ၊ သက်ပြင်း ရှိုက်သူ၊ မျက်ရည်စို့သူတွေ စုံလို့ တဲ့။

အစ်ကိုတို့အဖွဲ့ မြို့တကာ၊ နယ်အနှံ့ ရွက်လွှင့်တေးသီရင်း ရသမျှ အနုပညာကြေးတွေကို နွမ်း ကြေနေတဲ့ ပန်းခင်းတွေဆီ ပို့နေ သတဲ့။ ဂျာနယ်တစ်စောင်မှာ အစ်ကို့ ပုံနဲ့ကပ်လျက် လိုဟီးမီးယန်းစတိုင် အပြည့်နဲ့ လူတစ်ယောက်တွေ့လို့ အသေအချာကြည့်လိုက်တော့ ဆရာလေး။ ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်ကို အနုပညာခံစားမှု အားကောင်းအောင် ပျိုးထောင်ပေး ခဲ့တဲ့ အလယ်တန်းကျောင်းရှိရာ ရွာက ဆရာလေးပါ။ ဆံပင်တွေ ဖွေးဖွေးလှုပ်လို့။ ကျွန်တော် ထူးပြီး အံ့ဩမနေတော့ပါဘူး။ ယုံကြည်ရာ ဆီ ဆက်လက်ပြီး ရွက်လွှင့်ပါ အစ်ကို။ ယမ်းနံ့ကင်းလို့ ငြိမ်းချမ်းပြီး ပန်းနံ့သင်းလို့ စိမ်းလန်းတဲ့အချိန်၊ ဂစ်တာတစ်လက်၊ စုတ်တံတစ်ဖက် နဲ့ အစ်ကို အိမ်ပြန်လာမယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ကျွန်တော် ရယ်၊ အစ်ကို့သား ငြိမ်းချမ်းရယ်၊ စိမ်းလန်းရယ် အစ်ကို့ကို ကြိုနေမှာ ပါ။ အခုတော့ . . . လွမ်းတယ် အစ်ကို။

**နေမိုးညို**



# ခင်သန္တာ ချေလိုက်လို့ ကြေသွားတာ များလား

ရ တီ ဝ တ္ထု တို ရ သ

Asian Fame Media Group
AF MEDIA GROUP

နံ့အမှုတိုင်းဟာ ရိုးသားတာ မဟုတ်သလို ရိုးသားမှုတိုင်းကလည်း အားနာခြင်းနဲ့ မသက်ဆိုင်ပြန်ပါဘူး။ အဲဒီအချက် သုံးမျိုးထဲက မောင့်ကို ဘယ်အချက်နဲ့ စွဲချက်တင်ရမှန်း ဟန်နီ မသိတော့ပါဘူး မောင်။ အနေအေးပေမယ့် နံ့အတာမဟုတ်တဲ့ မောင့်ကို ရိုးသားလွန်းတာလား၊ အားနာခြင်း လွန်ကဲတာလားဆိုတာ ခြောက်နှစ်လောက် ပေါင်းသင်းလာတဲ့ ဟန်နီကိုယ်တိုင် မဝေခွဲတတ်တော့ပါဘူး။ တစ်ဖက်သားကို ကူညီတတ်ပြီး အားနာတတ်တဲ့ မောင့်ကို မောင့် အပေါင်းအသင်းတွေကတော့ အပေါင်းအသင်းဆုံတဲ့ သူရယ်လို့ ပြောကြပါတယ်။ အရာရှိငယ်တစ်ယောက်ဖြစ်တဲ့မောင့်ကို အောက်လက်ငယ်သားတွေကလည်း ချစ်သလို၊ အထက်အရာရှိတွေကလည်း ခင်မင်ကြတယ်ဆိုတော့ မောင့်ရုံးအသိုင်းအဝန်းမှာလည်း မောင်က လူချစ်လူခင်ပေါသူတစ်ယောက်ဖြစ်လို့ နေပြန်ပါတယ်။

အစိုးရအဖွဲ့အစည်းမဟုတ်တဲ့ မောင့်ရုံးခန်းကျင်မှာ အထက်အရာရှိ တော်တော်များများက နိုင်ငံခြားသားတွေဖြစ်နေပေမယ့် ဘာသာစကားကျွမ်းကျင်မှုနဲ့ မောင့်ရဲ့ အလုပ်ပေလေးစားမှုတွေကြောင့် တလေးတစားဆက်ဆံခြင်း ခံရသူတစ်ယောက်ပါ။ ဒီလိုလူတစ်ယောက်က အလုပ်ထဲမှာပြဿနာပေါ်တယ်လို့ မောင်ဆိုလာတော့ သာမန်ပြဿနာလောက်ပဲလို့ ဟန်နီသဘောထားမိခဲ့တယ်၊ မောင်ကလည်း ဟန်နီစိတ်ညစ်မှာစိုးလို့ အသေးစိတ်မပြောပြခဲ့ဘူးလေ၊ ပြီးတော့ "မောင့် ဆရာတစ်ယောက်လုံး ရှိပါတယ်၊ မောင်ဘယ်လောက် ရိုးသားတယ်ဆိုတာ ဆရာအသိဆုံးပါ" ဆိုတဲ့ မောင့်ရဲ့စကားတစ်ခွန်းကြောင့် ဟန်နီ သိပ်စိတ်မပူမိတာလည်း ပါပါတယ်။ မောင့်အထက် အရာရှိ ဆရာတွေထဲမှာ မြန်မာတွေလည်းပါပြီး အဲဒီထဲက ဆရာတစ်ယောက်ကို မောင်က သိပ်လေးစား၊ သိပ်ချစ်ခင်တာလေ။ ဆရာကလည်း မောင့်ကို တကယ့် တူသားတစ်ယောက်လို တွယ်တာနေတာဆိုတော့ ဟန်နီ စိတ်မပူမိတာ သိပ်မလွန်ဘူးလို့ ထင်ခဲ့မိတယ်။

အလုပ်ထဲမှာ ပြဿနာမပေါ်ခင် နှစ်လလောက်အလိုက ဟန်းဖုန်းဝယ်ကြမယ်ဆိုပြီး လင်မယားနှစ်ယောက် တိုင်ပင်ဖြစ်ကြတယ်၊ အရေးအကြောင်းဆို မောင့်အလုပ်ထဲကနေ အိမ်ကို ဖုန်းလှမ်းဆက်လို့ရတာပေါ့။ ငါးသိန်းတန်ဖုန်းတွေကလည်းပေါ်လာပြီဆိုတော့ ဒီလောက်မဈေးကြီးတော့ တတ်နိုင်ကြတယ်လို့ ဆုံးဖြတ်ပြီး စုဆောင်းထားတဲ့ ပိုက်ဆံထဲက ငါးသိန်းရှပ်ထောင်းကို ဖုန်းဝယ်ဖို့ မောင့်လက်ထဲထည့်လိုက်တယ်။ ဒါပေမဲ့ တစ်ပတ်ကြာလည်း ဖုန်းကမဝယ်ဖြစ်၊ နှစ်ပတ်ကြာလည်း မဝယ်ဖြစ်နဲ့ ဘာဖြစ်လို့လဲမေးတော့ မောင်မအားသေးလို့ပါ နောက်တစ်ပတ်လောက်စောင့်လို့ ပြောပြန်တယ်၊ တစ်လကြာသည်အထိ ဖြစ်လာတော့ ပိုက်ဆံပြန်ပေးတော့ ကိုယ့်ဘာသာကိုယ်ပဲ ဝယ်တော့မယ် ဘာမှခက်ခဲတဲ့ ကိစ္စလည်းမဟုတ်ဘဲနဲ့ အလေးမထားတဲ့မောင့်ကို ရန်လုပ်မိတော့တယ်။

အဲဒီတော့မှ အလုပ်ထဲက သူ့သူငယ်ချင်းတစ်ယောက်က အရေးတကြီး ငွေလိုလို့၊ တစ်ပတ်ပဲကြာပါမယ် ပြန်ဆပ်ပေးပါမယ်ဆိုလို့ လွှန်ခဲ့

တဲ့လက ငွေငါးသိန်းချေးလိုက်တယ်တဲ့။ တစ်ပတ်နဲ့လည်း မပေး၊ နှစ်ပတ်နဲ့လည်းမပေးနဲ့ တစ်လကြာသွားတော့ မနေ့ကမှ အတိုးယူထားပါဆိုပြီး နှစ်သောင်းခွဲလာပေးသွားလို့ မောင်လည်းစိတ်တိုပြီး သူ့ကိုနစ်နစ်နာနာ ပြောလိုက်မိတယ်၊ မနက်ဖြန်ရအောင် သူရှာပေးပါ့မယ်လို့ ပြောတယ်။ မောင့်ကိုတော့ သူစိတ်ဆိုးသွားတယ်ထင်တယ်တဲ့။ မောင့်သူငယ်ချင်းက ဘာအတွက် အရေးတကြီး ငွေလိုတာလဲလို့ မေးတော့ သူတို့ဘာသာရေးပွဲတော်ရာသီနီးလာတော့ သူ့မိန်းမနဲ့ ကလေးတွေကို အဝတ်အစားအသစ် ချုပ်ပေးချင်လို့ပါတဲ့။ သူက သူ့မိသားစုကို သိပ်တန်ဖိုးထားတဲ့သူဆိုတော့ မောင်လည်း အားနာပြီး ချေးလိုက်မိတာပါတဲ့။ အဲဒီတော့မှ ဟန်နီ မောင့်ကို ပိုပြီးစိတ်တိုမိတယ်။ အဲဒါဆို မောင်က သူ့လို မိသားစုကို တန်ဖိုးမထားလို့ လွယ်လွယ်ကူကူ ငွေချေးလိုက်တာပေါ့လို့ ရန်လုပ်တော့လည်း အဲဒီလိုတော့ မဟုတ်ရပါဘူးလို့ ဆိုပြန်တယ်။

နောက်တစ်နေ့ကျတော့ ပြောတဲ့အတိုင်း ကိုယ့်ပိုက်ဆံကိုယ် ပြန်ရလို့ ဟန်းဖုန်းလည်း ဝယ်လိုက်ကြတယ်။ ဖြစ်တုန်းက စိတ်တိုမိပေမယ့် ကိုယ့်ပိုက်ဆံ ပြန်ရတော့လည်း လင်မယားနှစ်ယောက်က အဲဒီကိစ္စ မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြတယ်။ နောက်တစ်လအကြာမှာ ပြဿနာဖြစ်တော့တာပဲ။ မောင်တာဝန်ကျတဲ့အချိန်မှာ နှုံးပိုင်ပစ္စည်းဖြစ်တဲ့ ပစ္စည်းနှစ်မျိုးပျောက်သွားတယ်။ ပစ္စည်းတန်ဖိုးက သိပ်အရေးမကြီးပေမယ့် အချက်အလက်တွေက သိပ်အရေးကြီးနေတယ်။ အဲဒီပစ္စည်းနှစ်ခုလုံး ထားတဲ့အခန်းက သာမန်ဝန်ထမ်းတွေဝင်ခွင့်မရှိတဲ့ အခန်းဖြစ်နေတယ်၊ အထက်ကို ချက်ချင်းသတင်းပို့တော့ နိုင်ငံခြားသား အရာရှိတွေက နှစ်ပတ်အတွင်း ရုံးပရဝဏ်အတွင်း တယ်နေရာမှာပဲဖြစ်ဖြစ် ပြန်ထားပေးပါ၊ ပြန်ရရင်ပြီးရော အရေးယူမှုတွေ မလုပ်ပါဘူးလို့ တစ်ရုံးလုံးကို ကြေညာလိုက်တယ်တဲ့။

ဒါပေမဲ့ နှစ်ပတ်ကြာသွားပြီတော့လည်း ပစ္စည်းက ပြန်မတွေ့ခဲ့ဘူး။ မောင်ရုံးကပြန်လာတိုင်း ပစ္စည်းတွေ ပြန်တွေ့ပြီလားမေးမိပေမယ့် ပြဿနာရဲ့ အတိမ်အနက်ကိုတော့ ဟန်နီ သေချာမသိခဲ့ပါဘူး။ မောင့်မျက်နှာ တော်တော်ညှိုးနွမ်းပြီး သားလေးအပေါ်တောင် စိတ်မရှည်တော့တဲ့ အမူအရာတွေ တွေ့ရတော့ သူ့ဘာသာ လွတ်လွတ်လပ်လပ်နေပါစေဆိုပြီး ထားလိုက်မိတယ်။ အဲဒီနောက်တော့ နိုင်ငံခြားသားအရာရှိတွေက ပစ္စည်းပျောက်တဲ့နေ့က တာဝန်ကျ ဝန်ထမ်းအားလုံးကို သက်ဆိုင်ရာရဲလက်အပ်ပြီး စစ်ဆေးခိုင်းတော့မယ်လို့ ကြေညာလိုက်တော့တယ်။ နောက်နှစ်ရက်ကြာတော့ ပစ္စည်းတစ်မျိုးကို ရုံးဝန်းရဲ့ တစ်နေရာမှာ ပြန်တွေ့ရတော့တယ်တဲ့။

ပြန်တွေ့တဲ့ပစ္စည်းမှာ လက်မွေ့ရာ လုံးဝရှာမရဘဲ ဖြစ်နေကြတယ်တဲ့။ အမြင်ကိုလည်း ပိုပြီး မအပ်ချင်ကြတာမို့ ရုံးတွင်းမှာပဲ စစ်ဆေးမှုတွေ လုပ်ကြတယ်။ မသင်္ကာမှု အရှိဆုံးခံရတဲ့အထဲမှာ မောင်ပါနေလို့ဆိုပြီး အိမ်ကို ဖုန်းလှမ်းဆက်တယ်။ နှစ်ရက်ဆက်တိုက် အိမ်ပြန်မလာတော့ဘဲ ရုံးမှာ နေနေရတယ်။ စိတ်ပူမိပေမယ့် ကိုယ်ဘာမှ လုပ်ပေးနိုင်တဲ့ကိစ္စ မဟုတ်တော့လည်း ဖုန်းသတင်းပဲ မျှော်နေရတယ်၊ တစ်ပတ်လောက်ကြာမှ မောင်အိမ်ကို ပြန်ရောက်လာတယ်။ လုံးဝမတွေ့ဖူးတဲ့ သူစိမ်းတစ်ယောက်လို ဖြစ်နေတဲ့ မောင့်ပုံစံကြောင့် ဟန်နီ တော်တော်လန့်သွားခဲ့ရတယ်။ ဘာတွေဖြစ်လာတာလဲ ပြောပြပါဦးလို့မေးတော့ မချိပြုံး ပြုံးပြီး အခုတော့ အားလုံးပြီးဆုံးသွားပါပြီလို့ ပြန်ပြောတယ်။

မောင့်စိတ်တည်ငြိမ်တဲ့ အချိန်မှ ပြန်ပြောတဲ့ ဇာတ်လမ်းက ရုပ်ရှင်တွေထဲက ဗီလိန်ဇာတ်လမ်းတွေထက် သာနေတယ်။ မောင်က "ဟန်နီ အခုချိန်မှာ ပြဿနာက အားလုံး အေးအေးချမ်းချမ်းပြီးဆုံးသွားပြီမို့ စိတ်အေးအေး နားထောင်နော်" လို့ စလာပါတယ်။ သင်္ကာမကင်းခံရတဲ့သူတွေထဲမှာ ဖြစ်နိုင်ခြေအနည်းဆုံးကို ဆွဲထုတ်လာလိုက်တာ နောက်ဆုံးမှာ မောင်နဲ့မောင့်သူငယ်ချင်းနှစ်ယောက်ပဲ ကျန်တော့တယ်။ ဟန်နီက မောင့်သူငယ်ချင်းဆိုတာလို့မေးလိုက်တော့ ဟိုတစ်လောက မောင်ပိုက်ဆံချေးလိုက်တဲ့တစ်ယောက်လေလို့ ပြန်ဖြေတယ်။ စစ်ဆေးတဲ့ အဖွဲ့ထဲမှာ နိုင်ငံခြားသား အရာရှိတွေနဲ့ မြန်မာအရာရှိ နှစ်ယောက်ပါတယ်။ မောင့်ဆရာ အပါအဝင်ပေါ့။

မသင်္ကာခံရတဲ့သူ နှစ်ယောက်စလုံးကို အကြိမ်ကြိမ်စစ်မေးပြီးတဲ့အခါမှာတော့ နိုင်ငံခြားသား အရာရှိတစ်ယောက်က မောင့်ကို ကျန်နေသေးတဲ့ ပစ္စည်းတစ်မျိုးကို ပြန်ပေးပါလို့ တောင်းလာတယ်။ မောင့်မှာ ဘာမှမယူထားလို့ ပေးစရာမရှိပါဘူးဆိုတဲ့အပြောကို မောင့်သိပ်ချစ်



တဲ့ဆရာက အခုချိန် မင်းပြန်ပေးလိုက်ရင် အလုပ်ထိခိုက်နိုင်ပေမယ့် ဖမ်းဆီးချုပ်နှောင်ခြင်းတွေ မခံရအောင် သူကူညီနိုင်ပါတယ်တဲ့။ ဟန်နီရယ် မောင်လေ အံ့သြလွန်းလို့ စကားတောင် ဆက်မပြောနိုင်ခဲ့ဘူး' တဲ့။ ပြောပြနေတဲ့ မောင့်မျက်နှာမှာ ကြေကွဲမှုကို ဟန်နီမြင်နေရတယ်။

"နောက်ဆုံးမှာတော့ နိုင်ငံခြားသား အရာရှိတစ်ယောက်ရဲ့ စေ့စပ်သေချာမှုကြောင့် ပစ္စည်းခိုးသူဟာ မောင်မဟုတ်မှန်း သိသွားခဲ့ကြတယ်။ စစ်ဆေးရေးအဖွဲ့ထဲမှာ အဲဒီစေ့စပ်သေချာတဲ့ အရာရှိတစ်ယောက်သာ

တိုက်တိုက်ဆိုင်ဆိုင် ဓာတလေး ရောင်းတဲ့သူတွေ ရှိနေတာမို့ ဒီနေရာမှာပဲ ယကြာချေတော့မယ် ဆိုပြီး ဓာတလေးတွေကို လွှတ်ဖို့ သားအမိ နှစ်ယောက် ဝယ်လိုက်ကြတယ်။ တစ်ယောက်တစ်ကောင်ကိုင်ပြီး လွှတ်ဖို့လုပ်နေတော့ သားက ပျော်လွန်းလို့ ခုန်ဆွခုန်ဆွတောင် လုပ်နေသေးတယ်။ ဟန်နီလည်း ငါးစဉ်က နှုတ်ဖျားလေး ''မောင့်မှာ ငွေကြေးတွေရှိခဲ့ရင်လည်း ဒီလောက်နိုသာ ကျေပါစေလို့'' ဆုတောင်းနေမိတယ်။



Asian Fame Media Group

ပါမလာခဲ့ရင် အမှုပေါ်ရေးအတွက် သူတို့ မောင့်ကိုထိုးကျွေးကြတော့မှာ လို့ ပြန်သိလိုက်ရတဲ့ အချိန်မှာ လောကကြီးမှာ ဘယ်သူကိုမှ မယုံရပါလားလို့ခံစားလိုက်ရတယ်။ ပစ္စည်းယူထားတဲ့ သူငယ်ချင်းကလည်း ပစ္စည်းကို တကယ်လိုချင်လို့ မဟုတ်ဘဲ မောင့်ကို မကျေနပ်လို့ ဒုက္ခပေးချင်တာနဲ့ လုပ်ခဲ့တာပဲ။ မောင် ရိုးရိုးသားသားနေခဲ့တယ် သူများအပေါ် အားနာတတ်ခဲ့တယ် လူတွေကို ကူညီနိုင်သလောက် ကူညီခဲ့ပါတယ်။ ဒါပေမဲ့ အရေးကြုံလာတော့ လောကကြီးက အဲဒီလိုလူအတွက် မျက်နှာသာမပေးခဲ့ပါလား"တဲ့။ မောင်ကတော့ သူ့ရင်ထဲရှိတာတွေ အကုန်ထုတ်ပြောလိုက်ရလို့ ပေါ့ပါးသွားပုံရတယ်။ ဟန်နီမှာသာ မောင့်ကိုယ်စား ရင်နင့်ပြီး ကျန်ခဲ့ရတယ်။

အဖြစ်အပျက်ပြီးလို့ နှစ်ပတ်လောက်ကြာတော့ မောင့်ဆရာဆိုသူက အိမ်ကိုရောက်ချလာတယ်။ ပြီးတော့ မောင့်ကို "မင်းငါ့ကို ဘာလို့ရှောင်နေတာလဲ" လို့မေးတယ်။ အစကတော့ မောင်က "ဆရာ့ကို ကျွန်တော်မရှောင်ပါဘူး" လို့ ဖြေသေးတယ်။ ဆရာက နှစ်ခါသုံးခါ ထပ်မေးတော့ "ဟုတ်တယ် ကျွန်တော် ဆရာ့ကိုမယုံတော့လို့" ပြန်ဖြေသံ ကြားလိုက်ရတယ်။ ဆရာနဲ့အတူ ဟန်နီပါမောင့်ကို ဖျောင်းဖြသွားရတယ်။ မောင်က ဘယ်တော့မှ လူတစ်ယောက်ကို အဲဒီလိုပြောတတ်တဲ့ သူမှ မဟုတ်တာ။ မောင့်ဆရာကတော့ သူ့ရဲ့ဆုံးဖြတ်ချက် ညံ့ဖျင်းမှုကြောင့်သာ ဖြစ်ရတာပါ၊ တမင်ရည်ရွယ်ပြီး လက်လွှတ်စပယ် လုပ်ခဲ့တာ မဟုတ်ဘူးလို့ ဆိုပါတယ်။ ဒါပေမဲ့ အေးစက်နေတဲ့ မောင့်အမူအရာတွေကတော့ ပြောင်းလဲမသွားတော့ပါဘူး။

ဟန်နီ မောင့်အတွက် တော်တော် စိတ်မကောင်းဖြစ်သွားရတယ်။ မိန်းမတို့ထုံးစံအတိုင်း ကောက်ရိုးတစ်မျှင်ဆွဲတယ်လို့ ဆိုဆိုဗေဒင်တောင် သွားမေးကြည့်ဖြစ်တယ်။ ဗေဒင်ဆရာက ဇာတာရှင်မှာ အချုပ်နှောင်ခံရမယ့် ကံဇာတာတွေ တွေ့နေရတယ်။ အညံ့တွေပြေပျောက်သွားတောင် ယတြာချေတဲ့ အနေနဲ့ စာကလေးတွေ လွှတ်ပေးပါတဲ့။ ဗေဒင်မေးပြီးအပြန် ဟန်နီတို့ သားအမိနှစ်ယောက် မနက်စာကို မြို့ထဲက နာမည်ကြီးလက်ဖက်ရည်ဆိုင်တစ်ခုမှာ ဝင်စားကြတယ်။ အဲဒီဆိုင်မှာ ဟန်နီတို့မိသားစုက လာစားနေကျ။ ဆိုင်အဝန်းအဝိုင်းက ကျယ်ဝန်းလှပြီး အစားအသောက်မျိုးစုံလည်း ရတယ်။ ချက်တဲ့ပြုတ်တဲ့နေရာကိုပါ စားသုံးသူတွေက လှမ်းမြင်ရအောင် ဖန်တီးပေးထားတယ်။ သန့်ရှင်းသပ်ရပ်ပြီး ကားဝင်ရှောနဲ့ ပရိဘောဂဆိုင်ပါ တွဲဖွင့်ထားတယ်။

ဆိုင်ရဲ့ဖွဲ့စည်းပုံက ပလက်ဖောင်းပေါ် မေးတင်ထားတဲ့ ပုံစံလေး။ ထူးခြားချက်ကတော့ ဆိုင်ရှေ့မှာ အရမ်းကိုလှပလွန်းတဲ့ ညောင်ပင်အကြီးကြီး တစ်ပင်ရှိတယ်။ အရွက်တွေက ကန့်လန့်ကာထိုးထားသလို တွန့်လိမ်နေပြီး စိမ်းစိုလှပလွန်းတယ်။ အဲဒီလောက်လှတဲ့ ညောင်ပင်က ရန်ကုန်မြို့လယ်ခေါင်မှာ ရှိနေတာဆိုတော့ ပိုပြီးထူးခြားတယ်။ ညောင်ပင်ကြီးအောက်မှာ ဘိုးဘိုးအောင်နဲ့ ဘိုးမင်းခေါင်တို့ရဲ့ ရုပ်တုအကြီးနှစ်ရုပ်ကိုချထားပြီး လှူဖွယ်ပစ္စည်းတွေနဲ့ ပူဇော်ပသထားတယ်။ အရင်ကဟန်နီသတိမထားမိခဲ့တာ တစ်ခုကတော့ အဲဒီဆိုင်ရှေ့ပလက်ဖောင်းပေါ်မှာ စာကလေးတွေ ရောင်းနေတဲ့သူတွေကိုပါ။

တိုက်တိုက်ဆိုင်ဆိုင် စာကလေးရောင်းတဲ့သူတွေရှိနေတာမို့ ဒီနေရာမှာပဲ ယတြာချေတော့မယ်ဆိုပြီး စာကလေးတွေကို လွှတ်ဖို့ သားအမိနှစ်ယောက် ဝယ်လိုက်ကြတယ်။ တစ်ယောက် တစ်ကောင်ကိုင်ပြီး လွှတ်ဖို့လုပ်နေတော့ သားက ပျော်လွန်းလို့ ခုန်ဆွခုန်ဆွတောင် လုပ်နေသေးတယ်။ ဟန်နီလည်း ပါးစပ်ကနေ တိုးတိုးလေး "မောင့်မှာ ဝဋ်ကြွေးတွေရှိခဲ့ရင်လည်း ဒီလောက်နဲ့သာကျေပါစေလို့" ဆုတောင်းနေမိတယ်။ ပြီးတော့ သားအမိနှစ်ယောက် တစ်ပြိုင်တည်း စာကလေးတွေကို လွှတ်လိုက်တဲ့ အချိန်မှာတော့ ဘယ်လိုမှ မျှော်လင့်မထားတဲ့ အဖြစ်အပျက်က ဖြစ်သွားတော့တယ်။

စာကလေးနှစ်ကောင် လေထဲမှာ ပျံသန်းခါစပဲ ရှိသေးတယ် ညောင်ပင်ကြီးပေါ်ကနေ ကျီးကန်းတစ်အုပ်က ပြေးထွက်လာပြီး လေထဲမှာပင် အဲဒီစာကလေးတွေကို တစ်စစီ ဝိုင်းဆွဲပြီး စားပစ်လိုက်ကြတယ်။ မြန်ဆန်လွန်းတဲ့ အဖြစ်အပျက်ကြောင့် ဆိုင်ထဲကလူတွေကလည်း ဟာခနဲ ဟင်ခနဲနဲ့ ဝိုင်းအော်လိုက်ကြသည်၊ သားလေးကတော့ အော်ငိုပါလေရော။ ဟန်နီလည်း ရင်ထဲမှာ တုန်ရင်လာပြီး သားနဲ့အတူ ငိုချလိုက်မိတော့တယ်။ ဘေးကလူကြီးတစ်ယောက်က ဒီကောင်တွေ သိရက်သားနဲ့ ကြိုမပြောဘူး၊ သူတို့ရောင်းရရင်ပြီးရော ဆိုပြီး လုပ်လိုက်ကြတာ နေမှာတဲ့။ အဲဒီတော့မှ ဟန်နီစာကလေးရောင်းလိုက်တဲ့ ကောင်လေးကို ရန်တွေ့ဖို့ သတိရတယ်။ "မင်းတို့ တော်တော် အသည်းနှလုံးမရှိတဲ့ ဟာတွေပဲ။ ဒီကျီးကန်းတွေရှိတာ မင်းတို့ ကြိုသိနေတယ်မလား" လို့ဆိုတော့ ကျွန်တော် ပြောမလို့လုပ်နေတာ အန်တီတို့က လွှတ်တာ စောသွားလို့ပါတဲ့။

သူတို့ ကြိုပြောလိုက်ရင် ဒီနေရာမှာ ဘယ်သူကမှ စာကလေးတွေကို လွှတ်မှာ မဟုတ်တော့ဘူးလေ။ ကျီးကန်းဆိုတဲ့အမျိုးက အသဲတွေဆူညံပြီး အာနေတတ်ကြတာပါ။ ဒီနေရာမှာ ဒီလိုစားနေရမှန်းသိလို့သာ အသံတိတ်ပြီး ငြိမ်နေကြတာ နေမှာ။ ညောင်ပင်ရှိတဲ့ ပတ်ဝန်းကျင်မှာ ကျီးကန်းအပါအဝင် တခြားငှက်ကြီးတွေ ရှိနိုင်တယ်ဆိုတာ သတိမထားလိုက်မိတဲ့ ဟန်နီရဲ့ ညံ့ဖျင်းမှုကြောင့်လား။ တမင်ရည်ရွယ်တာ မဟုတ်ပေမယ့် အဖြစ်အပျက်ကတော့ ဖြစ်ပြီးသွားခဲ့ပြီ။ လောကကြီးမှာ လူဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ် ကိုယ့်အခွင့်အရေးကို ထိခိုက်လာတော့မယ်ဆိုရင် အရာရာကို မသိကျိုးကျွန် ပြုတတ်ကြတာတော့ အတူတူပါပဲလား။ မောင့်အတွက် အညံ့တွေ ကြေပျောက်အောင် ချေလိုက်တဲ့ ယတြာက ကျီးကန်းတွေအတွက် ထိုးကျွေးလိုက်တဲ့ အစာဖြစ်သွားရတယ်ဆိုတာ မောင့်ကို ဟန်နီ ဘယ်လိုပြောရပါ့။

ခင်သန္တာ



Asian Fame Media Group

အသက်အားဖြင့် မောင်သည် ခင်လေးထက် လေးငါးနှစ်ကြီးသည်။ မောင်ဘွဲ့ရပြီး တက္ကသိုလ်မှ အထွက် ခင်လေးတက္ကသိုလ်သို့ ရောက်ခဲ့ခြင်းဖြစ်သည်။ မောင့်ညီမကို ကျောင်းသို့ ရံဖန်ရံခါလာပို့ရင်း ခင်လေးနှင့် တွေ့ဆုံကြရ ရင်းနှီးခဲ့ကြရခြင်းဖြစ်၏။ စာရင်းကိုင်ဘာသာရပ်ဖြင့် ဘွဲ့ရသော မောင်သည် အလုပ်ရပြီးမှ ခင်လေးကို ချစ်ခွင့်ပန်ခြင်းဖြစ်သည်။ မောင့်ကို နဂိုကတည်းကပင် စိတ်ညွှတ်ပြီးဖြစ်သော ခင်လေး ပျော်ရွှင်သည်ပေါ့။ ချစ်သူများ ဖြစ်သွားကြသည်ပေါ့။ နှစ်ဖက်မိဘများဆွေမျိုးများ၏ ဆန့်ကျင်ခြင်းမရှိသော ကံကောင်းသည့် ချစ်သူများဖြစ်ကြပါသည်။ ခင်လေးသည် အလုပ်မလုပ်ဘဲ နေနိုင်လောက်သည့် မိသားစုမဟုတ်။ အားလုံးကိုယ့်အတွက်ကိုယ် အလုပ်လုပ်ကြရသည်။ မိသားစုဝင်များအချင်းချင်း ထောက်ပံ့ရန်မရှိ။ တစ်ယောက်အတွက် တစ်ယောက်က တာဝန်ယူရန်မလို။ မောင်နှမအားလုံးကိုယ့်ဘာသာ ရပ်တည်နိုင်ကြသည်။ မိဘနှင့် နေစရာအိမ်ရှိသည်။ မိဘက အစားအသောက်ကျွေးနိုင်သည်။ ဒါပါပဲ၊ ကိုယ်ဒုးကိုယ်ချွန် ကိုယ့်လမ်းကိုယ် လျှောက်ကြရမှာတော့ ခင်လေးတို့ မောင်နှမတွေအားလုံး အသိရှိသည်။ ခင်လေးရဲ့မေမေ ကျောင်းဆရာမကြီးက အမြဲတစ်စေ သတိပေးတတ်သော "3 R" ကို အားလုံးလက်ခံကြသည်။ ဟုတ်ကဲ့၊ "3 R" ဆိုသည်မှာ လူတစ်ဦးတွင်ရှိထိုက်သော အရည်အချင်းဖြစ်သည်။

Responsibility သည် တာဝန်ယူမှု၊ တာဝန်သိမှု၊ အနည်းဆုံး မိမိကိုယ်ကိုယ် တာဝန်ယူနိုင်ရမည်။ မိသားစုအတွက် တစ်နိုင်တစ်ပိုင် ဝေမျှ၍တာဝန်ယူတတ်ရမည်။ ပတ်ဝန်းကျင်အတွက်လည်း တာဝန်ယူရမည်။ နိုင်ငံအတွက် တာဝန်ယူရမည်။ မေမေသည် စာသင်ခန်းမှ "မိမိကိုယ်ကို ကောင်းအောင် ကြိုးစားမည်၊ မိမိအတန်းကို ကောင်းအောင် ကြိုးစားမည်။ မိမိကျောင်းကို ကောင်းအောင် ကြိုးစားမည်၊ မိမိတိုင်းပြည်အတွက် ကောင်း



Asian Fame Media Group


သရက်မသက်ဆွေ
မောင်ရယ် ခင်လေးရယ်
ပြီးတော့ ...
ရ တီ ဝ ဿ တို ရ သ

ခင်လေးနဲ့မောင့်မှာ ကွဲပြားမှုတွေ ရှိသေးပါတယ်။ ဥပမာ မောင်က air -con မကြိုက်ဘူး။ ခင်လေးက ကြိုက်တယ်။ air-con နည်းနည်းလျှော့လိုက်ရင် ရပါတယ်။ မောင်က အချိုကြိုက် ခင်လေးက အစပ်ကြိုက် ဘာဖြစ်လဲ ကိုယ်ကြိုက်တာ ကိုယ်စားလို့ရတာပါပဲ။ မောင်က အိပ်ပုတ်၊ ခင်လေးက အစောကြီး ထတတ်၊ ကိစ္စမရှိဘူးလေ။ မောင်က နည်း နည်းစော၊ ခင်လေးက နည်းနည်း နောက်ကျ၊ ဒါဆိုပြီးတာပဲနော် . . . .

အောင် ကြိုးစားမည်" ဆိုသည့် ကျောင်းကောင်စီ သီချင်းမှုကို ယူခြင်းပင်။

Responsibility ရှိသူ၊ သိသူ သည် မိမိကိုယ်ကိုရော ပတ်ဝန်းကျင် မှပါ စိတ်ချယုံကြည်အားကိုးလောက် သူဖြစ်၏။ အညွှေအသွေးကောင်း မွန်သူဖြစ်ပါသည်။ Reliable ဖြစ် သည့်ပေါ့၊ ထိုအခါ ထိုသူသည် အလိုအလျောက် Respectable ဖြစ်၏။ ဂုဏ်သိက္ခာရှိသော ရုပ်သွင် အပြုအမူ၊ ကောင်းသော အရည် အချင်းပြည့်ဝသည်။ လေးစားထိုက် သည်။ မေမေက သူ့ရဲ့ "စံ" ဖြစ် သော "3R" နှင့် သူ့သားသမီးတွေ ကို ဆုံးမသူ ဖြစ်၏။ ခင်လေးတို့မှာ ဖခင်မရှိတော့၊ ငယ်စဉ်ကပင် ကွယ် လွန်ခဲ့ပြီး အမေလည်းအမေ အဖေ လည်းအမေ ဖြစ်နေပါတော့သည်။

မိမိကိုယ်ကိုယ် ကောင်းအောင် ကြိုးစားသော်လည်း မောင့်ကိုတော့ ဘာခြွင်းချက်မှ မထားဘဲ၊ အလို အလျောက် ချစ်မိသွားခြင်းဖြစ်၏။ လှလှပခြင်း၊ စောင့် ကြည့်ခြင်း အကဲခတ်



ခြင်း၊ ညှိနှိုင်းခြင်း၊ စုံစမ်းခြင်းမရှိခဲ့၊ ကံကောင်းထောက်မ၍ မောင်သည် လူလတ်တန်းစား မိသားစုမှ သား လိမ္မာတစ်ယောက် ဖြစ်နေခဲ့သည်။ မောင့်အချစ်ကို လက်ခံပြီးမှ မောင့် ညီမထံမှ မောင့်အကြောင်း မေးဖြစ် ခဲ့သည်။ ရယ်စရာတော့ အကောင်း သား။

မောင်သည် နည်းနည်းထူးဆန်း သောသူတော့ ဖြစ်သည်တဲ့၊ အရေး တကြီး ဖြစ်ရမည့်ကိစ္စတွေမှာ ခပ် အေးအေးရှိတတ်ပြီး။ အသေးအဖွဲ လေးတွေကျတော့ တစ်ခါတစ်ရံ အရေးကြီးတတ်ပြန်ရောတဲ့။ အလို မကျသည့်အခါများတွင် ရံဖန်ရံခါ ဒေါသတကြီး ထအော်တတ်သည် တဲ့။ အိပ်ရာထမျှင်းသောကြောင့် နိုး လှူင်လည်း မကျေနပ်ခြင်းများစွာနှင့် မြည်တွန်တတ်သေးသည်တဲ့၊ အိပ် ရေး ဟောက်သံနည်းနည်း ထွက် တတ်သည်တဲ့။ အလိုအလျောက် လိုက်လျောညီထွေ ဖြစ်သွားရင်တော့ သိပ်ချစ်ဖို့ ကောင်းသည်ဆိုပဲ။ ခင် လေးကတော့ ရယ်မောပစ်ခဲ့သည်၊ ဒါလေးများကွယ်လို့ပဲ သူငယ်ချင်းကို ပြုံးရယ်ပြုမိသေးသည်။

ခင်လေးသွဲ့ရပြီး အလုပ်ရှာ သောအခါမှာတော့ မောင်နှင့် အတိုက်အခံပြုရသည်။ သူလုပ်ကျွေး မှာမို့ အလုပ်လုပ်ဖို့ မလိုပါတဲ့။ ခင်လေးကလည်း အလုပ်မလုပ်ရ လျှင် မဖြစ်၊ ခင်လေးတို့ မိသားစု အားလုံး အလုပ်လုပ်ကြသည်။ ဒါအစဉ်အလာပဲလို့ပြောတော့ မောင် စိတ်ညစ်သွားသည်။ ခင်လေး မေမေ ရဲ့ "3R" အကြောင်းပြောပြတော့ "ဒီလိုလား၊ ဒီလိုလား" ဟုပြုံး ပျော်သွားသည် "မောင့်ကိုရော ခင်လေးရဲ့ " 3R " နဲ့ ညီကြည့် သေးလား" ဟု မေးသည်။ "ခင်လေး က မောင့်ကို ခြွင်းချက်မရှိ ချစ်တာပါ မောင်" လို့ ရိုးသားစွာ ပြောပြတော့ "တော်သေးတာပေါ့ကွာ" တဲ့။ "ဒါပေမဲ့ မောင်လည်း ခင်လေးရဲ့ "3R " ပါပဲ" လို့ ရယ်မော ပျော်ရွှင်စွာ ပြော ဖြစ်သည်။

ခင်လေးက အသက် နှစ်ဆယ့်သုံး နှစ်ဆိုတာ ငယ်သေးသည်။ အသက် နှစ်ဆယ့်ငါးနှစ်မှ အိမ်ထောင်ပြု ချင်သည်ဟု ဈေးဆစ်မိသည်။ ဒါဆိုမောင်က အသက်သုံး ဆယ်ဖြစ် သွားတော့မှာဟု စောဒကတက် သည်။ နောက်ဆုံးမှာ ခင်လေး နှစ် ဆယ့်လေး မောင် နှစ်ဆယ့်ကိုးမှာ လက်ထပ်မယ်လို့ ပြောဖြစ်သွားကြ သည်။ "အေးလေ" မောင်လည်း ငွေပိုစုမိသွားတာပေါ့ကွာ"ဟုတော့ သူ့ သဘောနှင့်သူပဲ အချိန်သတ်မှတ် သလိုတော့ ပြောသေးသည်။

မေမေ့မှာ သားသမီးတွေ အိမ် ထောင်ကျလျှင် ပေးရန်ငွေအသင့် အတင့်ရှိသည်။ အကြီးနှစ်ယောက် အိမ်ထောင်ခွဲသွားပြီ၊ ခင်လေးတို့ မောင်နှမနှင့် မေမေ အတူနေသည်။ ခင်လေး အလုပ်လုပ်စဉ်လည်း ငွေ စုမိသည်။ ဘဏ်တိုက်မှာလုပ်သည်မို့ လစာအပြင် Bonus ပါရသေး သည်။ အားလပ်ချိန်အချို့မှာ ဆယ် တန်းကလေးတွေကို ဂိုက်လုပ်ပေး သည်။ ခုတော့ ခင်လေးမှာ ငွေတော် တော်စုမိသွားပြီ။ တစ်သက်လုံး စည်းကမ်းနှင့်နေခဲ့သော ခင်လေး၊ သနပ်ခါးမှလွဲ၍ ဘာမှအသုံးမပြု တတ်သော ခင်လေးရသမျှ စုမိရ သည်လေ။ ခင်လေးက မောင့်မှာ ဘယ်လောက်ငွေရှိသည်မသိ၊ မေးရ မှာ ငွေမက်သလိုဖြစ်မှာ စိုးသည်။ မောင်လည်း ခင်လေးကို ချစ်သည်ပဲ။ ခင်လေးထက်ပိုပြီး စုမိမှာပေါ့။ သူက အပေါင်းအသင်းတွေလည်း များတော့ သူ့တို့လုပ်ငန်းတွေမှာ အချိန်ပိုလိုက်ပြီး လုပ်ပေးနေရသည် လည်း ရှိသည်။ သူ့ပင်ကိုအလုပ်က တော့ ဘကြီးတစ်ယောက်ရဲ့ကုမ္ပဏီ မှာ မန်နေဂျာဆိုတော့ မဆိုးဘူးဆိုရ မည်။ ခင်လေးက မောင့်အလုပ်တွေ ဝင်ငွေတွေ စိတ်ဝင်စားလျှင် ငွေမက် သလို ဖြစ်မှာစိုးသည်။ ဘယ်တော့မှာ ဘာမှမမေးဖြစ်။ မောင်ကလည်း မပြော။ "မောင့် သူငယ်ချင်းက စင်ကာပူမှာ သွားအလုပ်လုပ်နေ တာ၊ ခုသူ့မိသားစုပါ ခေါ်သွားတော့ မှာ။ ရန်ကင်းက အိပ်ခန်းနှစ်ခန်းပါတဲ့ ပထမထပ်ရောင်းဖို့ရှိတယ်။ မောင် တို့ လက်ထပ်ဖို့ရည်ရွယ်ထားတဲ့ ငွေတွေ တိုက်ခန်းဝယ်လိုက်မလား လို့။ လက်ထပ်ရင် ကန့်ကျစရိတ်

လောက် တိုက်ခန်းက မကျဘူး။ နည်းနည်းတောင် ပိုနိုင်သေးတယ်"

"ခင်လေးကို ဘာမှ မပြောဘဲနဲ့ မောင့်ဘာသာ စီစဉ်တယ်ပေါ့လေ" လို့ ခင်လေးက ငိုသံတစ်ဝက်နှင့် ပြောတော့ မောင် ပြာပြာသလဲဖြစ်သွားသည်၊ မောင်က ကျိုးကြောင်းကျနစွာ ရှင်းပြ၊ ခင်လေးနှင့် ခုလို တိုင်ပင်ပြီးမှ စီစဉ်မှာပါလို့ ပြောပြနေသော်လည်း ခင်လေးသည် ဘာမှ မပြောသေးဘဲ သူ့အိပ်ခန်းထဲ ပြေးဝင်သွားတော့သည်။ ဧည့်ခန်းထဲတွင် စာထိုင်ဖတ်နေသော မေမေ့ကို မောင်က အဖြစ်အပျက်တွေ သွားရှင်းပြ ပြောပြတော့ မေမေမှာလည်း တအံ့တသြ။

ချစ်သူ သတ်တမ်းတစ်လျှောက် တစ်ခါမှ မျက်ရည်ပေါက်ကြီးငယ်ကျသည် အထိ စိတ်မကောက်သူ ခင်လေးကို မောင်တကယ်ပဲ ထိတ်လန့်အံ့သြမိသည်။ မေမေက နောက်နေ့မှ လာပါ၊ သူ့မေးကြည့်ပါဦးမယ် ဆိုလို့ ပြန်ခဲ့ရသော်လည်း အမှန်တော့ ခင်လေးအိပ်ခန်းထဲမှ ထွက်လာသည့်တိုင် ထမင်းစားပွဲမှာပဲ ထိုင်စောင့်နေချင်သည်၊ ကိုယ်တိုင်မေးချင်နေမိသည်ကတော့ အမှန်။ ဘယ့်နှယ် အိမ်ထောင်ဘဝစစချင်း ကိုယ်ပိုင်တိုက်ခန်း အဆင်သင့်ရှိသည့်အတွက် ငိုကြီးချက်မဖြစ်သွားသော သတို့သမီးဆိုတာ ဒီလောကမှာ ရှိတတ်သည်ကတော့ မောင့်ကိုယ်တွေ့ပါပဲ။

"မောင် ခင်လေး မောင်နဲ့ မျက်နှာချင်းဆိုင် မပြောချင်ဘူး။ ခင်လေးပြောနေတုန်း မောင်ဝင်ဝင်ပြီး ဟိုဒီတွေမေးမှာလည်း မဖြေချင်ဘူး။ မဖြေနိုင်ဘူး။ ဒါကြောင့် စာနဲ့ပဲ ရေးပြီး ပြောရတာ။

ခင်လေးက မောင်နဲ့လက်ထပ်ရမှာပဲ တွေးထားတာ။ မောင်နဲ့ အိမ်ထောင်ကျရမှာလို့ တစ်ခါမှ မတွေးမိဘူး။ မောင်က ခင်လေးတို့နေဖို့ တိုက်ခန်းက ဘယ်လောက်အရေးကြီးတာတွေ ရှင်းပြသေးတာ၊ မောင့်အယူအဆက ဒီတိုက်ခန်းက ခင်လေးတို့အတွက် "solid investment" လို့လည်း ပြောတယ်နော်၊ ခိုင်မာတဲ့၊ တည်မြဲတဲ့ ရင်းနှီးမြှုပ်နှံမှုပေါ့။ ဟုတ်လားမောင်။ ပြန်ရောင်းရင်တောင် အမြတ်အစွန်းရှိတဲ့ ရင်းနှီးမြှုပ်နှံမှုပေါ့။

ခင်လေးနဲ့မောင့်မှာ ကွဲပြားမှုတွေ ရှိသေးပါတယ်။ ဥပမာ မောင်က air-con မကြိုက်ဘူး ခင်လေးက ကြိုက်တယ်။ air-con နည်းနည်းလျှော့လိုက်ရင် ရပါတယ်။ မောင်က အချိုကြိုက် ခင်လေးက အစပ်ကြိုက် ဘာဖြစ်လဲ ကိုယ်ကြိုက်တာ ကိုယ်စားလို့ရတာပါပဲ။ မောင်က အိပ်ပုတ်၊ ခင်လေးက အစောကြီးထတတ်၊ ကိစ္စမရှိဘူးလေ။ မောင်က နည်းနည်းစော၊ ခင်လေးက နည်းနည်းနောက်ကျ၊ ဒါဆိုပြီးတာပဲနော်။ အဲလိုတွေပေါ့ မောင်ရာ၊ ဘာမဆိုတစ်ယောက်အကြိုက် တစ်ယောက်လိုက်တာ အတိုးအလျှော့လေးတွေနဲ့ ဘဝမှာ လက်တွဲလို့ရပါတယ်။

ဒါပေမဲ့ မောင်ရယ် ခင်လေးက အခမ်းအနားလေးတွေနဲ့ လက်ထပ်ချင်တယ်။ ဒါကိုပြောရတာ ရှက်စရာများ ကောင်းနေမလားတော့ မသိဘူးပေါ့။ လူကြီးတွေ ကလည်း ခင်လေးများ ဘာယ်လိုများ ပြောကြမလားပဲနော်။

ဟုတ်ပါတယ်မောင်၊ နေဖို့တိုက်ခန်းက solid ဖြစ်ပါတယ်။ သိပ်ကောင်းတဲ့ investment ပါပဲ။ ခင်လေးအတွက်တော့ အဲဒီထက်ကောင်းတဲ့ အဲဒီထက် solid ဖြစ်တဲ့ investment ရှိနေပါတယ်။ အဲဒါကတော့ လက်ထပ်ပွဲအခမ်းအနားပါပဲ။ ခင်လေးက ဒီလိုစဉ်းစားတယ်လေ။ အဲဒီလက်ထပ်ပွဲလေးဟာ ခင်လေးတို့ရဲ့ တစ်ဘဝလုံးသက်ဆုံးတိုင် အမြဲအမှတ်တရလေးဖြစ်နေမှာမို့ပါပဲ၊ တစ်ယောက်နဲ့ တစ်ယောက် သဘောချင်းမတိုက်ဆိုင်တဲ့အခါ ရှိခဲ့ရင်တောင် မင်္ဂလာဆောင်မှာ ရိုက်ထားတဲ့ စုံတွဲပုံလေးက ခင်လေးတို့ကို ဆုံးမနေမှာပေါ့။ အဲဒီနေ့လေးမှာ ခင်လေးတို့ ဘယ်လိုတွေ ရင်ခုန်ခဲ့တာ၊ ဘယ်သူတွေက ခင်လေးတို့ကို ဘယ်လို စကြနောက်ကြတာတို့ အားလုံးတကယ့်ကို ပျော်ရွှင်စရာ၊ ဘယ်အရာတွေနဲ့မှ လဲလို့မရတဲ့ ဘဝရဲ့ ဇာတ်ထွင့်ကို ခင်လေးသိပ်လုပစေချင်တယ် မောင်ရယ်၊ ခင်လေးတို့ရဲ့ သားသမီးမြေးတွေကိုလည်း ခင်လေးတို့ရဲ့ လုပတဲ့ အခမ်းအနားတွေ ကိုပြချင်တယ်။ ခင်လေးတို့ရဲ့မင်္ဂလာပွဲ CD လေးတွေကို ပွားပြီး ကိုယ့်ရဲ့ဆွေစဉ်မျိုးဆက်တွေကို အမှတ်တရ ဖြစ်နေစေချင်တယ်။

မောင့်ရဲ့ solid investment က အချိန်မရွေး ဝယ်လို့ ရပါတယ်၊ မောင်တို့ခင်လေးတို့ လိုမှာရင်လိုမှာသလို တစ်ချိန်ချိန်မှာ ဝယ်လို့ရမှာပါ။ တစ်ချိန်ချိန်မှာ ခင်လေးတို့ ကိုယ်ပိုင်အိမ်ရာနဲ့ နေရမှာပေါ့။ မောင်နဲ့ ခင်လေးတို့ရဲ့ ကြိုးစားမှု၊ လိမ္မာမှုပေါ်မှာ တည်ပါတယ်။

ဒါပေမဲ့ မောင်ရယ်၊ ဒီမင်္ဂလာအခမ်းအနားကတော့ တစ်သက်မှာ တစ်ခါပဲ။ အပျော်ဆုံးနေ့များရဲ့ အပျော်ဆုံးတစ်နေ့။ မှတ်တမ်းဓာတ်ပုံတွေ ဝေဝေဆာဆာနဲ့ ခင်လေးနဲ့မောင် ဂုဏ်အယူရဆုံးနေ့ပါ မောင်၊ မောင်စဉ်းစားပေးပါနော်။

ပြီးတော့လေ ခင်လေးနဲ့ မောင်ရဲ့ဧည့်ခံပွဲမှာ လူကြီးတွေ စကားပြောပြီးတာနဲ့ ဂါလပ်ကလေးပေါ်တင်ထားတဲ့ ဧည့်စပ်လက်စွပ်လေးတွေကို တာဝန်ယူတဲ့တစ်ယောက်ယောက်က ခင်လေးတို့ကို ပေးရမယ်၊ မောင်က ခင်လေးကို၊ ခင်လေးက မောင့်ကို ကိုယ်တိုင်ဝတ်ပေးကြရမယ်နော်။ လက်ထပ်တဲ့နေ့ကျရင်လည်း မင်္ဂလာစင်မြင့်မှာပဲ လက်မှတ်ထိုးပြီး စားပွဲပေါ်မှာ အဆင်သင့်ရှိတဲ့ ရွှေလက်စွပ်ပြောင်ကွင်းလေးတွေကို ကိုယ်တိုင်ဝတ်ပေးကြကြေးနော်၊ ပြီးတော့မှ မင်္ဂလာနာယကကြီးတွေက ပန်းကုံးစွပ်ပေးပေါ့။

မင်္ဂလာနေ့ကိုလည်း ဖေဖော်ဝါရီလ ၁၄ ရက် ချစ်သူများနေ့ပဲ ဖြစ်ချင်တယ်မောင်ရယ်။ မောင်စဉ်းစားပေးပါနော်"

ဖေဖော်ဝါရီလဆန်းတစ်ရက်တွင် မောင်မောင်ဦးနှင့် လေးလေးတို့၏ နှင်းဆီနံ့သင်းနေသော မင်္ဂလာဖိတ်စာလေးများသည် မိတ်ဆွေများလက်ဝယ်သို့ ရောက်ရပါတော့သတည်း။

**သရက်မသက်ဆွေ**

MEDIA GROUP
Asian Fame Media Group

ဝတ္ထုတိုရသ

# ရသချမ်း

## ညီသ ပျော်ညို

**ရသစာပေ** မရှိရင် လူတွေ ရှိုင်းကုန်လိမ့်မယ်လို့ စာရေးဆရာတစ်ဦးက ပြောဖူးတယ်။ အခုအခြေအနေက ရသထက် သုတကို ပိုဖတ်လာတယ်လို့ ထင်တယ်။ ရသစာပေ ဦးမော့လာဖို့အတွက် ဘယ်လို အခြေအနေတွေ လိုအပ်ပါသလဲ၊


သည်မေးခွန်းလေးကို ဖြေပေးပါဆိုပြီး လက်ရေးသပ်သပ်ရပ်ရပ် ရေးထားတဲ့ စာတစ်စောင် သူ့ဆီလာပို့သူက ရသစာတမ်း၊ စာပေဝေဖန်ရေး၊ ကဗျာ၊ ဇာတ်ညွှန်း စတာတွေကို ကလောင်ခွဲ အမျိုးမျိုးနဲ့ ရေးနေတဲ့ သူ ခင်မင်လေးစားရတဲ့ စာရေးဆရာပါပဲ။ မေးခွန်းအောက်ခြေမှာတော့ စာပေမြတ်နိုးသူတစ်ဦးတဲ့လေ။

သူသိတာပေါ့ ဒီမေးခွန်းကို ဒီဆရာ ရေးတယ်ဆိုတာ။ ပြောတော့ မေးခွန်းလေးတဲ့၊ ဖြေရမှာက အကျယ်အပြန့်။ အံ့မယ် ဆရာသမားက ပြောသွားသေးတယ်။ “ဆရာက တစ်လျှောက်လုံး ရသဝတ္ထု၊ ရသစာတမ်းတွေ ရေးလာတာမို့ ဆရာ ဖြေရင် အဆင်ပြေမယ်ဆိုပြီး ကျွန်တော် ဆရာ့ကို ရွေးလိုက်တာ” ဆိုပဲ။ ဆက်ပြောသေးတယ်။ ၂ ရက် အတွင်း ဖြေပေးပါတဲ့။

ဆရာသမား ပြန်သွားတော့ သူမှာ မေးခွန်း ဖတ်လိုက်၊ ခေါင်းကုတ်လိုက်၊ စာရွက်လွတ်ပေါ် ချရေးလိုက်၊ မကြိုက်လိုက်၊ ဟာ . . . မဖြစ်ချေဘူးဆိုပြီး ဆရာဦးရွှေအောင်ရဲ့ ရသစာပေ၏ ရသ စာအုပ်ဆွဲထုတ်။ ဆရာဇော်ဂျီ ရေးတဲ့ ရသ စာပေ




Asian Fame Media Group
MEDIA GROUP



Asian Fame Media Group

ဆရာရေ…
ချက်ချင်းလွှင့်မှာနော်၊
မနက်ဖြန်
စနေနေ့
ညနေ ၆ နာရီနဲ့
၈ နာရီကြား
စောင့်ကြည့်လိုက်ပါ

နိဒါန်း ပြန်ရှာ၊ ပြန်ဖတ်။ မှတ်စု ထုတ်။ ဆရာ ဦးရွှေအောင်က ဘယ် လို ပြောတယ်၊ ဆရာဇော်ဂျီ က ဘယ်လိုမိန့်တယ်။ ဆရာတက်တိုးက ဘယ်လို သုံးသပ်တယ်။ စသဖြင့် ဆရာတွေ စာ ၁၀ ကြောင်း၊ ကိုယ့် စာ ၁ ကြောင်း လုပ်ထည့်လိုက်တာ မေးခွန်းနဲ့ အဖြေ ဟပ်သွားတယ် ထင်တာပဲ။

နောက် ၂ ရက်နေတော့ သူတာဝန်ကျရာရုံးကို ဆရာသမား ရောက်လာပြီး ဖြေထားတာလေး ယူသွားလေရဲ့၊ ရုပ်သံလိုင်းတစ်ခုရဲ့ အမေးအဖြေကဏ္ဍမှာ ထည့်သွင်း ဖတ်ကြားဖို့ဆိုပဲ။ ဖတ်ပေါ့ … အဲသည်အတွက် ဥဏ်ပူဇော်ခပဲ ဆိုဆို၊ စာမူခပဲ ပြောပြော ပိုက်ဆံ ရမှာလားဆိုတဲ့ မေးခွန်းကိုတော့ သူ မမေးလိုက်နိုင်ဘူး။ သူ့နှုတ်က ထိုထိုင်း၊ ဓေးအနေလေရဲ့။ ဂျာနယ် မှာရေးတဲ့ ဆောင်းပါးစာမူခလောက် တော့ ရနိုးနိုး ဖြစ်သွားမိသေးတယ်။ ဆရာသမားကတော့ မေး[illegible] တယ်။

"ကျေးဇူးတင်တယ် ဆရာ"

♦

မကြာဘူး။ ၃ ရက်လောက်ပဲ ရှိမယ်။ ရသစာပေမေးခွန်းဆရာဆီ ကနေ သူ့ရုံးကို ဖုန်းဝင်လာတယ်။

"ဆရာရေ … ကျွန်တော်တို့ အစီအစဉ်ပြောင်းတယ်။ မေးခွန်းကို ဆရာကိုယ်တိုင်ဖြေတာ ရုပ်သံရိုက် ချင်တယ်။ လာမယ့်သောကြာနေ့ မနက်ဘက် တစ်နာရီလောက် အချိန်ပေးပါလား၊ ဆရာအဆင်ပြေ တဲ့နေရာ လာပေးပါမယ်"

သူ့ခမျာ ဘာပြောရမှန်းမသိ အောင်ကို တွေသွားပါတယ်။ သူက ဆရာမျိုးမြတ်သူ၊ ဦးကိုကိုလှိုင်တို့လို လည်း ကင်မရာရှေ့ နေတတ်၊ ထိုင် တတ်မယ် မထင်ဘူး။

"ဖြစ်ပါ့မလား ဆရာရယ်"

သူ့လေသံ ပျော့နေတာကို ဆရာသမားက ရိပ်မိပုံရတယ်။

"ဖြစ်ပါတယ် ဆရာရဲ့။ စာပေ ဟောပြောပွဲနဲ့ အခမ်းအနားတွေမှာ တောင် ဆရာ ပြောနေတာပဲဟာ"

"မတူဘူး ဆရာရေ ပရိသတ် ရှေ့မှာ ဟောတာပြောတာနဲ့ ကင်မရာရှေ့ ကြောင်တောင်တောင် ထိုင်ပြောရမှာ တူနိုင်မယ်မထင်ဘူး၊ အထစ် … အထစ် ဖြစ်နေရင် တစ်နိုင်ငံလုံး ကြည့်နေတာနော် … ကွဲနေပါဦးမယ် ဆရာရယ်"

သူ့တုံ့ပြန်မှုက တစ်ဖက်သား ရင်ကို ဖောက်မထွက်နိုင်ဘူး ထင်ပါ ရဲ့။

"ရပါတယ်ဆရာရယ် အဆင် ပြေသွားမှာပါ ဆရာလုပ်ရင် ဖြစ် မယ်ဆိုတာ ယုံပါတယ်"

သူ နည်းနည်းတော့ မြောက် သွားတယ် ထင်တယ်။

သောကြာနေ့မှာ ရုပ်သံရိုက် မယ်ဆိုတဲ့ အဖွဲ့က မနက် ၁၀ နာရီ ချိန်းပေမယ့် ၁၂ နာရီလောက်မှာမှ အမှန်တကယ် ရောက်လာပါတယ်။ တိုက်ပုံဝတ်လိုက်၊ အိုက်လို့ ပြန်ချွတ် လိုက်နဲ့ သူ့မှာ ၂ နာရီလောက် မသက်မသာ ဖြစ်သွားခဲ့သေးတာ ပေါ့။

ရုပ်သံရိုက်ဖို့ အခန်းရွေးတော့ သူ့အခန်းက လူဝင်လူထွက်များတာ ကြောင့် ဘယ်လိုမှ အဆင်ပြေမယ် မထင်ဘူး၊ စပ်စပ်စုစုလုပ်မယ့်သူက အများကြီးရှယ်။ ဒါနဲ့ အစည်းအဝေး ခန်းကိုပဲ စီစဉ်လိုက်တယ်။ ဒါတောင် တစ်ယောက်စ နှစ်ယောက်စ ခန်းဆီးဖယ်ပြီး ရစ်သီရစ်သီ လာ လုပ်နေသေးတယ်။ မီးဆလိုက်တွေ ကြောင့် အဲယားကွန်းခန်းမှာပေ မယ့် သူ့နားထင်မှာတော့ ချွေးတွေ စို့နေပါတယ်။ တော်ပါသေးရဲ့၊ အလွတ်ကျက်ထားတဲ့ စာကို အထစ် အငေါ့မရှိ ပြောလိုက်နိုင်တယ်။ မျက်နှာအနေအထားနဲ့ အသံအနိမ့် အမြင့်၊ အဖိအဖော့တွေကိုတော့ မိသားစုနဲ့အတူကြည့်မယ်လို့ အားခဲ လိုက်တယ်။

မေးခွန်းရှင် ဆရာသမားအပါ အဝင် အဖွဲ့ခေါင်းဆောင်နဲ့ ကင်မရာ မင်းတွေ သူစည့်ခံတဲ့ ဘဲသားမုန့်၊ လက်ဖက်ရည် စားသောက်ပြီး ကျေးဇူးစကားတွေ အခါခါပြောကာ နှုတ်ဆက်ပြီး ပြန်သွားကြတယ်။ ကားပေါ် မတက်ခင်

"ဆရာရေ … ချက်ချင်း လွှင့်မှာနော်၊ မနက်ဖြန် စနေနေ့ ညနေ ၆ နာရီနဲ့ ၈ နာရီကြား စောင့်ကြည့်လိုက်ပါ" လို့ ပြောသွား တော့ သူ့မှာ ရင်တွေခုန်ပြီး ကျန်ရစ် ခဲ့တယ်။



ရှင်ပြောတဲ့ ရသစာပေ ရှင်သန်ရေးအကြောင်း ဘယ်သူတွေက ကြည့်လို့တုန်း။ အခုပဲ ဘောလုံးပွဲ၊ ရွှေ FM တို့နဲ့ တိုက်နေတာကြောင့် ကိုယ့်အရုပ်၊ ကိုယ့်အသံတောင် ကြည့်ရ၊ ကြားရလို့လား။ ဒါနဲ့များ ရသစာပေ ဘာညာ လုပ်နေသေးတယ်.... ဟွန့်...

ဆွေမျိုးသားချင်းတွေဆီနဲ့ သူငယ်ချင်းမိတ်ဆွေတွေဆီကို ဖုန်းဆက်တာကိုတော့ သူ မမေ့မလျော့ လုပ်ဖြစ်သေးတယ်။

♦

စနေညနေ ၆ နာရီခွဲ သူ့တာဝန်ချိန်ကုန် ရုံးဆင်းဆင်းချင်း ယူနီဖောင်းတောင် မလဲတော့ဘဲ ဇနီးနဲ့ သားကိုပါခေါ်ပြီး ရုပ်သံလိုင်းစုံဖွင့်တဲ့ ရပ်ကွက်လေးရဲ့ အကြီးဆုံး လက်ဖက်ရည်ဆိုင်ကို ချီတက်ကြတယ်။ အိမ်မှာရှိတဲ့ တီဗီက Do Do KoKo ကနေ ဝန်ထမ်းကာဒ်ပြပြီး လပေးနဲ့ တစ်ရစ်ချင်း ဝယ်ထားရတာ။ ၂၁ လက်မ ရိုးရိုးအပြားပါ။ LCD, LED မဟုတ်ဘူး။ မီးအပြာလေးနဲ့ မီးအနီလေး တစ်လှည့်စီလင်းတဲ့ အင်တာနာ တွဲထားရုံလေး။ ဘာ Receiver မှ တပ်မထားတော့ အခမဲ့ရုပ်သံလိုင်းကလွဲရင် ဘာမှ မမိဘူး။ အခပေးလိုင်းရဲ့ အစီအစဉ်ကောင်းတွေ ကြည့်လိုပေမယ့် တစ်နှစ်စာသွင်းရမယ့် ငွေကတော့ သူ့အတွက် ဝန်ပိုဝန်ပိုး ဖြစ်လွန်းလှတယ်။ ဒါကြောင့်လည်း သူတို့လက်ဖက်ရည်ဆိုင်ကို လာခဲ့ရတာပဲ ဖြစ်ပါတယ်။ လက်ဖက်ရည်ဆိုင်မှာ လူတွေစည်ကားနေတော့ LED ၃၂ လက်မတီဗီကြီးမှာ ကိုယ့်ပုံပေါ်လာချိန် စားပွဲဝိုင်းအသီးသီးက လှည့်ကြည့်လှည့်ကြည့် လုပ်နေရင် ရှက်ရမလိုလို့တွေးမိပြီး ပြုံးမိသေးတယ်။

တီဗီမှာတော့ ပရီးမီးယားလိဂ်ဘောလုံးပွဲ လာနေတယ်။ သူ့ရဲ့နီတွေရဲ့ ပြင်းထန်တဲ့ မြိုင်ဆိုင်မှုကို တစ်ဆိုင်လုံး ဂုဏ်ဒိုင်ကြီးအားပေးနေကြပုံကတော့ ကြောက်ခမန်းလိလိပါပဲ။

"ဝန်ပါစီ မန်ယူရလိုက်တာ သိပ်ကောင်းတယ်"

"ဝဲလ်ဘက်လည်း အားကိုးနေရပြီ"

"ဖာဗီနန် ကျနေပြီ . . . ဖာဂူဆန်ကြီး နောက်တန်းတစ်ယောက် ရှာဖို့လိုနေပြီ"

ဘောလုံးပရိသတ်တွေရဲ့ စကားသံတွေ ဥပေက္ခာပြုပြီး စားပွဲထိုးလေးကို ပြောကြည့်လိုက်တယ်။

"လိုင်းပြောင်းလို့ မရဘူးလား ကွာ"

လေပြေလေးပါ။ တကယ့်ကို နှိမ့်နှိမ့်ချချ လေပြေလေးပါပဲ။

"ဘယ်ဖြစ်မလဲဗျ၊ ဆိုင်ထဲက လူတွေအားလုံး လက်ဖက်ရည်သောက်ဖို့ထက် ဘောလုံးပွဲကြည့်ချင်လို့လာတာ ဒီပွဲပြီးရင် ဆိုင်ရှင်ပြောကြည့်ပေးမယ်။ ဟာ ရမယ်မထင်ဘူး နောက်ပွဲကလည်း ကောင်းတယ်၊ အကြီးပွဲလေ"

သူတို့မိသားစု အောင်မြင်စွာ တပ်ဆုတ်ပြန်ပြီး ပြန်လာကြတယ်။ သားကတော့ သူ့အသည်းစွဲ မန်ယူကို ဆက်အားပေးချင်နေသေးတာကို ပြန်လာရလို့ စူပွပွဖြစ်ပြီး ကျေနပ်ပုံမပေါ်ဘူး။

"ကျန်တဲ့ လက်ဖက်ရည်ဆိုင်တွေလည်း ဘောလုံးပွဲပဲ ပြမှာ။ ဟာ . . . အခုမှ သတိရတယ်၊ တို့နှစ်အိမ်ကျော်က ဦးကျော်ဝင်းအိမ်မှာ မလာင်းလေးတွေ မိတယ်ကွ၊ အဲဒီမှာ သွားကြည့်ရအောင်"

"ကျွန်မနဲ့သား နေခဲ့မယ်။ ရှင့်ဘာသာ တစ်ယောက်တည်း သွားကြည့်တော့"

ဇနီးက သူများအိမ် တီဗီသွားကြည့်ရမှာကို ဝန်လေးပုံရတယ်။

"လာပါကွာ လိုက်ခဲ့ပါ၊ ဦးကျော်ဝင်းအိမ်မှာက မိန်းကလေးတွေ အများကြီးရယ်၊ မင်းပါမှ ကောင်းတော့မပေါ့"

"သားကတော့ မလိုက်ဘူးနော်၊ ခွတ်မခေါ်နဲ့ဗျ"

လူပျိုပေါက်သားက ရှက်တတ်နေပြီ။

ဒါနဲ့ပဲ လင်မယားနှစ်ယောက် ခပ်တည်တည်နဲ့ ဦးကျော်ဝင်းအိမ် ဧည့်သည်သွားလုပ်လိုက်တယ်။ ဦးကျော်ဝင်းကတော့ တစ်ကြိမ်တစ်ခါမှ သူ့အိမ် အလည်မလာစဖူး လာလည်တာကို အံ့ဩလို့ မဆုံးဘူး။

ဦးကျော်ဝင်းနဲ့ ဟိုရောက်သည်ရောက် ပြောနေပေမယ့် တီဗီကို တစ်ချက်တစ်ချက် လှမ်းကြည့်နေမိတယ်။ ချန်နယ်လ်တွေ အများကြီးရှိတဲ့ အဲဒီအခပေးရုပ်သံလိုင်းမှာ လာနေတာက ရွှေ FM လေ။ စူပါစတားအဆိုတော်တွေ၊ မော်ဒယ်တွေ၊ အကအဖွဲ့တွေနဲ့ တကယ့်ကို မြိုင်မြိုင်ဆိုင်ဆိုင်။ ဒီအချိန်မှာမှ ကိုယ်က ချန်နယ်လ်ပြောင်းခိုင်းရင် မသင့်ဘူးလို့ သူတွေးမိတယ်။ ရွှေ FM အစီအစဉ်ကို ငေးမျောနေတဲ့ ဇနီးသည်ကို အသာလက်တို့ပြီး ပြန်ဖို့ ပြောတော့ မရွှေချောက နှုတ်ခမ်းစူရုံမက နှုတ်ခမ်းပါ ကိုက်ပြလေရဲ့။

"ပြန်တော့မလို့လား၊ အစီအစဉ်ပြီးမှ ပြန်ပေါ့"

ဦးကျော်ဝင်းလောကွတ်ကို မကြားယောင်ပြုပြီး "ရေးလက်စ ရသစာတမ်းလေး ပြီးပြတ်အောင် ရေးလိုက်ဦးမယ်ဗျာ" လို့အပြောနဲ့ အောင်မြင်စွာပဲ တပ်ဆုတ်ခဲ့ပါတော့တယ်။

(၃)

ပထမလ လေးသောင်းသွင်း၊ နောက်လတွေ တစ်သောင်းစီသွင်းရတဲ့ တန်ဖိုးမနည်း လက်ကိုင်ဖုန်းလေး မြည်လာလို့ ကောက်ကိုင်လိုက်တော့ မနွေလေးက စာရေးဖော် ကိုနွေမွှန်ရဲ့ ဖုန်း ဖြစ်နေတယ်။

"ဟေ့လူ . . ခုပဲ ( ) ချန်နယ်လ်က ခင်ဗျားမေးမြေကျွှာလာသွားတယ်။ ကျွန်တော်လည်း သမီးတွေ ရွှေ FM ကြည့်နေတာနဲ့ ပြီးခါနီးလေးပဲ မိလိုက်တယ်။ ဘာတဲ့ . . . လူတွေရှိနေသရွေ့ ရသစာပေ ရှိနေမှာပါ။ ဘယ်တော့မှ သေဆုံးသွားမှာ မဟုတ်ပါ။ ရှန်းရင်းကန်ရင်းနဲ့ပဲ ရသစာပေဆက်လက် ရှင်သန်နေလိမ့်မယ်လို့ ကျွန်တော်ယုံတယ် ဆိုတာကတော့ မိုက်တယ်ဗျာ"

ကိုနွေမွှန် ဖုန်းချသွားတော့ သူ ငေါင်ပြီး ကျန်နေခဲ့တယ်။ သူ ငေါင်နေတာကို ဇနီးသည်က မျက်စိနောက်ဟန်တူတယ်။

"ရှင်ပြောတဲ့ ရသစာပေရှင်သန်ရေးအကြောင်း ဘယ်သူတွေက ကြည့်လို့တုန်း။ အခုပဲ ဘောလုံးပွဲ၊ ရွှေ FM တို့နဲ့ တိုက်နေတာကြောင့် ကိုယ့် အရုပ်၊ ကိုယ့်အသံတောင် ကြည့်ရ၊ ကြားရလို့လား။ ဒါနဲ့များ ရသစာပေ ဘာညာ လုပ်နေသေးတယ် . . . ဟွန့် . . ."

ဇနီးသည်ရဲ့ စကားနဲ့ မျက်စောင်းမှာ သရော်ငွေ့လေးတွေ စွက်လို့ နေတာပါလေ။

**ရဲသျှမ်း**

ဝတ္တုတိုရသ



# ချိုးအိုး ထမင်းပုံပြင် (၂)

ဒီနေ့အဖေ့ရဲ့ အမူအရာတွေ တော်တော်ထူးနေတယ်။ ထူးခြားဆိုခါတိုင်းနေ့လို အလုပ်မလုပ်ဘဲကိုး။ နေ့တိုင်း ကျွန်တော်တို့အိမ်မှာ ပုံသေလိုလုပ်ရှားရှန်းကန်နေခဲ့ကြတယ်။ ဆင်ခြေဖုံးရပ်ကွက်စွန်းတောင်ဘက် တစ်မိုင်ပျော့ပျော့နေရာ ထန်းတောညိုညိုထဲမှာ တောရဘုန်းကြီးကျောင်း ရှိတယ်။ မနက် ၄ နာရီတိတိအချိန်ဆို တောရကျောင်းက ကုလားတက် အုန်းမောင်းခေါက်တယ်။ 'တတုံတုံ' အုန်းမောင်းသံကြားတာနဲ့ အမေဟာ အိပ်ရာထ၊ လွှစာမီးဖိုကို မီးမွေး၊ ရေနွေးအိုးတည် လွှစာ မီးဖိုမှာ စား တော်ပဲပြုတ်အိုးတည်၊ ထမင်းကြမ်းကျန်ရင် ထမင်းကြော်ထား၊ ရေနွေးအိုးဆူရင် အဖေ့ကို နှိုးတာ အမေနဲ့ အဖေဟာ ထမင်းကြော်စားလိုက်၊ ရေနွေးကြမ်းသောက်လိုက် ဆေးလိပ် ကိုယ်စီတစ်ပြင်တဖွာဖွာနဲ့ စကားတွေ ပြောနေကြတယ်။ နေခြည်ဖြာလင်း အရုဏ်ကျင်းပြီဆိုရင် အဖေက တံမြက်စည်းကြမ်း



တစ်ချောင်းနဲ့ အိမ်မြေကွက်လပ် တစ်ပြင်တပြော အမှိုက်လှည်းတယ်။ အိမ်ရှေ့က မန်ကျည်းပင်က တဖွဲဖွဲ ကြွေကျတဲ့ မန်ကျည်းရွက်မှိုက်နဲ့ ဖုန်သဲတွေ ပြောင်စင်အောင်လှည်းပါ တယ်။အမှိုက်လှည်းပြီးတာနဲ့ အဖေ ဟာ ခြေလက်တွေဆေး၊ မန် ကျည်းပင်နိုပ်အောက်က အင်၊ ကညင် သစ်တိုသစ်စတွေ ဆွဲကာ ကြောင်အိမ်၊ စားပွဲ၊ ကုလားထိုင်၊ ခွေးခြေခုံတွေထဲက လုပ်လက်စတွေ လက်စသတ်ဖို့ ရွှေဘော်ထိုးလိုက်၊ ဂျစ်တိုက်လိုက်၊ စရွှေဖောက်လိုက်နဲ့ လက်သမား ခွင်ဝင်လေ့ရှိတယ်။ အမေပဲပြုတ်ရောင်းတာက ဆန်ဖိုး၊ အဖေရဲ့ ပရိဘောဂအကြမ်းလုပ်တာ က ဟင်းဖိုးအတွက်ဆိုပါတော့။

အမေက မနက်စောစော စား တော်ပဲနဲ့ ပဲကြားပြုတ်ရောင်းတယ်။ နေ့လယ်ဆိုရင် ရပ်ကွက်ထဲက မူလ တန်းကျောင်းလေးမှာ ကလေးသရေ စာ မုန့်လည်းရောင်းပါသေးတယ်။ မနက် ၆ နာရီထိုးရင် ပဲပြုတ် တောင်း ပြင်ဆင်ပြီးတာနဲ့ ကျွန် တော်တို့ ညီအစ်ကို ၃ ယောက်ကို မရမကနိုးတယ်၊

"နေဖင်ထိုးအောင် မအိပ်ရဘူး သားတို့ရဲ့ ဆင်းရဲတတ်တယ်ကွဲ့။ ကဲ. . . ကဲ ထ ထ အခုထကြတော့ . . ."

အမေက အမြဲပဲ ချော့မော့ ပြောဆိုနှိုးတာဆိုတော့ အိပ်ချင်မူး တူးနဲ့ အမေ့ကို အကြီးဆုံး ကျွန်တော် က အတွန့်တက်ပြောမိတယ်။

"အမေကလည်း အခုကော ကျွန်တော်တို့က ချမ်းသာနေလို့ လား"

"အေး ဟုတ်တယ်၊ အခု ဆင်းရဲတာထက် ကုန်းကောက်စရာ မရှိအောင် ဆင်းရဲတတ်တာကိုပြော တာဟဲ့"

မချိတင်ကဲ လေသံနဲ့ အမေက ပြန်ပြောနေတော့ ကျွန်တော့်စိတ်ထဲ ဝမ်းနည်းသွားတယ်၊ ဒီအခြေအနေ ထက် ဆင်းရဲမှာကို ကြောက်တော့ နေမြင့်အောင် မအိပ်ရဲတော့ပါ။

ဒီနေ့မနက် ကျွန်တော်တို့ ညီ အစ်ကို ၃ ယောက် အိပ်ရာထတော့ အမေက ပဲပြုတ်ရောင်းဖို့တောင် ပြင်ပြီးပြီ။ ထမင်းကြမ်း၊ မကျန်လို့ ခါတိုင်းနေ့တွေလို ထမင်းကြော် မစားရပါ။ အကြော်သည် ဒေါ်ဖွား သင်ရဲ့ အကြော် ၂ ခုစီဝယ်ကျွေးပါ တယ်။ အမေရဲ့ မီးဖိုခွင်ပေါ်မှာ

Asian Fame Media Group

မြေအိုးတစ်လုံးတည်ထားတာ အငွေ့တထောင်းထောင်းနဲ့ တွေ့ရတယ်။ အိုးစလောင်းဖုံးကို လှန်ကြည့်တော့ ရေငွေ့တွေကြားက တိုးထွက်လာတဲ့ ပဲနံ့သင်းသင်းအနံ့ရတယ်။ တပွက်ပွက်ထနေတဲ့ ပဲပြုတ်ရည်ညို ညစ်ညစ်နဲ့အတူ ကြမ်းပိုးကောင်လေးတွေနဲ့ တူတဲ့ ပဲစေ့လေးတွေမြင်ရလို့ အမေ ပြုတ်ထားတာဟာ ပဲပိစပ်တွေပါလား။ အမေ့ဈေးတောင်းပင့်ချိန် ကျွန်တော် လှမ်းမေးလိုက်တယ်။

"အမေ ဒီပဲပိစပ်တွေက ပုံးရည်လုပ်ဖို့လား"

"အေး ဟော့ ပိစပ်ပဲပြုတ်ရည်ကို ပုံးရည်လုပ်မယ်။ ချဉ်ပေါင်ရွက်နဲ့ မျှစ်ရောပြီး ချဉ်စပ်ဟင်းချက်ဖို့ ဟေ့။ ပဲပိစပ်ပြုတ်ဖတ်ကတော့ ပဲထမင်းချက်ဖို့ဟဲ့။ အိမ်မှာ ဆန်လက်ကျန်နည်းနေပြီ"

အမေ့ရဲ့ အဖြေကြားရတာ စိတ်ညစ်စရာပဲ။ ပဲနီပြား၊ ပဲကြား၊ ပဲထောပတ်ရောတဲ့ 'ပဲထမင်း'ဆိုရင် ကျွန်တော်စားနိုင်သေးတယ်။ အဲဒီ ပဲပိစပ်ရောတဲ့ 'ပဲထမင်း'ဆိုရင် ထမင်းအရောင်က နီညိုရောင်လွှမ်းပြီး ပိစပ်ပဲတွေက ကြမ်းပိုးကောင်တွေကို ဝါးစားနေရသလို စိတ်ထဲထင်မိနေလို့ မျိုလို့မကျပါ။ ဒါပေမဲ့ ကျွန်တော်လည်း ဘာမှမတတ်နိုင်ပါ။ ရှိထမင်း၊ ရှိဟင်းနဲ့ပဲ စားရတော့မှာပေါ့။

(၂)

အဲဒီ ၁၉၆၇ ခုနှစ်က ကျွန်တော်တို့ အညာချင်းတွင်းမြစ်တကြောမှာ မကြုံစဖူး ရေနီကြီးကြီးခဲ့တယ်။ နောက်ထပ်ကြားရတာက တစ်ပြည်လုံးရှိတဲ့ မြစ်တွေ ထူးထူးကဲကဲ ရေကြီးရေလျှံဖြစ်တယ်တဲ့။ အဲဒီအကျိုးဆက်က စိုက်ပျိုးပြီး လယ်တွေပျက်လို့ တစ်ပြည်လုံး ဆန်ဈေးတွေ ခုန်ပျံကျော်လွှား တိုင်ထိပ်ဖျားထိ တက်သွားတယ်၊ ဆန်ကြမ်းတစ်ပြည်ပြား ၅၀၊ ၆၀ ကနေ ၆ ကျပ်။ ၇ ကျပ်ထိ တက်သွားတယ်၊ ဒီတော့ ကျွန်တော်တို့ ဆင်ခြေဖုံးရပ်ကွက်နေ လက်လုပ်လက်စား၊ ပုံကျသမားတွေ ဆန်လုံလုံလောက်လောက် ဝယ်မစားနိုင်ကြတော့ပါ။ ဝယ်သမျှဆန်လေးနဲ့ ပဲ၊ ပြောင်း၊ လူး၊ ဆပ်ရောနှောချက်လို့ 'ပဲထမင်း'၊ 'ပြောင်းထမင်း' 'သုံးလွန်းတင်' သုံးမျိုးရောထမင်းတွေကြံဖန်ချက်ပြီး စားကြရတယ်။

ကျွန်တော်ဆိုရင် ညညအိပ်မက်ထဲမှာ ထမင်းဖြူဖြူ၊ ဝက်သား၊ ကြက်သား၊ ဟင်းကောင်းတွေနဲ့ အားရပါးရ တဝကြီး စားရတယ်ချည်း အိပ်မက်မက်ခဲ့တာဗျာ။ အဲဒါလောက် ထမင်းဖြူနဲ့ ဟင်းကောင်းကောင်းတွေကို စွဲလမ်းတမ်းတလွမ်းမိခဲ့ရတာပါ။

ဒီနေ့မနက် အဖေဟာအကြော်နဲ့ ရေနွေးကြမ်းစားသောက်ပြီး အမှိုက်လည်းပါတယ်။ အမှိုက်လှည်းပြီး ခါတိုင်းနေ့လို ခြေဆေး လက်ဆေးမဆေးတော့ဘဲ စောစောစီးစီးရေချိုးတယ်။ မြောက်ဘက်အိမ်ဝိုင်းက ရေမျောထင်းဆယ်ရောင်းတဲ့ ဦးအောင်ရနဲ့ ဦးငွေပါတို့ဆီ သွားတယ်၊ အဲဒီအိမ်ဘက်လှမ်းကြည့်တော့ လံပုံထင်းတွေကြားမှာ အဖေရယ်၊ ဦးအောင်ရရယ်၊ ဦးငွေပေါက် ၃ ဦးသား တီးတိုးတီးတိုးသဖန်ပိုးထိုးနေကြတယ်။ ခေါင်းတညိတ်ညိတ် လုပ်နေပုံတွေ လက်ဟန်ခြေဟန်ပြနေပုံတွေက တစ်ခုခုတိုင်ပင်နေကြပုံပါပဲ။ အိမ်ခြံစည်းရိုး ကျိုးတိုးကျဲတဲကြားက ဒီမြင်ကွင်းဟာ ကျွန်တော့်အတွက် ပဟေဋ္ဌိ တစ်ပုဒ်လိုပါပဲ။

မြောက်ဘက်ဝိုင်းက အပြန်အဖေဟာ အိပ်ခန်းထဲဝင်သွားပြီး ဖုန်မှုန့်တက်နေတဲ့ ကြေးမီးပူအိုးလေး ထုတ်ယူလာတယ်၊ ကြေးမီးပူလေး ဖုန်မှုန့်တွေ သုတ်၊ မီးဖိုထဲဝင်သွားပြန်တယ်။ ထင်းမီးဖိုက မီးကျီးခဲတွေကို ကြေးမီးပူထဲ အပြည့်ထည့်ပြီး အဖေဟာ အိမ်ခန်းထဲပြန်ဝင်သွားတယ်။

မနက် ၉ နာရီခွဲလောက်မှာ မြောက်ဘက်ဝိုင်းနဲ့ အရှေ့ဘက်ဝိုင်းက အဘိုးကြီး ၄ ယောက် ကျွန်တော်တို့ အိမ်ကိုရောက်လာကြတယ်၊ အသက်တွေက ၆၀ နှစ်ကျော် အဖေ့အသက်နဲ့ မတိမ်းမယိမ်း အရွယ်တွေပါ၊ ထိပ်ပြောင်ပြောင် ခေါင်းတုံးနဲ့ ဦးအောင်ရကတော့ အသက်အကြီးဆုံးလို့ထင်ပါတယ်။ ဦးအောင်ရဟာ ဝဝဖိုင့်ဖိုင့်၊ ဗိုက်ပူပူက ဖျင်အကျီထဲမှာ ရုန်းထွက်နေသလိုပါပဲ။ ယောဂီရောင်လုံချည်ကို ဗိုက်ပေါ်တင်၊ ရင်ခေါင်းထိတက်ဝတ်ထားပုံက ပစ်တိုင်းထောင်ရုပ်ကြီးနဲ့ တူနေပြန်တယ်၊

ဦးငွေပေါက အရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်း၊ ချည်အကျီကြီး၊ နှစ်နံ့စပ်ပုဆိုးကွက်တုံးနဲ့ဆိုတော့ ခပ်ခန့်ခန့်ကြည့်ပျော်ပါတယ်။ အရှေ့ဝိုင်းက ဦးကံကောင်းနဲ့ ဦးတုတ်ကြီးတို့လည်း သူတို့အိမ်မှာ မဝတ်စဖူး၊ အကျီလုံချည်တွေဝတ်ထားကြတော့ မြင်နေကျကျောပြောင်ပြောင်၊ ပုဆိုးတိုတို ဒူးလယ်ပေါင်လယ် ဝတ်လေ့ရှိတဲ့ ထန်းသမားတွေလို့တောင် ထင်စရာမရှိပါ။

အဖေက သူတို့ရောက်လာတော့ ပိတ်ပါး ရှပ်လက်ရှည် အဖြူလည်ကတုံး၊ ရင်ထောင်ကြယ်သီးတပ်၊ လက်ခေါက်၊ လက်မာနဲ့ ရွှေဖလားရောင် ဂျစ်ကား လုံချည်





Asian Fame Media Group

တစ်ပတ်နွမ်း၊ ပင်နီတိုက်ပုံတွေကို မီးကြွေတိုက်ဝတ်လိုက် တော့၊ ကော့ ကော့ရော့ရော့ ကြည့်လို့ကောင်းနေတယ်။ အိမ်မှာဆိုရင် အဖေက စွပ်ကျယ်လက်ပြတ်သာ ဝတ်တတ် ပြီး၊ ဟိုလူကြီး ၄ ယောက်သာ အင်္ကျီဝတ်လေ့မရှိကြပါ။ တောက်ပ သစ်လွင်နေတဲ့ အဖေနဲ့ လူကြီး ၄ ယောက် အဖွဲ့လိုက် ဘယ်သွားကြမှာလဲ။ အဖေက ဒီရပ်ကွက် က ဆယ်အိမ်ခေါင်းဆိုတော့ ရပ်ကွက် အစည်းအဝေးသွားကြတာများလား၊ ဘာကိစ္စလဲ။ ကျွန်တော် စဉ်းစား နေဆဲ အဖေတို့ တစ်ဖွဲ့လုံး ရပ်ကွက်အရှေ့ဘက်ဆီ ချီတက်သွားကြပါပြီ။

(၃)

အဖေတို့အဖွဲ့ ထွက်သွားတော့ ကျွန်တော်ဟာ အိမ်ရှေ့မန်ကျည်းပင်အောက်မှာ တစ်ယောက်တည်း ထိုင်နေပါတယ်။ ခဏကြာတော့ အောက်ကြီးစုန် မော်တော်ဆလင်ရဲ့ သား၊ ကျွန်တော်နဲ့ ၄ တန်းကျောင်းနေဖက် သူငယ်ချင်း 'မော်တာ' ရောက်လာတယ်။

"ဟေ့ကောင် မျိုးချစ်၊ ငါနဲ့ ပေါက်ကျော်တို့ အရှေ့ပိုင်းမြို့မရပ်ထဲက အလှူသွားပြီး ထမင်းစားကြမလို့၊ မင်းလိုက်ဦးမလား"

ဟိုစပ်စပ် ဒီစပ်စပ် သွားတတ်တဲ့ မော်တာက အလှူသတင်းကို ဘယ်လိုရလာတယ်မသိပါ။ အမေနဲ့အတူ ကျွန်တော်အလှူလိုက်ခဲ့ဖူးတယ်။ တစ်ယောက်တည်း အလှူလိုက်ရမှာ ခပ်အမ်းအမ်းဖြစ်နေပါတယ်။ အိမ်မှာစားရမယ့် ထမင်းက ပဲပိစပ်ထမင်းဆိုတော့ သိပ်စဉ်းစားမနေတော့ပါ။ မော်တာကို အဖြေပေးလိုက်တယ်။

"အေးကွာ. . . ငါလည်းလိုက်မယ်"

ဆိုင်းသံ၊ ကြေးသံ၊ အသံချဲ့စက်တညံညံရှိရာ အလှူကို ရှာသွားရတယ်။ အလှူမဏ္ဍပ်ထဲဝင်တော့ ဘုန်းကြီးတွေ ဆွမ်းကပ်နေချိန်မို့ မဏ္ဍပ်နောက်က ထမင်းရုံတွေ မဖွင့်သေးပါ၊ ထမင်းရုံက ရုံကြီး ၂ ရုံပါ။ တစ်ရုံမှာ ခုံတန်းရှည်တွေချ စားပွဲခင်းတွေခင်း၊ မျက်နှာချင်းဆိုင် လူများများစားနိုင်အောင် ထိုင်ခုံတွေချပေးထားတယ်။ အဲဒါက လူကြီးတွေကျွေးဖို့ ထမင်းရုံ။ ကျွန်တော်တို့ ကလေးတွေကျွေးမယ့် ထမင်းရုံက မြေပြင်ပေါ် ဝါးဖျာကြမ်းတွေခင်းပေးထားပါတယ်။ ကလေး ၄-၅ ယောက် ဝိုင်းစားလို့ရတဲ့ ဇလုံတွေထဲ ထမင်းတွေထည့်ပေးထားတယ်။ ကလေးတွေ ဝိုင်းထိုင်တော့ ဟင်းချိုင့်တွေထဲ ဟင်းထည့်ပေးမှာတဲ့။ လူကြီးထမင်းရုံရော၊ ကလေးထမင်းရုံရော၊ ဖျာကြမ်းတွေ ဝါးတန်းတွေ ထိုးကာထားတယ်။

ကလေးထမင်းရုံ အပေါက်နားမှာ ကလေး ၄၀၊ ၅၀ လောက် ဝိုင်းပြုံတိုးနေကြပါတယ်။ ချွေးနံ့၊ ချေးနံ့တွေ နံဟောင်နေတာ ကျွန်တော်စိတ်ပျက်လာပြီ။ ထမင်းရုံက မဖွင့်သေးပါ။

အသံချဲ့စက်က စူးစူးရှရှ ကျယ်ကျယ်လောင်လောင် အော်သံထွက်လာတယ်။

"သံဃာစင်ပေါ်က လူကြီးမိဘများနဲ့ ရပ်ဝေးက ဧည့်ပရိသတ်အပေါင်း. . . ထမင်းစားကြွကြပါခင်ဗျား. . ."

နစ်ကြိမ်၊ သုံးကြိမ် ဆော်ဩနေတဲ့ အသံဟာ ဆာနေတဲ့ ကျွန်တော်တို့ ကလေးတွေအတွက် မင်္ဂလာရှိလှပါတယ်။ ကလေးထမင်းရုံလည်း ဖွင့်တော့မှာကိုး၊ ကျွန်တော်တို့ သူငယ်ချင်း ၃ ယောက်လည်း ဗိုက်ဆာလှပြီလေ။

ဟော သံဃာစင်ပေါ်က လူကြီးတွေ ကွမ်း၊ ဆေးလက်ဖက်ရေနွေးကြမ်းတွေ စားသောက်နေရာက တလှုပ်လှုပ်ထလာပြီး ထမင်းရုံထဲ ဝင်သွားနေကြပြီ။

"ဟာ အဖေ တို့၊ ဦးအောင်ရတို့ အုပ်စုပါလား"

အဖေကတော့ ကျွန်တော်ကို မမြင်ပါ။ ကလေးတွေ ဘုစုခရုကြားရှုပ်နေသလို၊ ထမင်းရုံကာထားတဲ့ ဖျာကြမ်းတွေကကွယ်နေလို့ မမြင်တာဖြစ်မှာပါ။ ကျွန်တော်တို့ ကလေးထမင်းရုံက မဖွင့်သေး၊ ကလေးတွေ အားလုံးလှုပ်လှုပ်ရွရွ ဖြစ်နေကြ တိုးဝှေ့နေကြပြီ။

ကာထားတဲ့ ဖျာကြမ်းကြားက မြင်နေရတဲ့ အဖေတို့ လူကြီးဝိုင်း ထမင်းစားနေပုံက သွားရည်ကျစရာကောင်းလှတယ်။ ကြက်သား၊ ဝက်သား၊ ငါးဟင်းတွေ အမဲသားဟင်း၊ သရက်ချဉ်၊ ဘာလချောင်ကြော်တွေနဲ့ အားပါးတရ စားနေကြလေရဲ့။ အားကျစရာကောင်းလိုက်တာ။

ကလေးထမင်းရုံဖွင့်တော့ ကလေးတွေ တအုံးအုံး တိုးခွေ့ဝင်ကြတယ်။ ထမင်းဇလုံကြီးတွေနား တွန်းထိုးအလုအယက်ဝင်ကြတယ်။ ကျွန်တော် ဘုစုခရုကလေး ၃ ယောက်ကြားက ထမင်းဇလုံမှာ နေရာရတယ်၊ ကျွန်တော်နဲ့ အတူစားမယ့် ကလေးတွေက ပေပေတေတေတွေ။ သူတို့ကိုယ်က နံနေတယ်။ လက်တွေကမဆေးခဲ့ကြတော့ လက်တွေညစ်ပတ်မည်းသည်းနေတယ်။ ဟော ဟင်းထည့်ပြီ။ ဝက်သားအဆီအခေါက်နဲ့ ဘူးသီးအရောဟင်း။ အဆနဲ့အပြန့်နဲ့ ဟင်းကောင်းကြိုက်တဲ့ ကျွန်တော်ဟာ ထမင်းစားချင်စိတ်ပျောက်သွားတယ်။ ဒီတော့ ထမင်းရုံအပြင်ဘက် ကျွန်တော်ပြန်ထွက်ခဲ့တယ်၊ အဖေတို့ လူကြီးဝိုင်းအဖွဲ့ကတော့ ခေါင်းမဖော်စတမ်း စားနေကြတုန်းပါပဲ။ ကျွန်တော်အိမ်ကို တစ်ယောက်တည်းပြန်ခဲ့တယ်။

(၄)

ဆန်ဈေးတွေ ခေါင်ခိုက်တဲ့ ခေတ်တစ်လျှောက်လုံး အလှူတွေကတော့ ဖျောက်တောက် ဖျောက်တောက် ရှိနေပါတယ်။ အဖေတို့ လူကြီး ၅ ဦးအဖွဲ့ကလည်း ဖိတ်ဖိတ်၊ မဖိတ်ဖိတ် အလှူအိမ်သွား၊ သံဃာစင်ပေါ်တက်လို့ ဦးစားပေးကျွေးတဲ့ အလှူထမင်းဟင်းတွေ လိုက်စားနေကြဆဲပါ။ အလှူအိမ်က အဖေပြန်လာတဲ့နေ့ဆိုရင် အိမ်မှာ မနက်အတွက် ထမင်းပိုကျန်လေ့ရှိပါတယ်။ မနက်ဆိုရင် ကျွန်တော်တို့ ထမင်းကျော် အဝစားနိုင်ပြီပေါ့။

အဖေနဲ့အတူ အလှူလိုက်ချင်ပေမယ့် မပူဆာရဲပါ။ ဒီတော့ ကျွန်တော် မြန်မြန်လူကြီးဖြစ်ချင် လှပြီဗျာ။ ဒါမှ. . . . ။ ။

**စိုးလှိုင်တင့်**

Asian Fame Media Group




Asian Fame Media Group



ဘဝတို ပန်းချီကား တစ်ကားဟု တင်စားခဲ့ မည်ဆိုပါလျှင် ကျွန်မက အပြာရောင် ကင်းဗတ် စတစ်စ ဖြစ်နိုင်ပါသည်။ 'မိန်းမ'ဟု တံကျစွာ ထောင်ကျွက်ထားခဲ့သော ကင်းဗတ် စပေါ်မှာ ကံဇာတ်ဆရာရေးသမျှ စုတ်ချက်များက ပြင်းခြင်း၊ ပျော့ခြင်း၊ ထူခြင်း၊ ပါးခြင်း၊ ကြမ်းခြင်း၊ ချော ခြင်းများဖြင့် ရက်ဖောက်ထားပြီး နုခြင်း၊ ရင့်ခြင်း၊ စိုခြင်း၊ ခြောက်ခြင်း အရောင်ခြယ်လျက် အသက်ဝင် လက်ရာမြောက်သည့် အကောင်းဆုံး လက်ရာပင်။

အပြာရောင် ကင်းဗတ်စ၏ ပထမဦးဆုံး စုတ်ချက်က ပန်းနု ရောင်များ . . . မိဘ၊ မောင်နှမ အသိုင်းအဝိုင်းနှင့် သူငယ်ချင်း များ. . . နောက်တော့ ပန်းနုရောင် များ တဖြည်းဖြည်းရင့်လာခဲ့ကာ ချစ်သူ၊ ခင်သူတွေနှင့် ကျွန်မဘဝ အရောင်စိုလက်လာခဲ့ပြီ။ ပန်းရောင်

# အပြာရောင်(ရွှေ)
## ဘဝပန်းချီကားထဲက အနက်ရောင် စုတ်ချက်တစ်ချက်

ဝ ဏ္ဏ ထို ရ ဿ

ဖြင့်စခဲ့သော ဘဝပန်းချီကားထဲ ဟောတစ်မျိုး၊ ဟောတစ်မျိုး ရောက်လာခဲ့သည်က အစိမ်းရောင်၊ အပြာရောင်၊ အနီရောင်၊ အဝါရောင် . . ရောင် . . ရောင် . . နောက်တော့ အညိုရောင် အဲဒီကတစ်ဆင့် အနက်ရောင် စုတ်ချက်ကြမ်းကြမ်းများ။

ပြောင်မြောက်လှစွာသော အဆိုပါ စုတ်ချက်များမှ အနက်ရောင်စုတ်ချက် ကြမ်းကြမ်းတစ်ခုကို နောင်တတရား ဖွဲ့တည်အပ်သော နှလုံးသားဖြင့် မျှဝေလိုပါသည်။

(၁)

"အစ်မ . . အေဂျင်စီက လူတစ်ယောက် လာပို့တယ်"

"ဪ . . အေး . . အေး . . အထဲကို လွှတ်လိုက်လေ"

အသားညိုညို၊ မျက်နှာလေးထောင့်၊ ဆံပင်ကို ဆီလိမ်းပြီး ဘီးချောင်းရာ ပေါ်သည်အထိ လှန်ဖြီးထားသော လူရွယ်တစ်ယောက်၊ စတစ် ကော်လာအဖြူနှင့် အကွက်စိပ်စိပ်ပုဆိုး အရောင် မှိုင်းမှိုင်း . .၊ ဝတ်စားဆင်ယင်မှုနှင့် ဥပမိရုပ်က အမှတ်ပြည့်ပင် . . .

"လာ . . . ထိုင်"

CV Form တွင်ပါသည်များက ထုံးစံအတိုင်း ဘွဲ့လက်မှတ်၊ သင်တန်းဆင်းလက်မှတ်မျိုးစုံ၊ ထောက်ခံစာမျိုးစုံ . . ကျွန်မစိတ်ဝင်စားသည်က လက်မှတ်များမဟုတ်။ စာရွက်ဆိုသည်က သက်သေခံလက်မှတ်လား။ အရည်အချင်းစစ် ပြုပုဒ်တွေလား၊ တရားဝင် လိမ်ညာလေသည့် အထောက်အထားတွေလား၊ ကျွန်မအတွက်တော့ဖြင့် ယုံကြည်ကိုးစားနိုင်စရာမရှိလှပါ။ အသက်က ကျွန်မထက် ၅ နှစ်ငယ်ပြီး သူလုပ်ခဲ့သော ကုမ္ပဏီများက တကယ့်ထိတ်ထိတ်ကြဲ ကုမ္ပဏီများ၊ လူမှုအဆင့်အတန်းမြင့်မားသော စာသင်ကျောင်းများ၊ စာရွက်ပေါ်က အတွေ့အကြုံရှိသော မန်နေဂျာကောင်း တစ်ယောက်ပင်။

"ဒီအလုပ်ကို ဘာလို့လာလျှောက်တာလဲ"

"ကျွန်တော် စီမံခန့်ခွဲရတဲ့အလုပ်ကို စိတ်ဝင်စားပါတယ်။ ပြီးတော့ ဆောက်လုပ်ရေး လုပ်ငန်းကိုလည်း ဝါသနာပါတယ်။ ဒါကြောင့်ပါ"

"အရင်အလုပ်က ဘာဖြစ်လို့ ထွက်ခဲ့တာလဲ"

"ကျွန်တော့်အတွက် ထိုင်ခုံမရှိလို့ပါ။ လုပ်ရကိုင်ရတာ အဆင်ပြေပါတယ်။ သူဌေးမှာ လူယုံရှိတော့ သူ့လူယုံပြောတဲ့ စကားကိုပဲ ယုံတယ်။ ဒါပေမဲ့ အဲဒီမှာရှိတဲ့ ဝန်ထမ်းတွေရော၊ သူ့လူယုံရော ကျွန်တော့်လောက် အရည်အချင်းမရှိကြဘူး။ အားလုံးကို ကျွန်တော်ကပဲ စီမံအုပ်ချုပ်ရတယ်။ သူဌေးက ကျွန်တော့်ကို မထွက်စေချင်ပါဘူး။ သူ့ လူယုံတွေ ပညာပြတဲ့ဒဏ်မခံနိုင်လို့ ထွက်လိုက်တာ ကျွန်တော် ထိုင်တဲ့ထိုင်ခုံကို Store ထဲ သွားထည့်ထားတယ်လေ။ အဲဒါကြောင့် စားပွဲရှိပြီး ထိုင်ခုံမရှိတဲ့ အလုပ်ကိုမလုပ်နိုင်ဘူးဆုံးဖြတ်ပြီး ထွက်လာခဲ့တာ"

"မင်း . . . ဘဝမှာ ထိုင်ခုံက အဲလောက်အရေးပါသလား"

"Management အဲ . . စီမံညွှန်ကြားပေါ့ အစ်မရယ်။ စီမံညွှန်ကြားအုပ်ချုပ်သူ တစ်ယောက်အတွက် ခုံတစ်လုံး မရှိမဖြစ်လိုပါတယ်"

သူပြောသော အဓိပ္ပာယ်ကို ကျွန်မနားလည်ပါ၏။ သဘောလည်းကျမိပါ၏။ ဘဝကို စိတ်ဝင်စားသော လူတစ်ယောက်အတွက် ကိုယ့်တန်ဖိုးနှင့် ကိုယ့်နေရာကို ကိုယ်တိုင်ရဲရဲဝံ့ဝံ့ ဆုံးဖြတ်နိုင်ရမည်ပင်။

"တို့အလုပ်က သေးသေးလေးပါ။ အဓိကကတော့ ဒီရုံးမှာထိုင်ရမယ်။ တို့အလုပ်မှာ အင်ဂျင်နီယာတွေရှိမယ်၊ ရုံးဝန်ထမ်းတွေရှိမယ်။ အလုပ်သမားတွေ ရှိမယ်။ နယ်ရုံးခွဲတစ်ခုရှိမယ်။ ရန်ကုန်မြို့ထဲ အနည်းဆုံး ၄ နေရာလောက်မှာ site တွေရှိမယ်။ အဲဒီတော့ မင်းအလုပ်က ရန်ကုန်အတွက် သီးသန့်ပဲ။ ရန်ကုန် site တွေမှာ လိုအပ်တာမှန်သမျှ မင်းက ပံ့ပိုးရမယ်။ နယ်ရုံးခွဲအကြောင်း မင်းသိထားရုံပဲ။ လူကြီးတွေမေးလာလို့မှ ဘာမှန်းမသိဖြစ်မှာစိုးလို့ အကြမ်းဖျင်းသိထားရုံပဲ။ အဓိကကတော့ ရန်ကုန်အတွက်ပဲပေါ့"

"ဟုတ်ကဲ့ . . . ကျွန်တော်တတ်နိုင်သမျှ လုပ်ပေးနိုင်ပါတယ်။ ကျွန်တော် နားမလည်တာ ရှိရင် ကျွန်တော့်ကို မကြိုက်တာရှိရင်ပြောပါ အစ်မ"

အင်တာဗျူးတွေ ခဏခဏမေးဖူး၊ အလုပ်တွေ ခဏခဏခန့်ဖူးသူ ကျွန်မ အတွက်တော့ တစ်ထိုင်တည်းဖြေသော အဖြေများကိုလည်း မယုံကြည်နိုင်။ စာရွက်စာတမ်းများကိုလည်း မယုံကြည်နိုင်။ လူ့အကြောင်း ပေါင်းကြည့်မှသိ ဆိုတာလို သူ၏ လုပ်ဆောင်မှုကို လုပ်ငန်းခွင်ထဲမှာ ကိုယ်တွေ့မကြုံရမချင်း မယုံနိုင်ပါပေ။ တိုတောင်းသော အင်တာဗျူးအပြီး အလုပ်လျှောက်သော ၄ ယောက်ထဲမှ ထိုကောင်လေးကို မန်နေဂျာ ရာထူးနှင့် လစာငွေ ၁၅၀၀၀၀ ပေးပြီး ခန့်ဖြစ်ပါသည်။

မဆိုးပါဘူး ပြောရလောက်အောင် ဝင်ခါစရက်ပိုင်းများမှာတော့ ကြိုးကြိုးစားစားပင်။ မနက်အလုပ်သမားများ မရောက်သေးချိန် ၇း၃၀ လောက်မှ ညပိုင်းပစ္စည်းတားများပြန်သိမ်းချိန်ထိ လွယ်အိတ်တစ်လုံးနှင့် စာရင်းစာအုပ်တစ်အုပ်ကိုင်ကာ ပြေးပြေးလွှားလွှား လှုပ်ရှားနေသူကို အလစ်မပေးရဲ။ အသေးသုံးပေးထားသောငွေကို ပစ္စည်းဝယ်လျှင် ပစ္စည်းဘောက်ချာ၊ အလုပ်သမားခရှင်းလျှင် ငွေလက်ခံသောအလုပ်သမားခေါင်းဆောင်၏လက်မှတ် အားလုံးအတိအကျပင်။

ကျွန်မဆီမှာ သူအပါအဝင် ဝန်ထမ်း ၂၀ လောက်ရှိသည်ဆိုတော့လည်း ဝန်ထမ်းများ၏ သဘောသဘာဝကို အနည်းအကျဉ်းတော့ဖြင့် နားလည်နေပါပြီ။ နောက်ကျွန်မအဘိုး ပြောခဲ့သော စကားက ဝန်ထမ်းများအကြောင်း တွေးမိလေတိုင်း သတိတရဖြစ်ရမြဲ။ ကျွန်မအဘိုးက အညာတစ်ခွင် ယာတွေ၊ ထန်းတွေ ပိုင်သောသူ၊ ထိုသောအခါ ကိုယ်တိုင်မလုပ်နိုင်လေတော့ အိမ်မှာ သူရင်းငှားခေါ်ရသည်ပေါ့။ မောင်ညိုဆိုသူရောက်ပြီး နှစ်ရက်ကြာတော့ အဘိုးကပြောပါသည် . . .

"မောင်ညို . . . နှစ်ကျပ်ပေးတာ နည်းသွားပြီ။ နှစ်ကျပ်မကဘူး တန်တယ်" ဟူ၏။



> ဘွဲ့နှစ်ဘွဲ့ရထားသော
> လူငယ်တစ်ယောက်၊
> အမျိုးသမီးက ဖွေးဖါ နီးပွားဖါနီး၊
> ဒီလို လူတစ်ယောက်က
> တစ်နှပ်စား မကြုံလောက်ဘူးဟု
> တွေးထင်ယူခဲ့မိခြင်း၊
> သူသာကြိုးစားတတ်လျှင်
> သူ့အနာဂတ်မှာ
> တက်လမ်းတွေချည်းသာ၊
> ဖြစ်ရလေဟုညည်းမိပါသည်၊
> ရိုးသားဖြောင့်မတ်မှုနှင့်
> ရလာမည့် အခွင့်အရေးကို
> မစောင့်နိုင်ဘဲ ဘာဖြစ်လို့များ
> ဖြတ်လမ်းကလိုက်ချင်ရမှန်း
> မစဉ်းစားတတ်လေ၊

Asian Fame Media Group

နေ့စားခလား၊ လခလားတော့ မသိ၊ ရောက်ရောက်ချင်း ရှိသမျှ အလုပ် သိမ်းကျုံး လုပ်လေတော့ အဘိုးက အထူးတလည်သဘောကျပါသည်။ ၂ ကျပ်နှင့် သဘောတူထားသော်ငြားလည်း အဲဒီထက်ပိုပေးဖို့ စဉ်းစားနေသည့် လေးရက်ခန့် အတွင်း မောင်ညို ပုံမှန်ဖြစ်သွားပါလေပြီ။

"အင်း. . . မောင်ညို နှစ်ကျပ်ပေးတာ အတော်ပါပဲ"

အဘိုး ရေရွတ်လို့ပင်မဆုံးသေး ဒီ့ကျူးစကားအကင်း မသေသေးချိန် မောင်ညိုက ပုံမှန်ထက်လျော့သွားလေရာ မောင်ညိုရောက်ပြီးတစ်ပတ်ပင် မပြည့်သေး. . .

"အလကား. . . ခွေးမသား မောင်ညို. . ခေါ်မိတာမှားပြီ" ဟု၏။

လခစားဆိုလျှင် ထိုသို့သော သူမျိုးက ခပ်များများပေကိုး။ လုပ်လုပ် မလုပ်လုပ် လစာကပုံသေဆိုသောအတွေးများက သူတို့နှင့်တစ်ထပ်တည်း ကျပြီးသား။ ထိုအတွေး အခေါ်ကပင် သူတို့ဘဝတွေကို မြောင်းထဲ ဆွဲနှစ်နေသည်ဆိုတာ သူတို့မသိ၊ သိအောင်လည်းမကြိုးစား၊ ကံဇာတ် ဆရာပစ်ချသမျှ ဒီဘဝတော့ ဒီလောက်နှင့် ကျေနပ်တော့မည်ဆိုသော အတွေးအခေါ်များ။

နောက် အရေးအကြီးဆုံးတစ်ချက်က ရပိုင်ခွင့် (သို့) အခွင့်အရေး ထိုစကားလုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ကွဲလွဲမှုပင်။ လူနည်းစုကသာ ရပိုင်ခွင့်ဆိုသည်မှာ ကိုယ်တိုင်ကြိုးစား ရယူခြင်းဟု ခံယူထားသော်လည်း အများစုကတော့ဖြင့် ကိုယ့်ရပိုင်ခွင့်ကို တစ်ပါးသူ သတ်မှတ်ပေးသော နှုန်းစံတစ်ခုဖြင့် ကျေနပ်နေကြခြင်း။ တစ်စုံတစ်ယောက်က တစ်စုံတစ်ယောက်၏ ရပိုင်ခွင့်ကို သတ်မှတ်ပေးမည်၊ သတ်မှတ်ခံရမည်။ ထိုသို့သတ်မှတ်မှုကို ကျေနပ်လက်ခံမည်ဆိုလျှင်တော့ဖြင့် ထိုသူ၏ဘဝတိုးတက်ဖို့ လွယ်ကူပါလိမ့်မလား။ လခတိုးရန် မျှော်လင့်နေရုံမျှဖြင့်တော့ ဘဝကြီး ရွေ့နိုင်ဖို့မလွယ်ကူပါပေ။ စွမ်းစွမ်းတမံ အားကြိုးမာန်တက် လှုပ်ရှားခြင်း၊ ကိုယ်၊ စိတ်၊ နှလုံးသုံးပါးလုံးက ကိုယ့်အလုပ်၌ပင် နှစ်မြှုပ်ထားခြင်း၊ ကိုယ့်ကိုထမင်းကျွေးသော အလုပ်အပေါ် တန်ဖိုးထားခြင်း၊ သစ္စာရှိခြင်း၊ သူများဆီကရဖို့ ကိုယ်ကအရင်ပေးရမည်ဆိုသောခံယူချက် မွေးမြူခြင်းတို့နှင့် လခတိုးခြင်းဆိုသော အားပြိုင်မှုတို့ယှဉ်ပြိုင်နိုင်မှ တိုးတက်မှုကို ရရှိမည်တည်း။

## (၂)

ထိုကဲ့သို့ ဟနေသော အထာလေးတွေကို နားလည်ထားလေတော့ ဘယ်ဝန်ထမ်းပဲဝင်လာလာ မဒီ့ကျူးရဲပါပေ၊ အခုလည်း မန်နေဂျာကောင်လေးလုပ်သမျှ ထိုင်ကြည့်နေရုံပင်။ ဆောက်လုပ်ရေး လုပ်ငန်းအတွေ့အကြုံနည်းတော့ ကျွန်မ လိုချင်သမျှ သူ့ကို မသိမသာတစ်မျိုး၊ သိသိသာသာတစ်မျိုး ပြောယူရသည်။ 'ငါနိုင်းတာလုပ်၊ ငါ့စကားနားထောင်' ဆိုသောမူကို ကျွန်မ ဝန်ထမ်းများအပေါ် မကျင့်သုံးခဲ့၊ အကျိုးအပြစ်ကို ချပြပြီး "အစ်မကတော့ ဒီလိုထင်တယ်။ မင်းတို့အထင် ပြောပြပါ။ တိုင်ပင်ပါ၊ ဆွေးနွေးပါ၊ အစ်မက ပုထုဇဉ်ပဲ မှားတာရှိမယ်။ မှားတာရှိခဲ့ရင် အစ်မကို အချိန်မရွေး ဆွေးနွေးပါ" ဆိုတာမျိုးဖြင့် လုပ်ငန်းခွင်ကို ထိန်းချုပ်ခဲ့ပါသည်။

သို့သော်လည်း ဒီကောင်လေးက သူ မကျွမ်းကျင်သော ဆောက်လုပ်ရေးပိုင်းဆိုင်ရာများကိုသာ နားထောင်လေပြီး အင်ဂျင်နီယာကအစ စတိုဝန်ထမ်းအဆုံး ဝန်ထမ်းအားလုံးအပေါ်မှာ ဗိုလ်ကျနိုင်ကွပ်ချင်သူပင်တည်း။

"မောင်အောင်ကို. . သူများကို စီမံအုပ်ချုပ်ဖို့ ကိုယ်ကိုယ်တိုင်က သိထားဖို့ လိုတယ်။ မင်းမှာ အတွေ့အကြုံနည်းသေးတယ်။ တို့ လုပ်ငန်းရဲ့ လုပ်ငန်းစဉ်တွေ လေ့လာပါဦး"

"မောင် အောင်ကို . . . မင်းက . . မန်နေဂျာနော်။ ဆောက်လုပ်ရေးလုပ်ငန်းမှာ မန်နေဂျာနဲ့ အင်ဂျင်နီယာ ဆိုတာ အဓိက အရေးကြီးတဲ့ လူတွေချည်းပဲ။ မန်နေဂျာနဲ့ အင်ဂျင်နီယာရဲ့ တာဝန်ဆိုတာ နံရံပါးပါးလေး တစ်ချပ်ပဲ ခြားတာ။ ကိုယ့်အလုပ် ကိုယ်လုပ်တာဟာ အင်ဂျင်နီယာရဲ့ လုပ်ပိုင်ခွင့်ကို ဝင်စွက်ဖက်သလို ဖြစ်တတ်တယ်။ သတိ ထားလုပ်ပါ"

ကျွန်တော်က ကုမ္ပဏီကြီး တွေမှာ မန်နေဂျာလုပ်လာတာ အစ်မ အလုပ်လောက်က ပျင်းတောင်ပျင်းသေး ဆိုသော အကြည့်များ။ မခိုးမခန့် ရယ်ပုံများ ကျွန်မ သက်ပြင်းပဲ ချမိရသည်။ ကျွန်မတို့လို လုပ်ငန်းရှင်များ အနေနှင့် မန်နေဂျာ ဟောတစ်ယောက် ဟောတစ် ယောက် ပြောင်းရခြင်း ဆိုသည်က ကောင်းသည့် လက္ခဏာ၊ တိုးတက်မည့် လက္ခဏာမဟုတ်။ ကိုယ့် လုပ်ငန်းနှင့် တိုက်ရိုက် ပတ်သက်နေရသော ပတ်ဝန်းကျင်၏ အထင်သေးမှုကို အရင်ခံရမည်၊ ဌာနဆိုင်ရာ လူကြီးများ၏ အယုံအကြည် ကင်းမဲ့မှုကို ခံရနိုင်သည်။ ဝန်ထမ်းတွေတောင် နိုင်အောင် မထိန်းချုပ်နိုင်ဘဲ လုပ်ငန်းကြီး တစ်ခုလုံးကို လုပ်နိုင်ပါမလား။ အဆောက်အဦ တစ်ခုလုံး ပြီးအောင် ဆောက်နိုင်ပါမလား ဆိုသော အတွေးဝင်သွားခဲ့လျှင်ဖြင့် ကျွန်မတို့ ကြိုးစားသမျှ အလကား ဖြစ်ရတော့မည်။

"အစ်မ အလုပ်က ပုံစံမကျဘူး ဖြစ်နေတယ်၊ စတိုကို ပုံစံပြောင်းကိုင်မှရမယ်။ လူလည်း ပြောင်းရမယ်။ ကျွန်တော်နဲ့ AAA International School မှာ အတူတူ လုပ်လာတာ သူ့ကို ခေါ်လိုက်မယ်။ ဥပမာ အစ်မရယ် AAA မှာ တစ်သျှူးဘူးဆိုပါတော့ အသစ်လိုချင်ရင် အဟောင်း ပြန်ပေးရမယ်၊ အခုလည်း ဘိလပ်မြေ ၁၀ အိတ်ယူသွားရင် အိတ်ခွံ ၁၀ အိတ်ပြန်အပ်ရမယ်။ နောက်ပြီးတော့ ကွန်ပျူတာကို ထိန်းချုပ်ရမယ်၊ စာစီစာရိုက်ကို ကျွန်တော်ခွင့်ပေးမှ ပရင့်ထုတ်ရမယ်၊ အဲဒါလေးတွေ အစ်မဆီက ခွင့်တောင်းတာ ကျွန်တော့်အနေနဲ့ Discipline . . . Discipline ဆိုတာ စည်းကမ်းပိုင်းပေါ့။ ကျွန်တော် ချပေးထားတဲ့ စည်းကမ်းကို သူတို့လိုက်နာရမယ်။ မနက် ၈ နာရီတိတိ လုပ်ငန်းခွင်ကို မရောက်ရင် without leave ခွင့်မဲ့ ပျက်ကွက်ပေါ့ အစ်မရယ်. . without leave နဲ့လစာထဲက ဖြတ်မယ်"

ထိုသို့. . ထိုသို့ စကားများကို နားထောင်ကြည့်လျှင် တာဝန်ယူချင်သော သူ၏စိတ်ဓာတ်ကို လေးစားသော်ငြား ဖြူစင်သော အပြုသဘောဆောင်သော တာဝန်ယူမှုမဟုတ်လေခဲ့ပါ။ သူ့စကားများကို နားထောင်ရင်း တွေ့လာသည်က ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ ဖြစ်အောင် မနေနိုင်သော စရိုက်လက္ခဏာပင်၊ တကယ်တော့ AAA ဆိုသည်က လူမှုဝန်းကျင်အမြင့်စားတွေ နေထိုင်ပတ်သက်ရာ ကျောင်း၊ ထိုကျောင်း၏ဝန်ထမ်းများက ဆရာ၊ ဆရာမတွေ အနိမ့်ဆုံး သန့်ရှင်းရေးဝန်ထမ်းကအစ အင်္ဂလိပ်လို အနည်းအကျဉ်းဖြစ်ဖြစ်ပြောနိုင်သော ပညာအရည်အချင်း ရှိသူများသာ။ မတူညီသော ပတ်ဝန်းကျင်နှစ်ခုကို တန်းတူအုပ်ချုပ်လို့ မရနိုင်လေတာ သူသိလောက်ပါသည်။ အတွေ့အကြုံနည်းသူမှမဟုတ်လေဘဲ၊ သို့သော် ဘာကြောင့် ကတ်ဖဲ့တိုက်နေသလဲ၊ လူတွင်ကျယ် လုပ်ချင်သည်က ကောင်းသည့်လက္ခဏာမှ မဟုတ်ပေပဲ။ ကျွန်မကတော့ သူ့ကို ဘယ်လို ကိုင်တွယ်ရမလဲ နည်းလမ်းရှာနေခဲ့ပါသည်။

သူပြောသလို ဘိလပ်မြေ ၁၀ အိတ်ထုတ်သွားပြီး အိတ်ခွံ ၁၀ အိတ် ပြန်သိမ်းဖို့ မဖြစ်နိုင်ပါပေ။ ထိုအိတ်ခွံတွေနှင့် သဲ၊ ကျောက် ထည့်သယ်ရမည်။ အုတ်စီလက်စ မိုးရွာခဲ့လျှင် ထိုအိတ်ခွံများကိုပင် ဖြဲ၍ အုတ်ရိုးပေါ်က ကာရပေလိမ့်မည်။ ကွန်ပျူတာကိစ္စဆိုသည်က လည်း ကျွန်မတို့က ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်သော ပုဂ္ဂလိကကျောင်းမဟုတ်ပေလေတော့ ဌာနဆိုင်ရာနှင့် ဆက်စပ်ပတ်သက်ရာ စာများကို ရိုက်ပေးရမည်လော။

မတူညီသော သဘာဝနှစ်ခုကို ထပ်တူကျရန် ကြိုးစားလျှင် မှားမည်ပေါ့။ နောက်တစ်ခုက သူနှင့် စကားပြောလေတိုင်း ကျွန်မရင်ထဲ အလိုလို ခံစားသိမြင်လာတာက သူရင်ဆိုင်ပတ်သက်ရာ သူ့ပတ်ဝန်းကျင်မှာ သူ အတော်ဆုံး၊ သူအတတ်ဆုံးဟု နှစ်နှစ်ကာကာ တွေးထင်နေလေသောကိစ္စပင်၊ ကျွန်မနှင့် စကားပြောသော အခါ "ပိုင်ရှင် ဖြစ်နေလို့သာလျှင် ဦးညွှတ်ရတာပေါ့ တကယ်တော့

Asian Fame Media Group

ငါ့လောက်တတ်တာ မဟုတ်ဘူး"ဆိုသောသဘောထား။ ထိုသဘောထားကို သိသိသာသာ ထုတ်ပြတတ်ပါသည်။ လုပ်ငန်းကိစ္စများဖြင့် စကားပြောဖြစ်လေတိုင်း သက်ဆိုင်ရာစကားများအလိုက် အင်္ဂလိပ်လိုညှပ်ပြောသွားပြီးခါမှ မြန်မာလိုချက်ချင်း ပြန်ပြန်ရှင်းပြ တတ်တာကသူတစ်ယောက်ပဲ သိတဲ့အတိုင်း။ ကျွန်မရင်ထဲမှာ အောင့်သီးအောင့်သက်နှင့် အခံရခက်သည့် အဖြစ်ပါပင်။ သို့သော်လည်း ကျွန်မ ဘယ်လောက်ပင်အခံရခက်သည် ဖြစ်ပါစေ အကြောင်းအရာက သေးသေးလေး. . . ဘာမဟုတ်သော ကိစ္စနှင့်ပုဂ္ဂိုလ်ရေး ရှေ့တန်းတင်ခဲ့မည်။ "ငါများ ဘာအောက် မေ့နေလဲ" စိတ်မျိုးဝင်ခဲ့မည်ဆိုလျှင် အတော်ရှက်စရာကောင်းမည့်အဖြစ်။ သို့နှင့်ပင် ရင်ဝတက်လာ တတ်သောအလုံးကို မျိုမျိုချခဲ့ရသည်က သူနှင့်စကား ပြောဖြစ်သည့် အချိန်တိုင်း။

"ဒီလိုလေ၊ အစ်မတို့ အလုပ်က ပုံစံဘောင်ချပြီးလုပ်လို့ရတဲ့ အလုပ်မဟုတ်ဘူး။ ဟိုကွေ့ဟိုတက်နဲ့လျှော်ရင်. . ဒီကွေ့ဒီကွေ့ နဲ့လျှော်လိုက်ရတဲ့ အခါမျိုးလည်း ရှိတယ်။ ဖြည်းဖြည်းချင်း လုပ်ယူတာပေါ့ကွာ"

ထိုအချိန် ကျွန်မတို့အင်ဂျင်နီယာက အတွေ့အကြုံ ပြည့်ဝသော ဒေါ်သကြီးကြီး အဘိုးကြီး၊ သူက လူငယ်၊ တစ်နေ့တော့ တွေ့ကြလေ သတည်းပြောရတော့မည်။ လက်သီး လက်မောင်းတန်းထိုးမလို ကြိတ်မလို အော်ကြီးဟစ်ကျယ်ရန်ဖြစ်ပြီး နောက် သူတို့ကိုနေရာခွဲလိုက်ရသည်။ နောက် သိပ်မကြာခင်မှာပဲ ကျွန်မ နေမကောင်းဖြစ်ပြီး ရုံကို မသွားနိုင်။ ဖုန်းနှင့်ပဲ ကိုယ်လိုချင်သောပုံစံ ပြောရ၊ ညှိနှိုင်းရပါသည်၊ ဖုန်းဆက်ညှိနှိုင်းသမျှ 'ဟုတ်ကဲ့' ချင်းထပ်လျက် စိတ်ဝင်တစား ပြန်ဆွေးနွေးလေတော့ "ထင်သလောက်



မဆိုးသေးပါဘူး. . လူငယ်ဆိုတော့ ဒီလောက်တော့ရှိမှာပဲ" ဟုသတ်မှတ်ကာ စိတ်ချလက်ချ ဖြစ်ရပြန်၏။

(၃)

နေကောင်းလာပြန်သောအခါ နယ်ရုံးခွဲ၏ အရေးကြီးကိစ္စများဖြင့် နယ်သို့ သွားနေရပြန်တော့ ရန်ကုန်ရုံးကို မရောက်ဖြစ်ပြန်။ ဖုန်းနှင့်သာ အားလုံးကို စီစဉ်နေရပါသည်၊ သက်ဆိုင်ရာအဆင့်လိုက် ထိန်းသိမ်းကြီးကြပ်မည့် ဝန်ထမ်းများအပြင် နည်းလမ်းတကျ ဆွေးနွေးထားသည့် မန်နေဂျာကောင်လေး ရှိနေသရွေ့ အဆင်ပြေမည်ဟု တစ်ဖက်သတ်တွေးပြီး ဂရုစိုက်အားနည်းခဲ့သည်ပေါ့။

ကျွန်မ ရုံးပြန်တက်သောအချိန်တွင် အခြေအနေက အတော့်ကိုဆိုးနေပါပြီ။ ကောင်လေး၏ လက်အောက်မှာ အားလုံးက တာဝန်ကျေလုပ်နေကြပြီး စာရင်းကိုင်၏စာရင်းတွေ ယူကြည့်ပြန်တော့ အမှားများ အယွင်းယွင်း။ အောက်ခြေနှင့် တိုက်စစ်တော့ ၂ ရွက်သာ စစ်ရသေးသည်၊ သိန်းနှစ်ရာခုနစ်ဆယ်ကျော် ပိုနေပါရော၊ သိန်းသုံးဆယ်ကို သုညတစ်လုံးတိုးတော့ သိန်းသုံးရာဖြစ်ရေချိုးခန်းသုံးနှင့် ကြွေပြားဘောက်ချာမှာ သိန်းသုံးရာဖိုးဝယ်တာ ဖြစ်နိုင်ပါ့မလား၊ တစ်ချက်လောက် သံသယဝင်လိုက်ရုံနှင့် အဖြေမှန်ပေါ်နိုင်လေသည့်ပုစ္ဆာကို စိတ်မဝင်စားလေတော့ မှားပြီပေါ့။ ဒါတွေက ရုံးချုပ်ကိုတင်ပြီး ကုန်ကျစရိတ်တောင်းရမည့်အလုပ် ကွန်ပျူတာသမားကတော နည်းနည်းမှ မစစ်ဆေးတော့ဘဲ တွေ့ရာမြင်ရာ ရိုက်နေတော့တာပဲလား။ ကဲ. . စာရင်းကိုင် လာခဲ့၊ ကောင်လေးလာခဲ့ပေါ့။

"မစိုး၊ ကိုယ့်အမှားကိုယ် သိလား"

"ဟုတ်ကဲ့. . . သိပါတယ်"

"ဘာစကားမှ မပြောနဲ့ ဒီလိုမှားတာ ၃ ခါရှိသွားပြီ။ လက်ရှိ စာရွက်စာတမ်းတွေ၊ လုပ်လက်စတွေ မန်နေဂျာလက်ကို အပ်လိုက်တော့ နောက်နေ့မလာနဲ့တော့"

"ကဲ. . . မင်းကကော၊ မင်းမှာတာဝန်ရှိတယ်။ ပစ္စည်းစာရင်းတွေ ပြန်စစ်ထားပါ ပြောထားလျက်နဲ့ ဘယ်လိုဖြစ်ကုန်တာလဲ။ တော်သေးတာပေါ့။ ဒါအရေးကြီးတဲ့စာရင်းတွေ ညနေညွှန်မှုးကို တင်ရမှာတွေ လူကြီးတွေ မေးလာရင် အားလုံးကွဲမှာ"

"ဟုတ်ပါတယ် အစ်မ. . . ကျွန်တော် အပြစ်ရှိပါတယ်။ ကျွန်တော် သတိလွတ်သွားလို့ပါ"

ကျွန်မစဉ်းစားရပြီ၊ တကယ်ဆိုဟောဒီအလုပ်တွေက ကျွန်မတစ်ယောက်တည်းလုပ်ခဲ့သော အလုပ်တွေပင်၊ ကျွန်မမှာ B.Sc ဆိုသောဘွဲ့ကလေး တစ်ခုသာ ရှိပါ၏၊ ကျောင်းပညာများ၊ သင်တန်းဆင်းလက်မှတ်များ၊ အတွေ့အကြုံများ အခြေခံကောင်းကောင်းနှင့် သက်ဆိုင်ရာဘာသာရပ်ကို အထူးပြုလေ့လာခဲ့ရသော လူငယ်တွေက ဘာဖြစ်လို့များ ထပ်ပြန်တလဲလဲ မှားရပါလိမ့်။ မစဉ်းစားတတ်ခဲ့ပေ။ ဖြစ်အောင် လုပ်မည်ဆိုသော စိတ် နှင့် သူများထက် နှစ်ဆ လေ့လာခဲ့ခြင်းပင်။ စားရင်းနှင့် စဉ်း စား၊ သွားရင်းနှင့် တွေး၊ ထိုင်ရင်းနှင့် သင်ယူ၊ စကားပြောရင်းနှင့် ပညာရှာတကယ်တမ်းတော့ ပညာလိုချင်သည့်စိတ်ရှိဖို့သာ ပဓာန။ ရေကုန် ရေခန်းကြိုးစားလျှင် တကယ်ဖြစ်လာရမည်သာ။

ဒီနှစ်မှာ အလုပ်တွေများလာလို့သာ ရုံးအဖွဲ့ အသွင်ပြောင်းလိုက်ရခြင်းဖြစ်ပြီး အရင်နှစ်တွေတုန်းကတော့ မန်နေဂျာ၊ အဝယ်တော်၊ စာရင်းကိုင် အားလုံး ကျွန်မတစ်ယောက်တည်း။ စကားကြုံတုန်းပြောရလျှင်ဖြင့် အလုပ်လုပ်မည်ဆိုလျှင် ကုမ္ပဏီထောင်မှ ရမည်။ ဒါဆိုကုမ္ပဏီထောင်ကြတာပေါ့။ ဟုတ်ပြီကုမ္ပဏီထောင်မည် ကြေညာလိုက်သည်နှင့် ကမ္ဘာကြီးလုံးသည် ပြောမိလေ၍ လှောင်ပြောင်သရော်ခံခဲ့ရသူလိုပင် ကျွန်မလည်း ဆွေမျိုးတွေ၏ လှောင်ပြောင်မှု၊ ကန့်ကွက်မှုတွေနှင့် ကြုံရပါပြီ။ ကျွန်မညီမပြောလေသည်က (ဥက္ကဋ္ဌ တစ်၊ ဒါရိုက်တာတစ်၊ မန်နေဂျာတစ်၊ စာရင်းကိုင်တစ်၊ ငွေကိုင်တစ်၊ စာရေးတစ်၊ သန့်ရှင်းရေးတစ် . . . ပေါင်းတစ်)

ဟူ၏။ ဆိုက်ထဲ ပြေးပြီး ဘာပစ္စည်းလိုသေးလဲ အကဲခတ်လိုက်။ စော်ဘွားကြီးကုန်းမှာ ပစ္စည်းပြေးဝယ်လိုက်၊ ဖုန်း ဆက်မှာသင့်သည်ကို ဖုန်းဆက်မှာ လိုက်၊ ပစ္စည်းကားဝင်လျှင် ပြေး စစ်လိုက် (သစ်လိုမျိုး ပစ္စည်းတွေက စစ်နိုင်မှ တော်လေသည်) အဲသလို ဗျာများရလေလျှင် ကျွန်မ ညီမ၏စကားကို ပြန်ကြားယောင်ကာ ပြုံးမိရမြဲ။ သူများထက် သာချင်မှတော့ အပင်ပန်းခံရမည်သာ။ အဲဒီတုန်းက တည်ထောင်ခါစ ဆောက်လုပ်ရေး လုပ်ငန်းလေးမှာ လူပို မထားနိုင်ခဲ့လေတော့ ကိုင်ဇာက ဘောလုံးကို ကျုံးကျုံးကန်ခဲ့သလို ကျွန်မကလည်း စာရင်းတွေ၊ ဘောက်ချာတွေနှင့် နာလန်မထူနိုင်ခဲ့။ စာရင်းကိုင်ပညာ မသင်ခဲ့ဖူးသော်ငြား သူများငွေ စာရင်းရှင်းတမ်းငါးခုလောက် လေ့လာလိုက်သည်နှင့် ကိုယ့်လက်ကျန်ငွေကိုထည့်ပေါင်းလျှင် ဝင်ငွေ၊ ထွက်ငွေ ကိုက်ညီရမည်ဆိုခြင်းကို လည်းကောင်း၊ 'စာရင်းဖွင့်လက်ကျန်/ စာရင်းပိတ်လက်ကျန်' ဆိုသော စကားလုံးများကို လည်းကောင်း၊ ငွေစာရင်းရှင်းတမ်းဆွဲနည်းကိုလည်းကောင်း သိလာခဲ့ရသည်ပင်။ ဦးကျော်နိုင် မြန်မာဘာသာပြန် ထားသော အင်ဂျင်နီယာလက်စွဲ အဝါရောင်စာအုပ် (YELLOW BOOK) ကိုဖတ်ရင်း အဆောက်အဦနှင့် ပတ်သက်သည်များ အထိုက်အလျောက် သိလာခဲ့သည်ပင်။ ဌာန ဆိုင်ရာတွေ၊ ကုမ္ပဏီကြီးတွေကထုတ်သော အင်ဂျင်နီယာလက်စွဲ စံသတ် မှတ်ချက်၊ စံနှုန်းများ ထိုစာရွက် စာတမ်းတွေက ကျွန်မ၏ သင်ဆရာများ။

"အစ်မ . . မင်းကို ခန့်ရတဲ့ ရည်ရွယ်ချက်က မင်းတို့လူငယ်တွေကို အားကိုးလို့ပဲ။ မင်းနေရာမှာ လူကြီး တစ်ယောက်ကို ခန့်လို့ရတယ်။ ဒါပေမဲ့ ပြောလို့ဆိုလို့ကောင်းမယ်၊ လျင်မြန်သွက်လက်မယ်၊ တိုးတက်ချင်စိတ် အပြည့်ရှိတဲ့ 'လူငယ်' တွေနဲ့အစ်မလုပ်ငန်းကို တိုးချဲ့မယ်ဆိုတဲ့ စိတ်ကူးပေါ့။ မင်းငယ်သေးတယ်။ ဒါပေမဲ့ မသိတာကို သင်ပေးမယ်။ အခုလက်ရှိ SITE တွေကို မင်း ဦးစီးနိုင်ပြီ အစ်မ လက်လွှတ်ရပြီဆိုရင် နောက်လုပ်ငန်းသစ် ထပ်ရှာမယ်။ အခု နယ် SITE ဆိုရင် မန်နေဂျာဦးမြသောင်း လုပ်တာကိုင်တာ စိတ်နေတာပဲ၊ လုံးဝ လှည့်ကြည့်စရာမလိုဘူး။ အားလုံး စိတ်ချရတယ်။ မင်းကို အဲလိုဖြစ်စေချင်တာ။ မင်း ပေါ့တယ်။ အားလုံးကို လေးလေးနက်နက် တွေးပါ။ ဂရုစိုက်ပါ။ မင်း လိုအပ်တာရှိရင် အချိန်မရွေး မေးပါ၊ ပြောပါ၊ ကုန်ကုန်ပြောမယ်ကွာ. . အစ်မရဲ့လုပ်ငန်းအတွက် ည ၁၂ နာရီဖြစ်ပါစေ ဖုန်းဆက် အစ်မ ဖြေရှင်းပေးမယ်"

(၄)

အမျိုးသားနှင့် ကျွန်မ နှစ်ယောက်တည်းသာရှိသော လုပ်ငန်းခွင်တွင် ယုံကြည်စိတ်ချရသည့်လူယုံ အများကြီး လိုအပ်ပါသည်။ လူယုံများများရှိလေ ကျွန်မ လုပ်ငန်းတိုးတက်လေပင်။ တကယ်တော့ ကိုယ့်ဝန်ထမ်း ဆိုသည်ထက် ကိုယ့်လုပ်ဖော်ကိုင်ဖက် ကိုယ့်ကျေးဇူးရှင်များသာ သူတို့သာမရှိခဲ့လျှင် ကျွန်မတို့ လုပ်ငန်း တိုးချဲ့ဖို့ရန် မဖြစ်နိုင်ပါပေ။ ထို့ကြောင့်ပင် သူတို့နှင့်အတူရေရှည်ခရီးဆက်နိုင်ရန် သူတို့ ရပိုင်ခွင့်ကို အပြည့်အဝပေးခြင်းဖြင့် သူတို့ကို စည်းရုံးခဲ့ပါသည်။ လူတိုင်း အုမထောင်မှ သီလစောင့်နိုင်မည် တစ်နည်းအားဖြင့် အိမ်က ထမင်းအိုးပြည့်နေမှသာလျှင် အလုပ်ကို စိတ်ဝင်စားနိုင်ပေမည်။ ထိုအသိလေးနှင့် သူများထက် လစာ ပိုပေးခြင်း၊ ခရီးစရိတ်၊ စားစရိတ် ထောက်ပံ့ခြင်း၊ ထိုက်သင့်သော အကူအညီ တောင်းလာလျှင် ပေးခြင်းဖြင့် သာယာ အောင်မြင်သော လုပ်ငန်းခွင်တစ်ခု ဖြစ်လာအောင် ကြိုးစားခဲ့ပါသည်။ ထိုရက်ပိုင်းမှာ အကူအညီ တောင်းလာလျှင် ပေးခြင်းဖြင့် သာယာ အောင်မြင်သော လုပ်ငန်းခွင်တစ်ခု ဖြစ်လာအောင် ကြိုးစားခဲ့ပါသည်။ ထိုရက်ပိုင်းမှာပင် မန်နေဂျာကောင်လေး၏ မိန်းမ ဆေးရုံတက်ပြီး အခြေအနေက ခိုက်ခွဲရမည် ဆိုလေတော့ ကိုယ့်ဝန်ထမ်း တစ်ယောက်၏ ဒုက္ခဝန်ပိုးကို ကူညီဖြည့်တင်းပေးနိုင်ရန် အမျိုးသားနှင့် တိုင်ပင်ကာ လစာမှ ဖွဲ့ဆပ်မည်ဆိုသောကတိနှင့် ငါးသိန်းချေးပေးလိုက်ပါသည်။ အထူးသဖြင့်တော့ အဲဒီနေ့က သူ့ယောက်ျားကို လာစောင့်ရင်း ရွယ်တူစာရင်းကိုင်ကောင်မလေး၏ စားပွဲမှာ ခေါင်းတင်လျက် ငိုက်နိုပ်ရှုံ့မဲ့နေလေသော သူ့ကောင်မလေးကို သနားခြင်းကအဓိကပင်။ ကောင်မလေးကအလုပ်မရှိတော့ ကျွန်မတို့ရုံးကို လိုက်လာတတ်ပြီး ကျွန်မအပါအဝင် ဝန်ထမ်းအားလုံးနှင့် ရင်းနှီးနေခြင်းပင်။

"မောင်အောင်ကို . . မင်းကို အစ်မတို့ရဲ့ လျှို့ဝှက်ချက် ပြောပြမယ်။ အစ်မတို့ ရန်ကုန်တက်လာတုန်းက ဆောက်လက်စ တိုက်တစ်တိုက်ရဲ့ BQ DRAWING တွေမျိုးစုံရှိတယ်။ အင်ဂျင်နီယာတွေ သူငယ်ချင်းလုပ်ပြီး ပေါင်းနိုင်တယ်။ အလုပ်သမားတွေ ရင်းနှီးတယ်။ ဆောက်လက်စ အဆောက်အဦတွေကို လျှောက်တွေ့ လေ့လာနိုင်တယ်။ မင်းမိသားစုအတွက် လခရနေတယ်၊ က. . . ဒီထက်ကောင်းတဲ့ အခွင့်အရေးရှိဦးမလား။ မြန်မာပြည်မှာ ကုမ္ပဏီကြီးတွေက မန်နေဂျာတစ်ယောက်ကို လခဘယ်လောက်ပေးသလဲ။ အစ်မမသိဘူး၊ အေး လေဘာကန်ထရိုက်တာ တစ်ယောက်က တစ်လကို ၁၀ သိန်းလည်း ဟုတ်၊ ၁၅ သိန်းလည်းဟုတ်။ ကိုယ့်ရဲ့ လုပ်ရည်ကိုင်ရည်နဲ့ အကွက်မြင်တတ်မှုအပေါ် မူတည်ပြီးရတာ၊ အဲဒီလိုဖြစ်အောင် ကြိုးစားပါ။ မင်းမှာ အရည်အချင်းတွေ၊ ပညာတွေ ပြည့်စုံနေပြီဆိုရင် ဘယ်ကုမ္ပဏီဖြစ်ဖြစ် ဆပ်ကွင်း (တစ်ဆင့်ခံ ကန်ထရိုက်တာ) ရအောင်လုပ်ပေါ့။ မင်း. . အိုကေပြီဆိုရင် အစ်မကိုပြော။ ပုတ်ပြတ်အလုပ် ရှာပေးမယ်၊ အဲဒါ ဟင်းစားပေးတာမဟုတ်ဘူး။ စားကျက်ကို ပြတာ"

ကျွန်မကတော့ လူငယ်တွေကို ကျွန်မ၏ လက်အောက်မှာပဲ နှိမ်မထားချင်ပေ။ သူတို့သာ တကယ်အရည်အချင်းရှိသော လူတော်များဖြစ်ခဲ့လျှင်တော့ သူတို့အတွက် လုပ်ငန်းများ ကူညီ ထူထောင်ပေးရန် အဆင်သင့်ပင်။ ထွက်လိုက်ကြ၊ ဝင်လိုက်ကြ။ သူတို့က ထွက်သွားလိုက်၊ ကိုယ်ကထုတ်လိုက်နှင့် လုံးချာလည်နေလေသော ကျွန်မ၏ လုပ်ငန်းကလေးက အစီအစဉ်မကျ လည်ပတ်နေခဲ့ပါသည်။ ဝန်ထမ်းတွေကို မည်ကဲ့သို့ ထိန်းချုပ်ရမည်မှန်း မသိသလို သူတို့ရည်မှန်းချက်က ငွေလား။ ဂုဏ်သိက္ခာလား။ ရာထူးလား။ ဖြူစင်သော အသက်မွေးမှုလား။ နယ်ရုံးခွဲမှာလည်း ကြိုးကြပ်ရေးမှူးတွေနှင့် အင်ဂျင်နီယာတွေ ပြဿနာတက်နေသောအချိန် ရန်ကုန်ရုံးက ဝန်ထမ်းတွေကို နိုင်အောင် မကိုင်တွယ်နိုင်ခဲ့၊ စိတ်ညစ်ညူးရသည့်ကာလများပင်။ ကျွန်မကိုယ်တိုင်က B.Sc ဘွဲ့ကလေး ရထားရုံဆိုလေတော့ စီမံမှုပိုင်း၊ စီးပွားရေးအကွက်ချမှုအပိုင်းတွေမှာ အားနည်းခြင်းဟု အားငယ်စိတ်တွေနှင့် စိတ်ဓာတ်ကျနေခဲ့ပြီ။ အဆင်မပြေမှုတွေ၊ ရှုံးနိမ့်မှုတွေနှင့် ကြုံတွေ့ရချိန်မှာ တာဝန်ဆိုသော အသိစိတ်ဓာတ်လေး တစ်ခုတည်းနှင့် စိုးစိုးမြုပ်လုကျဆင်းနေလေသော စိတ်ဓာတ်ကို ကျားကန်ထားရခြင်းပင်။

ကျွန်မမှာ တာဝန်နှစ်ခု ရှိနေခဲ့ပြီး ပထမတာဝန်က သားကြီးနာမည်ဖြင့် လုပ်ခဲ့သော အလုပ်ဖြစ်လေသည်။ လူပုဂ္ဂိုလ်တွေကို အလုပ်မပေးဘူး။ တရားဝင် ကုမ္ပဏီရှိမှ အလုပ်ရနိုင်မယ် ဆိုလေသော အဆင့်မြင့် အရာရှိကြီး၏ စကားနှင့် ကမန်းကတန်း ကုမ္ပဏီနာမည် ဖြစ်ခဲ့ပါသည်။ အဲဒီအဖြစ်အပျက်က ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်ပြီးသား ဖြစ်ခဲ့သလို တာဝန်ပိုကြီးခဲ့ရခြင်းပင်။ တကယ်လို့များ A ဟုကုမ္ပဏီနာမည်ပေးပြီး တာဝန်မကျေလို့ နာမည်ပျက်စာရင်းအသွင်းခံခဲ့ရလျှင် A ကုမ္ပဏီတစ်ခုထပ်ထောင်လိုက်ရုံ၊ အခုတော့ ကျွန်မတို့မှာ ဝန်နှင့်အားကို မနည်းချိန်မတ်နေရုံတင်မက ကျွန်မတို့၏ တာဝန်သိမှု၊ တာဝန်မဲ့မှုများ တိုက်ရိုက်သတ်ရောက်လေမည့် သားကြီး၏ ဘဝရှေ့ရေးအတွက်ကိုပါ မောပန်းနေခဲ့ရပါသည်။ ထို့ကြောင့်ပင်လျှင် နာမည်မပျက်ရေးက ကျွန်မတို့၏ ပထမတာဝန်ဖြစ်ခဲ့ရပြီ။

ဒုတိယတာဝန်က ကျွန်မ၏ အမျိုးသား လက်မှတ်ထိုးထားရလေသော ဌာနဆိုင်ရာနှင့် ချုပ်ဆိုထားသည့်စာချုပ်များ။ ထိုစာချုပ်များကို ဖောက်ဖျက်မိလျှင် ကျူးလွန်မိလျှင်

Asian Fame Media Group
MEDIA GROUP

ဘာဖြစ်မလဲ၊ ဆင်ခြေပေးခွင့်မရှိဘူး။ အကြောင်းပြချက် မရှိဘူး။ ကိုယ်တာဝန်ယူထားတဲ့ အလုပ်၊ သူများကို လွှဲချလို့ မရနိုင်ပါပေ။

"ကျွန်မတို့ဝန်ထမ်းက လိမ်သွားလို့ပါ။ ကျွန်မ အလုပ်သမား နေမကောင်းလို့ပါ" ဘာတစ်ခုမျှ အကြောင်းပြချက်မရှိဘဲ ကိုယ်လက်မှတ်ထိုးပြီး တာဝန်ခံထားသော အလုပ်က ကိုယ့်အပေါ်မှာသာ တိတိကျကျ တာဝန်ရှိနေခြင်းပင်။

အားလုံးကို ခြုံပြောရလျှင် စီးပွားရေးသမား တစ်ယောက်၏ ဘဝတွင် ငွေကြေးနှင့် ဂုဏ်သိက္ခာ အမြတ်ရလိုမှု၊ လုပ်ငန်းအောင်မြင်လိုမှု၊ တာဝန်စောင့်သိမှု အဆိုပါ အကြောင်းတွေက ကျွန်မတို့ကို နေ့မအား၊ ညမနား မောင်းနေခြင်းပင်။ တိုက်တိုက်ဆိုင်ဆိုင် အဲဒီအချိန်မှာ ကျွန်မအမျိုးသားက ကျန်းမာရေး တော်တော်ချို့ယွင်းနေချိန် ဆေးရုံနှင့်အိမ်တစ်လှည့်စီ ကားပေါ်နာရီဝက်လောက် ထိုင်လျှင်ပင် မူးပြီးထိုးအန်သည့်အဆင့်ဆိုတော့ အိမ်ကနေ ဖုန်းနှင့် ပြော။ လိုအပ်သောသူတွေ အိမ်ကို ခေါ်ပြော လုပ်နေရချိန် ကျွန်မက ပစ္စည်းဝယ်သည့် တာဝန်၊ လုပ်ငန်းတိုးတက်ရေးတာဝန်၊ ဌာနဆိုင်ရာ တာဝန်တွေကို ကားတစ်စီးနှင့်လှည့်ပြီး လှုပ်ရှားရပါသည်။ နာဂစ် ပြန်လည် ထူထောင်ရေး စာသင်ကျောင်းများ တည်ဆောက်ခြင်း လုပ်ငန်းတွင် စာသင်ကျောင်းများ ဆောက်လုပ်ရန် ကျောင်း ၂၇ ကျောင်း။ ရွာ ၂၇ ရွာ တာဝန်ယူထားသည်ဆိုလေတော့ ဖျာပုံ၊ ဒေးဒရဲကို သွားလျှင် မနက် ၄ နာရီ ရန်ကုန်က ထွက်ပြီး ည အိမ်ပြန်ရောက်ချိန်က ၁၂ နာရီဝန်းကျင်။

ရန်ကုန်-ဒေးဒရဲ-ဖျာပုံ-ကျိုက ဒွန်း-ကုလားထိပ်ရွာ. . ရန်ကုန်-ဖျာပုံက ၃ နာရီခရီး ဖျာပုံအောက်ဘက် ကျိုကဒွန်းရွာကို ၁ နာရီခွဲခန့် ထပ်မောင်းရပြီး ထိုမှ စက်လှေ (၂) နာရီခန့် စီးလိုက်လျှင် ကျွန်မတို့ တာဝန်ကျသော ချောင်းဝ၊ ကုလားထိပ်၊ ရွှေလှေကျင်းရွာတွေ ရောက်ပြီ။ ကုလားထိပ်မှာ သောင်မရှိ။ သို့သော်ငြား အုန်းပင်တန်းနှင့် ပင်လယ်ကြီးကို မျက်စိတစ်ဆုံးကြည့်လို့ ရသည့် နေရာ။

နောက်ဒုတိယနေရာက ဖျာပုံ-အမာသွားသည့် ကားလမ်းဘေးက 'ခါးပြတ်' ဆိုသည့်ရွာ။ ဒုတိယ ပေလီဟု တင်စားကြသည်။ ခါးပြတ်သကြိုန်က ဖျာပုံမြို့ပေါ်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဖျာပုံမြို့ခံများ တကူးတက ဆင်းလာပျော်ကြသည့်နေရာပင်။ ရန်ကုန်-ဒေးဒရဲ-ဖျာပုံ-ကျိုကဒွန်း-အမာလမ်းနှင့် လမ်းဘေးဝဲယာရှိ ကျုံလှ၊ မြို့ကုန်း၊ ဒေးလှ၊ ဝဲကြီးဝါးကျောင်း ဆိုသောရွာများသို့ ခရီးနှင်ရခြင်း။

ဆိုကြပါစို့. . . ရန်ကုန်နှင့်ပင်လယ်ကို နေ့ချင်းပြန်သွားပြီး ရွာတွေကို လိုက်စစ်ခဲ့ရတာ အခေါက်ပေါင်း မရေနိုင်အောင်ပင်။ တာဝန်ကို ဇောကအနားသတ်ကာ ဇောကိုတာဝန်က ဘောင်ကွပ်ထားလေသည့် အမျိုးသားမပါသော ထိုခရီးစဉ်များမှာ တည်းခိုခန်းတည်းဖို့ အဆင်မပြေလေတော့ နေ့ချင်းပြန်ခရီးပေါ့။ အဲဒီတော့ ဖျာပုံအလုပ်ကို ဖျာပုံမှာ ထိုင်သည့် မန်နေဂျာနှင့်လွှဲပြီး ရန်ကုန်အလုပ်ကို ရန်ကုန်မန်နေဂျာနှင့် လွှဲထားရပါသည်။

တစ်နေကုန်အိမ်ထဲမှာ
နေရလေသော အသက်၈၆
နှစ်အရွယ်အမေ့မှာလည်း
ပြောစရာစကားတွေ
အနည်းဆုံး၅ခုလောက်နှင့်
ကျွန်မကိုမျှော်နေတတ်ကာ
တံခါးဖွင့်ပြီးကျွန်မမျက်နှာ
မြင်လိုက်သည်နှင့်
အောင့်ထားရလေသော
စကားတွေကတံခါးဝမှာတင်
ရေကာတာကျိုးပေါက်သလို
တရစပ်စီးဆင်းလာ
တတ်ပါသည်။

## (၅)
## စာရင်းကိုင်၏ စာရင်းတွေ

ကို စစ်ရင်း၊ စစ်ရင်းနှင့် စပြီး သတိထားမိလာတာက အင်းစိန်ဆိုက်၏ စာရင်းများ။ လုပ်ငန်းက တိုးတက်မှု နှေးကွေးနေသော်လည်း စာရင်းပြထားသည့် အလုပ်သမားခတွေ များလှချည်လားဟု သံသယဝင်မိတော့ ချက်ချင်းပဲ စာရင်းစာအုပ် ချပြီး ဆိုက်ထဲကို ထွက်လာမိသည်။ ဆိုက်တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်သင်းက ဒေါသလည်း ကြီး အသက်လည်းကြီးသော ဝါရင့် အင်ဂျင်နီယာ။ ကျွန်မ ရောက်သွားသည့် အချိန် ဝုန်းဝုန်းဒိုင်းဒိုင်းကျနေသော မြေကြီးများကို မဒမတိုင်၊ ဝါးတပ်များနှင့် လူအင်အားသုံးကာ မြေတား နံရံ လုပ်နေချိန်။

တကယ် လက်ရှိလုပ်နေသော လူဦးရေကို စာရင်းမှတ်ပြီး ရုံးသို့ပြန်လာရင်း စဉ်းစားမိသည်က စာရင်းမစစ်မိတာ တစ်လလား၊ တစ်လခွဲလား။ ကြာတော့ ကြာခဲ့ပြီ။ ရုံးပြန်ရောက်ရောက်ချင်း နေ့စဉ်ရှင်းငွေစာရင်းစာအုပ်ကို ယူကြည့်တော့ အင်းစိန်ဆိုက်၏ အလုပ်သမားတောင်းခံလွှာထဲမှာ အင်ဂျင်နီယာလက်မှတ်မပါခဲ့ပေ။ ကျန်တဲ့ဆိုက်တွေမှာ သက်ဆိုင်ရာ တာဝန်ခံ အင်ဂျင်နီယာ လက်မှတ်တွေနှင့် အားလုံးစနစ်တကျပင်။ တစ်ခုချင်းသေချာ စစ်ကြည့်တော့ လုပ်ငန်းပြီးစီးမှုနှင့် ရှင်းငွေတွေအားလုံးနီးပါး ယှဉ်တွဲရှိသော်ငြား အင်းစိန်ဆိုက်မှာ ကွာခြားချက်တွေ အများကြီး။

မန်နေဂျာ ကောင်လေးနှင့် ဦးကျော်သင်း အကြီးအကျယ် ရန်ဖြစ်ဖူးတာသတိရမိတော့ အားလုံးကို သဘောပေါက်လိုက်ပါပြီ။ ဒီလုပ်ငန်းကို အောက်ခြေသိမ်း နားလည်သော ကျွန်မက ဒီလိုစစ်ရင် ဒီလိုပေါ်မယ် ဆိုတာသိနေလို့ ဝါရင့်အင်/ယာ ဦးကျော်သင်းက ဟပေးထားခဲ့ခြင်းပင်။ သူတို့နှစ်ယောက် ရန်ဖြစ်တုန်းက ကျွန်မက ပြတ်ပြတ်သားသား အရေးမယူဘဲ လူစုခွဲရုံခွဲ ဖြစ်ခဲ့တာကို မကျေနပ်လို့ ပညာပေးလိုက်တာ သာသာလေး။ တစ်ချက်ခုတ်နှစ်ချက်ပြတ်ပေါ့။ 'အစ်မ ယုံတဲ့သူက ဒီလိုလေ' ဟု ကျွန်မကိုပါ ပညာပေးသွားခြင်းပင်။ ဦးကျော်သင်း၏ ပညာခန်းကို နားမလည်သော



ငမိုက်သားက လုပ်စားရမည့် ခွင်အဖြစ် ထောင်ချောက်ထဲ ရှောခနဲ တိုးဝင်မိပြီပေါ့။ အင်္ဂလိပ်တွေ ကျင့်သုံးခဲ့သော 'ခွဲခြားရေးဝါဒ' က အခု ထက်ထိ အသုံးဝင်ဆဲပါလားဟု တွေးမိပါသည်။ သူတို့ နှစ်ယောက်သာ တည့်နေခဲ့လျှင် ဒီအမှု ပေါ်ပါ့မလား။

ပစ္စည်းဝယ် ဘောက်ချာတွေကို ပြန်စစ်တော့ သုံးပုံနှစ်ပုံလောက်က အတုတွေ။ ဒီဇယ်အဝယ် ဘောက်ချာတွေဆိုရင် ကားတစ်စီး၏တစ်နေ့တာကုန်လေ့ရှိမည့် ဒီဇယ်နှင့်နှိုင်းယှဉ်ကြည့်တော့ သိသာနေတာပဲ။ နောက် မြေထိန်းနံရံမှာ သုံးသည့် မဒမတိုင်တွေ မြေကြီးထဲရောက်သွားပြီ ဘယ်လိုမှ စစ်လို့မရတော့။ ပြိုကျခါနီးမြေများအတွက် ချက်ချင်းဝယ်၊ ချက်ချင်းသုံးရတာဆိုတော့ စတိုကိုလည်း စာရင်းမဝင်။ ဘယ်လိုမှလည်း စစ်လို့မရ၊ သို့သော်လည်း တုအောင်တု ရေးထားသည့် လက်ရေးနှင့် အသတ်ဆွဲပုံ၊ အရစ် ဆွဲပုံ၊ သဝေထိုးပုံတွေမှာ ကွဲလွဲချက်တွေ တွေ့ရတော့သည်။ နောက်ဆိုင်နာမည် တံဆိပ်တုံး ထုမထားသော အသေးသုံး ဘောက်ချာတွေ အများကြီးအများကြီး။

ညနေ အလုပ်သိမ်းသည့်အချိန်မှာ ကောင်လေး၏ နေ့စဉ် ငွေရှင်းတမ်းကို ယူကြည့်ရာ နေ့လယ်က ကျွန်မ မှတ်ထားခဲ့သည့် လူဦး နှစ်ဆလောက် ပိုတင်ထားတာ တွေ့ရသည်ပေါ့။ လက်ပူး လက်ကြပ်မိနေတာကိုတောင် ကျွန်မမှာ မယုံနိုင် မကြည့်နိုင်။

ဦးကျော်သင်းကို လက်မှတ်မထိုးတဲ့အကြောင်း ခေါ်မေးတော့ . . .

"ကျွန်တော်က မြေကြီးထဲဆင်းပြီး လုပ်နေရတာ အစ်မမြင်တဲ့အတိုင်းပဲ။ လူစာရင်းဆိုတာ အသေးအဖွဲလေး။ သူလုပ်လည်း ရတာ။ သူကလည်း အစ်မကိုယ်တိုင် ယုံကြည်ထားတဲ့လူ မဟုတ်လား။ မိုးထဲ၊ ရေထဲ၊ မြေကြီးထဲ လုပ်ရတဲ့ အလုပ်က အများမခံဘူး။ အလုပ် က အရေးကြီးတော့ လူ စာရင်းမစစ်မိဘူး" လို့။

သူက ဝါရင့်အင်ဂျင်နီယာ. . အဲတို့ နေပြီဆိုသော လူစားမျိုး။ ကျွန်မဆီ အလုပ်ဝင်သည့် တစ်နှစ်ကျော်ကာလမှာ သူ့အထာနပ်ပြီးသား ကျွန်မက သူ ဒီလိုဖြေမယ်ဆိုတာ သိပြီးသား။ တာဝန်အရသာ မေးရတာကိုး။

ဘွဲ့နှစ်ဘွဲ့ရထားသော လူငယ်တစ်ယောက်၊ အမျိုးသမီးက မွေးခါနီးဖွားခါနီး။ ဒီလို လူတစ်ယောက်က တစ်နပ်စား မကြံလောက်ဘူးဟု တွေးထင် ယူဆခဲ့မိခြင်း။ သူသာ ကြိုးစားတတ်လျှင် သူ့အနာဂတ်မှာ တက်လမ်းတွေချည်းသာ။ ဖြစ်ရလေဟု ညည်းမိပါသည်။ ရိုးသားဖြောင့်မတ်မှုနှင့်ရလာမည့် အခွင့်အရေးကို မစောင့်နိုင်ဘဲ ဘာဖြစ်လို့များ ဖြတ်လမ်းက လိုက်ချင်ရမှန်း မစဉ်းစားတတ်ပေ။ ဒီကောင်လေး ကျွန်မဆီရောက်တာ ၄ လမပြည့်သေး။ ဖျာပုံမန်နေဂျာကို သိန်းထောင်ချီ ကိုင်သုံးခိုင်းသော အခြေအနေမှာ သူ့ကို ၅ သိန်းစာရင်း တစ်ခါ အပ်ပုံစံနှင့် စောင့်ကြည့်ဆဲကာလပါ။ ယောက်တည်ရာမရပုံနှင့် ဟိုကြည့် ဒီကြည့် ဂနာမငြိမ် ဖြစ်ဖြစ်နေသော သူ့ကို ကြည့်ကာ. . .

"ကဲ. . ဘာမှမပြောတော့နဲ့ မင်း သိမ်းရေးထားတဲ့ ငွေငါးသိန်းကို ဒီမှာလက်မှတ်ထိုး။ မင်းစာရင်းတွေ၊ ပစ္စည်းဝယ်ဘောက်ချာတွေ ငါ အကုန်စစ်ပြီးပြီ၊ မနက်ဖြန် မနက် ၁၀ နာရီတိတိ ဒီကိုရောက်အောင်လာခဲ့။ အေး တစ်ခုတော့ရှိတယ်နော်။ ဒီငွေတွေနဲ့ လစ်ပြေးဖို့များ ယောင်လို့တောင် စိတ်မကူးနဲ့။ သတင်းစာ ကြော်ငြာခ၊ ရှေ့နေခ ဘယ်လောက်ကုန်ကုန် ငါဂရုမစိုက်ဘူး။ ယုံယုံကြည်ကြည်နဲ့ မြေတောင်မြှောက်ပေးခဲ့တဲ့ စေတနာကို မထောက်ထားဘဲအလွဲသုံးစားလုပ်တဲ့ မင်းကို လုံးဝအလွတ်မပေးဘူး။ မြဲမြဲမှတ်သွား။ အေဂျင်စီက ပို့လိုက်တဲ့ မင်း CV Form ထဲက ဖုန်းနံပါတ်ကိုခေါ်လိုက်တော့ မင်းအမေ လာကိုင်တယ်။ မင်းသူငယ်ချင်းပါလို့ပဲ ပြောလိုက်တယ်။ အိမ်ရောက်ရင် မေးကြည့်လိုက်ပေါ့ကွာ"

(၆)

"ဒေါ်သူဇာကို ငါပိုင်ပြီးသား။ ငါပြောရင် အားလုံးပြီးတယ်"

"ဟေ့ကောင်. . ငါလုပ်ဆိုရင် လုပ်စမ်းကွာ။ ဒေါ်သူဇာကို ငါကြည့်ရှင်းမယ်။ ငါပြောရင် တစ်ခွန်းပဲ"

"ဒေါ်သူဇာက. . ငါ့ကို သိပ်အားကိုးတာကွ"

"အေးပေါ့. . မင်းက ပိုင်မှာပေါ့ကွာ။ မင်းက ရှပ်ချောတာကိုး"

"သင်ပါဦးဆရာရဲ့ နည်းလမ်းလေး"

"ကောင်းတယ်။ ကျွန်တော်တို့ကျ စစ်လိုက်၊ ဆေးလိုက် ဆရာနဲ့မှ အတော်ပဲ"

"ကျွန်တော်တို့လည်း သတိပေးမလို့ပါ အစ်မရယ်။ အစ်မက ဘာတာဝန်တွေ ပေးထားမှန်းမသိလို့ပါ"

"ကျွန်တော်တို့ ပြောတော့မလို့ အခြေအနေစောင့်ကြည့်နေတာ"

"အမယ်လေး. . အစ်မရေ. . သူတို့တွေ ကွယ်ရာမှာ အစ်မကိုပြောနေကြတာ. . နားနဲ့မဆံ့ဘူး သိလား။ ကျွန်မမှာ မခံချင်လွန်းလို့ အစ်မကို ပြန်ပြောရအောင်လည်း အစ်မ သဘောထားမသိ ဆိုတော့"

ကျွန်မ ရုံးကို ဌာနဆိုင်ဝန်းအတွင်းမှာပဲ ဖွင့်ထားလေရာ ဌာနဝန်ထမ်းတွေ၊ မိသားစုတွေနှင့်ရင်းနှီးပါသည်၊ သို့သော်လည်း ဝင်လိုက်၊ ထွက်လိုက် ကိုယ့်အလုပ်နှင့်ကိုယ့် ပတ်ဝန်းကျင်ကို လှည့်မကြည့်အား၊ ရယ်ပြ ပြုံးပြရုံသာ နှုတ်ဆက်တတ်သည့် ကျွန်မကို ပတ်ဝန်းကျင်က 'ကျွန်မ သဘောထား မသိဘူး' ဆိုခဲ့ပြီ၊ အမြဲတမ်း ပျာယာပျာယာနှင့် အချိန် မလောက်နိုင်လေသော ကျွန်မက မိသားစုတစ်ယောက် ဖွင့်ထားသော ထောင့်ဆိုင်လေးမှာ လက်ဖက်သုပ် မစားဖူးဘူး၊ ထမင်းသုတ် မစားဖူးဘူး၊ ကော်ဖီမစ်ရှယ်တွေ၊ ပလိန်းတွေ မသောက်ဖူးဘူး၊ ခုံပုလေးမှာ မထိုင်ဖူးဘူး၊ ရေနွေးကြမ်း မသောက်ဖူးဘူး၊ အလုပ်နဲ့ မပတ်သက်တဲ့ သူတွေကို စကားမပြောဖြစ်ဘူး။ အဲဒီတော့ ကျွန်မအပေါ် ချထားလေသော မှတ်ချက်များကို ရိပ်ဖမ်းသဲဖမ်းလေးတောင် မသိခဲ့ပါပေ။

မနက် ၆ နာရီ အိပ်ရာထသည်နှင့် ကိုယ်လက်သန့်ရှင်းရေးလုပ်ကာ တစ်နေ့တာ အလုပ်အတွက်ပြင်ဆင်၊ ကောင်မလေး လုပ်ပေးထားသော သားနှစ်ယောက် ကျောင်းထမင်းချိုင့်တွေစစ်၊ သားတွေကိုနှိုး၊ ကျောင်းသွားဖို့ပြင်ဆင်ပေး။ နောက်ကားပေါ်တက်၊ အရေးကြီးသောဆိုက်ကို အရင်သွား။ နောက်ဆိုက်တွေ ထပ်ဝင်။ ကြည့်စရာရှိတာကြည့်ပြီး ဌာနဆိုင်ရာတွေ့စရာရှိတဲ့ အရာရှိတွေတွေ့။ ဆိုက်ထဲမှာလိုတဲ့ ပစ္စည်းတွေစာရင်းယူပြီး စော်ဘွားကြီးကုန်းက ပစ္စည်းဆိုင်တွေလျှောက်ပတ်။ ရုံးကို ပြန်လာ။ ငွေတောင်းခံလွှာစာရွက် လက်မှတ်ထိုးစရာထိုးပြီး စာရင်းစစ်၊ ဒီကြားထဲ လာသမျှ ဖုန်းဖိုင်ခံပြော၊ ရှင်းစရာရှိသမျှ ပြဿနာ ဖုန်းနဲ့ရှင်းမရရင် ချက်ချင်းသွားသင့်ရင်သွား။ ကိုယ်က ဆက်ရမယ့်ဖုန်းကို ကားပေါ်တက်ပြီး ကားသွားတဲ့အချိန်ကျမှ စိတ်အေးလက်အေးဆက်။ ဖုန်းဆက်ပြီးတဲ့အထိ လိုရာခရီးမရောက်ရင် စဉ်းစားရတာ။ ဒီနေ့အတွက် ငါ ဘာမှားသွားလဲ၊ ငါ ဘာပြင်ရဦးမလဲ။ ငါ ဘာလုပ်စရာရှိသေးလဲ၊ မေ့နေတာတွေ အစဖော်ရပါသည်။

တစ်နေ့ကုန် မနားမနေလှုပ်ရှားပြီး အိမ်ပြန်ရောက်၍ တံခါးခေါက်လိုက်လေလျှင် လေ၏အရှိန်နှုန်းနှင့်အညီ ပြေးထွက်လာလေသော ကလေးလေးနှစ်ယောက်၏ အပြိုင်အဆိုင် လုယက်ပြောသံများက . . .

"မေမေ. . . တိုတိုက ညီလေးကို လုပ်တယ်"

"မေမေ. . ညီလေးက သားကို ကန်တယ်။ လက်သီးနဲ့လည်း ထိုးတယ်"

"အမယ်လေးအေ. . ညည်းသားတွေကတော့. . တကယ်ပါပဲ။ အမေနဲ့ သမီးကြီးနဲ့ မနည်းဖြေရှင်းယူရတယ်။ ဆင်ခြင်ဆင်လက်ပေါ်လိုက်တာလည်း လွန်ရော"

"အိမ်ထဲတောင် မဝင်ရသေးဘူး။ စိတ်ပျက်စရာ ကောင်းလိုက်တာ။ ရေလေးသောက်ပါရစေဦး။ အမောလေးဖြေပါရစေဦး"

တစ်ခါတလေတော့လည်း စိတ်ပျက်။ တစ်ခါတလေတော့လည်း လွမ်းဆွတ် သတိရခြင်းများစွာနှင့် အတိုးချ ပွေ့ဖက်နမ်းရှုပ်လို့မဝနိုင်။

Asian Famous Media Group

တစ်နေကုန် အိမ်ထဲမှာ နေရလေသော အသက် ၇၆ နှစ်အရွယ်အမေမှာလည်း ပြောစရာစကားတွေ အနည်းဆုံး ၅ ခုလောက်နှင့် ကျွန်မကို မျှော်နေတတ်ကာ တံခါးဖွင့်ပြီး ကျွန်မမျက်နှာ မြင်လိုက်သည်နှင့် အောင့်ထားရလေသော စကားတွေက တံခါးဝမှာတင် ရေကာတာကျိုးပေါက်သလို တရစပ် စီးဆင်းလာတတ်ပါသည်။ အရင်ကတော့ တစ်နေကုန် ပင်ပန်းလာသည့်အချိန်နှင့် အမေ့နယ် မစောင့်နိုင် မအောင့်နိုင် ရင်ဝဆောင့်ကန်သလို ပြောရက်လေခြင်းဟု ငြိုငြင်မိခဲ့သော်ငြား မျောက်လောင်း မြေးနှစ်ကောင်၊ ကျွန်မညီမ၏သမီး ၁၀ တန်းကျောင်းသူမြေးမ၊ အိမ်အလုပ်တွေ လုပ်ပေးတဲ့ ပြန်မပြော နားမထောင်မနော်။ ဈေးသွားရင်းတွေ့ရသည့် အတွေ့အကြုံနှင့် ပတ်ဝန်းကျင်စကားတွေ အမေ့မှာ ပြောစရာ စကားတွေ အများကြီးရှိနေတတ်တာ။ ကျွန်မကို မပြောလျှင် ဘယ်သူ့ကို ပြောရမှာပါလိမ့်။

အဲဒီတော့ ညဘက်တွေမှာ အမေ့ကို အချိန်ပေးပြီး စကားပြောရပြန်သည်။ အိုမင်းနေသော အမေ့အတွက် ပြောစရာစကားတွေ မကုန်နိုင်။ မရိုးနိုင်။ အဘိုးအဘွား လက်ထက်က နောက်အဖေအမေ လက်ထက် ပြီးတော့ ကျွန်မတို့ ဟောအခုသားတို့ ဆင့်ကဲလာသောဖြစ်စဉ်များက အမေ့ပါးစပ်ဖျားမှာ ပုံပြင်ဆန်နေပါသည်။ ကလေးတွေအတွက် ငွေရှာပေးရုံနှင့် မလုံလောက်လေတော့ တစ်ပတ် တစ်ခါလောက်တော့ ကစားကွင်းတွေ ပို့ရပြန်သည်။ ညတိုင်းအိပ်ရာဝင်ခါနီး ပုံပြောရပြန်သည်။ ထိုသို့သော အဖြစ်အပျက်များကြား ယောက်ျား ဆေးရုံတက်တိုင်း အမြဲညစောင့်အိပ်ဖြစ်သည်။ ဆေးရုံမှာ အချိန်အများဆုံး နေနိုင်အောင် ကြိုးစားရသည်။ ဆေးခန်းသွားတိုင်း အဖော်လိုက်ပေးရသည်။ ဘာမဆို စပ်စုချင်စိတ်၊ ရှေ့ကနေချင်စိတ်ရှိလေသူဆိုတော့ ရောဂါဖြစ်စဉ်ကိုလည်း သိချင်သေးသည်ပင်။ နှစ်ယောက်တည်း ထူထောင်ထားသော ဘဝတစ်ခုမှာ 'ဆေးပေးမီးယူ' ဆိုသော တာဝန်ကိုလည်း ကျေချင်ခဲ့ပါသည်။

ထိုရက်များက ကျွန်မအတွက် စိန်ခေါ်မှုတွေ ပြည့်နေခဲ့သော ထူးခြားသော အချိန်များပါပင်။ ထိုကဲ့သို့ စိတ်မအား လူမနား လုပ်ကိုင်နေရသော ကာလမျိုးမှာ ပတ်ဝန်းကျင်ကို မေ့လျော့ထားခဲ့မိပါသည်။

အမြဲတမ်း နှစ်ယောက်တွဲသွားနေကျ နေရာဌာနတွေ အားလုံးမှာ ယောကျ်ား နေမကောင်းလို့ တစ်ယောက်တည်း သွားလာခဲ့ရတာ အမြင်စောင်းလေရောသလား။ ပိုင်ရှင်တစ်ယောက်အနေဖြင့် ကြပ်မတ်စီစစ်ရတာတွေကပဲ စကားတင်းဆိုစရာ ဖြစ်လေရောသလား။ လုပ်ငန်းတိုးတက်ရေးဆိုတဲ့ မူဘောင်အောက်မှာ ဖြစ်ကိုဖြစ်ရမယ်ဆိုသည့် စိတ်တင်းပြတ်သားမှုတွေ၊ လောဆော်မှုတွေ၊ နောက် တာဝန်ပေးအပ်ခြင်း၏နောက်မှာ တွဲပါလာတတ်သော ဖြစ်တင်ဝေဖန်မှုတွေကိုပဲ မခံနိုင်ဖြစ်ကြလေရောသလား။

ကဲ. . . အခုတော့ ကျွန်မ ပက်ပက်စက်စက် အဝေဖန်ခံနေရလေပြီ။ ကားပေါ်တက်တော့မည့် ကျွန်မကို လာ[illegible]ပေးနေကြသောသူတွေ၊ သနားလှချည့်ဆိုသော မျက်နှာပေးတွေ၊ နောက်ကွယ်က ဩဘာပေးသည့် မျက်ဝန်းစိမ်းတွေ။

ကားတံခါးကို ကိုင်ထားသော ကျွန်မလက်တို့ တဆတ်ဆတ်တုန်နေခဲ့ပါသည်။ ရုံးထဲမှာခံရခက်သော ဝေဒနာက ဗုန်းကနဲပေါက်ကွဲ ဆူညံမြည်ဟိန်းနေလိုက်တာ။ 'သွားမယ်နော်. . ကျေးဇူးပဲ' ဆိုသော စကား ၆ လုံးကို ဘယ်လိုလေသံနှင့် ပြောခဲ့မိလေသလဲ။ ဘယ်ကိုမောင်းဖို့ ပြောခဲ့မိလေသလဲ။

"ကျွန်တော်. . အစ်မကို ပြောမလို့ပဲ အစ်မ. . "

"တော်စမ်းပါကွာ။ ပွဲပြီးသွားမှ ငါပြောသားပဲဆိုတာမျိုး လာမပြောနဲ့။ ကိုယ့်ဘာသာ ရှေ့ကြည့်ပြီး မောင်း . . . "

အကျိုးကြောင့်ပဲ အကြောင်းဖြစ်ဖြစ်. . . အကြောင်းကြောင့်ပဲ အကျိုးဖြစ်ဖြစ် ကျွန်မ မျက်နှာမူရမည့် အရှေ့ မိုးကုတ်စက်ဝိုင်းကြီးတွင် ကျွန်မ၏ မိသားစု၊ ကူညီရမည့် ဆွေမျိုးသားချင်းများ၊ နောက်ဆန်တစ်စေ့တတ်နိုင်လျှင် ဆန်တစ်စေ့ အလှူခံမည့် အားနည်းသူ လူ့အဖွဲ့အစည်းများ၊ အံကြိတ်ထားသော ကျွန်မ၏ မျက်နှာမူရာတွင် လှပသော လောကကြီး ရှိနေပါသည်။ သို့သော်လည်း လေတိုက်လေ မီးတောက်လေဆိုသည့်အတိုင်း လေတိုက်တိုင်း ထတောက်လေသော မီးပုံကြီးက ကျွန်မရင်ထဲမှာ အရှိန်ကောင်းကောင်းနှင့် လောင်ကျွမ်းနေခဲ့ပြီ။

စောစောကတင် 'ငွေအလွဲသုံးစားလုပ်တဲ့သူ' ဟု မှတ်ချက်ချခဲ့သည်။ တကယ်တမ်းတော့ သူက ငွေတင်မက ကျွန်မ၏သိက္ခာကိုပါ အလွဲသုံးစား လုပ်နေခဲ့ခြင်းကို သိလိုက်ရစဉ်ခဏ ရင်ထဲမှာတော်တော်ကို မချမ်းမြေ့နိုင်။

လုပ်ငန်းကြီး လုပ်မည်ဆိုလျှင် ငွေရှိရုံနှင့်မပြီး။ ညီညွတ်စွာ ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခု လိုအပ်ပါသည်။ နှစ်ယောက်တည်းနှင့် ဘယ်လိုမှ ထောင့်မစေ့နိုင်လေသော ကျွန်မတို့၏လုပ်ငန်းအတွက် လူယုံအများကြီးလိုအပ်သကဲ့သို့ သူတို့ကို ကိုယ့်စိတ်ကြိုက်ပုံသွင်း ထားနိုင်ပါမှ သင့်တော်သော လုပ်ပိုင်ခွင့်တွေအတွက် တာဝန်ခွဲဝေအပ်နှံနိုင်မည်။ ဒါမှလည်း အဓိကတာဝန် ရှိသောသူ ဝန်ပေါ့နိုင်မည်။ နေရာတကာ ကိုယ်ထိုင်ပါမှ ကိုယ်တိုင်ဆုံးဖြတ်မှ ဆိုရင်ဖြင့် စစ်မှန်အောင်မြင်တိုးတက်သော လုပ်ငန်းခွင်တစ်ခုကို တည်ဆောက်နိုင်ပါ့မလား။

ကျွန်မက ကျွန်မ၏ လုပ်ငန်းငယ်ကလေးကို လုပ်ငန်းကြီး ဖြစ်ချင်သူ။ အလုပ်တွေ အများကြီး လုပ်ချင်သူ။ လုပ်ငန်းအကြီးကြီးကို ဝန်ထမ်းတွေတစ်လှေကြီးနှင့် အားကျိုးမာန်တက် စီမံခန့်ခွဲနေသူ အမျိုးသမီးတချို့ကို မြင်ရတွေ့ရလေတိုင်း ဝမ်းနည်းမှုနှင့် ကြေကွဲရသလို အားကျမှုနှင့် နှလုံးသွေးတို့ပူနွေးမြဲ။ သို့သော်လည်း ကျွန်မတို့က သားငယ်လေး ကိုယ်ဝန်နှင့်မှ ရန်ကုန်ကို ရောက်ဖူးသူတွေ၊ ဆွေခံ၊ မျိုးခံ၊ ရေခံ၊ မြေခံ၊ နောက်ခံ၊ အခြေခံ ဘာဆိုဘာမှမရှိ၊ ကြိုးစားမှုနှင့် ဝီရိယများသာ ပိုင်ဆိုင်လေသူတွေဆိုတော့ ဖြစ်ချင်တိုင်းလည်း မဖြစ်နိုင်သည့် ဘဝမှာ အံကြိတ်အားတင်းကာ ရုန်းကန်နေရသူများ။ ထို့ကြောင့် ကျွန်မအတွက် စိတ်ချရသော လူယုံအများကြီးလိုအပ်ပါသည်။ ဒီကောင်လေးကို အစစအရာရာသင်ပေးခြင်း၊ လိုအပ်တာကူညီခြင်းတို့ဆိုသည်က စည်းရုံးရေးပိုင်းပင်။ အခုတော့လည်း ကျွန်မ အဘိုးပြောခဲ့သလိုပင် 'ခွေးမသား၊ ခန့်မိတာမှားပြီ' ဟု ညည်းရပေတော့မည်။

(၇)

ဘဝဆိုတာ ပန်းချီကား တစ်ကားဟုဆိုလျှင် အတိတ်ကသိုလ်ကံ ကောင်းသော မိုးသားအေးချမ်းသည့် ဘဝပိုင်ရှင်များက တစ်ရောင်တည်းခြယ်ဖြစ်ပြီး ရုန်းကန်လှုပ်ရှားနေရသည့် ကျွန်မတို့ကဲ့သို့သော ဘဝများက ရောင်စုံပန်းချီသာ ဖြစ်တော့မည်။

ဖိုမာတ်. . မမာတ်၊ ချစ်ခြင်း. . မုန်းခြင်း၊ နိမ့်ခြင်း. . မြင့်ခြင်း ထိုကဲ့သို့ ခိုင်မာသည့် ဆန့်ကျင်ဘက်များ အင်အားရှိစွာ ပေါင်းစပ်ဖြစ်တည်နေသော ဤလောကကြီးတွင် အဖြူရှိလျှင်အနက်ရှိရမည်က ဓမ္မတာပေပဲ။ ကျွန်မတို့ ရင်ဆိုင်လက်ခံရမည့် လောကနီတိ တစ်ခုပေပဲ။ မှတ်ချက်များ၊ တံဆိပ်ကပ်ခံရမှုများ၊ လက်ညှိုးထိုးက အချိန်ရက်စွဲများကို အံကြိတ်အားတင်း၍ ဖြတ်သန်းလွန်မြောက်လေလျှင် ရှေ့မှာ ဆီးကြိုမည်က ချစ်ခြင်းအတိပြီးသော နွေးထွေးလုံခြုံချမ်းမြေ့သော မိသားစု တည်ရှိရာ အနိုင်းမဲ့ သန္တရသလွင်ပြင်ကျယ်သာ ဖြစ်ပေတော့မည်။

**အပြုံးရောင် (ရွှေ)**

# Hoe: Hoe: Kyaw

Hair & Make - up

Beauty School

ဟိုးဟိုးကျော်

(Thiland & Japan) နည်းပညာများနှင့် နိုင်ငံတကာ အဆင့်မီ သင်ကြားနည်း အခြေခံများကို ကျွမ်းကျင်တတ်မြောက်သည်အထိ စာတွေ့ လက်တွေ့ သင်ကြားပေးပါသည်။



- သတို့သမီး၊ အရုံ၊ ဘွဲ့ယူ
- ပွဲထိုင်၊ ဆံထုံး၊ မိတ်ကပ်
- ဆံပင် (ညှပ်၊ ရှော့)
- ဆံပင် ဖြောင့် / ကောက် (Digital)
- ဆံပင်ဆေးဆိုးနှင့် ဟိုက်လိုက် (Fancy)
- ဆံပင် ပေါင်းတင်၊ ဖယောင်းသွင်း၊ ပုလဲသွင်း၊ ရွှေသွင်း၊ စိန်သွင်း
- ဆံပင်ဆက်၊ ကျစ်ဆံမြီး (Fancy)
- မျက်နှာဆေး၊ ချေးချွတ်၊ ပေါင်းတင်၊ ပုလဲသွင်း၊ ရွှေသွင်း၊ စိန်သွင်း
- မျက်တောင်ကောက်ခြင်း
- ချိုင်း ပေါင်းတင်ခြင်း
- လက် (ချေးချွတ်၊ ဖယောင်းသွင်း၊ ဂျယ်စိမ်)
- ခြေထောက် (ချေးချွတ်၊ ဖယောင်းသွင်း၊ ဂျယ်စိမ်)
- (ခြေသည်း၊ လက်သည်း) ဆေးပန်းချီ၊ ကျောက်ပန်းချီ
- 3D ပန်းချီ၊ အလှပုံဖော်ပေးခြင်း
- လက်သည်း၊ ခြေသည်း ဆက်ခြင်း
- မျက်နှာ အဆီပိတ်ထုတ်ခြင်း
- ဆားဝက်ခြံ စုပ်ထုတ်ခြင်း
- တစ်ကိုယ်လုံး ချေးချွတ် ပေါင်းတင်ပေးခြင်း

ဆိုင်ဖွင့်ချိန် - နံနက် ၉း၀၀ မှ ည ၉း၀၀

* သင်တန်းကြေး - ဘာသာစုံ (၃) သိန်း (သုံးလ အတတ်သင်)
* ရက်တို သင်တန်း ရှိပါသည်။
* သင်ထောက်ကူ ပစ္စည်းများကို သင်တန်းမှ တာဝန်ယူပါမည်။
* သင်တန်းပြီးဆုံးပါက သင်တန်းဆင်း လက်မှတ် ပေးမည်။
* သင်တန်းပြီးဆုံးပါက အလုပ်အကိုင် ရှာဖွေပေးမည်။
* တနင်္လာနေ့တိုင်း ပိတ်သည်။

တိုက် (၁)၊ အခန်း (၄၀၃)၊ အောင်ဇေယျ၊ ကမ်းနားမှတ်တိုင်သင်း၊ အင်းစိန်မြို့နယ်။

0943178960, 0949210094




## ဦးမြသန်းစံ၏ ၅၅ နှစ်ပြည့်မွေးနေ့အလှူမင်္ဂလာ

ဦးမြသန်းစံ၏ အသက် ၅၅ နှစ်ပြည့် မွေးနေ့အလှူမင်္ဂလာပွဲကို ဇန်နဝါရီလ ၉ ရက် နံနက် ၁၀ နာရီက ရွှေမင်းဝံသာသနာ့ရိပ်သာတွင် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ သာသနာ့ရိပ်သာမှ ဆရာတော်နှင့်တကွ သံဃာတော်များ၊ ယောဂီများအတွက် တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ အလှူဒါနအတွက် ရွှေမင်းဝံဆရာတော်က အဂ္ဂမဟာသဒ္ဓမ္မဇောတိက သိမ်ကျောင်းတောင်ကြီးတွင် အနုမောဒနာ တရားတော်များ ဟောကြားခဲ့ပြီး ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်၊ မွေးနေ့တွင် ဒါနများပြုလုပ်ပြီးနောက် ဆေးပညာအတွက် အထောက်အပံ့ပြုနိုင်ရန်အလို့ငှာ မိမိ၏ခန္ဓာကိုယ်ကို တပ်မတော် ဆေးတက္ကသိုလ်သို့ သွားရောက်လှူဒါန်းခဲ့ကြောင်းလည်း သိရသည်။

## တတိယအကြိမ်သက်ကြီးဂီတပညာရှင်ကြီးများအားပူဇော်ပွဲ



မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) ၏ တတိယအကြိမ်မြောက် သက်ကြီးဂီတအနုပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ဇန်နဝါရီလ ၁၀ ရက် နံနက် ၉ နာရီက မဟာသန္တိသုခကျောင်းတွင် ကျင်းပပြုလုပ်ခဲ့သည်။ အသက် ၈၀ ပြည့်နှင့်အထက် သက်ကြီးဂီတပညာရှင် ၅၇ ဦးကို ဂီတအလွှာအသီးသီးမှ ဂီတပညာရှင်များက ငွေကျပ် ၂ သိန်းနှင့် ဆေးဝါးပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြသည်။ ယခုနှစ်တွင် သက်ကြီးဂီတပညာရှင်ကြီးများအား ပူဇော်ကန်တော့ရာတွင် စုစုပေါင်းငွေသားသိန်း ၂၀၀ ကျော်တန်ဖိုးဖြင့် ကန်တော့နိုင်ခဲ့ကြကြောင်း သိရသည်။

## ၅၄ကြိမ်မြောက်(မြောက်ဥက္ကလာပ) ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်

၅၄ ကြိမ်မြောက် (မြောက်ဥက္ကလာပ) ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီလ ၁၂ ရက်နေ့က မြောက်ဥက္ကလာ နွယ်နီ ၁၀ လမ်းရှိ နွယ်နီကွင်းတွင် ကျင်းပပြုလုပ်ခဲ့သည်၊ ပွဲတော်တွင် ကရင်ဒုံးယိမ်းအကများကို ကရင်တိုင်းရင်းသူတိုင်းရင်းသားလေးများက အဖွဲ့လိုက်ကပြဖျော်ဖြေခဲ့ကြပြီး ပျော်ပွဲရွှင်ပွဲများ၊ ဈေးဆိုင်တန်းများဖြင့် ပွဲဈေးခင်းကျင်းကာ ကျင်းပခဲ့ကြသည်။ အဆိုပါ နှစ်သစ်ကူးပွဲတော်သို့ အဆိုတော်ကောင်းဆက်၊ ဇော်ပိုင်၊ R ဇာနည်၊ ဟဲလေး၊ ဩရသ၊ Black Hole အဖွဲ့မှ အစိုင်တို့ လာရောက်သီဆိုဖျော်ဖြေခဲ့ကြကာ Dancer အဖွဲ့များလည်း ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြသည်ဟု သိရသည်။



**သူ၏ ဘဝအား တိုင်းထွာချက် အရ**

အဲသည့် ကြောက်မက်ဖွယ်ရာ အမှောင်တိုက်အား ခါးသီးစွာ ကျွန်မမုန်းတီးမိပြီ။ ဘာကြောင့်လဲဆို သူဟာ ကျွန်မအတွက် လမိုက်ည မှာ လွတ်မြောက်နေသည့် အန္တရာယ် တစ်ခု ဖြစ်နေခဲ့သလို၊ သူ၏ ရှုန်းကြွ မြူဆွယ်နေသော မာယာထောင် ချောက်အတွင်းက အဆိပ်ရည်တို့ အားငတ်လင့်စွာ မျိုချမိခြင်း ကြောင့် ကျွန်မမေ့ထွာတို့သည်လည်း လောင် ကျွမ်းပြာကျသွားသည်။

**အများအားဖြင့် သာယာမည် ထင်ခဲ့ရသော နေ့အပူချိန်**

တကယ်တော့ လက်ရှိပစ္စုပ္ပန် ပြဿဒါးထဲ၌ ကျွန်မဘဝက ထိုးဆေးမှားခဲ့လေသလား၊ အကျိုး ပေးမှားခဲ့လေသလား ဆိုတာလည်း စဉ်းစားမရ။ သူ့ဇာတာကို ပွတ်တိုက် ကြည့်မှ ရွှေမဖြစ်သောရက်စာတာ များစွာကို ပိုင်ဆိုင်ထားရမှန်း ကျွန်မ သိရ၏။ သူနှင့် စတင်ဆုံစည်းခွင့်ရ လိုက်သည့် အချိန်ကတည်းက ကျွန်မ အတွက် ကံကြမ္မာလှလှကလေးများ တောင်လိုရာလို ပုံထား သည်ဆိုတာ ကို သတိမထားမိ။ အချစ်ကို အဆိပ် ဖြစ်စေတတ်သော ဘေးထွက် ဆိုး ကျိုးဟုလည်း သဘောမထားခဲ့။ ထိုနေ့က မစ္စတာ ဘရောင်းကဖေး ဆိုင်၌ အလင်းမှိန်နေသော စနေသား ၏ တစ်ကောင် ကြွက်တစ်မျက်နှာ လက်ကလေးအား ဆုပ်ကိုင်လျက် "ရှင်. . . အောင်မြင်မှာပါ၊ အခု လောလောဆယ် ရှင့်ကံတရားတွေ တစ်နေရာ ရာကို ဆွမ်းစားကြွသွားလို့ နေမှာပေါ့"ဟု ဗိုလ်လော်ဆော့ဖ်ဗီ **Philosophy** ကျောင်းသူတစ် ယောက်ပီပီ သူ့ကို အားပေးမိ၏။

**မိန်းမဆိုတာ ဘုရားရှင်က**
**ဘယ်လောက်ပြစ်ဒဏ်ခတ်မည်ပဲ**
**ပြောပြော**
**ယောကျ်ားတစ်ယောက်အပေါ်၌**
**သူသုံးစွဲလိုက်ရသော**
**ချစ်ခြင်းတရားအတွက်**
**နောင်တမရ တတ်ဘူးဆိုတာ**
**တကယ်ပဲလား. . . . .**

သူကတော့ ကံသေနေသည့် မျက်နှာ မွဲဖြင့် သူ့ဘဝသူ ထမ်းပိုးထားရ သည်ကို ငြီးငွေ့နေသည့်ပုံစံ။ တစ်ခါ တလေ သူနှင့် စကားပြောမိစဉ် ကျွန်မအထင်၌ သူ့အတွေးအခေါ် နှင့် သူ့အယူအဆများစွာက ဘုံ ဖျားရောက်နေ သယောင်ယောင်။ တစ်ခါတစ်ရံ သူ့ခံယူချက်နှင့် သူ့ဝါဒအား သူ့မိသားစုနှင့် သူ့ အသိုင်းအဝိုင်းက ကြည့်ရင်း . . . "ဒီကောင့် ပုံစံက နောင်တနဲ့ ကင်း ဝေးနေတဲ့ ပုံစံပဲ"ဟု

သူ့အိမ်အလည်လိုက်သွားစဉ် ကြားလိုက်ရသော မှတ်ချက်စကား ဖြစ်၏။ သူကလည်း ထိုမှတ်ချက် စကားအား ဥပေက္ခာတရားဖြင့် သတ်နိုင်ခဲ့သည်၊ စာပေလောက၌ သူ့စာရေးသက်ကလေး အရွယ်ရလာ ပေမယ့်လည်း မဂ္ဂဇင်းစာမျက်နှာ တော်တော်များများ၌ ဖော်ပြခြင်း မခံရသေး။ ကျွန်မက သူ၏ စာရေး ဆရာအလုပ်အား မရှုတ်ချချင်ပေ မယ့် အလုပ်လက်မဲ့ဘဝကိုတော့ အားမပေးချင်၊ ဘဝနှင့် ပတ်သက် လာလျှင် မိန်းမဆိုတာ အညီ




ဝတ္ထုတိုရသ

အဟောက် မကြိုက်တတ်ပေမယ့် ဒုက္ခသုက္ခများစွာကိုတော့ ရင်မဆိုင်ချင်တာအမှန်။ သို့သော် အားနည်းချက်ရှိနေသည့်သူ့အား ပြောမထွက်ခဲ့ပါ။

**ဝေဒနာ စင်တီဂရိတ်များသောနေ့**

တစ်နေ့ ကျွန်မမွေးနေ့လည်းဖြစ် လစာထုတ်ရက်နှင့်လည်း ကြုံနေသောကြောင့် ဆူးလေဘုရားလမ်း ခုံးတံတား အနီးအနားက'ရွှေမြို့တော်'ထမင်းဆိုင်၌ သူ့အား ထမင်းဖိတ်ကျွေးလိုက်၏။ အားပါးတရစားနေသော သူ့နံဘေးမှာ ထိုင်လျက် ကြက်သားကြော်ကလေးအား အရိုးထွင်ပေးနေမိသည်။ ပြီးတော့ တစ်ရှူးစဖြင့် လက်သုတ်ပြီး ကျွန်မအတွက် လက်ဖက်ရည်အား တစ်ငုံသောက်လိုက်၏။ လက်ဖက်ရည်ခွက်ပြန်ချပြီး သူထမင်းမဝမှာစိုး၍ သူ့ဝမ်းဗိုက်အား ကျွန်မစမ်းလိုက်သည်။ အံ့ဩမှု များစွာကို အဆုံးမသတ်နိုင်ခဲ့။ ပိန်လှီသေးကွေးနေသော အရိုးများကို စမ်းမိပြီး. . .

"ဟင်. . . တစ်ကိုယ်လုံး အရိုးချည်းပဲ" ဟု ကျွန်မညည်းတွားလိုက်မိ၏။ သူကလည်း ခနဲ့တဲ့တဲ့ ရွဲ့တဲ့တဲ့ လေသံဖြင့် "ဟုတ်တယ် . . . ရသစာပေသမားရဲ့အသားတွေကိုဘယ်သူခွာယူသွားမှန်း မသိပါဘူး" ဟုပြန်ပြောသည်။ "ဘာအလုပ်ပဲဖြစ်ဖြစ် ရိုးသားတဲ့ အလုပ်တစ်ခုခုထွက်လုပ်ပါလား" ဟု ကျွန်မနှုတ်က ပြောမထွက်။ မိန်းမကောင်းတစ်ယောက်၏ မေတ္တာတရားကို နားလည်လျှင် ကောင်း၏။ နားမလည်လျှင် သူနှင့်သူ့သိက္ခာအား စော်ကားသည်ဟု အထင်ရောက်မည်။ တစ်ခါတစ်ရံ ကျွန်မအတွေးထဲ၌ "သူ့ငါ့အတွက် ပေးဆပ်မယ့် သူ့ရဲ့ကောင်းမေတ္တာတရားက ချိုမြိန်ပါ့မလား" ဟု သံသယဝင်မိတော့ တစ်စုံတစ်ရာကို မျိုချမိလိုက်သလို ရင်ထဲ၌ ပူလောင်သွား၏။ အချစ်ကြောင့် အဝအဆွေးများစွာကို ရင်ဝယ်ပိုက်ရင်း နောင်တဖြင့် ခရီးနှင် နေရသော မိန်းမသားအချင်းချင်းကို မြင်မိ ပြန်တော့ ကျွန်မဘဝထဲမှာ သံဝေဂသစ်ပင်ကလေးများ အစီအရီ ပေါက်လာသည်။ သို့သော်လည်း ကျွန်မမွေးနေ့၌ သူ့အားလက်ဆောင်ပေးသည့် အနေဖြင့် မိုက်မဲစွာ "မောင်" ဟုခေါ်ခဲ့သည်။

**ရှာရန်ရှာနိုင်နှုန်း အနည်းငယ်သာရှိသော မေတ္တာ**

မိန်းမဆိုတာ ဘုရားရှင်ကဘယ်လောက်ပြစ်ဒဏ်ခတ်မည်ပဲ ပြောပြောယောက်ျားတစ်ယောက် အပေါ်၌ သုံးစွဲလိုက်ရသော ချစ်ခြင်းတရားအတွက် နောင်တမရ တတ်ဘူးဆိုတာ တကယ်ပဲလား။ ကျွန်မသူ့အား'မောင်' ဟုစတင် ခေါ်ဝေါ်သုံးစွဲတုန်းကလည်း သူဝမ်းသာသွားလိမ့်မည်ဟု ထင်ထားခဲ့ ပေမယ့် သူ့မျက်နှာပေါ်၌ ကျွန်မ အတွက် မျှော်လင့်ချက်များ ပျောက်ကွယ်နေ၏။ သို့ပေမယ့် ကျွန်မ စိတ်ဓာတ်မကျခဲ့။ ယောက်ျားတစ်ယောက် အားနည်းချက်ကို မဆုပ်ကိုင်နိုင်သေးသရွေ့ မိန်းမတစ်ယောက်ဘဝက အရှင်လတ်လတ်ငရဲခံနေရဦးမှာလား၊ မောင့်ကို ချစ်လိုက်ရသည့်အတွက်လည်း ကျွန်မနောင်တမရခဲ့။ ကိုယ်ချင်းစာတရားကလေးများရှိလျှင် မောင့်ဘဝထဲကရက်ရာဇာလေး ကျွန်မကို နည်းနည်းလောက်ပေးပါလားဟု တောင်းကြည့်ချင်၏။ သို့ပေမယ့် မတောင်းရဲ။ ကျွန်မ ပြောလိုက်လျှင်. . .

"နတ်ဘုရားတွေက မောင့်ကိုကံတရားမှ တည့်မပေးလိုက်တာ၊ ဘယ်လိုလုပ်မောင်က ရက်ရာဇာတွေ ပိုင်ဆိုင်နိုင်မှာလဲ"ဟုဆိုသောစကားလုံးမျိုးဖြင့်သာ ကျွန်မတောင်းဆိုမှုအား တုံ့ပြန်လိမ့်မည်။ တစ်ခါက ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ်၌ မောင်နှင့်အတူ ဘုရားဝတ်ပြုဆုတောင်းနေစဉ်၊ မောင့်စကားတစ်ခွန်းကြောင့် ကျွန်မစိတ်ပီညာဉ်ပင် အရောင်မှေးမှိန်သွားသလို ခံစားလိုက်ရ၏။

"ကျွန်တော်ဆင်းရဲနေတာကို နတ်ဘုရားတွေ ခံတွင်းတွေ့နေတယ်ဆိုရင် ကျွန်တော့်ဝဋ်ကြွေးက တရားစီရင်ခံနေရတာ မဟုတ်တော့ဘဲ၊ မတရားစီရင်ခံနေရတာပဲ ဖြစ်တော့မှာပေါ့"တဲ့။ ပြီးတော့မောင်က ဆက်ပြောသေး၏။

"မတရားခံနေရတာကို ကြည့်ကောင်းတယ်ဆိုရင် တပည့်တော်တို့ဘဝက နင်းပြားတွေဖြစ်ပြီး ရေရှည်သံသရာခရီးမှာ တပည့်တော်တို့ဝဋ်ကြွေးက ဘယ်လိုလုပ် ချေးကောင်းရနိုင်ပါတော့မလဲ"တဲ့။ ကျွန်မဖြင့် အံ့ဩလွန်းလို့ မောင့်နံဘေးကနေ ထပြေးချင်စိတ် ပေါက်မိသည်။ မောင့်စိတ်ဓာတ်က ဘယ်လိုအယူဝါဒတွေ၊ ဘယ်လိုအယူအဆတွေ ဝါးမျိုမိသွားတာလဲ။ ကျွန်မနောက်ကွယ်၌ မောင်ဘယ်လိုစာအုပ်မျိုးတွေဖတ်ပြီး ဘယ်လိုအတွေးအခေါ်တွေကို မွေးဖွားထားတာလဲ။ စဉ်းစားမရတော့ . . .။

**တိမ်အသင့်အတင့် ဖြစ်ထွန်းရုံမှလွဲ၍ ရေမပါသော မိုးတိမ်**

တကယ်တော့ ဝေဒနာကောင်းတစ်ခုကို မခံစားမိဆေးကောင်းတစ်ခုရှိနေသင့်သော ကျွန်မအတွက်ပြင်ဆင်ချိန်မရခဲ့၊ မောင့်ကို ချစ်လိုက်မိသည့် ကျွန်မတော့ အကုသိုလ်ကို အကောင်လိုက် မျိုချမိထားသည်ဆိုလျှင်တောင် ဘယ်တော့မှ နောင်တရမိဖို့ မကြိုးစားချင်။ အမိုက်မသံဝေဂတော့ မောင့်ကိုချစ်နေရသည့်အတွက် သက်ဆိုးရှည်မှာ မဟုတ်ဘူးဆိုလည်း ကျွန်မမတတ်နိုင်။ သည်ခန္ဓာ၌ အပူအပင် သောကဖြင့် ဘယ်လောက် ရှေ့ဆက် ရဦးမလဲဆိုတာ တွေးတော့မရ။ တစ်ခါတစ်ရံ ကျွန်မတစ်ယောက်တည်း

"မတရားခံနေရတာကို ကြည့်ကောင်းတယ်ဆိုရင် တပည့်တော်တို့ဘဝက နင်းပြားတွေဖြစ်ပြီး ရေရှည်သံသရာခရီးမှာ တပည့်တော်တို့ ဝဋ်ကြွေးက ဘယ်လိုလုပ် ချေးကောင်း ရနိုင်ပါတော့မလဲ"တဲ့ . . . .



. . . .

"ငါ မောင်နဲ့သာအတူတူနေမယ်ဆိုရင်၊ တစ်နေ့တစ်နေ့ နောင်တကို အော်ဒါမှာသုံးရမယ်နဲ့တူ တယ်" ဟု ကျိတ်တွေးရင်း ပြုံးမိ၏။ ကျွန်မချစ်နေရသောအချစ်၏ တန်ဖိုးက မောင့်ရင်ဘတ်ထဲ၌ အတည်တကျ ရှိနေနိုင်ပါမလား။ ဘယ်လိုပဲဖြစ်ဖြစ် မောင်နှင့်ပတ်သက်လျှင် ကျွန်မစေတနာက အသိုက်မပြောင်းခဲ့။ မောင်နှင့် ဆုံဆည်းခွင့်မရသော နေ့လေးများ၌ ဆိုလျှင် မောင်ထမင်းနပ်မှန်အောင်မှ စားရပါ့မလားဆိုသော အတွေးကလေးကြောင့် ကျွန်မမျက်ရည်ကျခဲ့ရသည်။ မောင်နှင့်ဆုံတွေ့ခွင့်ရသော နေ့ကလေး၌ ဆိုလျှင်တော့. . .

"မောင် ရယ်. . . အာဟာရရှိအောင် ကောင်းကောင်းစား ကောင်းကောင်း အိပ်ပါလား" ဟုဆိုတော့. . . . "အဲဒါဆို ဟော်တယ်ကောင်းကောင်း တစ်လုံးနဲ့ ဘဏ်တိုက်ကြီးတစ်ခုလို လိမ့်မယ်၊ ပြီးတော့ မောင့်ကိုယ်ကျင့်တရားကိုချုပ်နှောင်ထားဖို့ လှောင်အိမ်တစ်လုံးလည်းလိုမယ်"တဲ့ ကျွန်မအံ့ဩခြင်းဖြင့်. . . "ဩော် . . . မောင်က ဆင်းရဲနေတာတောင် ဖောက်ပြန်ဖို့ မကောင်းမှုကို မှီဝဲနေတုန်းပဲလား"ဟု ကျွန်မမေးလိုက်ချင်ပေမယ့် မမေးရက်ခဲ့၊ မောင်မသိအောင်သာ သက်ပြင်းကိုမှိုချပြီး ကိုယ့်ကိုယ်ကိုယ် အားမလိုအားမရ ဖြစ်ခဲ့ရ၏။ ထိုနေ့ အိမ်ပြန်လမ်းကလေး၌ ကျွန်မကိုယ်ကျွန်မ မွန်းကျပ်မှုများဖြင့် တုပ်နှောင်မိသည်။

**မှုမမှန်သောမိုးရေချိန်များလို မောင်**

အမှန်တကယ် ကျွန်မမျှော်လင့်ချက်က ရိုးရိုးသားသားတိမ်တိုက်တွေထဲက မိုးရေစက်တွေကို တောင့်တမိတာပါ။ လောဘ၊ ဒေါသ၊ မောဟတရားများ မပါသည့် အဖြူစင်ဆုံး မိုးရေစက် တွေကို ပက်မှုတ်ခဲ့ပေမယ့် မောင့်ရင်ဘတ်ထဲမှာတော့ ကျွန်မနှင့်တွေ့ပြီဆိုလျှင် တင်ပြင်းသွားဖို့ စကားလုံးများကိုသာ သယ်ဆောင်လာတတ်သည်။ အခုလည်း ဒီဇင်ဘာ ၂၅ရက် ဟာ မောင့်မွေးနေ့ ဖြစ်သည့်အတွက် ရွှေဘုန်းပွင့် ဘုရား၏ စနေထောင့်၌ ပန်းရေချမ်းဆီမီးနှင့် စာကလေး သက်စေ့လွှတ်ဖို့ပြောတော့. . . .

"ဘာလုပ်မှာလဲ၊ သံသရာက မလွတ်မြောက်သရွေ့ သတ္တဝါအားလုံး သုံးဆယ့်တစ်ဘုံ အကျဉ်းသားအဖြစ် ခံစားစံစားနေရဦးမှာပဲ၊ မလွတ်မြောက်တာကို လွတ်မြောက်ဖို့ ကြိုးစားမယ်ဆိုရင်တော့ နိဗ္ဗာန်ကိုတွေ့အောင်ရှာမှ ဖြစ်မယ်၊ နိဗ္ဗာန်ကိုတွေ့ပြီဆိုရင်လည်း အဲဒီ နိဗ္ဗာန်တံခါးကို ဖွင့်ဖို့သော့တစ်ချောင်းလိုတယ်" ဟုဆိုရင်း စကားမဆက်ဖြစ်တော့။ ထို့နောက် ဗုဒ္ဓဘုရားသခင်အား မောင်နှင့်အတူ ဝတ်ပြုကန်တော့ပြီးတော့. . .

"မောင်. . ဘာဆုတွေ တောင်းလိုက်သလဲ" ဟု အလိုက် မသိစွာ မေးလိုက်မိ၏။ တကယ်ဆို. . .

"ချစ်သူနှစ်ဦး အတူတကွ ပေါင်းသင်းပါရစေ" ဆိုသော ဆုတောင်းမျိုးအား ကျွန်မမျှော်လင့်နေခဲ့၏။ သို့ပေမယ့် ထိုကဲ့သို့ ဖြစ်မလာ၊

"ဘာဆုမှ မတောင်းပါဘူး၊ ဆုတောင်းတိုင်းပြည့်မယ်ဆို တောင်းတဲ့ဆုတွေ အိမ်မှာထားစရာ နေရာတောင်ရှိမှာမဟုတ်ဘူး၊ ပြီးတော့ ကိုယ်ဆုပြည့်စေဖို့အတွက်နဲ့ ဘုရားကို ခိုင်းစားသလို ဖြစ်နေမှာပေါ့"တဲ့။ ရုတ်တရက် ကျွန်မ အံ့ဩတုန်လှုပ်မိသွားသည်။ မောင့်ကိုကြည့်နေရင်းက ကျွန်မသံဝေဂဟာ ကျွန်မရင်ဘတ်ထဲက ပျို့အန်တက်လာ၏။ မောင်ဘာဖြစ်လို့ မကောင်းမှုကို အရသာခံနေရတာလဲ၊ အကုသိုလ်ကို အမြဲရွဲအောင် ဘာကြောင့် သုံးစွဲနေရတာလဲ၊ ကိုယ့်ဘဝကိုယ် စိတ်အချဉ်ပေါက်ပြီး လောကကြီးအား အရှုံ့တိုက်နေမည်ဆိုလျှင် အခက်အခဲ အကျပ်အတည်းထဲမှ လွတ်မြောက်သွားမည်လား။ ဘဝပြဿနာက နေဝင်မီးငြိမ်းအေးချမ်းသွားမှာလား၊ လောကဓံဆိုတာ သတ္တဝါတိုင်းအတွက် ခန်းဝင်ပစ္စည်းဆိုတာကို မောင်မတွေးတောမိတာလား။ မောင်ဟာဆင်ခြင်မှု စဉ်းစားဉာဏ် နည်းပါးသည့် ကျိုင်းကောင်မျိုးလည်းမဟုတ်၊ လူ့အသိဉာဏ်ဖြင့် လူ့ဘုံထဲ၌ လူသားတစ်ယောက် အဖြစ် ရှင်သန်နေထိုင် နေရသောသူ၊ စာရေးဆရာတစ်ယောက်အဖြစ် ရပ်တည်ရန် ကြိုးစားနေသူ။ မောင့်အား ဘယ်လိုဂါထာကို ရွတ်ဖတ်သရဇ္ဈာယ်ပြီး လူကောင်းတစ်ယောက်ဖြစ်အောင် ပြုပြင်ဖန်တီးပေးရမလဲ မသိတော့။ မိုက်မဲသောအတွေးအခေါ် အယူအဆဖြင့် ရပ်တည်နေသော မောင့်အား ဒေဝဒတ်ကျမ်းစာအုပ်ထဲက ပိုးကောင်မွှားကောင်ဟု ကျွန်မ ထင်မြင်ခဲ့သေး၏။

**လေဖိအားရပ်ဝန်းလို ကြီးမားလာသည့် အမိုက်တရား**

မောင့်အဇ္ဈတ္တတရားကို ပြောင်းလဲပစ်ဖို့ အရေပြားကို ချွတ်ခွာပြီး ဆေးဝါးဆိုင်ရာ ဘာသာဗေဒဖြင့် ခွဲစိတ်ကုစားပေးရမလား။ သို့တည်းမဟုတ် အမှောင့်ဒေါသ ဖုံးလွှမ်းနေသည့် မောင့်ဘဝကို အာသာပြေစေဖို့ လောကဓံဖြေဆေးကို ရှာဖွေပေးရဦးမလား။ ကျွန်မ စိတ်အတွင်းသားနံရံ၌ သောကများတဖြည်းဖြည်းလွှမ်းမိုးလာသည်။ ပလုတ်ကျင်းလိုက်လျှင် ဗျာပါဒကင်းဝေးသည့် အနံ့အသက်များကိုသာ ကျွန်မခံစားချင်ပေမယ့်၊ မောင်နှင့်တွေ့လျှင်တော့ ထိုအတွေးများ လွင့်ပြယ်ပျောက်ကွယ်သွားရတတ်သည်။ ရာဇဝတ်မှု ကျူးလွန်ခဲ့သည့် သံသရာအကျဉ်းသားတစ်ယောက်လို ဆင်းရဲသည့်ဝေဒနာကို ခဏခဏညည်းတွားပြတတ်၏။ ကျွန်မက. . . "မောင်ရယ်. . . မောင်တစ်ယောက်တည်း ဆင်းရဲနေတာမှ မဟုတ်တာ၊ မောင့်လို ဆင်းရဲနေတဲ့ လူတွေ လောကမှာ တစ်ပုံကြီးပဲ" ဟုဖျောင်းဖျပေမယ့် မရ။

"ဟုတ်ပါတယ်. . . မောင်တစ်ယောက်တည်း ဆင်းရဲနေတယ်လို့လည်း မဆိုလိုပါဘူး၊ ဒါပေမဲ့ အနာယဉ်းနေတဲ့ သူတစ်ယောက်ကို ခွဲစိတ်ကုသခွင့်မပေးဘဲ၊ မင်းတို့ဝဋ်ကြွေးနဲ့မင်းတို့ သေသေကျေကျေ ဆိုပြီး ဥပေက္ခာပြုထားတာကိုတော့ မောင်မနှစ်သက်ဘူး။ မောင့်အမြင်နဲ့ပြောရရင်တော့ မောင်တို့ စိတ်ဓာတ်တွေကို ပျက်စီးယိုင်နဲ့သွားအောင် မသမာတဲ့အယူအဆနဲ့ နင်းချေဖျက်ဆီးနေတယ်လို့ပဲ မြင်တယ်" ဟုဆိုတော့ ကျွန်မနောက်ထပ်တစ်ကြိမ်

Asian Fame Media Group

အံ့ဩတုန်လှုပ်ရပြန်၏။ အဓမ္မအတွေးအခေါ်တွေကို အာရုံဆောင်ထားပြီး မိုက်မဲမှုတရားများစွာကို ဆေးမင်ကြောင်ထိုးသလို အရိုးစွဲစေခဲ့ပြီလား။ ဒေါသကြေးညှော်နံ့များကို မစွန့်ပယ်နိုင်သေးသရွေ့ မောဟအမှောင်တိုက်အတွင်း၌ မွန်းကျပ်ပိတ်လှောင်ခံနေရဦးမည်ဆိုတာကို မောင်မစဉ်းစားမိလေရော့သလား။ မောင့်တစ်ဘဝလုံးကို ရစ်ခွေထားသည့် လောကစံမြွေဆိုးလို အကောင်အားဘယ်လို ဒေသနာတရားဖြင့် မောင်းထုတ်ပေးရမှန်းမသိ။ ဘဝနှင့် ပတ်သက်လာလျှင် မောင့်အား ရိုးရိုးအကုသိုလ်ထက် သံသရာရှည်စေမည့် အကုသိုလ်မျိုးအား မသုံးစွဲစေချင်။ တစ်ခါ မိုက်မဲခြင်း၏ အာသီသက နောက်တစ်ခါ မိုက်မဲဖို့ အခွင့်အရေးတစ်ခုအဖြစ် ရပ်တည်နေဦးမည်ဆိုလျှင် မောင့်အတွက် ဘုရားရှင်၏ ဓမ္မဆေးဝါးတစ်ခွက်တော့ လိုအပ်လိမ့်မည်။ ထို့အတွက်မောင့်အား စိတ်လိုလက်ရဖြင့်. . . "မောင် ဒီနှစ်သင်္ကြန်မှာ သာသနာ့ဘောင် ဝင်ပါလား။ ကျွန်မ ရဟန်းအစ်မလုပ်မယ်လေ" ဟုဆိုတော့။ မောင်က. . . "ကုသိုလ်နဲ့ အကုသိုလ်ကြားက လူ့ဘဝပဲ ကောင်းပါတယ်။ သုံးဆယ့်ငါးနှစ်လုံးလုံး ကီလေသာ ပင်လယ်ထဲမှာ ကူးခတ်လာပြီးမှတော့ ဆက်ကူးနိုင်ဖို့ပဲ အရေးကြီးတယ်၊ မနစ်မြုပ်သရွေ့ကတော့ ကိုယ့်အကုသိုလ်နဲ့ကိုယ် တစ်လှေတည်းစီး တစ်ခရီးတည်းသွားနေတာပဲ ကောင်းတယ်၊ နိဗ္ဗာန်မရောက်မယ့်အတူတူ တံခါးဖွင့်ဖို့ သော့တစ်ချောင်းက ဘာလုပ်တော့မှာလဲ"ဆိုပြီး ငြင်းဆန်၏။ ကျွန်မက ကိုယ့်အယူအဆနှင့်ကိုယ်မို့. . . "မောင့်ဒေါသကြောင့် မောင့်ရင်ဘတ်ထဲက ဖြတ္တစိုက်ရဲ့တရားမှာ ဘာအသီးမှ သီးပွင့်မလာနိုင်တာပါ၊ ပြီးတော့ ထပ်မတိုးဘဲ ဖျိုးကြလို့ ရကောင်းရနိုင်ပါတယ်. . . ဒါပေမဲ့ မြေဆီလွှာကို မပြုပြင်ဘဲနဲ့တော့ စပါးတစ်ပင် ရှင်သန်ဖို့ဆိုတာ ဘယ်လိုဖြစ်နိုင်မှာလဲ၊ အရွယ်ထွားလာတဲ့ မီးတောက်ကို ငြိမ်းသတ်ဖို့ အရေးကြီးပါတယ်"၊ "အဆံမပါတဲ့ မိုးတိမ်တွေကို မျှော်ကြည့်ပြီး ထွန်ချချင်တဲ့ ငမိုက်သားမျိုးတော့ မောင်မဖြစ်ချင်တော့ဘူး" ဘယ်လောက်ကြောက်မက်ဖွယ်ကောင်းသည့် အယူအဆများလည်းဆိုတာ ကျွန်မစဉ်းစားမရတော့။ မောင့်အယူဝါဒထဲသို့ ထိုးဖောက်မစီးဆင်းနိုင်သည့် ကျွန်မ မေတ္တာတရားများကို သယ်ဆောင်ပြီး အိမ်ပြန်ခဲ့ရပေါင်းများခဲ့ပေမယ့် စိတ်တော့မပျက်ခဲ့။

### မိုင် ၀၃၀ နှုန်းဖြင့် ရွေ့လျားနေသော တောက်တွစ်မှု

တစ်ခါတစ်ရံ မောင့်အကြောင်း တမြုံ့မြုံ့စဉ်းစားရင်း စိတ်မောကိုယ်မော ဝေဒနာဖြင့် ရင်ထဲ၌အားငယ်မှုများက သီးဝေဖောင်းကားလာ၏။ ကျွန်မဖြစ်စေချင်သော ယုံကြည်မှုထဲမှာ မောင့်တယူသန်ဝါဒက အလင်းရောင်မရှိ၊ ကျွန်မမျှော်လင့်ချက်များ ပျက်စီးသွားသည့်အခါ မောင့်ကျောပြင်အား အားပါးတရ ထုပစ်ချင်ပေမယ့် မလုပ်ရက်။ အားနည်းသိမ်ငယ်နေသူတစ်ယောက်အတွက် ကျွန်မတွင် လက်နက်မရှိ။ အကြွင်းမဲ့ရှိနေသော မေတ္တာတရားဖြင့် မောင့်အတွက်ဆိုလျှင် ခန္တီတရားအား ပိ[illegible]သလို ဝါးနေတတ်သူက ကျွန်မတစ်ယောက်တည်းပဲ ဖြစ်နေမလား။ လေးလံထိုင်းမှိုင်းနေသည့် စိတ် အညစ်အကြေးများကို လွှတ်ချပြီး ကျွန်မလက်က နာရီကိုကြည့်မိတော့ ၁၁း၀၀ နာရီ၊ သည်အချိန်ဆို မောင် ထမင်းဆာနေတော့မည်။ မောင်နှင့်ချိန်းထားသည့် ဆူးလေ ဘုရားသို့ မသွားမီ မေမေမှာလိုက်သည့် စာအုပ်ဝယ်ရန် ဗိုလ်ချုပ်လမ်း စာအုပ်အဟောင်းဆိုင်ရှိရာကို ရုံးမှ ဝိတ်ပတ်ယူပြီး ထွက်လာခဲ့၏။ ကျွန်မစာအုပ်ဆိုင်၌ လိုချင်သည့် စာအုပ်ရှာနေစဉ် ကျွန်မနံဘေးသို့ အထုပ်ကြီးတစ်ထုပ် ပစ်ချလိုက်သည်ကို တွေ့ရသည်။ ကျွန်မ လန့်ဖျပ်စွာ ရုတ်တရက် ထိုသူအား မော့ကြည့်မိတော့ မောင်။ ကျွန်မ ဒေါသများစွာက ခဏချင်းမှာပင် အရည်ပျော်ကျဆုံးသွား၏။ လောကမံ ညွှတ်ကွင်းထဲက ဘဝ အပူချိန် ၁၀၈ ဒီဂရီစင်တီဂရိတ်လို ဝေဒနာဖြင့် မောင့်မျက်နှာပေါ်က ချွေးစက်များ စီးကျနေသည်ကို တွေ့ရသည်၊ ကျွန်မတို့နှစ်ဦး၏ အံ့ဩမှုများက ခရီးအဆုံးအထိ မရောက်။ မောင်ပစ်ချထားသည့် အထုပ်ကို ကျွန်မကြည့်မိတော့ စာအုပ်များ ဖြစ်နေ၏။ စိတ်မကောင်းစွာဖြင့်. . . .

"မောင်. . . အဲဒီစာအုပ်တွေက ဘာလုပ်ဖို့လဲ" ဟုမေးလိုက်ပေမယ့် မောင့်ဘက်က အဖြေစကားလုံးများက နိုးထမလာ၊ ဆွံ့အနေသည့် မောင့်ကိုကြည့်ရင်း ဒေါသဖြစ်ခဲ့ရသေး၏။ ဆိုင်ရှင်က ကျွန်မတို့နှစ်ဦးအပြုအမူအား ကြည့်နေဆဲ၊ မောင်က. . .

"မေမေ နေမကောင်းဘူး၊ မေမေ့ကို ဆေးကုပေးဖို့ ဒီစာအုပ်တွေကို ရောင်းချရတာပါ၊ ပြီးတော့ ဆေးကုမပေးနိုင်ရင် အားလုံးက မောင့်ကို ဝိုင်းပြောကြတော့မယ်" ဟုဆိုလျက် လွယ်အိတ်သိုင်းကြိုးဖြင့် နဖူးက ချွေးစက်များအား သုတ်လိုက်သည်။ ကျွန်မ ရင်မောစွာဖြင့်. . . .

"မဖြစ်ဖူးလေ မောင်ရဲ့ စာရေးဆရာတစ်ယောက်အတွက် စာအုပ်က အသက်ကယ်ဆေးပဲ မဟုတ်ဘူးလား၊ စာအုပ်မရှိဘဲ ဘာတွေဖတ်ပြီး ဘယ်လိုအတွေးအခေါ်တွေနဲ့ ဘာစာတွေရေးမှာလဲ" ကျွန်မ အမေးစကားအားမောင်မတုံ့ပြန်နိုင်ခဲ့။ တုံ့ကို ဘာဝေစိတ်နှင့် သိမ်ငယ်နေသည့် မောင့်မျက်နှာကို ကြည့်ရင်း. . . "မောင်. . . စာအုပ်တွေကို ဒီမှာပဲ အပ်ထားခဲ့၊ ကျွန်မတို့ ဘုရားဘက် သွားရအောင်" ဟုဆိုရင်း ကျွန်မလက်ထဲက ဆွဲခြင်းအပိုင်းကလေးအား မောင့်အား ကမ်းပေးလိုက်၏။

### မြေပြင်လေပြင်ပေါ်က မရိုးသားမှုများ

အချစ်ဆိုတာ ပင်လယ်တစ်ခုလို နက်ရှိုင်းသည့် မာယာတောင်ချောက်လား။ ကိုယ့်မိုက်မဲမှုကိုယ်မျိုချပြီး စေတနာကောင်းချင်သည့် အရိုင်းမလား။ မိုးရေစက်များလို ရွာသွန်းနေသည့် မေးသွားတွေလား။ ဒါမှမဟုတ် ဝဋ်ကြွေးတော် ဥယျာဉ်၌ ထာဝရရှင်မှည့်နေသည့် ကန္တာရ နေမင်းတစ်ဆူလား။ တကယ်တော့ ကျွန်မဟာ ကီလေသာ အနှစ်သာရကို ခံစားတတ်ဖို့

Asian Fame Media Group

ဗျာဒိတ်တော်ခံယူခဲ့သည့် မိန်းမတစ်ယောက် မဟုတ်သလို၊ အချစ်ကို ဝေါ်လင့်နေသည့် မိန်းမတစ်ယောက် အာသာဆန္ဒကို ထွန်းညှိခဲ့ခြင်းလည်း မဟုတ်ပါ။ ရိုးသားပြီး ဆင်းရဲချို့တဲ့သည့် မောင့်ဘဝကို ကိုးကွယ်ရင်း မပြီးပြည့်စုံသေးသော ခရီးတစ်ခုအတွက် ကာကွယ်ပေးနိုင်မည့် ပါရမီဖြည့်ဖက်တစ်ယောက်လိုသာ နေချင်ခဲ့သည်။ မောင်နှင့်ကျွန်မ ဆုံးလေဘုရား ရင်ပြင်တော်ပေါ်ရောက်တော့ ဗုဒ္ဓဘုရားသခင်ကိုယ်တော်မြတ်ကြီး တရားဦးဓမ္မစကြာ ဟောကြားသည့် ခန်းမဆောင်ထဲ၌ မောင့်အားထမင်းကျွေးလိုက်၏။ အားပါးတရစားနေသည့် မောင့်ကို ကြည့်မနေနိုင်။ ကျွန်မနားပေါ်က နားကပ်ကလေးအား လျင်မြန်စွာ ချွတ်လိုက်သည်၊ ကျွန်မနားကပ် ချွတ်လိုက်သည်ကို မောင်တားဆီးဖော်မရ တကယ်ဆို . . . .

"ဟင့်အင်း. . . မလုပ်နဲ့၊ မလုပ်နဲ့ မောင့်ဒုက္ခထဲကို မင်းလက် မလျှိုပါနဲ့ကွာ"ဟူသော စကားလုံးမျိုးကို ကျွန်မကြားချင်ခဲ့၏၊ သို့တည်း မဟုတ်. . . .

"မောင့်ဘဝ ဘယ်လောက်ခါးခါး မောင့်ကိုယ်ကျင့်တရားကို အပျိုရည်ပျက်ခံမှာ မဟုတ်ဘူး၊ ခုအချိန်မှာ မောင်ငွေလိုနေတာ မှန်တယ်၊ ဒါပေမဲ့ မောင့်ချွေးနည်းစာနဲ့ပဲ အမေ့ကို ဆေးကုပေးချင်တယ်" ဆိုသော မောင့်မာနစကားသံကလေးအား ကျွန်မလိုချင်နေခဲ့သည်။ သို့ပေမယ့် တားဆီးဖော်လည်း မရ၊ မာနစကားသံကိုလည်း မကြားရ၊ အမှန်တော့ ကျွန်မကိုယ်၌က ကျွန်မပိုင်ဆိုင်သည့် မိကောင်းဖခင် သားသမီး ရာဇဝင်ကို နင်းခြေဖျက်ဆီးနေခြင်းလား။ ကျွန်မ မိုက်မူးရဲစွာပင် မောင့်လက်တွင်းသို့ နားကပ်ကလေးအား ပေးအပ်လိုက်ပါသည်။ ငြင်းဆန်မှုမရှိသည့် လက်ဖြင့် မောင်ကလည်း စက္ကူ ဖြူဖြူကလေးနှင့်ထုပ်ပြီး ယူသွား၏။ အိမ်အပြန်လမ်းမှာ ကျွန်မနား နှစ်ဖက်ကိုတော့ အပေါ်အား နားကပ်ကလေးတစ်ရန်ဖြင့် ကုစားပေးခဲ့ရသည်။ လျှောက်တိုင်း မရောက်နိုင်သေးသည့် ခရီးတစ်ခု၌ ဒဏ်ရာများစွာဖြင့် မွန်းကျပ်စွာ ရှင်သန်နေ ရသည့် သားတောင်အား ကျွန်မ တကယ်ပင် သနားခဲ့တာလား။ ထိုနေ့ထိုအချိန်ကတည်းက မောင့်အား ကျွန်မမတွေ့ရတော့။ မောင်တကယ်လို့သာ ကျွန်မအပေါ် သံယောဇဉ်ရှိနေသည်ဆိုလျှင် မောင့်မိခင်ကြီး၏ ကျန်းမာရေး အခြေအနေအား လာရောက်ပြောပြသင့်၏။ ကျွန်မက မောင့်မိခင် ဝေဒနာအတွက် စိတ်လိုလက်ရ နားကပ်ကလေးအား ပေးအပ်ခဲ့သူဖြစ်သလို၊ မောင့်အတွက် ကာမပိုင်ချစ်သူတစ် ယောက်လည်း ဖြစ်သည်။ သို့သော် လည်း ကျွန်မ မျှော်လင့်ခဲ့ပေမယ့် မောင်တစ်ပတ်လုံး ပေါ် မလာ။ အကယ်၍သာ မောင့်မိခင်တစ် ယောက် ဆေးရုံတင်ထားရလျှင် ဒါမှမဟုတ် ဆုံးပါးသွားလျှင် ဆိုသော အသိစိတ်ဖြင့် ရင်ထဲ၌ လှိုက်ဖိုသွား ၏။ မောင့်ကို ဒေါသလည်းဖြစ် စိတ်လည်းဆိုးမိသည်။ မောင့်အိမ်လိုက် သွားရန် ကျွန်မဆန္ဒ၏ ဆုံးဖြတ်ချက်အား ဝေခွဲမရ။

**ကြမ္မာမုန်တိုင်း၏ လှည့်စားရာ**

အရက်စက်ခံ မိန်းမတစ်ယောက်ရပိုင်ခွင့်က နောင်တတရားနှင့် ရောထွေးယှက်ငင်နေသည့် ကြေကွဲခြင်းလား။ အပယ်ခံ မိန်းမတစ်ယောက်အနေဖြင့် အရှင်လတ်လတ် သံဝေဂများ မပိုင်ဆိုင်ရသေးမီ၊ မောင်နှင့်ပတ်သက်သော အိပ်မက်တစ်ခုအား သန်းခေါင်ယံ အစားအစာအဖြစ် ညက စားသုံးခဲ့၏။ ထိုအိပ်မက်က သဲတရုပ်ရုပ်ဖြင့် ညစ်ပေနေသော အိပ်မက်မျိုး။ ကျွန်မကိုယ်၌ ထိတ်လန့်ကြောက်ရွံ့မှုက ရွှံ့ဗွက်လို ချွေးတစီစီမွန်းကျပ်မှုထဲက ရုန်းထွက်မရ။ နောက်တော့ သူ့ရဲ့ကောင်းဝါဒ မပါသည့် ဆုံးဖြတ်ချက်ကို ချလိုက်ရ၏။ ကျွန်မရုံးမတက်တော့ဘဲ မောင်နေထိုင်ရာ မြို့သစ်ကလေးသို့သွားရန် ကားပေါ်လှမ်းအတက်၊ တစ်စုံတစ်ယောက် ဆောင့်တွန်းလိုက်သလိုလို ခံစားလိုက်သည်။ စပါယ်ယာ လှမ်းဆွဲလိုက်သောကြောင့် ခြေချော်ကျမသွားခြင်းဖြစ်သည်။ မောဟိုက်မှုက ကျွန်မရင်ဘတ်ထဲ ဝင်ရောက်လာပြီး ကုတ်ဖဲ့နေသလိုလို။ မောင့်အိမ်ရောက်တော့ ကျွန်မကို တစ်ခါတည်းဖြင့် မှတ်မိနေသော မောင့်အမေအား အံ့ဩသွားရ၏။ ရောက်ရောက်ချင်း အမောမပြေနိုင် မျက်လုံးအား ဝေ့ကစားရင်း မောင့်ကိုရှာသည်။ မတွေ့. . .။

"အမေ. . . မောင်ဘယ်သွားလဲ ဟင်၊ သမီးကို လာမတွေ့တာ တစ်ပတ်ရှိပြီ. . ."ဆိုတော့ မောင့်အမေ အံ့ဩတုန်လှုပ်သွားသည်။ ဖွင့်မပြောချင်သောနှုတ်ဖြင့် စိတ်မကောင်းသည့်ဟန်ပါနေ၏။ ကျွန်မကတော့ မောင်တစ်ခုခုဖြစ် နေပြီလားဟု ဆိုသောအတွေးဖြင့် စိုးရိမ်သွားသည်။ ပြီးတော့မှ မောင့် အမေက. . . "သူနဲ့ သမီး စကား များပြီး လမ်းခွဲလိုက်ပြီဆို၊ အမေ့ကို အဲဒီစကားပြောပြီး နောက်တစ်နေ့မှာ သူ့စာအုပ်တွေ အကုန်ထုတ်ရောင်းပြီး ဟိုဘက်ရပ်ကွက်က ကောင်မလေးတစ်ယောက်နဲ့ ခိုးရာလိုက် ပြေးသွားတယ်" မောင့်အမေ စကား အဆုံး၌ ကျွန်မကိုယ်ကျွန်မ လဲကျမသွားအောင် ထိန်းထားလိုက် ရ၏။ ကျွန်မနှုတ်များမှ ဆက်မေးနိုင်စွမ်း မရှိတော့။ စက်ဆုပ်ရွံရှာဖွယ် ကောင်းသော လျှို့ဝှက်အကြံအစည် တစ်ခုအား ယဉ်ကျေးပျူငှာစွာ ကျွန်မက ကြိုဆိုခဲ့သူလား။ မောင် ပေးခဲ့သည့် လှပသောကောက်ကျစ်မှုများ ကျွန်မသွေး ကြောထဲ၌ ဒီတစ်သက် စီးမျောနေဦးတော့မည်လော၊ ဟန်ဆောင် အကောင်းဆုံး မုသာဝါဒအလယ်၌ ရင့်ကျက်မှုမရှိသည့် မိန်းမတစ်ယောက်၏ ချစ်ခြင်းမေတ္တာတရားက ရှုံးနိမ့်ခြင်း ဆုလာဘ်တွေပဲ ပိုင်ဆိုင်ဖို့လား။ အခု ချိန်ကျမှ ကျွန်မ စဉ်းစားမိတော့ . . . .

"မောင့်ရဲ့ မာယာတွေကို ငါ နေ့စဉ်စားသုံးနေခဲ့ရတာပါလား" ဟု ဆိုသောအတွေးဖြင့် မောင့်အမေကို နှုတ်ဆက်ပြီး အိမ်ပေါ်မှ ဆင်း လာခဲ့၏။ အိမ်ပြန်လမ်းကလေးမှာ မောင့်ကို ထာဝရခွဲခွာရတော့မည် ဆိုသော အသိဖြင့် ကျွန်မနားရွက် ကလေးအား စမ်းကြည့်မိလိုက် သည်။

**နေဘုဏ်းဝေ**




# Cancer Knowledge

# ကင်ဆာရောဂါအကြောင်းသိကောင်းစရာ

ဒေါက်တာ အောင်ဆန်းဝင်း

## ကင်ဆာရောဂါဆိုတာ

ကင်ဆာရောဂါဆိုတာ ခန္ဓာကိုယ်မှာရှိတဲ့ ပုံမှန်မဟုတ်တဲ့ ပဋိဇီဝဆဲလ် (Abnormal cells) တွေဟာ အထိန်းအကွပ်မရှိတော့ဘဲ ပွားများပေါက်ဖွားလာတာ အနီးအနားက ခန္ဓာကိုယ် အစိတ်အပိုင်းတွေကို တိုက်ရိုက်အမြစ်တွယ်ထိုးဖောက်လို့ပဲ ဖြစ်ဖြစ် (Direct Infiltration)၊ အဆီရည်ပြွန်လမ်းကြောင်း (Lymphatics) သို့မဟုတ် သွေးကြောများက တစ်ဆင့် ဖြစ်ဖြစ် အခြားအင်္ဂါ အစိတ်အပိုင်းတွေကို ရောက်ရှိအမြစ်တွယ်ကာ ခန္ဓာကိုယ်ကို ဖျက်ဆီး အန္တရာယ်ပြုနေတဲ့ အခြေအနေပဲ ဖြစ်ပါတယ်။



တကယ်တော့ ကင်ဆာရောဂါဆိုတာ ရုတ်ခြည်း ဖြစ်ပေါ်လာတဲ့ ရောဂါမဟုတ်ဘဲ လူရဲ့ ခန္ဓာကိုယ်ထဲက ပဋိဇီဝဆဲလ်တွေ ပုံမမှန်ဖြစ်လာကာ အထိန်းအကွပ်မရှိ တဖြည်းဖြည်းပွားများ ကြီးထွားလာပြီး အလုံးအဖုအဖြစ်၊ အနာအဖြစ် သဘာဝလမ်းကြောင်းတွေကို ပိတ်ဆို့ကာ ဒုက္ခပေးခြင်း၊ အာဟာရတွေကို ထုတ်ယူအသုံးပြုပြီး အင်အားချည့်နဲ့ ပိန်လှီစေခြင်း၊ သက်ဆိုင်ရာ အင်္ဂါအစိတ်အပိုင်းများကို ဖျက်ဆီးကာ ပုံမှန် လုပ်ငန်းများကို မဆောင်ရွက်နိုင်စေရန် ဖန်တီးပေးခြင်း၊ အနာမှတစ်ဆင့် သွေးယိုထွက်စေခြင်း၊ ပိုးမွှားများ ဝင်ရောက်ကာ သွေးဆိပ်တက်စေခြင်း၊ အနီးအဝေး ခန္ဓာကိုယ် အစိတ်အပိုင်းများသို့ ပျံ့နှံ့အမြစ်တွယ်ကာ ဒုက္ခဖြစ်စေပါတယ်။

ကင်ဆာရောဂါဟာ တိတ်တဆိတ် တဖြည်းဖြည်းချင်း အမြစ်တွယ် ကြီးထွားပွားများပြီး သတ်ဖြတ်နေတာကို သတိမမူမိတာ၊ မတားဆီးမကာကွယ်မိတာ၊ စောစောစီးစီး မသိရှိလို့ သိတဲ့အခါမှာ ရောဂါအဆင့်လွန်နေပြီး ပျောက်ကင်းချမ်းသာအောင် မကုသနိုင်ခဲ့တာတွေကို အများပြည်သူ သင်ခန်းစာယူနိုင်ပြီး လုပ်သင့်ဆောင်ရွက်သင့်တာတွေကို အချိန်မီလုပ်ဆောင်ကြခြင်းဖြင့် ကင်ဆာရောဂါကို အနိုင်ယူဖက်ပြိုင်နိုင်ကြစေဖို့ ရည်ရွယ်ကာ ဤဆောင်းပါးကို ရေးသားလိုက်ရခြင်း ဖြစ်ပါတယ်။

## ကင်ဆာရောဂါဟာ ခန္ဓာကိုယ်ရဲ့ ဘယ်နေရာတွေမှာ ဖြစ်တတ်ပါသလဲ

ကင်ဆာရောဂါဟာ အရေပြား၊ အဆီပြင်၊

Asia Free Media Group

အရွတ်၊ အသား၊ အသွေး၊ ကြွက်သား၊ အရိုး၊ သွေးကြော၊ အဆီရည်ကြော၊ အာရုံကြောတွေ အပြင် အတွင်းကလီစာများဖြစ်သော ဦးနှောက်၊ လည်ချောင်း၊ အဆုတ်၊ အသည်း၊ အစာလမ်းကြောင်း၊ ကျောက်ကပ်၊ ဆီးအိမ်၊ ဆီးကျိတ်၊ လိင်တံ၊ ဝှေးစေ့နဲ့ ရင်သား၊ သားအိမ်၊ သားဥအိမ်၊ သားအိမ်ဝ၊ သားဖွားလမ်းကြောင်းစသည်ဖြင့် ခန္ဓာကိုယ်ရှိ အင်္ဂါ အစိတ်အပိုင်းတိုင်းမှာ(ဆံပင်နှင့် ခြေသည်းခွံ၊ လက်သည်းခွံမှလွဲ၍) ဖြစ်နိုင်သလို ဖြစ်ပေါ်စေတဲ့ အကြောင်းရင်းများ၊ ရောဂါလက္ခဏာများကလည်း မတူကွဲပြားခြားနားလေ့ရှိကြပါတယ်။

အကြောင်းရင်း ထိန်းချုပ်မှု စနစ်တွေကိုတော့ သုတေသနပြုဆဲပင် ရှိနေပါသေးသည်။ အဖြေမှန်တိတိကျကျ မသိရသေးတာကြောင့် ကမ္ဘာတွင် နှစ်စဉ် လူပေါင်းသန်းချီ၍ ကင်ဆာရောဂါကြောင့် အသက်ဆုံးရှုံးနေရလျက်ပင် ရှိနေခြင်းဖြစ်ပါသည်။

တိုတိုနဲ့လိုရင်း တင်ပြရရင်တော့ အသက်ကြီးမှ သူ့အလိုလိုဖြစ်လာတဲ့ ကင်ဆာရောဂါ အတော်များများမှာတော့ ဘာကြောင့်ဖြစ်တယ်ဆိုတာ တိတိကျကျ မသိကြရသေးပါဘူး။ ဒါပေမဲ့ ဆက်နွှယ်နေတဲ့ အခြေအနေတွေနဲ့ ဆက်စပ်ကြည့်တဲ့ အခါမှာတော့

- မျိုးရိုးဗီဇတို့
- ပတ်ဝန်းကျင်မှာ တွေ့ထိခံစားနေရတဲ့ 'ဓာတုပစ္စည်းများ' ဖြစ်တဲ့ ဟိုက်ဒရိုဂျင်ကာဗွန်တွေ
- Ultraviolet hight ခေါ်တဲ့ ရောင်ခြည်တွေ
- ဓာတ်ရောင်ခြည်တွေ
- ပွတ်တိုက်ခိုက်မိမှုတွေ
- နာတာရှည်ရောင်ရမ်းတဲ့ ရောဂါတွေ
- ဗိုင်းရပ်စ်ပိုးတွေ
- ဟော်မုန်းဓာတ်ပြောင်းလဲမှုတွေ
- အာဟာရချို့တဲ့မှုတွေဟာ ကင်ဆာရောဂါမှာ တွေ့ရှိကြရတတ်ပါတယ်။

ဥပမာအားဖြင့်

- ဆွေမျိုးသားချင်းတွေထဲမှာ ကင်ဆာဖြစ်ဖူးတဲ့သူတွေ 'မ' ဟော်မုန်းအထွက်များပြီး အပျိုဖော်ဝင်စောတာ သွေးဆုံး နှောက်ကျတဲ့သူတွေ၊ Fibroadexosis ခေါ်တဲ့ ရင်သားအကျိတ်အဖုရှိနေသူတွေမှာ ရင်သားကင်ဆာအဖြစ်များတာ တွေ့ရပါတယ်။

- ဆေးလိပ်ကထွက်တဲ့ မီးခိုးရဲ့ ဟိုက်ဒရိုဂျင်ကာဗွန်နဲ့ တာတို့၊ စက်ရုံတို့ကထွက်တဲ့ ဓာတုပစ္စည်းတွေကြောင့် အဆုတ်ကင်ဆာအဖြစ်များတာ၊

- ကွမ်း၊ ဆေးရွက်တွေငုံလို့ (သို့မဟုတ်) အတွင်းဘက် ငေါ်ထွက်နေတဲ့ သွား (အချွန်ရဲ့ ပွတ်တိုက်မှု) ကြောင့် လျှာနဲ့အမြဲလိုတိုက်မိပြီး လျှာကင်ဆာဖြစ်တာတွေ၊

- နေပူထဲ အထွက်များ၊ အနေများပြီး Ultraviolet ခရမ်းလွန်ရောင်ခြည် အထိများလို့ အရေပြားကင်ဆာ ဖြစ်ရတာတွေ၊

- အနုမြူရောင်ခြည်၊ ဓာတ်ရောင်ခြည်တွေ








## ကင်ဆာရောဂါ ဘာကြောင့်ဖြစ်တာလဲ

ဒီပုံမမှန်တဲ့ ကင်ဆာဆဲလ်တွေဟာ ဘယ်လိုဖြစ်လာကြသလဲ၊ ဘာကြောင့်ဖြစ်လာကြသလဲ၊ ဘာကြောင့် အထိန်းအကွပ်မရှိဘဲ ပွားများကြီးထွားပြီး လူကို ဘယ်လိုအန္တရာယ်ပြုသလဲ ဆိုပြီး သိချင်စရာ မေးခွန်းတွေ များစွာရှိနေပါတယ်။ တကယ်တော့ အချို့မေးခွန်းတွေကို တိတိကျကျ အဖြေပေးလို့ မရနိုင်ပါဘူး။ ဥပမာ - ကင်ဆာ ဘာကြောင့်ဖြစ်သလဲဆိုရာမှာ ကင်ဆာရောဂါ အမျိုးပေါင်းများစွာ ရှိသလို အကြောင်းပေါင်းများစွာ ရှိနေတတ်ပါတယ်၊ အချို့ကင်ဆာရောဂါဟာ အချို့သော အကြောင်းနှင့် တိုက်ဆိုင်မှုများစွာ ရှိနေတတ်၍ ခန့်မှန်းခြင်းများသာ အဖြစ်များပါသည်။ သုတေသနပေါင်းများစွာ လုပ်ဆောင်နေလို့ ပဋိဇီဝဆဲလ်တွေ ကင်ဆာရောဂါမှာ ဘယ်လိုပြောင်းလဲသွားတာကို ထိုက်သင့်သလောက် သိပေမယ့် ဘာကြောင့် ထိန်းမနိုင်သိမ်းမရ ဆက်လက်ပွားများကာ လူကို ဒုက္ခပေးရသလဲဆိုတဲ့





Asian Media Group


ကြောင့် Leukaemia ခေါ်တဲ့ သွေးကင်ဆာအမျိုးမျိုး ဖြစ်ရတာတွေဟာလည်း ကင်ဆာရောဂါနဲ့ ဆက်စပ်နေတဲ့သဘောကို ဖော်ပြနေပါတယ်။

- ဗိုင်းရပ်စ်ပိုးနဲ့ ပတ်သက်လို့တော့ တချို့ပိုးတွေဟာ အသားပို ကြွက်နို့တွေ ဖြစ်စေတဲ့ Human Papilloma Virius ဖြစ်သလို၊

- အချို့အသည်းကို ရောင်စေတဲ့ Hepatitis B ၊ Hepatitis C ၊ Virus အမျိုးအစားတွေဟာ အချို့လူနာတွေမှာ အသည်းရောင်ရာကနေ

- မာကျစ်တဲ့ Cirrhoris of Liver ရောဂါ၊ အဲဒီကနေတစ်ဆင့် အသည်းကင်ဆာရောဂါတွေကို ဖြစ်စေနိုင်ပါတယ်။





- အိုင်အိုဒင်းဓာတ် ချို့တဲ့လို့ Thyroid gland သိုင်းရွိုက်ဂလင်း ကြီးလာရာကနေ Thyroid cancer သိုင်းရွိုက်ကင်ဆာဖြစ်တာတို့

- သံဓာတ် ချို့တဲ့သူတွေမှာ လည်ချောင်းကင်ဆာဖြစ်တတ်တာတို့၊

- အစာအိမ်ရဲ့ နာတာရှည် အနာကနေ ကင်ဆာဖြစ်သွားတာ

- UL CERATIVE Colitis ၊ Polyposis coli ဆိုတဲ့ အူမကြီးမှာ အနာဖြစ်ပြီး ရောင်ရမ်းမှုရောဂါ၊ အသားပို အလုံးအဖုတွေကနေ ကင်ဆာဖြစ်သွားတဲ့ သာဓကပေါင်းများစွာ ရှိကြပါတယ်။

ဒါတွေက ကင်ဆာဟာ အကြောင်းတစ်စုံတစ်ရာကြောင့်မဟုတ်ဘဲ ဖြစ်ပေါ်တဲ့ ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းပေါ်မူတည်ပြီး အကြောင်းပေါင်းများစွာကြောင့် ဖြစ်နိုင်တယ်ဆိုတာ ဖော်ပြတာပဲ ဖြစ်ပါတယ်။

## စောစောသိဖို့ (ကြိုတင်) စစ်ဆေးစို့

ကင်ဆာရောဂါဆိုတာ ထိခိုက်ဒဏ်ရာရသလို ဖြန်းစားကြီး ရုတ်တရက်ဖြစ်ပေါ်လာတတ်တာ

အသားကိုပုပ္ပမပေးဟင်မပေးဟင်
မျိုချစားသောက်သူတွေကတော့
အစာမျိုပြွန်ကင်ဆာနဲ့
အစာအိမ်ကင်ဆာအဖြစ်များသလို
ကွမ်းစားလွန်းသူတွေကတော့
ပါးစောင်အတွင်းကင်ဆာ အဖြစ်များကြပါတယ်။အလားတူပဲ ဝတဲ့သူတွေ၊
အပျိုကြီးတွေ၊ ကလေးနို့မတိုက်သူတွေဟာ
သာမန်သူတွေထက်
ရင်သားကင်ဆာအဖြစ်များတာကို
တွေ့ရှိရပေ့ါ.......

မဟုတ်ပါဘူး။ ဗီဇအရပဲဖြစ်ဖြစ်၊ ပတ်ဝန်းကျင်အခြေအနေအရပဲ ဖြစ်ဖြစ်၊ မသင့်တော်တဲ့ နေထိုင်စားသောက်မှုကြောင့်ပဲ ဖြစ်ဖြစ်၊ တဖြည်းဖြည်းနဲ့ အခြေတည်ပြီး ကြီးထွားပွားများလာတဲ့ ခန္ဓာကိုယ်ရဲ့ ပဋိဇီဝဆဲလ်တွေကြောင့် ဖြစ်လာတဲ့ ရောဂါဖြစ်ပါတယ်။ ဒါတွေကို ကြိုတင်တွက်ဆသတိထား မစစ်ဆေးမိလို့ မသိဘဲ တဖြည်းဖြည်းကြီးမားလာတာ၊ လူကိုဒုက္ခပေးတဲ့ အခါမှာတော့ များသောအားဖြင့် ရောဂါအဆင့် ရင့်နေပြီး ကုသရတာ ခက်ခဲနေတာပဲ ဖြစ်ပါတယ်။

သိသာမြင်လွယ်တဲ့ စမ်းသပ်လို့ လွယ်ကူတဲ့ အရေပြားပေါ်မှာ ဖြစ်တဲ့ ကင်ဆာတွေ၊ မှဲ့ကနေတစ်ဆင့် ဖြစ်တဲ့ ကင်ဆာတွေ၊ ရင်သားမှာဖြစ်တဲ့ ကင်ဆာတွေမှာတော့ ဒီဖြစ်ပေါ်လာတဲ့ အကျိတ်အဖုလေးတွေဟာ ကင်ဆာဖြစ်တတ်ပါကလားဆိုတဲ့ အသိဉာဏ်ရှိပြီး ဒီအကျိတ်အဖုတွေ ဖြစ်ပေါ်လာရင် တတ်သိနားလည် စေတနာထားတဲ့ သမားတော်တွေကို ပြသအစစ်ဆေးခံဖို့ လိုအပ်လှပါတယ်။ ၉၀ ရာခိုင်နှုန်းကျော်က သာမန်အကျိတ်အဖုတွေ ဥပမာ - အဆီကျိတ် (Lipoma) ဝက်ခြံအကျိတ် (Sebaceour cyst)

- အာရုံကြောတွေပေါ်က ပေါ်လာတတ်တဲ့ အကျိတ် (nervousfibroma)

- အဆီရည်ကျိတ် (Non - Specific Lymphadenopathy)

- အသားပို (papilloma)

- Fibroadinona ခေါ်တဲ့ သာမန်ရင်သားအကျိတ်တွေ၊

- Cyst ခေါ်တဲ့ အရည်အိတ်တွေ ဖြစ်ကြပါတယ်။

ဒါပေမဲ့ အချို့အနည်းငယ်သော ၁၀ ရာခိုင်နှုန်းအောက် အကျိတ်အဖုတွေဟာ ကင်ဆာရောဂါတစ်မျိုးမျိုး ဖြစ်နေတာ နောင်တဖြည်းဖြည်းနဲ့ ကင်ဆာအဖြစ် ပြောင်းသွားတတ်တာတွေ ဖြစ်တတ်လို့ မိမိအနေနဲ့ တိတိကျကျ ဘာရောဂါမှန်းမသိရင် တတ်သိကျွမ်းကျင်သူထံ ပြသစစ်ဆေးခံမှသာ ဂဃနဏသိရှိပြီး လိုအပ်ရင် ပြည့်စုံတဲ့ ကုသမှုကို အချိန်မှီယူလို့ ရောဂါပျောက်ကင်းအောင် ကုသနိုင်မှာ ဖြစ်ပါတယ်။

အချို့ကင်ဆာတွေမှာတော့ အလွယ်တကူ စမ်းသပ်လို့မရနိုင်ပါဘူး။ ဥပမာအားဖြင့် အဆုတ်ကင်ဆာတို့၊ အသည်းကင်ဆာတို့၊ အစာအိမ်နဲ့ အူမကြီးကင်ဆာတွေမှာ ရောဂါလက္ခဏာတွေ ပေါ်လာပြီး ဒုက္ခပေးလာရင်တော့ များသောအားဖြင့် ရောဂါရင့်မှ ဖြစ်တတ်ကြပါတယ်။ ဒီလိုရောဂါတွေမှာ ယခင်က ဗီဇ Premalignant ကင်ဆာမဖြစ်မီ ပေါ်လာတတ်တဲ့ ရောဂါတွေ နေထိုင်စားသောက်မှုစရိုက် အသက်အရွယ်ကိုလိုက်ပြီး လိုအပ်တဲ့ စစ်ဆေးမှု Medical Check up ကို နှစ်စဉ်စစ်ဆေးခြင်းအားဖြင့် ရောဂါစတင်အခြေတည်စ ရောဂါအဆင့်မလွန်မီ သိရှိပြီး ကုသပေးနိုင်မှာဖြစ်ပါတယ်။ ဥပမာ - ဆေးလိပ်ကို နှစ်ရှည်လများအလွန်အကျွံ သုံးစွဲတဲ့သူတွေ၊ စက်ရုံအလုပ်ရုံ လေထုညစ်ညမ်းမှုများတဲ့ နေရာတွေမှာ အလုပ်လုပ်သူတွေ အသက် ၄၀ ကျော်လောက်ဆိုပါက ချောင်းဆိုးသွေးပါ၊ ရင်ဘတ်နာသည်အထိ

Asian Fame Media Group
ASIAN FAME MEDIA GROUP

စောင့်မနေတော့ဘဲ နှစ်စဉ်အနည်းဆုံး ရင်ဘတ်ဓာတ်မှန် (Chest X'Ray) ရိုက်ကြည့်သင့်ပါတယ်။ အလားတူပဲ အစာအိမ်အမြေးပါး ရောင်တတ်သူတွေ၊ အူမကြီးတွေ ရောင်တတ်တဲ့သူတွေ၊ ဒီအစာအိမ်အူမကြီးတွေမှာ အသားပိုရှိနေတဲ့ သူတွေလည်း Gastrorcopyတို့ Colonorcopy တို့ဆိုတဲ့ စမ်းသပ်စစ်ဆေးမှုတွေ ပြုလုပ်ပြီး အသားစ ထုတ်ယူ စစ်ဆေးတာ လုပ်သင့်ပါတယ်။ ကင်ဆာဖြစ်နေရင်တောင့ နစဉ်အခါ ခွဲထုတ်ပစ်ပါက လုံးဝပျောက်ကင်းနိုင်ပါတယ်။

အသည်းကင်ဆာကတော့ အသည်းရောင်ရောဂါတွေကစဖြစ်တတ်ပြီး အရက်အလွန်အကျွံသောက်သူတွေ အဖြစ်များလို့ သူတို့ကိုလည်း alpha foetoprotein အယ်လ်ဖာဖီတိုပရိုတင်းစတဲ့ သွေးစစ်ဆေးမှုများ Ultrasound အသံလှိုင်းဖြင့် စစ်ဆေးခြင်း၊ CT scan (ကွန်ပျူတာဓာတ်မှန်) ရိုက်စစ်ဆေးခြင်း ပြုလုပ်ခြင်းဖြင့် နစဉ်အခါမှာတွေ့ရှိကုသနိုင်မှာ ဖြစ်ပါတယ်။

ရင်သားကင်ဆာ Breartcancer မှာတော့




အရွယ်ရောက်သူ အမျိုးသမီးတိုင်း လစဉ် မိမိရင်သား၊ မိမိစမ်းသပ်စစ်ဆေးပြီး လိုအပ်ပါကရင်သားဓာတ်မှန် Mammogram ရိုက်စစ်ဆေးခြင်း၊ Biopsy အသားစထုတ်ယူစစ်ဆေးခြင်းတွေကို ဆောင်ရွက်ဖို့ လိုအပ်လှပါတယ်။ ခန္ဓာကိုယ်အစိတ်အပိုင်းတိုင်းမှာ ကင်ဆာဖြစ်တတ်တာမို့ သူတို့ရဲ့ မျိုးရိုးဗီဇရာဇဝင်၊ ပတ်ဝန်းကျင်နဲ့ နေထိုင်စားသောက်မှု၊ လက်ရှိခံစားနေရတဲ့ ကင်ဆာဖြစ်စေတဲ့ ရောဂါအခြေအနေတွေပေါ် မူတည်ပြီး ကင်ဆာရောဂါရဲ့ လက္ခဏာတွေပေါ်ပြီး မကြီးထွားမီ လိုအပ်တဲ့ 'စမ်းသပ်စစ်ဆေးမှုများ' ကို ခံယူခြင်းဖြင့် ကင်ဆာရောဂါကို စောစီးစွာသိရှိပြီး ကုသနိုင်ကြမှာ ဖြစ်ပါတယ်။

## ကာကွယ်တားဆီးဖွယ် ကင်ဆာအန္တရာယ်

ကင်ဆာရောဂါဟာ ခန္ဓာကိုယ်အစိတ်အပိုင်းတိုင်းမှာ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်နိုင်တာမို့ ဘယ်လိုကာကွယ်တားဆီးရမလဲဆိုတာ ပုံသေကားချပြောလို့ မရသလို ရာနှုန်းပြည့် ကာကွယ်တားဆီးဖို့လည်း မလွယ်လှပါဘူး။ ဒါပေမဲ့

- ဘယ်လိုလူတွေဟာ ဘယ်လိုကင်ဆာတွေအဖြစ်များတယ်။



- ဘယ်လိုပတ်ဝန်းကျင်မှာ ဘယ်လိုကင်ဆာတွေ ဖြစ်တတ်တယ်။

- ဘယ်လို ရောဂါ အခြေအနေတွေဟာ ဘယ်လို ကင်ဆာရောဂါတွေရဲ့ ရှေ့ပြေး (Premalignant) အခြေအနေတွေ ဖြစ်တယ်၊ ဥပမာ -

- အစာမျိုရခက်ခြင်း
- ဝမ်းအကျင့်ပြောင်းခြင်း
- မကျက်တဲ့ အနာ
- အရောင်ပြောင်း၊ ပုံပြောင်း၊ ကြီးထွားလာတဲ့ မှဲ့
- နို့ကျိတ် ရင်သားမှာတွေ့ခြင်း
- ချောင်းရက်ရှည်ဆိုးခြင်း
- လည်ပင်း၊ ချိုင်း၊ ပေါင်ခြံမှ အကျိတ်ဂလင်းတွေ တွေ့ခြင်းစတဲ့ စတဲ့
- အမျိုးသမီးများမှာ မူမမှန်သွေးဆင်းခြင်း
- အကြောင်းမဲ့ ကိုယ်အလေးချိန် ကျဆင်းလာခြင်း

ကင်ဆာအကြို လက္ခဏာတွေကိုလည်း သိထားပြီး ကင်ဆာရောဂါ (အရင့်အမာ) အဖြစ်မပြောင်းလဲမီ ပျောက်ကင်းအောင် ကုသပေးခြင်းဖြင့်လည်း ကင်ဆာရောဂါ၏ အန္တရာယ်ကို ကာကွယ်တားဆီးနိုင်မှာ ဖြစ်ပါတယ်။

သိသာမြင်သာအောင် ဖော်ပြရရင် -

- အစာအိမ်အတွင်း အမြေးပါးရောင်ရမ်းခြင်း (Lromic Gastritis byH.Pylori) ဖြစ်ပါကအစာအိမ်ကင်ဆာ အဖြစ်များခြင်း


- ဗိုင်းရပ်စ် ဘီပိုး၊ စီပိုးများကြောင့် အသည်းရောင် အသားဝါရောဂါ ခံစားရသူများ အသည်းကင်ဆာအဖြစ်များခြင်း

- အူမကြီးအတွင်း အသားပိုလုံးများ (Popyposiscoli) နှင့် အနာဖြစ်ကာ ရောင်ရမ်းခြင်း (Ulcerative Colitis) စတဲ့ ရောဂါများရှိပါက အူမကြီးကင်ဆာအဖြစ်များခြင်းစတဲ့ ကင်ဆာရောဂါပိုဖြစ်စေတတ်တဲ့ ရောဂါများကိုလည်း စောစီးစွာ ရှာဖွေကုသခြင်းဖြင့် ကင်ဆာရောဂါကို တားဆီးနိုင်မှာ ဖြစ်ပါတယ်။

- ရင်သားမှာလည်း အကျိတ်အဖု (၉၀ - ၉၅

သိသာမြင်လွယ်တဲ့ စမ်းသပ်ရလွယ်ကူတဲ့ အရေပြားပေါ်မှာ ဖြစ်တဲ့ ကင်ဆာတွေ၊ မဲ့ကနေ တစ်ဆင့်ဖြစ်တဲ့ ကင်ဆာတွေ၊ ရင်သားမှာဖြစ်တဲ့ ကင်ဆာတွေမှာတော့ ဒီဖြစ်ပေါ်လာတဲ့ အကျိတ်အဖုလေးတွေဟာ ကင်ဆာဖြစ်တတ်ပါကလား ဆိုတဲ့ အသိဉာဏ်ရှိပြီး ဒီအကျိတ်အဖုတွေ ဖြစ်ပေါ်လာရင် တတ်သိနားလည် ဝေတနာထားတဲ့ သမားတော်တွေကို ပြသ အစစ်ဆေးခံဖို့ လိုအပ်လှပါတယ်။

Asian Fame Media Group



STEVE GSCHMEISSNER/SCIENCE PHOTO LIBRARY

ရာခိုင်နှုန်း) ဟာ ကင်ဆာရောဂါ မဟုတ်သော်လည်း မည်သည့်အချိန်တွင် မည်သည့်အလုံးအဖုသည် ကင်ဆာရောဂါအဖြစ် ပြောင်းလဲသွားမည်ကို အတိအကျခန့်မှန်းရန် မလွယ်သဖြင့် စမ်းသပ်မိသမျှ အကျိတ်အဖုကို ခွဲစိတ်ထုတ်ပစ်ခြင်းဖြင့် ကင်ဆာရောဂါကို တားဆီးကာကွယ်နိုင်ပါတယ်။

ပိုမိုသဘောပေါက်စေဖို့ ထပ်မံတင်ပြရရင်တော့ . . .

ဘယ်လိုလူတွေဟာ ဘယ်လိုကင်ဆာအဖြစ်များသလဲ ဆိုတာကို သိထားခြင်းဖြင့် သူတို့မှာ ဖြစ်ပေါ်လာနိုင်တဲ့ ကင်ဆာရောဂါနဲ့ ပတ်သက်ပြီး မကြာခဏ အချိန်မှန် စမ်းသပ်စစ်ဆေးခြင်းဖြင့် ရောဂါဖြစ်တဲ့အခါမှာ စောစီးစွာသိရှိပြီး ထိရောက်စွာကုသခြင်းဖြင့် ရောဂါကို ပျောက်ကင်းစေ၍ သက်တမ်းစေ့ ကျန်းမာရှင်သန်စေနိုင်မှာ ဖြစ်ပါတယ်။ ဉပမာအားဖြင့် - ဆွေမျိုးသားချင်းတွေမှာ ကင်ဆာရောဂါ ရာဇဝင်ရှိနေပြီး ၎င်းကိုယ်တိုင်ကလည်း ငယ်စဉ်ကပင် မဟော်မုန်းဓာတ်များက အပျိုဖော်အဝင်စောခြင်း၊ နောက်ကျပြီးမှ သွေးဆုံးခြင်း၊ အသက်ကြီးရင့်လာခြင်း စတဲ့ မျိုးရိုးဗီဇ နဂိုဓာတ်ခံရှိသူတွေဟာ ရင်သားကင်ဆာအဖြစ်များတယ်လို့ သိရှိထားပါက အသက် ၄၀ ကျော်လာရင် ကိုယ်တိုင် ရင်သားကို စမ်းသပ်စစ်ဆေးခြင်း၊ လိုအပ်ပါက Mammogram ခေါ် ရင်သားကို ဓာတ်မှန်ရိုက်စစ်ဆေးခြင်းစတဲ့ စမ်းသပ်မှုကို ပြုလုပ်ခြင်းဖြင့် ရောဂါကို ဖြစ်စမှာသိရှိပြီး ပျောက်ကင်းအောင် ကုသနိုင်ပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံကြီးတွေမှာ ယခုလို အသိရှိပြီး လိုအပ်တာဆောင်ရွက်ကြလို့ ရင်သားကင်ဆာဖြစ်နှုန်းပိုမိုများပြားပေမယ့် ရင်သားကင်ဆာကြောင့် သေဆုံးမှုနှုန်းဟာ ကျဆင်းနေတာကို တွေ့ရပါတယ်။





ဘယ်လို ပတ်ဝန်းကျင်မှာ ဘယ်လိုကင်ဆာအဖြစ်များတယ်ဆိုတာကို သိခြင်းအားဖြင့်လည်း ဖြစ်နိုင်ပါက ပတ်ဝန်းကျင် အခြေအနေကို ထိန်းသိမ်းခြင်း၊ မထိန်းသိမ်းနိုင်ပါကလည်း ထိုထိုသော ပတ်ဝန်းကျင်မှ ဖယ်ခွာရှောင်ကွင်းခြင်းဖြင့် ကင်ဆာဖြစ်ပွားမှုနှုန်းကို ကျဆင်းစေနိုင်ပါတယ်။ အထူးသဖြင့် လေထုညစ်ညမ်းပြီး လေထုအတွင်း ကင်ဆာဖြစ်စေနိုင်တဲ့ ဓာတုပစ္စည်းများထွက်ရှိတဲ့ မိုင်းများ၊ စက်ရုံအလုပ်ရုံများမှာ အဆုတ်ကင်ဆာဖြစ်မှုဟာ အခြားပတ်ဝန်းကျင်မှာထက် ပို၍များပြားတတ်ပါတယ်။ အလားတူ ရေမသန့်ပါကလည်း အစာအိမ်နဲ့ အူလမ်းကြောင်းတစ်လျှောက် ရောဂါထူပြောပြီး ကင်ဆာလည်း အဖြစ်များလာတာမို့ ပတ်ဝန်းကျင်လေထု၊ ရေထုသန့်ရှင်းအောင် ဆောင်ရွက်ခြင်းဖြင့် ကင်ဆာရောဂါအန္တရာယ်ကို လျော့နည်းစေနိုင်ပါတယ်။ စက်ရုံများ၊ ယာဉ်များမှ အခိုးအငွေ့များအထွက်နည်းပြီး အညစ်အကြေးများကိုလည်း စနစ်တကျစွန့်ပစ်ရန်မှာ သက်ဆိုင်သူများ၏ အဓိကတာဝန်များဖြစ်ကြပါတယ်။

နေထိုင်စားသောက်မှု ဘဝနေဟန် (Life Style) နဲ့ ပတ်သက်ပြီးပြောရရင် ဘယ်လိုနေထိုင်စားသောက်မှု စရိုက်တွေဟာ ဘယ်လိုကင်ဆာတွေကို အဖြစ်များစေတယ်ဆိုတာကို သိရှိပြီး သင့်လျော်သလို ပြုပြင်ပြောင်းလဲခြင်းဖြင့်လည်း ထိုထိုသော ကင်ဆာရောဂါများ ဖြစ်ပွားမှုကို လျော့နည်းစေနိုင်ပါတယ်။ ဆေးလိပ်ကို များစွာကြာရှည် သောက်သုံးသူဟာ သာမန်လူထက် အဆုတ်ကင်ဆာဖြစ်ရန် ၁၀ ဆ ပိုအန္တရာယ်ရှိသလို အရက်အလွန်အကျွံ ကြာရှည်သောက်သူဟာလည်း အသည်းကျုံ့ ကြွက်ရောဂါဖြစ်ပြီး အသည်းကင်ဆာ ပိုဖြစ်တတ်ပါတယ်။ အစားကို ပုပ္ပလောင်လောင် မျိုချ စားသောက်သူတွေကတော့ အစာမျိုပြွန်ကင်ဆာနဲ့ အစာအိမ်ကင်ဆာအဖြစ်များသလို ကွမ်းစားလွန်းသူတွေကတော့ ပါးစောင်အတွင်း ကင်ဆာ အဖြစ်များကြပါတယ်။ အလားတူပဲ ဝတဲ့သူတွေ၊ အပျိုကြီးတွေ၊ ကလေးနို့မတိုက်သူတွေဟာ သာမန်သူတွေထက် ရင်သားကင်ဆာ အဖြစ်များတာကို တွေ့ရှိရလို့ ယခုလိုကင်ဆာ အဖြစ်များစေတဲ့ နေထိုင်စားသောက်မှုစရိုက်တွေကို ပြုပြင် ပြောင်းလဲပေးခြင်းအားဖြင့် ကင်ဆာရောဂါကို ကာကွယ်တားဆီးနိုင်မှာဖြစ်ပါတယ်။

ယခု ဆွေးနွေးတင်ပြတဲ့ ကင်ဆာရောဂါအန္တရာယ် ကာကွယ်တားဆီးမှုဟာ မေးခိုင်ရောဂါကာကွယ်ဆေးထိုးသလို၊ ငှက်ဖျားရောဂါကာကွယ်ဆေးစားသလိုတော့ အောင်မြင်မှု၊ ထိရောက်မှုမရှိသော်လည်း အလေးအနက်ထားပြီး လိုက်နာဆောင်ရွက်ပါက ရာနှုန်းပြည့် မဟုတ်ပေမယ့် ထိုက်သင့်အားလျော်စွာ ကင်ဆာရောဂါအန္တရာယ်ကို ကာကွယ်တားဆီးနိုင်မှာ ဖြစ်ပါတယ်။ နိဂုံးချုပ်အားဖြင့် ကင်ဆာနှင့် ပတ်သက်သော အသိပညာဗဟုသုတများ ရရှိကြပြီး ကင်ဆာရောဂါမှ ကင်းဝေးချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

**ဒေါက်တာအောင်ဆန်းဝင်း**



# မင်းခမ်းတော် (၁)

မင်းဇေဒါ(ပွင့်ဖြူ)

ပြတိုက်များသည် လူထုဆက်သွယ်ရေးမီဒီယာများ ဖြစ်ကြသည်။ မီဒီယာများကို အနီးကပ် မီဒီယာများ၊ ပုံနှိပ်မီဒီယာများ၊ အီလက်ထရောနစ် မီဒီယာများ၊ တည်ငြိမ်မီဒီယာများ၊ လှုပ်ရှားမီဒီယာ များဟူ၍ ခွဲခြားထားရာ ပြတိုက်များသည် တည်ငြိမ်မီဒီယာများ (Static Media) အုပ်စုတွင် ပါဝင်သည်။ အပန်းဖြေလေ့လာရန်၊ ဗဟုသုတ ရှာမှီးရန်၊ သုတေသနပြုလုပ်ရန် ပြတိုက်များကို လာရောက်လေ့လာကြပါသည်။ နိုင်ငံလူဦးရေ သန်း ၆၀ နှင့် ယှဉ်လိုက်လျှင် ပြတိုက်များသို့ လာရောက်ကြည့်ရှုသူ ဦးရေမှာ တစ်နှစ်လျှင် ၁ သန်းမျှပင် မရှိနိုင်ပါ။ ဤသည်မှာ ပြည်သူများက ပြတိုက်များကို စိတ်မဝင်စား၍ မဟုတ်၊ ပြတိုက်များကလည်း ပြည်သူစိတ်ဝင်စားလောက်သည့် အဆင့်အတန်းမရှိ၍ မဟုတ်။ ပြည်သူများ ယဉ်ကျေးမှုကို စားသုံးခြင်း၊ ယဉ်ကျေးမှုကို ခံစားခြင်း အလေ့အကျင့်နည်းခဲ့ကြသောကြောင့် ဖြစ်ပါသည်။ ဤအချက်သည် ပြည်သူတို့၏ စီးပွားဘဝများနှင့် ဆက်စပ်လျက်ရှိသောကြောင့် ရေရှည်ဖြေရှင်းရမည့်ကိစ္စဖြစ်သည်။ လတ်တလောတွင် ပြတိုက်များရှိရာသို့ ပြည်သူမလာနိုင်လျှင် ပြည်သူရှိရာသို့ ပြတိုက်များသွားရောက်ခြင်းသည် အဆင်အပြေဆုံး နည်းလမ်းဖြစ်မည်ဟု ထင်ပါသည်။

ပြည်သူများရှိရာသို့ ပြတိုက်များသွားရောက်ခြင်းတွင်လည်း နည်းလမ်းမျိုးစုံရှိရာ ပြတိုက်တွင်း ပြသထားသည့် ပုံစံတူပစ္စည်းများကို ပြည်သူ အကြားလှည့်လည်ပြသခြင်းနှင့် ပုံနှိပ်မီဒီယာ၊ အီလက်ထရောနစ်မီဒီယာ (ရုပ်မြင်သံကြား၊ အင်တာနက်)များမှ ပြသခြင်း နည်းလမ်းလည်း ပါဝင်ပေသည်။ အလျင်မြန်ဆုံးနှင့် အပျံ့နှံ့နိုင်ဆုံးမှာ ပုံနှိပ်နှင့် အီလက်ထရောနစ် မီဒီယာများမှ ပြသခြင်းပင်ဖြစ်သည်။ သို့အတွက် ပြတိုက်များ ပြည်သူကြားသို့ ရောက်ရှိရေး အထောက်အကူ ဖြစ်စေရန် ဤဆောင်းပါးများကို ရေးသားတင်ဆက်လိုက်ပါသည်။

## မင်းခမ်းတော်ပစ္စည်းများ (ROYAL REGALIA)

မင်းခမ်းတော်ပစ္စည်းများကို လက်ဝဲမင်းခမ်းတော်ပစ္စည်းများနှင့် လက်ယာမင်းခမ်းတော် ပစ္စည်းများ ဟူ၍ နှစ်ပိုင်း တွေ့နိုင်သည်။ လက်ဝဲ မင်းခမ်းတော်ပစ္စည်း ၁၈ မျိုးပါဝင်ပြီး လက်ယာ မင်းခမ်းတော်ပစ္စည်း ၁၇ မျိုး ပါဝင်သည်။

ဤတွင် ကွမ်းခွက်များသည် လက်ဝဲရော လက်ယာမှာပါ ပါဝင်လာကြသဖြင့် ကွမ်းခွက်များ အကြောင်းကို ဦးစွာတင်ပြလိုပါသည်။ ကွမ်းခွက် ဆိုသည်မှာ အရပ်သုံးစကားအရ ကွမ်းအစ်ပင်ဖြစ်သည်။ မြန်မာတွေ ကွမ်းစားကြသည်။ ဘယ်တုန်းက စတင်စားသနည်း ဆိုသော် 'ရွှေဘုံနိဒါန်း' အရ ပုဂံခေတ်ကတည်းက စတင်ခဲ့ကြောင်း စာပေ အထောက်အထား မှတ်တမ်းများရှိသည်။ ဒဂုန် နတ်ရှင် ရေးသားသည့် 'မြန်မာ့ရိုးရာကွမ်းဓလေ့' စာအုပ်တွင် မြန်မာများကွမ်းကြိုက်ပုံနှင့် ကွမ်းစားခြင်းသည် ရိုးရာဓလေ့ထုံးစံတစ်ခု ဖြစ်နေပုံကို ဖတ်ရှုလေ့လာနိုင်သည်။ ဤနေရာတွင် ကွမ်းအကြောင်း မဟုတ်ဘဲ အမျိုးသားပြတိုက်တွင် ပြသထားသည့် ကွမ်းခွက်များ အကြောင်းကိုသာ တင်ပြလိုပါသည်။ သီဟာသနပလ္လင်တော်၏ လက်ဝဲ၊ လက်ယာတွင်ထားရှိသော မင်းခမ်းတော် ပစ္စည်းများထဲတွင် ကွမ်းခွက်များသည် လက်ဝဲ ဘက်၌ လက်တင်ကြာကွမ်းခွက်၊ ခြသေ့်ခံ ကွမ်းခွက်၊ ကွမ်းလောင်းငယ်တို့ ပါဝင်ပြီး လက်ယာဘက်၌ ကွမ်းတောင်းကြီး၊ ကွမ်းချပ် သုံးဆင့်၊ ကွမ်းလောင်းကြီး၊ ရှစ်ထောင့် ကွမ်းခွက်တို့ ပါဝင်သည်။

## ကွမ်းတောင်းကြီး (Large Betel Receptacle)

ကွမ်းတောင်းကြီးသည် ဘုရင်ကို ကွမ်းတော် ဆက်သရန် အသုံးပြုသော လက်ယာမင်းခမ်းတော် ပစ္စည်းဖြစ်သည်။

ကွမ်းတော်၌ ကွမ်းသီးစိတ်ငယ်၊ အုန်းသီးဖတ်၊ ပရုတ်၊ လေညှင်း၊ ထုံး၊ ဆေးရွက် အစရှိသည်တို့ ပါဝင်သည်။ ကွမ်းတောင်းကြီးကို ရွှေအစစ်၊ တန်ဖိုးရှိသော ကျောက်မျက်ရတနာများဖြင့် ပြုလုပ်ထားသည်။ ကွမ်းထည့်သည့် အတွင်းပိုင်း ပစ္စည်းများသည်လည်း ပုံသဏ္ဌာန်အမျိုးမျိုး၊ အရွယ်အစား အမျိုးမျိုး ရှိကြသည်။



Asian Fame Media Group

## ကွမ်းလောင်းကြီး
(Large Betel Basket)



ကွမ်းလောင်းကြီးသည်လည်း ဘုရင်ကို ကွမ်းတော်ဆက်သရာတွင် အသုံးပြုသည်။ ရွှေအစစ်ဖြင့် ပြုလုပ်ထားပြီး တန်ဖိုးကြီးသော ကျောက်မျက်ရတနာများ စီခြယ်ထားသည်။ ကွမ်း အပိုထည့်ရန် တောင်းငယ်ဖြစ်သည်။

> “လတ်တလောတွင် ပြတိုက်များ ရှိရာသို့ ပြည်သူမလာနိုင်လျှင် ပြည်သူရှိရာသို့ ပြတိုက်များ သွားရောက်ခြင်းသည် အဆင်အခပြေဆုံး နည်းလမ်း ဖြစ်မည်ဟု ထင်ပါသည်။”

## ကွမ်းလောင်းငယ်
(Small Betel Receptacle)

ကွမ်းလောင်းငယ်သည် ကွမ်းလောင်းကြီးနှင့် ပုံသဏ္ဌာန်တူပြီး အရွယ်အစားငယ်သည်။ လက်ဝဲ မင်းခမ်းတော်ပစ္စည်း ဖြစ်သည်။ ရွှေအစစ်တွင် ပတ္တမြားနှင့် တန်ဖိုးကြီးကျောက်မျက်များ စီခြယ်ဆင်ယင်ထားသည်။ ကွမ်းအပိုထည့်ရန် တောင်းငယ်ဖြစ်ပြီး ကွမ်းလောင်းကြီး ထက်ပို၍ ငယ်သည်။

## လက်တင်ကြာကွမ်းခွက်
(Lotus arm-rest and Betel Cup)

ကွမ်းခွက်နှင့် တွဲထားသော မင်းခမ်းတော် ပစ္စည်း ဖြစ်သည်။ ယိုးဒယားမင်း၏ မင်းခမ်းတော် ပစ္စည်းတစ်ခုကို အသုံးပြုထားခြင်း ဖြစ်သည်ဟု 'ရွှေဘုံနိဒါန်း' က ဆိုထားသည်။

## ခြင်္သေ့ခံကွမ်းခွက်
(Lion Betel Cup)





မြန်မာဘုရင် ၏ လက်ဝဲမင်းခမ်းတော် ပစ္စည်း ဖြစ်သည်။ 'ရွှေဘုံနိဒါန်း'အရ သီရိလင်္ကာ နိုင်ငံဘုရင် 'ဝိဇယဗာဟု' အသုံးပြုသော ပစ္စည်း ဖြစ်သည်။

## ရှစ်ထောင့်ကွမ်းခွက်ပုံ



ရွှေသားသက်သက်ဖြင့် ပြုလုပ်ထားသော လက်ယာ မင်းခမ်းတော် ပစ္စည်းဖြစ်သည်။ ရှစ်ထောင့်ကွမ်းခွက်အကြီး၊ အငယ် နှစ်မျိုးရှိသည်။ ၁၂ ထောင့် ကွမ်းခွက်လည်း ရှိသည်။

## ကွမ်းသုံးချပ်ဆင့်
(Betel Tray of three tiers)



ရွှေအစစ်တွင် ကျောက်သံပတ္တမြားမြုပ်၍ ပြုလုပ်ထားသည်။ ဘုရင်ကို ကွမ်းတော် ဆက်သရန် အသုံးပြုသော လက်ယာ မင်းခမ်းတော် ပစ္စည်းဝင် ဖြစ်သည်။

## နဂါးခံကွမ်းခွက်
(Serpent Betel Cup)



တကောင်းမင်းဆက်၏ ၇ ဆက်မြောက်မင်း ဖြစ်သည့် သတိုးနဂါးရမင်းက တိုင်းပြည်ကို ကြောက်လန့်စေသော နဂါးကို နှိမ်နင်းအောင်မြင်ခြင်း အထိမ်းအမှတ် မင်းခမ်းတော်ကွမ်းထည့် ပစ္စည်းတစ်ခုအဖြစ် အသုံးပြုခဲ့သည်။ ကွမ်းခွက်၏ အောက်ခံအရုပ်များတွင် ခြင်္သေ့၊ နဂါး၊ ကြာပွင့်၊ ဟင်္သာ၊ ကရဝိက်စသည်ဖြင့် အမျိုးမျိုး ရှိကြသည်။

Asian Fame Media Group




နရားခံကွမ်းအစ်




ကွမ်းခွက်ငယ်များပုံ




ရွှေခွက်၊ ရွှေထုံးဘူး၊ ရွှေဇွန်း



ဟင်္သာချပ်ကွမ်းခွက်




တစ်ဆယ့်နှစ်ရာသီကွမ်းခွက်
(Betel Repectacle With Zodiac Signs)

ရွှေအစစ်ဖြင့် အနားစွန်းတွင် နန်းဆွဲပြီး တန်ဖိုးကြီး ကျောက်သံတို့ဖြင့် ဆင်ယင်ထားသည်။ ၁၂ လရာသီကို ဖော်ကျူးသည့် ဆိတ်၊ နွား၊ ကကာန်း၊ ခြင်္သေ့၊ ကင်းမြီးကောက်၊ ငါး၊ သမင်၊ ရေတကောင်း အစရှိသည့် အရုပ်များဖြင့် ဆင်ယင်ထားသည်။ အောက်ခြေဘက်တွင် ကနုတ်ပန်းများဖြင့် မွမ်းမံထားသည်။

မြန်မာဘုရင်များ၏ မင်းခမ်းတော် ပစ္စည်းများတွင် လက်ဝဲ၊ လက်ယာ၌ ကွမ်းခွက် ၇ မျိုး ပါဝင်ပါသည်။

သို့သော် ယင်း ၇ မျိုးမျှသာ ရှိသည်မဟုတ်။အခြားကွမ်းခွက်၊ ကွမ်းချပ်ပုံသဏ္ဍာန် အရွယ်အစား အမျိုးမျိုးရှိကြသေးသည်။

ခေတ်အလိုက်၊ မင်းဆက်အလိုက် အနည်းငယ်စီ ခြားနားသော ပုံစံများ ရှိကြသည်။ ၁၂ ထောင့်မှန်စီမ်းကွမ်းခွက်၊ တစ်ဆယ့်နှစ်ရာသီ ကွမ်းခွက်၊ ရွှေပိန်းချကွမ်းအစ်၊ ပန်းထွင်းကွမ်းအစ်၊ ယွန်းကွမ်းအစ်စသည်ဖြင့် ရွှေ ငွေ၊ ကျောက်သံပတ္တမြား၊ ပယင်း၊ ယွန်း၊ မှန်အမျိုးမျိုး အလှဆင်ကြသည်။ ဘုရင်၊ မှူးမတ်၊ မင်းညီမင်းသား၊ နယ်စား၊ မြို့စားအဆင့်အတန်းအလိုက် အသုံးပြုကြသည်။ မင်းခမ်းမင်းနား အကန်တော့ခံပွဲ၊ အလှူပွဲ၊ မင်္ဂလာပွဲစသည်ဖြင့် ပွဲလမ်းသဘင် အခမ်းအနားအလိုက် အသုံးပြုကြသည်၊

ကွမ်းစားခြင်းနှင့် ကွမ်းခွက်၊ ကွမ်းအစ်များ အသုံးပြုခြင်းသည် မြန်မာလူမျိုးတို့၏ အလေ့အထ၊ ဓလေ့ (Inherited Ethical habits)တစ်ခု ဖြစ်သည်။ ဓလေ့သည်ပင် ယဉ်ကျေးမှု၏အစိတ်အပိုင်းတစ်ရပ်ဖြစ်ရာ ဓလေ့ကို အခြေခံလျက် ဖြစ်ပေါ်လာသော အသုံးအဆောင်ပစ္စည်းများသည် ယဉ်ကျေးမှု၏ ပုံရိပ်များဟု ဆိုနိုင်ပါသည်။ ယဉ်ကျေးမှု၏ ပုံရိပ်များက လူမျိုးတစ်မျိုး၏ သမိုင်းနှင့် ယဉ်ကျေးမှုအဆင့်အတန်းကို ပြဆိုနေပေသည်၊

**အကိုးအကား**

၁။ အမျိုးသားပြတိုက်မှတ်တမ်းများ
၂။ ဒဂုန်နတ်ရှင် 'မြန်မာ့ရိုးရာကွမ်းဓလေ့'
၃။ ဦးမင်းနိုင် 'ပြတိုက်လမ်းညွှန်'

Asian Fame Media Group
MEDIA GROUP


အများအားဖြင့် ကျောက်မျက်ဆိုလျှင် လူအများက ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ စိန်နှင့် မြ တို့ကိုသာ မျက်စိထဲတွင် မြင်ကြလေသည်။ အမှန်တကယ်တော့ သဘာဝတွင် အဇီဝတွင်းထွက် ကျောက်မျက်များ (Inorganic gems) နှင့် ဇီဝ တွင်းထွက် ကျောက်မျက်များ (Organic gems) ဟူ၍ နှစ်မျိုးနှစ်စား ရှိပြီး အထက်ဖော်ပြပါ ကျောက်မျက်များသည် အဇီဝ တွင်းထွက်ကျောက်မျက်အုပ်စုတွင် ပါဝင်ကာ ပုလဲ၊ သန္တာ၊ ပယင်း စသည်တို့သည် ဇီဝတွင်းထွက်ကျောက်မျက်အုပ်စု တွင် ပါဝင်ကြပါသည်။ ဇီဝတွင်းထွက်များသည် ဇီဝဗေဒဆိုင်ရာ ဖြစ်စဉ်များအရ ပိုက်ရိုက်ဖွဲ့စည်း ဖြစ်ပေါ်လာပြီး ဆိုလိုသည်မှာ ဇီဝတွင်းထွက်များ ဖြစ်တည်ခြင်း (Bio - mineralization) ပင် ဖြစ်ပါသည်။

# ဇီဝတွင်းထွက်များအား ကာကွယ်ထိန်းသိမ်းရေး

သိန်းပိုင်(M.Engg.Geol)



Asian Fame Media Group







များစွာသော ဇီဝအရာဝတ္ထုပစ္စည်းများသည် အဓိကအားဖြင့် သက်ရှိများ၏ ထုတ်ကုန်ပစ္စည်းများကို ကျောက်မျက်နှင့် အလှဆင် ပစ္စည်းများအဖြစ် အသုံးပြုခြင်းဖြစ်ပါသည်။ လူကြိုက်အများဆုံး ပစ္စည်းများမှာ ပုလဲ၊ သန္တာနှင့် ပယင်းတို့ ဖြစ်ကြပြီး အချို့ဆင်စွယ်များနှင့် လိပ်ခွံများကိုလည်း အနည်းငယ်အသုံးပြုကြပါသည်။

များစွာသော နိုင်ငံတကာစာချုပ်စာတမ်းများသည် မျိုးသုဉ်းပျောက်ကွယ်တော့မည့် တိရစ္ဆာန်နှင့် အပင်များရောင်းဝယ်ဖောက်ကားမှုအပေါ် လွှမ်းမိုးမှုရှိပြီး ယင်းတို့အထဲတွင် အချို့မှာ ဇီဝတွင်းထွက်ကျောက်မျက်များထွက်ရှိသည့် အိမ်ရှင်နိုင်ငံများ ပါဝင်ပါသည်။ မျိုးသုဉ်းပျောက်ကွယ်တော့မည့် တောရိုင်းတိရစ္ဆာန်နှင့် အပင်များကူးသန်းရောင်းဝယ်ခြင်းဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (CITES) သည် အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအဖွဲ့အတွက် နိုင်ငံတကာဆိုင်ရာအခြေတစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြပါသည်။ ယင်းအဖွဲ့အစည်း၏ ရည်ရွယ်ချက်မှာ အပြည်ပြည်ဆိုင်ရာ ရေကြောင်းမှ သွင်းကုန်၊ ထုတ်ကုန်နှင့် ပြန်လည်တင်ပို့ကုန်များအပါအဝင် မျိုးသုဉ်းပျောက်ကွယ်တော့မည့် တောရိုင်းတိရစ္ဆာန်နှင့် အပင်များ ကာကွယ်ထိန်းသိမ်းထားသည့် မျိုးစိတ်များကို စီးပွားဖြစ် ရှာဖွေထုတ်လုပ်ခြင်း မပြုလုပ်နိုင်စေရန်နှင့် နိုင်ငံတကာ ကုန်သွယ်ရေးကို စောင့်ကြည့်ရန် ဖြစ်ပါသည်။

မျိုးသုဉ်းပျောက်ကွယ်တော့မည့် တောရိုင်းတိရစ္ဆာန်နှင့် အပင်များကူးသန်းရောင်းဝယ်ခြင်းဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (CICES) ကို ၁၉၇၃ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၅ နိုင်ငံမှ သဘောတူလက်မှတ်ရေးထိုးခဲ့ကြပါသည်။ ယင်းစာချုပ်အရ ပြည်တွင်း၌သာမက နိုင်ငံတကာအထိပါ အကျိုးသက်ရောက်မှုရှိပြီး သူတို့၏တားမြစ်ချက်များသည် အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးအတွက် ဖြစ်ပါသည်။ အချို့နိုင်ငံများနှင့် ပြည်နယ်များသည် CITES အဖွဲ့အစည်း၏ တားမြစ်ချက်များကို ပြည်တွင်း၌ပါ လက်ခံသော်လည်း အချို့နိုင်ငံများက လက်မခံကြပေ။ အချို့နိုင်ငံများသည် မျိုးသုဉ်းပျောက်ကွယ်တော့မည့် တိရစ္ဆာန်များကုန်သွယ်မှုကို နိုင်ငံအတွင်း ခွင့်ပြုထားသော်လည်း အချို့အခြေအနေများမှအပ နိုင်ငံပြင်ပ (သို့) ပြည်နယ်တစ်ခု၏ ပြင်ပသို့ သယ်ဆောင်သွားခြင်းကို ခွင့်မပြုပေ။ သို့သော်လည်း အချို့နိုင်ငံများ (သို့) ပြည်နယ်များသည် သဘောတူညီချက်များကို ဆောင်ရွက်ရာတွင် အနည်းငယ်ကွဲလွဲမှု ရှိကြသည်ဟု "Pedersen" က ၂၀၁၀ ခုနှစ်တွင် ပြောကြားခဲ့ပါသည်။ ထို့ကြောင့် တစ်စုံတစ်ယောက်သည် CITES အဖွဲ့အစည်းနှင့် ဆက်ဆံချင်ပါက တိရစ္ဆာန်များနှင့် သူတို့၏ ထုတ်ကုန်ပစ္စည်းများကို ထိန်းသိမ်း

Asian Fame Media Group

ကာကွယ်ရမည်ဖြစ်ပြီး သက်ဆိုင်ရာနိုင်ငံများ (သို့) ပြည်နယ်များရှိ ရုံးများသို့ ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် နည်းဥပဒေများ၊ ထုတ်ပြန်ချက် စည်းမျဉ်းစည်းကမ်းများကို အတိအကျ နားလည်သဘောပေါက်ထားခြင်းသည် အကောင်းဆုံး ဖြစ်ပါသည်။


CITES အဖွဲ့အစည်းမှ ထိန်းသိမ်းကာကွယ်ထားသော ကျောက်မျက်များအပေါ် အချို့သော စည်းမျဉ်းစည်းကမ်းများကို သီးခြားစီ ထုတ်ပြန်ကြေညာထားသော်လည်း ယေဘုယျအားဖြင့် CITES အဖွဲ့အစည်းမှ အကာအကွယ်ပေးထားသော ကျောက်မျက်ရတနာ ပစ္စည်းများအကြောင်း ဖြန့်ချိထုတ်ဝေမှုမှာ အလွန်နည်းပါးပါသည်။ CITES အဖွဲ့၏ ကျောက်မျက်များအပေါ် ဥပဒေရေးဆွဲခြင်းသည် ယင်းစည်းကမ်းစည်းမျဉ်းနှင့် ရည်ရွယ်ချက်သည် ရှင်းလင်းတိကျခြင်းမရှိသော်လည်း ကျောက်မျက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့် ပြဿနာအခက်အခဲများကို ထောက်ပြနိုင်ခဲ့ပြီး အဖြေအချို့လည်း ရရှိခဲ့ပါသည်။

## CITES အဖွဲ့၏ နောက်ဆက်တွဲများနှင့် ဥပဒေပြုခြင်း

CITES ၏ အခြေခံစည်းမျဉ်းစည်းကမ်း အမျိုးအစားထဲတွင် နောက်ဆက်တွဲအနေဖြင့် ဇီဝတွင်းထွက်ကျောက်မျက်များကို ကာကွယ်ထိန်းသိမ်းရန် ပါရှိပါသည်။ နောက်ဆက်တွဲ (၁) တွင် မျိုးသုဉ်းပျောက်ကွယ်မှုအတွက် ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များကို ဖော်ပြထားပါသည်။ ယင်းမျိုးစိတ်များကို သိပ္ပံသုတေသနလုပ်ငန်းများအတွက် ခြွင်းချက်အရသာ ကုန်သွယ်ရန် ခွင့်ပြုထားရှိပါသည်။ ဥပမာအားဖြင့် ၁၉၇၅ ခုနှစ် မတိုင်မီ သက်တမ်းရှိသော ဟောင်းနွမ်းနေသည့်



လိပ်ခွံများကိုသာ CITES အဖွဲ့၏ ကြီးကြပ်မှုဖြင့် ရောင်းဝယ်နိုင်ပြီး အခြားနည်းလမ်းဖြင့် ကုန်သွယ်ခြင်း အားလုံးကို တားမြစ်ထားပါသည်။ လိပ်ခွံများနှင့် ပတ်သက်သည့် သတင်းအချက်အလက်နှင့်




နည်းဥပဒေများကို ၂၀၀၆ ခုနှစ်က "Hainschwang နှင့် Leggio" တို့က ဖော်ပြခဲ့ကြပါသည်။

နောက်ဆက်တွဲ အနေဖြင့် အချို့သော မည်သည့်တိရစ္ဆာန်များ၏ အစိတ်အပိုင်းများကို ကျောက်မျက်ရတနာများအဖြစ် အသုံးပြုသည်ကို ဖော်ပြထားပြီး ဥပမာအားဖြင့် ဆင်စွယ်များနှင့် ရေချိုခရုခွံများ ပါဝင်ပါသည်။

အချို့သော တိရစ္ဆာန်များမှာ မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်မှ ခြိမ်းခြောက်ခြင်းမခံရသော်လည်း သူတို့၏ အသက်ရှင်ရပ်တည်နေထိုင်မှုအတွက် ခြိမ်းခြောက်ခြင်းခံနေရသဖြင့် ယင်းတို့အား ကုန်သွယ်မှုကို ထိန်းချုပ်ရန် လိုအပ်ပါသည်။ သက်ဆိုင်ရာနိုင်ငံများ (သို့) ပြည်နယ်များ၏ စီမံခန့်ခွဲရေးဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများသည် မည်သည့်ပစ္စည်းအမျိုးအစားသစ်အတွက်မဆို သွင်းကုန်၊ ပို့ကုန်နှင့် ပြန်လည်တင်ပို့ခြင်းဆိုင်ရာ ခွင့်ပြုမိန့်လက်မှတ်များဖြင့်သာ လုပ်ဆောင်သင့်ပါသည်။ သွင်းကုန်၊ ထုတ်ကုန်ဆိုင်ရာ အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များကို စာရင်းပြုစုထားရှိပြီး နှစ်ကာလကြာရှည်စွာ သိုလှောင်ထိန်းသိမ်းထားသော ပစ္စည်းများ (ဆိုလိုသည်မှာ စာရင်းမပြုစုမီကတည်းက ရှိနေနှင့်ပြီးသား ပစ္စည်းများ)

ကိုလည်း ခွင့်ပြုသင့်ပါသည်။ ကျောက်မျက်အနေဖြင့် အများဆုံးစိတ်ဝင်စားခံရပြီး တားမြစ်ပိတ်ပင်ထားသော မျိုးစိတ်များမှာ "ဘုရင်မခရုသင်း (Queen conches)" ဟုခေါ်သည့် သိပ္ပံအမည် "Strombus gigas" gastropods နှင့် အလွန်ကြီးမားသော ယောက်သွားတစ်မျိုးဖြစ်သည့် သိပ္ပံအမည် "Tridacnidae spp." ယောက်သွားအမျိုးအစား၊ သိပ္ပံအမည် "Stylaster spp. (ဇာကွက်သဏ္ဌာန်သန္တာကျောက်) "Tubiporidae spp. (ပိုက်ချောင်းသဏ္ဌာန်သန္တာကျောက်) " Antipatharia spp. (သန္တာနက်)" နှင့် "Heliopora coerulea (အပြာရောင် သန္တာကျောက်) တို့ ဖြစ်ကြပါသည်။

မြေထဲပင်လယ်ထဲရှိ သမားရိုးကျ ထုတ်လုပ်နေသော ရင်းမြစ်များမှာ သန္တာကျောက်အချို့သည် CITES အဖွဲ့အစည်းမှ တားမြစ်ပိတ်ပင်ထားခြင်း မရှိသော်လည်း တရုတ်နိုင်ငံတွင် "Corallium"






အမျိုးအစားသန္တာကျောက်မျက်များ ဖြစ်သည့် "C.elatius, C.japonicum, C.konjoi နှင့် C.secundum " သန္တာကျောက်များကို တားမြစ်ပိတ်ပင်ထားပြီး CITES အဖွဲ့ဝင်နိုင်ငံများကိုလည်း ကုန်သွယ်မှုကို ထိန်းချုပ်ရန် အကူအညီတောင်းခံထားပါသည်။

## ကျောက်မျက်ဆိုင်ရာ ပြဿနာများ

ယခုအခါ ကျောက်မျက်ဓာတ်ခွဲခန်းများသည် CITES မှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းနည်းဥပဒေများနှင့် ပိုမိုပတ်သက်လာရပါသည်။ အဘယ်ကြောင့်ဆိုသော် တိုးတက်များပြားလာသော ဓါတ်ခွင်းထွက်ကျောက်မျက်များကို အသိအမှတ်ပြု လက်မှတ်များထုတ်ပေးရန်အတွက် CITES အဖွဲ့အစည်းမှ တားမြစ်ပိတ်ပင်ထားသော မျိုးစိတ်များဟုတ်မဟုတ် သိရှိရန် လိုအပ်သောကြောင့်ဖြစ်ပါသည်။ တစ်ခါတစ်ရံတွင် အဖြေကိုရရှိရန်အတွက် ခေတ်မီဆန်းပြားသောနည်းစနစ်များကို အသုံးပြုရခြင်းသည်လည်း ပြဿနာတစ်ရပ် ဖြစ်လာပါသည်။ ဥပမာအားဖြင့် ဆင်စွယ်တစ်ခုကို စမ်းသပ်စစ်ဆေးရမည်ဆိုပါက ယင်းဆင်စွယ်သည် CITES အဖွဲ့ကြီးမှ တားမြစ်ပိတ်ပင်ထားသော ဆင်စွယ်အမျိုးအစားဖြစ်ခဲ့လျှင် မူရင်းဇာစ်မြစ်ကိုဖော်ပြပေးရန် လိုအပ်ပါသည်။ ပထမပြဿနာတစ်ခုမှာ ဘစကတည်းကအပြည်ပြည်ဆိုင်ရာ ဆင်စွယ်တရားဝင် တူးသန်းရောင်းဝယ်ရေးဖြစ်ပြီး နောက်တစ်ခုမှာ အများဆုံးအငြင်းပွားဖွယ်ရာ တောရိုင်းတိရစ္ဆာန်ကုန်သွယ်ရေးပြဿနာပင် ဖြစ်သည်ဟု "Reifenstein" နှင့်အဖွဲ့မှ ၂၀၀၈ ခုနှစ်တွင် ပြောကြားခဲ့ပါသည်။

တစ်ခါတစ်ရံ အဏုကြည့်မှန်ဘီလူးအောက်တွင် စမ်းသပ်စစ်ဆေးရသည်မှာ လွယ်ကူစွာ လုပ်ဆောင်နိုင်ပြီး ကြီးထွားလမ်းကြောင်းများ ရှိခြင်း မရှိခြင်းကို မှတ်သားနိုင်ပါသည်။ ကြီးထွားလမ်းကြောင်းများကို မျက်မှောက်ခေတ် ဆင်များနှင့် မျိုးသုဉ်းပျောက်ကွယ်ပြီးဖြစ်သော ရှေးခေတ်က ဆင်ကြီးများတွင်သာ တွေ့ရှိရပြီး အခြားအမျိုးအစားများဖြစ်သည့် ရေမြင်းတို့၏ ဦးချိုများနှင့် ပင်လယ်ဖျံကြီးတို့၏ အစွယ်များတွင် မတွေ့ရှိရပါ။ အကယ်၍ ကြီးထွားလမ်းကြောင်းများ ရှိနေပါက ယင်းကြီးထွားလမ်းကြောင်းများကို တန့်လန့်ဖြတ်၍ ကြည့်ရှုခြင်းအားဖြင့် မျက်မှောက်ခေတ်ဆင်နှင့် ရှေးခေတ်ဆင်ကြီးများကို သိရှိနိုင်ပါသည်။ ပထမအမျိုးအစားမှ ဆင်စွယ်များအချို့ကို CITES အဖွဲ့မှ တားမြစ်ပိတ်ပင်ထားသော်လည်း အခြားအမျိုးအစားကိုမူ ခွင့်ပြုထားပါသည်။



Asian Fame Media Group
MEDIA GROUP

သို့ပါသော်လည်း အဏုကြည့်မှန်ဘီလူးအောက်တွင် ဆင်စွယ်၏မျက်နှာပြင်ပေါ်၌ ကြီးထွားလမ်းကြောင်းများကို အစဉ်အမြဲမတွေ့ရှိရတတ်ပါ။ ယင်းကိစ္စတွင် "micro - computed tomography" ကဲ့သို့သော ခေတ်မီဆန်းပြားသည့် ကိရိယာများကို အသုံးပြု၍ သိရှိအောင် ပြုလုပ်ရသည်ဟု "schwarz" နှင့်အဖွဲ့မှ ၂၀၁၀ ခုနှစ်တွင် ပြောကြားခဲ့ပါသည်။ အကယ်၍ ဆင်၏အစွယ်များဖြစ်နေခဲ့ပါက ရောင်စဉ်တိုင်းကိရိယာဖြင့် လေ့လာခြင်း၊ ဓာတုဖွဲ့စည်းပုံနှင့် တစ်ခါတစ်ရံတွင် DNA စမ်းသပ်စစ်ဆေးခြင်းများလည်း ပြုလုပ်သင့်ပြီး သို့မှသာ ယင်းဆင်စွယ်နမူနာ၏ ပထဝီဝင်ဆိုင်ရာ မူလဇာစ်မြစ်ကိုပါသိရှိနိုင်မည်ဟု "Banerjee" နှင့်အဖွဲ့၊ Jacob နှင့်အဖွဲ့, "Cutter" နှင့် Gotherstrom တို့မှ ၂၀၀၈ ခုနှစ်တွင် ပြောကြားခဲ့ပါသည်။

တန်ဖိုးအမြင့်ဆုံးသန္တာကျောက်မှာ ပန်းရောင်မှ အနီရောင်အထိရှိသော "corallium spp." အမျိုးအစားဖြစ်ပြီး "stylaster" သန္တာကျောက်အမျိုးအစားမှာ ၎င်းအရောင်များရှိသော်လည်း တားမြစ်ကာကွယ်ထားသည်ဟု "Smith" နှင့်အဖွဲ့မှ ၂၀၀၇ ခုနှစ်တွင် ပြောကြားခဲ့ပါသည်။ ယင်းသန္တာကျောက်များသည် အများအားဖြင့် သူတို့၏ ကြီးထွားလာမှုအနေအထားများကို အဏုကြည့်မှန်ဘီလူးအောက်တွင်သာ ကြည့်ရှုစစ်ဆေးခြင်းအားဖြင့် corallium သန္တာကျောက်နှင့် ကွဲပြားမှုများကို သိရှိနိုင်ပါသည်။ တရုတ်နိုင်ငံမှ တားမြစ်ကာကွယ်ထားသော corallium အမျိုးအစားသန္တာကျောက်များမှာ ခွဲခြားစစ်ဆေးရန် ပိုမို၍ပင် ခက်ခဲပါသည်။ အနက်ရောင်နှင့် အပြာရောင်ရှိသော သန္တာကျောက်များသည်လည်း ပိုမို၍ ရှုပ်ထွေးကာ ၎င်းတို့ကို ယခုထက်ထိ သုတေသနပြုလုပ်ထားခြင်းများလည်း မရှိသေးပါ။

အချို့သော ခရုအမျိုးအစားများသည်လည်း CITES အဖွဲ့ကြီးမှ တားမြစ်ကာကွယ်ထားပါသည်။ အကျော်ကြားဆုံး ပင်လယ်ခရုအမျိုးအစားမှာ 'ခရုသင်းပုလဲ' များကို ထုတ်လုပ်ပေးသည့် Strombus gigas အမျိုးအစား ခရုသင်းမျိုးဖြစ်ပြီး အများအားဖြင့် ပန်းရောင်ရှိကြပါသည်။ ယင်းမှ ထွက်ရှိသော ပုလဲများသည် အလွန်လှပသော မီးလျှံမီးတောက်သဏ္ဌာန် အနေအထားဖြင့် ပုံပေါ်နေသည်ဟု Fritsch & Misiorowsk တို့က ၁၉၈၇ ခုနှစ်တွင်လည်းကောင်း၊ Federman နှင့်အဖွဲ့က ၂၀၀၇ ခုနှစ်တွင်လည်းကောင်း ပြောကြားခဲ့ပါသည်။ အချို့သော ကျောက်သားဖြင့် ထွင်းထုထားသည့် ရုပ်တုရုပ်ထွင်းကလေးများကို ယင်းပင်လယ်ခရုခွံများနှင့်လည်း ပြုလုပ်ကြပါသည်။

သို့သော်လည်း ယခုကဲ့သို့ မီးတောက်မီးလျှံပုံသဏ္ဌာန်များပါဝင်နေသော ပုလဲများကိုလည်း အခြားအရောင်ဆင်တူသော ပင်လယ်ခရုမျိုးနွယ်များတွင် တွေ့ရှိရပါသည်။ ဥပမာအားဖြင့် အဓိမောက်ပုံသဏ္ဌာန်ရှိသည့် Cassis spp. မျိုးစိတ်ခရုများ ဖြစ်ပါသည်။ အများအားဖြင့် ပင်လယ်ခရုနှစ်မျိုးမှ ရရှိသော အရောင်ပုလဲများနှင့် ရုပ်တုရုပ်ထွင်းများကို ရောင်စဉ်တိုင်းကိရိယာနှင့် တွဲဖက်အသုံးပြု၍ ရရှိလာသော အထောက်အထားများဖြင့် ခွဲခြားနိုင်ပါသည်။ ကြီးမားသော ယောက်သွားအမျိုးအစားဖြစ်သည့် Tridacnidae spp. မျိုးစိတ်မှရရှိသော ပုလဲများသည်လည်း CITES အဖွဲ့အစည်းကြီး၏ စည်းမျဉ်းစည်းကမ်းနှင့် နည်းဥပဒေများအောက်တွင်သာ ရှိပါသည်။ ယင်းပုလဲများသည် အဓိကအားဖြင့် အဖြူရောင်များဖြစ်ပြီး တစ်ခါတစ်ရံတွင် မီးတောက်မီးလျှံပုံသဏ္ဌာန်များ ပါဝင်ပါသည်။

သို့သော်လည်း အခြားပင်လယ်ခရု မျိုးစိတ်များတွင် ယင်းကဲ့သို့ ဆင်တူပုံသဏ္ဌာန်များနှင့်အတူ သဘာဝပုလဲဖြူများလည်း ရှိနိုင်ပါသည်။ တစ်ခါတစ်ရံ ၎င်းတို့သည် ကြီးမားသော ယောက်သွားခံများမှ ရရှိသော ပုလဲများနှင့် ခွဲခြားရန် အလွန်ခက်ခဲပါသည်။ အချို့သော အရာများသည် ယောက်သွားခွံများ၏ အတွင်းပိုင်း အစိတ်အပိုင်းများမှ ရရှိပြီး ယင်းတို့ကို ပုလဲမွေးမြူရေး များတွင် အစေ့အဆန်လေးများ အနေ နှင့်လည်း အသုံးပြုကြပြီး ယင်းတို့ကို ခွဲခြားသိရှိရန် ခက်ခဲပါသည်။

**ဆွေးနွေးချက်နှင့် နိဂုံး**

ယခုအခါ ထိန်းသိမ်းကာကွယ်တားမြစ်ထားသော မျိုးစိတ်များ၏ ကြီးမားကျယ်ပြန့်သော အစိတ်အပိုင်းများကို ကျောက်မျက်ရတနာအနေဖြင့် လုံးဝသတ်မှတ်ထားရှိပါသည်။ သို့ရာတွင် အနာဂတ်ကာလ၌ CITES အဖွဲ့အစည်း၏ နောက်ဆက်တွဲစာရင်းများတွင် ဇီဝတွင်းထွက် ကျောက်မျက်များစာရင်းကို ပိုမိုပြုစုထားရှိနိုင်ပြီး ကျောက်မျက်ဓာတ်ခွဲခန်းများသည်လည်း ၎င်းတို့ကို ခွဲခြားသတ်မှတ်ရာတွင် ပြဿနာအခက်အခဲများနှင့် ပိုမိုရင်ဆိုင်ရဖွယ်ရှိသဖြင့် ခေတ်မီဆန်းပြားသော ဓာတ်ခွဲခန်းသုံးကိရိယာများနှင့် တွဲဖက်အသုံးပြုရန် လိုအပ်လာပါသည်။

ယခုအခါ CITES အဖွဲ့ကြီး၏ စည်းမျဉ်းစည်းကမ်းနည်း ဥပဒေများနှင့်အညီ ဇီဝတွင်းထွက် ကျောက်များကို ခွဲခြားသတ်မှတ်ရန်နှင့် လက်ရှိပြဿနာအခက် အခဲများကို ဖြေရှင်းနိုင်ရန် သုတေသနလုပ်ငန်း များဆောင်ရွက်လျက် ရှိပြီး အနာဂတ်ကာလတွင် မည်သည့် အရာဝတ္ထုပစ္စည်းကိုမဆို အဆင်သင့် စမ်းသပ်စစ်ဆေးခွဲခြားသတ်မှတ်နိုင်ရန် ကြိုးစားလျက်ရှိပါသည်။

**သိန်းဝိုင်း (M.Engg.Geol)**

Ref : Dr.Stefanos Karampelas & Dr.Lore Kiefert, "In color, All about colored Gem-stones, Issue 15, pp. 20-23, "Organic Gems Proteeted by CITES.





Asian Fame Media Group